ကမ္မဋ္ဌာနာ-စရိယ ဆရာဦးကြည်

ဓမ္မစကြာအဖွင့်

# ဓမ္မသာရကျမ်း

ပွင့်လင်းစာပေ

၁၃၂၄၄

ဓမ္မစကြာအမွှင့်

# ဓမ္မသာရကျမ်း

သဒ္ဒါဒီပက ကမ္မဋ္ဌာနာစရိယ

ဆရာ-ဦးကြည်

(ပွင့်လင်းစာပေ) အတိုး ၁၈/

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၉၇၃၄)

၂/၅၃

ပထမအကြိမ်ရိုက်နှိပ်ခြင်း

အုပ်ရေ ၂,၀၀၀၊

၁၃၃၉-ခုနှစ်၊ ဒုတိယဝါဆိုလ၊

၁၉၇၇-ခုနှစ်၊ ဩဂုတ်လ၊

ပုံနှိပ်ထုတ်ဝေသူ။ ။ ဦးမြင့်သိန်း၊

နဝဒေးစာပုံနှိပ်တိုက်၊ (၀၁၅၀)၊ ပွင့်လင်းစာပေထုတ်ဝေရေး (၀၂၅၈) အမှတ် ၁၃-နတ်စင်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

ဖုံး-၅၁၂၇၉

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ရှေးဦးသိစရာ | ၅ |
| ၂ | တရား၏ ဥပဒေသ | ၇ |
| ၃ | နိဗ္ဗာန်ရသူ မရသူ | ၉ |
| ၄ | ဇီးဖြူရွက်နှင့် ရေခပ်သူ | ၁၀ |
| ၅ | အခြေမရှိ အိမ်ဆောက်သူ | ၁၀ |
| ၆ | မဂ္ဂသစ္စာ ဘာဝနာ | ၁၂ |
| ၇ | ဓမ္မစကြာ တရားတော် | ၁၅ |
| ၈ | အယုတ်တရား ဤနှစ်ပါး | ၁၈ |
| ၉ | ကာမသုခလ္လိကာ အစွန်း | ၂၃ |
| ၁၀ | လိုအပ်သော ကိလေသာကာမ | ၂၇ |
| ၁၁ | ချမ်းသာတွေ့လျှင် ဖြစ်ပျက်ပင် | ၂၉ |
| ၁၂ | သုခဝေဒနာကို မရှုကောင်းသလော | ၃၁ |
| ၁၃ | အတ္တကိလမထ ဟူသည် | ၃၄ |
| ၁၄ | တရားအားထုတ်ရာ၌ သည်းခံစောင့်စည်းမှု ခန္တီသံဝရ လိုသလော | ၃၅ |
| ၁၅ | သမ္မာဝါယာမသည် ဘာလဲ | ၄၀ |
| ၁၆ | မုဒိတထေရ်၏ အဓိဋ္ဌာန် | ၄၁ |
| ၁၇ | မဟာသိဝထေရ်၏ အဓိဋ္ဌာန် | ၄၂ |
| ၁၈ | တော်တော်တန်တန်ဒုက္ခကိုသည်းခံပြီးရှုရသလား | ၄၃ |
| ၁၉ | ဂေါဓိက ထေရ် | ၄၇ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | သည်းခံရှုနိုင်မှ သမာဓိ ပညာဖြစ်သလော သည်းမခံပဲခဏခဏပြင်နေလျှင်သမာဓိ မဖြစ်သလော | ၄၉ |
| ၂၁ | သီလသမာဓိပညာအတွက်အားထုတ်လျှင် အတ္တကိလမထ မဖြစ်သလော | ၅၈ |
| ၂၂ | ဘုရားအလောင်း၏ အတ္တကိလမထ | ၆၀ |
| ၂၃ | နိဂဏ္ဌတို့အကျင့်ကိုကြည့်ပါ | ၆၃ |
| ၂၄ | ဓနဥ္စာနိ၏ အမှားကျင့်လမ်း | ၆၈ |
| ၂၅ | အတ္တကိလမထ ပေါ်လာပုံ | ၇၁ |
| ၂၆ | ယခုခေတ်မှာ သတိထားစရာ | ၇၅ |
| ၂၇ | မဇ္ဈိမပဋိပဒါ | ၇၉ |
| ၂၈ | ဩဠာတရဏ မဇ္ဈိမ | ၈၁ |
| ၂၉ | ကစ္စာန ဂေါတ္တ မဇ္ဈိမ | ၈၃ |
| ၃၀ | မဂ္ဂင်ရှစ်တန် မဇ္ဈိမ် | ၈[illegible] |
| ၃၁ | သမ္မာဒိဋ္ဌိ ဘာမြင်သနည်း | ၉၃ |
| ၃၂ | မဇ္ဈိမပဋိပဒါနှင့်ဥပေက္ခာ | ၉၇ |
| ၃၃ | ပဋိစ္စသမုပ္ပါဒ်နှင့်ဥပေက္ခာ | ၉[illegible] |
| ၃၄ | ဝေဒနာဟူက အနိစ္စ | ၁၀၁ |
| ၃၅ | ကိုယ်တိုင်သိမှ ညက်နှ[illegible] | ၁၀၇ |
| ၃၆ | ဒုက္ခသစ္စာ ဆိုသည်မှာ | ၁၁၄ |
| ၃၇ | ဒုက္ခသစ္စာ—၈-ပါး | [illegible] |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈ | ခန္ဓာဝန်ထုပ် ဘာရသုတ် | ၁၂၈ |
| ၃၉ | အဘယ့်ကြောင့် ဒုက္ခသစ္စာ ဖြစ်သနည်း | ၁၃၄ |
| ၄၀ | ဒုက္ခသစ္စာသိစရာ | ၁၃၆ |
| ၄၁ | သမုဒယသစ္စာ ဤတဏှာ | ၁၄၁ |
| ၄၂ | ဘဝသစ်ဖြစ်ခြင်း အကြောင်းရင်း | ၁၄၅ |
| ၄၃ | အဘယ့်ကြောင့် သမုဒယသစ္စာ ဖြစ်သနည်း | ၁၅၃ |
| ၄၄ | လောဘတဏှာ ဝဋ်ဖြစ်ရာ | ၁၅၈ |
| ၄၅ | နိရောဓဓာတ် နိဗ္ဗာန်မြတ် | ၁၆၁ |
| ၄၆ | သာမာန်ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန် | ၁၇၀ |
| ၄၇ | ကံချုပ်ရာ နိဗ္ဗာန် | ၁၇၃ |
| ၄၈ | ဗကာဗြဟ္မာ မသိရှာ | ၁၇၄ |
| ၄၉ | မဂ္ဂသစ္စာ ဤရှစ်ဖြာ | ၁၇၅ |
| ၅၀ | သမ္မာသင်္ကပ္ပ-မှန်သောကြံစည်မှု | ၁၈၀ |
| ၅၁ | ဝိတက္ကသုတ် | ၁၈၁ |
| ၅၂ | သမ္မာဝါစာ–မှန်သောနှုတ်အမှု | ၁၈၄ |
| ၅၃ | သမ္မာကမ္မန္တ - မှန်သောကိုယ်အမှု | ၁၈၆ |
| ၅၄ | သမ္မာအာဇီဝ မှန်သောအသက်မွေးမှု | ၁၈၇ |
| ၅၅ | သမ္မာဝါယမ-မှန်သောအားထုတ်မှု | ၁၈၉ |
| ၅၆ | အလောင်းတော်၏ ပညာကင်းသောလုံ့လ | ၁၉၀ |
| ၅၇ | အာတာပီ | ၂၀၀ |
| ၅၈ | သမ္မာသတိ-မှန်သောအောက်မေ့ဂရုစိုက်မှု | ၂၀၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉ | သတိဆို ပိုသည်မရှိ | ၂၁၀ |
| ၆၀ | သမ္မာသမာဓိ-မှန်သောတည်ငြိမ်မှု | ၂၁၂ |
| ၆၁ | မပျက်သော သမာဓိ | ၂၁၅ |
| ၆၂ | သာသနာတွင်း သမ္မာသမာဓိ | ၂၂[illegible] |
| ၆၃ | မဇ္ဈိမ ပဋိပဒါ မဂ္ဂသစ္စာ | ၂၂၂ |
| ၆၄ | မဂ္ဂင်ရှစ်ပါးကျိုးဆွေး | ၂[illegible] |
| ၆၅ | နိဗ္ဗာန်သို့ အမှန်ရောက်လိုလျှင် | ၂၂[illegible] |
| ၆၆ | မဂ္ဂင်ကျင့်သူ သောတာပန် | ၂၂[illegible] |
| ၆၇ | အကျဉ့်မြတ်ပင် ဉာဏ်မဂ္ဂင် | ၂၂၉ |
| ၆၈ | ဘုရားချီးမွမ်းသောအကျင့် | ၂၃၀ |
| ၆၉ | ကာမဂုဏ်ပယ်နိုင်သောတရား | ၂၃၁ |
| ၇၀ | မဂ္ဂင်ချွတ်ယွင်းက နိဗ္ဗာန်မရ | ၂၃၂ |
| ၇၁ | သံယောဇဉ်ဖြတ်တရားမြတ် | ၂၃၂ |
| ၇၂ | ဗောဓိပက္ခိယစုံသောတရား | ၂၃၄ |
| ၇၃ | သစ္စာလေးပါး၏ အခြင်းအရာ-၁၂ ပါးဖြစ်ပုံ | ၂၃၅ |
| ၇၄ | သစ္စဉာဏ်-၅ ပါး | ၂၃၆ |
| ၇၅ | ကိစ္စဉာဏ်-၅ ပါး | ၂၄၂ |
| ၇၆ | ကတဉာဏ် ၅ ပါး | ၂၄၆ |
| ၇၇ | သမုဒယသစ္စာ၌ဉာဏ်-၃ ပါးဖြစ်ပုံ | ၂၅၀ |
| ၇၈ | ဒုက္ခသမုဒယသစ္စာ၌ကိစ္စဉာဏ်စိပ်-၅ ပါးဖြစ်ပုံ | ၂၅၇ |
| ၇၉ | ဒုက္ခသမုဒယသစ္စာ၌ကတဉာဏ်စိပ်-၅ ပါးဖြစ်ပုံ | ၂၆၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁ | ဒုက္ခနိရောဓသစ္စာ၌ ဉာဏ် ၃ ပါးဖြစ်ပုံ | ၂၆၅ |
| ၈၁ | နိရောဓသစ္စာ၌ သစ္စဉာဏ်စိပ်-၅ ပါးဖြစ်ပုံ | ၂၆၇ |
| ၈၂ | နိရောဓသစ္စာ၌ ကိစ္စဉာဏ်စိပ်·၅ ပါးဖြစ်ပုံ | ၂၇၀ |
| ၈၃ | နိရောဓသစ္စာ၌ ကတဉာဏ်စိပ်-၅ ပါးဖြစ်ပုံ | ၂၇၂ |
| ၈၄ | မဂ္ဂသစ္စာ၌ ဉာဏ်-၃ ပါးဖြစ်ပုံ | ၂၇၄ |
| ၈၅ | မဂ္ဂသစ္စာ၌ သစ္စဉာဏ်စိပ်·၅ ပါးဖြစ်ပုံ | ၂၇၅ |
| ၈၆ | မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်စိပ်-၅ ပါးဖြစ်ပုံ | ၂၇၈ |
| ၈၇ | မဂ္ဂသစ္စာ၌ ကတဉာဏ်စိပ်·၅ ပါးဖြစ်ပုံ | ၂၈၀ |
| ၈၈ | သစ္စာမသိသေးမီ ဘုရားဟုဝန်မခံ | ၂၈၃ |
| ၈၉ | သစ္စာသိမြင် ဘုရားရှင် | ၂၈၅ |
| ၉၀ | သစ္စာသိမှ အာသဝေါကုန်ပုံ | ၂၈၇ |
| ၉၁ | သစ္စာသိမှ အရဟန္တ | ၂၈၇ |
| ၉၂ | သစ္စာသိမှ သမ္ဗုဒ္ဓ | ၂၈၈ |
| ၉၃ | ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ | ၂၉၀ |
| ၉၄ | အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ | ၂၉၄ |
| ၉၅ | သတိပဋ္ဌာန်ဟူသည်-ဘာကိုရှုသလဲ | ၂၉၈ |
| ၉၆ | ကိုယ်တွေ့ဉာဏ်မြင်လုပ်ငန်းပိုင်း | ၃၀၃ |
| ၉၇ | အလုပ်စမည် | ၃၀၄ |
| ၉၈ | လုပ်ငန်းစဉ်ဆောင်ပုဒ် | ၃၀၅ |
| ၉၉ | ဉာဏ်ဆိုတာဘာလဲ | ၃၀၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀ | ခန္ဓာတွင်းဉာဏ်သွင်းခြင်းသည် ကျန်းဂန်စကားလား | ၃၀၉ |
| ၁၀၁ | အရှင်ကောဏ္ဍည-အရှင်သာရိပုတ္တရာ | ၃၁၁ |
| ၁၀၂ | အဘယထေရ် | ၃၁၂ |
| ၁၀၃ | လောမသကင်္ဂိယထေရ် | ၃၁၃ |
| ၁၀၄ | ပဏ္ဍိတသာမဏေ-သုခသာမဏေ | ၃၁၄ |
| ၁၀၅ | ပေါဋ္ဌိလထေရ်-ဥဗ္ဗရီထေရီ-သုန္ဒရီနန္ဒာထေရီ | ၃၁၅ |
| ၁၀၆ | ခန္ဓာတွင်းသို့ဉာဏ်သွင်းလျှင်-ဘာတွေသိရမလဲ | ၃၁၆ |
| ၁၀၇ | အမှန်ဟူသည် ဘာလဲ | ၃၁၈ |
| ၁၀၈ | ဝိပဿနာအလုပ် အတိုချုပ် | ၃၁၉ |
| ၁၀၉ | ပဋိစ္စသမုပ္ပါဒ်နည်း | ၃၂၁ |
| ၁၁၀ | ဒုက္ခတာ-၃ မျိုး | ၃၂၈ |
| ၁၁၁ | နိဂုံးချုပ် | ၃၃၇ |


....o....

# နိဒါန်း

ကျွန်ုပ်တို့(ဗုဒ္ဓ၏အယူဝါဒကို ခံယူကျင့်သုံးကြသော)ဗုဒ္ဓဝါဒီတို့သည် မြတ်စွာဘုရား၏ ရှေးဦးစွာ ဘုရားဖြစ်စ ထိုကာလက ဟောကြားခဲ့သော 'ဓမ္မစကြာ' (ဓမ္မစက္ကပဝတ္တန) သုတ်တော်ကိုသာ ကြည်ညိုသဒ္ဓါ လွန်ကဲစွာဖြင့် ဘတ်ကြ, မှတ်ကြ ရွတ်ဆိုကြကုန်သည်၊ ထိုဓမ္မစကြာကို ဟောသော ဝါဆိုလပြည့်နေ့ကိုပင် 'ဓမ္မစကြာနေ့'ဟု သတ်မှတ်လျက်–ဓမ္မစကြာသုတ်ကို ဟောပြောကြ·စုပေါင်းရွတ်ဆို ပူဇော်ကြလေသည်၊ အချို့ကမူ သစ္စာလေးပါးကို စတင်၍ ဟောတော်မူခြင်း အထိမ်းအမှတ်အဖြစ်မီး ၄·တိုင်ထွန်း၍ သစ္စာလေးပါးကို ပူဇော်ကြလေသည်၊ ဤသည်လျှင် ဓမ္မစကြာတရား၏ ဂုဏ်သတ္တိသည် ပြီးပြီလော.... မဟုတ်ပါချေ။

ဘုရားဖြစ်စ ပူပူနွေးနွေး သိခဲ့,ရခဲ့သောအမှန်တရား (သစ္စာလေးပါး)ကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင် ရှာဖွေ ခဲ့ရ ယခုမှ ရရှိသဖြင့် မိမိရသည့်နည်းတူ ရခွင့် သိခွင့်ရှိသည့် ဝေနေယျကို ရှာဖွေခဲ့ရာ မိဂဒါဝုန်တောတွင် ရသေ့လုပ်၍ နေကြသော 'ငါးယောက်အစု' (ပဉ္စဝဂ္ဂီ)တို့ကို တွေ့၍ ထိုအရပ်သို့ကြွတော်မူလျက် သံသရာဝဋ်မှ လွတ်ရန်(သစ္စာဟူသော) အမှန်

တရားနှင့် ထိုသစ္စာသိရန်(မဂ္ဂင်) အလုပ်လမ်းစဉ်ကို ဟိတ်ကျကျ ချုပ်မှတ်၍ အရှင်ကောဏ္ဍညနှင့် နတ်ဗြဟ္မာ ၁၀ ကုဋေ တို့ကို ကျွတ်တမ်းဝင်စေလျက် သာသနာတော် ဝါဒကို သုံးဆယ့် ဘုံသို့ ကျေညာတော် မူလိုက်လေသည်။

သို့အတွက် ဤဓမ္မစကြာသုတ်တော်သည် ရွက်ဖတ် ပူဇော် ကြည်ညိုရုံမျှနှင့် ပြီးရမည့်သုတ် မဟုတ်ပေ၊ အလုပ် တရားချည်း သက်သက် ဖြစ်သည်သာမက ဤသာသနာ၏ မူလဘူတ ကျသည့် အပြင် မည်သည့်ပုဂ္ဂိုလ် တဦးတယောက်အတွက်မျှ မဟုတ်ပဲ တရားတော်၏ ပင်ကိုမူ ဓမ္မမိဋ္ဌာန်ဖြင့် ဟောကြားတော် မူခဲ့ခြင်း ဖြစ်ပေရာ တရားအလုပ် အားထုတ်ရာတွင်ပင် အလွန် အရေးကြီး စွာ လိုအပ်သော 'မဇ္ဈိမ ပဋိပဒါလမ်းစဉ်' ဝါဒကိုပါ သဘော ပေါက် နားလည်စေရန် အခြေခံ သဘောအနေနှင့် စိစစ် ဟောထားခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဤမျှ သံသရာလွတ်လို၍ ရွတ်ဆိုမှုမျှဖြင့် ကျေနပ် နှစ်သိမ့်နေပါက၊ ထိုတရားတော်၏ အနှစ်သာရကို ရယူခံစားနိုင်မည် မဟုတ်ချေ။ (ပရိယတ်ဟူသော) သဘော ပေါက်နားလည်အောင် လေ့လာသင်ယူ၍ (ပဋိပတ်ဟူသော) လုပ်ငန်းခွင်သို့ ဝင်ပြီးလျှင် ထိုလုပ်ငန်းကြောင့် ရလာမည့် (ပဋိဝေဓ ဟူသော) အကျိုးတရားကို ပဥ္စဝဂ္ဂီနှင့် နတ်ဗြဟ္မာတို့ ကဲ့သို့ ရယူနိုင်ရန် အရေးကြီးလှရကား အလုပ်သဘောချည်း ဟောခဲ့သော တရားကို အလုပ်ဖြစ်စေရန်အတွက် ဖော်ပြရေးသား ချခြင်း ဖြစ်ပေသည်။

ယင်းသို့ ရေးသားရာ၌ ဤတရားသုတ္တန်တွင်–

၁ - သစ္စာသိရန် လမ်းကြောင်း

၂ - သိရမည့် သစ္စာ

၃ - ရရှိမည့် အကျိုးတရား

တို့ကို အစဉ်အတိုင်း ဖော်ပြမည်ဖြစ်ရာ ဤမျှ တိုလွန်း ကျဉ်းလွန်းသော ဤတရားတော်သည်အနက် အဓိပ္ပာယ်အနှစ်သာရ အားဖြင့် ပြည့်စုံနေသောကြောင့် ယခုသာသနာ နောက်ပိုင်းတွင် လူလာ၍ ဖြစ်ကြသော ကျွန်ုပ်တို့အတွက် ဝိပ္ပတ္တိခေတ်ပျက်တွင် အကျင့်စာရိတ္တမှစ၍၊ အသိပညာများပါ ဆုတ်ယုတ်လျက်ရှိနေကြသောကြောင့် အမြန်သိလွယ်သော လုပ်ငန်းလုပ်ကွက်များနှင့် ၎င်းတို့နှင့် သက်ဆိုင်ရာတွင် လိုအပ်သလို ရှင်းလင်းချက်များပါ ထည့်စွက်၍ ပါဠိတော် အဋ္ဌကထာ, ဋီကာ အဆိုအမိန့်တို့၏ အဆုံးအဖြတ်ပါ ညွှန်ပြပြီးလျှင် နားလည်စေမှု အလုပ်သဘော ဉာဏ်ရောက်စေမှုကို အဓိက ပြုလျက် သိသင့်သိထိုက် ရခွင့်ရထိုက်သော ဤသာသနာတွင် ကျွတ်တန်းဝင်လိုသူ ဝေနေယျတို့အတွက် ရည်ရွယ်၍ ဖွင့်ဆိုရေးသားအပ်သည် ဖြစ်ပါကြောင်း။

ဤရေးသားချက်တို့ကို သာသနာဝင် ပညာရှိ သူတော်ကောင်းတို့သည် မိမိတို့ဉာဏ်တွင် ပိုနေသည်ထင်သော အရာတို့ကို ပယ်ဖျက်ကာ နှလုံးမသွင်းပါပဲ လိုနေသည်ထင်သော အရာတို့ကို ဖြည့်စွက်ယူတော် မူကြရန် ဖြစ်ပါသတည်း။

ဦးကြည်

သစ္စာဒီပက-ကမ္မဋ္ဌာနာစရိယ။



## နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ

သစ္စဒီပကဿ-သစ္စာလေးချက် ဓမ္မစက်ကို ဟောမြွက်ဖော်ပြ ဆုံးမတော် မူတတ်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ညေယျငါးတန် တရားမှန်ကို သယမ္ဘူဖြစ် ရွှေဉာဏ်စစ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားအား၊ (အပ်-သစ္စာလေးတန် စိတ်ရည်သန်၍ သိရန် အားထုတ် အကျွန်ုပ်သည်) နမော၊ ဒုက္ခသစ္စာ ဤခန္ဓာဖြင့်နောင်လာဇာတိဖြစ် မရှိရာ နိဗ္ဗူတာသို့မြန်စွာ ရောက်မှုအာရုံပြု၍ ဂရုဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ မြတ်စွာဘုရား။

## "ရှေးဦး သိစရာ"

ဓမ္မစကြာ အလုပ်နှင့်ပတ်သက်၍ အရေးကြီးသည့် အချက်ကို ရှေးဦးစွာ သိထားဖို့ လိုလေသည်။ ဤသုတ္တန်သည် သာသနာတရပ်လုံး၏ လုပ်ငန်းအားလုံးကို ခြုံမိအောင် တချက်တည်းဖြင့် ဟောထားသောကြောင့် ဤသုတ်တွင် ပါဝင်သော အချက်တို့ကို လေ့လာရမည်၊ ဂရုစိုက်ရမည်ဖြစ်၏။ 'ဝိပဿနာ အားထုတ် နေလျှင် ပြီးတာပဲ၊ဒါအရေးအကြီးဆုံးမဟုတ်လား'ဟု

အချို့ကဆိုမည်၊ဆိုကြသည်။ 'မှန်ပါသည်၊ အလုပ်သည် အရေး အကြီးဆုံး ဖြစ်ပါသည် သို့ရာတွင် ထိုအလုပ်အရေးကြီးသည်နှင့် အမျှ တိကျမှန်ကန်မှသာလျှင် လိုအပ်သော ကိစ္စ ပြီးမည်ဖြစ်ရာ အလုပ်မလုပ်မီ မိမိအားထုတ်ရမည့် တရား၏ ဒေသနာတော် ညွှန်ချက်နှင့်ညီမညီ၊ အလုပ်သဘာဝကျ,မကျ စိစစ်ဖို့အရေးကြီး လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရှေးဦးစွာ....

၁။ တရား၏ ဥပဒေသ
၂။ တရား၏ သဘာဝ
၃။ တရား၏ လုပ်ငန်း

ဟူ၍ စိစစ်သုံးသပ်ချက်များဖြင့် တရားလုပ်ငန်းကို အားထုတ် လုပ်ကိုင်ရမည် ဖြစ်ရာ ကျွန်ုပ်တို့၏ "သံသရာပြတ်ရေး နိဗ္ဗာန် မျက်မှောက် ပြုနိုင်ရေး"ဟူသော ပန်းတိုင်သို့ အရောက်ချီတက် အားထုတ်ကြရာ၌....

၁။ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ ဆရာစွဲ မထားပဲ 'ဓမ္မ' သက်သက်ကိုသာ အလေးအနက် ထားခြင်း၊
၂။ 'ဓမ္မ'၏ ညွှန်ကြားချက်ကိုသာ လိုက်နာ အားထုတ် ခြင်းတို့ ဖြစ်ရာ ရှေးဦးစွာ 'ဓမ္မဓိဋ္ဌာန်စိတ်' မွေးမြူ အပ်သည်။ နောက်ဓမ္မ၏ သဘာဝ ညွှန်ပြချက် တို့ကို အတိအကျလိုက်နာ အားထုတ်ပါက သူ့ သဘော သူဆောင်သော 'ဓမ္မ၏ ဓမ္မတာ'

အလျောက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြမည် ဖြစ်သည်။

## ၁- 'တရား၏ ဥပဒေသ'

ကျွန်ုပ်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်လို၏။ လွတ်ချင်၏၊ နိဗ္ဗာန်ကို ရလို၏ ရချင်၏ သို့အတွက် သံသရာဝဋ်မှ လွတ်ရေး၊ နိဗ္ဗာန်ရရေးသည် ကျွန်ုပ်တို့၏ အဓိက လိုအပ်ချက် ဖြစ်လေသည်။ စင်စစ်မှာ ဗုဒ္ဓဘာသာနယ်ပယ်တွင် 'နိဗ္ဗာန်ကိုသာ လိုအပ်ချက် အဖြစ်ထားနေသည်' ရစရာ ရောက်စရာဟု မှတ်နေသည်။ နိဗ္ဗာန် ဆိုသည်မှာ အလုပ်မဟုတ်ချေ။ သံသရာဝဋ်မှ လွတ်မြောက် အောင် ကြိုးစား၍ လွတ်လျှင် နိဗ္ဗာန်ကိစ္စသည် အလိုလို ပြီးပေ သည်။ နိဗ္ဗာန်သည် သံသရာဝဋ်မှ လွတ်မြောက်မှု ဖြစ်သော ကြောင့်တည်း။

လိုအပ်သော နိဗ္ဗာန်ကို ရည်မှန်းချက် ထားရှိပါက သံသရာ ဝဋ်မှ လွတ်မှုကိစ္စကိုသာ ဂရုစိုက်၍ အားထုတ် သင့်ပေသည်။ တနည်းဆိုသော် ထိုနိဗ္ဗာန်ရရန် ရောက်ရန်သွားရမည့် လမ်းကို သာ လျှောက်သွားဖို့ လိုသေသည်။ သံသရာမှ ထွက်မြောက် ကျွတ်လွတ်လိုသူသည် အဘယ်ပုံ အဘယ်နည်းဖြင့် လွတ်ပါမည် နည်းဟု ဓမ္မဓိဋ္ဌာန်ကျကျ ရှာဖွေလေလျှင်....

မြတ်စွာဘုရားသည် 'ဝဇ္ဇီတိုင်း ကောဋိရွာ၌ သီတင်းသုံးနေ တော်မူစဉ်—

ဆရာ ဦးကြည်

'စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ'

(မဟာဝဂ္ဂ ပါဠိတော်သစ္စသံယုတ် ၃၇၇)

'ချစ်သားတို့ အရိယာတို့ သိအပ်သော အမှန်တရား လေးပါးတို့ကို ဖြောင့်ဖြောင့် မှန်မှန် မသိခြင်းကြောင့် ထိုးထိုးထွင်းထွင်း မသိခြင်းကြောင့် ငါဘုရားသည်၎င်း၊ သင်ချစ်သား တို့သည်၎င်း၊ ရှည်လျား လှစွာသော ဤသံသရာ တလျှောက်လုံးတွင် တပြောင်း ပြန် ပြန် ကျင်လည်ပြေးသွားခဲ့ရလေပြီ။'

ဤကား.... မိမိအလိုရှိနေသော သံသရာ ထွက်ရေး၌ လမ်းစပေါ်စေရန် ညွှန်ပြသော ဗုဒ္ဓဘုရား၏ တရားဥပဒေသ ပင် ဖြစ်သည်။ ဓမ္မခိဋ္ဌာန်ကျကျ ဝေဖန်သုံးသပ် စိစစ် ကြည့် ပါ။ အမှန်တရားသစ္စာ လေးပါးဟူသည် မင်္ဂရတော့မည့်အရိယာ လောင်းအား....

'ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း၊
သမုဒယသစ္စာကို ပယ်ခြင်း၊
နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊
မဂ္ဂသစ္စာကို ပွားခြင်း
ဟု ဆိုအပ်သော ၄-ကိစ္စကို တပြိုင်နက် တချက်တည်း

ကိစ္စပြီးလျက် မဂ်ဝင်ရန် 'အပ္ပနာ'သို့ ဆိုက်လေတော့သည်။ ဤသည်မှာ တရား၏ ဥပဒေသဖြစ်၍ ဘုရားအလောင်းတော်မှ အစ မည်သည့် အရိယာလောင်းမဆို ဤလမ်းစဉ်မှ ချော်ထွက်၍မရ၊ သွေဖီ၍မရ၊ ဖြတ်လမ်း မရှိဖြစ်သည်။ ဤလမ်း အတိုင်းသွားက ဆိုင်ရာမဂ်ဖိုလ်ရမည်။ အရိယာမဂ်ရသော သူအား မဂ်၏ အခြားမဲ့၌ လောကုတ္တရာဖိုလ်ဖြင့် မိမိတို့ရည်မှန်းသော'နိဗ္ဗာန်'ကို မျက်မှောက်ပြု ခံစားနိုင်ပြီ။

နိဗ္ဗာန်ကို အလိုရှိသူသည် ဤလမ်းမှလွဲ၍၊ ဝါ-သိအပ်, ပယ်အပ်, မျက်မှောက်ပြုအပ်၊ ပွားများအပ်သော ဤကိစ္စလေးပါး မှလွဲ၍ ဘယ်သူမှ နိဗ္ဗာန်မရချေ။ဘယ်သူမှ သံသရာဝဋ်ကမလွတ်ပေ၊ ဆိုစကားမှန်၏။

**နိဗ္ဗာန်ရသူ မရသူ။** ။မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား 'အရှင်ဘုရား နိဗ္ဗာန်ကို အလိုရှိကြကုန်သော အားလုံးလူတို့သည် နိဗ္ဗာန်ကို ရကြပါကုန်သလော' ဟု မေးရာ အရှင်နာဂသေနက မင်းကြီး နိဗ္ဗာန်ကို အလိုရှိကြသော အားလုံး လူတို့သည် နိဗ္ဗာန်ကို မရနိုင်ကြကုန် 'မင်းကြီး.... စင်စစ်သော်ကား အကြင်သူသည် ကောင်းစွာ ကျင့်သည်ဖြစ်၍ သိအပ်သော တရားတို့ကို ဉာဏ်ဖြင့်သိ၏။ပိုင်းခြားသိအပ်သော ဒုက္ခသစ္စာ တရားတို့ကို ပိုင်းခြားသိ၏။ ပယ်စွန့်အပ်သော သမုဒယ သစ္စာတရားကို ပယ်စွန့်၏။ပွားများ အပ်သော မဂ္ဂသစ္စာတရားတို့ကို ပွားများ၏၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားတို့ကို မျက်မှောက်ပြု၏။ ထိုသူသည်သာနိဗ္ဗာန်ကိုရ၏။'ဟု ဖြေတော်မူသည်။

(မိလိန္ဒပဉှာပါဠိတော် နိဗ္ဗာနလာဘနပဉှာ ၇၁)

**ဇီးဖြူရွက်နှင့် ရေခတ်သူ။** ။ချစ်သားတို့ လူတယောက်သည် အခြားတယောက်အား 'ငါသည် သင့်အတွက် ရှားရွက်တို့ကိုရင်း၊ ထင်းရှူးရွက် တို့ကို ရင်း၊ ဇီးဖြူရွက်တို့ကိုရင်း၊ ခွက်(ကခတော့) ပြုလုပ်၍ ရေခပ်ခဲ့သည်၊ သောက်လော့' ဟု ဆိုငြားအံ့၊ စင်စစ် ထိုစကားသည် မမှန်သော အလုပ်၊မဟုတ်သော စကားကို ပြောဆိုခြင်းသာ ဖြစ်ရာ၏၊ အဘယ့်ကြောင့်ဟူမူ ထိုရှားရွက်, ထင်းရှူးရွက်, ဇီးဖြူရွက် တို့သည် ရေကို ခပ်ယူနိုင်လောက်သော ခွက် (ကခတော့) ပြုလုပ်၍ မရနိုင် လောက်အောင် သေးငယ် နေသောကြောင့်တည်း၊ ထိုစကား ပြောဆို ခြင်းသည် အဖျင်းစကား ရယ်ဘွယ်ရာသာ ဖြစ်သကဲ့သို့-

ချစ်သားတို့ 'ငါသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ) ကိုမသိပဲ၊ ဆင်းရဲဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ)ကို ထိုးထွင်းမသိပဲ၊ ဆင်းရဲချုပ်ရာအမှန် (နိရောဓ သစ္စာ)ကို ဟုတ်တိုင်းမှန်စွာ မသိပဲ၊ ဆင်းရဲချုပ်ကြောင်းလမ်းအမှန် (မဂ္ဂသစ္စာ)ကို ဟုတ်တိုင်းမှန်စွာ မသိပဲ ကောင်းစွာ ဆင်းရဲတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကိုရပါသည်' ဟု ဆိုလျှင် စင်စစ်ထိုစကားသည် မမှန်သောအလုပ်၊ မဟုတ်သော စကားကိုသာ ပြောဆိုခြင်းပင် ဖြစ်ရာ၏။ အဘယ့်ကြောင့်ဟူမူ သစ္စာလေးပါး အမှန်တရားကိုမသိပဲ၊မည်သူမှ နိဗ္ဗာန်မရနိုင်သောကြောင့် ထိုစကားကို ပြောဆိုခြင်းသည် အဖျင်းစကား ရယ်ဘွယ်သာ ဖြစ်သည်။

(မဟာဝဂ္ဂပါဠိတော်-သစ္စသံယုတ် ၃၇၃)

**အခြေမရှိ အိပ်ဆောက်သူ။** ။ချစ်သားတို့ လူတယောက်သည် အခြားတယောက်အား 'ငါသည် အိမ်တဆောင်ကို ဆောက်ခဲ့ရာ၌

အောက် အခြေခံတိုင် ယက်မစသည် မစိုက်မကပ်ပဲ အထက် ပြာသာဒ်ဆောင်ကို တင်ဆောက်ခဲ့ပြီ'ဟု ဆိုငြားအံ့၊ ဇင်စစ်-ထိုစကားသည် မမှန်သောအလုပ်၊ မဟုတ်သော စကားကို ပြော ဆိုခြင်းသာ ဖြစ်ရာ၏။ အဘယ့်ကြောင့် ဟူမူ အိမ် စသော အဆောက်အဦ ဆောက်လုပ်ရာ၌ အခြေခံတိုင် ယက်မစသော အမာခံ မထူမစိုက် မကပ်မရိုက်ပဲ ဆောက်၍ မဖြစ် နိုင်သော ကြောင့်ပင်။

ထို့အတူ ချစ်သားတို့ ငါသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ) ကို ထိုးထွင်း၍ ပိုင် ခြားမသိပဲ၊ ဆင်းရဲဖြစ်ကြောင်း အမှန်(သမုဒယ သစ္စာ)ကို ဟုတ်တိုင်းမှန်စွာ မသိပဲ၊ ဆင်းရဲချုပ်ရာအခန် (နိရောဓ သစ္စာ)ကို ဟုတ်တိုင်းမှန်စွာ မသိ၊ ဆင်းရဲချုပ်ကြောင်း လမ်း အမှန်(မဂ္ဂသစ္စာ)ကို ဟုတ်တိုင်းမှန်စွာမသိပဲနိဗ္ဗာန်ကိုမျက်မှောက် ပြုခဲ့ပါသည်'ဆိုငြားအံ့၊ ထိုစကားသည် မမှန်မကန်၊လုပ်ကြံသော စကားသာ ဖြစ်ရာ၏။ အကြောင်းမူ သံသရာဝဋ်က ထွက်သည်၊ နိဗ္ဗာန်ရသည်ဆိုသည်မှာ အောက် အခြေခံဖြစ်သော အရိယာတို့ သိအပ်သည့် အမှန်တရား သစ္စာလေးပါးတို့ကို ရှေးဦးစွာ မသိ လျှင်မဖြစ်သောကြောင့်တည်း။

(မဟာဝဂ္ဂပါဠိတော်၊ သစ္စသံယုတ် ၃၈၄)

ဤကား ဓမ္မဓိဋ္ဌာန်ဖြင့် တရားရှာလိုသူ ယောဂီ အတွက် ရိပ်မိရန် အမြွက်မျှ ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။သစ္စာမသိလျှင် သံသရာ လည်တတ်ကြောင်း သစ္စာမသိမှုကြောင့် ဒုက္ခသံသရာ ဖြစ်ပုံ အလုံးစုံအတွက်ကား သစ္စသံယုတ်တကျမ်းလုံး ပုဒ်မပါသိမ်း ကြုံး၍ ရေးကူးဖော်ပြရမလို ဖြစ်သည်။ ယခု ဖော်ပြချက်သည်

သည်း ဝေဖန် သုံးသပ် စိစစ်နိုင်ရန်အတွက် ရိပ်မိဖို့သာ ရည်ရွယ်သည်၊ သိရှိရန်မဟုတ်၊ အသိဟူသည်ကား ဤမျှလောက်နှင့် ဘာမျှ ခရီးရောက်မည်မဟုတ်သေးချေ။

**မဂ္ဂသစ္စာဘာဝနာ**။ ။သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်လိုသော ယောဂီသည် ဓမ္မမိဋ္ဌာန်အားဖြင့် 'အမှန်တရား သစ္စာလေးပါး'ကို သိမှုဖြစ်မည်ဟု လေ့လာသုံးသပ်မိပါလျှင် ထိုသိအပ်သော သစ္စာကို သိရာ သိကြောင်းအလုပ် မုချ ရှိရမည်ဖြစ်ရာ....

အခါတပါးမြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရဟန်း များစွာတို့သည် မြတ်စွာ ဘုရား၏ ပါမောက်သို့ ချဉ်းကပ်ကြကုန်လျက် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား တပည့်တော်တို့ကို အယူ တပါး ရှိကြကုန်သော ပရိဗိုဇ်တို့က....

'ကိမတ္ထိယံ အာဝုသော သမဏေ ဂေါတမေ
ဗြဟ္မစရိယံ ဝုဿတိ'

'ငါ့ရှင်တို့· သင်တို့သည် အဘယ်အကျိုးကို လို၍ ရဟန်းဂေါတမ၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးကြပါကုန်သနည်း'

ဟု မေးကြပါသောကြောင့်·တပည့်တော်များက ..

'ဒုက္ခဿခေါ အာဝုသော ပရိညတ္ထံ ဘဂဝတိ
ဗြဟ္မစရိယံ ဝုဿတိ'

'ငါ့ရှင်တို့· ငါတို့သည် ဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှာ မြတ်စွာဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးကြပါကုန်သည်'

ဟု ဖြေခဲ့ကြပါသည် ဘုရား။ ဤကဲ့သို့ ဖြေခြင်းကြောင့် တပည့်တော်များသည် မြတ်စွာဘုရား၏ သံသရာ ထွက်ကြောင်း တရားကောင်းတို့နှင့် မဆန့်ကျင်ပဲ ရှိပါသလား ဘုရား မြတ်စွာ ဘုရားအား မဟုတ်မဟာရား စွပ်စွဲရာမကျပဲ ရှိပါသလား ဘုရား၊ စသည်ဖြင့် မိမိတို့ဖြေခဲ့သော အဖြေကိုပင် မိမိဘို့ စိတ်မချလေ သဖြင့် လျှောက်ထားကြလေရာ မြတ်စွာဘုရားက ...

'ချစ်သားတို့ ဖြေဆိုသော အတိုင်းအမှန်ပင် ဖြစ်၏။ ငါဘုရားကို စွပ်စွဲရာလည်းမကျ၊ တရားတော်ဥပဒေသနှင့် လည်း မဆန့်ကျင်၊ သူတပါးတို့ ကဲ့ရဲ့ခြင်း ဘေးမှလည်း လွတ်ကင်းပေသည်၊ ချစ်သားတို့ စင်စစ်ကား....

'ဒုက္ခဿ ဟိ ပရိညတ္ထံမယိ ဗြဟ္မစရိယံ ဝုဿတိ'

'ဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ ငါဘုရားအထံ၌ မဂ္ဂင် ရှစ်ရပ် အကျင့်မြတ်ကို ကျင့်သုံး၏' ချစ်သားတို့ အကယ်၍ တိတ္ထိ ပရိဗိုဇ်တို့သည် ဆက်လက်ပြီးလျှင်....

'အတ္ထိပနာဝုသော မဂ္ဂေါ၊ အတ္ထိပဋိပဒါတေဿ ဒုက္ခဿ ပရိညာယ'

'ငါ့ရှင်တို့ ဤဆင်းရဲ (ဒုက္ခ)ကို ပိုင်းခြား၍ သိခြင်းငှာ လမ်းစဉ်ရှိပါသလော, အကျင့်ရှိပါသလော'

ဟု အကယ်၍များ မေးခဲ့ငြားအံ့၊ ထိုအခါ သင်ချစ်သား တို့က....

'အတ္ထိခေါ အာဝုသော မဂ္ဂေါ၊ အတ္ထိပဋိပဒါ တေဿ ဒုက္ခဿ ပရိညာယ'

'ငါ့ရှင်တို့ ဤဆင်းရဲ (ဒုက္ခ) ကို ပိုင်းခြား၍ သိခြင်းငှာ လမ်းစဉ်သည် ရှိ၏။ အကျင့်သည် ရှိ၏' ဟု ဖြေဆိုကြကုန်ရာ၏။ ထိုဆင်းရဲ (ဒုက္ခ) ကို ပိုင်းခြား၍ သိနိုင်သော လမ်းစဉ်သည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်း ဟူမူ....

'အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ'

အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။

ဟု မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဟောကြားတော်မူသည်။

(ဤကား မဟာဝဂ္ဂ သံယုတ်၊ ကိမတ္ထိယသုတ် ဒု-တည်း)

ယခု ဖော်ပြလိုက်သော ပါဠိတော်သည် မိမိတို့ သိလိုသော အမှန်တရား သစ္စာလေးပါးကို သိရန် လုပ်ကိုင်ရမည့် လမ်းစဉ် အကျင့်အနေနှင့် နမူနာအဖြစ် ဖော်ပြလိုက်ခြင်း ဖြစ်သည်။မဂ္ဂ သံယုတ်တကျမ်း လုံးကို ကြည့်က အလုပ် လမ်းစဉ်သည် မဂ္ဂင် ရှစ်ပါးချည်း ဖြစ်ကြောင်း ဟောထားသည်။ ဤမျှဖြင့်'ဓမ္မဓိဋ္ဌာန် ကျကျ စိစစ်ပါမူ သံသရာဝဋ်က ထွက်လိုသူတို့သည် မဂ်ဖိုလ် နိဗ္ဗာန်ကို ရခြင်းအကျိုးငှာ....

၁ - သစ္စာလေးပါးကို သိရမည်။

၂ - ထိုသစ္စာလေးပါးကို သိရန် မဂ္ဂင်ရှစ်ပါး အကျင့် တရားကို အားထုတ်ရမည်။

ဤသည်လျှင် လမ်းအဖြောင့်ဆုံး ဖြစ်နေလေပြီ၊မဂ္ဂင် အလုပ် အားထုတ်ပါက အမှန်သစ္စာကို သိပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရရန် ကိစ္စသည် တဖြောင့်ထည်း ဖြစ်သွားပုံကို အထင်ရှားဆုံး, အမှန် ကန်ဆုံး အတိကျဆုံး ဒေသနာ ဖြစ်သော 'ဓမ္မစကြာ' (ဓမ္မစက္က ပဝတ္တန) သုတ်ကို အကျယ်တဝင့်ရှင်းလင်းပြပေအံ့။

# 'ဓမ္မစကြာဘုရားတော်'

ဘိုးတော်အဥ္ဇနမင်းကြီး၏ ဖွိုကြွင်း သက္ကရာဇ် ၁၀၃ ခုနှစ် ဂိသာခါနက္ခတ် စန်းမြတ်အကြို ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်၍ အလင်းသို့ရောက်သည်နှင့် တပြိုင်နက် အဝိဇ္ဇာ အမှောင်ခေါင်ကို ပယ်ဖြတ်သုတ်သင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၍ ထိုမဟာသက္ကရာဇ် ၁၀၃-ခုဝါဆိုလပြည့် စနေနေ့ ညနေခင်းတွင် ဗာရဏသီပြည်၏ အနီးစျာန်ဒဟိဘိညာဏ်ရ ရသေ့တို့တက်ရာ ဆင်းရာဖြစ်၍ 'ဣသိပတန' အမည်ရသော သားသမင်တို့ကို ဘေးမဲ့ပေးရာဖြစ်သည့် 'မိဂဒါယ' မိဂဒါဝုန်တော၌ ငါးယောက် အစုဖြစ်သော (ပဥ္စဝဂ္ဂီ)ရသေ့တို့အား ရှေးဦးစွာ ဤ(ဓမ္မစက္ကပဝတ္တန) မည်သော 'ဓမ္မစကြာ' ဒေသနာတရားကို ဟောကြားတော်မူလေသည်။

ဤသို့ဟောကြားအပ်သော 'ဓမ္မစကြာသုတ်'သည် ဗုဒ္ဓ ဘုရားရှင်၏ ပဌမတရားဦးဖြစ်၏၊ ၎င်းသုတ်သည် ဗုဒ္ဓဘာသာ၏ အဉ္စမြစ်လည်း ဖြစ်၏၊ ခိုင်ခန့်သော ဒုဒယ်, ထယ်ဝါသော ကိုယ်ထည်လည်း ဖြစ်၏၊ ဤသုတ်၌ပါသော အနက်သဘောတို့ကို ၄၅-ဝါ ကာလပတ်လုံး ဟောတော်မူခဲ့သော ဓမ္မက္ခန္ဓာ အပေါင်းက မထိခိုက်၊ မတုန်လှုပ် စေနိုင်ပေ၊ ဓမ္မက္ခန္ဓာ အားလုံးတို့သည် ဤသုတ်၏ အနှစ်သာရ ဖြစ်သော....

အလုပ်- မဂ္ဂင်ရှစ်ပါး-
လမ်းကြောင်း- မဇ္ဈိမပဋိပဒါ-
အသိ- သစ္စာလေးပါး-

ဤ'ဘောင်'ကို ကျော်သွက်၍ မရပေ၊ ၎င်းအတွင်းသို့သာ ဝင်ရလေသည်။ ထို့ကြောင့် ဓမ္မစကြာသုတ် ဒေသနာကို ဗုဒ္ဓသာသနာ၏ သည်းသွတ်၊ ဓမ္မက္ခန္ဓာ၏ အသဲနှလုံးဟု ခေါ်ဆိုရမည်ဖြစ်၏၊ ၎င်းသုတ်ဒေသနာသည် ဗုဒ္ဓသာသနာတော် တခုလုံး၏ အကြီးကျယ်ဆုံးသော အုဋ်မြစ်မျှမက အသဲနှလုံး ဖြစ်သည်ဟု မယုံကြည်နိုင်လောက်အောင် တိုလှ၏, ကျဉ်းလှ၏၊ သို့ရာတွင် ပိဋကတ်သုံးပုံ,နိကာယ်ငါးရပ်, အင်္ဂါကိုးဘန်,ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို အကုန်ငုံခဲ့၏, ခြုံမိ၏။

သို့ကြောင့် မြတ်စွာဘုရားသည် လောကသုံးပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်ပင် တောသုံးဆောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းသည် လှည့်လည် ထွက်ခါကာနီး၌ 'ငါ ခြင်္သေ့လ ပြီ'ဟူသော အနေဖြင့် 'ဟောက်သံပေးကာ ကြုံးဝါး၍ ထွက်သကဲ့သို့ မြတ်စွာ ဘုရားသည်လည်း တရားစကြာ ဖြန့်တော်မူကာနီး၌ သုံးဆယ့်တဘုံအား ရုပ်နာမ်သံပေး၍ လက္ခဏာ ၃-ချက်ပြကာ ကြွေးကြော်တော်မူကြောင်း'

'ယဒါ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မစက္ကံပဝတ္တယိ၊
သဒေဝကဿ လောကဿ၊ သတ္ထာ အပ္ပဋိပုဂ္ဂလော၊'
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-သီဟသုတ်-၇၀)

'အကြင် အခါ၌ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟူသောသစ္စာ လေးပါး အမှန်တရားကို၊ ထူးခြားသောဉာဏ်ဖြင့် သိမြင်တော်မူ၍ နှိုင်းတုမရ-အတုလမည်ကြောင်း သတ္တဝါအပေါင်းတို့၏ဦးခေါင်း ရှိကျိုး-ဝပ်လျှိုးဦးညွှတ်ရာ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် လူနတ် ပြဟ္မာတည်း ဟူသော သတ္တဝါ တို့အား

'ဓမ္မစကြာ' ခေါ်တွင်ရသော သစ္စာပြတရားကို ဟောကြားတော်မူပြီ,ဟု ဆိုလေသည်။ ထိုကြွေးကြော်ချက်ကြောင့်တန်းခိုးဂုဏ်,စည်းစိမ်ဂုဏ်, အသက်ရှည်ဂုဏ် စသည်ဖြင့် မိမိတို့၏ဂုဏ်မာန်ယစ်၍ မေ့လျော့နေကြသော သတ္တဝါ အပေါင်းသည် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် လျှင်မြန်စွာထ၍ သတိတရားရကာ ဓမ္မစကြာသစ္စာတရား ကိုးစားနာယူကြလေသည်ဟူ၏။

သို့အတွက် ဤသုတ် ဤဒေသနာသည် အမှန်နှင့် အမှားကို ခွဲခြားဝေဖန်၍ အမှန်ကို သိမြင်စေရန်အတွက် မှတ်ကျောက်အစစ်သည်း ဖြစ်၏၊ ၎င်းမှတ်ကျောက်ဖြင့် တိုက်ကြည့်သောအခါ အရည်မမီသောတရားသည်၊ ဘယ်ကျမ်း, ဘယ်ပါဠိတော်ဘယ်အဋ္ဌကထာမှာ လာသည်ဖြစ်စေ၊ 'အမှန်'ဟု မယူဆနိုင်လောက်အောင် ခိုင်မာလှ၏၊ ဆိုလိုသည်မှာ-ဓမ္မ ပဋိပဒါသမ်းကြောင်းအတိုင်း မဂ္ဂင်ရှစ်ပါး အချိုးကျအောင် မပွားများမရှုမှတ်နိုင်က သိအပ်သောသစ္စာကို သိမည်မဟုတ်ပေ၊ ဤမှာတင်ချက် အပြည့်အစုံ-ဤသုတ်၌ ပါထားသည်မှာ ထူးခြား လှပေသည်၊

ထိုအပြင်-ထိုအချိန်ထိုကာလ၌တိတ္ထိဂိုဏ်းအမျိုးမျိုး ဆရာကြီးအသီးသီးတို့၏ ဝါဒအဖုံဖုံ-ကောင်းကင်ဘုံ အခန်းခန်းနှင့် ပြည့်လျှမ်း ထယ်ဝါလှသော လောကကြီးအသယ်တွင် မည်သည့်ဂိုဏ်း, မည်သည့်ဝါဒ တခုခုကိုမျှ ,ဂရုမထားဘဲ ၎င်းတို့၏ဆန့်ကျင်ဖက်ဖြစ်သော အမှန်တရားအဒ္ဒမြစ်ကို ရဲရင့်စွာချမှတ် ကြွေးကြော်လိုက်သောကြောင့်လည်း အလွန် ထူးခြားပေသည်။

ထို့ကြောင့် ဤသုတ်ပါ ဒေသနာအချက်တို့ကို နက်နဲ သိမ်မွေ့လှသည်ဖြစ်၍ရှင်း၊ 'တရား၏ သဘာဝ, တရား၏လုပ်ငန်း' ဟူ၍ နှစ်ချက်ပါဝင်နေသဖြင့်ရှင်း၊လေ့လာသူတို့ သိရှိနိုင်စေရန် ရှင်းလင်း ဖော်ပြအံ့။

**(မှာထားချက်)** ကျွန်ုပ်တို့၏ တရား မှတ်သည့်ချက်သည်လည်း ဤဓမ္မစကြာ အရင်းခံ ဒေသနာကို မှတ်ထားသောကြောင့် လုပ်ငန်းလုပ်ကွက် အားလုံး ပါဝင်အောင် ဒေသနာအရပ်ရပ်နှင့် ညှိနှိုင်းထားရကား ဓမ္မစကြာ၏ ခိုင်မာပုံကို အလုပ်သဘောနှင့် လေ့လာတော်မူကြစေလိုပါသည်။

**'အယုတ်တရား ဤနှစ်ပါး'**

'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ'

ဝါဆိုလပြည့် ညနေခင်း အနောက်အရပ်မှ နေမင်းသည် အနားယူရန် အားထုတ်ဆဲ, အရှေ့အရပ်မှ လပြည့်ဝန်းသည် အလုပ်တာဝန် ထမ်းဆောင်ရန် ထွက်လာဆဲ အလွန်သာယာအေးမြလှသော ထိုအချိန် ထိုအခါတွင် မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏ အသံကဲ့သို့သော အင်္ဂါရှစ်ဖော် အသံတော်ဖြင့် အထက်ပါအတိုင်း စတင်၍....

'ချစ်သားတို့ အမှန်ပင် ကိုလေသာ အပူခလောင်တို့ အေးငြိမ်းရန်အတွက် အားထုတ်လိုသော သူသည် ရှေးဦးစွာ အစွန်းတရား ဤနှစ်ပါးကို မမှီဝဲအပ်ကုန်, ပယ်ရှင်းရမည်'

'ကတမေဒွေ-အစွန်းနှစ်ပါး အယုတ်တရားတို့ ဟူသည် အဘယ်နည်း' ဟူမူ....

၁ — ဝတ္ထုကာမတို့၌ ကိလေသာ ကာမတို့ဖြင့် လိုက်စား ပျော်ပါးခြင်း ဟူသော 'ကာမေသု ကာမသုခလ္လိကာ နုယောဂ' တပါး၊

၂ - မိမိကိုယ်ကို စိတ်ကိုပင်ပန်းနွမ်းနယ်အောင် နှိပ်စက်၍ ကျင့်ရသော အကျင့်များ, အကျင့်ကြမ်း တို့ကို ကျင့်ခြင်း အားထုတ်ခြင်းဟု ဆိုအပ်သော 'အတ္တ ကိလမထာ နုယောဂ'တပါး၊

အားဖြင့် ၂-ပါးတို့တည်း။

ထို ၂-ပါးတို့တွင် 'ကာမေသု ကာမသုခလ္လိကာ နုယောဂ'ကို အဘယ့်ကြောင့် တားမြစ်ဘော် မူသနည်းဟူမူ....

၁· 'ဟီနော'-ယုတ်မာဆိုးဝါး အညံ့စားဖြစ်သော သူတို့၏ အကျင့် ဖြစ်ခြင်း၊

၂- 'ဂမ္မော'· ကိလေသပြောထူ ရွာသူတို့၏ ဥစ္စာ ဖြစ်ခြင်း၊

၃· 'ပေါထုဇ္ဇနိကော' ပုထုဇ္ဇန်ဖြစ်သော သူတို့၏ ပျော် မြူးရာ အလေ့အကျင့် ဖြစ်ခြင်း၊

၄· 'အနရိယော'· အရိယာ သူတော်ကောင်း တို့၏ ဥစ္စာ မဟုတ်ခြင်း၊

၅ · 'အနတ္ထသံဟိတော'-ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးစီးပွားနှင့် မစပ်မဆိုင်ခြင်း၊

(ရှင်းလင်းချက်)။ ။မြတ်စွာ ဘုရားသည် မိမိ ဟောလို သော သစ္စာလေးပါးကို မဟောသေးပါ၊ ဤ အစွန်းတရား

နှစ်ပါးကို အဘယ့်ကြောင့် ရှေးဦးစွာ ပယ်မြစ်ခိုင်းသနည်းဟူမူ မြတ်စွာဘုရား၏ သစ္စာသိကြောင်း မဂ္ဂင်ရှစ်ပါး-မဇ္ဈိမလမ်းစဉ်ကို ဟောတော်မူလတ္တံ့သည် ဖြစ်၍ ထိုဟောမည့် မဇ္ဈိမပဋိပဒါ မဂ္ဂင် လမ်းကြောင်း၏ ဆူး, ငြောင့်, ခလုတ်စသော ကိလေသာ တရား တို့ကို လက်ခံ သိမ်းပိုက်ထားပါက မြတ်စွာဘုရား၏ မဂ္ဂင် လမ်းကြောင်းသည် မဇ္ဈိမ ပဋိပဒါကျကျ မသွားနိုင်ဘော့ပေ၊ မဂ္ဂင်အလုပ်နှင့် ဆန့်ကျင်ဖက် အစွန်းများသည် အားထုတ် အပ်သော လောကီမဂ္ဂင်အား အနှောက်အယှက် ဖြစ်စေသည် ဖြစ်၍ တရား အားထုတ်သူတိုင်း ရှေးဦးစွာ ပယ်ပြီး ရှင်းပြီး ဖြစ်ရန် အထူး လိုလေသည်။

ယခုကဲ့သို့ဗုဒ္ဓ၏ဝါဒမှရှိပြီးသားအေးအေးဆေးဆေးအားထုတ် နေရသူကိုမဆိုထားဘိ၊ ငါးယောက်အစု (ပဉ္စဝဂ္ဂီ)တို့ကဲ့သို့သော ဗုဒ္ဓဝါဒကို မည်သို့မျှ မသိသေးသူ-ဝါဒအားဖြင့် အပြိုင် အဆိုင် ဖြစ်နေသူတို့ကိုပင်လျှင် ဤအစွန်းတရားကို မမှီဝဲရ, ပယ်စွန့် ရမည် ဟု ဟောဘော်မူရသည်ကား သိရမည့်သစ္စာကို ဖြောင့်မှန်စွာ သိစေလိုသောကြောင့် ဖြစ်၏၊ ဤအစွန်းများသည် သစ္စာသိရေး အသုံးစခန်းတွင်အဘယ်မျှ ကြီးကျယ်စွာ နှောက်ယှက်နိုင်သည်ကို ရှေ့တွင် ထင်ရှားလတ္တံ့။

ကာမေသု-အရ 'ဝတ္ထုကာမေသု' ဟု အဋ္ဌကထာ ဆိုသောကြောင့် 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့, တို့တွင် ကိလေသာ ကာမအားဖြင့် မျက်စိ အကြိုက်, နားအကြိုက်, နှာခေါင်းအကြိုက်,လျှာအကြိုက်, ကိုယ်အကြိုက်,သို့လိုက်၍ပျော်' ပါလိုက်စားခြင်းမျိုးကို လုံးဝလိုက်စားခြင်း မရှိပဲပယ်ခွါစွန့်ပစ်ရ

မည်။အဘယ်ကြောင့်ဟူမူ-သံသရာဝဋ်ကလွတ်ထွက်လိုသူ(ပဗ္ဗဇိတ) အတွက် ဤသို့သော ကိလေသာ ကာမတို့ ဖြစ်အောင်လိုက်စားမှု အလုပ်တို့သည် အာရုံငါးပါးတို့၌ ပြင်းပြစွာ တပ်စွဲလွန်းသဖြင့် မပျက်နိုင်, မပြိုနိုင် မြဲခိုင်စွာ စွဲလန်းချက်ကြောင့် 'ယောဂ-ယံ' အန္တော' သဿတဒိဋ္ဌိအစွန်းတခု ဖြစ်လေသည်။

တနည်းကား-အာရုံငါးပါး ကိလေသာပွား၍ လိုက်စားလွန်းသော သူသည် လောဘစရိုက် အားကြီးသော ကာမတဏှာ ပြဋ္ဌာန်းရကား ထွက်မြောက်မှု အလုပ်တရားတွင် လျော့လွန်းသော'သဿတဒိဋ္ဌိ' အစွန်းတခု ဖြစ်လေသည်။ တဖန်...

'ကာမသုခလ္လိကာနုယောဂေါ ပစ္စုပ္ပန္နေ။လ။ နသေဝိတဗ္ဗော' ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆိုသောကြောင့် ဤအာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားမှု အပြု အလုပ်သည် ဤယခု မျက်မှောက် ဘဝအတွင်း၌ပင် လောဘ, ဒိဋ္ဌိ တရား ၂-ပါးတို့ဖြင့် စိတ်ကိုသစ်ညှုးစေတတ်သော ချမ်းသာတု ဖြစ်၏။ စင်ကြယ်သော စိတ်ချမ်းသာမှုကို မပေးနိုင်ချေ၊ ထို့နောက် တဖန် လားရောက်ရလတ္တံ့သော တမလွန်ဘဝ၌လည်း ထိုလော ဘ, ဒိဋ္ဌိတရား ၂ ပါးတို့အတွက် ဆင်းရဲသော အကျိုးကို ပေးတတ်၏၊ ထိုလောဘ ဒိဋ္ဌိ ရှေ့ဆောင်သောကြောင့် ထိုသူအား 'သဿတဒိဋ္ဌိ'သည် မြဲအောင် ချည်နှောင်ပြီး ဖြစ်၍ ဤဒုက္ခ သံသရာမှ မထွက်မြောက် ရတော့ချေ။

ထို့ကြောင့် သံသရာဝဋ်က ထွက်မြောက်လိုသောသူ မည်သူ မဆို 'လောဘ, ဒိဋ္ဌိ'တရား ၂-ပါး ပွားစီးရာဖြစ်သော ဤအာရုံ

ငါးပါး ကာမဂုဏ်တရားတို့သည် 'ယုတ်ညံ့သော, ရွာနေသူတို့၏ အလုပ်ဖြစ်သော, ပုထုဇ္ဇန်တို့၏ ကျက်စားရာဖြစ်သော, အရိယာတို့၏ ဥစ္စာမဟုတ်သော ပစ္စုပ္ပန် တမလွန် ၂ တန်သော ကောင်းကျိုးနှင့်ခစပ်၍ သံသရာတွင် မြော၊စေ, မြုပ်စေသော' ဤ အစွန်းတရားသည် သဿတဒိဋ္ဌိ ဖြစ်လေသောကြောင့် သံသရာဝဋ်မှ ထွက်လိုသူသည် 'မမှီဝဲလေနှင့်' ဟု တားမြစ်တော်မူသည်။

မိမိကိုယ်ကို စိတ်ကို ဆင်းရဲပင်ပန်းစေသော အကျင့်မှား, အကျင့်ကြမ်းတို့ကိုလည်း အဘယ့်ကြောင့် တားမြစ်တော် မူပါသနည်း... ဟူမူ၊ ဆူးငြောင့်စသည်ကို မှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဖြစ်စေတတ်သော အရိယာဖြစ်အောင် ပြုလုပ်တတ်သော သမ်းစဉ်မဟုတ်သော မင်္ဂဖိုလ် စီးပွား ချမ်းသာရကြောင်းနှင့် မစပ်မဆိုင်သော မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲဖြစ်စေတတ်သော အကျင့်မှား အကျင့်ကြမ်းစုသည်ရှိ၏ ထိုအကျင့်မျိုးကို သံသရာဝဋ်မှ ထွက်မြောက်လိုသော သူသည် မကျင့်အပ်, မကျင့်ကောင်း, မမှီဝဲအပ်-ဟု တားမြစ်တော် မူသည်။ ဤနေရာတွင် ခွဲ၍ ဆိုလိုက်ဦး အံ့-

ဤ၌ မြတ်စွာဘုရား၏ သာသနာတော် လုပ်ငန်းကို လုပ်ဆောင်အားထုတ်ရာတွင် ရာဂ-ဒေါသ-မောဟ-တနည်း လောဘ-ဒေါသ-မောဟ (ကိလေသာ)ကို မဖြစ်စေရန် သတိဖြင့် ဆုံးမခြင်း( ဆန္ဒရာဂဝိနယ ) ပညာဖြင့် အကြွင်းမဲ့ ပယ်သတ်ခြင်း (ဆန္ဒရာဂပ္ပဟာန)ဟူသောအဓိကပစ်ကွင်းကို သတိမလစ်အပ်ပေ။ မည်သည့် သာသနာ အလုပ်ဖြစ်စေ၊ ကိလေသာ နှိမ်နင်းရန်, ကိလေသာပယ်သတ်ရန်သာ ဖြစ်လေသည်။

ဤသုတ်တွင် အစွန်းတရား ၂-ပါးကို မမှီဝဲရန် ပယ်ရှင်းရန် မြတ်စွာဘုရား သတိပေးတိုက်တွန်းရာ၌လည်း ကိလေသာအစွန်း လွတ်သော ကိုယ်တော်၏ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဖော်ညွှန်းလို သောကြောင့် ဖြစ်ရကား ဤ'ကာမ သုခလ္လိက, အတ္တ ကိလမထ' ၂-ပါးကို သာမန်သူသိ,ငါသိ,အရပ်သိ,အပေါ်ယံ ဉာဏ်သိမျိုးနှင့် ရှုမြင်သုံးသပ်၍မရချေ၊ လေးနက်သော တရားတော်ကို လေး နက်သော ဉာဏ်ဖြင့်သာ ရှုမြင်သုံးသပ် အပ်ပေသည်။

အရိယမဂ်ကို ရလို၍ တရားအားထုတ်သော ယောဂီသည် အရိယမဂ်၏ ရန်သူ ကိလေသာကို သိအောင်ပြု၍ တိုက်ခိုက်ရ လေသည်၊ ပုထုဇ္ဇန်သည် ပင်ကိုကပင် ကိလေသာ ထူထပ်သူ, ပွားစီးအောင် လုပ်သူ, ကိလေသာ ဖြစ်နေပါလျက် ဖြစ်နေမှန်း မသိသူဖြစ်၍ သိမ်မွေ့သော ကိလေသာ၏ အနုသယသဘောကို မသိသောကြောင့် ကိလေသာဟုပင် မသိတတ်ပေ။ သို့အတွက် အစွန်း နှစ်ပါးသည် ကိလေသာ ဖြစ်နေသော တရားများဖြစ်၍ ၎င်းတို့၏ သိမ်မွေ့သော သဘောကို သိရန်အတန်ငယ် စိစစ်၍ ပြအံ့-

## 'ကာမသုခလ္လိကအစွန်း'

မြတ်စွာဘုရားသည် ပယ်ရမည့် ကာမသုခလ္လိက အစွန်းဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း-လေ့လာကြည့်ပါ၊ ယင်း ကာမသုခလ္လိကာ နုယောဂေါ ဟူသော'ပုဒ်သည် နာမ်ပုဒ် ၄-ခု ပေါင်းစပ်၍ သမာသ်ပြုလုပ်ဟောကြားထားခြင်းဖြစ်ရာ ပုဒ်ခွဲ၍ ကြည့်လျှင်....

၁. 'ကာမ'
၂. 'သုခ'
၃. 'အလ္လိက'
၄. 'အနုယောဂ'

ဟု ၄-ပုဒ်ဖြစ်လာသည်၊ ၎င်းတို့တွင်-

၁-'ကာမ'ဟူသည်ကား 'ကာမီယတီတိ ကာမော' ဟူသည်နှင့် အညီ-အလိုရှိအပ်၊ နှစ်သက်အပ်သော 'အဆင်း,အသံ,အနံ့, အရသာ, အတွေ့' ဤငါးပါးကို 'ကာမ'ဟုဆိုသည်။

၂-'သုခ' ဟူသည်ကား-ကာမဟူသော အာရုံငါးပါး၌ နှစ်သက်ဖွယ်, သဘောကျဖွယ်, လိုချင်တပ်မက်ဖွယ်ဟု အာရုံအလိုက် ခံစားတတ်သော 'သောမနဿ ဝေဒနာ စေတသိက်တရား' ပင် ဖြစ်လေသည်။

၃- 'အလ္လိက' ဟူသည်ကား 'ကာမသုခေ အလ္လိကော ကာမသုခလ္လိကော'ဟူသည်နှင့်အညီ-ထိုထို အာရုံငါးပါးနှစ်သက် တပ်မက်ဖွယ်ထင်သော တရားတို့၌ ငြိတွယ်ခြင်း, စွဲလန်းခြင်း, ယိုစီးခြင်း'လောဘ'ကို ဆိုလိုသည်။

၄-'အနုယောဂ' ဟူသည်ကား 'အနုပုနပ္ပုနံ ယုဉ္ဇတီတိ အနုယောဂေါ'ဟူသည်နှင့်အညီ ယင်းသို့သော အာရုံ ငါးပါး တရားတို့၌ နှစ်သက်ဖွယ် တပ်မက်ဖွယ်ထင်၍ ငြိတွယ်,စွဲလန်းခြင်း မျိုးကို အဖန်ဖန်တွဲယှဉ်ခြင်း မှီဝဲခြင်းကို ဆိုပေရာ ၄ ပုဒ် ပေါင်း လိုက်သောအခါ—

'ကာမသုခံအလ္လိကံ အနုယောဂေါ-ကာမသုခလ္လိကာနုယောဂေါ' ဟု သမာသ်ပုဒ်စပ်၍ ထို ၄ ပုဒ်အပေါင်း၏ သဒ္ဒါအနက် သဘောကား 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့'ဟူသော အာရုံငါးပါး ကာမဂုဏ်တရား၌ သဘောကျ နှစ်သက်ဖွယ် ထင်သောအခါ ထိုအာရုံအပေါ်၌ စွဲလန်းကပ်ငြိသော စိတ်ချမ်းသာမှုကို မပြတ်မလပ် အထပ်ထပ် အဖန်ဖန် ယှဉ်တွဲခြင်း, မှီဝဲခြင်း, ပွားစီးခြင်း စသော်အားဖြင့်၊ လောဘတဏှာ ဦးစီးသော အစွန်းတခု ဖြစ်လေသည်။

ကာမ-ဟူသော တရားသည် အလိုရှိအပ် နှစ်သက်အပ်သော ကာမဆိုရာ၌ ရင်းသည် လောဘတဏှာ ကိလေသာ ဖြစ်ရာ တည်ရာ ဌာနဟူသော အသည်ဒြပ် ဖြစ်သောကြောင့် 'ဝတ္ထု' မည်၏။

'ဝသန္တိ ဧတ္ထာတိ ဝတ္ထု' ဧတ္ထ-ဤအာရုံငါးပါးကာမဂုဏ် တရား၌ စိတ္တစေတသိကာ-စိတ်စေတသိက် တရားတို့သည်၊ ဝသန္တိ-အာရုံပြုသောအားဖြင့်မှီတွယ်၍ နေကြကုန်၏၊ ဣတိတသ္မာ-ထိုသို့ စိတ်စေတသိက်တရားတို့၏ အာရုံပြုသောအားဖြင့်မှီတွယ်၍နေရာ ဖြစ်သော သတ္တိကြောင့်၊ ဝတ္ထု-ဝတ္ထု မည်၏။

'ကာမီယတီတိ ကာမော' ယံ-အကြင် အာရုံငါးပါး တရားအစုကို၊ ကာမီယတိ- အလိုရှိအပ်, နှစ်သက်အပ်၏၊ ဣတိတသ္မာ-ထိုသို့နှစ်သက်အပ်သောသဘော သတ္တိကြောင့်၊ ကာမော-ကာမ မည်၏၊ 'ဝတ္ထုစ သော ကာမောစာတိ ဝတ္ထုကာမော'ဝတ္ထုစ-စိတ် စေတသိက် တရားတို့၏ မှီတွယ်ရာသည်လည်း၊ ဟောတိ-ဖြစ်၏၊

သော-ထိုမှိုတွယ်ရာသည်၊ ကာမောစ-အလိုရှိအပ်, နှစ်သက် အပ်သည်လည်း ဖြောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုနှစ်ပါးသော သတ္တိကြောင့်၊ ဝတ္ထုကာမော-ဝတ္ထုကာမ မည်၏။

ဝတ္ထုကာမ သဘောသည် အာရုံအလိုက်-၆ါးပါး ပြားသော်လည်း ၎င်းအာရုံတို့အပေါ်၌ သာယာခင်မက် နှစ်သက်စွဲငြိတတ်သော ဆန္ဒရာဂ လောဘတဏှာတို့ နေရာဌာန အလိုက် ဖြစ်သည်ကို 'ကိလေသာကာမ'ဟု ခေါ်သည်၊ ယင်း ဆန္ဒရာဂ-လောဘတဏှာဟူသော ကိလေသာ ကာမကိုသာ ဤနေရာ၌ ရိုအပ်လေသည်၊ ဝတ္ထုကာမသည် ထိုကိလေသာကာမ၏ မှီရာတွယ်ရာ ရုပ်ဝတ္ထု ဒြပ်ဖြစ်၍ ကိလေသာ မဖြစ်သေးရကား

'ဝတ္ထုကာမော ပရိညေယျော-ကိလေသာကာမော ပဟာတဗ္ဗော'

(မဟာနိဒ္ဒေသဋ္ဌကထာ-၁၀)

'အာရုံ၆ါးပါး ကာမဂုဏ် တရားဟူသော ဝတ္ထုကာမသည် ချင်ကျေ ဒုက္ခသစ္စာတရားဖြစ်၍-၎င်းကို ပိုင်နိုင်စွာ သိမှု ရိုသည်၊ ထိုအာရုံ၆ါးပါး၌ သာယာခင်မက် နှစ်သက်စွဲငြိသော ကိလေသာကာမကိုကား-လောဘတဏှာ သမုဒယ သစ္စာဖြစ်၍ ပယ်ရမည် ဖြစ်လေသည်'။

ဤ၌ ရိုအပ်သည်မှာ-ကာမေသု ဟူသော- အာရုံ၆ါးပါး ဝတ္ထုကာမတို့၌-

'ကိလေသာ ကာမသုတော အနုယောဂေါ-ကိလေသာကာမ ...ယောဂေါ အနုယောဂေါ' ဟူသော (မဟာဝဂ္ဂ, ပဉ္စ

သမ္မိဒါမဂ္ဂဋ္ဌကထာတို့ အရ) ထိုထိုအာရုံတို့တွင် နှလုံးသွင်းမှားမှုကြောင့်ဖြစ်ရသော သမုဒယသစ္စာ တဏှာနှင့် ယှဉ်ခြင်း, [illegible]ဘွယ်ခြင်းတို့ ဖြစ်လေသည်၊ ဝတ္ထုကာမ အပေါ်သို့ တဏှာသေဘာ ကပ်ရောက်၍ ကိလေသာ ဖြစ်လာလျှင် မည်သည့် အကျိုးအကြောင်း, အဆိုးအကောင်းမျှ အမှန်အတိုင်း မသိမမြင်တော့ပေ၊ မြတ်စွာဘုရားသည် ကာမဂုဏ်အာရုံတို့ကို အပြစ်တင်ရာ၌ ဝတ္ထုကာမကို အပြစ်တင်သည်မဟုတ်၊ ထိုဝတ္ထုကာမကို စွဲမှီ၍ နှလုံးသွင်း မှားစွာစွဲယူသော ကိလေသာကာမကိုသာ အပြစ်ပြ၍ ဟောဘော်မူခြင်း ဖြစ်ပေသည်၊

## 'လိုအပ်သောကိလေသာ ကာမ'

ဝတ္ထုကာမဟူသော အာရုံငါးပါး တရားအစုတို့၌ အာရုံ[illegible] ဖြစ်သော စိတ်,စေတသိက်တရားတို့၏ အာရုံအား လျော်သော 'မြင်မှု, ကြားမှု, နမ်းရှူမှု, လျက်မှု, တွေ့ထိမှု'တို့ကို စွဲမှီ၍ သာယာခင်မက် နှစ်သက်စွဲငြိခြင်း ဖြစ်လေသော (သုခ သောမနဿ) ဝေဒနာ ဖြစ်လေသည်၊ ထိုမှသက်၍ 'ဝေဒနာပစ္စယာ တဏှာ' ဖြစ်လေတော့သည်၊ ယင်းသို့ အာရုံငါးပါး တရားအစု၌ နှစ်သက်တတ်သော (ကာမ)ဟူသည့် လောဘစေတသိက် ကိုလည်း၊ ကိလေသာနှင့် အတူတကွ ဖြစ်သော (သုခ-သောမနဿ) ဝေဒနာကိုလည်း၊ ဤစကား ၂-ရပ်ကို ပေါင်းစပ်၍ (ကာမသုခ) ဆန္ဒရာဂဟု ဆိုလေသည်။

'ကာမေသု သဘာဂတံသုခံ ကာမသုခံ'ဟူသည်နှင့် အညီ လောဘ နှင့်တကွ ဖြစ်သော-သုခဝေဒနာ-သောမနဿ ဝေဒနာသည်၊

ကာမသုခမည်၏၊ ကိလေသာ ကာမနှင့် ယှဉ်၍, စင်၍ဖြစ်သော နှစ်သက်သာယာမှု ဖြစ်၏။

'ယံ ခေါ အာဝုသော ဣမေ ပဉ္စကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံသောမနဿံ၊ ဣဒံဝုစ္စတိ အာဝုသော ကာမသုခံ'

(အင်္ဂုတ္တရပါဠိတော်-နဝကနိပါတ် နိဗ္ဗာန သုခသုတ်-၂၁၃)

'အာဝုသော-ငါ့ရှင်တို့၊ ပဉ္စ-ငါးပါးကုန်သော၊ ဣမေကာမဂုဏေ-ဤအာရုံ ကာမဂုဏ်တို့ကို၊ ပဋိစ္စ-စွဲမှီသမှု အကြောင်းပြု၍၊ သုခံ-ကိုယ်ချမ်းသာမှု(သုခဝေဒနာ) သည်၎င်း၊ သောမနဿံ-စိတ်ချမ်းသာ ဝမ်းသာမှု (သောမနဿဝေဒနာ) သည် ၎င်း၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ အာဝုသော-ငါ့ရှင်တို့၊ ဣဒံ-ဤကာမအာရုံနှင့် ပတ်သက်၍ ဖြစ်သော ချမ်းသာ ဝမ်းသာမှုကို၊ ကာမသုခံ-ကာမသုခ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊'

ထိုကာမနှင့် စပ်ယှဉ်၍ ဆက်နွယ်၍ဖြစ်သော ကာမသုခ နှစ်သက်သဘောကျမှုတို့ကိုပင်လျှင် 'အလ္လိက'စွဲလန်းခြင်း, ငြိတွယ်ခြင်း, လက်ခံသိမ်းပိုက်ခြင်းကို 'ကာမသုခလ္လိက'ဟု ဆိုသည်။ ၎င်းကို နောက်ထပ် အဖန်ဖန် ပွားစီးခြင်းဖြင့် 'အနုယောဂ' သဘောသက်ရောက်သောအခါ 'ကာမသုခလ္လိကာ နုယောဂ' ဖြစ်သွားလေသည်။

အာရုံငါးပါး ဝတ္ထုကာမတရားတို့၌ သာယာခင်မက် နှစ်သက်တွယ်တာ သဖြင့် ကိလေသာကာမ ဖြစ်သော ဤတဏှာသည် အာရုံဝတ္ထု တိုက်ဆိုမှုတွင် ပညတ်အာရုံ ယူသောအားဖြင့် နှလုံးသွင်းမှားကာ စွဲယူမိသော သတ္တဝါအား သံသရာမှ

ထွက်၍ မရအောင် ဝဋ်မြစ်တခု အနေနှင့် အခိုင်အခန့် ဖွဲ့ချည်ထားလေသည်၊ အာရုံငါးပါးတွင် တပါးပါး၌ ပရမတ်အမြင် မမြင်က ကိလေသာ ဖြစ်မည်သာတည်း၊ ကိလေသာ ဟူသည် ၎င်းကို သိမ်းပိုက်ထားသော သတ္တဝါအား ပူလောင်စေတတ် နှိပ်စက်တတ်ကြောင်း မြတ်စွာဘုရား အတန်တန် ဟောတော်မူထားသည်။

'ချမ်းသာတွေ့လျှင်·ဖြစ်ပျက်ပင်'

"အာရုံပညတ်·စွဲယူမှတ်·ဖြစ်တတ် ကိလေသာ"

"ပရမတ်အာရုံ·သိခိုက်ကြုံ·ပြတ်ကုန် ကိလေသာ"

သတ္တဝါတို့၌·သန္တာနရုပ်နာမ်လောက နယ်ပယ်တွင် ပရမတ် သဘောတရားသာ ရှိသည်၊ သို့ရာတွင် ပရမတ်ဟူ၍ မသိပဲ နှလုံးသွင်းမှားကာ ပညတ်နှင့် ပုဂ္ဂိုလ်သတ္တဝါထင်မှုကြောင့် ဝိပလ္လာသ စွဲမှားပြီးလျှင် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိမှစ၍ သံသရာ သစ်ငုတ် ဖြစ်ရချေသည်၊ ဤယခု ကာမသုခလ္လိက အစွန်းကို ကြည့်ပါ၊ မြတ်စွာဘုရား၏ တခုထည်းသော မဂ္ဂဝါဒ လမ်းစဉ်သည် 'မဇ္ဈိမ ပဋိပဒါ' ကိလေသာ အစွန်းလွတ် လမ်းစဉ်ဖြစ်၍ မဇ္ဈိမ ပဋိပဒါ လမ်းကို အနှောက်အယှက်ပေးမည့် ကိလေသာ အစွန်းတို့တို့ ရှေးဦးစွာ သုတ်သင်ဖယ်ရှားရန် 'ကာမသုခလ္လိက အစွန်း' အတ္တကိလမထအစွန်း, ဟု ထုတ်ဖော် မိန့်ကြားထားသည်ကို ထောက်လျှင် ဤအာရုံငါးပါးကာမဂုဏ်တရားတို့၌ တပ်မက် စွဲငြိသော ကိလေသာ ကာမသည်မည်သည့်အတိုင်း အတားအထိ မဇ္ဈိမပဋိပဒါ လမ်းကြောင်းကိုတိုးဖောက် ဒုက္ခပေးနိုင်သည်ကို စဉ်းစား၍

သာမန် အတွေးအခေါ်, အကြံအစည်မျိုးဖြင့် မကြံစည်မိဖို့ဂရုစိုက်ရသည်။

ကာမသုခလ္လိက ဖြစ်ရာဘွင် 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ'· ဟူသော အာရုံငါးပါးသည် ပရမတ် ဖြစ်သည်၊ ဝတ္ထုကာမ ဖြစ်သည်၊ ပရမတ်ဟူသည်ကိလေသာ ဖြစ်တတ်သော တရား မဟုတ်ချေ။ ယင်းပရမတ်ကို နှလုံးသွင်းမှားကာ ပညတ်ထင်မှုကြောင့် သာယာခင်မက် နှစ်သက်စွဲလန်းသော ကိလေသာ ဖြစ်ရ လေသည်၊ ကိလေသာဖြစ်ပုံကို စိစစ်လျှင် ထိုထို ပရမတ်ဝတ္ထုအာရုံ၌ သာယာခိုက် နှစ်သက်တွယ်တာခိုက်တွင် ဖြစ်လေသည်။

ထိုဖြစ်တတ်သော ကိလေသာကို တားဆီးရန်, ဆုံးခရန် ပဟာသတိပဋ္ဌာန်နည်းကို မြတ်စွာဘုရား ဟောတော်မူသည်၊ သတိပဋ္ဌာန်မဂ်အလုပ်သည် 'ဆန္ဒရာဂ ဝိနယ' ဖြစ်သည်၊ လောကုတ္တရာ မဂ်သည် 'ဆန္ဒရာဂပ္ပဟာန' ဖြစ်သည်။ တရားအားထုတ်သော ကျွန်ုပ်တို့အတွက် အာရုံငါးပါးသည် သာမန်အချိန်များကဲ့သို့ ထင်လာသည်, တိုက်လာသည်၊ မိမိသည် ဝတ္ထုကာမနှင့် တွေ့ပြီ၊ ပရမတ်နှင့် တွေ့ပြီ၊ ကိလေသာ မဖြစ်ရန် မည်သို့ နှလုံးသွင်းမည်နည်း၊ မည်သို့ ဆုံးမ မည်နည်း။

မိမိသည် တရားအားထုတ်နေသည့် ယခု တိုက်တွေ့နေသော ဝတ္ထုကာမအတွက် နှလုံးသွင်းမှားသည်နှင့်တပြိုင်နက် ကိလေသာ ဖြစ်တော့မည်၊ မိမိ၏ လုပ်ငန်းကား ကိလေသာကို တိုက်ထုတ်ဖို့ အလုပ် ဖြစ်သည်။

'သုခံ ဝေဒယ မာနသာ၊ ဝေဒနံ အပ္ပဇာနတော၊
သောရာဂါနုသယော ဟောတိ၊ အနိဿရဏဒဿိနော'
(သဠာယတနသံယုတ်ပါဠိတော်-၄၀၈)

'ချမ်းသာသော ခံစားမှုကို ခံစားသော သူအား ထို ခံစားမှု၏ ပျက်ခြင်း သဘောတရားကို မသိသောကြောင့် ခံစားမှုတို့၏ အပျက်ကို မသိသော ထို ပုဂ္ဂိုလ်သည်ရာဂတဏှာ ကိလေသာသို့ ကိန်းဝပ်ရောက်ရှိခြင်းသည်ဖြစ်၏'

''ဖြစ်ပျက်မမြင်-ချမ်းသာထင်-စွဲလျှင် ရာဂမည်၊''

''ဆန္ဒရာဂ-တဏှာပြ-မုချလမ်းမှားပြီ။''

ဝိပဿနာ အားထုတ်သော ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ 'သတိ ပညာ' သာသနာကို မျက်ခြေမပြတ်သင့်ပေ၊ သတိ နေရာတွင် သတိဖြစ်စေ၍ ပညာနေရာတွင် ဉာဏ်ပညာကို ဖြစ်စေရန် အထူးပင် အရေးကြီးလှပေသည်။

**'သုခဝေဒနာကို မရှုကောင်းသလော'**

ကျွန်ုပ်တို့သည် ဝိပဿနာရှုရာ၌ ကိလေသာအား တိုက်ရိုက် ဆန့်ကျင်သော ဥပဒေ္ကာကိုရှုရန် ညွှန်ပြသည်၊ တိုက်တွန်းသည်၊ ဤသည်ကို သဘောမပေါက်သော ယောဂီတို့အား သဘော ပေါက်အောင် ပြောပြလိုသည်၊ (သုခဝေဒနာ) ချမ်းသာခံစားမှု ကိုလည်း ရှုရပါသည်၊ ဝေဒနာနုပဿနာ သတိပိုင်းတွင် မြတ်စွာ ဘုရား ဟောပါသည်။ သို့ရာတွင် 'ချမ်းသာ' ဟုသိခိုက်၊ ပညတ် မကင်းသေးသော သတိ အလုပ် ဟူ၍ကား ခွဲခြားသိထားရပါ လိမ့်မည်၊ တနည်း-'ချမ်းသာတယ်, ချမ်းသာတယ်' ဟု မှတ်ခိုက် ဝိပဿနာ မဖြစ်သေးသည်ကိုကား မသိ၍ မဖြစ်ပေ၊ ကျွန်ုပ်တို့

ညွှန်ပြနေသည်မှာ ဝိပဿနာ ဖြစ်ပါသည်။ ဝိပဿနာပိုင်း, ပရမတ်ပိုင်း ရောက်လျှင်ကား....ချမ်းသာ ခံစားမှု(သုခဝေဒနာ) ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှု (အဒုက္ခမသုခါဝေဒနာ) မည်သည့် ခံစားမှု(ဝေဒနာ) ကိုမဆို ၎င်းတို့၏ သဘောတရား"အပျက်"သာ ရှုရချေသည်။

ချမ်းသာခံစားမှု (သုခ ဝေဒနာ)ကို မှတ်နေခြင်း မှတ်နေသော အခိုက်တွင် သတိအလုပ်ပိုင်းသာဖြစ်၍ သတိပဋ္ဌာန် ပါဠိတော်တွင်လည်း ဟောတော်မူသည်။ ၎င်းပြင် စူဠနိဒ္ဒေသ ပါဠိတော်(၃၀-၄၃) မဟာနိဒ္ဒေသ ပါဠိတော်(၇) တို့တွင် လည်း—

'ဝေဒနာသု ဝေဒနာနုပဿနာ သတိပဋ္ဌာနံ
ဘာဝေန္တောသတော'

ဟု ဟောတော်မူထားသည်၊ ယင်းသတိ လုပ်ငန်းသည် ပရမတ် ဝိပဿနာလုပ်ငန်း၏ ရှေ့ပြေးဖြစ်သည်၊ ဤရုပ်နာမ် ခန္ဓာသည် 'မိန်းမယောကျ်ား, ပုဂ္ဂိုလ်သတ္တဝါ' စသည်မဟုတ်ပဲ ' ခံစားမှုနာမ်တရား' သာ ဖြစ်သည်ဟု နောင်တွင် အပျက် ရှုမည့် ပရမတ်ဝိပဿနာ ဉာဏ်ပညာရှုနိုင်ရန် တည်ပေး, မှတ်ပေးသော သဘောသာ ဖြစ်သည်၊ ဝိပဿနာ မဟုတ်ပေ၊ ထို 'ချမ်းသာခံစားသည်' ဟု မှတ်သော ပညတ်အာရုံအား ဝိပဿနာ ရှုအပ်သော ပရမတ် မဟုတ်သောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ ဆိုလိုရင်းမှာ 'ချမ်းသာ'ဟု သတ်မှတ်ချက်သည် ပညတ်နယ်သားတို့၏ အမှတ်အသား ဖြစ်သောကြောင့် 'ကာမသုခ' ကိလေသာအတွင်းမှာ ဖြစ်နေသည်၊ 'ချမ်းသာသည်၊ ချမ်းသာနေသည်'ဟူ၍ကား သိနေပါ၊ သတိအလုပ်ကား မဖြစ်

မရှိ ဖြစ်နေပါသည်၊ ဤသတိအမှတ် ကိလေသာ မကင်းသေး သော အသိကိုမှ ပရမတ်ထင်နေလျှင် ဝိပဿနာဟု ထင်နေလျှင် ကား ငါးပါးမှောက်မည်။

ကာမသုခလ္လိက ဟူသည် မဇ္ဈိမပဋိပဒါ ရှေ့ဆောင် ဦးစီး ဖြစ်သော ပရမတ်သဘောတရားကို ပရမတ်ဟု, အမှန်ကိုအမှန်ဟု သိမြင်သော သမ္မာဒိဋ္ဌိကိုဆန့်ကျင်သော ကိလေသာဖြစ်လေသည်၊ ၎င်းသည်....

အဆင်းကို မြင်ရာ၌....သာယာကပ်ငြိသည်မှ ဆန္ဒရာဂ-လောဘ-တဏှာ-ဥပါဒါန်ထိအောင် သွားသည်။

အသံကို ကြားရာ၌... သာယာကပ်ငြိသည်မှ ဆန္ဒရာဂ-လောဘ-တဏှာ-ဥပါဒါန်ထိအောင် သွားသည်။

အနံ့ကို နမ်းရှူရာ၌ ....သာယာကပ်ငြိသည်မှ ဆန္ဒရာဂ-လောဘ-တဏှာ-ဥပါဒါန်ထိအောင် သွားသည်။

အရသာကိုလျက်ရာ၌....သာယာကပ်ငြိသည်မှ ဆန္ဒရာဂ-လောဘ-တဏှာ-ဥပါဒါန်ထိအောင် သွားသည်။

အတွေ့ကို ထိရာ၌ ....သာယာကပ်ငြိသည်မှ ဆန္ဒရာဂ-လောဘ-တဏှာ-ဥပါဒါန်ထိအောင် သွားသည်။

၎င်းတို့အားလုံးသည် 'ကာမသုခလ္လိက'ချည်း ဖြစ်လေသည်။ အာရုံငါးပါးတို့၌ ကြမ်းထန်းသော လောဘတဏှာတို့ ဖြစ်မှ-ကာမသုခလ္လိက ဖြစ်သည်မဟုတ်၊ အာရုံတခုခုကို တိုက်တွေ့ရာတွင် သာယာသော, ကျေနပ်သော, သဘောကျသော, နှစ်သက်သော, တွယ်တာသော သတောမျှပင်လျှင်-ဆန္ဒရာဂ,လောဘကိလေသာ

5 'ကာမသုခလ္လိက'အစွန်း ဖြစ်လေသည်။ ကာမသုခလ္လိကသည်

သို့စင်မျှလောက် နူးညံ့သဖြင့် မဇ္ဈိမပဋိပဒါ မဂ်ဖိုလ်ရောက်လမ်းကြောင်းတွင် ကြီးစွာသောအနှောက်အယှက်ဖြစ်၍ ကျွန်ုပ်တို့လွယ်လွယ်ကူကူ မဂ်ဖိုလ်မရဖြစ်ကြရလေသည်၊ 'ကာမသုခလ္လိကဆိုတာ-ကာမဂုဏ်ခံစားတာ'ဟု ပေါ့ပေါ့မထင်အပ်ပေ၊ လျှော့တွက်၍လည်း မရပေ၊ မဇ္ဈိမပဋိပဒါလုပ်ငန်းကျကျ အားထုတ်ကြည့်ပါ၊ ကာမသုခလ္လိက·အဘယ်မျှ ဒုက္ခပေးသည်ကို သိပါလိမ့်မည်၊ မဇ္ဈိမပဋိပဒါကျကျ အားထုတ်ဖူးသူတိုင်း သိကြပေသည်၊ ယင်းသို့သော ဤကိလေသာ၏အန္တရာယ် ကြီးမားလေသောကြောင့် ဤသာသနာအလုပ် စတင် တည်ထောင်သောမြတ်စွာဘုရားသည်-မဂ်ဖိုလ်နိဗ္ဗာန် သွားကြောင်း မဇ္ဈိမပဋိပဒါလမ်းကြောင်း ဖြောင့်ပါစေခြင်းငှါ 'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'ဟု စတင်၍ ဟောဘော်မူခြင်းဖြစ်လေသည်။

(ကာမသုခလ္လိက အစွန်းလွတ်အောင်ရှုနည်း၊ သုခဝေဒနာရှုနည်းတို့ကို မဇ္ဈိမပဋိပဒါအခန်းတွင် ဆက်လက်ဖော်ပြမည်)

## 'အတ္တကိလမထ ဟူသည်'

မြတ်စွာဘုရားသည် နိဗ္ဗာန်သွားလမ်း မဇ္ဈိမပဋိပဒါ-လမ်းကြောင်းအား အန္တရာယ်ဖြစ်စေသော အစွန်းတရား ၂·ပါးကို ဟောတော်မူရာ၌ ဒုတိယ·အစွန်း ဖြစ်သော အတ္တကိလမထာ·နုယောဂ·ဟူသည့် အစွန်း·ကိုလည်း ကိလေသာဖြစ်၍ မမှီဝဲရန်, ၁ယ်စွန့်ရန် ညွှန်ပြထားလေသည်။

ဤနေရာတွင် သဒ္ဓါတရားရှိပြီး ဗဟုသုတ နည်းသေးသည့် ယောဂီအချို့အား မေတ္တာရှေ့ထား၍ အတ္တကိလမထ သဘောကို ရှင်းလင်းဖော်ပြလိုသည်၊ တရားအားထုတ်သော ယောဂီအချို့တို့ အတ္တကိလမထကို သဘောပေါက်ထားပုံမှာ....

၁။ တရားအားထုတ်ရာ၌ သည်းခံစောင့်စည်းမှု ခန္တီသံဝရ အထူးလိုအပ်ကြောင်း–

၂။ တော်တောင်တန်ဘန်ဒုက္ခကို သည်းခံပြီး ရှုဖို့လိုကြောင်း–

၃။ ယင်းသို့ သည်းခံနိုင်မှ သမာဓိ ပညာ ဖြစ်နိုင်ကြောင်း–

၄။ သည်းမခံပဲ ခဏခဏ ပြင်နေလျှင် သမာဓိဉာဏ် မဖြစ်နိုင်ကြောင်း–

၅။ သီလ သမာဓိ ပညာအတွက် အားထုတ်လျှင် မည်မျှဆင်းရဲစေကာမူ အတ္တကိလမထ မဖြစ်–

၆။ သီလ သမာဓိ ပညာနှင့် မစပ်လျှင် အတ္တကိလမထ ဖြစ်သည်–

အထက်ပါ အချက်တို့ကို တင်ပြထားသော ယောဂီတို့နှင့် တကွ အခြား တရားအားထုတ်သောယောဂီများပါ ဗဟုသုတ ရစေရန်, ကျွန်ုပ်တို့သည် မဇ္ဈိမပဋိပဒါကို ထင်ရှားပေါ်လွင်စေရန် ဖော်ထုတ်နေသောသူ ဖြစ်သည် အားလျော်စွာ ယင်းအချက်တို့ကို မိမိဉာဏ်သက်ဝင်သမျှ ရှင်းလင်းအံ့။

**၁–တရားအားထုတ်ရာ၌ သည်းခံစောင့်စည်းမှု**
**ခန္တီသံဝရ·လိုသလော–**

"ခန္တျာ ဘိယျော န ဝိဇ္ဇတိ" ပါဠိအရ·သည်းခံခြင်း ဟူသော စကားသည် ကောင်း၏၊မှန်မြတ်၏ နေရာတကာတွင် သည်းခံနိုင်ဖို့

လိုပါသည်၊ သို့ရာတွင် ဝိပဿနာဉာဏ်ရေးကျက်ချိန်တွင် မည်သည်ကို သည်းခံရမည်နည်း၊ ဝိပဿနာရှုသောယောဂီ၏ အဓိက လိုအပ်ချက်သည်-မိလိန္ဒပဥှာ ပါဠိတော်တွင် အရှင်နာဂသေန-ဟောသကဲ့သို့....

> "ကိန္တိ မဟာရာဇ ဣဒဥ္စ ဒုက္ခံ နိရုဇ္ဈေယျ၊ အညဥ္စ ဒုက္ခံ နုပ္ပဇ္ဇေယျ"
>
> (ပါဠိတော်-၈၆)
>
> "မင်းကြီး ပစ္စုပ္ပန် ဖြစ်သော ရုပ်နာမ် ဒုက္ခသည် အဘယ်သို့ ချုပ်ငြိမ်းမည်နည်း၊ နောက်ဆက် ရုပ်နာမ် ဒုက္ခသည် အဘယ်သို့ နောက်ထပ် မဖြစ်ရာအံ့နည်း"

ဤကိစ္စ ဤအကျိုးကို သိခြင်းငှါ ငါတို့ တရားအား ထုတ်ကြပါကုန်သည်-ဟု မိလိန္ဒမင်းကြီး၏ အမေးကို ဖြေတော်မူသည်။

အမ်ပါယ်မှာ ငါတို့ တရားအားထုတ်သည်ဆိုရာ၌ အခြားတပါးကို ကြံစည်စိတ်ကူးရသည်မဟုတ်၊ ယခုလက်ရှိ ရုပ်နာမ်သဘောတရားသည် ဘယ်သို့ ချုပ်၍-နောက်ဆက် ရုပ်နာမ်ဒုက္ခသည် အဘယ်သို့ မဖြစ်မူပဲ ချုပ်ငြိမ်းရသနည်း-ဟူသော ရုပ်နာမ်၏ ကိစ္စကို သိနေရသော အလုပ်သာ ဖြစ်ကြောင်း သိမှတ်စရာကောင်းပေသည်၊ ဤဥပဒေသအရ-ရုပ်နာမ် ကိစ္စကို သိခြင်း၌ အဘယ်ကို သည်းခံဖို့လိုသနည်းဟု မေးဖွယ်ရှိသကဲ့သို့-မူလ ဏ္ဍာသဋ္ဌကထာလာ 'လောမသနာဂမထေရ်' သည် လောကန္တရိက်အအေးငရဲနှင့် နှိုင်းယှဉ်၍ နှင်းကျသော ဆောင်းအအေးဒဏ်ကို သည်းခံ၍ ဝိပဿနာရှုသည်ကို အချို့က သာဓကဆောင်သည်၊ ဤသို့ ပြောလျှင် ရှိစေ....

ကျွန်ုပ်ကလည်း ဆက်လက်၍ ထိုစကားကို ခိုင်မြဲစေရန် သာဓကဖြည့်စွက် ဆောင်ပေးပါမည်၊ ယင်း မူလပဏ္ဏာသဋ္ဌကထာ 'အဓိဝါသနာပဟာတဗ္ဗ' စကားအဆုံးနားတွင်- မထေရ်တပါး သည် တညလုံး တရားအားထုတ်နေသည်၊ ထိုအတောအတွင်း ဝမ်းလေတို့သည် ချုပ်၍ ကယ်တက်လာလေလျှင် မထေရ်မှာ ရင်ခေါင်းသို့ ဆောင့်ဘက်သောလေအား သည်းမခံနိုင်သော ကြောင့် တပြောင်းပြန်ပြန် လူးလည်းလျက် စင်္ကြန်နံဘေးတွင် လဲနေလေရာ-ပိဏ္ဍပါတိယမထေရ် မြင်သောအခါ....

"အရှင်ဘုရား ရဟန်းဟူသည် သည်းခံခြင်း အလေ့ အကျင့် ရှိဖို့လိုပါသည်" ဟု လျှောက်သောအခါ....

"ကောင်းပါပြီ အရှင်ဘုရား"

ဟုဆို၍-ထိုလေထိုးမှုကို သည်းခံလျက်-မလှုပ်မယှက်-ငြိမ်သက်စွာ အိပ်၏၊ လေသည် ချက်တိုင်မှထိုးတက်လျက်-ရင်ညွန့် နှလုံးသားကို ခွဲ၏၊ မထေရ်သည် ဝေဒနာကိုခွါ၍ ဝိပဿနာကို တခဏချင်း ရှုလေလျှင် အနာဂါမ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလေသည်။

(ဤကား မူလပဏ္ဏာသဋ္ဌကထာ ၈၃ မှ လာသော စကားတည်း)

ဤ၌ အသက်ကိုဆောင်တတ်သောအချိန်မှာပင် သည်းခံခြင်း 'ခန္တီသံဝရ'သည် အရေးမကြီးပြီလော-ဟု ဆိုစရာ ဖြစ်လာသည်။

ကျွန်ုပ်တို့ဆိုလိုသော မဇ္ဈိမပဋိပဒါ၏ ဆန့်ကျင်ဖက် အတ္တ- ကိလမထ အယူအဆနှင့် ဤဆွေးနွေးချက်သည် တခြားစီဖြစ်နေ သည်၊ အတ္တကိလမထက်စွတွင် 'သည်းခံစောင့်စည်းမှု' (ခန္တီသံဝရ)

မပါချေ၊ သည်းခံခြင်းကိစ္စတွင် ဤမထေရ်သည် သေလောက်သည့် ဆင်းရဲကိုပင် သည်းခံသွားသောကြောင့် အလွန်ဆုံး အကောင်းဆုံး အထွဋ်အထိပ်ပင် ဆိုရ၏၊ သို့ရာတွင် မထေရ်၏ သည်းခံရာ၌....

"သော သာဝုဘန္တေတိ အဓိဝါသေတွာ နိစ္စလော သယိ၊ ဝါတော နာဘိတော ယာဝ ဟဒယံ ဖာလေတိ၊ ထေရော ဝေဒနံ ဝိက္ခမ္ဘေတွာ"

(မူလပဏ္ဏာသဋ္ဌကထာ-၈၃)

"ထိုမထေရ်သည် ကောင်းပါပြီအရှင်ဘုရား-ဟု ဆို၍ ထိုးလထိုးမှုကို သည်းခံလျက် မလှုပ်မယှက် ငြိမ်သက်စွာ အိပ်၏၊ လေသည် ချက်တိုင်မှ ထိုးတက်လျက် ရင်ညွန့်နှလုံးသားကို ခွဲ၏၊ မထေရ်သည် ဝေဒနာကိုခွါ၍...."

ဤမျှအထိ-ဝိပဿနာမရှုရသေးပါ ဝိပဿနာမဖြစ်သေးသော အချိန်အထိ မဇ္ဈိမပဋိပဒါလည်း မကျသေးပါ၊ မဇ္ဈိမပဋိပဒါ မကျသေးလျှင် အတ္တကိလမထကိစ္စ လုံးဝ ဝင်စရာမရှိပါ၊ သို့ဖြစ်၍ နှလုံးသားကို ခွဲသည်အထိ သည်းခံပြီး မသေမီ အချိန်ကလေးတွင်မှ....

"ဝိပဿနံ မုဟုတ္တေန အနာဂါမီ ဟုတွာ"

ဤအပိုင်းတွင် ဝိပဿနာ ရှုသည်၊ သည်းခံစရာမလိုတော့သော အချိန်တွင် မဇ္ဈိမပဋိပဒါကျ၍ မဂ်အဆင့်ဆင့်တက်ကာ အနာဂါမ် ဖြစ်သွားသည်၊ အဓိပ္ပါယ်မှာ ရှင်းနေသည်၊ ရှင်းနေသော သဘော

တရား လမ်းကြောင်းကို မိမိတို့၏ တိမ်သောဉာဏ်ကြောင့် မရှုပ်ထွေးအောင် သတိပြုရာသည်။

ကျွန်ုပ်တို့ ဆိုလိုသောအချက်မှာ 'အဓိဝါသနာ ဟာဘဇ္ဇ'တွင် ဆိုသည့် စကားရပ်တို့အရ တရားအားမထုတ်မီအချိန်တွင် အအေး, အပူ, အဆာ, အလောင်မှစ၍ အရာရာ သည်းခံနိုင်အောင် လေ့ကျင့်ထားဖို့လိုကြောင်း တရား အားထုတ်သောကာလတွင် ရုပ်နာမ်ပရမတ် သိမှုမှလွဲ၍ ဘာမျှ အလုပ်ရှုပ်ရော မရှိကြောင်းကို ဆိုလိုသည်။

ဤမထေရ်သည် အနာဂါမ်တွင်မက ရဟန္တာပင် ဖြစ်၍ ပရိနိဗ္ဗာန်ပြုကြောင်း—

"အနာဂါမီ ဟုတွာ ပရိနိဗ္ဗာယီတိ အရဟတ္တံ ပတွာ ပရိနိဗ္ဗာယိ"

(မူလပဏ္ဏာသဋီကာ·၁၇၀)

ဟု ဋီကာတွင် ဆိုသည်၊ မည်သို့ဆိုစေ သုတ်မဟာဝါ အဋ္ဌကထာတွင် ပေါင်ရိုက်ချိုးသော တိဿမထေရ်·ကျားစားခံရသော မထေရ်·စသည်တို့အပြင် ဥဒါနဋ္ဌကထာနှင့် ဓမ္မပဒဋ္ဌကထာလာ ဗာဟိယဒါရုစီရိယ·မထေရ်တို့ အကြောင်း ကျွန်ုပ်တို့ ရေးသော မဇ္ဈိမဉာဏ် သိဖို့ရန် စာအုပ်တို့တွင် တွေ့နိုင်သည်၊ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ပေဖန်ဟောတော်မူသားသော တရားတော်ကို ကျွန်ုပ်တို့တွင်ရှိသမျှ အားကုန်စိုက်ထုတ်၍ ကြည့်သောဉာဏ်မျိုးနှင့်ပင် အတိအကျ မသိနိုင်ပါပဲလျက်·ကာ မသုခေ...ကာ, အတ္တကိလမထတို့ကို သာမန် အရပ်ပြော အရပ်သိမျှဖြင့် ပေါ့ပေါ့

ယူဆက သဗ္ဗညုတဉာဏ်တော်ကြီးကို တာသိးရာ ရောက်စေ ကြောင်း သတိပြုရန် ဖြစ်၏၊ အဓိပ္ပါယ်မှာ လေးနက်သော တရားတော်ကို လေးနက်သော ဉာဏ်ဖြင့်သာလျှင် သုံးသပ်ကြစေ လိုရင်း ဖြစ်ပေသည်။

## "သမ္မာဝါယာမသည် ဘာလဲ"

အချို့သော လုံ့လဝီရိယကောင်းသော ယောဂီတို့လည်း ရှိသည်၊ မိမိတို့ လုံ့လဝီရိယကို အားကိုး၍၊ မြတ်စွာဘုရား ဟော တော်မူသော "ကာမံ တစောစ နှာရုစ၊ အဋ္ဌိစ အဝသုဿတု"- "ငါ့အား-အရေ,အကြော,အရိုး,ကြွင်းကျန်စေ- အသားအသွေးတို့ ခန်းခြောက်မူလည်း ခန်းခြောက်စေ-အလိုရှိအပ်သော မဂ်ဖိုလ် ကိုစွ မပြီးမချင်း-ငါ၏ လုံ့လဝီရိယ၏ တွန့်ဆုတ်ခြင်း လျော့ကျ ခြင်း မဖြစ်စေအံ့"ဟု ဟောသည့်အတိုင်း ထက်သန်သော စိတ် ထားနှင့် အဓိဋ္ဌာန်ထားကာ-ရှုမည့် သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ကို အားပေးသော သဘောသာ ဖြစ်သည်၊ သမ္မာဝါယာမသည်- သိချင်နေသည်, ရှုချင်နေသည်၊ သိနေခြင်း မဟုတ်-ရှုနေခြင်း မဟုတ်ပေ၊ သမ္မာဝါယာမက ခန္ဓာပရမတ်ကိုသိအောင် ဝိပဿနာ သမ္မာဒိဋ္ဌိရှုဉာဏ်ကို တိုက်တွန်းအားပေးသည်၊ သို့ရာတွင် ရှုတိုင်း သိတိုင်းကား သမ္မာဝါယာမ ပါမြဲ ဖြစ်လေသည်၊ သမ္မာဒိဋ္ဌိကို အမြဲ တိုက်တွန်းပေးနေရကား သမ္မာဝါယာမ မပါ၍ မဖြစ်ပေ၊ သို့ရာတွင် သမ္မာဝါယာမသည် အချို့သူများထင်သကဲ့သို့ အနတ္တ ဖြစ်သော ခန္ဓာကိုယ်အား အတ္တအနေရောက်အောင် ပြုလုပ်

နေခြင်းကား မဟုတ်ပေ၊ (သမ္မာဝါယာမအကြောင်း မဂ္ဂသစ္စာ အဖွင့်တွင် ဆက်လက်၍ အကျယ်တဝင့် ရှုပါ)

**'မုဒိတထေရ်၏ အဓိဋ္ဌာန်'** တရား အားမထုတ်မီ စိတ်ကို အဓိဋ္ဌာန်ပြု ဆောက်တည်၍ နောက်ပိုင်းတွင် ဝိပဿနာရှုသဖြင့် မဂ်ဖိုလ်ရကြသောပုဂ္ဂိုလ်များ အများအပြားရှိပါသည်၊ ၎င်းတို့အထဲတွင် တပါး အပါအဝင် 'မုဒိတထေရ်'လည်း တောကျောင်းမှ ရဟန္တာမထေရ်တပါး အထံတော်တွင် ရဟန်းအဖြစ်ကို ခံယူ၍ တရား အားထုတ်မည်ပြုသောအခါ အဓိဋ္ဌာန်ထားပုံကား....

"အရဟတ္တံ အပ္ပတွာ လူမသ္မာ ဝသနဂဗ္ဘာ ဗဟိ န နိက္ခမိဿာမိတိ အာဒိနာ ပဋိညံ ကတွာ ဝိပဿနံ ဥဿုက္ကာပေတွာ အရဟတ္တံ ပါပုဏိ"

(ထေရဂါထာအဋ္ဌကထာ-၃၃)

"ငါသည် အရဟတ္တဖိုလ်သို့မရောက်ပဲ ဤငါနေသော သခ်မ်းကျောင်းအတွင်းမှ အပြင်ဖက်သို့ မထွက်အံ့-ဤသို့ အစရှိသော အဓိဋ္ဌာန် ပဋိညာဉ်ပြုပြီးနောက် ခန္ဓာ ပရမတ်၏ သဘောတရားကို ရှုသိရသော ဝိပဿနာ အလုပ်ကို အားထုတ်လေလျှင် အရဟတ္တဖိုလ်သို့ရောက်၏"

ဤသဘောလည်း ရှင်းလေသည် "ငါသည် ရဟန္တာ မဖြစ် မချင်း-တရားမရမချင်း-ငါနေသောကျောင်းအတွင်းမှ အပြင်သို့ မထွက်အံ့" 'ကျောင်းအတွင်းမှာပင် တရား အားထုတ်နေမည်' ဟူသော အဓိဋ္ဌာန်ချက်, ပြဋ္ဌာန်းချက် ပြုလုပ်ပြီးနောက်-ကျောင်း

တံခါးကိုပိတ်လျက် 'ဝိပဿနာအားထုတ်သည်'ဆိုသဖြင့် အဓိဋ္ဌာန် ပဋိညာဉ်က တခြား, ဝိပဿနာရှုမှုက တခြား ကွဲပြားအောင် ခွဲခြား၍ သိရာသည်။

**'မဟာသီဝထေရ်၏ အဓိဋ္ဌာန်'** မဟာသီဝမည်သော မဟာ ထေရ်ကြီးသည် ပရိယတ္တိ သင်ကြားပို့ချသော ဂိုဏ်းကြီး ၁၈-ဂိုဏ်းတို့၏ ဦးစီးချုပ် ဆရာ တော်ကြီး ဖြစ်သည်၊ ပရိယတ္တိသာလျှင် စွမ်းဆောင်နိုင်သည် မဟုတ်သေး၊ ထိုမထေရ်ကြီး၏ အဆုံးအမညွှန်ပြချက်ကို လိုက်နာ အားထုတ်ကြသော ပုဂ္ဂိုလ်တို့အထည်းတွင် ရဟန္တာအထိဖြစ်သူ သုံးသောင်းကျော်မျှရှိ၏၊ ထိုအထည်းတွင် အဘိညာဏ်ရ ရဟန္တာ (တပည့်)တပါးက သံဝေဂ ဖြစ်လောက်သော စကားတို့ဖြင့် လျှောက်ထားသောကြောင့် 'ငါကဲ့သို့သောသူအတွက် အရဟတ္တ ဖိုလ်သည် ဘယ်အတွက် ခဲယဉ်းစရာရှိသလဲ, နှစ်ရက်-သုံးရက်နှင့် အရဟတ္တဖိုလ် ရယူပြီးမှ ပြန်လာမည်'ဟု, စိတ်အကြံနှင့် တော သည်းသို့ တယောက်ထည်းထွက်လျက် ကျောက်ဂူတခုတွင် နေရာ ယူပြီးသော်-အဓိဋ္ဌာန်ထားသည်ကား....

"အရဟတ္တံ အပ္ပတွာ နေဝမဉ္စေ ပိဋ္ဌိံ ပသာရေဿာမိ နဲ ပါဒေ ဓောဝိဿာမိ"

(မဟာဝဂ္ဂဋ္ဌကထာ-၃၂၁)

"အရဟတ္တဖိုလ်ကို မရောက်ပဲ ညောင်စောင်းတွင် ကျောမချအံ့ မဆန့်အံ့၊ ခြေကိုလည်း မဆေးအံ့"

ယင်းသို့ အဓိဋ္ဌာန်ပြုပြီးမှ တရား အားထုတ်တော့သည်၊ နှစ်ပေါင်း သုံးဆယ်ကျမှ ရဟန္တာ ဖြစ်သည်၊ ဤသို့သော အကြောင်းအရာများ ဓမ္မက္ခန္ဓာတွင် များစွာလာပေသည် တရား အားမထုတ်မီ ခန္တီသံဝရ အနေနှင့် အအေး, အပူ, အဆာ အလောင်မှစ၍ တောနေရဟန်းတို့အတွက် အစစအရာရာ သန္တုဋ္ဌိ တရား, ခန္တီတရား စသော တောနေ ကျင့်ဝတ်တို့ ကောင်းစွာ လေ့လာထားရသည်၊ တရား အားထုတ်ရာတွင် အထူးသဖြင့် ပရမတ် ဝိပဿနာအလုပ် လုပ်ရာတွင်ကား—ခန္ဓာ ပရမတ်၏ သဘောတရားအမှန်ကို အသိဉာဏ် မှန်မှန်နှင့် သိနေရုံမှလွဲ၍ မည်သို့မျှ ပြုလုပ်စရာမလိုကြောင်း ယောဂီတို့ သိထားရပေမည်၊

## ၂-'တော်တော်တန်တန်ဒုက္ခကို သည်းခံပြီး ရှုရသလား'

ဗဟုသုတရှိသော ယောဂီအချို့က တရား အားထုတ်သည် ဆိုလျှင်-ဒုက္ခခံပြီးရှုမှ ရသည်ထင်ပြီး ဒုက္ခကိုတွေ့မှ တရားတွေ့သည်၊ ဒုက္ခကိုရှုနိုင်မှ တရားရှုရာရောက်သည်, ခန္ဓာသည် ဒုက္ခသစ္စာ မဟုတ်လား-စသည်ဖြင့် ဆွေးနွေးကြသည်၊ မှန်ပါသည်-ကျွန်ုပ်တို့ တရား စတင် လေ့လာစဉ်ကလည်း ဤအတိုင်းပင် မှတ်ယူဘူး ပါသည်၊ တရားအားထုတ်ရာတွင် 'လုံးဝဒုက္ခကိုမရှုရ' ဟု ယတိပြတ် ကျွန်ုပ်တို့ မဆိုလို၊ ဆိုလည်း မဆိုပါ။

ကိလေသာအစွန်းလွတ်အောင် စင်ကြယ်သော အသိဉာဏ်တွင် ပူပန်မှု, ညစ်နွမ်းမှု, ကသိကအောက်ဖြစ်မှု မရှိသမျှ ထိုဒုက္ခကို ရှုနိုင်သည်၊ မိမိ၏ အသိစိတ်တွင် ဆင်းရဲမှု, ငြိုငြင်မှု စသော ကသိကအောက် ဖြစ်နေပါလျက်-'ဒါဒုက္ခသစ္စာပဲ' ဟု ထင်မှတ်ပြီး

ထိုဒုက္ခကို ရှုနေပါက–အတ္တကိုလမထသို့ ကိန်းသေ ဝင်သွားလေပြီ၊ ဒုက္ခခံ၍ ရှုနေသောသူကိုယ်တိုင် သိပါသည်၊ ကျွန်ုပ်တို့သည် ဤသို့သော သိရမည့် ပရမတ်သဘောတရားအပေါ်တွင် အသိဉာဏ် ရောက်မနေပဲ စိတ်ညစ်ညူးမှု ကိလေသာ ဆက်လက်မဖြစ်စေရန် နေရာပြင်လိုက်ဖို့ တိုက်တွန်းသည်၊ ဤခန္ဓာ၏ သဘာဝသည် ဣရိယာပုထ် အကြီးအငယ် အလိုက် အမြဲပင်ပြောင်းလဲပေးနေရ၏၊ ခန္ဓာအဖွဲ့အစည်းတွင် အနတ္တ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ဤကာယ၏ ထိခိုက်မှု၊ ကသိကအောက်ဖြစ်မှု မရှိရန် ၎င်း၏တာဝန်အရ ပြောင်းရွှေ့ လုပ်ဆောင်ပေးနေရ၏၊ ထိခိုက်သဖြင့် ပြောင်းရွှေ့ရန် ၎င်း၏တာဝန်အရ မလုပ်ဆောင်ရသော်–စိတ်ညစ်ညူးမှု ကိလေသာ ဖြစ်လေသည်၊ မိမိ၏ ဝိပဿနာလုပ်ငန်းလည်း လမ်းမဖြောင့်တော့ချေ၊ ကျွန်ုပ်တို့ မကြာခဏ သတိပေးနေသကဲ့သို့....

"တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇေတွာ ပသာရေတွာ ဝေဝေါ် ဋ္ဌိတဿ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ စိတ္တံ ကောဂ္ဂ န လဘတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ၊ ဝိသေသံ နာဓိဂစ္ဆတိ"

(မူလပဏ္ဏာသဋ္ဌကထာ·၂၆၈။ မဟာဝဂ္ဂဋ္ဌကထာ·၂၂၈။ သမ္မော·၃၄၂။ သုတ်သီလက္ခန်အဋ္ဌကထာ·၁၇၆)

ဣရိယာပုထ် တခုထည်း၌ ကြာမြင့်စွာ တည်ထားမှုသည် အနတ္တဖြစ်သော ဤခန္ဓာအား မည်မျှ အနှောက်အယှက်ပေးနိုင်သည်ကို သတိပြုရန်ကောင်းသည်၊ တရားအလုပ် အားထုတ်သော

ယောဂီအား ထိုထိုဣရိယာပုထ် ငြိမ်ထားမှုကို ပို၍ပင် သတိထားရန် ကောင်းသည်၊ မိမိတို့လိုအပ်သော သမာဓိလည်း မရ၊ ရှုဉာဏ်ပညာလည်း လည်ကျသွားသည်ဟု ဆိုရာ မိမိလုပ်ငန်းဖြောင့်အောင် အားထုတ်သော ယောဂီသည် ကိုယ့်ရှုဉာဏ်ကို ကိုယ်တိုင်စိစစ်၍ အမြန်ပင် ပြုပြင်ရန် သင့်၏၊ ပြန့်လှန်ငြင်းခုန်ဆင်ခြေကန်နေခြင်းသည် မိမိအတွက် နစ်နာရန် ဖန်တည်းသူနှင့် တူလှပေသည်။

ကျွန်ုပ်တို့ တိုက်တွန်းနေသည်မှာ (သုခ-ဒုက္ခ) ချမ်းသာဖြစ်စေ၊ ဆင်းရဲဖြစ်စေ-ကာယဝိညာဏ်ရှိလျှင် ရှိမည်သာ၊ ဖြစ်မည်သာ-သို့ရာတွင် (စိတ္တဝေဒနာ)အရာ ဖြစ်သောကြောင့် ဤအသိစိတ်မစင်ကြယ်လျှင် ကိလေသာ အညစ်အကြေး ဖြစ်နေလျှင် မိမိအလုပ်နှင့် ဆန့်ကျင်နေ၍သာ သဒ္ဓါတရားနှင့် အားထုတ်နေသူ ယောဂီတို့အား အကူအညီပေးခြင်းဖြစ်ပေသည်။

ယောဂီတို့ သတိပြုရန်ကား—အတ္တကိလမထ ဟူသည် ကိုယ်ထိခိုက်ဆင်းရဲနာကျင်သည်မှ-အသိစိတ်သို့ကူးစက်၍ စိတ်ဆင်းရဲမှုဖြစ်ကာ ဒေါမနဿ ကိလေသာ ဖြစ်သောကြောင့် မမှီဝဲအပ်သော တရားဟု မြတ်စွာဘုရား ဟောဘော်မူခြင်းဖြစ်ပေလသည်။

"ဒုက္ခံ ဝေဒယမာနဿ၊ ဝေဒနံ အပ္ပဇာနတော၊
ပဋိဃာနုသယော ဟောတိ၊ အနိဿရဏဒဿိနော"
(ဝေဒနာသံယုတ်ပါဠိတော်-ပဟာနသုတ်-၄၀၈)

"ဆင်းရဲ(ဒုက္ခ)ကို တွေ့ရှိ ခံစားနေသောသူအား၊ ထိုခံစားမှုသည် ပျက်သောသဘောဟု မသိရှိလေသော

ကြောင့် ယင်းဆင်းရဲခံစားမှုမှ ကိလေသာ၏ထွက်မြောက်ရာကို မသိသော ထိုသူအား၊ ပဋိဃာနုသယ ဟူသော ဒေါသ ကိလေသာ ဖြစ်လေတော့သည်။"

မိမိအသိကို မိမိစစ်၍ သိရသော အသိသည် အမှန်ဖြစ်သည်၊ ဤနေရာတွင်-စိတ်ညစ်ညူးမှု, မသက်သာမှု ဖြစ်နေပါလျက်-'စိတ်ဆင်းရဲပါ'ဟု ပြောသော ယောဂီအား သူ့တာဝန်နှင့် သူပင်ဖြစ်သည်၊ ကျွန်ုပ်တို့ ညွှန်ပြနေသော ယောဂီဖြစ်၍ အသိမှန်ဖြစ်စေရန် တာဝန်အရ ညွှန်ပြချက်ဖြစ်သည်၊ သို့ရာတွင် မိမိတရားရရန် ကိုယ့်အတွက် ကိုယ်လုပ်သော ယောဂီအတွက် ယောဂီ၏ ပဓာနိယအင်္ဂါ ချွတ်ယွင်းကာ မဖြောင့်မမတ် နှလုံးသွင်းထားသော ယောဂီအတွက် ကျွန်ုပ်တို့ တာဝန်မယူပေ။

ဒုက္ခဝေဒနာ ဆင်းရဲခံစားမှုတိုင်း အတ္တကိလမထ ဖြစ်သည်ဟု, မဆိုနိုင်သော်လည်း အတ္တကိလမထ ဖြစ်လာလျှင်ကား ဒုက္ခဝေဒနာနှင့် မကင်းပေ၊ အဘယ့်ကြောင့်ဟူမူ....

(အတ္တမာ ရဏောဟိ ဒုက္ခာဝဟော)

"ခန္ဓာကိုယ်ကို နာကျင်စေခြင်း, ထိုးဆွထိခိုက်စေခြင်း, နည်းအမျိုးမျိုးတို့ဖြင့် နှိပ်စက်ခြင်း, ဆင်းရဲသို့ ပို့ဆောင်ခြင်း, ဆင်းရဲဖြစ်စေရန် ပြုလုပ်ဖန်တည်းခြင်း"

(အတ္တနော ဒုက္ခကရဏန္တိ အတ္ထော)

"ခန္ဓာကိုယ်၏ ဆင်းရဲဖြစ်စေရန် နည်းအမျိုးမျိုးဖြင့် ပို့ဆောင်ခြင်း, ဖြစ်စေခြင်း"

စသည်ဖြင့် ပဋ္ဌိသမ္ဘိဒါမဂ္ဂဋ္ဌကထာ, မဟာဝဂ္ဂဋ္ဌကယောတို့ ပြည့်ချက်အရ မိမိကိုယ်၌ ဆင်းရဲဖြစ်၍ မိမိစိတ်၌ မကြည်လင်က အတ္တကိလမထ ဖြစ်၍ ဒေါမနဿ ကိလေသာအစွန်းသို့ ရောက်လေပြီ၊ သို့ကြောင့် ကိုယ်ဆင်းရဲဖြစ်က စိတ်ဆင်းရဲသို့ မကူးစက်မိ-ထို(ဝေဒနာ)ဆင်းရဲခံစားမှု၏ အပျက်ကို ရှုပါ-ဤနည်းဖြင့်ရှု၍ မရအောင် နာကျင်မှုပြင်းထန်ပါက ယောဂီသည် ကိုယ့်ကိစ္စ ကိုယ်သိသော အနေအားဖြင့် နေရာ ပြင်သာ ပြင်လိုက်ပါ-ပြောင်းလဲ ပေးလိုက်ပါ။ ပတ်ဝန်းကျင်ကို ကြည့်စရာ မလို-သို့ရာတွင် အသိအနေနှင့်ကား 'ဤခန္ဓာသည် ဤမျှပျက်၍ ဆင်းရဲနေ၍သာ ပြုပြင်နေရသည်၊ မည်သို့ပြင်စေ-အပျက်သဘောကား ပျက်လျက်-ဆင်းရဲနေသည်သာ' ဟု အသိစိတ်ထား၍ ပြင်က အရှု အသိဉာဏ်အလုပ် မပျက်ပေ၊ ထိုသို့မဟုတ်ပါပဲ (ဒုက္ခဝေဒနာ) ဆင်းရဲ ခံစားနေရပါလျက် မပြင်မပြောင်း စိတ်အညစ်ခံ၍ ရှုနေလျှင် ဘနည်း-တရားရမည်ထင်၍ တမင်ဒုက္ခခံ၍ ရှုနေလျှင် .. 'ဂေါဓိကထေရ်' ဂေါဓိက မည်သော မထေရ် တပါးသည် ဝိပဿနာ တရား ရှုရန် လေ့လာ သင်ကြားပြီး၍ ဝိပဿနာ ရှုမည်ပြုသောအခါမှ ရောဂါ ဝေဒနာ ပြင်းထန်စွာ ဖြစ်မှုကြောင့် ဝိပဿနာ မရှုနိုင်တော့ပဲ 'ငါ့အား ရောဂါဝေဒနာ ခံစားရလျက် အသက်ရှင်နေရခြင်းထက် သေရခြင်းက ကောင်းသေး၏' ဟူ၍ နှလုံးသွင်းကာ ပက်လက်အိပ်၍ လည်ဆစ်ရိုးကို သင်ဒုံးဓားဖြင့် လှီးဖြတ်လေပြီ၊ ထိုအခါ အလွန်ပင်ပန်းဆင်းရဲသည့် (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှုတို့ ဖြစ်လေပြီ၊ ထိုအခါ....

“ထေရော ဝေဒနံ ဝိက္ခမ္ဘေတွာ တံ ယေဝ ဝေဒနံ ပရိဂ္ဂဟေတွာ သတိံ ဥပဋ္ဌပေတွာ မူလကမ္မဋ္ဌာနံ သမ္မသန္တော အရဟတ္တံ ပတွာ”

(သဂါထာဝဂ္ဂသံယုတ္တဋ္ဌကထာ ၁၆၈)

“ထေရော-ဂေါဓိကထေရ်သည်၊ ဝေဒနံ-လည်ဆစ်ရိုးကို လှီးဖြတ်ခြင်းကြောင့်ဖြစ်သော(ဆင်းရဲသော)ခံစားမှုကို၊ ဝိက္ခမ္ဘေတွာ-နှလုံးမသွင်းသောအား ပယ်ခွါထား၍ တံယေဝ ဝေဒနံ-ထိုဆင်းရဲခံစားမှုကိုသာလျှင်၊ ပရိဂ္ဂဟေတွာ-သတ္တဝါပုဂ္ဂိုလ်မဟုတ်သော နာမ်ပရမတ်ဟု သိမ်းဆည်း၍ သတိံ-ခံစားမှုတွင် ပုဂ္ဂိုလ်သတ္တဝါမပါသော သတိကို၊ ဥပဋ္ဌပေတွာ-ဖြစ်စေအောင် နှလုံးသွင်း၍၊ မူလကမ္မဋ္ဌာနံ-ခန္ဓာ၏ပင်ရင်းဖြစ်သော ခံစားမှုသဘောတရား အပျက်ဟုရှုသော ကမ္မဋ္ဌာန်းကို၊ သမ္မသန္တော-သုံးသပ် အားထုတ်သည် ရှိသော်၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပတွာ-ရောက်၍....”

ယောဂီ-နှလုံးသွင်းကြည့်ပါ၊ ဤမထေရ်၏ သေဘာနီး ဖြစ်သော ဆင်းရဲခံစားမှုကြီးကို မရှုပဲ, ခွါ၍,ပယ်၍,နှလုံးမသွင်းမူ၍-(ဝေဒနာဟူသော)ခံစားမှုဟူသည် အာရုံဝတ္ထု တိုက်ဆုံမှုကြောင့် ဖြစ်သော ပရမတ်သဘောတရားသာ ဖြစ်သည်ဟူသော သတိထားမှု, ယင်းပရမတ်မည်သည် ပျက်တတ်သောသဘော ဟူသည့် ခန္ဓာ၏ပင်ရင်း အရှိသဘောကို သုံးသပ် အားထုတ်သောကြောင့် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသည်ဟု အတိအလင်း ဆိုထားရာ ဝိတ်အဆင်းရဲခံ၍ ဒုက္ခကို မရှုကြောင်း ငြင်းစရာ မလိုချေ၊

အဘယ့်ကြောင့် (ဒုက္ခ)ဆင်းရဲကို မရှုသနည်း၊ အဘယ့်ကြောင့် ထို (ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှုကို ခွါသနည်းဆိုသော်—ထိုအဋ္ဌကထာကို ထပ်ဆင့် ရှင်းလင်းပြသော-ဋီကာ၌....

"ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဥပ္ပန္နံ ဒုက္ခဝေဒနံ ပဋိစ္စ ဥပ္ပန္နအတ္တကိလမထံ အနုပ္ပါဒနဝသေန ဝိက္ခမ္ဘေတွာ"

(သဂါထာဝဂ္ဂသံယုတ္တဋီကာ-၂၁၇)

"ဝေဒနံ ဝိက္ခမ္ဘေတွာတိ-ဆင်းရဲခံစားမှုကိုမရှုပဲ, ခွါ၍, ဖယ်၍ ဟူသည်ကား၊ ( သော-ထိုဂေါဓိကထေရ်သည် ) ဥပ္ပန္နံ ဒုက္ခဝေဒနံ-လက်ငင်း ဖြစ်ပေါ်လျက်ရှိသော သေတော့မည့် ဆင်းရဲ ခံစားမှုကြီးကို၊ ပဋိစ္စ-စွဲမှီသမှု အကြောင်းပြု၍၊ ဥပ္ပန္နအတ္တကိလမထံ-ဖြစ်လာ, ရလာမည့် အတ္တကိလမထကို၊ အနုပ္ပါဒနဝသေန-မဖြစ်ပေါ်စေလိုသော အစွမ်းအားဖြင့်၊ ဝါ-မဖြစ်စေချင်သောသဘော၏ အစွမ်းအားဖြင့်၊ ဝိက္ခမ္ဘေတွာ-ခွါဖြစ်အောင်ခွါ၍ ..."

ဟု ရှင်းလင်းထားရာ-အတော်အတန် ဗဟုသုတရှိသော ယောဂီတို့ အသိဉာဏ် ရှင်းလောက်ပေပြီ။

၃-"သည်းခံရှုနိုင်မှ သမာဓိပညာ ဖြစ်သလော"
၄-"သည်းမခံပဲ ခဏခဏပြင်နေလျှင် သမာဓိ မဖြစ်သလော"

တရား အားထုတ်သော ယောဂီ အများစုသည် ဝိပဿနာ
7 အားထုတ်လျှင် သမာဓိရစေရန် သမထ တခုခုကို အားထုတ်ပြီးမှ

ဝိပဿနာတက်၍ ရှုရသည်ဟု ထင်ကြသည်-ပြောဆိုကြသည်-မှတ်ယူကြသည်၊ ကျွန်ုပ်တို့ထံ တရားဆွေးနွေးရန် ရောက်လာကြသော ယောဂီတို့သည်လည်း ဤအယူအဆမျိုး ပါလာသော ယောဂီအချို့ ရှိပါသည်၊ အားလုံးသော ယောဂီများအတွက် ဤနေရာမှ ရှင်းလင်း ဆွေးနွေးပါမည်။

ကျွန်ုပ်တို့သည် သမာဓိဆိုလျှင် သမထကို ပြေး၍သတိရကြသည်၊ သို့အတွက် သမာဓိရရန် တခုခုသော သမထအလုပ်မလုပ်ပဲ သမာဓိမရဟု ထင်မှတ်ကြခြင်း ဖြစ်လေသည်၊ မဂ္ဂင်ရှစ်ပါးတွင် 'သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ'တို့သည် 'အဓိစိတ္တ-သိက္ခာ'တွင် ပါဝင်လေသည်၊ မြတ်စွာဘုရား၏ သာသနာအတိုချုပ်သည် 'သတိ-ပညာ'ဖြစ်လေရကား လုံ့လဝီရိယထုတ်၍ သတိမပြတ် ဂရုစိုက်အားထုတ်ရသောအလုပ်ကို 'သတိပဋ္ဌာန်အလုပ်'ဟု ခေါ်လေသည်၊ ဝိပဿနာဖြစ်ရန်အတွက် သမာဓိအလို့ငှါ သီးသန့် သမထ တခုခုမျှ လုပ်ယူရသည် မရှိချေ။

အဓိစိတ္တသိက္ခာသည် သမာဓိမဂ္ဂင် ဖြစ်သည်၊ အာနာပါနစသော သတိပဋ္ဌာန်လုပ်ငန်းတခုခု အားထုတ်နေခြင်းသည် သမ္မာ-ဝါယာမ, သမ္မာသတိတို့ပါဝင်သော သမာဓိမဂ္ဂင် ဖြစ်လေသည်၊ သမာဓိပါနေသည်ကို သိရန်ကား (နက်နဲသိမ်မွေ့လှသည်) စူးစမ်းကြည့်မှ သိရသည်၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကား— ဝိပဿနာနေရာတွင် ထိရောက်မှုမရှိပေ၊ ဆိုလိုသည်မှာ-ဝိပဿနာ အလုပ်တွင် အားကိုး၍ မရချေ၊ ထို့ကြောင့်....

"သုသိမ မဂ္ဂေါဝါ ဖလံဝါ န သမာဓိနိဿန္ဒော,
န သမာဓိအာနိသံသော, န သမာဓိဿနိပ္ဖတ္တိ"
(နိဒါနဝဂ္ဂဋ္ဌကထာ-၁၁၇)

"သုသိမ-မဂ်သည်ရင်း, ဖိုလ်သည်ရင်း သမာဓိ၏
အကျိုးရင်း မဟုတ်, သမာဓိ၏ အကျိုးဆက် မဟုတ်,
သမာဓိ၏ ပြီးခြင်း မဟုတ်"

ဟု ဟောပုံကိုကြည့်လျှင် မဂ်ကို ဖိုလ်ကို ရခြင်း ရောက်ခြင်းသည် သမာဓိ၏ကိစ္စ မဟုတ်ပုံကို တွေ့မြင်နိုင်သည်၊ ဝိပဿနာ၏ကိစ္စသာဖြစ်ကြောင်း ဆက်လက် ဟောထားလေသည်၊ သမာဓိသည် ဝိပဿနာနေရာတွင် အဓိက မဟုတ်ပုံကို အထူး မှတ်သားအပ်လေသည်၊ သတိဦးစီးသော သတိပဋ္ဌာန်လုပ်ငန်းတွင် သတိကို အဓိကထား၍ အားထုတ်သောအခါ ရင်းသတိအားလျော်သော သမာဓိသည် အဓိစိတ္တမဂ္ဂင်အတွင်းသို့ ပါဝင် သွားကြောင်း သိတော်မူ, မြင်တော်မူသောကြောင့် သမာဓိကို အထူးမဟောပဲ သတိသာ အဓိကထား၍ ဟောတော်မူခြင်းဖြစ်လေသည်၊ သတိကို အဓိကထား၍ သတိပဋ္ဌာန်လေးပါးတွင် တပါးပါးတွင်မှ သတိမပြတ်ကပ်ကာ အားထုတ်နေသော ယောဂီအား သတိမြဲနေသည်နှင့်အမျှ သမာဓိကိစ္စ ပြီးပေသည်။

သမာဓိ ဦးစားထားသော ပုဂ္ဂိုလ်တို့အတွက် မြတ်စွာဘုရား မကြိုက်ပေ၊ အဘယ့်ကြောင့်ဟူမူ-အားထုတ်ရမှု တူလျှင် ပို၍ အကျိုးရှိစေရန်, အကျိုးများစေရန် သတ္တဝါတို့အပေါ် မဟာ

ကရုဏာ ထားတော်မူသော မြတ်စွာဘုရား၏ ဆန္ဒတော် ဖြစ်လေသည်။

အခါတပါး၌ မြတ်စွာဘုရားသည် မမာမကျန်းဖြစ်နေသော အဿဇိရဟန်းအား 'စိတ်နှလုံး မသက်သာမှု အဘယ့်ကြောင့် ဖြစ်ရသနည်း'ဟု စစ်မေးသောအခါ အဿဇိရဟန်းက....

"တပည့်တော်သည် ဤသို့ မဖြစ်မီ ကျန်းမာစဉ်က အာနာပါန-စသည် အားထုတ်လျက် ရအပ်သော သမာဓိဖြင့် အေးငြိမ်းမှု ရ၍ရ၍နေပါသည်၊ ယခုအခါ တပည့်တော်သည် ထိုသမာဓိကို မရပါ၊ ထိုသမာဓိကို မရလေသောကြောင့် တပည့်တော်သည် 'ငါ့အား သာသနာမှ မဆုတ်ယုတ်လေသလော'ဟုအကြံဖြစ်ကြောင်း"လျှောက်သောအခါ မြတ်စွာဘုရားက....

"ယေ တေ အဿဇိ သမဏ ဗြာဟ္မဏာ သမာဓိ-သာရကာ သမာဓိသာမညာ၊ တေသံ တံ သမာဓိံ အပ္ပဋိလဘတံ ဧဝံ ဟောတိ 'နောစဿု မယံ ပရိ-ဟာယာမာ'တိ"

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၀၂)

"ချစ်သား အဿဇိ-သမာဓိကိုအနှစ်သာရ,သမာဓိကို ရဟန်းတရားဟု ယူမှတ်ကြကုန်သော အကြင် သမဏ-ဗြာဟ္မဏတို့သည် ရှိကြကုန်၏၊ ထိုသူတို့အား(တချိန်တွင်) ထိုသမာဓိကို မရကြလေသောအခါ 'ငါတို့သည် သာသနာမှ မဆုတ်ယုတ်ကုန်သလော'ဟု ဤသို့ အကြံဖြစ်ကြသည်"

ဟု မိန့်တော်မူပြီးလျှင် ၎င်းတို့ အားကိုးသော သမာဓိသည် သေခါနီးဝယ် အားကိုးရာမရစေကာမူ ဝိပဿနာသည် သေခါနီး၌ ကြီးမြတ်သောအကျိုးကို ဖြစ်စေကြောင်း-ဝိပဿနာကို တိုက်ရိုက် ဟောကြား သင်ပြပေးသဖြင့် အဿဇိရဟန်း ရဟန္တာ ဖြစ်သွား လေသည်။

ဤအဿဇိသုတ်တွင် အချိန်များစွာအကုန်ခံ၍ သမာဓိ အလုပ် လုပ်ခဲ့သော အဿဇိရဟန်းအား မမာမကျန်းဖြစ်ချိန်တွင် ထို ဝေဒနာသက်သာစေရန်ပင် သမာဓိက အကျိုးမပြုခဲ့ပေ၊အားကိုး၍ မရခဲ့ပေ၊ သို့ကြောင့် မြတ်စွာဘုရားသည်....

"မယှံ ပန သာသနေ န ဧတံ သာရံ၊ ဝိပဿနာ မဂ္ဂဖလာနိ သာရံ"

(အဋ္ဌကထာ-၂၀၉)

"မယှံ-ငါဘုရား၏၊ သာသနေ-အဆုံးအမ သာသနာ တော်၌၊ ဧတံ-ဤသမာဓိကိစ္စသည်၊ န သာရံ-အနှစ် သာရ အားကိုးရာမဟုတ်၊ ဝိပဿနာမဂ္ဂဖလာနိ-ဝိပဿနာ မဂ်ဖိုလ် တို့သည်၊ သာသနေ-ငါဘုရား၏ အဆုံးအမ သာသနာတော်၌၊ သာရံ-အားကိုးစရာ အနှစ်သာရ ပေတည်း"

ဟု မထေရ်ကို ညွှန်ပြပြီးမှ 'ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ' စသော ပဉ္စမတ်တိုက်ရိုက်ရှုသော ဝိပဿနာတိပရိဝဋ္ဋ ဒေသနာတော်ကို ဟောတော်မူသည့်အဆုံးတွင် ရဟန္တာဖြစ်သွားလေသည်။

အတိုချုပ်အားဖြင့် ဆိုလိုသည်မှာ—ပညာ အဓိကဖြစ်သော သာသနာတွင် သမာဓိကို အရေးပေးလွန်းက ပညာဉာဏ်အား နည်းသွားပေမည်၊ ပညာနှင့် ဉာဏ်နှင့် ဝိပဿနာမှုရာတွင် နေရာ ပြင်ခြင်း၊ ဣရိယာပုထ်ရွှေ့ပြောင်းခြင်းကိစ္စများသည် ဝိပဿနာ အလုပ်နှင့် သမထ အလုပ်တို့ ကွာခြားချက်ပင် ဖြစ်သည်ကို သဘောပေါက်ဖို့ လိုသေးသည်။

သမထ အလုပ်သည် အာရုံတခုခု (အာရမ္မဏူပနိဇ္ဈာနစျာန်) စူးစိုက်ငြိမ်သက်စွာ ဝင်စားနေပါမှ ဥပစာရသမာဓိ၊ အပ္ပနာ-သမာဓိတို့ဖြစ်၍ ပဌမစျာန် စသည်ကို ရလေသည်။

ဝိပဿနာအလုပ်သည် သမထကဲ့သို့ အာရုံနိမိတ်ကို စူးစိုက် မထားပဲ (လက္ခဏူပနိဇ္ဈာနစျာန်) ပရမတ်တို့ အပေါင်းအစု ဖြစ်သော ဤခန္ဓာ၏ ဣရိယာပုထ်ကြီးလေးပါးတို့ ပြောင်းလဲ နေသောသဘော-ဣရိယာပုထ်ငယ် များစွာတို့-ကွေးခြင်း၊ ဆန့် ခြင်း၊ လှုပ်ရှားခြင်း၊ ရွေ့ရှားခြင်း စသည်ဖြင့် ပြောင်းလဲနေသော သဘော၊ မြင်-ကြား-နံ-လျက်-ထိ-သိ စသော အာရုံဝတ္ထုတွေ့ဆုံမှု တို့၏ ပြောင်းလဲနေသောသဘောတို့ကို အချိန်ရှိတိုင်း ရှုနေ သိနေ ရသောတရား ဖြစ်လေသည်။

ဣရိယာပုထ် တခုထည်းထား၍ ရှုနေမှုကား-ဝိပဿနာ နေရာ တွင် ကြာလေ ခက်လေ ဖြစ်သည်၊ 'သည်းခံ၍ မရွှေ့ပဲ နေရာ ပြင်နေက သမာဓိပျက်မည်'ဆိုသော စကားများသည် ဝိပဿနာ ဉာဏ် ဖြစ်ပေါ်မှုကို သတိမမူပဲ သာမန်အသိမျိုးနှင့် နှိုင်းပြောခြင်း ဖြစ်ဟန်တူသည်၊ အကယ်၍ တရားအားထုတ်နေသော ယောဂီ

တို့က ပြောသည်ဆိုလျှင် ထိုယောဂီသည် မည်သည့် အချိန်နာရီ အတိုင်းအတာအထိ ကြာအောင် ထိုင်နိုင်သနည်း, ရပ်နိုင်သနည်း, သွားနိုင်သနည်း, လျောင်းနိုင်သနည်း ဟုမေးငြားအံ့၊ ယင်းသို့ မေးလေသော်—မေးသောသူ၌ ကျေနပ်လောက်သော အဖြေကို ရမည်မထင်၊ အဘယ့်ကြောင့်နည်း—ခိုင်မာသော, ငြိမ်သက်သော ခန္ဓာပိုင်ရှင် မဟုတ်သောကြောင့်ပေတည်း။

မြတ်စွာဘုရားသည် ပရမတ်ဖြစ်သော ဤခန္ဓာတွင် စုပေါင်း ဖွဲ့စည်းထားသော သဘောတရားစုကို ဒိဋ္ဌကုန်စင် သိမြင်တော် မူပြီး ဖြစ်ပေသည်၊ ခန္ဓာ၏ သဘာဝကို သိတော်မူပြီးသည့် အတိုင်း သဘာဝကို မဆန့်ကျင်ပဲသာလျှင် တရားကို ဟောသည်။

ခန္ဓာငါးပါးသည် သူ့ကိစ္စနှင့်သူ အနတ္တဖြစ်၍ မည်သူမျှ ပုဂ္ဂိုလ်သတ္တဝါအနေနှင့် တားဆီးကန့်ကွက်၍မရသော သဘော တရားစုတို့ ဖြစ်သည်၊ ဤခန္ဓာသည် ကွေးမှု,ဆန့်မှု,လှုပ်မှု စသော မကောင်းသဖြင့် ပြုပြင်နေရသော သင်္ခါရက္ခန္ဓာ အစုလည်း ပါသဖြင့် သူ့ကိစ္စသူ ဆောင်ရွက်သည့်အနေ ပြုပြင်နေသည်၊ ဝိပဿနာအားထုတ်သော ယောဂီသည် ထိုငြိမ်သက်သော ပြုပြင် နေရသော ခန္ဓာ၏ မသည်ငြိမ်ပုံ, မမြဲပုံ, မခိုင်ပုံ, မကောင်းပုံတို့ကို အကဲခပ် လေ့လာနေရသည် ခန္ဓာ၏သူ့သဘော လုပ်ဆောင်ချက် တို့ကို ဆန့်ကျင်ရန်မဟုတ် အလိုက်သင့်သိနေရန်သာ သည် ယင်း သို့ ပြောင်းလဲတိုင်း, ရွေ့ရှားတိုင်း သိနေခြင်းသည် သမာဓိပါပါ သလားဟု မေးငြားအံ့—ပြောင်းလဲဆဲ,ရွေ့ရှားဆဲ,လှုပ်ရှားဆဲဘဲ

သိတတ်သော သမာဓိဒြိ ဝိပဿနာဉာဏ်နှင့် ငြိမ်သက်မှု(သမာဓိ) ပါမြဲ ဖြစ်လေသည်။

"ခဏိကစိတ္တေကဂ္ဂတာတိ-ခဏမတ္တဋ္ဌိတိကော သမာဓိ၊ သောပိ ဟိ အာရမ္မဏော နိရန္တရံ ဧကာကာရေန ပဝတ္တ-မာနော ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ"

(ဝိသုဒ္ဓိမဂ် မဟာဋီကာ-ပ-၃၄၂)

"ခဏိကစိတ္တေကဂ္ဂတာတိ-ခဏိကစိတ္တေကဂ္ဂတာ ဟူသည်ကား၊ ခဏမတ္တဋ္ဌိတိကော-ဝိပဿနာစိတ်၏ အခိုက်အတန့်မျှ တည်ခြင်းရှိသော၊ ဝါ-လှုပ်ရှားဆဲ, ရွေ့ရှားဆဲ, မြင်ဆဲ, ကြားဆဲ စသော ဝိပဿနာအသိစိတ်၏ အခိုက်အတန့်မျှ တည်ခြင်းရှိသော၊ သမာဓိ-တည်ငြိမ်မှုပေတည်း၊ ဟိသစ္စံ မှန်၏၊ သောပိ ထိုဝိပဿနာ သမာဓိသည်လည်း၊ အာရမ္မဏေ-ရှုအပ် သိအပ်သော ပရမတ်အာရုံ၌၊ ဧကာ-ကာရေန-တမျိုးထည်းသော တည်ငြိမ်မှု အခြင်းအရာအားဖြင့်၊ နိရန္တရံ-မခြားမပြတ် တစပ်ထည်း၊ ပဝတ္တ-မာနော-ဖြစ်လတ်သော်၊ ပဋိပက္ခေန အနဘိဘူတော-ဆန့်ကျင်ဖက်ဖြစ်သော နီဝရဏတို့သည် မနှောက်ယှက်အပ်သည်ဖြစ်၍၊ အပ္ပိတော ဝိယ-အာရုံ၌ သက်ဝင်သော ဈာန်သမာဓိကဲ့သို့၊ ဝါ-အပ္ပနာသမာဓိကဲ့သို့၊ စိတ္တံ-ဝိပဿနာစိတ်ကို၊ နိစ္စလံ-မတုန်မလှုပ် ငြိမ်သက်စွာ၊ ဌပေတိ-ထားနိုင်၏"

ဝိပဿနာဉာဏ်သည် တိုက်တွေ့ဆဲ ပစ္စုပ္ပန်အာရုံတွင် ရှုနေ သိနေသောဉာဏ် ဖြစ်သည်၊ ခန္ဓာ၏ကိစ္စသည် ၎င်း၏ သဘာဝ အတိုင်း မည်သို့ ပြောင်းလဲစေကာမူ-အာရုံသို့ ရှေးရှုသင်သော သတိသည် သူ၏ တာဝန်အရ ဆောင်ရွက်ဆဲ၊ အခိုက်အတံ့ ငြိမ်သက်မှု ခဏိကသမာဓိသည် သူ၏ဘာဝန်သူ ဆောင်ရွက် လိုက်သည်ကို ဝိပဿနာရှုနေသော ယောဂီပင် မသိလိုက်ပေ၊ သိရန်လည်း မလိုပေ။ ခန္ဓာပေါ်တွင် သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် ဖြစ်နေမှုသာ လိုသည်၊ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်နေချိန်တွင် ခဏိက သမာဓိက ခဏတိုင်း, ခဏတိုင်း, ငြိမ်သက်လိုက်-ပျက်လိုက်နှင့် ပါဝင်လေသည်၊ ထိုခဏိကသမာဓိ မပါရှိက ကျွန်ုပ်တို့ယောဂီများ ဝိပဿနာရှု၍ ရမည်မဟုတ်ပေ....

"န ဟိ ခဏိက သမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ"

(မဟာဋီကာ-၁၁)

"ခဏိကသမာဓိ"-တိုက်တွေ့ဆဲ ပစ္စုပ္ပန် အာရုံတွင် ရှုနိုင် သိနိုင်ရန် ငြိမ်သက်ပေးသော ခဏိကသမာဓိကို၊ ဝိနာ-ကြဉ်၍၊ ဝါ-ထိုသမာဓိမပါပဲ၊ ဝိပဿနာ-ဖောက်ပြန် သဘောတို့ ပျက်သည်၊ သိသဘောတို့ ပျက်သည်ဟု ရှုသိ သော ဝိပဿနာသည်၊ န သမ္ဘဝတိ-မဖြစ်ပေ"

ဤမျှ သဘောတရားလေ့လာမိလျှင် ဝိပဿနာဉာဏ် ဖြစ်ရာ သည် အခိုက်အတံ့ ရုပ်သက် နာမ်သက်တို့၏ ပစ္စုပ္ပန်အခိုက်တွင် ဖြစ်သောကြောင့် မည်သို့ပြောင်းလဲစေကာမူ သမာဓိမဆိုထားဘိ-

သမ္မာဒိဋ္ဌိသညာဉာဏ်ပင် ဖြစ်ပေရကား-'နေရာပြင်သောကိစ္စသည် ခန္ဓာကိစ္စ-သိသောကိစ္စသည် ဉာဏ်ကိစ္စ' ဟု သဘောပေါက်က ဝိပဿနာဖြစ်ရန် ငါတို့သည် အနတ္တခန္ဓာကို မဦးစားပဲ ဉာဏ် အသိမှန်မှုသာ အရေးကြီးပါတကားဟု အမှန်ကို အမှန်အတိုင်း သိမြင်ရန် အရေးကြီးပေသည်။

မပြုမပြင် မရွေ့မပြောင်းပဲ ရှုနေနိုင်သည်ကို ကျွန်ုပ်တို့ အပြစ်မတင်-တရားအားထုတ်သော ယောဂီအား မပြုမပြင် မရွေ့ မပြောင်းပဲ ရှုနေပါသော်လည်း မိမိ၏ရှုဉာဏ်သည် ပရမတ်သဘော ချည်းသာ ရှုနေသည်၊ မည်သို့မျှ စိတ်ပျံ့ငြင်ခြင်း, ပူပန်လောင်ရဲခြင်း, ညစ်ညူးခြင်းမရှိပါပဲ ရှုနိုင်သည်ဆိုအံ့၊ မပြင်မရွေ့ ရှုပါ-အလွန် ကောင်းပါသည်၊ သို့တည်းမဟုတ်-နာခြင်း, ကျင်ခြင်း စသည် ကြောင့် စိတ်အနှောက်အယှက်ဖြစ်ကာ ထင်းရဲ လာမူ၊ ယောဂီ ပေတော့၍ မရှုပါလေနှင့်-အနှောက်အယှက်ဖြစ်ကာ ထင်းရဲနေ သောစိတ်ကို တာရှည်ထားလျှင် ကိလေသာကြော ရှည်မည် ဖြစ်သည်၊ ထိုအချိန်တွင် နေရာပြင်လိုက်ပါက အကောင်းဆုံး ပင် ဖြစ်မည်၊ ကိလေသာ အဖြစ်ရပ်သွားမည်၊ ကိုယ်တိုင် စမ်းသပ် ကြည့်ပါ၊ မိမိကိုယ်တိုင် နာအောင်, ကျင်အောင် မပြင်ပဲနေခြင်း သည် မိမိကိုယ်တိုင်ပြုလုပ်သော အတ္တကိလမထပင်ဖြစ်ညီး။

၅-"သီလ သမာဓိ ပညာ အတွက် အားထုတ်လျှင် အတ္တကိလမထ မဖြစ်သလော"

၆-"သီလ သမာဓိ ပညာနှင့်မစပ်လျှင် အတ္တကိလမထ ဖြစ်သလော"

ယောဂီတို့အမေးရှိလာသောစကားရပ်များဖြစ်သည်၊ ဤကိစ္စသဘောမရှင်းလျှင် လုပ်ငန်းခွင်တွင် အလွန် အခက်အခဲတွေ့နိုင်သဖြင့် ရှင်းလင်းပြအံ့၊ ဝိပဿနာ သတိပဋ္ဌာန်လုပ်ငန်းအတွက်အရှင်းဆုံးကို ဖော်ပြရသော်– ဝိပဿနာ အလုပ်သည်– ဝိပဿနာ ရှုဉာဏ်သည် ခန္ဓာပရမတ်ကို ပစ္စုပ္ပန်ကျကျသိခိုက်တွင်....

'ချမ်းသာ–ဝမ်းသာနေ၍လည်း–မရ'

'စိတ်ပျက်–ဝမ်းနည်းနေ၍လည်း–မရ' ချေ၊

ထိုသို့ဆိုလျှင် မည်သို့မှ ရသနည်း....

'သိစရာဖြစ်သော အမှန်တရား(ပရမတ်)ကို အမှန်သိနေခိုက်တွင်–ရသည်'

သို့ဖြစ်၍ ယောဂီတို့ တရားအားထုတ်ရာတွင်....

"ယထာဘူတံ သမ္မပ္ပညာယ ပဿတိ"

"အဟုတ်အမှန်ဖြစ်သော ရုပ်နာမ် ပရမတ်ကို ထိုရုပ်နာမ်ပရမတ်အားလျော်သော မှန်ကန်သော ဉာဏ်ပညာဖြင့် ရှုမြင်၏"

ဤစကားချီးကို တိပိဋကဓရ ဒေသနာ အရေးဘကြီးညွှန်ပြသော ပရမတ်သဘောတရားဟောသည့် ဒေသနာတော်တိုင်းတွင်တွေ့နိုင်၏ 'ဝိပဿနာရှုခြင်းသည် သိစရာရှိသော အမှန်တရားကိုအမှန်အတိုင်းသိရန် ငါတို့ အားထုတ်ကြပါကုန်၏'ဟု အရှင်နာဂသိန်လည်း မိလိန္ဒပဉှာပါဠိတော်တွင် ဟောခဲ့သည်၊ ယင်းသို့ဟောတော်မူချက်များအရ–ယောဂီများအား သိစေလိုသည်မှာ–

ပစ္စုပ္ပန် ဝိ ဿနာဉာဏ်ဖြင့်ခိုက်တွင်....

'ချမ်းသာ-ဝမ်းသာ-သဘောကျ-နှစ်သက် စသည်တွေက ဝိပဿနာဉာဏ်မဖြစ်'

'ဆင်းရဲ-ဝမ်းနည်း-စိတ်ပျက်-မကျေမနပ် စသည်တွေက ဝိပဿနာဉာဏ်မဖြစ်'

ဟူ၍ ယတိပြတ် မှတ်ထားလေလိုသည်၊ အဘယ့်ကြောင့်ဟူမူ- ယင်းသဘော-ယင်းအသိတို့သည်၊ ကိလေသာမဖြစ်အောင် အားထုတ်နေသော အသိအား ကိလေသာဖြစ်ခွင့် ပေးထားသောကြောင့် ဖြစ်လေသည်၊ ဝိပဿနာဉာဏ်သည် ထိုကိလေသာအစွန်းတို့မှ လွတ်လေသည်။

## 'ဘုရားအလောင်း၏ အတ္တကိလမထ'

အသိပညာကင်းသော လိုအပ်သော ပရမတ်အသိမဟုတ်သော လုံ့လဝီရိယမျိုးသည် 'သမ္မာဝါယာမ' မဂ္ဂင် မဟုတ်သဖြင့် လောကုတ္တရာမဂ် မရနိုင်ပေ၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက် သင်္ကန်းဝတ်လျက် ဉရုဝေလတောတွင် ၆-နှစ်တိုင်တိုင် (ဒုက္ကရ) ဆင်းရဲပင်ပန်းစွာ ကျင့်ခဲ့သည်၊ သို့ရာတွင် မှန်ကန်စွာသိရမည့် ရုပ်နာမ်ပရမတ်ကို အမှန် မသိခဲ့လေရကား တမင်ဆုဖိုလ်မှုမရပဲ....

"ဒုက္ကရ ကာရိတာယ-အနတ္တသံဟိတာယ"

"ဆင်းရဲခံ၍ ကျင့်ခဲ့ရသမျှသည်--ငါ့အား အကျိုးမဲ့ အချည်းနှီးပါတကား"

ဟုပင် ညီးညူခဲ့ရသည်၊ ရင်းနောက် ဥရုဝေလတောမှ ဖဲခွါခဲ့ပြီးနောက် သေနာနိဂုံးသို့ရောက်လျက် စိတ်ကူးရသည့်အတိုင်း အားထုတ်ပြန်သည်မှာ– 'ထွက်လေဝင်လေတို့ကို ပြင်းစွာရှူလျက် ပြင်းစွာထုတ်လျက် ရှုကြည့်ရာတွင်လည်း ပရမတ်ကို အရိပ်အရောင်မျှ မသိရ၊ နောက်တဖန် ထွက်လေဝင်လေတို့ကို မရှူပဲ မထုတ်ပဲ ရပ်ထား၍ ရှုကြည့်သည့် အသိပညာ ပေါ်မလာ၊ နောက်ထပ်တဖန် ထွက်လေ ဝင်လေတို့ ရှူနိုင် ထုတ်နိုင်သော နှာခေါင်း၊ နား၊ ပါးစပ်တို့ကို လုံးလုံးပိတ်လျက် 'အောင့်'ထား၍ ရှုကြည့်ရာတွင် ထွက်လေ ဝင်လေတို့သည် ထွက်ပေါက်မရကြလေသောကြောင့် ဦးခေါင်း၊ ဝမ်းဗိုက်၊ ရင်ခေါင်း စသော အတွင်းသို့ အတင်းထိုးလေ့တော့ရာ ပြင်းထန်စွာ ခေါင်း ကိုက်ခြင်း၊ ဝမ်းဗိုက်ကွဲမတတ် သေထိုးခြင်း စသော ဆင်းရဲတို့ကိုသာ ခံစားရသော အခါ....

"ငါ့အား အမှန်တရားကို သိတတ်သော အသိမှန်ကင်းသဖြင့် ငါသိလိုသောတရားကို အရိပ်အရောင်မျှပင် မသိရ၊ ထိုအားထုတ်ခြင်းကြောင့် ဖြစ်သော ကြမ်းထန်းစပ်ရှားသော ဆင်းရဲခံစားမှုသာ ဖြစ်ရသည်"

ဟု ညီးညူရပြန်လေသည်၊ ဤကား မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇသုတ်နှင့် သင်္ဂါရဝသုတ်တို့တွင် ဟောထားသည်ကို ဆီလျော်အောင် အနည်းငယ် မြန်မာပြန်၍ ထည့်ခြင်းဖြစ်သည်။

ဤအဖြစ်ကို ကြည့်ပါ၊ အလောင်းတော်သည် ပရမတ်ရှုပ်နည်း ဖြစ်သော ဤခန္ဓာကိုပင် ရှာသည်၊ အလောင်းတော်သည် ပရမတ်ကို

သိနိုင်သောအသိ မဖြစ်သေး, မရသေး, မရှိသေးသောကြောင့် ကိုယ့်စိတ် ပင်ပန်းဆင်းရဲသော 'အတ္တကိလမထ'အကျင့် ဖြစ်နေသည်၊ အဘယ့်ကြောင့် အတ္တကိလမထ ဖြစ်သနည်း၊ 'သိရမည့် အမှန်တရား ပရမတ်ကို အမှန်အတိုင်းမသိ၍ဖြစ်သည်'ဟု ဖြေက ထိုအဖြေသည် လုံး၀ မှန်ကန်လေသည်၊ ထို့ကြောင့်မှန်၏၊ နောင် ဘုရားဖြစ်မည့်အချိန် နီးကပ်လာလေသော်-ထိုခန္ဓာကိုပင် လေ့လာသည်၊ 'သိရမည့် အမှန်ပရမတ်ကို အမှန်သိသောဉာဏ် ဖြစ်ချိန်တွင်'....

"ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ-အာတာပိနော ဈာယတော ဗြာဟ္မဏဿ"

ဟု-ဥဒါန်းကျူးရင့်တော်မူသည်ကို ထောက်လျှင်....

"ခန္ဓာကိုရှုမြင်မှု တူသည်၊ အသိအမြင် မတူ"

ဟူသော သဘောကို ဉာဏ်သက်ရောက်ပါလေ။

ပဉ္စမ အလောင်းတော်၌ အသိမှန် မရသေးသဖြင့် 'အတ္တကိလမထ'ဖြစ်ရသည်မှာ—'သီလ သမာဓိ ပညာ အတွက် မဟုတ်သဖြင့် အတ္တကိလမထ ဖြစ်ရသလော'-လေ့လာဦးစို့ အလောင်းတော်အား အခြင့်အမာဖြစ်သော ယခုဘ၀ကို မဆိုထားဘိ-နုစဉ်ဘ၀များစွာတို့တွင် ဒါန စသော ပါရမီများကို ဖြည့်ခဲ့ရာ ဘဝတိုင်း ဘ၀တိုင်း၌ ရည်မှန်းချက်ဖြစ်သော သဗ္ဗညုတဉာဏ်အား အထောက်အပံ့ဖြစ်ပါစေကြောင်း ဆုတောင်းကာ ပါရမီကိစ္စ ဆောင်ရွက်ခဲ့သည်ချည်းပင် ဖြစ်သည်၊ အလောင်းတော်၏ လု

ဖြစ်စဉ်ဘဝကို ထားဦး၊ ဆဒ္ဒန်ဆင်မင်းဘဝ-အစွယ်ကို ဖြတ်၍ သောနုတ္တရမှုဆိုးအား ပေးလှူရာတွင် ...

"ငါ့အား ဤစွယ်တော်ခါတ် နှစ်ဆူဘို့ကို သင့်အား ပေးလှူသည်မှာ ဤအစွယ်တို့ကို မချစ်၍မဟုတ်၊ ဤအစွယ်တို့ထက်ပို၍ချစ်သော သဗ္ဗညုတဉာဏ်တည်းဟူသော အစွယ်ကို ပို၍ ချစ်မြတ်နိုးသဖြင့် ငါပေးလှူသည်"ဟူ၍ ဆဒ္ဒန္တဇာတကတွင် ဆိုသည်။

ငှင်းပြင်·စမ္မေယျနဂါးမင်း, သင်္ခပါလနဂါးမင်း, ဘူရိဒတ်နဂါးမင်း စသော တိရစ္ဆာန်ဖြစ်သော ဘဝများတွင်ပင် သဗ္ဗညုတဉာဏ်တော် ရကြောင်း ဦးတည်ချက် ထားခဲ့သည်မှာ ထိုဇာတကပါဠိ·အဋ္ဌကထာဘို့ကို ကြည့်သောအားဖြင့် သိနိုင်သည်၊ လူဖြစ်သော ဝေဿန္တရာမင်းဘဝဘွင် သားတော်, သမီးတော်တို့ကို သူ့ဒါန်းရာ၌ကား....

"ကမဏ္ဍလုနာ ဥဒကံ ဂဟေတွာ သဗ္ဗညုတဉာဏဿ ပစ္စယံ ကတွာ ဗြာဟ္မဏဿ ဟ... ဥဒကံ ပါတေတွာ"

(ဧရိယာဝိဋ္ဌကဋ္ဌကထာ·၉၃)

"ကမဏ္ဍလုနာ·ကရားဖြင့်၊ ဥဒကံ·ရေကို၊ ဂဟေတွာ ဆောင်ယူ၍၊ သဗ္ဗညုတဉာဏဿ·အလိုရှိအပ်သော သဗ္ဗညုတဉာဏ်အား၊ ပစ္စယံ ကတွာ-ရပါစေကြောင်း ကောင်းမြတ်သော အထောက်အ...ကိုပြု၍၊ ဗြာဟ္မဏဿ ဇူဇကာပုဏ္ဏားနှ၏ ဟတ္ထေ-လက်၌၊ ဥဒကံ·သွန်းချအပ်သော ရေကို ပါတေတွာ-ကျစေ၍"

ဤအကြောင်းများသည် အလောင်းတော် ဘဝများစွာက ပင်လျှင်-သဗ္ဗညုတဉာဏ်အား ရပါစေကြောင်း ကောင်းမြတ်သော အာသီသ-ဦးတည်ချက်များပင် ဖြစ်သည်၊ ယခု ဘုရားဖြစ်မည့်ဘဝ-သဗ္ဗညုတဉာဏ်တော်ကို ရယူမည့်ဘဝတွင်ကား-အာသီသ ဦးတည်ချက် ပြင်းထန်မည်ကား အသေအချာပင် သို့ဖြစ်၍ သီလ-သမာဓိ-ပညာအတွက်သာမက-သဗ္ဗညုတဉာဏ်တော်ဟူသော ကြီးစွာသော ရည်မှန်းချက်ကြီးနှင့် အားထုတ်ပါလျက် အလောင်းတော်မှာ အဘယ့်ကြောင့် အတ္တကိလမထ-ဖြစ်ရသနည်း၊ စင်စစ် 'အတ္တ-ကိလမထ' ဖြစ်သည်မှာ-ရည်မှန်းချက်, ဦးတည်ချက်နှင့် မဆိုင်ပေ၊ လက်တွေ့လုပ်ငန်း အလုပ်လုပ်ရာတွင် အသိဉာဏ်မမှန်က အတ္တ-ကိလမထ ဖြစ်မည်သာတည်း၊ ဤအချက်ကို ယောဂီတို့ လေးလေး နက်နက် သတိပြုပါ၊ အတ္တကိလမထ ဖြစ်ရာ၌-လက်တွေ့ အလုပ် ကိစ္စတွင် စိစစ်ရန် သတိပြုပါ။

## 'နိဂဏ္ဌတို့အကျင့်ကို ကြည့်ပါ'

ယောဂီတို့အား အတ္တကိလမထ ဖြစ်ရာတွင် 'သီလ သမာဓိ ပညာအတွက် ရည်မှန်းချက်ထား၍ အားထုတ်ပါလျှင် အတ္တ-ကိလမထ မဖြစ်' ဟူသော ယောဂီတို့၏ အယူအဆကို ဖြေရှင်းခဲ့ပြီ၊ ယခုထပ်မံ၍ အကြောင်းအထောက်အပံ့ ခိုင်လုံစေရန် ဝေဖန်၍ ပေးဦးအံ့၊ သတိပြု၍ နာယူကြကုန်။

"ကေမိဒါဟံ မဟာနာမ သမယံ ရာဇဂဟေ ဝိဟရာမိ
ဂိဇ္ဈကူဋေ ပဗ္ဗတေ။ လ။ သမ္ဗံ ဒုက္ခံ နိဇ္ဇိဏ္ဏံ ဘဝိဿတိ"
(မူလပဏ္ဏာသပါဠိတော်-၁၃၀)

"မဟာနာမ် အခါတပါး၌ ငါသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေ၏၊ ထိုအခါ ဂိဇ္ဈကုဋ်တောင်၏အနီး ဣသိဂိလိတောင်၏ နံဘေး ကျောက်ဖျာနက်ပေါ်၌ များစွာသော နိဂဏ္ဌတို့သည် မထိုင်ကြကုန်ပဲ မတ်တတ် ရပ်၍ ကျင့်နေကြကုန်၏၊ ယင်းသို့ အားထုတ် ကျင့်ကြံကြ သဖြင့် ပြင်းထန်ထက်မြက်စပ်ရှားကုန်သော ဆင်းရဲတို့ကို ခံစားကြရကုန်၏၊မဟာနာမ် ထိုအခါ ငါသည် ညနေချမ်း အခါ ကိန်းအောင်းရာမှ ထ၍ ထိုနိဂဏ္ဌတို့ အထံသို့ ချဉ်းကပ်ပြီးသော် "ငါ့ရှင် နိဂဏ္ဌတို့ အဘယ့်ကြောင့် သင်တို့သည် မထိုင်ကြကုန်ပဲ မတ်တတ်ရပ်၍ ကျင့်နေကြ ကုန်လျက်-ယင်းသို့ အားထုတ်ကျင့်ကြံကြသဖြင့် ပြင်းထန် ထက်မြက်စပ်ရှားကုန်သော ဆင်းရဲတို့ကို ခံစားကြကုန် သနည်း"ဟု မေးစမ်းကြည့်၏၊ ထိုအခါ နိဂဏ္ဌတို့က ငါ့အား .... 'ငါ့ရှင် နာဋ၏သား နိဂဏ္ဌဆရာကြီးသည် အလုံးစုံကို သိ၏၊ အလုံးငုံကို မြင်၏၊ သွားနေစဉ်, ရပ်နေစဉ်, အိပ်နေစဉ်, နိုးနေစဉ် ဉာဏ်အမြင်သည် အခါ ခပ်သိမ်း ငါ့အား ရှေးရှုထင်၏'ဟု အကြွင်းမဲ့ ဝန်ခံ မိန့်ကြား၏၊ထိုနာဋ၏သား နိဂဏ္ဌဆရာကြီးက ငါတို့အား 'အို နိဂဏ္ဌတို့-သင်တို့၏ ရှေးအခါက ပြုထားခဲ့သော မကောင်းမှုကံတို့သည် ရှိသည်သာတည်း၊ ထိုပြုခဲ့ဖူးသည့် မကောင်းမှုကံကို ဤပြင်းထန်ထက်မြက်သော ဒုက္ကရ အကျင့်ကို ကျင့်ခြင်း, အားထုတ်ခြင်းဖြင့် ချေဖျက်ကြ

ကုန်လော့၊ ယခုဘဝ၌ ကိုယ်,နှုတ်,စိတ် သုံးပါး စောင့်စည်းခြင်းဖြင့် နောင်ဘဝ၌ မကောင်းမှုကံကို မပြုခြင်းဖြစ်၏၊ ဤသို့လျှင် ကံဟောင်းတို့ကို ဤအကျင့်ဖြင့် ဖျက်ဆီးခြင်း, ကံသစ်တို့ကို မပြုခြင်းကြောင့် နောင်ဘဝ၌ မတိုးပွါးခြင်း ဖြစ်၏၊ နောင်ဘဝ၌ မတိုးပွါးခြင်းကြောင့် ကံကုန်တော့၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခကုန်၏၊ ဆင်းရဲဒုက္ခ ကုန်ခြင်းကြောင့် ခံစားမှုဝေဒနာ ကုန်၏၊ ဝေဒနာ ကုန်ခြင်းကြောင့် ဆင်းရဲဟူသမျှ အားလုံး ကုန်သော နိဗ္ဗာန်ရလတ္တံ့'ဟု ဆရာကြီးက ဆုံးမကြောင်း ပြောသဖြင့် လိုက်နာ အားထုတ်နေကြောင်း ပြန်ပြောကြသည်။

ဤ၌ သူတို့၏ ရည်ရွယ်ချက်ကိုကြည့်လျှင် ဒုက္ခခပ်သိမ်း အဆင့်ဆင့် ချုပ်ပြတ်ငြိမ်းအောင်ကျင့်ပုံကို ပြောသည် သူတို့သည် ဆင်းရဲဒုက္ခ လုံးဝချုပ်ငြိမ်းမည်ဟူသော ရည်မှန်းချက်နှင့် အားထုတ်သည်ဆိုလျှင်-သူတို့အကျင့်ကို 'အတ္တကိလမထ' မဟုတ်ဟု ဆိုလျှင် အလွန်မှားမည်၊ ကျွန်ုပ်တို့ အကြိမ်ကြိမ်ဆိုခဲ့သည့်အတိုင်း ရည်မှန်းချက်နှင့် မဆိုင်၊ လက်ငင်းအလုပ်တွင် ကိလေသာ ဖြစ်, မဖြစ်နှင့်သာ ဆိုင်သည်ကို ယောဂီ သတိပြုရန်ဖြစ်သည်၊ထို့ကြောင့် အဋ္ဌကထာတွင်....

"အာဝုသော ဂေါတမ ယထာ တုမှေ ပဏီတစီဝရာနိ ဓာရေန္တာ၊ သာလိမံသောဒနာ ဘုဉ္ဇန္တာ ဒေဝဝိမာန-ဝဏ္ဏာယ ဂန္ဓကုဋိယာ ဝသမာနာ သုခေန သုခံ အဓိ-ဂစ္ဆထ၊ န ဧဝံ သုခေန သုခံ အဓိဂန္တဗ္ဗံ၊ ယထာ ပန

မယံ ဥက္ကုဋ္ဌိကပ္ပဓာနာဒီဟိ နာနပ္ပကာရကံ ဒုက္ခံ အနု-
ဘဝါမ၊ ဝေံ ဒုက္ခေန သုခံ အဓိဂန္တဗ္ဗံ” (၃၆၉)

“ငါ့ရှင် ဂေါတမ-ငါ့ရှင်သည်ကား မွန်မြတ်၍
ကောင်းမွန်သော သက်န်းကို ဝတ်ရုံလျက်-ဆောင်လျက်-
သလေးဆံ အသားတို့ဖြင့်ရောကာ ကောင်းမြတ်သော
သားပြွမ်းဆွမ်းကို ဘုဉ်းပေး သုံးဆောင်လျက်-နတ်ဗိမာန်
နှင့်တူသော ဂန္ဓကုဋိတိုက်ကျောင်း အကောင်းအမြတ်တွင်
နေထိုင်ပါလျက်-စား, ဝတ်, နေရေး အဘက်တန်းကျကျ
ချမ်းချမ်းသာသာ နေထိုင်ပြီး ချမ်းသာသောနိဗ္ဗာန်ကို
ရှာနေသည် မဟုတ်လော၊ ငါ့ရှင် ဂေါတမ-စင်စစ်အမှန်
အားဖြင့်ကား-ဤကဲ့သို့ ချမ်းချမ်းသာသာ စားသောက်
နေလျက် ချမ်းသာသောနိဗ္ဗာန်ကို သွားရောက်နိုင်ရိုး
မရှိချေ၊ ကျွန်ုပ်တို့ကို ကြည့်ပါ၊ ကျွန်ုပ်တို့သည်-ဆောင့်
ကြောင့်ထိုင်လျက်,ရပ်လျက် အမျိုးမျိုးအဖုံဖုံ ဆင်းရဲစုံကို
ကျင့်ကြံ ခံစားကြပါကုန်သည်၊ ဤသို့ဤပုံ ဆင်းရဲဒုက္ခ
မျိုးစုံနှင့် ရင်းနှီး၍ရှာပါမှ ချမ်းသာသော နိဗ္ဗာန်ကို ရနိုင်
ပါသည်၊ ရောက်နိုင်ပါသည်”

ဟု ပြန်ပြောကြပုံကို (အခိုပ္ပါယ်ရအောင် မြန်မာပြန်သည်)
ကြည့်၍-အလိုရှိသော နိဗ္ဗာန်ချမ်းသာကို ချမ်းသာနှင့်ရင်းနှီးကာ
ရှာမရကြောင်း-ဆင်းရဲနှင့်ရင်းနှီး ရှာမှ ရကြောင်း-သူတို့၏ယုံကြည်
ချက်ကို သူတို့ ပြောသည်၊ ရည်မှန်းချက် ယုံကြည်ချက် ကောင်
သော်လည်း-လက်တွေ့လုပ်ငန်းတွင် ကျင့်လမ်း မမှန်ခြင်းကြောင့်

ရည်မှန်းချက်မပြောက်ပဲ အတ္တကိလမထသို့ တန်းဝင်သွားပုံကို ယောဂီတို့ သတိထားကြပါကုန်။

## 'မနဥ္ဇာနိ၏ အမှားကျင့်လမ်း'

ယောဂီတို့အား လမ်းစဉ်မှန်ကို သဘောပေါက်စေရန် ဥပမာ သဘောကို ဆောင်ပြဦးမည်၊ အရှင်သာရိပုတ္တရာနှင့် မနဥ္ဇာနိ အမည်ရှိသော ပုဏ္ဏားသည်-လူဘ၀ သူငယ်ချင်း ဖြစ်ကြ၏၊ အရှင် သာရိပုတ္တရာသည် ဒက္ခိဏဂိရိဇနပုဒ်သို့ ခရီးရှည် ဒေသစာရီ ကြွသွားရာ - ရက်ပေါင်း လပေါင်း အတော်ကြာသွားသဖြင့် ရာဇဂြိုဟ်မှရောက်ရှိလာသော ရဟန်းများအား မနဥ္ဇာနိပုဏ္ဏားကြီး အကြောင်း၊ မေးမြန်းရာမှ ရာဇဂြိုဟ်သို့ ပြန်ရောက်တော်မူလျှင် မနဥ္ဇာနိပုဏ္ဏားကြီးအထံသို့ ကြွသွားလေပြီး ပုဏ္ဏားကြီးအား....

"သင်သည် တရား၌ မမေ့မလျော့ရှိပါ၏လော"

ဟု မေးလေလျှင် ပုဏ္ဏားကြီးက....

> "အရှင်ဘုရား - အကျွန်ုပ်အား အဘယ်မှာ မမေ့ မလျော့ ရှိပါမည်နည်း၊ အကျွန်ုပ်သည် အမိအဖတို့ကို လည်း လုပ်ကျွေးရပါသည်၊ သားမယားကိုလည်း လုပ် ကျွေးရပါသည်၊ အစေခံအလုပ်သမား, မိတ်ဆွေခင်ပွန်း, ဆွေမျိုးသားချင်း, ဧည့်သည်, သေပြီးသူတို့အား သပိတ် သွတ်မှု, နတ်တို့ကိုရင်း, မင်းအားရင်း, ဤခန္ဓာကိုယ်ကိုရင်း ပြုစုလုပ်ကျွေးရပါသည်"

ဟု လျှောက်သောအခါ အရှင်သာရိပုတ္တရာက....

"တံ ကိံ မညသိ မနုဋ္ဌနာနိ ဣမေကေစ္စော မာတာ-ပိတူနံ ဟေတု အဓမ္မစာရီဝိသမစာရီအသံ။လ။ အထခေါ နံ ဝိက္ကန္တံယော နိရယော နိရယပါလာ ပက္ခိပယျုံ"

(မဇ္ဈိမပဏ္ဏာသပါဠိတော်-၃၉၇)

"မနုဋ္ဌာနိပုဏ္ဏားကြီး ငါပြောမည့် စကားကို သင် အဘယ်သို့ သဘောပေါက် မှတ်ထင်သနည်း၊ဤလောက၌ အချို့သောသူသည် မိဖတို့ကို လုပ်ကျွေးပြုစုရပါသည် ဟူသော အကြောင်းပြချက်ဖြင့် မတရားသော, မမျှတ သော အကျင့်ကို ကျင့်ငြားအံ့၊ ထိုသူ့ကို သူပြုခဲ့သော မတရားမှု, မမျှတမှုအကျင့်ကို အကြောင်းပြု၍ ငရဲထိန်း ငရဲသားတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသို့ မိမိ၏ မတရားပြစ်ကြောင့် ငရဲသို့ ဆွဲချခံရသော ထိုသူသည် ငရဲသားတို့အား.... 'ငါသည် မိဖတို့ကို လုပ်ကျွေး ပြုစု ရသော အကြောင်းကြောင့် မတရားမှု, မမျှတမှုတို့ကို ပြုကျင့်ခဲ့ရပါ၏၊ သင်တို့သည် ငါ့ကို ငရဲသို့ဆွဲမချကြပါ ကုန်လင့်' ဟု ပြောဆိုခဲ့သော်-ရပါမည်လော.... 'ထိုသို့ မဟုတ် ထိုသူ၏ အမိအဖတို့ကလည်း ငါတို့သားသည် အမိအဖတို့ကို လုပ်ကျွေးပြုစုရသော အကြောင်းကြောင့် မတရားမှု, မမျှတမှုတို့ကို ပြုကျင့်ရပါသဖြင့် ငရဲထိန်း တို့သည် ထိုသူ့အား ငရဲသို့ဆွဲမချကြပါလင့်-ဟု သက် သေခံစကား ဝင်ပြောကြားသော် ရပါမည်လော' ဟု

> မေးလေသော်-ဓနဥ္စာနိပုဏ္ဏားကြီးက အရှင်ဘုရား ဤသို့ကား မရနိုင်ပါ၊ အကယ်စင်စစ် ထိုသူ ငိုကြွေး၍ တောင်းပန်နေစဉ်မှာပင် ငရဲထိန်းတို့သည် သူ၏ ပြစ်မှုအတိုင်း ငရဲ၌ 'ပစ်ချကုန်ရာ၏'ဟု လျှောက်လေသည်။

ဤပုံစံ၌ ပုဏ္ဏားကြီးမှာ မင်းကိုမှီ၍ တိုင်းပြည်လူထုကို မတရား နှိပ်စက်ကြောင်း ပြည်သူလူထုကို အကြောင်းပြု၍ မင်း၏ ဘဏ္ဍာတော်များကို မတရား လုယူဖျက်ဆီးကြောင်း အရှင်သာရိပုတ္တရာ ကြားသဖြင့် ပုဏ္ဏားကြီးနှင့် လာတွေ့ပြီး အထက်ပါအတိုင်း မေးလေသည်၊ ထိုပုဏ္ဏားကြီး၏ နမူနာအတိုင်း ယခုလူတို့လည်း မိဖ ပြုစုလုပ်ကျွေးသည် အကြောင်းပြုပြီး မတရားမှု ပြုနေကြသည်၊ သို့အတွက် ငါတို့၌ အပြစ်မရှိ-ဟု အချို့ပြောကြသည်၊ အမှန်မှာ မိဖလုပ်ကျွေးသည်က တခြား-မိမိပြုလုပ်သော မတရားကိစ္စက တခြား ဖြစ်နေသည်။

ဤပုံအတိုင်း သီလ-သမာဓိ-ပညာအတွက်-ဟု ရည်မှန်းချက်ထားသည်ကား ကောင်းပေသည်၊ သို့ရာတွင် မိမိပြုလုပ်သော အမှားကား တခြားဖြစ်နေသဖြင့် တရားအလုပ်နှင့် ပတ်သက်သော အပြစ်ကား အတ္တကိလမထ ဖြစ်သွားလောက်အောင် အပြစ်ကြီးလေသည်၊ ဆိုလိုသည်မှာ မိမိ၏ရည်ရွယ်ချက်မှာ—သီလ သမာဓိ ပညာ မဂ်က နိဗ္ဗာန်ကို ရည်မှန်းသည်ဖြစ်စေ-ခန္ဓာပရမတ်၌ ဉာဏ်ရောက်သော ပစ္စုပ္ပန်အချိန်တွင် မဇ္ဈိမပဋိပဒါမကျလျှင် အစွန်းတဖက်ဖက်ရောက်မည် ကေန်ဖြစ်ကြောင်း ယောဂီတို့ သိထားရန် အထူးပင် လိုအပ်ပေသည်၊ ကိလေသာအစွန်းဟူသည်မှာ အလွတ်

နေချိန်ကို ဆိုသည်မဟုတ်ကြောင်း အလွတ် အချိန်များတွင် ကျွန်ုပ်တို့သည် လုံး၀ ကိလေသာအတွင်း ၀င်ရောက်နေသော သတ္တ၀ါတို့ ဖြစ်နေပေသည် စိတ်အစင်အကြယ်ဖြစ်သော ပရမတ် ၀ိဉာဏ မဇ္ဈိမပဋိပဒါလမ်း အားထုတ်ရာတွင်မှ အစွန်းသို့ မရောက်အောင် သတိနှင့် စောင့်ရှောက်ပြီး ကိလေသာအစွန်း မဖြစ်ရန် ကြိုးစားကြရသည်။

ယောဂီများအတွက် ကိလေသာအစွန်းဖက်သို့ ရောက်သည် မရောက်သည် ပြောနေမည့်အစား-မိမိ၏ အသိဉာဏ် (သမ္မာဒိဋ္ဌိ) သည် မဇ္ဈိမပဋိပဒါ ကျ, မကျ-ခန္ဓာပရမတ်သိ ဟုတ်, မဟုတ် စိစစ်နေက အလွန် အကျိုးရှိလေလည်၊ ခန္ဓာပရမတ် သိသော မဇ္ဈိမပဋိပဒါ မကျက မိမိ အသိသည် 'ကာမသုခလ္လိကာအစွန်း-သို့မဟုတ် အတ္တကိလမထအစွန်း တဖက်ဖက်သို့ ရောက်နေပြီဟု ကျိန်းသေမှတ်ပေတော့၊' သို့ဖြစ်သောကြောင့် 'မဇ္ဈိမပဋိပဒါဟူသည် အဘယ်နည်း' ဟု သိရန် ယောဂီတို့အတွက် အရေးအကြီးဆုံး, အလိုအပ်ဆုံး ဖြစ်သောကြောင့် အတိအကျ ညွှန်ပြလိုသည်၊ လေ့လာ နာယူမည့် ယောဂီတို့သည်=စာသဘောမျှ မမှတ်မူ၍ အလုပ်ဖြစ်ရန် ညွှန်ပြချက်ကို အလုပ်သဘောနှင့် လေ့လာမိရန် တိုက်တွန်းလိုက်ပါသည်။

**'အတ္တကိလမထ ပေါ်လာပုံ'** မြတ်စွာဘုရားမပွင့်မီ ရှေးအခါက သာ၀တ္ထိ,ရာဇဂြိုဟ်စသောတိုင်းကြီး ပြည်ကြီး၊ အသီးသီးတို့တွင် ရှိကြသည့် အတ္တကိလမထ အကျင့်ကို ကျင့်လိုသူတို့၌ စိတ်အကြံ ဖြစ်လာသည်ကား သတ္တ၀ါတို့၏

သန္တာန်၌ဖြစ်သော လောဘစရိုက်သည် အလွန်ဆိုးဝါးညစ်ညမ်းလှ၏၊ မိမိ၏အကြိုက်ဖြစ်သော အာရုံငါးပါး ကာမဂုဏ်တရား၌ 'မြင်မှု့ကြားမှု'စသော အာရုံ၏အတွေ့ဖြင့် ပျော်မွေ့မူးထူး-ယစ်မူးမေ့လျော့၍နေရလျှင် မည်သည့်အခါမျှ အားရတင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်၊ ပျင်းမုန်းငြီးငွေ့ခြင်း မရှိနိုင်ကြပေ၊ ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကြံဆောင်သိမ်းဆည်း ဒုက္ခတရားကြီးသာ နောင်အခါတွင် ပိုမိုကြမ်းထန်းဆိုးဝါး၍သာ ဖြစ်လာကုန်လတ္တံ့။

ထို့ကြောင့် အပြင်အပ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော 'ရူပါရုံ, သဒ္ဒါရုံ' စသော အာရုံငါးပါး ကာမဂုဏ် တရားတို့မှလည်း ဝေးကွာသည်ထက် ဝေးကွာအောင် ဖဲ့ခွါ၍-နည်းပါးသည်ထက် နည်းပါးအောင် ခြိုးခြံသိမ်းဆည်း၍ မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်ဖြစ်သော ကိုယ်စိတ်နှစ်ပါးကိုလည်း ပျော်ပါးမူးထူး-ယစ်မူးမေ့လျော့ခွင့် မပေးပဲ ပင်ပန်းဆင်းရဲအောင် နှိပ်စက်ညှဉ်းပန်းရလျှင် ထိုတဏှာအကြိုက် လောဘစရိုက်သည် ပူအိုက်ညှိုးနွမ်း ခတ်ကုန်ခမ်း၍ ဆိုးသွမ်းမူးထူးခွင့်ကိုမရပဲ အစွမ်းသတ္တိတုံး၍ မီး၌အုံးအပ်သော ကြိမ်အတွေ့ကဲ့သို့ သိမ်မွေ့ခြင်းဖြစ်ရာ၏-ဟု နှလုံးပိုက်ကြလေကုန်သည်။

ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားခြင်းမှ နည်းပါးသည်ထက် နည်းပါးအောင် ဝေးကွာသည်ထက် ဝေးကွာအောင်....

၁။ မိမိတို့စားနေကျဖြစ်သောအစား အစာတို့မှလည်း ခြိုးခြံလျှော့ပေါ့၍စားခြင်း၊

၂။ ဝတ်ခနကျ အဝတ်တို့မှလည်း ကောင်းကောင်း မွန်မွန် မဝတ်ရုံတော့ဘဲ ခြိုးခြံစွာ ဝတ်ရုံခြင်း, လုံးဝမဝတ်ဘဲနေခြင်း၊

၃။ ဆန္ဒရာဂ လောဘတဏှာ မကပ်ရောက် မဝင်လာ နိုင်စေရန် အေးသောအခါတွင် ရေငုတ်ခြင်း, ပူသောအခါတွင် မီးလှုံခြင်း, နေပူထဲတွင် အပူခံ နေခြင်း, ဆူးပေါ်တွင် အိပ်ခြင်း စသော အာရုံ ငါးပါး ဖြစ်ခွင့်မပေးသည့် မိမိကိုယ်ကို ဆင်းရဲ စေသော 'အတ္တကိလမထ' အကျင့်ကို ကျင့်ကြ ကုန်သည်။

မြတ်စွာဘုရားသည်-ဤအကျင့်ကို ဝေဖန်ပြစ်တင်ရာ၌....

၁။ 'ဒုက္ခော'-ကိုယ် စိတ် ဆင်းရဲခြင်း၊

၂။ 'အနရိယော'-အရိယာတို့၏ ဥစ္စာမဟုတ်ခြင်း၊

၃။ 'အနတ္ထသံဟိတော'-ပစ္စုပ္ပန် တမလွန် ချမ်းသာ ကြောင်း မဂ်ဖိုလ်အကျိုးစီးပွါးနှင့် မစပ်မဆိုင် ခြင်းတို့ ဖြစ်လေသည်။

(ရှင်းလင်းဝေဖန်ချက်) ထိုအကျင့်ကြမ်းမျိုးကို ဗုဒ္ဓဘုရားရှင် သည် မိမိအတွက် ကောင်းကျိုးမရသော ပင်ပန်းဆင်းရဲလှသည့် အကျင့်မျိုးဟု မြင်တော်မူသဖြင့် 'အတ္တကိလမထာနုယောဂ'ဟု အမည်ပေးလေသည်၊ သို့ရာတွင် ထိုအကျင့်မျိုးကို ကျင့်ကြသူတို့ အနေနှင့်ကား ....မိမိတို့သည် ယုတ်မာဆိုးဝါးသော လောဘ

တဏှာကို ကွာအောင်, မဖြစ်အောင် စောင့်စည်းထိန်းသိမ်းနိုင်သော အကျင့်လမ်းစဉ်ဖြစ်၍ မှန်မြတ်သော 'အကျင့်ကောင်း, အကျင့်မြတ်'ဟု စွဲမှတ်ကြလေသည်။

ဤနေရာ၌ စဉ်းစားစရာကောင်းသည်မှာ ဤအကျင့်မျိုးကို စတင်စိတ်ကူး၍ ထူထောင်သူတို့မှာ မှားသည့်,မှန်သည်ကို တွက်ဆမနေတော့ပဲ ဝါ-ဘုရားသာသနာ မရှိသေး၍ အမှန်အကျင့်များမထင်ရှားသေးချိန်တွင် အမှန်ဟု ယူဆ၍ ဆိုးသွမ်း ညစ်ညမ်းလှသော အာရုံငါးပါး-ကာမဂုဏ်တရားတို့သည် သတ္တဝါတို့ကို အမျိုးမျိုး နှိပ်စက်လေသည်၊ ဤလို အနှိပ်စက် ခံနေရသော သတ္တဝါတို့မှာ ပစ္စုပ္ပန်သံသရာ ဤနှစ်ဖြာတွင် လောဘတဏှာ ဒုက္ခပေးမှုကို အလူးအလဲခံနေရသဖြင့် ထိုတဏှာလောဘ ဖြစ်ခွင့်မရလျှင် ချမ်းသာမှာပဲဟု တွက်ဆသည်ကား အမှန်ပင်။

သို့ရာတွင် ထိုတဏှာလောဘ ဖြစ်ခွင့်မရအောင် ကြံဆလာသောနည်းကား-မှားနေလေသည်၊ မှားသည်ဟု ကျွန်ုပ်တို့ဆိုနိုင်သည်ကား-ထိုသူတို့ကဲ့သို့ ကိုယ်တိုင် တည်ထွင်လာသော ကိုယ်ပိုင်ဉာဏ်အရ မဆိုနိုင်ပါ၊ မှားသည်-မှန်သည် ဝေဖန်နိုင်သောပညာကျွန်ုပ်တို့၌ ကိုယ်ပိုင် မရှိပါချေ၊ သို့ရာတွင် ဗုဒ္ဓသာသနာအမြင်ရ၍သာ 'မှားနေသည်'ဟု ဆိုရချေသည်၊ ဗုဒ္ဓသာသနာနှင့်ဝေးကွာ၍ သာသနာအလုပ်မသိသေးသော ထိုသူတို့အနေနှင့်ကား 'အကျင့်မြတ်'ဟုပင် ထင်ကြမည်မှာ-ကာမအာရုံတို့ကို ခွါသွားနိုင်မှုတခုကိုသာ ကြည့်ပါက မှန်ပေသည်၊ သဘာဝလည်းကျပေသည်။

'ယခုခေတ်မှာ သတိထားစရာ' ထိုအကျင့်ကိုဝေဖန်ရာ၌ မြတ်စွာ
ဘုရားသည် အစွန်းတဖက် ဖြစ်
သော 'ကာမသုခလ္လိကာ'ကဲ့သို့ 'ဟီနော,ဂမ္မော'စသည်ဖြင့် ယုတ်မာ
ညစ်ညမ်းသည် ဟု မရှုံ့ချပဲ ကိုယ်ပင်ပန်းဆင်းရဲ ခံနေရလျက်
မင်္ဂဖိုလ်အကျိုးမရှိ၍သော 'ဒုက္ခော,အနရိယော,အနတ္ထသံဟိတော'
ဟု အပြစ်တင်ဘော်မှုသည်၊ ဤအကျင့်ကို ဝေဖန်ရာတွင် တွေ့ရ
သည့် အချက်များမှာ ကျွန်ုပ်တို့၏ လက်ရှိ သာသနာတော်နှင့်
မလျော်သော၊ ဝါ-မဇ္ဈိမပဋိပဒါမဟုတ်သော အချက်များကို
ရှင်းလင်းနိုင်ပါမှ အလုပ်သဘာဝကျမည်ဖြစ်သောကြောင့် တိတိ
ကျကျ ဝေဖန်ဖို့ လိုသာလေသည်၊ မဇ္ဈိမပဋိပဒါကို ကျွန်ုပ်တို့
ဉာဏ်တွင် သိမှီသလောက် အတတ်နိုင်ဆုံး ဖော်ထုတ်မည်ဖြစ်ရာ
သံသရာဝဋ်မှ လွတ်မြောက်လိုသူသည်....

၁။ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ကိလေသာ
ကာမဖြစ်အောင် လိုက်စားခြင်းတည်း ဟူသော
'ကာမသုခလ္လိကာ'မှ ရှောင်ကြဉ်ရခြင်း၊

ယင်းအချက်မှာ သဘာဝကျပြီးသားဖြစ်နေသဖြင့် ဝေဖန်
ဘွယ်မလို-စိစစ်ဘွယ်သာလိုသဖြင့် ရှေ့တွင်မှ စိစစ်အံ့၊

၂။ ကိုယ်ကိုစိတ်ကို ပင်ပန်းဆင်းရဲအောင် နှိပ်စက်၍
ကျင့်သော အကျင့်မှား, အကျင့်ကြမ်းတို့ကို
ကျင့်ခြင်း 'အတ္တကိလမထ'မှ ရှောင်ကြဉ်ရခြင်း၊

ယင်းအချက်ကား-သံဝေဂဉာဏ်နှင့် ကျင့်ပါလျက် အကျင့်မှန်
မဟုတ်သောကြောင့် အစွန်းတဖက် မလွတ်ဘဲ 'ဥစ္ဆေဒဒိဋ္ဌိ'ဖြစ်ရ

သည်ကား-ရင်နာစရာ ကောင်းသည်နှင့်အမျှ ကျွန်ုပ်တို့ သတိပြုစရာများ ဖြစ်နေသည့်အတွက် အဋ္ဌကထာစကားတို့နှင့် နှီးနှော ရှင်းလင်းပေအံ့။

၁။ "ဒုက္ခောတိ – ဆင်းရဲ ဟူသည်ကား၊ ကဏ္ဍကာ· ပဿယသေယျာဒိဟိ·ဆူးပေါ်တွင်အိပ်ခြင်း, ထိုင်နေခြင်း, မှီနေခြင်း အစရှိကုန်သော၊ အတ္တ· မာရဏောဟိ·ခန္ဓာကိုယ်ကို နာစေခြင်း, ထိုးဆွ ထိခိုက်စေခြင်း, နည်းအမျိုးမျိုးတို့ဖြင့် နှိပ်စက်သောဆင်းရဲတို့ဖြင့်၊ ဒုက္ခာဝဟော·ဆင်းရဲတွင်းသို့ ပို့ဆောင်ခြင်းသည်ရင်း...."

၂။ "အနရိယော·တိ – အရိယာတို့၏ ဥစ္စာ မဟုတ် ဟူသည်ကား·၊န အရိယော·အရိယာဖြစ်ကြောင်း လမ်းစဉ် မဟုတ်၊ န ဝိသုဒ္ဓေါ-စင်ကြယ်သော လုပ်ငန်း မဟုတ်၊ န ဥတ္တမော-မြင့်မြတ်သော အကျင့်လည်းမဟုတ်၊ အရိယာနံ·နိဗ္ဗာန်မြင်သော အရိယာတို့၏၊ န သန္တကော-ဥစ္စာ ပစ္စည်း မျိုး မဟုတ်ခြင်းသည်ရင်း...."

၃။ "အနတ္ထသံဟိတောတိ·အကျိုးစီးပွါးနှင့် မစပ် မဆိုင် ဟူသည်ကား·၊ အတ္ထသံဟိတော·မိမိအား လောကုတ္တရာ မဂ်အကျိုး ဖိုလ်အကျိုးမျိုးကို ပြုလုပ် ဆောင်ရွက်ပေးနိုင်, ဖြစ်စေနိုင်သော

အကျင့်သည်၊ န-မဟုတ်ပေ၊ ဟိတသုခါဝဟ-ကာရဏံ-ချမ်းသာအစစ်အမှန်ကို ဆောင်ရွက်ပေးနိုင်သော အကြောင်းမှန်ကို၊ အနိယျာနိကော-မမှီသည်၊ ဝါ-မှီငြမ်းပြုနိုင်စရာ လမ်းကောင်းလမ်းစဉ်မဟုတ်သည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသည်တို့ကား — အဿ-ထို အနတ္ထသံဟိတော ဟူသောဘုရားဟောဖော် ပါဠိတော်ပုဒ်၏၊ အတ္ထော-လိုရင်းပြချက်-ခိပ္ပါယ်နက်တည်း။"

၄။ "အတ္တကိလမထာ နုယောဂေါတိ - အတ္တကိလ-မထာနုယောဂ ဟူသည်ကား၊ ဝါ-ဒုက္ခ,အနရိယ,အနတ္ထသံဟိတ ဟု ပြဆိုခဲ့သည့် ၃-ချက်ညီစွာ-ပင်ပန်းဆင်းရဲခံ၍ ကျင့်ရသောအကျင့် ဟူသည်ကား-၊ အတ္တနော-ကိုယ်စိတ်၏၊ ကိလမထဿ-ပင်ပန်းဆင်းရဲခြင်းအား၊ အနုယောဂေါ-စပ်မှီယှဉ်စေ-အားထုတ်မှုပေတည်း၊ အတ္တနော-ခန္ဓာကိုယ်၏၊ ဒုက္ခကရဏံ-ဆင်းရဲပင်ပန်းခြင်းကို ဖြစ်စေရန် ပြုလုပ်မိခြင်းပေတည်း၊ ဣတိအယံ-ဤသည်ကား၊ အဿ-ထို အတ္တကိလမထ ဟူသောပုဒ်ကို တမျိုးအဓိပ္ပါယ်ကောက်၍ ယူမှားပြုလုပ်နေကြသော ပါဠိတော် ပုဒ်ရင်း၏၊ အတ္ထော-လိုအပ်သော အနက်တည်း။"

(မဟာဝဂ္ဂဋ္ဌကထာ-၃၂၈)

မဟာဝဂ္ဂဋ္ဌကထာကို အနက်ယူကြည့်လျှင် .... သံသရာဝဋ်မှ လွတ်ထွက်လို၍ လွတ်လမ်းကို အားထုတ်မည့် သူတော်ကောင်းသည် 'ဒုက္ခော'အရ ကိုယ်စိတ်နှစ်ဖြာ ပူဆာထန်ပြင်း ဆင်းရဲခြင်းဖြစ်လောက်အောင် မချမ်းသာပါက စိတ်အေးငြိမ်းမှုပင် မရနိုင်ပေ၊ ယင်းသို့ ဆင်းရဲခံ၍ ကျင့်ရာတွင် 'ကဏှက ပဋိပဒါ' ဟူ၍ ထိခိုက်နာကျင်စေတတ်သော ကိုယ်အမှု, စိတ်အမှုမှန်လျှင်-စိတ်တွင် အညစ်အကြေး(ကိလေသာ)တို့သာ ဖြစ်တတ်သောကြောင့် ထိုဒုက္ခမျိုး၊ 'အာဒိသဒ္ဒါဖြင့်' အမျိုးစုံသော ကိုယ်စိတ်ဆင်းရဲစေတတ်သော ပြုပြင်ပေးမှု, ပြုလုပ်ပေးမှုတို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲသို့သာ ဆောင်ပို့သည်မည်သောကြောင့် အတ္တကိလမထ ဖြစ်၍ မဂ္ဂင်္ဂရာယ် ဖြစ်ရကား-ထိုဆင်းရဲကို မမှီဝဲရ-မပြုလုပ်ရ။

ဒုတိယအင်္ဂါတပါး ဖြစ်သော 'အနရိယော' အရိယာတို့၏ ဥစ္စာဘဏ္ဍာမျိုး, အသုံးအဆောင်ပစ္စည်းမျိုး ဖြစ်သော လုပ်ငန်းလမ်းကြောင်းလည်း မဟုတ်၊ အရိယာဖြစ်အောင် ပြုလုပ်ပေးတတ်သောတရားလည်း မဟုတ်၊ (ကိလေသာ) အညစ်အကြေးတို့စင်ကြယ်သော မွန်မြတ်သည့်လမ်းစဉ်လည်း မဟုတ်၊ သူတော်ကောင်းတို့ လက်ခံကျင့်သုံးနိုင်လောက်အောင် မြင့်မြတ်သောအလုပ်လည်း မဟုတ်၊ သို့ဖြစ်၍ မဂ်ပေါက် ဖိုလ်ဝင် အရိယာဖြစ်ချင်သူ, ဖြစ်လိုသူတို့သည် အရိယာဖြစ်ကြောင်း မဟုတ်သော ထိုအတ္တကိလမထ အကျင့်မျိုး, လမ်းစဉ်မျိုးကို မမှီဝဲရ,မပြုလုပ်ရ။

တတိယ အင်္ဂါချက်မှာ—မိမိသည် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော အကျိုးကို မြှော်ကိုး၍ အားထုတ်ရာဝယ်-ပကတိသော ရုပ်နာမ်

ခန္ဓာ၏ မူလသဘာဝကို သတိမပြု မကြည့်ရှုပါပဲ ယင်းအကြည့်ခံ အရှုခံ-ရုပ်နာမ်ခန္ဓာကိုပင် ဆင်းရဲအောင် ညှဉ်းဆဲနှိပ်စက်နေခြင်း သည်၊ ဝါ-ဆင်းရဲတခုခုဖြစ်အောင် ကြံဖန်ပြုလုပ်၍ ဒုက္ခတခုခု ထူထောင်ပေးနေခြင်းသည်၊ မိမိအတွက် သံသရာ နောင်ရေး ချမ်းသာနှင့် အလှမ်းဝေးသွားနိုင်သဖြင့် မိမိ၏ မဂ်အကျိုး, ဖိုလ် အကျိုး, နိဗ္ဗာန်အကျိုးများနှင့် မစပ်မဆိုင်-မမှီမကပ်-မတွဲမယှဉ် နိုင်ရကား-ဤလို ဆင်းရဲခံ၍ ကျင့်မှုမျိုးစုံသည် အကျိုးမပြီး အချည်းနှီးဖြစ်သောကြောင့် ကိုယ်ကျိုး, ကိုယ့်စီးပွါးအတွက် အား ထုတ်လိုသူသည် ဤအတ္တကိလမထမျိုးကို မမှီဝဲအပ်, မပြုလုပ် အပ်ချေ။

သို့ဖြင့် အစွန်းတရား ၂-ပါးကို မမှီဝဲရ-မကျင့်ရဟု ဆိုလေလျှင် မည်သည့်တရားကို မည်သို့ ရှုကြည့်အားထုတ်ရမည်ကို မြတ်စွာ ဘုရားသည် ဆက်လက်၍ ‘ငါးယောက်အစု’တို့အား....

**“မဇ္ဈိမပဋိပဒါ”** “ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိ- သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ”

“အို...ချစ်သားတို့-ငါဘုရားရှင်သည် ညွှန်ပြအပ်ခဲ့ ပြီးသော အစွန်းတရား ထို ၂-ပါးတို့သို့ မထိမဆိုက် မကပ် မရောက်ပဲ အလယ်လမ်းကြောင်း အကျင့်မြတ်သည် ငါ ဘုရားအား ထိုးထွင်း၍ သိအပ်သော အမှန်တရား သစ္စာ လေးပါးကို မြင်တတ်သော, ဉာဏ်ချက်စိကို ပြုတတ်သော

ဤ'မဇ္ဈိမပဋိပဒါ'အကျင့်သည် ကိလေသာမီး ငြိမ်းခြင်း တည်ဟူသော 'သဉပါဒိသေသနိဗ္ဗာန်'အကျိုးငှါ၊ သစ္စာလေးပါးကို ဉာဏ်ထူးဖြင့် သိခြင်းငှါ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ၊ ခန္ဓာမီးငြိမ်းခြင်းတည်းဟူသော 'အနုပါဒိသေသနိဗ္ဗာန်'အကျိုးငှါ ဖြစ်၏"

မဇ္ဈိမပဋိပဒါဟူသည်ကား — အာရုံငါးပါး ကာမတရားတို့၌ ပျော်ပါးစုံမက် နှစ်သက်စွာ ယစ်မူးမေ့လျော့စေသော လျော့လွန်းသည့် 'ကာမသုခလ္လိကာနုယောဂ'

တနည်း—'လောဘ'ဟူသော အယုတ်တရား၊

တနည်း—'သဿတဒိဋ္ဌိ'ဟူသော အယုတ်တရား၊

ငင်းပြင်း ကိုယ်စိတ်ပင်ပန်း ခေတ်ကုန်ခမ်းအောင် ကျိုးပန်း ပြုလုပ်သဖြင့် တင်းလွန်းသည့် 'အတ္တကိလမထာနုယောဂ'

တနည်း—'ဒေါသ'ဟူသော အယုတ်တရား၊

တနည်း—'ဉစ္ဆေဒဒိဋ္ဌိ'ဟူသော အယုတ်တရား၊

ဤအစွန်း ၂ ပါး အယုတ်တရားတို့သို့ မကပ်မရောက်, မထိ မခိုက်ပဲ အလယ်လမ်းကြောင်းဖြစ်သော (မဂ္ဂင်ရှစ်ပါး) မဇ္ဈိမ ပဋိပဒါတရားသည် ငါဘုရားရှင်အား....

၁။ ပညာစက္ခုကရဏီတိ စက္ခုကရဏီ'
'ပညာမျက်စိကို ဖြစ်စေတတ်သော'

၂။ 'ဘာဝနာမဂ္ဂဉာဏံကရဏီတိ ဉာဏကရဏီ'
'ဘာဝနာအားဖြင့် သစ္စာလေးပါးကို သိတတ်သော'

ဤမဇ္ဈိမပဋိပဒါလမ်းကြောင်း အားထုတ်ရခြင်းကား....

၁။ 'သဗ္ဗကိလေသာနံ ဥပသမာယ'
'အလုံးစုံသော ကိလေသာမီး ငြိမ်းခြင်းငှါ'

၂။ 'စတုန္နံ သစ္စာနံ အဘိဇာနနတ္ထာယ'
'သစ္စာလေးပါးကို ဉာဏ်ထူးနှင့် သိခြင်းငှါ'

၃။ 'တေသံယေဝ သမ္ဗုဇ္ဈနတ္ထာယ'
'သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ'

၄။ 'ကိလေသာနဉ္စ ခန္ဓာနဉ္စ နိဗ္ဗာနာယ'
'ကိလေသာတို့၏ရင်း, ရုပ်နာမ်တို့၏ရင်း ငြိမ်းအေးခြင်းငှါ'ဖြစ်၏-ဟု ဟောတော်မူသည်။

ဤသို့(မဂ္ဂင်ရှစ်ပါး)မဇ္ဈိမပဋိပဒါ အကျင့်လမ်းစဉ်၏ ဂုဏ်သတ္တိသည် 'စက္ခုကရဏီ'ဟူသော 'ပညာမျက်စိဖြစ်စေခြင်း' 'ဉာဏကရဏီ'ဟူသော 'သစ္စာလေးပါးကို သိစေခြင်း'ဟူသော ၂-ပုဒ်ဖြစ်သည်၊ အတိုချုပ်၍ ဆိုရသော်-သစ္စာလေးပါး သိကြောင်း မဟုတ်လျှင် မဇ္ဈိမပဋိပဒါလမ်းစဉ် မဟုတ်ချေ။

**"ဩဃတရဏ-မဇ္ဈိမ"** သဂါထာဝဂ္ဂသံယုတ်အဋ္ဌ-ဩဃတရဏသုတ်တွင် နတ်သားတယောက်က မြတ်စွာဘုရားအား....

"အရှင်ဘုရားသည်-အဘယ်သို့သောနည်းဖြင့် ဩဃလေးဖြာ သံသရာကို ကူးမြောက်ခဲ့ပါသနည်း"

"ဒါယကာ နတ်သား-ငါသည် ရပ်၍လည်း မနေပဲ, အားထုတ်၍ လက်ပစ်လည်း မကူးပဲ ဩဃလေးဖြာ သံသရာကို လွန်မြောက်ခဲ့ပြီ"

"အရှင်ဘုရားသည် အဘယ်သို့လျှင် ရပ်၍လည်း မနေပဲ, အားထုတ်၍ လက်ပစ်လည်း မကူးပဲ ဩဃ လေးဖြာ သံသရာကို လွန်မြောက်ခဲ့ပါသနည်း"

"ဒါယကာ နတ်သား-အကြင်အခါ၌ ငါသည် ရပ်၍ နေခဲ့၏၊ ထိုအခါ နစ်မြုပ်ခဲ့၏၊ အကြင်အခါ၌ ငါသည် အားထုတ်၍ လက်ပစ်ကူး၏၊ ထိုအခါ မျောပါရ၏၊ သို့ဖြစ်၍ ငါသည် ရပ်၍လည်း မနေပဲ, အားထုတ်၍ လက်ပစ်လည်း မကူးပဲ ဩဃလေးဖြာ သံသရာမှ လွန်မြောက်ခဲ့ပြီ" ဟု ဟောတော်မူသည်။

ဤ၌ မဇ္ဈိမပဋိပဒါလမ်းကြောင်းကို ထင်ရှားအောင် ဟောတော်မူထားရာ-ရပ်နေမှု, လက်ပစ်ကူးမှုတို့သည် အစွန်း ၂-ပါး မလွတ်ကြောင်း သိသာလှသည်၊ အဋ္ဌကထာ ဖော်ပြချက်သည် လည်း အစွန်း ၂-ခု အတွဲပေါင်း ၇-တွဲပါသည်၊ ကျယ်မည်စိုး၍ မဖော်ပြလိုသော်လည်း တိုက်ရိုက်အတွဲကို ဖော်ပြရသော်....

"တထာ ကာမသုခလ္လိကာနုယောဂဝသေန သန္တိဋ္ဌန္တော သံသီဒတိနာမ၊ အတ္တကိလမထာနုယောဂဝသေန် အာယူ-ဟန္တော နိဗ္ဗုယှတိနာမ"

(သဂါထာဝဂ္ဂဋ္ဌကထာ-၁၈)

"အာရုံငါးပါး ကာမဂုဏ်ဘုရားတို့ကို သာယာမှု,ပျော်ပါးမှု, လိုက်စားမှုတည်းဟူသော ကာမသုခလ္လိကာနုယောဂသည် မကူးပဲ ရပ်နေသည်၊ ဝါ-ဩဃလေးသွယ် မြစ်ပင်လယ်ကို ကူးရာအလုပ်

မဂ္ဂင်တရားကို အားမထုတ်ခြင်းသည် လုံးဝမကူးပဲ ရပ်နေသည် ဖြစ်သောကြောင့် နှစ်မြုပ်ရမည်ဖြစ်သည်”

“ဖြစ်လိုမှု, ဖြစ်ချင်မှု, ရလိုမှု, ရချင်မှု အားကြီးသောကြောင့် မိမိကိုယ်ကို စိတ်ကို နှိပ်စက်ညှင်းဆဲ ဆင်းရဲအောင် ပြုကျင့် အားထုတ်ခြင်းသည် ဤဘုရား၏ အရိယာသာသနာတွင် အတ္တကိလမထ ဖြစ်၍ အားထုတ်ပြီး လက်ပစ်ကူးနေသည် ဖြစ်သောကြောင့် မျောပါရမည်ပင်ဖြစ်သည်”

ဟု ပြဆိုခဲ့ပေရာ–ဤလမ်းစဉ်ကို စဉ်းစားဉာဏ်ရှိသူတို့ သဘောပေါက်သင့်လေပြီ၊ မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်သည် မည်မျှ နူးညံ့သိမ်မွေ့လှသည်ကို ရိပ်စားမိသင့်ပေပြီ။

**“ကစ္စာနဂေါတ္တ–မဇ္ဈိမ”** နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကစ္စာနဂေါတ္တသုတ်တွင်လည်း မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်စက်ကို ဖျက်ရာ၌ သဿတ, ဥစ္ဆေဒ အစွန်း ၂ ပါးလွတ်သော မဇ္ဈိမပဋိပဒါသည် အဝိဇ္ဇာကိုဖျက်၍ မှန်သော အမြင် (သမ္မာဒိဋ္ဌိ) သို့ရောက်ကြောင်း ဟောတော်မူရာ၌....

“ဧတေ တေ ကစ္စာန ဥဘော အန္တေ အနုပဂမ္မ မဇ္ဈေန တထာဂတော ဓမ္မံ ဒေသေတိ။ လ ။ အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓော”

“ချစ်သား ကစ္စာန–သဿတဒိဋ္ဌိ တဖက်စွန်း, ဥစ္ဆေဒဒိဋ္ဌိ တဖက်စွန်း ထိုအစွန်း ၂ ဖက်သို့ မကပ်မရောက်ပဲ မြတ်စွာဘုရားတို့သည် တရားတော်ကို ဟောအပ်၏၊

အဘယ်တရားတို့နည်း-။ လ ။ မသိမှု (အဝိဇ္ဇာ) ချုပ်ရာ ဆင်းရဲသံသရာချုပ်သော မဇ္ဈိမပဋိပဒါတရားပင်တည်း။"

ဤ၌ဖော်ပြသော မဇ္ဈိမပဋိပဒါတရားမှာ-အမှန်တရားကိုမသိမှု (အဝိဇ္ဇာ)ချုပ်သော-အမှန်တရားကိုသိမှု (ဝိဇ္ဇာ) ကိုပင် ဦးတည်ချက်နှင့် ဟောထားပေရာ-ဓမ္မစကြာဟောပုံနှင့် ပုဒ်ဗျည်းသာကွဲသည် သဘောတရားမှာ တထပ်တည်းပင်ဖြစ်သည်၊ အခြားသော အစေလကဿပသုတ်, တိမ္ဗရုကသုတ် စသည်တို့၌လည်း မဇ္ဈိမပဋိပဒါကို သစ္စာသိမှု ပဓာနပြုသော အကျင့်လမ်း မဂ္ဂင်ရှစ်ပါးကို ဟောတော်မူသည်ဖြစ်ရာ-သစ္စာအသိမှန်မှ-မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်မည်ကို သတိပြုပါ၊ မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ဗုဒ္ဓမြတ်စွာ၏ တခုတည်းသော သာသနာ့လမ်းစဉ် ဖြစ်သောကြောင့် ထိုလုပ်ငန်း မဇ္ဈိမ မကျက တဖက်ဖက်သို့၊ ဝါ-သဿတ,ဥစ္ဆေဒ တဖက်ဖက်သို့ အလိုလို ကျရောက်သွားမည် ဖြစ်သောကြောင့် သာသနာလုပ်ငန်း လုပ်သူတို့သည် မိမိတို့၏အလုပ်ကို မဇ္ဈိမပဋိပဒါ ကျ,မကျ စိစစ်ဖို့ လိုလေသည်။

မြတ်စွာဘုရားသည် 'ငါးယောက်အစု' (ပဉ္စဝဂ္ဂီ)တို့အား မိမိဟောလိုသည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို မဟောမီ၊ မဇ္ဈိမပဋိပဒါ၏ ဆန့်ကျင်ဖက် ကိလေသာ အစွန်း ၂-ဖက်တို့ကို စွန့်ခွါပယ်ရှင်းခိုင်းပြီးသည့်၏အခြားမဲ့၌-ထိုကိလေသာတို့ မကပ်မငြိ,မဆိုက်မထိသော လမ်းစဉ်ပေဟု သိစေတော်မူကြောင်းကို....

"ချစ်သားတို့-ငါဟောမည့် မဇ္ဈိမပဋိပဒါ လမ်းစဉ် ဟူသည်-ထိုကဲ့သို့ သံသရာတွင် မြုပ်တတ်သော, မျော

တတ်သော ကိလေသာကပ် လမ်းစဉ်မဟုတ်၊ ထိုလမ်းစဉ် မျိုးမှ တပါးတခြားဖြစ်သော အလယ်လမ်း အကျင့်မျိုး သည်-သတ္တဝါတို့အား ဆင်းရဲသံသရာမှပြတ်သော ဉာဏ် အမြင်ဖြစ်စေခြင်းငှါ, ကိလေသာမီးငြိမ်းခြင်းငှါ, အမှန် တရား(သစ္စာ)လေးပါးတို့ကို ဉာဏ်အထူးဖြင့် သိခြင်းငှါ, ထိုးထွင်း၍ သိခြင်းငှါ, အစွဲကင်းပျောက်အေးငြိမ်းခြင်း (နိဗ္ဗာန်)သို့ ရောက်ခြင်းငှါ-ငါဘုရားတို့သည်သာလျှင် ကိုယ်တိုင်ရှာဖွေ၍-ရလာ, သိလာခြင်းဖြစ်၏"

ဟု ဟောတော်မူလေသည်။

'အကျင့်လမ်းစဉ်' ဟု ဆိုသဖြင့် အခြားသော အကျင့်ဟူ၍ သမုတ်မှတ်ယူကြသော·မိမိကိုယ်ကို စိတ်ကို ပင်ပန်းဆင်းရဲစေတတ် သော အကျင့်မျိုးကို အသူမမှားစေရန် ထိုမဇ္ဈိမပဋိပဒါ၏ သရုပ် သဘောကို 'မဂ္ဂင်ရှစ်ပါး' ဟု ထုတ်ဟောတော်မူသည်၊ ထိုမဂ္ဂင် ရှစ်ပါး မှန်မှသာလျှင် မှန်ကန်စွာကျင့်သောလမ်းဖြစ်၍ 'သမ္မာ· ပဋိပတ္တိ, သမ္မာပဋိပန္န'ဖြစ်ကြောင်း....အဋ္ဌကထာ၌—

"ဘဂဝါပန-မြတ်စွာဘုရားသည်ကား၊ဥဘော-နှစ်ပါး ကုန်သော၊ ဧတေအန္တေ-ထိုအစွန်းတရားတို့ကို၊ ဝဇ္ဇေတွာ- ကြဉ်ဖယ်၍.... ဘိက္ခဝေ·ချစ်သားတို့၊ တထာဂတေန·ငါ ဘုရားသည်၊အဘိသမ္ဗုဒ္ဓါ·ထိုးထွင်း၍သိအပ်သော၊ စက္ခု· ကရဏီ·ပညာမျက်စိကို ပြုတတ်သော၊ ယာ မဇ္ဈိမပဋိပဒါ- အကြင် အလယ်လမ်းကြောင်းမဂ္ဂင်အကျင့်သည်၊ အတ္ထိ·

ရှိ၏၊ ဣတိဝေ-ဤသို့၊ ဝုတ္တာ-ဟောတော်မူအပ်သော ကြောင့်၊ သာ မဇ္ဈိမပဋိပဒါ-ထို အလယ်လမ်းကြောင်း မဂ္ဂင်အကျင့်သည်၊ သမ္မာပဋိပတ္တိ-ကိလေသာအစွန်းလွတ်၍ ကောင်းသောအကျင့် မည်၏၊ တံဝေ-ထိုမဂ္ဂင်အကျင့်ကို ပင်လျှင်၊ ပဋိပန္နော-ကျင့်အပ်၏၊ တသ္မာ ထို့ကြောင့်၊ နစအတ္တ ကိလမထနုယောဂံ-ကိုယ်ပင်ပန်း, စိတ်ပင်ပန်းစွာ ကျင့်အပ်သော အကျင့်မျိုးမဟုတ်၊ ဣတိအာဒိ-ဤသို့ အစရှိသောစကားကို၊ အာဟ-ဟောတော်မူ၏"

ဤသို့-ပါထိကဝဂ္ဂဋ္ဌကထာ(၈၀)တွင် အသေအချာ ဖော်ပြထားပေသည်၊ ကျွန်ုပ်တို့သည် ဗုဒ္ဓဘုရား၏အယူလမ်းစဉ်ကို လက်ခံသူတို့ ဖြစ်သဖြင့် ဗုဒ္ဓ၏ဝါဒမှန်ကို တိကျစွာ လိုက်နာအပ်ပေသည်၊ အတိုချုပ်အားဖြင့် 'ဗုဒ္ဓဝါဒီဟူသည် မဇ္ဈိမပဋိပဒါဝါဒကို လိုက်နာကျင့်သုံးသူ'ဟု အဓိပ္ပါယ်ရသည်၊ အဘယ့်ကြောင့်ဟူမူ-ဗုဒ္ဓဝါဒသည် ကိလေသာကို ပယ်ခွါတိုက်ဖျက်သောဝါဒ ဖြစ်၍ပင်တည်း၊ မဇ္ဈိမပဋိပဒါမှန်လာလျှင် ကိလေသာ ကင်း၍မရချေ၊ ထို့ကြောင့်လည်း ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌....

"မဇ္ဈိမာတိ-မဇ္ဈိမဟူသည်ကား၊သံကိလိဋ္ဌသုခဒုက္ခာနံ-ကိလေသာအညစ်အကြေးဖြစ်သောချမ်းသာဆင်းရဲတို့၏၊ အဘာဝါ-မဖြစ်ခြင်းကြောင့်၊ မဇ္ဈေ-ထို ကိလေသာဖြစ်သော ချမ်းသာဆင်းရဲတို့၏ အလယ်၌၊ ဘဝါ-ဖြစ်သည် တည်း၊ ဣတိတသ္မာ-ထိုသို့ ချမ်းသာဆင်းရဲတို့ မဖြစ်-မပေါ်ရသော သတ္တိကြောင့်၊ မဇ္ဈိမာ-မဇ္ဈိမ မည်၏"

ဟူ၍ ဖော်ထုတ်ထားပေရာ-သံသရာဝဋ်ပြတ်လို၍ ဘုရားအဖြစ်ကို စောင့်ကြိုနေကြသော (ပဉ္စဝဂ္ဂီ)ရသေ့တို့အဖို့-မကြားစဖူး ထူးထူး ဆန်းဆန်းတရားဟူ၍ စိတ်ဝင်စားကြလေကုန်သည်။

(မှတ်ချက်....မဇ္ဈိမပဋိပဒါလမ်းစဉ် အကျယ်ကို ကျွန်ုပ်တို့ ရေးသားအပ်သော "မဇ္ဈိမဉာဏ် သိဘို့ရန်"တွင် ကြည့်ရှုပါရန်)

"မဂ္ဂင်ရှစ်တန်-မဇ္ဈိမ်" (ပဉ္စဝဂ္ဂီ) ငါးယောက်အစုတို့အား ဟော မည့် မဇ္ဈိမပဋိပဒါ လမ်းစဉ်တရားကို နာယူရန် စိတ်ဝင်စားခိုက်တွင် မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါ ဖြစ်ကြောင်း မဂ္ဂင်ရှစ်ပါး သရုပ်သကန်ကို ဟုတ်မှန်စွာ ဖော်ပြ ဟောကြားတော်မူလေသည်။

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ-သေယျထိဒံ—

— သမ္မာ ဒိဋ္ဌိ
— သမ္မာ သင်္ကပ္ပေါ
— သမ္မာ ဝါစာ
— သမ္မာ ကမ္မန္တော
— သမ္မာ အာဇီဝေါ
— သမ္မာ ဝါယာမော
— သမ္မာ သတိ
— သမ္မာ သမာဓိ"

"ချစ်သားတို့-အစွန်း ၂-ပါး ကိလေသာတရားတို့သို့ မကပ် မထိပဲ ကျင့်အပ်သော အလယ် လမ်းမသည် ကျယ်ပြော ဖြောင့်စင်း ခလုပ်ကံသင်း ဆူးငြောင့်ကင်း သောလမ်း ဖြစ်သည်ကို ငါကိုယ်တိုင် သိရှိ တွေ့မြင်ခဲ့ရ လေပြီ၊ ထိုအလယ်လမ်းမ-မဇ္ဈိမဟူသည် အဘယ်နည်း—

မှန်သော အမြင်
မှန်သော ကြံစည်မှု
မှန်သော (ဝစီ)နှုတ်မှု
မှန်သော (ကာယ)ကိုယ်မှု
မှန်သော အသက်မွေးမှု
မှန်သော အားထုတ်မှု
မှန်သော ဂရုစိုက်မှု
မှန်သော တည်ငြိမ်မှု

ဟူသည့် ရှစ်ပါးပင်တည်း၊ ဤအင်္ဂါရှစ်ပါးနှင့် ညီညွတ် ပြည့်စုံသော လမ်းစဉ်အကျင့် မှန်လာပါက ရအပ်သည့် အကျိုးတို့သည်....

၁။ 'ဥပသမာယ'-ကိလေသာမီးငြိမ်းခြင်း,

၂။ 'အဘိညာယ'-သစ္စာလေးပါးကို ဉာဏ်တူ နှင့် သိခြင်း,

၃။ 'သမ္ဗောဓာယ'-သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း,

၄။ 'နိဗ္ဗာနာယ သံဝတ္တတိ' - အစွဲလွတ် အေးငြိမ်းမှု (နိဗ္ဗာန်)ကို ရခြင်း"

ဟူ၍ နိဂုံးချုပ် ဟောတော်မူလေသည်၊ ထိုမဂ္ဂင်လုပ်ရပ် မဇ္ဈိမပဋိပဒါလမ်းကြောင်း ဖြောင့်မတ်သော ယောဂီတို့အတွက် အဋ္ဌကထာ ဖွင့်ပြချက်အရ....

'စက္ခုကရဏီ' ဟူသည်ကား-ပရမတ်ရုပ်နာမ်ကို မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရမှုကို ဆိုသည်၊

'ဉာဏကရဏီ' ဟူသည်ကား-ဘာဝနာဉာဏ်အစ·မဂ်ဉာဏ်အဆုံးရှိသော ဉာဏ်တို့ ပေါ်လာမှုကို ဆိုသည်၊

'ဥပသမာယ' ဟူသည်ကား-ကိလေသာ အဆင့်ဆင့် ချုပ်ငြိမ်းမှုကို ဆိုသည်၊

'အဘိညာယ' ဟူသည်ကား-သစ္စာလေးပါးကို အထူးသိမှုဟု ဆိုသည်၊

'သမ္ဗောဓာယ' ဟူသည်ကား-သစ္စာလေးပါးကို ထိုးထွင်း၍ ဖိုလ်ဉာဏ်အသိသိမှုကို ဆိုသည်၊

'နိဗ္ဗာနာယ သံဝတ္တတိ' ဟူသည်ကား-ကိလေသာနှင့် တကွ ခန္ဓာပါ ငြိမ်းအေးသော အစွဲလွတ် မီးငြိမ်းသော နိဗ္ဗာန်ရမှုကို ဆိုသည်။

(မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ·၃၂၉)

မဇ္ဈိမပဋိပဒါသဘောကို ကျွန်ုပ်တို့ဖော်ပြခဲ့ပြီ၊ အလုပ်သဘော ဉာဏ် သက်ဝင်ရန် အလုပ်လုပ်သောယောဂီတို့အတွက် ကျွန်ုပ်တို့ သဘောပေါက်သရွေ့ ရှင်းပြပါမည်၊

"မဇ္ဈိမ=အလယ်လမ်းကြောင်း"
"ပဋိပဒါ=အကျင့်"
"မဇ္ဈိမပဋိပဒါ=အလယ်လမ်းကြောင်းအကျင့်"

မည်သို့ အလယ်လမ်းကြောင်းကို 'ကျင့်ရမည်နည်း'ဟု မေးလေသော်-အစွန်းမဟုတ်သော အလယ်လမ်းကြောင်းအကျင့်ဖြစ်ပေသည်၊ မကပ်မရောက်ရမည့် အစွန်း ၂-ပါးကို အကျယ်တဝင့် ဖော်ပြခဲ့ပြီးပြီ၊ အစွန်းလွတ်သောတရားဟူသည် တနည်းအားဖြင့် လောဘ,ဒေါသ,မောဟကိလေသာ မဖြစ်-မရှိ-မကပ်သော ပရမတ္ထ သဘောတရား ဖြစ်ပေသည်၊ ကိလေသာဟူသည်....

'အာရုံပညတ်-စွဲယူမှတ်-ဖြစ်တတ်ကိလေသာ'
'ပရမတ်အာရုံ-သိခိုက်ကြုံ-ပြတ်ကုန်ကိလေသာ'

ဟူသော ဆောင်ပုဒ်ကို ယောဂီတို့ရထားလျှင် ကိလေသာဖြစ်သော အာရုံသည် ပညတ်၊ ကိလေသာ မဖြစ်ရုံတွင်မက ပြတ်အောင်, ကုန်အောင် သိရသောအာရုံသည် ပရမတ်ဟု နားလည်လာမည်၊ ယင်းသို့ နားလည်လာသည်နှင့်အမျှ ပရမတ်အာရုံဖြစ်သော မဇ္ဈိမ ပဋိပဒါကို ပိုမို၍ သဘောပေါက်လာမည်၊ ခန္ဓာပရမတ်ကို လေ့လာရှုကြည့်မည့် အသိဉာဏ်သည် ကိလေသာလွတ်သောအသိ ဖြစ်ရန်လိုသည်၊ ကိလေသာသည် ပညတ်ကို နှလုံးသွင်းမှားကာ

စွဲယူမှု ဖြစ်လေသည်၊ စွဲယူဘတ်သော အသိစိတ် လွတ်ရမည် ဖြစ်သည် ...

"စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာသံကိလိဿန္တိ"

"စိတ်အသိ ညစ်နွမ်းခြင်း (ကိလေသာ)ကြောင့် သတ္တဝါတို့ ညစ်နွမ်းကုန်သည်"

ဟု-ခန္ဓဝဂ္ဂတွင် မြတ်စွာဘုရား ဟောတော်မူရာ-လေ့လာသော အသိစိတ် ညစ်နွမ်းလျှင် သတ္တဝါ ညစ်နွမ်းသည်၊ အသိစိတ် စင်ကြယ်လျှင် သတ္တဝါ စင်ကြယ်လေသည်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်ကျကျ သိရမည်ဖြစ်သော သမ္မာဒိဋ္ဌိသည် ခန္ဓာပရမတ်ကို လေ့လာရာ၌-ပညတ်ကိလေသာ အစွန်းမကပ်သော အသိမှန်နှင့် သိမှသာ ကိလေသာလွတ်လမ်း (မဇ္ဈိမပဋိပဒါ) ကျလေသည်၊ ယောဂီတို့ ဝေဖန်ကြည့်စေလိုသည်၊ မိမိတို့သည် ကိလေသာမှ လွတ်ရန် အားထုတ်နေသူမှန်၏၊ အစွန်း ၂-ပါးသည် ကိလေသာ ဖြစ်သည်ဆိုလျှင် ထိုအစွန်းကို ရှောင်ရပေမည်၊ မြတ်စွာဘုရား၏ အညွှန်းကို ကြည့်ပါ....

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"

"ချစ်သားတို့(ကိလေသာ)အညစ်အကြေးကို ပယ်ခွါ နိုင်ထုတ်လိုသောသူသည်၊ ဤအညစ်အကြေး ကိလေသာ အစွန်း ၂-ပါးကို မမှီဝဲအပ်၊ မသုံးဆောင်အပ်"

ဟု-ရှေးဦးစွာ ဟောတော်မူထားရာ-မြတ်စွာဘုရား၏ အမိန့် တော်အတိုင်း ကိလေသာအစွန်းမကပ်လျှင် ကိလေသာလွတ်သော

အလယ်လမ်းကြောင်း ဖြောင့်သွားမည်ကား သေချာပါသည်၊ အစွန်း ၂-ပါးကို ကျွန်ုပ်တို့ ဖယ်ထုတ်ရာ၌ အလွန်ပုံကြီးချဲ့ခဲ့သည် မဟုတ်ပေ၊ ဤမဇ္ဈိမပဋိပဒါ လမ်းစဉ်တွင် ထိုအစွန်း ၂-ပါး ကိလေသာများ လုံး၀ ပါ၀င်၍မရကြောင်းကို အနုသအချာ သိသဖြင့် မိမိဉာဏ်စွမ်းရှိသမျှ ချဲ့ထွင်ရှင်းလင်းခဲ့ခြင်း ဖြစ်သည်၊ သို့ရာတွင် မဇ္ဈိမပဋိပဒါ ကိလေသာလွတ်လမ်းစဉ် သဘောတရား အနေနှင့်မူ-ချွင်းချက်မရှိ လက်ခံနိုင်ရန် အရည်အချင်းသင် မပြည့် မမှီသေးကြောင်း တွေ့ရသည်၊ အကယ်၍ အရည်အချင်းပြည့် ကိလေသာ ပယ်ခွါနိုင်ဘိမူ-ဤမျှ ကျွန်ုပ်တို့ အင်တိုက်အားတိုက် လုပ်စရာလိုမည်မဟုတ်ပေ။

မဇ္ဈိမပဋိပဒါ(ခန္ဓာပရမတ်ကို လေ့လာရေးအဖွဲ့)တွင် သမ္မာဒိဋ္ဌိ ခေါင်းဆောင်သော အဖွဲ့၀င် ၈-ဦး ပါ၀င်သည် ခေါင်းဆောင် သမ္မာဒိဋ္ဌိသည် ခန္ဓာပရမတ်၏ သဘောဘာရာအမှန်ကို အမှန် အတိုင်းသိရန် လေ့လာမည်၊ သမ္မာဒိဋ္ဌိက အမှန်ဘာရား(ပရမတ်)ဟု သိသည်နှင့် နောက်ပါ ၇-ဦးသားတို့ကလည်း 'သမ္မာ'ဟူသော 'အမှန်'ကိုယူ၍ အမှန်ပရမတ်ပေါ်မှာရပ်တည်ကြပြီးလျှင် ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းခွင်သို့ ၀င်ရောက်ကြတော့သည်၊ ဆိုလိုသည်မှာ ၎င်းတို့လုပ်ဆောင်သမျှ ကိစ္စအရပ်ရပ်သည် အမှန်တရားပရမတ် အပေါ်မှာသာ ရပ်တည်၍ အမှန်ပရမတ် အလုပ်ချည်းသာ လုပ်ကြလေသည်၊ သို့ဖြစ်၍ ခေါင်းဆောင်ဖြစ်သော သမ္မာဒိဋ္ဌိ လမ်းမှန်သိရန်မြင်ရန်သာ အဓိကကျလေသည်။

## 'သမ္မာဒိဋ္ဌိ–ဘာမြင်သနည်း'

ခန္ဓာ၏ပင်ရင်း အမှန်သဘော (ပရမတ်)ကို လေ့လာသော သမ္မာဒိဋ္ဌိသည် မည်သည်ကို အမှန်မြင်သနည်း ဟု ယောဂီတို့ သိလိုပေလိမ့်မည်၊ သိမှလည်း အလုပ်ဖြစ်မည်၊ ယောဂီ သတိထား ကြည့်ပါ၊ သမ္မာဒိဋ္ဌိလေ့လာမည့်ခန္ဓာသည်....

"ဉာတဒ္ဌနာမံ-ဉာတဒ္ဌရူပံ-ဉာတံဝုစ္စတိ နာမရူပံ"

"ဤသည်ကား သိသဘော, ဤသည်ကား ဖောက်ပြန်သဘော၊ ဤသိသဘော, ဖောက်ပြန်သဘောကိုပင်လျှင် 'နာမရူပ'ဟု ခေါ်ဆိုအပ်၏"

ဟူ၍ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်-ဝိဘင်းတွင် ဟောတော်မူထား ရကား-ဤခန္ဓာ၏ အဖွဲ့အစည်းသည် သိသဘောနှင့် ဖောက်ပြန် သဘောတို့ စုပေါင်းအဖွဲ့အစည်း ဖြစ်သည်ကို ယောဂီတို့ သိထားပြီး ဖြစ်ရမည်၊ ဤသဘောတရားသည် ပင်ကို ပကတိခန္ဓာ၏ အရှိ သဘောဖြစ်သည်၊ ခန္ဓာ၏ အမှန်သဘောဖြစ်သည်၊ ယင်းအရှိ တရား, အမှန်တရားကို အမှန်အတိုင်း လေ့လာမည့် သမ္မာဒိဋ္ဌိ မည်သည်ကိုသိမှ အမှန်သိဖြစ်မည်၊ မည်သည်ကိုမြင်မှ-အမှန်မြင် ဖြစ်မည်ကို ယောဂီတို့ လေ့လာပါ၊ သို့ရာတွင် အလေ့လာခံရမည့် ခန္ဓာ၏အမှန်သဘောကိုကား သိထားပါပြီ လေ့လာမည့် သမ္မာ ဒိဋ္ဌိသည်လည်း အဘယ်သဘောနည်း-ဟု သိလိုသော ယောဂီများ အတွက် မိမိတို့သုပ်ငန်းကိစ္စတွင် အဓိကအကျဆုံးသော သမ္မာ ဒိဋ္ဌိကို ဖော်ပြဟောကြားတော်မူလိုသော မြတ်စွာဘုရားသည်....

"အနိစ္စသညာ ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿဟောတိသမ္မာဒိဋ္ဌိ"

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၄၂)

"ချစ်သားတို့၊ ပျက်နေသည်သာလျှင် ဖြစ်သော ဖောက်ပြန်မှုသဘောတရားကို ဖောက်ပြန်မှုသဘောသည် ပျက်နေသည်ဟု-သိအံ့၊ မြင်အံ့၊ ထိုကဲ့သို့မြင်သော အမြင်သည် ခန္ဓာ၏ အမှန်တရားကို သိဖို့ မြင်ဖို့ လေ့လာသော ယောဂီအား မှန်သောအမြင်(သမ္မာဒိဋ္ဌိ)ဖြစ်၏"

(ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ထို့အတူ)

သမ္မာဒိဋ္ဌိ၏ အမှန်မြင်မှု အရည်အချင်းသည်-'မူလ ပင်ကိုက ပျက်နေသော ဖောက်ပြန်မှုကို-၎င်း၏အတိုင်း ဖောက်ပြန်မှုတို့ ပျက်နေသည်' ဟု မြင်လျှင်-အမှန်မြင်သည်, အမှန်သိသည်ဟု ဆိုထားပေရာ၊ ယောဂီတို့ တရားအားထုတ်ရာတွင် သမ္မာဒိဋ္ဌိ ဖြစ်မဖြစ် စစ်ဆေးသိရှိနိုင်ပေပြီ၊ ခန္ဓာပရမတ်၏ ဖောက်ပြန်မှု အမှန်သဘောအပျက်ကို-ဓမ္မသဘောအရ-'ဖောက်ပြန်မှု, ပျက်မှု' ဟု မသိသေးက သမ္မာဒိဋ္ဌိမဖြစ်၊ သမ္မာဒိဋ္ဌိမဖြစ်က သမ္မာသင်္ကပ္ပ စသော မဂ္ဂင်တို့မဖြစ် မဂ္ဂင်တို့မဖြစ်က မဇ္ဈိမပဋိပဒါလမ်းစဉ် မဟုတ်တော့ပြီ၊ တရားအားထုတ်သောယောဂီတို့ လွယ်လွယ်ကူကူ လေ့လာ သိမှတ်နိုင်စေရန် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျွန်ုပ်တို့ ဖော်ထုတ်ရာ၌ သဘောပေါက်နားလည်စေရန်....

(ရူပံ) 'ဖောက်ပြန်မှု'

(နာမံ) 'သိမှု'

ဟု-ခန္ဓာ၏ ပင်ရင်းကို ထုတ်ဖော်ထားသည်၊ ယောဂီသည် ခန္ဓာ၏ ဤအရင်းခံ သဘောတရားကို မရေလည် သဘော မပေါက်က မည်သည်ကို ဝိပဿနာရှုမည်နည်း၊ ခန္ဓာအရှိသည်...

'ဖောက်ပြန်မှု, သိမှု'

လေ့လာသောဉာဏ်သည် ဖောက်ပြန်မှုကို ဖောက်ပြန်မှု, သိမှုကို သိမှု-ဟု သိနေက အမှန်သိ, အမှန်မြင် သမ္မာဒိဋ္ဌိ ဖြစ်လေပြီ၊ ခေါင်းဆောင်သမ္မာဒိဋ္ဌိ နေရာမှန်လျှင် နောက်လိုက်သမ္မာသင်္ကပ္ပ စသည်တို့ ဆိုင်ရာဆိုင်ရာတွင် နေရာယူပြီးဖြစ်ကြပြီ၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်မှန်ပြီ၊ မဇ္ဈိမပဋိပဒါဟူသည်....

၁။ 'စိတ်ဓာတ် ပျော့ညံ့သောကြောင့် လျော့လွန်းသော သဿတဒိဋ္ဌိအစွန်း'

၂။ 'စိတ်ဓာတ် တက်ကြွသောကြောင့် တင်းလွန်းသော ဥစ္ဆေဒဒိဋ္ဌိအစွန်း'

ဤ ၂-ပါးမှလွတ်သော ခန္ဓာအရှိကို 'မလျော့-မတင်း'မှန်မှန် သိနေသော အစွန်းလွတ်လမ်းစဉ် ဖြစ်လေသည်၊ ခန္ဓာ၏ သဘော တရားအမှန်ကို အမှန်အတိုင်းသိရာ၌....

၁။ 'သဘောကျမှု-နှစ်သက်မှု-ကျေနပ်မှု-သာယာမှု-ပါက အလယ်လမ်းကြောင်း-ဟူသော မဇ္ဈိမပဋိပဒါ၏ သိက္ခာကို ထိခိုက်လေသည်၊ ယောဂီ စဉ်းစားပါ-လောဘအစွန်း'

၂။ 'မကျေနပ်မှု-မနှစ်သက်မှု-သဘောမကျမှု-ကသိကအောက်ဖြစ်မှု-ပါက အလယ် လမ်းကြောင်း

ဟူသော မဇ္ဈိမပဋိပဒါ၏သိက္ခာကို ထိခိုက်သည်၊
ဒေါမနဿ ဒေါသအစွန်း’

ဤအစွန်းလွတ်စေရန် လေ့လာသော သမ္မာဒိဋ္ဌိအမည် ခံယူ ထားသောဉာဏ်သည် ၎င်း၏ ‘ဘက်မလိုက်ဝါဒ’အရ ဘာကို ဘယ်လိုသိမှ အလုပ်သဘော တိကျမည်နည်း-ယောဂီ သတိမလစ် စေရန် အရေးကြီးပေသည်၊ ကျွန်ုပ်တို့၏ ရှုမြင်ချက်အရ ...

‘ဖောက်ပြန်နေတယ်-ပျက်နေတယ်’

ဤအညွှန်းကို ယောဂီတို့ အလုပ်သဘောနှင့် သိအောင် လေ့လာပါ၊ ဤသို့ ဤသို့ သိရုံ,သိရုံ သိ-သိနေပါက ‘နှစ်သက်, မနှစ်သက်, သဘောကျ,မကျ, သာယာ,မသာယာ’ အစွန်းမပါ တော့ပေ၊ နှစ်သက်,မနှစ်သက် စသော ကိလေသာအစွန်းဖက် လုံးဝ အသိစိတ်သည် မဝင်တော့ပေ၊ ‘သိစရာကိုသာ သိနေသော ကြောင့် ဖြစ်သည်’ ဤသိမှုသည် ခန္ဓာကိုသာ သိနေသည်, ပရမတ် ကိုသာ သိနေသည်, အမှန်ကိုသာ သိနေသည်-‘သဘောကျစရာ- မကျစရာ ဟူသော ကိလေသာကာမ’အာရုံမပြု၍ မဖြစ်တော့ပေ၊ မဇ္ဈိမပဋိပဒါလမ်းစဉ်တွင် သမ္မာဒိဋ္ဌိသည် လုံးဝ တာဝန်အရှိဆုံး ဖြစ်သည် ပရမတ်အမှန်သဘောကို အမှန်အတိုင်း သိနေက မဇ္ဈိမ ပဋိပဒါလုပ်ငန်း အောင်မြင်ပေသည်၊ ကိလေသာအစွန်း ရောက် သော အသိသည် မဇ္ဈိမပဋိပဒါ တာဝန်ခံ သမ္မာဒိဋ္ဌိ၏ကိစ္စ မဟုတ်ပေ၊ ဆိုလိုသည်မှာ အစွန်းရောက်သောအသိအတွက် သမ္မာ ဒိဋ္ဌိမဟုတ်ဟု ဆိုလိုသည်၊ ဝိပဿနာသမ္မာဒိဋ္ဌိနှင့် ခန္ဓာပရမတ်ကို ရှုမြင်ရာတွင် ကိလေသာအမြင်နှင့် မမြင်ရန် အရေးကြီးသည်၊ မဇ္ဈိမ

ပဋိပဒါ၏ အမြင်အရ-ကိလေသာအစွန်းကို ပီပီပြင်ပြင် ဆန့်ကျင်သည်၊ ထိုအသိနှင့်တွဲဖက်၍ ဥပေက္ခာသည်လည်း ပါဝင်လာသည်။

'မဇ္ဈိမပဋိပဒါနှင့် ဥပေက္ခာ'

မဇ္ဈိမပဋိပဒါဟူသည်-ကိလေသာ အစွန်းလွတ်သော အလယ်လမ်းကြောင်း အကျင့်လမ်းစဉ်ဖြစ်၍-ဥပေက္ခာဟူသည် ချမ်းသာဆင်းရဲ ကိလေသာ ဘက်မလိုက်သော အသိလုပ်ငန်းဖြစ်ရကား ကိလေသာကို ခွါရာ သတ်ရာတွင် တူညီသောသဘောရှိပေသည်၊ တနည်း-လောဘ-ဒေါသ ကိလေသာ အစွန်းမကပ်သော သမ္မာဒိဋ္ဌိ ရှုချက်သည်ပင်လျှင် ယင်းကိလေသာဖြစ်တတ်သော ချမ်းသာဆင်းရဲကို ကိလေသာ အဖြစ်မခံပဲ ပင်ကိုသဘောတရားအတိုင်းရှုသွားခြင်းကို ဆိုလိုသည်။

ကျွန်ုပ်တို့သည် မဇ္ဈိမပဋိပဒါကို အင်္ဂါထား၍ တရားညွှန်ပြရာတွင် သဘောချင်းတူသော ဥပေက္ခာဝေဒနာရှုရပုံကိုပါတွဲ၍ အကောင်အထည်ဖော်သည်တွင် အချို့သောယောဂီများ အလုပ်ခွင်တွင် အတိအကျ ဉာဏ်မဝင်သဖြင့် သဘောမပေါက်ကြပေ၊ သို့အတွက် ဉာဏ်ဝင်သောယောဂီတို့မှတပါး-ဉာဏ်မဝင်သေးသော ယောဂီများအတွက် သဘောပေါက် နားလည်စေရန် အထူးရှင်းပြလိုသည်၊ အကြောင်းမှာ ဤရှုချက် မတိကျလျှင် အသိဉာဏ်ရင့်ဖို့ ခက်ပေလိမ့်မည်။

မြတ်စွာဘုရား၏ တရားတော်သဘာဝကို လေ့လာကြည့်လျှင် ရာဂ-ဒေါသ-မောဟ လွတ်မြောက်သောတရားတော်မူကို တွေ့နိုင်သိနိုင်ကြပေသည်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်မူကို ချမှတ်ရာ၌

ကိလေသာအစွန်းလွတ်သည့်လမ်းစဉ်ဖြစ်ကြောင်း သိရှိနိုင်ကြသည့် နည်းတူ သတ္တဝါတို့သည် မခံစားလျှင် မဖြစ်သော 'ဝေဒနာ'နှင့် ပတ်သက်ရာ၌လည်း ကိလေသာမပါသောခံစားမှုဖြစ်ရန်-ဥပေက္ခာ ဝေဒနာသဘောကို ဟောကြားတော်မူသည်၊ ဥပေက္ခာဝေဒနာမှ တပါးသောဝေဒနာတို့ကိုလည်း ဟောကြားခဲ့သည်မှန်၏၊ မြတ်စွာ ဘုရားတို့မည်သည် သဘောဘရားတခုကို လေ့လာရာ၌-အကြွင်း အကျန်မရှိအောင် လေ့လာသိရှိတော်မူသည်၊ အခြားတပါးသော သမဏ ဗြာဟ္မဏ တစုံတယောက်ကမျှ ကြွင်းကျန်သည်ဟု ထောက်ပြ စရာမကျန်အောင် သိရှိတော်မူသည်၊ အဏုမြူမျှလောက် သင်္ခါရ တရား တစုံတခုကိုသော်လည်း ဉာဏ်တော်ဖြင့် ဝေဖန်တော် မူရာ၌ မမြင်နိုင်သည်, မနှိုင်းချိန်နိုင်သည်, မလွန်မြောက်နိုင်သည်, မျက်မှောက်မပြုနိုင်သည်ဟူ၍ မရှိပေ....

"ဗုဒ္ဓါနံ ပန အဏုပ္ပမာဏမ္ပိ သင်္ခါရဂတံ ဉာဏေန အဒိဋ္ဌမတုလိတမတီရိတမသစ္ဆိကတံ နတ္ထိ"

(မူလပဏ္ဏာသဋ္ဌကထာ-၅၄)

"ဗုဒ္ဓါနံပန-မြတ်စွာဘုရားတို့အားကား၊ အဏုမပ္ပမာ- ဏမ္ပိ-အဏုမြူပမာဏမျှလည်း၊ သင်္ခါရဂတံ-သင်္ခါရတရား ကို၊ ဉာဏေန-ဉာဏ်ဖြင့်၊ အဒိဋ္ဌံ-မမြင်နိုင်သည်၊ အတုလိတံ- မနှိုင်းချိန်နိုင်သည်၊ အတီရိတံ -မလွန်မြောက်နိုင်သည်၊ အသစ္ဆိကတံ-မျက်မှောက်မပြုနိုင်သည်၊ နတ္ထိ-မရှိချေ"

မည်သည့် သင်္ခတ,သင်္ခါရ,အသင်္ခတ,အသင်္ခါရ စသော တရား မျိုးစုံကို အကုန်မကျန် သိတော်မူသော ညေယျဓမ်တရားပိုင်ရှင်

ဖြစ်တော်မူသောကြောင့် ဝေဒနာဟူသော ခံစားမှုဆိုင်ရာတွင် မကြွင်းမကျန်အောင် ဟောတော်မူသည် မှန်၏၊ သို့ရာတွင် ကိလေသာလွတ်အောင်သွားလျှင်ကား....

'ပဋိစ္စသမုပ္ပါဒ်နှင့် ဥပေက္ခာဝေဒနာ'

ယောဂီတို့သည် သံသရာစန္ဒာ–တနည်း ပဋိစ္စသမုပ္ပါဒ်သံသရာမှ လွတ်လို ထွက်လိုသောကြောင့် တရားအားထုတ်ကြသည်ကား အမှန်ပင်၊ ယောဂီတို့ ထွက်လိုသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သံသရာတွင် မည်သည့်နေရာမှ ထွက်မည်နည်းဟု မေးလျှင် 'ဝေဒနာနှင့် တဏှာ'အကြားက ထွက်ပါမည်ဟု တသံထည်း အဖြေပေးကြပေသည်၊ မှန်ပါသည်၊ 'ဝေဒနာနှင့် တဏှာ'ဆက်မသွားမီ ပစ္စုပ္ပန်အခိုက်တွင် ထွက်ကြရပါသည်၊ မည်သို့မည်ပုံ သိရှိ၍ ရှု၍ မည်ကဲ့သို့ ထွက်သနည်းဟု အလုပ်သဘာဝကျစွာ ဖြေပါဟု ဆိုလျှင် ဥပေက္ခာဝေဒနာသဘောကို မသိက ယောင်ဝါးဝါး ဖြစ်ပေလိမ့်မည်၊ထိုသို့မဖြစ်ရလေအောင် ပဋိစ္စသမုပ္ပါဒ်သံသရာစက် ဖြတ်ထွက်နည်းကို သဘောပေါက်အောင် လေ့လာပါ...

ပဋိစ္စသမုပ္ပါဒ်တွင် 'ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ'ဟု ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းတစပ်တွင် တွေ့နိုင်သည်၊ ယင်းတွင် တွေ့ထိမှု(ဖဿ)၆-ပါးကြောင့် ဆိုင်ရာ ခံစားမှု(ဝေဒနာ)၆-ပါး ဖြစ်သည်၊ ထိုဝေဒနာ ၆-ပါးသည် မျက်စိနှင့်အဆင်း တွေ့ထိရာ၌ 'သုခ,ဒုက္ခ,ဥပေက္ခာ'၃-မျိုး နားနှင့် အသံ တွေ့ထိရာ၌ ၃-မျိုးစသောအားဖြင့် '၁၈'မျိုး ဖြစ်သည်၊ လိုအပ်သော အချုပ်မှာ–'သုခ,ဒုက္ခ,ဥပေက္ခာ'ဝေဒနာ ၃-မျိုးသာ

သံသရာလယ်မှု-ပြတ်မှုဖြစ်နိုင်ရကား - ဖဿကြောင့် သုခဝေဒနာ ထင်လျှင် ထိုဝေဒနာကြောင့်-တဏှာဟူသော လယ်လမ်းသွားမည်၊ ဖဿကြောင့်-ဒုက္ခဝေဒနာထင်လျှင် ထိုဝေဒနာကြောင့်-ပဋိဃသာ ဟူသော လယ်လမ်းသွားမည်။

ဝေဒနာ ၃-မျိုးတွင် သုခ,ဒုက္ခ ၂-မျိုးသည် ကိလေသာဖြစ်၍ လောဘ-ဒေါသ-မောဟ-လယ်လမ်းသို့ သွားသည်ဆိုလျှင် ထွက်စရာသည် ဥပေက္ခာဝေဒနာတခုသာကျန်တော့ရာ-ခန္ဓာပရမတ်ကို မသိသောသူအတွက် ဤဥပေက္ခာဝေဒနာသည် မောဟ ကိလေသာ ဖြစ်၍ လယ်လမ်းသို့သာ သွားရန် သေချာလှသည်၊ တရားအားထုတ်သော ယောဂီသည် ချမ်းသာဟူ၍ မှတ်မရသကဲ့သို့-ဆင်းရဲမှတ်၍လည်း မရချေ၊ ထို့အတူ ခန္ဓာပရမတ်အပေါ်တွင် ပရမတ်ဟူ၍ အမှန်သဘော 'ဖောက်ပြန်မှု, သိမှု'ဟူ၍ မရှုကမသိကလည်း မောဟကိလေသာက ထွက်လမ်းကိုဖွင့်ပေးမည်လည်း မဟုတ်ချေ၊ ယောဂီတို့အား လိုရင်းကို အတိုချုပ်၍ ဆိုရလျှင် 'ဝေဒနာနှင့် တဏှာ'ကြားက ထွက်သည်ဆိုရာ၌ 'ဥပေက္ခာဝေဒနာကို ရှုသွားခြင်းသည်သာလျှင် တဏှာ(လောဘ)ဖက်သို့ မဆင်းပဲ၊ ပဋိဃ(ဒေါသ)ဖက်သို့မဆင်းပဲ-အဝိဇ္ဇာ(မောဟ)ဖက်သို့ မဆင်းပဲ-ထွက်မြောက်သွားမည်ဖြစ်သည်။

အလုပ်သဘော....ကျွန်ုပ်တို့သည် 'ကာယသမ္ဖဿဇာဝေဒနာ' ခန္ဓာကိုယ်တွင်းသို့ဉာဏ်သွင်း၍ကပ်၍သိခိုက်(ကာယ)ဖောက်ပြန်မှုသဘောတခုကို တွေ့နေသည်၊ သိနေသည်၊ ယင်းသည်-ကျွန်ုပ်တို့ သတိထားနေသော (ကာယနှင့် ဖောဋ္ဌဗ္ဗ) ကိုယ်နှင့် အထိအတွေ့ကြောင့် 'ထိ-သိ'ဟူသော ခံစားမှုတခုဖြစ်လာသည်၊ ယင်းသည်

'ဝေဒနာ'ဟူသောသဘော ဖြစ်၏၊ ထိုခံစားမှုကို ကျွန်ုပ်တို့က 'ဖောက်ပြန်မှု'ဟု ရှုနေသည်၊ သိနေသည်၊ အကြိမ်ကြိမ်သိနေသည်၊ ထပ်ကာထပ်ကာသိနေသည်၊ ဆင့်ကာဆင့်ကာသိနေသည်၊ ကျွန်ုပ်တို့၏ အသိသည် ဤသို့ ထပ်ကာတလဲလဲ သိနေသောကြောင့် (ဝေဒနာ) သို့မဟုတ် 'ခံစားမှု'ကို သိနေခြင်း-မှတ်မိအောင် သိနေခြင်း ဖြစ်လေသည်။

ဤသို့သိနေသော ကျွန်ုပ်တို့၏ အသိကို လေ့လာကြည့်စေလိုသည်၊ 'ဝေဒနာ ပစ္စယာ တဏှာ-သို့မဟုတ် ဝေဒနာ ပစ္စယာ ပဋိဃာ-သို့မဟုတ် ဝေဒနာ ပစ္စယာ အဝိဇ္ဇာ' တခုခု ဖြစ်နေသလော-ယောဂီ လေ့လာပါ၊ ထိုတွေ့ထိမှုကို ဖောက်ပြန်သဘောဟု သိနေဆဲ-ကြိမ်ဖန်များစွာ သိနေသော အသိသည် သိဖန်များလာသောကြောင့် သာမန်သိ-ဉာဏ်အဆင့်မှ အစိပ်စိပ်သိသော ပညာအဆင့်သို့ ရောက်လာလေသည်၊ ထိုပညာအဆင့်ရောက်သော ဉာဏ်သည် ခန္ဓာ၏ဖောက်ပြန်မှုဘို့ပျက်နေသည်ကို တွေ့လာ-သိလာတော့သည်၊ ခန္ဓာ၏အပျက်ကိုသိလာလျှင် ထိုသိမှုသည် 'ဥပေက္ခာဝေဒနာရှုချက်'ပင် ဖြစ်တော့သည်၊ သံသရာထွက်လမ်း-ပဋိစ္စသမုပ္ပါဒ်ထွက်လမ်းပင် ဖြစ်တော့သည်။

## 'ဝေဒနာဟူက-အနိစ္စ'

ယောဂီတို့-ဝေဒနာဟူသော စကားသည် 'အသိနာမ်'ဆိုင်ရာ ပရမတ်သဘောဖြစ်၏-ထိုဝေဒနာဟူသော ပရမတ်ကို (သုခ-ဒုက္ခ) ချမ်းသာဆင်းရဲ ပညတ်အမှတ်မတွဲလျှင် ရုပ်နာမ်ပရမတ်သည် ၎င်း၏ အပျက်လမ်းစဉ်သို့ သဘာဝအတိုင်း သွားသည်၊ ယောဂီ

တို့သည် 'ရုပ်နာမ်ပရမတ်ကို ဝိပဿနာရှုရသည်'ဟု သိနေပါလျက်၊ ကြွေးကြော်နေပါလျက် (သုခ, ဒုက္ခ) ချမ်းသာဆင်းရဲ ရှုနေရသည်ဟု ထင်မှားချက်ကား 'အသိခေါက်ခက်-အဝင်နက်လှချေတကား' ဤသို့ သတိထား၍ ဤသို့ မှတ်စေလိုသည်-ဟု ညွှန်ပြလိုသည်၊ (ဝေဒနာ)ခံစားမှုမှန်လျှင် အားလုံး အပျက်ချည်းသာ မှတ်ပါ၊ ခံစားမှုကို (ဉာတိနာမဿအတ္တဂ်မော) အပျက်ဟူ၍ ရှုနိုင်က ဥပေက္ခာဝေဒနာ ရှုခြင်းဖြစ်သည်ဟု အတိအကျမှတ်ပါ....

(ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟာရတိ)

(သတိပဋ္ဌာန်ပါဠိတော်)

"ခံစားမှု သဘောတရားတို့၌ အပျက်ကိုသာ ရှု၍နေပါ"

"သော သုခံ စေ ဝေဒနံ ဝေဒိယတိ၊
သာ အနိစ္စာတိ ပဇာနာတိ၊
ဒုက္ခံ စေ ဝေဒနံ ဝေဒိယတိ၊
သာ အနိစ္စာတိ ပဇာနာတိ၊
အဒုက္ခမသုခံ စေ ဝေဒနံ ဝေဒိယတိ၊
သာ အနိစ္စာတိ ပဇာနာတိ"

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၀၂)

"ထိုသူသည် အကယ်၍ ချမ်းသာခံစားသည်ဖြစ်အံ့၊ ထိုခံစားမှုသည် အပျက်ဟူ၍ သိ၏၊ ဆင်းရဲကို ခံစားသည်ဖြစ်အံ့၊ ထိုခံစားမှုသည် အပျက်ဟူ၍ သိ၏၊ အကယ်၍

ချမ်းသာမဟုတ်-ဆင်းရဲမဟုတ်သည်ကို ခံစားသည်ဖြစ်အံ့၊
ထိုခံစားမှုသည် အပျက်ဟူ၍ သိ၏”

(သုခဝေဒနာ) ချမ်းသာဟူ၍ တိုက်တွေ့ခံစားလျှင်-(အနိစ္စ) အချက်ဟုသာ ရှုရသည်-ချမ်းသာဟု မရှုရပုံ ဟောသည်၊ ဆင်းရဲ ခံစားရလျှင်လည်း ‘အပျက်’ဟုသာ ရှုရသည်၊ ဒုက္ခဝေဒနာဟူ၍ လည်းကောင်း-ဆင်းရဲ ခံစားသည်ဟူ၍လည်းကောင်း မရှုရပုံကို ဟောသွားသည်၊ အကယ်၍ ချမ်းသာမဟုတ်-ဆင်းရဲမဟုတ်သော သဘောတခုခု တွေ့လျှင်လည်း ‘အပျက်’ဟုသာ ရှုရကြောင်း ဟောထားရာ-မည်သည့် (ဝေဒနာ) ပရမတ်ခံစားမှု တခုခုမဆို ‘ချမ်းသာဆင်းရဲ’ ပညတ်တွဲလာက (အနိစ္စ) အပျက်ကို မြင်နိုင် သိနိုင်မည် မဟုတ်ချေ၊ (သုခ-ဒုက္ခ-ချမ်းသာဆင်းရဲ မှတ်မှုကား- ပညတ်၊ ဝေဒနာ=ခံစားမှုသက်သက်ကား-ပရမတ်) ဤကဲ့သို့ ကွဲပြားအောင် ခွဲခြား၍သိသော ယောဂီတို့သာလျှင် ဝေဒနာကို ရှုနိုင်သည်, ရှုဘတ်သည်၊ (ဝေဒနာ)ခံစားမှုသဘောတရားမှန်လျှင် ခံစားမှုတွင်ရပ်၍ ‘ချမ်းသာ,ဆင်းရဲ’မှတ်ရသောက်အောင် တည်တံ့ ခိုင်မြဲ၍မနေသည်မှာ ပရမတ်နာမ်တရားတို့၏သဘာဝပင်ဖြစ်သည်၊ ယောဂီတို့က ‘ဝိပဿနာ-ပစ္စုပ္ပန်-ဖြစ်ဆဲ ပျက်ဆဲ အခိုက်တွင် ရပ်သက် နာမ်သက်တို့ မရပ်မနား တရှိန်ရှိန် တသုတ်သုတ်နှင့် ကြီးစွာသော အရှိန်အဟုန်နှင့် ပျက်သွားနေခြင်း ဖြစ်ပါလျက် ပျက်သွားသောသဘောတရားတို့ဟူ၍ ယုံကြည်ပါလျက်’ချမ်းသာ- ဆင်းရဲ’မှတ်နေခြင်းကား အပျက်ကိုသာ ရှုရမည်ဟူသော (အနိစ္စာ- နုပဿနာ)ပြဓာန်းချက်မဟုတ်ပါပဲ-၎င်းအောက် အဆင့်နိမ့်သော

သတိအလုပ်, ပညတ်အလုပ်သာ’ဟု ရိုးသားစွာ သဘောပေါက် လေ့လျှင် ယောဂီသည် ရှေ့သို့ ပညာစခန်း, ပရမတ်စခန်းသို့ တက်ရောက်ရန် ယုံကြည်ချက် ထားနိုင်ပေသေးသည်၊ ယင်းသို့ မဟုတ်မူ၍ ‘ချမ်းသာ-ဆင်းရဲ’ ရှုခြင်းသည် ဝိပဿနာ ဖြစ်သည်၊ ပရမတ်မှန်သည်ဟုဆို၍ ရှုမြဲရှုနေ-ငြင်းမြဲငြင်းနေက ကျွန်ုပ်တို့ ဤမျှထက်ပို၍ ရှင်းနိုင်စွမ်း မရှိချေ၊ မှန်၏-ဤရှင်းချက်တို့သည် မြတ်စွာဘုရား ပါဠိတော်၏ ရှင်းချက်များဖြစ်ပေသည်၊ (အလွယ် တကူ သိလိုသူတို့အတွက် ဆဠာယတနသံယုတ်ပါဠိတော်-မြန်မာပြန်များကို ကြည့်ပါ၊ အတိ အကျ သိရပေလတ္တံ့) ဆက်လက်၍ လေ့လာလိုသော ယောဂီ အတွက်....

“သော ကာယေစ သုခါယစ ဝေဒနာယ အနိစ္စာနုပဿီ ဝိဟရတိ။လ။ သော ကာယေစ ဒုက္ခာယစ ဝေဒနာယ အနိစ္စာနုပဿီ ဝိဟရတိ။လ။ သော ကာယေစ အဒုက္ခမသုခါယစ ဝေဒနာယ အနိစ္စာနုပဿီ ဝိဟရတိ။”

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်-၄၁၄)

“ထိုတရားအားထုတ်သော ယောဂီသည် တိုက်တွေ့မှု ကာယဒ္ဒါရှင်း, ချမ်းသာခံစားမှုဒွါရှင်း-မမြဲခြင်း ဟူသော အပျက်ကို ရှုလျက်နေ၏။လ။ ဆင်းရဲခံစားမှုဒွါရှင်း-မမြဲခြင်းဟူသော အပျက်ကို ရှုလျက်နေ၏။လ။ တိုက်တွေ့မှု ကာယဒ္ဒါရှင်း, ချမ်းသာမဟုတ်-ဆင်းရဲမဟုတ်သော ခံစားမှု ဒွါရှင်း မမြဲခြင်းဟူသော အပျက်ကို ရှုလျက်နေ၏”

ယင်းသို့ မည်သည့် (သုခ-ဒုက္ခ-ဥပေက္ခာ) ခံစားမှုမဆို-ခံစားမှုသည် အပျက်ဟု လက္ခဏာဝင်အောင် ရှုမှ-သိမှ-ကိလေသာလွတ်ပုံ၊ သံယောဇဉ်လွတ်ပုံ၊ အနုသယမဖြစ်ပုံတို့ကို အစုံဟောထားသည်၊ ယောဂီသည် သံသရာလွတ်မှုတခုသာရည်ရွယ်၍ အားထုတ်လိုက-မြတ်စွာဘုရား၏ ဆန္ဒတော်ကို အစွမ်းနိုင်ဆုံးသိအောင် ဓမ္မက္ခန္ဓာတို့ကို ရှေးဦးစွာ လေ့လာပါ၊ (သံယုတ်မြန်မာပြန်များတွင် အထူးလေ့လာပါ)

ရင်းပြင် ဥပရိပဏ္ဏာသပါဠိတော်-ဆဠာယတနသံယုတ်တွင်လည်း သုခဝေဒနာဖြစ်၍ ရာဂမပယ်နိုင်လျှင်-ဒုက္ခဝေဒနာ၌ ဒေါသမပယ်နိုင်လျှင်-ဥပေက္ခာဝေဒနာ၌ မောဟမပယ်နိုင်လျှင်-ထိုယောဂီသည် ယခုဘဝတွင် ဆင်းရဲကုန်ဆုံးသော နိဗ္ဗာန်မရကြောင်း ဟောထားပေသေးသည်၊ လိုရင်းမှာ-ကာယနှင့်တွေ့သိရသမျှသော ခံစားမှုဟူသမျှကို ချမ်းသာဟူ၍-ဆင်းရဲဟူ၍ ပညတ်မတွဲပဲ၊ ခံစားမှုသဘောသည် ပျက်သဘောဟု သိနေရန် အရေးကြီးပေသည်။

"ဝေဒနာနမ္ပိ သာ အနိစ္စတာ ဝေ"

(ဝေဒနာသံယုတ္တဋ္ဌကထာ ၁၁၉)

"ဝေဒနာဟူသော-ခံစားမှုမှန်က (အနိစ္စ) အပျက်ချည်းသာတည်း"

(ရုပ်)ဖောက်ပြန်မှု (နာမ်)သိမှု သဘောတရား ပရမတ်မှန်လျှင် 'အနိစ္စ,ဒုက္ခ,အနတ္တ'သဘောတို့သာ ဖြစ်သောကြောင့် ဝေဒနာဟူသော ခံစားမှုသည်လည်း (နာမ်)အသိတရားပင်ဖြစ်၍

ဍင်း၏သဘာဝအတိုင်း အပျက်ရှုနေရခြင်းသည် ရှောင်လွှဲ၍မရသော သဘောတရားဖြစ်သည်၊ လမ်းဆုံးသို့ ရောက်စေနိုင်သော ရှုချက်ဖြစ်သည် (ဝေဒနာ) ခံစားမှုပရမတ်၏ အမှန်သဘောကို သိခြင်းဖြစ်သည်၊ ဤသို့သိခြင်း, ဤသို့ရှုခြင်းသည် ဉပေက္ခာရှုခြင်း-မဇ္ဈိမပဋိပဒါကျခြင်း ဖြစ်ပေသည်။

(ဉပေက္ခာနှင့် ပတ်သက်သော အကြောင်းအရာ အကျယ်ကို ကျွန်ုပ်တို့ ရေးသားသော မဇ္ဈိမပဋိပဒါ ရှင်းချက်, မဇ္ဈိမဉာဏ်သိဘို့ရန်, သိတာနှင့်သိစရာ စာအုပ်များတွင် ကြည့်ပါ၊)

ယောဂီများ အထူး သိစေလိုသည်မှာ — မြတ်စွာဘုရား၏ သာသနာတော်လုပ်ငန်းဟူသည် သဘောတရားတခုကို ယထာဘူတကျအောင် လေ့လာမိလျှင် မြတ်စွာဘုရား၏ ရည်ရွယ်ရင်းကို ရိပ်မိ သိရှိနိုင်ပေသည်၊ ယခု ဉပေက္ခာရှုသည် ဆိုရာဝယ်-မဇ္ဈိမပဋိပဒါကို လေ့လာရာ၌ သဘောပေါက်လာခြင်း ဖြစ်ပေသည်၊ ရင်းပြင် အနတ္တကိုပါ သဘောပေါက်သောကြောင့် (ဗုဒ္ဓ၏ အနတ္တ) စာအုပ်ကိုပင် ကျွန်ုပ်တို့ ထုတ်ဝေခဲ့ပြီးဖြစ်သည်၊ သို့ရာတွင် အနတ္တဟူသည်-လက္ခဏာအဆုံး ဉာဏ်၏ခရီးဆုံးဖြစ်သောကြောင့် အလုပ်ခရီးရောက်လျှင် အနတ္တသည် ပေါ်လာရမည့်အပေါ်တရားဖြစ်သဖြင့် အလုပ်ဉာဏ် ဉပေက္ခာလောက် အရေးမကြီးပါ၊ ရှုဉာဏ် ဉပေက္ခာသည်သာ ဝိပဿနာရှုရာ၌ အရေးကြီးပါသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် အဘယ့်ကြောင့် အစွန်း ၂-ပါး ပယ်ရသနည်းဟု စိစစ်ခဲ့သော်-ကိလေသာ ဖြစ်သောကြောင့်

ပယ်ရကြောင်း ယောဂီတို့ ထင်ထင်ရှားရှား သိနိုင်လေသည်၊ မြတ်စွာဘုရား၏တရားတော်သည် ရာဂ-ဒေါသ-မောဟကိလေသာတို့ ပယ်ကြောင်း ကောင်းစွာ ဟောတော်မူအပ်သောကြောင့် 'သွာက္ခာတ'ဟု ခေါ်ရလေသည်။

ထို့အတူ-ကိလေသာဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း(နိယျာနိက)တရားချည်းသာ ဟောတော်မူသော မြတ်စွာဘုရား၏ တရားတော်မှန်လျှင်-ကိလေသာလွတ်ကြောင်းတရား (ရာဂမဒ-နိမ္မဒနဒေါသမောဟနိမ္မဒန)တော်များဟုသာ ယောဂီတို့ သဘောပေါက်နားလည်ထားပါက အငြင်းပွါးစရာမရှိသည်ကို ယောဂီတို့ တရားသဘောပေါက်အောင်သာ လေ့လာပါ-ဟု တိုက်တွန်းလိုပေသည်။

မဇ္ဈိမပဋိပဒါလမ်းကိုကျွန်ုပ်တို့လေ့လာရာ၌-ကာမသုခလ္လိကာ-နုယောဂ-ဟူသော အစွန်း, အတ္တကိလမထာနုယောဂ-ဟူသော အစွန်းတို့သည် လောဘ,ဒေါသ,မောဟတို့ပါဝင်သော သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ ကိလေသာများဖြစ်နေသောကြောင့်ဟု သိရသည်၊ သို့ဆိုလျှင် ယင်းအစွန်းလွတ် မဇ္ဈိမပဋိပဒါသည်-လောဘ,ဒေါသ, မောဟ-တို့ လွတ်ရမည်၊ ကိလေသာတို့ လွတ်ရမည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ လွတ်ရမည်၊ သို့မှ-မှန်မည်၊ မဇ္ဈိမပဋိပဒါကျမည်၊ မဂ္ဂင်အလုပ်ညီမည်-ဟု ကျွန်ုပ်တို့ သဘောပေါက်ထားသည်။

'ကိုယ်တိုင်သိမှု-ဉာဏ်နှင့်ရှု'

ကျွန်ုပ်တို့ သဘောပေါက်သည့်အတိုင်း ခန္ဓာကို လေ့လာ၍၊ ဤနေရာတွင် ဖော်ပြသောစကားရပ်တို့သည် ကျွန်ုပ်ကိုယ်တိုင်

လေ့လာသော သဘောကိုသာ ယောဂီများသို့ ပြောကြားခြင်း ဖြစ်သည်၊ ခန္ဓာကို ဉာဏ်နှင့်တိုက်၍ လေ့လာသောအခါ ဤခန္ဓာ သည် ပရမတ်အဖွဲ့အစည်းတို့ဖြင့် တည်ဆောက်ထားသော ခန္ဓာ ဟူ၍ကား ယုံကြည်ထားသည်၊ ထိုပရမတ်ကိုသိရန် ခန္ဓာကို ဉာဏ်ဖြင့် လေ့လာခြင်းဖြစ်ရာ လွန်ခဲ့သော ကာလများစွာက သိလာဖူး-မှတ်လာဖူးသော အတွေ့အကြုံကိုပင် တွေ့လာ, သိလာ ရသည်။

ဥပမာ-ဤခန္ဓာကိုယ်ကို အတန်ကြာအောင် တခုသောဣရိယာ ပုထ်ဖြင့် ငြိမ်သက်စွာထားနေက မည်သည့်နည်းနှင့်မျှ ဤခန္ဓာက လက်မခံပေ၊ ငြိမ်သက်မှုကို ဆန့်ကျင်လှုပ်ရှားမည်၊ ဤသဘောမှာ ခန္ဓာပရမတ်၏ သဘောထားအမှန် ဖြစ်သည်၊ အဘယ့်ကြောင့် နည်း–ငြိမ်သက်စွာ ခန္ဓာကို ထားနေခြင်းသည် သတ္တဝါ၏အလို, ပုဂ္ဂိုလ်၏အလို, မိမိ၏အလိုသာဖြစ်သည်၊ မိမိအလိုသည် ပညတ် ဖြစ်သည်၊ ခန္ဓာကား ပရမတ်ဖြစ်၍ သတ္တဝါ၏, ပုဂ္ဂိုလ်၏, မိမိ၏ ပညတ်အလိုသို့ မလိုက်ချေ၊ ဤခန္ဓာတွင်....

'ဖောက်ပြန်ပြောင်းလဲနေသော သဘောတရားစု'

'ခံစားဖြစ်ပျက်နေသော သဘောတရားစု'

'မှတ်သားဖြစ်ပျက်နေသော သဘောတရားစု'

'ပြုပြင်ပြောင်းလဲ စေ့ဆော်ဖြစ်ပျက်နေသော သဘော တရားစု'

'သိ၍သိ၍ ဖြစ်ပျက်နေသော သဘောတရားစု'

ငါးခု စုပေါင်းနေကြောင်း လေ့လာသိရှိထားသဖြင့် သူတို့ သည် 'အတ္တနော သဘာဝံ မာရေတိတိ ဓမ္မော' အရ-သူ့ကိုစွသူ

ဆောင်ရွက်နေကြသည်၊ သူတို့သည်၎င်း, သူတို့ကို၎င်း မည်သူ မည်သို့မျှ အစိုးမရ-အမိန့်အာဏာမပေးနိုင်သော အနတ္တသဘော တရားများ ဖြစ်ကြသည်၊ ခန္ဓာ၏သဘာဝကို တနေကုန် လေ့လာ ကြည့်လျှင် သူ့ကိစ္စသူ ဆောင်ရွက်နေသည်ကို သိနေရသည်က လွဲ၍ သူတို့ ဘာမျှမလုပ်-သည့်အပြင် ဘာမျှ မရှိကြောင်း သိလာမည်။

ခန္ဓာဟူသော သူတို့ကိုသိရန် ဝိပဿနာဉာဏ်ဖြင့် အကဲခပ် နေသော ယောဂီသည် ဘာကို ပြုလုပ်ဖို့လိုသနည်း၊ ယောဂီသည် ဤခန္ဓာတွင်'ခန္ဓာငါ:ပါ:သဘောတရားငါ:နဲမှလွဲ၍ ဘာမျှမရှိ'ဟု ယုံကြည်ထားလျှင် မိမိတို့အလိုနှင့် မည်သည်ကို မည်သို့ပြောင်းလဲ ပြုပြင်ဖို့လိုသနည်း၊ မည်သို့ အမိန့်ပေးဖို့လိုသနည်း၊ စင်စစ်မှာ မလိုအပ်ပါ၊ လုံးဝမလိုအပ်ပါ၊ ပြုပြင်၍လည်းမရသော, အမိန့် ပေး၍လည်း မရသော-'သူ့သဘော'အနတ္တဟူ၍ သဘောပေါက် ထားရသည်။

ကျွန်ုပ်တို့ လေ့လာစဉ် ခန္ဓာ၏ ဖောက်ပြန်ပြောင်းလဲသော သဘောစုကို တွေ့လာ၏၊ ကျွန်ုပ်ကား-အစွန်းမပါအောင် သတိ ထား၍ မှတ်နေသည်၊ မှတ်ရင်းမှတ်ရင်းနှင့် အစွန်းထဲသို့ဝင်ရောက် သွားသည်ကို နောက်မှ သိရသည်၊ အဘယ့်ကြောင့်နည်းဟု စဉ်းစား၏၊ ပညတ်အမှတ်ဖြစ်နေကြောင်း-ပြန်တွေ့၏၊ မလွယ်ပါ လားဟု သတိပြုလိုက်၏၊ မဇ္ဈိမပဋိပဒါကား အရိပ်အရောင်မျှပင် မသိနိုင်သေး၊ မှန်၏-အစွန်းမလွတ်သမျှ မဇ္ဈိမနှင့် ဝေးနေဦး မည်သာ။

တဖန် ဆက်လက်၍ လေ့လာပြန်သည်-ကျွန်ုပ်တို့၏ အာရုံကား ပညတ်နယ်သားဖြစ်၍ ပညတ်ကိုပင် လွတ်အောင်မသွားနိုင်သေး ရကား-အစွန်းတခုမှ တခုသို့ အသိစိတ်သည် ဝင်ထွက်သွားလာ ကူးလူးဆက်ဆံ နေလေသည်၊ သိမှီသော ဒေသနတော်တွေ လေ့လာပြန်သည်။ နောက်တဖန် ခန္ဓာလေ့လာ-၍သို့ဖြင့် ပညတ် အမှတ်လွှတ်လျက်-သဘောတရားသတ်သတ်ကိုသာ အစွန်းလွတ် ရန်-သဘောထားပြောင်း၍ ရှုချိန်သိချိန်တွင် အစွန်းလွတ်သည်နှင့် ဘာမျှ အထူး မလုပ်ရပဲ မဇ္ဈိမပဋိပဒါကို သဘောပေါက် တော့သည်။

ကျွန်ုပ် သဘောဉာဏ်ရောက်လိုက်သည်ကား- အစွန်းဖြစ်သော ကိလေသာတို့ မဖြစ်ပဲ လွတ်နေခြင်းကား မဇ္ဈိမပဋိပဒါသို့ သက် ရောက်ကြောင်း ဖြစ်ပေသည်-ဟု ဉာဏ်ရောက်ကာ မြတ်စွာ ဘုရား၏ဉာဏ်တော် ကြီးကျယ်တော်မူကြောင်းကိုလည်း မြင်လာ သည်၊ ယင်းသို့ ပညတ်အစွန်းကိုမမှီဝဲအပ်ဆိုသည်မှာ ကိလေသာ လွတ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ပရမတ်သိ မသိသမျှ-ကိလေသာ မလွတ်ချေ၊ ပရမတ်သဘောတရားတို့ကို ဉာဏ်ဖြင့်သိနေဆဲကာလ တွင်ပင် သာယာမှု, နှစ်သက်မှု မသိမသာဝင်၍ ဣဋ္ဌအစွန်းသို့ ရောက်သွားသေးသည်၊ တခါတရံ ဖောက်ပြန်မှု သဘောတရား တို့၏ အပျက်ကိုသိသောဉာဏ်သည် ဆက်၍ဆက်၍ သိနေသော အခါ ငြိမ်သက်၍ အတော်ပင် သဒ္ဓါ-ဝီရိယ-ပညာတို့ ညီမျှစွာ အလုပ်လုပ်နေစဉ် သဘောကျမှုတခု ဝင်လာသဖြင့် ချက်ချင်း သိလျှင်-ချက်ချင်း တိုက်ဖျက်ပစ်ရသည်၊ ကာမသုခလ္လိကသည်

ဤမျှ နယ်ကျယ်သည်၊ ပေါ့ပေါ့ မယူဆလေနှင့် (ဝိပဿနု-ပက္ကိလေသ)အန္တရာယ်များသည် မဂ်နားရောက်သည်အထိ ဒုက္ခပေးသည်။

တခါတရံလည်း ခန္ဓာ၏အပျက်ကိုသိနေရင်း စိုးရိမ်သလိုလို၊ ကြောင့်ကြသလိုလို၊ ဘာလိုလို၊ စိတ်ကသိကအောက်ဖြစ်မှု ရှိသည်၊ တခါတရံ-ခန္ဓာကိုယ်၏ ညောင်းမှု-ကိုက်မှု စသည်ကြောင့် ဖြစ်သည်၊ ကိုယ်နှင့်ပတ်သက်၍ ညောင်းမှု၊ကိုက်မှု စသော ရူဇာကိုအနှောက်အယှက် ဖြစ်စေသော၊ စိတ်တွင် ပူပန်မှု၊ ညစ်မှု၊ စိတ်မချမ်းသာမှု ဖြစ်တတ်သည်၊ မဇ္ဈိမပဋိပဒါဟူသော အစွန်းမကပ်ရသော လမ်းစဉ်ကို သဘောမိထားသော ယောဂီအတွက် စိတ်အနှောက်အယှက်၊အညစ်မခံ-ချက်ချင်းနေရာပြင်ရမည်၊ အကယ်၍မပြင်ပဲနေ၍ ရှုကြည့်လျှင်-မည်သည့်အဖြေထွက်မည်ကို ကိုယ်တိုင်သိနိုင်သည်။

မဇ္ဈိမပဋိပဒါမကျခြင်းသည် ၂-ဖက်အစွန်းတွင် တဖက်ဖက်ကပ်နေသောကြောင့် ဖြစ်ရကား-မိမိ၏ အသိဉာဏ်သည် ခန္ဓာပရမတ်၏ 'ဖြစ်ပျက်နေမှု'ကို သိနေရာမှ-ထိုဖြစ်ပျက်မှုကို မသိတော့ပဲ-ညောင်းမှု၊ နာမှု၊ စိတ်ညစ်မှု၊ မသက်သာမှုကို ရောက်နေသည်မှာ 'မဇ္ဈိမလား၊ အစွန်းလား' မေးဖို့ပင် မလိုချေ၊ စင်စစ်မဇ္ဈိမပဋိပဒါနည်းနှင့် သိနေရသည်မှာ-ပရမတ်ရုပ်နာမ်သာဖြစ်ရာပရမတ်ရုပ်နာမ်မဟုတ်သော အခြားတပါးကိုသိနေမှုသည် မဇ္ဈိမပဋိပဒါသိမဟုတ်၊ သမ္မာဒိဋ္ဌိ အသိမဟုတ်ကြောင်း စဉ်းစားစရာပင်မလိုချေ။

မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ချမှတ်ရာ၌-ပရမတ်မဟုတ်သော ကိလေသာအစွန်းသိမျိုးနှင့် သူသိ ငါသိ သောကပညတ်သိ အစွန်းမျိုးကို ရှောင်ခွါ ပယ်စွန့်ပြီးမှ ပညတ်သားတို့-လောကနယ်သားတို့ သိဖို့မဆိုထားဘိ ကြားပင်မကြားဖူးသေးသော မဇ္ဈိမပဋိပဒါကို ထုတ်ဖော်ချမှတ်ခြင်းသည် သမ္မာဒိဋ္ဌိဉာဏ်ပညာ၏ ထူးခြားသော ပရမတ်သိမျိုးကို ရည်ရွယ်၍ ဟောကြားတော်မူကြောင်း ထင်ရှားလေသည်။

မြတ်စွာဘုရား၏ သာသနာ့ဝါဒသည်-အနတ္တဝါဒ ဖြစ်သည်အားလျော်စွာ မဇ္ဈိမပဋိပဒါ လမ်းစဉ်အရ-ကိလေသာ အစွန်းလွတ်အောင် ခန္ဓာပရမတ်ကို သိရ-မြင်ရသည်နှင့် ထိုပရမတ်ခန္ဓာသဘောတရားတို့ကို ကိလေသာသတ္တိဖြစ်သော ချမ်းသာ၊ဆင်းရဲနှလုံးမသွင်းပဲ-သိစရာဖြစ်သော ပရမတ်ရုပ်နာမ်၏ ဖြစ်မှု၊ ပျက်မှုကိုသာ ရှုလျက်-သိလျက်နေသောကြောင့် ဥပေက္ခာရှုချက် ဖြစ်နေလေသည်၊ ယင်းသို့ ဥပေက္ခာရှုနေခြင်း သဘောသည် ရှိသော သမ္မာဒိဋ္ဌိဉာဏ်ကို ဥပေက္ခာဖြစ်စေရန်-ကြောင့်ကြစိုက်၍ ပြုပြင်ယူရသည်မဟုတ်ချေ၊ သဘောတရား ရှုချက်မှန်လာလျှင် 'အနတ္တသာသနာ'သည် အလိုလို ဖြစ်ပေါ်နေကြောင်း-ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ကြောင်း ပေါ်လွင်ပေသည်။

အချို့ပုဂ္ဂိုလ်များထင်သကဲ့သို့ ဥပေက္ခာသည် 'သိနိုင်ခဲသည်၊ မြင်နိုင်ခဲသည်'ဆိုသည်မှာ-ကျွန်ုပ်တို့ အမြင်ကို ယောဂီတို့အား ရှင်းပြရပါမူ-ပညတ်အာရုံတခုကို ချမ်းသာ၊ဆင်းရဲ မပါစေပဲ၊ သဘောကျမှု၊ မကျမှု မပါစေပဲ လစ်လျူရှုနေ၍ဟု ဆိုလျှင်

ထိုလစ်လျူရှုနိုင်မှုသည် အတော်ပင် ခဲယဉ်းပေလိမ့်မည်၊ ယင်း ပညတ်အာရုံတခုခုနှင့် လစ်လျူရှုမှုသည် 'တွေဝေမေ့လျော့' နေမှု ပင် ဖြစ်သည်။

ဤခန္ဓာ၏ 'ဖောက်ပြန်မှု, ပျက်မှု'ဟူသော ပရမတ် အမှန် တရားကို အမှန်အတိုင်း သိနေသော သမ္မာဒိဋ္ဌိ မဇ္ဈိမပဋိပဒါ၏ အသိသည်-မည်သည်ကိုမျှ ကြောင့်ကြဗျာပါ ရစိုက်၍ အားထုတ် ပြုလုပ်မှုမရှိပဲ-သိရမည့် သဘောတရားကိုသာ မှန်မှန် သိနေသော ကြောင့် အစွန်းလည်း လွတ်သည်၊ ချမ်းသာ,ဆင်းရဲ-သဘောကျ, မကျကိုလည်း အာရုံမပြု, နှလုံးမသွင်းကာမျှနှင့် အလိုလို ဥပေက္ခာသိဖြစ်သွားလေရကား....အားလုံးသော သင်္ခတ,အသင်္ခတ သဘောတရားအားလုံးသည် 'သဗ္ဗေဓမ္မာအနတ္တာ' အတွင်းသို့သာ- သဘာဝလမ်းကြောင်းအတိုင်းဝင်သွားလေသောကြောင့် ရုပ်နာမ် ပရမတ်သဘောအမှန်ကို အမှန်အတိုင်း သိနေ, မြင်နေခြင်းသည် မဇ္ဈိမပဋိပဒါလည်း ဖြစ်သည်၊ ဥပေက္ခာရှုပြီးလည်း ဖြစ်သည်၊ အနတ္တသဘောသို့သည်း ရောက်သောကြောင့် အရင်းခံဖြစ်သော ပရမတ် သဘောကို ပရမတ်ကျကျသိအောင် ကြိုးစားကြပါ စေကုန်။

ဤမဇ္ဈိမပဋိပဒါလမ်းစဉ်မှန်လာလျှင် ပြဆိုခဲ့သောအကျိုးများ ရလိမ့်မည်ဟူ၍ ဘုရားရှင်ညွှန်ပြတော်မူခဲ့သည့်အတိုင်း အားထုတ် သောအခါ မဇ္ဈိမပဋိပဒါမှန်ပါစေ-အကျိုးကား မုချဖြစ်သည်၊ အလယ်လမ်းကြောင်းတရား၏ မဂ္ဂင်ရှစ်ပါး သရုပ်အကျယ်ကို မဂ္ဂသစ္စာပိုင်းကျမှ အကျယ်တဝင့် ရှုကြပါ။

"ဒုက္ခသစ္စာ ဆိုသည်မှာ" "ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ၊ အပ္ပိယေဟိ-သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိဝိပ္ပ-ယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဗ္ဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ-ဒုက္ခာ"

"ချစ်သားတို့....ဖြစ်ခြင်းသဘောသည် ဆင်းရဲ၏,

— ရင့်ရော်ယိုယွင်း အိုမင်းခြင်းသည် ဆင်းရဲ၏,
— အနာနှိပ်စက်ခြင်းသည် ဆင်းရဲ၏,
— ပြိုကွဲပျက်စီးသေရခြင်းသည် ဆင်းရဲ၏,
— မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် အတူတကွ ယှဉ်တွဲနေထိုင်ရခြင်းသည် ဆင်းရဲ၏,
— ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာ၍နေရခြင်းသည် ဆင်းရဲ၏,
— အကြင် အလိုရှိအပ်သော တောင့်တမှုသည် မရအပ်၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏,
— အကျဉ်းအားဖြင့်(ဥပါဒါန်)အစွဲအလန်း၏ အာရုံဖြစ်သော ခန္ဓာငါးပါး ရခြင်းသည်လည်း ဆင်းရဲ၏,

ဤကဲ့သို့(ဇာတိ)ဖြစ်ခြင်းသဘောစသော တရားသည်
ဆင်းရဲဖြစ်သော အရိယာတို့ သိအပ်သော အမှန်တရား
(သစ္စာ)မည်၏"

'အဓိပ္ပါယ်ရှင်းချက်' (ပဥ္စဝဂ္ဂီ)တို့အား အမှန်တရားကိုအမှန်ဟု သိတတ်မြင်တတ်သော 'သမ္မာဒိဋ္ဌိ'စသော မဇ္ဈိမပဋိပဒါ မဂ္ဂင်ဉာဏ်ကို သိစေ, မှတ်စေပြီးနောက် ထိုဉာဏ်သည် အမှန်တရားကို အမှန်ဟုသိရန် လုပ်ငန်းခွင်ဝင်စေသည်ကား-အမှန်တရားတို့ စုဝေးတည်ရှိနေသော(ရုပ်နာမ်)ခန္ဓာကို ညွှန်ပြတော်မူသည်၊ လောက၌ ဆင်းရဲပေါင်းစုံ မရေမတွက်နိုင်အောင် များလှလေသည်၊ ၎င်း ဒုက္ခပေါင်းစုံ ဆင်းရဲပုံကို အကုန်ဖော်ပြနိုင်မည်မဟုတ်ချေ၊ ဖော်ပြရန်လည်း မလိုပေ၊ ဆင်းရဲအားလုံး၏ ပင်ရင်းအခြေခံသည်(ဇာတိ) အဖြစ် ရခြင်း,ဖြစ်ပေါ်ခြင်းသည်သာ အရင်းခံ ဖြစ်လေသည်၊ ဘုရားရှင်သည်လည်း နောက်ဆုံး အကျဉ်းချုပ်အားဖြင့် အစွဲ အလန်းကြောင့် ရလာသော ဤခန္ဓာသည် ဆင်းရဲအမှန်-ဟု ဟောတော်မူပြီ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သမ္မသသုတ်တွင် 'ချစ်သားတို့-သင်တို့သည် အိုခြင်း,သေခြင်းသဘောကို အရင်းအမြစ်မှသိအောင် အတွင်းကျကျ သုံးသပ်ခဲ့သော်-(ဇာတိ)အဖြစ် ရခြင်း, ဖြစ်ပေါ်ခြင်းကို တွေ့ရှိရပေလိမ့်မည်၊' ဖြစ်ပေါ်ခြင်းကြောင့် အိုရ,သေရသည်၊ အိုခြင်း,သေခြင်းသည် အရင်းခံအကြောင်းမဟုတ်၊ဖြစ်ခြင်းသာလျှင် အရင်းခံအကြောင်းဖြစ်သည်၊ မအိုလို, မသေလိုလျှင် ဖြစ်ခြင်း(ဇာတိ)ကိုသာ မဖြစ်အောင်, ချုပ်အောင် နည်းလမ်းရှာရမည်။

ဖြစ်ခြင်းသည် သေခြင်း၏အကြောင်း ဖြစ်သည်၊ အဖြစ်ကို ရှာသောသူသည် ဆင်းရဲကို ရှာသည်မည်၏ (ဇာတိ)အဖြစ်ကို (မရဏ) သေပျောက်ခြင်းဖြင့် နိဂုံးချုပ်ရသည်၊ ဇာတိဒုက္ခ-အဖြစ်၏ဆင်းရဲကို မသိသောသူသည် အဖြစ်ကိုပင် နည်းအမျိုးမျိုးဖြင့် ရှာဖွေသည်၊ ရလာလျှင် ဆင်းရဲကလွဲ၍ အခြား ဘာမျှ မရချေ။

ဤရုပ်နာမ်ခန္ဓာငါးပါး ရခြင်းသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ဟု ဟောတော်မူထားသည်။

မဇ္ဈိမပဋိပဒါ လမ်းစဉ်အရ-သမ္မာဒိဋ္ဌိ ခေါင်းဆောင်သော မဂ္ဂင်တရားသည် (ဒုက္ခသစ္စာ) ဆင်းရဲအမှန်ဖြစ်သော ဤခန္ဓာကို စူးစမ်းလေပြီ, သုံးသပ်လေပြီ, အနီးကပ်၍ လေ့လာလေပြီ၊ ဆင်းရဲအမှန်သာရှိနေသော ခန္ဓာဖြစ်၍ 'ဆင်းရဲမှတပါး အခြား ဘာမျှ မတွေ့နိုင်ပေ ရှိလည်း မရှိပေ'

(**မှာထားချက်**....ဤသစ္စာဖော်ပြချက်တွင် ဇာတိပိ-ဒုက္ခာ-ဇရာပိဒုက္ခာ စသည်တို့အား ပဋိသမ္ဘိဒါမဂ်ပါဠိတော်, ဝိဘင်းပါဠိတော်, အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာတို့တွင် လာသောအတိုင်း ဖွင့်ဆို ရေးသားရသော်-အလွန်ကျယ်ဝန်း၊ပြီး, အလုပ်သဘောနှင့် အလှမ်းဝေး၍ ကျမ်းကလေးနေမည် ဖြစ်ပါ၍ အလုပ်သဘော ပရမတ်နက်ကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်၊ အကျယ်ကို လိုသော ပုဂ္ဂိုလ်တို့သည်-ရင်းပါဠိတော်, အဋ္ဌကထာတို့တွင် ယူတော်မူကြရန်)

"ဒုက္ခသစ္စာ ၈-ပါး" ဆင်းရဲ အမှန်ဟူ၍ ဟောတော်မူအပ်သော (ခန္ဓာငါးပါး) အစုငါးခု၊ ရုပ်နာမ် ၂-ပါးတို့၌ သရုပ်အားဖြင့် ၈-ပါး ခွဲခြားထားလေရာ-ထို ၈-ပါးသော ဒုက္ခသစ္စာသဘောများကို အကျဉ်းအားဖြင့် ဖော်ပြ၍ အလုပ်သဘောရောက်အောင် ညွှန်ပြလိုရကား-သဘောကိုသာ စိစစ်၍ ယူကြပြီးလျှင် သစ္စာအနေနှင့် သိရန် အလုပ်သဘောကို ဆက်လက်လေ့လာပါ။

'ဇာတိပိဒုက္ခာ' 'အိုပဥ္စဝဂ္ဂိတို့-ဘဝရှည်ကြာ သံသရာဝယ် သူသူငါငါ ခေါ်ရာပညတ် သမုတ်အပ်သည့် နာမ်ရုပ်နှစ်ဖြာ ခန္ဓာငါးပါး ဤတရားတို့သည် ဘဝဖန်ဖန် အပြန်ပြန် အထပ်ထပ် မရပ်မနား ဆုံတွင်လှည့်သည့်နွားကဲ့သို့ တဖွားဖွား တသုတ်သုတ် အဟောင်း အဟောင်း ချုပ်ပျက်လေတိုင်း မဆိုင်းလက်ငင်း ဖြစ်ပေါ်ခြင်း, အဖြစ်ရခြင်းဟူသော ဇာတိသဘောသည် ဝဋ္ဋမူလ သံသရာတွင် အခိုင်အမာ ဒုက္ခဖြစ်စေဘို့ ပန္နက်အဖြစ်စိုက်ထူလိုက်ရကား ထိုအဖြစ်(ဇာတိ)သည် ဒုက္ခစင်စစ် ဆင်းရဲဖြင်၏'ဟု ဟောတော်မူသည်။

(အမှာ) ဇာတိဟူသော ပါဠိ၌ မြန်မာဘာသာဖြင့် ဟောအပ်သော အနက်တို့သည်....

နိကာယေ သန္ဓိသာမညပ္ပသူတိသု ကုလေ ဘဝေ၊
ဝိသေသျေသုမနာယဥ္စ ဇာတိသခ်တလက္ခဏေ၊

ဟူသော အဘိဓာန်-အနေကတ္ထဝဂ်လာ ဂါထာ(၇၉၂) အရရှင်း....

ဘဝေါ ကုလံ နိကာယောစ၊ သီလံ ပညတ္တိလက္ခဏံ၊
ပသူတိ သန္ဓိစေဝါတိ၊ ဇာတိအတ္ထာ ပဝေဒိတာ၊

ဟူသော ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၃၂၊ မဟာနိဒ္ဒေသဋ္ဌကထာ-၅၉-တို့ အရအားဖြင့်ရှင်း ဇာတိ၏ အနက်ကို ၈-ချက်မျှ ပြထားလေရာ၊ ၎င်းတို့တွင် ပညတ်နက်၊ ပရမတ်နက် ဝံလင်စွာ ပါသောကြောင့် ဤနေရာတွင် ပရမတ်နက်ကိုသာ အလုပ်ညွှန်ပြရန်ဖြစ်၍-ပညတ်နက်ကို ချန်ထားပြီးလျှင်-ရသင့်သော ပရမတ်သဘောကို ဖော်ပြခြင်းဖြစ်သည်၊ ဇရာ စသော တရားတို့တွင်လည်း နည်းတူ မှတ်ယူနိုင်ရန် ပညာရှိများအား ပန်ကြားပါသည်။

ဇာတိဟူ သည် 'ခန္ဓာနံ ပါတုဘာဝေါ-အာယတနာနံ ပဋိလာဘော'ဟူသော ပဋိစ္စသမုပ္ပါဒ်တွင် မြတ်စွာဘုရား ဟောထားပေရာ-ပရမတ္ထဓမ္မဖြစ်သော 'ရူပံ နာမံ'တို့ ဖြစ်ခြင်း, ရခြင်းသည် ဇာတိ ဖြစ်ခြင်း, ရခြင်း ဖြစ်သောကြောင့် စင်စစ် ရုပ်နာမ်တို့၏ သဘောတရား'ဖြစ်'ဟူသည် ဇာတိအစစ် ဖြစ်ပေသည်၊ သို့ကြောင့် ထိုထို ပရမတ်ဇာတိစ၍ သုံးဆယ့်တဘုံ ဘဝကုန်အောင် အစုံ ဖြစ်ခြင်း ဇာတိမင်းသည်-ပင်ရင်း ဒုက္ခသစ္စာသာဘည်း။

'ဇရာပိဒုက္ခာ' 'အိုပဋ္ဌဝင္ဂီတို့-ဇာတိဟူသော အဖြစ် ရလ-ပြီးသော်-ရရှိခဲ့သည့် ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ထင်ထင်ရှားရှားသော်၎င်း, မထင်မရှားပဲသော်၎င်း-နှစ်ပါးသော အခြင်းအရာအားဖြင့် တခါန်ထက်တချိန် ပျက်ပြားယိုယွင်း၍ ကိုယ်တွင်း

ကိုယ်ပြင်တို့တွင်-အဆင်းသဏ္ဌာန်တို့မှာ ယိုယွင်းရင့်ရော်-ခဏနေ၁် မစဲ တသဲသဲ တရှပ်ရှပ် တလှုပ်လှုပ် တရွရွဖြင့် ရုပ်၏ဇရာ-နာမ်ဇရာဟု- နှစ်ဖြာရင့်ကျက်-ဖောက်ပြန်လျက်မို့-သေဖက်ရောက်အောင် ပို့ဆောင်ဆက်သွင်း-အိုခြင်း၏ လက်တွင်းသို့ အမြဲ သက်ဆင်း၍နေရသော-ဤရုပ်နာမ်ခန္ဓာသည် 'ဇ္ဈတ္တိယာနံ ပရိပါကော' ဘုရားဟောအရ-ဒုက္ခသစ္စာ ဆင်းရဲစွာသည် သူသာစင်စစ် ဖြစ်ချေ၏'

'ဗျာဓိပိဒုက္ခော' 'အိုပဋ္ဌဝဂ္ဂိတို့-ဇာတိဖြစ်ရ-အကြောင်းစကြောင့် တဆင့်ထက်တဆင့် ရင့်၍လာသော ဤခန္ဓာငါးပါး ရုပ်နာမ်တရားသည် ၎င်း၏အထည်အမာခံ ဓာတ်ကြီးလေးပါး ဘူတထား၍-ဖောက်ပြန် ချောက်ခြားမှုကြောင့် ဖြစ်ပေါ်လာသော ၉၆ ဖြာ ရောဂါမျိုးစုံ အဖုံဖုံနှင့် ကြမ္မာဥပါဒ် မပြတ်မစဲ တလဲလဲဖြင့် မြဲစွာကပ်ချဉ်း နှိပ်စက်ခြင်းတို့ကို တွန်းလှန်ဖယ်ရှား၍ မရအောင် နာကျင်ခံခက် ဆင်းရဲနက်သဘော ထိုဆင်းရဲမှုကို ခံစားသော အနာဟော'ဗျာဓိ' ပရမတ်ဖြစ်ဘိ၍-ဆင်းရဲအတိ-ဖြစ်ရှိမှန်စွာ-ဒုက္ခသစ္စာ သဘောသာတည်း'

'မရဏမ္ပိဒုက္ခံ' 'အိုပဋ္ဌဝဂ္ဂိတို့-ရုပ်နာမ်ဇာတိ အဖြစ်ရှိခဲ့သော ဤခန္ဓာသည် ဇာတိ၏ဖြစ်ပေးသမျှ အားလုံးကို ဖျက်ဆီးပစ်သော ဓမ္မတာတရားဖြစ်၍ သေခြင်း, ပျောက်ခြင်း, ပျက်စီးခြင်း မရဏတရားသာ မြဲပေသည်၊ ဇာတိအဖြစ် ဟူသည် ဖြစ်ကြောင်းရှိမှ ဖြစ်ရ၏၊ မရဏ အပျက်ကား-ဖြစ်ပေါ်ပေးမှု မှန်သမျှကို ဖျက်ဆီးပစ်ရန် တာဝန် မလစ်လပ်ပေ၊ အဖြစ်ဇာတိကို ကြံဆောင်၍

ရှာဖွေခြင်းကိုပင်လျှင်-ဘုရားရှင်၏ **အမြင်အရ** ‘မရဏ အသေကို ရှာဖွေခြင်း ဖြစ်သည်’ဟု မိန့်တော်မူသည် တချက်-‘ဇာတဿ အမရဏံနာမနတ္ထိ’ပါဠိအရှိဖြင့် ဖြစ်လာရမှု မပျက်ဟူ၍-ဘယ်သူ မရှိ မိန့်၏တဖန်....’

“ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေဝသတိ မာဏဝေါ၊
အဗ္ဘုဋ္ဌိတောဝသောယာတိ၊ သဂစ္ဆံ န နိဝတ္တတိ”

ပါဠိအရ-အကြင်ညဉ့်-မိခင်ဝမ်းပိုက် သန္ဓေတိုက်တွင် ကြုံကြိုက် သတ္တဝါ ဖြစ်သောခါမှ-အာဒိစ၍ မရဏမင်း သူ့လက်တွင်းသို့ မရောက်မချင်း-ခရီးပြင်းလျက်-အလျင်းနောက်မဆုတ်-သုတ်သုတ် လျင်စွာ အသေနိဂုံးသို့-ရောက်ရသည့် ဓမ္မတာမို့ ‘ကင္ခေဝရဿ-နိကေ္ခပေါ’ဥတုဇရုပ်-အကောင်ပုပ်သကြွင်းလျက် ‘ဇီဝိတိန္ဒြိယဿု-ပစ္ဆေဒေါ’ဇီဝိန်ပြတ်ကြွေ-အသေမုချ ဇာတိစခဲ့သမျှ-ဘာတခုရှုစရာ မကျန်သဖြင့် ဤရုပ်နာမ် ခန္ဓာရမှုသည် မရဏ သေဖို့ရန်-ကေန် စင်စစ် အမှန်ဖြစ်ရကား-ဒုက္ခသစ္စာ-ဆင်းရဲစွာသော သဘော ဖြစ်၏။

**အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော’** ‘အိုပဋ္ဋဝိဂ္ဂိတို-မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းဖော်ယှဉ်တွဲ နေထိုင်ရခြင်းသည် ဆင်းရဲ၏’ဟု ဖော်ပြသော ပညတ်နက်ကို-ရေမတ်သဘောသို့ ရောက်၍ ဒုက္ခသစ္စာ မြင်နိုင်ရန်-အနည်းငယ် ဖွင့်ဆိုအံ့၊ ဤသဘောကိုပြရာ၌....

၁။ မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်းရခြင်း လက္ခဏာရှိ၏၊

၂။ စိတ်၏ပင်ပန်းခြင်းကိုပြုခြင်း-ကိစ္စ-ရှိ၏၊
၃။ အကျိုးမဲ့ဖြစ်ခြင်းသည်သာ-အဲကျိုးရှိ၏၊

ထို မချစ်ခင်, မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်းဆက်ဆံကြရကုန်သောသူတို့မှာ....

၁။ စိတ်ဆင်းရဲရခြင်း 'စေတသိကဒုက္ခ'
၂။ ကိုယ်ဆင်းရဲရခြင်း 'ကာယိကဒုက္ခ'

ဟူသော ၂-ပါးသောဆင်းရဲခြင်း ဒုက္ခ၏အကြောင်းဖြစ်သော ကြောင့် ရုပ်နာမ် ၂-ပါး၏သာလျှင် ထိုဆင်းရဲမှုတို့ကို ခံစားရပေ သဖြင့် ဒုက္ခသစ္စာ၌ ထည့်သွင်း၍ ဟောတော်မူသည်၊ ထို့ကြောင့် ဤလောက၌ - မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်းဆက်ဆံ တွေ့ကြုံရသောသူတို့မှာ တဦးနှင့် တဦး မာန်မာနဒေါသတို့ လွန်ကျူးလျက်- ခိုက်ရန်ငြင်းခုန်- ရိုက်နှက်- သတ်ဖြတ်ကြရသည်ကား - ရှေးဦးစွာ- စိတ်ဆင်းရဲမှုမှစ၍- ကိုယ်၏ ဆင်းရဲခြင်း ဖြစ်ပြန်ရပေသောကြောင့်....

"ဒိသွာဝ အပ္ပိယေဒုက္ခံ၊ ပဌမံ ဟောတိ စေတသိ၊
တဒုပက္ကမသမ္ဘူတ၊ မထ ကာယေ ယတော ဣဓ၊
တတော ဒုက္ခဒွယဿာပိ၊ ဝတ္ထုတော သော မဟေသိနာ၊
ဒုက္ခော ဝုတ္တောတိ ဝိညေယျော၊ အပ္ပိယေဟိသမာဂမော"
(သမ္မောဟဝိနောဒနီအဋ္ဌကထာ-၁၀၁၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၁၃၆)

ဤလောက၌ တဦးတယောက်သောသူသည် မိမိ၏ စိတ်၌ မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတခုခုကို တွေ့ရ မြင်ရ, ကြားသိရသည်ရှိသော်- ထိုမြင်မှု, ကြားမှု စသည်ကြောင့်

ဖြစ်သော (ဒေါမနဿ) နှလုံးမသာယာမှုသည် စိတ်၌ ရှေးဦးစွာ ဖြစ်ပေါ်လာ၏၊ ထိုနောက်မှ စိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော (ဒုက္ခ) ကိုယ်ဆင်းရဲမှု-ခိုက်ရန်ငြင်းခုန်မှု-ပင်ပန်းမှု စသည်ဘို့သည် ဖြစ်ပေါ်၍လာကုန်၏၊ထို့ကြောင့် ထိုမချစ်ခင်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် အတူတကွ တွေ့ဆုံယှဉ်တွဲ မှီဝဲဆက်ဆံရခြင်းသည် ထိုနာမ်ကိုရင်း, ထိုရုပ်ကိုရင်း ဆင်းရဲစင်စစ် ဖြစ်စေသည်၏ အဖြစ်ကြောင့် ဒုက္ခသစ္စာဟု ဟောတော်မူသည်။

ယင်းသို့ ဟောတော်မူအပ်သော အရင်းခံ ရုပ်နာမ်ပရမတ္ထသဘောကိုပင်လျှင် ပညတ်သို့တင်၍ မိန်းမယောကျ်ား, ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ဟောထားအပ်သော်လည်း ထိုပုဂ္ဂိုလ်သတ္တဝါဟူသည် - ရုပ်နာမ်-ဇာတိ ဖန်လာရှိသည့်-သမုတိအခေါ်သာ ဖြစ်သည်၊ ထိုထို သမုတိပညတ်တို့ဖြင့် ထိခိုက်အေးရန် တွေ့ကြုံပြန်သော် 'စိတ်နာမ်ဆင်းရဲ-ရုပ်ဆင်းရဲတည့်' သို့ဖြစ်ဘိကြောင့် ပရမတ်သဘော-ဆင်းရဲအမှန်ဟု ဒုက္ခသစ္စာကို ဟောလေသည်။

**'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော'** 'အိုပဥ္စဝဂ္ဂီတို့ - ချစ်ခင်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဆင်းရဲအစစ်အမှန်ဖြစ်၏ဟု ဟောတော်မူရာ၌....

၁။ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာရခြင်းလက္ခဏာရှိ၏၊

၂။ စိုးရိမ်ပူဆွေး-စိတ်လက်မအေးခြင်း ကိစ္စရှိ၏၊

၃။ ပျက်စီးခြင်းလျှင်-ထင်သော အခြင်းအရာရှိ၏၊

ထို ချစ်ခင်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရသောသူတို့မှာ....

၁။ စိတ်၏ဆင်းရဲခြင်း 'စေတသိကဒုက္ခ'

၂။ ကိုယ်၏ဆင်းရဲခြင်း 'ကာယိကဒုက္ခ'

ဟူသော ၂-ပါးသော တရားတို့သည် ဆင်းရဲ၏ အကြောင်းရင်းတို့သာ ဖြစ်သောကြောင့် ဆင်းရဲအမှန်ဟု ဟောတော်မူသည်။

ဤ၌ ချစ်ခင်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့ ဟူသည် ပျက်စီးချုတ်ယွင်း ကွေကွင်းတတ်စွာ ဓမ္မတရားဖြစ်သည်နှင့်အညီ ပျက်စီးခြင်း, သေပျောက်ကွေကွင်းခြင်း ဖြစ်သည် ရှိသော် ထိုအဖြစ်မျိုးနှင့်တွေ့ဆုံ ကိုယ်တွေ့ကြုံသောသူအား- 'ငါ၌ ဤသူတို့သည်ရင်း, ဤပစ္စည်းဥစ္စာတို့သည်ရင်း ရှေး၌ ရှိခဲ့ဖူး၏၊ ရခဲ့ဖူး၏၊ ယခု ဤသူ, ဤပစ္စည်းတို့သည် ငါ့အား မရှိတော့' ဟူသော သောကငြော်င့်သည် စူးဝင်၏၊ ရင်းစိတ်ဆင်းရဲမှု အကြောင်းပြု၍ ပိန်ချုံးချိနဲ့ ဖျော့တော့သော ဖက်ရွက်ကဲ့သို့ ကိုယ်၏ဆင်းရဲခြင်းသည် ထပ်ဆင့်၍ ဖြစ်လေသည်၊ ထို့ကြောင့်....

"ဉာတိနေ့ဒိဝိယောဂါ၊
သောကသရသမပ္ပိတာ ဝိတုဇ္ဇန္တိ၊
ဗာလာ ယတော တတောယံ၊
ဒုက္ခေ့ာတိ မတော ပိယ ဝိပ္ပယောဂေါ"

(သမ္မောဝိနောဒနီ)

ဉာတိနေ့ဒိဝိယောဂါ- ဆွေမျိုး, ပစ္စည်းဥစ္စာ အစရှိသည်တို့၏ ပျက်စီးခြင်းကြောင့်၊ သောကသရသမပ္ပိ- တာ-စိုးရိမ်ခြင်းတည်း ဟူသော မြားသည် နှိပ်စက်အပ်

ကုန်သည်ဖြစ်၍၊ ဗာလာ·သူမိုက်တို့သည်၊ ယတော·အကြင့်ကြောင့်၊ ဝိတုဇ္ဇန္တိ·ကျင်နာကုန်၏၊ တတော·ထိုကြောင့်၊ အယံပိယဝိပ္ပယောဂေ ါ·ဤချစ်အပ်, နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ခွဲခွါကွေကွင်းရခြင်းကို၊ ဒုက္ခောတိ· ဆင်းရဲကေန် စင်စစ်မှန်၏ဟူ၍၊ မတော·သိအပ်၏။

ဤလောက၌ ဆွေမျိုး,ပစ္စည်းဥစ္စာ စသည်တို့၏ ပျက်စီးခြင်းကြောင့် စိတ်၌စိုးရိမ်ခြင်း သောကတည်းဟူသော မြားသည် စူးဝင်နိုပ်စက်သောကြောင့် ကိုယ်၌ နာကျင်ကုန်၏၊ ပင်ပန်းကုန်၏၊ ထိုကြောင့် ဤချစ်အပ်, နှစ်သက်အပ်, သာယာအပ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွာရခြင်းသည် ဆင်းရဲအစစ်အမှန်ဖြစ်၏·ဟု ဟောတော်မူသည်။

ဤနေရာ၌လည်း ပရမတ္ထဓမ္မဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကိုပင် သတ္တဝါပုဂ္ဂိုလ်အနေ ပညတ်တင်၍ ဟောတော်မူသည်၊ ထိုကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အပေါင်းအစုမျှသာဖြစ်သော ဤသတ္တဝါပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရုပ်နာမ်အချင်းချင်း ပေါင်းသင်းဆက်ဆံကြရာ၌ ဤအရာဝတ္ထုတို့သည်ကား–ချစ်အပ်, နှစ်သက်အပ်သော သင်္ခါရတို့ မည်ကုန်၏·ဟူ၍ လောဘတဏှာ ရှေ့သွားပြု၍ မှတ်ယူကြကုန်သည်၊ သို့အတွက် ပရမတ္ထဓမ္မသို့ မဆိုက်မထိ နှလုံးမသွင်းဘဲ·ပညတ္တိဓမ္မ ဟူသည့် ပုဂ္ဂိုလ်သတ္တဝါ ယူမှတ်နေခြင်းကြောင့် ထိုသူတို့အတွက် ဆင်းရဲအမှန် ဒုက္ခသစ္စာ ဖြစ်လေသည်။

'ယံပိစ္ဆံ နလဗ္ဘတိ တမ္ပိဒုက္ခံ' 'အိုပဋ္ဌဝဂ္ဂိတို-မိမိတို့သည် ဇာတိပင်္ကသန္ဓေနေရခြင်းကြောင့် အိုခြင်း, နာခြင်း, သေခြင်းတို့ ဖြစ်ရသည်၊ ယင်းသို့ သတ္တဝါတိုင်း အလိုမရှိအပ်သော-ပဋိသန္ဓေမနေရလို- မအိုရချင်- မသေချင်ဟု- တောင့်တဆိုလည်း- ထိုအလိုရှိတိုင်း, တောင့်တတိုင်းသည် ရအပ်သည် မဟုတ်ချေ၊ ထိုကဲ့သို့ မရသင့်-မရစကောင်းသော (အလဗ္ဘနိယ) အရာဝတ္ထု ဘောင့်တမှုကို-တောင့်တရှာကြံသောသူမှာ-မိမိတောင့်တတိုင်း မရ,မဖြစ်၊ ထိုသို့ မရသင့် မရကောင်းသော တောင့်တမှုကို ပြုသောသူအား (ကာယိကဒုက္ခ)ကိုယ်ဆင်းရဲရခြင်း (စေတသိကဒုက္ခ)စိတ်ဆင်းရဲရခြင်းတို့သည် ဖြစ်ကုန်၏၊ ထိုသို့ဖြစ်ရခြင်းသည် ဆင်းရဲအစစ်-ကေန်ဖြစ်၏ ဟု ဟောတော်မူသည်။

ဤနေရာတွင် 'သမ္မောအဋ္ဌကထာ' ဖွင့်ချက်နှင့် နှိုးနှောကြည့်လျှင်....

၁။ မရကောင်းသော အရာဝတ္ထုကို တောင့်တခြင်း လက္ခဏာရှိ၏၊
၂။ မရထိုက်သော ဝတ္ထုကို လိုချင်ခြင်း-ကိစ္စရှိ၏၊
၃။ ထိုတောင့်တတိုင်းသော ဝတ္ထုတို့ကို မရခြင်း-အခြင်းအရာရှိ၏၊

ထိုထိုသို့သောအကြောင်းများကြောင့်....

တံတံ ပတ္တယမာနာနံ၊ တဿ တဿ အလာဘတော၊
ယံ ဝိဃာတမယံ ဒုက္ခံ၊ သတ္တာနံ ဣဓဇာယတိ။

ဣစ္ဆလောကေ-ဤလောက၌၊ တံတံ-ထိုထိုအလိုရှိအပ်, တောင့်တအပ်သော-မဖြစ်, မအို, မနာ, မသေသော သဘောကို၊ ပတ္ထယမာနာနံ-တောင့်တလင့်ဆို အလိုရှိကြပါကုန်သော၊ သတ္တာနံ-သူသူငါငါ သတ္တဝါတို့အား၊ တဿတဿ-ထိုထိုအလိုရှိအပ်, တောင့်တအပ်သော ဝတ္ထုကို အလာဘတော-မဂ္ဂဘာဝနာ-အားထုတ်မှုမရှိပါသဖြင့် မရခြင်းကြောင့်၊ ဝိဃာတမယံ-စိတ်နှလုံး၏ မရွှင်သိုးနွမ်း ပင်ပန်းခြင်းသည် ပြုအပ်သော၊ ယံဒုက္ခံ-အကြင်ဆင်းရဲသည်၊ ဇာယတိ-ဖြစ်၏။

အလဗ္ဘနေယျဝတ္ထုနံ-ပတ္ထနာဘဿ ကာရဏံ၊
ယသ္မာ တသ္မာ ဇိနောဒုက္ခံ၊ ဣစ္ဆိတာ လာဘမဗြဝီ။

တဿ-ထိုအလိုရှိအပ်သောဝတ္ထုကို အလိုရှိဘိုင်း မရသဖြင့်ဖြစ်သောဆင်းရဲ၏၊ အလဗ္ဘနေယျဝတ္ထုနံ-မရသင့်မရကောင်းသော ထိုဝတ္ထုတို့ကို ပတ္ထနာ-တောင့်တခြင်း, လိုချင်ခြင်းသည်၊ ကာရဏံ-ပင်ရင်းဇစ်မြစ် ကြောင်းရင်း အစစ်သည်၊ ယသ္မာ အကြင့်ကြောင့်၊ ဟောတိ-ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊ ဇိနော-ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ဣစ္ဆိတာ လာဘံ-တောင့်တတိုင်းသော ဝတ္ထုအား မရခြင်းကို၊ ဒုက္ခံ-ကိုယ်စိတ်နှစ်ဖြာ ပူဆာထန်ပြင်း ဆင်းရဲခြင်းဟူ၍၊ အဗြဝိ-ဟောတော်မူပြီ။

ဤ၌ ခန္ဓာငါးပါး ရုပ်နာမ်တရားအစုဖြစ်သော သတ္တဝါ ပုဂ္ဂိုလ် ထိုထိုသို့သောသူသည်၊ ပရမတ္ထသဘာဝတို့၏ သွားရာ

လမ်းကြောင်းဖြစ်သော-ဖြစ်မှုပျက်မှုကို သိတတ်,မြင်တတ်သော-မဂ္ဂဘာဝနာ ပညာသတိ ကင်းလွတ်သည့်အတွက်-ဖြစ်ရှိလာသော ဇာတိ-ဇရာ-ဗျာဓိ-မရဏတို့ကိုသာ ပညတ်ဓမ္မအနေနှင့် တွေ့မြင်သောအခါ 'အဟောဝတမယံ န ဇာတိဓမ္မာ အဿာမ' 'ဤအိုနာ သေရေး ဒုက္ခဘေးတို့သည်-ငါ၏ထံမှောက်သို့ မရောက်မလာကြပါမူကား - အဟောဝတ-ဩော်ကောင်းစွ' ဟု တောင့်တလင့်ဆို အလိုရှိတိုင်း ကြံစီကြပါကုန်သော်လည်း ရုပ်တရားတို့၏ သဘောလက္ခဏာ, နာမ်တရားတို့၏ သဘောလက္ခဏာသည် သွားမြဲလမ်းကြောင်း - အနတ္တ ဟူသော 'သူ့သဘော'မှ မည်သို့မျှ မသွေဖည်ကောင်းရကား-မရပ်မစဲ, တသဲသဲ တလှုပ်လှုပ်, တသုတ်သုတ်,တရွရွ-ဖြစ်မြဲတိုင်းဖြစ်၍-ပျက်မြဲတိုင်း ပျက်နေသောကြောင့် မိမိတို့ တောင့်တတိုင်း,အလိုရှိတိုင်း ဖြစ်၍မလာပဲ-မအိုချင်ပဲလျက် အိုရ, မနာချင်ပဲလျက် နာရ, မသေချင်ပဲလျက်-သေရသည်ကို တွေ့မြင်ကြရ၍ သတ္တဝါအများသည်-ကိုယ်စိတ်နှစ်ဖြာ ပူဆာ ညှိုးနွမ်း ပင်ပန်းဆင်းရဲ-ဒုက္ခပဲဟု-တောင့်တတိုင်း မပြည့်စုံသည့် အဖြစ်သည်-ဒုက္ခသစ္စာ ဆင်းရဲစွာသောတရားပေတည်း'။

'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ' 'အိုပဥ္စဝဂ္ဂီတို့-လောက၌ ဖြစ်ရှိနေသော ဒုက္ခကြုံးခြုံ ဆင်းရဲပုံကို အကုန်ဝေဘန်လတ်သော်-အလွန်တရာ ကျယ်ပြန့်များပြားလှရကား - ဆင်းရဲဒုက္ခကိုကား-အကျဉ်းချုံး၍မူရ၊ ထိုဒုက္ခဝတ္ထု ဆင်းရဲစု၏-အထုအထယ်-ဇရာ နယ်ကား-ငါးပါးသော အစွဲအလန်းကြောင့် ဖြစ်သည်၊ ဤခန္ဓာ ငါးခု-အစုအပုံတို့သာတည်း၊ ဤခန္ဓာသည်-ဆင်းရဲလုံးစုံ-ဒုက္ခဘုံ

သာတည်း၊ ဆင်းရဲပင်မြစ်-ကေန်ဖြစ်၏၊ မည်သည့်ဆင်းရဲတခုမျှ-ခန္ဓာအစုမှ-လွတ်သည်ဟူ၍မရှိ၊ လောက၌ မည်သူ့အမျိုးမြတ်၍တန်းခိုးဣဒ္ဓိပါဒ်ရှိသည် ဆိုစေကာမူ ၎င်း၏ ရုပ်နာမ်ခန္ဓာကား-သင်္ခါရမှု အစုစုတို့၏ မပြတ်မလပ် ဒလစပ် နှိပ်စက်သွင်းပန်းမှုကိုခံနေရသဖြင့် တဖြုတ်ဖြုတ်, တသုတ်သုတ်, တလှုပ်လှုပ်, တရွရွ, တမွမွ, တသဲသဲ, မမြဲအနိစ္စ-ဒုက္ခဆင်းရဲ-အိုပွဲ, နာပွဲ, သေပွဲများမြောင် မဆုံးအောင် တွေ့ရမည်သာ-လွန်သေချာသဖြင့် ခန္ဓာငါးခု ဖြစ်ရှိမှုသည် သက်သာရာမရ, ချမ်းသာဟုမရှိသဖြင့် စင်စစ်ဒုက္ခသစ္စာသာတည်းဟု ဘုရားဟောလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဆင်းရဲ၏ပင်ရင်း-ဒုက္ခသစ္စာအစစ်ဖြစ်သော-အစွဲအလန်းတို့၏အာရုံဖြစ်သော- ဤခန္ဓာငါးပါးကို သယ်ဆောင်ထားရခြင်းသည် 'ဒုက္ခထုပ်,ဒုက္ခဝန်'ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တွင် ဟောတော်မူခဲ့သည်ကို အလျဉ်းသင့်၍ဖော်ပြဦးအံ့။

**'ခန္ဓာဝန်ထုပ်-ဘာရသုတ်'** မြတ်စွာဘုရားသည် ရဟန်းတို့အား 'ချစ်သားတို့-ထမ်းဆောင်အပ်သော ဝန်ထုပ်ကိုင်း၊ ဝန်ထုပ်ထမ်းဆောင်သူကိုင်း၊ ဝန်ထုပ်ထမ်းရန်ယူငင်ခြင်းကိုင်း၊ ဝန်ထုပ်ပစ်ချသည့်အရပ်ကိုင်း ဟောကြားပေအံ့၊

(ကတမောစ ဘိက္ခဝေ ဘာရော ပဉ္စုပါဒါနက္ခန္ဓာ-တိဿဝစနိယံ)

'ချစ်သားတို့-ဝန်ထုပ်ဟူသည် အဘယ်နည်း၊ အစွဲအလန်း၏ အာရုံဖြစ်သော....

ဖောက်ပြန်မှု ဟူသော (ဥပါဒါနက္ခန္ဓာ) စွဲလန်းမှုအစု၊
ခံစားမှု ။ ( ။ ) ။
မှတ်မှု ။ ( ။ ) ။
ပြုပြင်မှု ။ ( ။ ) ။
သိမှု ။ ( ။ ) ။
ငါးပါးတို့တည်း၊

ငှင်းခန္ဓာခေါ်မှု-အစုငါးခုတို့သည် ဆင်းရဲ၏ပင်ရင်း ဒုက္ခစင်းစင်း ဖြစ်သောကြောင့် ဒုက္ခသစ္စာဖြစ်သော စွဲလန်းမှု၏အာရုံ ဖြစ်သော 'ဝန်ထုပ်'ပေတည်း။

(ကတမောစ ဘိက္ခဝေ ဘာရဟာရော ပုဂ္ဂလော တိဿဝစနိယံ)

"ချစ်သားတို့-ဝန်ထုပ်ကိုထမ်းဆောင်သူသည် အဘယ်နည်း၊ မိန်းမ ယောကျ်ား ပုဂ္ဂိုလ်, သတ္တဝါဟူ၍ ခေါ်ဆိုသုံးစွဲအပ်သော အမည်နာမ ဝေါဟာရ ပညတ်ရှိသော သတ္တဝါသည် ဝန်ထုပ်ကို ထမ်းဆောင်သူပေည်၏"

ဤခန္ဓာတည်းဟူသော ဒုက္ခဝန်ထုပ်ဝန်ပိုးကြီးကို တဘဝမှ တဘဝသို့-ငါငါ, သူသူ, လူလူ, နတ်နတ်-တို့သည်၊ မိမိတို့ ဖြစ်လိုရောက်လိုသော ဘုံဘဝသို့-ဖြစ်စေ, ရောက်စေခြင်းငှါ- ရောက်ရာရောက်ကြောင်း ကုသိုလ်ကံတို့ဖြင့် ရောက်ရာဘဝ၌-ခန္ဓာ(ဒုက္ခသစ္စာ)ဝန်ထုပ်ကို ထမ်းဆောင်ရပြန်ကုန်၏၊ မိမိကိုယ်တိုင် ဖြစ်လိုရောက်လိုသဖြင့် ဒုက္ခခန္ဓာဝန်ကို မိမိသည် ထမ်းဆောင်လိုသောကြောင့်သာ ထမ်းဆောင်ရခြင်းဖြစ်သေသည်၊

(ကတမဥ္စ ဘိက္ခဝေ ဘာရာဒါနိ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ။လ။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ)

"ချစ်သားတို့-အဘယ်တရားသည်လျှင် ဝန်ထုပ်ကို ထမ်းဆောင်ယူငင်ခြင်း မည်သနည်း၊ ဘဝသစ်၌ ခန္ဓာဝန်ကို အသစ်တဖန် ပြန်လည်ဖြစ်စေတတ်သော နှစ်သက်စွဲလန်းမှုနှင့်တကွ ဖြစ်သော ထိုထို ဖြစ်ရာအာရုံတို့ကို နှစ်သက်တတ်သော....

၁။ ကာမအာရုံတို့၌ တပ်မက် နှစ်သက်သော 'ကာမတဏှာ'

၂။ သဿတဒိဋ္ဌိ အယူနှင့်တကွဖြစ်သော 'ဘဝတဏှာ'

၃။ ဥစ္ဆေဒဒိဋ္ဌိ အယူနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ'

ဤတဏှာသုံးပါး လောဘတရားသည် ဝန်ထုပ်ကို ထမ်းဆောင်ယူငင်ခြင်း မည်၏"

ဤဒုက္ခသစ္စာ ခန္ဓာဝန်ကို တဘဝမှ တဘဝသို့ ထမ်းပိုး ယယ်ဆောင်သွားရမှုသည် 'တဏှာ'၏ကိစ္စပင် ဖြစ်သည်၊ ကာမနှင့် ပတ်သက်၍ လိုချင်တပ်မက်မှု တဏှာသည် ထိုကာမဝန်ထုပ်ကို ထမ်းယူ၏၊ ဘဝနှင့်ပတ်သက်၍ လူဖြစ်ချင်မှု, နတ်ဖြစ်ချင်မှု ဘဝတဏှာသည် ထိုဖြစ်ချင်မှုနှင့် ထိုထိုဘဝတို့၏ ဝန်ထုပ်ကို ထမ်းယူ၏၊ ဘဝပြတ်မှုနှင့်ပတ်သက်၍ဖြစ်သော ဝိဘဝတဏှာသည် ၎င်းနှင့်ပတ်သက်သော ဝန်ထုပ်ကို ထမ်းယူ၏၊ ဝန်ထုပ်ဟူသော

ဒုက္ခခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါဟူသော ဝန်ထမ်းသမားသည် တဏှာတမျိုးမျိုးနှင့်ထမ်း၍ သံသရာကို လှည့်လေသည်။

(ကထမဋ္ဌ ဘိက္ခုဝ ဘာရနိက္ခေပနံ။လ။ မုတ္တိ· အနာလယော)

"ချစ်သားတို့ - အဘယ်တရားသည်လျှင် ခန္ဓာငါးပါး ဟူသော ဒုက္ခဝန်ထုပ်ကို ပစ်ချရမည်သနည်း။ ဆိုဝန်ထုပ်ကို ထမ်းခြင်းဟုဆိုအပ်သော လိုချင်တပ်မက်သည့် တဏှာ၏ သာလျှင်....

၁။ အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းခြင်း၊
၂။ အကြွင်း စွန့်လွှတ်ခြင်း၊
၃။ အကြွင်း မကပ်ငြိခြင်း၊
၄။ အကြွင်း လွှတ်ခြင်း၊
၅။ အကြွင်း မတွယ်တာခြင်း၊

သည်-ဝန်ထုပ်ကိုပစ်ချရာ နိဗ္ဗာန်ပင်တည်း"

ဟု ဟောတော်မူသည်။

ဒုက္ခသစ္စာဖြစ်သော ခန္ဓာငါးပါးဝန်ထုပ်ကိုထမ်းပိုး၍ သံသရာ တခွင် လှည့်လည်သွားလာနေသော သံသရာခရီးသည် ပုထုဇ္ဇန် သည် နိဗ္ဗာန်သွားရာလမ်းကို မြင်တတ်သော သစ္စာမျက်စိကို အဝိဇ္ဇာသည် ပိတ်လျက် ခန္ဓာဒုက္ခဝန်ထုပ်ကိုလည်း ဖြေမကြည့်ဝံ့ပဲ· တဘဝမှ တဘဝသို့ တဏှာတင်ပေးချက်နှင့် ထမ်းလာရာ-ဘုရား သာသနာနှင့် ကြုံသောအခါတွင် မြတ်စွာဘုရားတည်းဟူသော

ပညာရှိက 'သင်၏ ထမ်းလာရသောဝန်ထုပ်သည် လေးလံလှချေ တကား-အတွင်း၌လည်း အနှစ်သာရဟူ၍ ဘာမျှမရှိ ဆင်းရဲအတိ သာ ဖြစ်၏၊ မနှစ်သက်ဖွယ်သာဖြစ်၏၊ စက်ဆုပ်ဖွယ်သာဖြစ်၏၊ သင်၏ အမှန်ကို မြင်တတ်သိတတ်သော ပညာမျက်စိ, သစ္စာ မျက်စိသည် ပိတ်လျက်နေသဖြင့်သာ အမှန်ကို အမှန်ဟု မမြင်ရ သောကြောင့် ဤဝန်ထုပ်ကို အကောင်းအမွန် အဖိုးတန်ပစ္စည်း ထင်၍ သင်ထမ်းခဲ့ပြီ၊ ယခု ငါသည် သင်၏ ပိတ်လျက်ရှိသော မျက်စိကို ဖွင့်ပေးအံ့၊ ဤဝန်ထုပ်ကို ဖြေကြည့်လော့'ဟုဆိုပြီး သစ္စာမျက်စိ ပညာမျက်စိကို ဖွင့်ပေးသဖြင့် အထုပ်ကို ဖြေကြည့် ရာတွင် ဆင်းရဲဒုက္ခတွေနှင့်သာ ပြည့်လျက်-လိုချင်နှစ်သက်ဖွယ် ဘာမျှမရှိသော–'မစင်ထုပ်'ဖြစ်နေသည်ကို မြင်ရမှ-ထိုဝန်ထုပ်ကို တွယ်တာမှု ကင်းစွာနှင့် စွန့်လွှတ်ခြင်း, မငြိကပ်တော့ခြင်း, ပြန်လှည့်၍မကြည့်ချင်အောင် စွန့်ခွါခြင်း စသည်ဖြင့် ဒုက္ခဝန် ကင်းရာ နိဗ္ဗာန်ချမ်းသာကိုရခြင်းသည် ဒုက္ခဝန်ထုပ်ကို စွန့်ပစ် ခြင်းပင်ဖြစ်သည်ဟူလို—ထို့ကြောင့် မြတ်စွာဘုရားသည်....

"ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော၊
ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
နိက္ခိပိတွာ ဂရုံဘာရံ၊ အညံဘာရံ အနာဒိယ၊
သမူလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော"

"ဘိက္ခဝေ-ချစ်သားတို့၊ လောကေ-လောက၌၊ ဟဝေ- စင်စစ်၊ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါးတို့သည်၊ ဘာရာ-လေးလံ

လှစ္စာ ထမ်းဆောင်ရသောဝန်ထုပ် မည်ကုန်၏၊ ပုဂ္ဂလော-မည်သူမည်ဝါ သညာခေါ်ဆို ပုဂ္ဂိုလ်သတ္တဝါသည်၊ ဘာရဟာရော စ-ခန္ဓာငါးပါးတည်း ဟူသော ဝန်ထုပ်ကို ထမ်းဆောင်သောသူမည်သည်လည်း၊ဟောတိ-ဖြစ်၏၊ဒုခံ-ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့၏ အသစ်တဖန် ပြန်လည်ဖြစ်ရခြင်း ဆင်းရဲသည်၊ ဘာရာဒါနံ-ခန္ဓာဝန်ကိုယူခြင်း မည်၏၊ သုခံ-ရုပ်နာမ်ခပ်သိမ်း ကင်းငြိမ်းရာမှန် နိဗ္ဗာန် ဟူသော ချမ်းသာသည်၊ ဘာရနိက္ခေပနံ-ခန္ဓာဝန်ထုပ်ကို ချထားခြင်းမည်၏။

ဂရုံ-လေးလံလှစ္စာသော၊ ဘာရံ-ခန္ဓာငါးပါးတည်း ဟူသော ဝန်ထုပ်ကို၊ နိက္ခိပိတွာ-ချထား၍၊ အညံ-တပါး သော၊ ဘာရံ-ဘဝသစ်၌ဖြစ်ရလတ္တံ့သော ခန္ဓာငါးပါး တည်းဟူသော ဝန်ထုပ်ကို၊ အနာဒိယ-မယူမူ၍၊ သမူလံ-အဝိဇ္ဇာ ဟူသော သံသရာဝဋ်မြစ်နှင့်တကွသော၊ တဏှံ-လိုချင်မှုတဏှာကို၊ အဗ္ဗုယှ-အရဟတ္တမဂ်-ဉာဏ်သံလျက် ဖြင့် ပယ်ဖျက်နှုတ်ပစ်၍၊ နိစ္ဆာတော-တဏှာကင်းသည် ဖြစ်၍၊ပရိနိဗ္ဗုတော-ခန္ဓာဝန်ဇာတ်သိမ်း၍ အေးငြိမ်းရလေ ယတည်း"

(ဤကား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၂၁ ဘာရ သုတ်ကို သင့်လျော်အောင် ဘာသာပြန်ချက်တည်း)

## "အဘယ့်ကြောင့် ဒုက္ခသစ္စာဖြစ်သနည်း"

အကြောင်တရားသဘောသည် လက္ခဏာ ၄-ချက် အနက် ၄-ပါးနှင့် ပြည့်စုံ၏၊ ထိုတရားသဘောသည် ဒုက္ခသစ္စာ ဖြစ်လေသည်၊ အဘယ်သို့သောလက္ခဏာ,အနက်တို့နည်း-ဟူမူ....

ဒုက္ခသစ္စာ ဟူသော ရုပ်နာမ် ၂-ပါး အပေါင်းသည်....

၁။ 'ပီဠနဋ္ဌ' ရုပ်နာမ်ခန္ဓာ ရသော, ရှိသော, ဖြစ်သော သတ္တဝါကို နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်းဟူသော 'ပီဠနဋ္ဌ' အနက်သဘော—

၂။ 'သင်္ခတဋ္ဌ' အကြောင်းတရား ၄-ပါးတို့သည် အညီအညွတ်ပေါင်း၍ ပြုပြင်တတ်, ပြုပြင်အပ်, ပြုပြင်ခြင်း ဟူသော 'သင်္ခတဋ္ဌ' အနက်သဘော—

၃။ 'သန္တာပဋ္ဌ' ကိလေသာမီး ပူပါးစီးမှုကြောင့် ပူပန်စေတတ်, ပူပန်စေအပ်, ပူပန်ခြင်း ဟူသော 'သန္တာပဋ္ဌ' အနက်သဘော—

၄။ 'ဝိပရိဏာမဋ္ဌ' ရင့်ခြင်း ဇရာ, ပျက်ဆုံးခြင်း မရဏာ ဟူသော ၂ ပါးသောအပြားတို့ဖြင့် ဖေါက်ပြန်တတ်သော 'ဝိပရိဏာမဋ္ဌ' အနက်သဘော—

ဤသို့လျှင် ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား ၂-ပါး၏ ဒုက္ခသစ္စာ၏ အနက်သဘောဖြစ်ကုန်သော ဤ ၄-ပါးတို့သည်....

‘တထာ’ မှန်ကန်ကုန်၏၊

‘အဝိတထာ’ မချွတ်မယွင်းကုန်၊

‘အနညထာ’ နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်း ဟူသော ‘ပီဠနဋ္ဌ’ သဘောမှတပါး- မနှိပ်စက်တတ်, မနှိပ်စက်အပ်, မနှိပ်စက်ခြင်းဟူသော သဘောမှ ကင်းကုန်၏။

ထို ၄-ပါးသော အနက်သဘောတို့တွင် ‘ပီဠနဋ္ဌ’ နှိပ်စက်ခြင်း ဟူသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား ၂-ပါး၌ အမြဲမပြတ် ပူးကပ်ပါရှိသော ပင်ရင်းအနက်သဘော ဖြစ်၍ ထို ‘ပီဠနဋ္ဌ’ နှိပ်စက်ခြင်းအနက်သဘောသည် ဒုက္ခသစ္စာ၏ မူလပင်ရင်း အနက်သဘောမည်၏၊

‘သင်္ခတဋ္ဌ’ ပြုပြင်ခြင်းအနက်သဘော, ‘သန္တာပဋ္ဌ’ ပူပန်ခြင်း အနက်သဘော, ‘ဝိပရိဏာမဋ္ဌ’ ဖောက်ပြန်ခြင်းဟူသော အနက်သဘော-ဤ ၃-ပါးသော အနက်သဘောသည် ဒုက္ခသစ္စာ ဟူသော ရုပ်နာမ်ခန္ဓာ၏ နှိပ်စက်ညှင်းပန်းမှုပုံကိုပြသော အနက်သဘောဖြစ်၍ အခြင်းအရာအနက်မည်၏၊

ဤ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့သည် ‘ပီဠနဋ္ဌ’ အနက်သဘောအားဖြင့် ကပ်၍ မပြတ် နှိပ်စက်တတ်သောကြောင့် ဤအနက်အရ သာလျှင် (ဒုက္ခသစ္စာ) ဆင်းရဲ အစစ်အမှန်ဖြစ်၏၊ အဘယ်ကဲ့သို့ နှိပ်စက်တတ်သည်ကို ထင်ရှားပေါ်လွင်စေရန်....

'သဒ်တင္ဝ' သဘောအားဖြင့် ဖြစ်ပျက် ဖြစ်ပျက် ပြုပြင်
ချက်နှင့် အမြဲမပြတ် နှိပ်စက်တတ်၏၊
'သန္တာပင္ဝ' သဘောအားဖြင့် ဤရုပ်နာမ် အတွက်
အမျိုးမျိုးအဖုံဖုံ ကြောင့်ကြရမှုအစုံတို့ဖြင့်
လည်း နှိပ်စက်၏၊
'ဝိပရိဏာမင္ဝ' သဘော အားဖြင့် – ရင့်ရော် အိုမင်းခြင်း,
ပျက်စီးသေပျောက်ခြင်းစသော ဖေါက်ပြန်
ချက်ဖြင့်လည်း နှိပ်စက်၏၊

ဤခန္ဓာ ၅ ပါး ရုပ်နာမ်တရားတို့ ရလာ,ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် နှိပ်စက်တတ်သောသဘော, ပူပန်စိုးရိမ်ကြောင့်ကြရသောသဘော, အိုနာသေရေး ဒုက္ခဘေးဟုဆိုအပ်သောသဘောတို့သည် အမြဲတစေကပ်၍ မပြတ် နှိပ်စက်တတ်ရကား–ဤရုပ်နာမ်ခန္ဓာရခြင်းသည် ဆင်းရဲအစစ်အမှန် ဖြစ်လေသည်၊ ထိုသဘောတို့၏ အမှန်အတိုင်း ဖြစ်ရှိနေသည်ကို အမှန်အကန်သိနေမှုကား 'အရိယသစ္စာဉာဏ်' ဖြစ်လေသည် ထို့ကြောင့် မြတ်စွာဘုရားသည်....

"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ" ဟု
ဟောတော်မူလေသည်။

'ဒုက္ခသစ္စာ-သိစရာ' မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရတောင်ယံ၌ ဘွင်နေသော (အတိတ်ဘဝပေါင်းများစွာက အမိအဖအကြိမ်များစွာတော်စပ်ဘူးသော) 'နကုလပိတာ,နကုလမာတာ' အမည်ရှိသည့် သူကြွယ်လင်မယား အဘိုးကြီး-အဖွားကြီး တို့ထံသို့ကြွ ရောက်တော်မူလာလေသည်၊ ထိုအခါ 'နကုလပိတာ' အဘိုးကြီးက ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုရင်း....

"သားတော်ကြီး ကြွလာတော်မူပေလို့-ခမည်းတော်များ ဖူးမြင်ရပါပေသည်၊ခမည်းတော်-မယ်တော်များမှာ အသက်အရွယ် အလွန် ကြီးရင့်နေကြပါသောကြောင့် ဤခန္ဓာကိုယ်သည် အထိုင်အထမှစ၍ အလွန်လေးလံပြီး နာကျင်ခံခက် ထိုင်းမှိုင်းလျက်ရှိပါကြောင်း" နှင့်

လျှောက်သောအခါ-မြတ်စွာဘုရားက....

"မှန်ပေသည် သူကြွယ် ဒါယကာကြီး-ဤရုပ်နာမ်ခန္ဓာကို လွန်ခဲ့သောအတိတ်ဘဝမှ သယ်ဆောင်လာသော သတ္တဝါမှန်လျှင် ကြီးသည်-ငယ်သည်မဟူ မည်သည့်ခန္ဓာကိုယ်မှ မကောင်းပေ၊ ဤရုပ်နာမ်ခန္ဓာသည် အဥကဲ့သို့ မခိုင်မမြဲချေ၊ အရေပါးတို့ဖြင့် ဖွဲ့ယှက်ထားသဖြင့်လည်း လုံခြုံမှုမရ၊ နာကျင်ခြင်းဖြင့် အမြဲတစေ အနှိပ်စက်ခံနေရ၏၊ ဤကဲ့သို့ ဆင်းရဲဖြစ်နေသော ခန္ဓာကိုယ်ကို ရနေပါလျက် ခဏကလေးပင်ဖြစ်စေ 'ငါ အနာကင်းသည်-ငါရောဂါကင်းနေသည်'ဟု ထင်မှတ် ပြောဆိုနေသူသည် ပညာမဲ့သောသူတို့ ပြောခြင်း-ထင်ခြင်းသာ ဖြစ်သည်၊ ပညာဉာဏ်ရှိသူသည် ဤသို့မထင်, ဤသို့မမြင်-ဤခန္ဓာ၏ အမှန်ဆင်းရဲ(ဒုက္ခသစ္စာ)သာ မြင်သည်"

ဟု မိန့်တော်မူရာ-သူကြွယ်အဘိုးကြီးက....

"သည်လိုဖြင့် အရှင်ဘုရားက-ဒါယကာ ခမည်းတော်တို့အတွက် ကြာမြင့်စွာ ချမ်းသာခြင်းကို ရစေ

နိုင်သော တရားအကျဉ်းချုပ်တပုဒ်လောက် ချီးမြှင့်တော်မူပါဘုရား”

ဟု လျှောက်သောကြောင့် မြတ်စွာဘုရားက ‘ဒါဖြင့် ဒါယကာကြီး ဤလိုကျင့်ပါ’....

“အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ”

“ငါ၏ ခန္ဓာကိုယ်သည် အမြဲတစေ နာကျင်ခံခက် နှိပ်စက်နေသည်၊ ထိုခန္ဓာကိုယ်၏ နာကျင်ခံခက် ဆင်းရဲလျက်နေသကဲ့သို့ စိတ်သည် နာကျင်ခြင်းမဖြစ်စေနှင့်”

ဟု ဟောကြားတော်မူသည်။

ဤဘုရားမှာ အလွန်တိုလွန်း၊ ကျဉ်းလွန်းသောတရား ဖြစ်သည်နှင့်အမျှ လုပ်ငန်းခွင်ဝင်၍ အားထုတ်ရာ၌ အလွန် အရေးကြီးကြောင်း နောက်ပိုင်းတွင် တွေ့ရလတ္တံ့။ ယခု ဤနေရာတွင် ဝိကား အနက္ခသစ္စာ ပေါ်လွင်အောင် ဖော်ပြရဦးမည်ဖြစ်သည်။

ဤနေရာတွင် အဋ္ဌကထာဆရာ၏ ရှင်းလင်းချက်ကို ကြားနာကြည့်ရလျှင် ပို၍ သဘောပေါက်လာမည်။

မြတ်စွာဘုရားက – ‘ဤခန္ဓာကိုယ်သည် အဥကဲ့သို့ မခိုင်မမြဲချေ၊ အရေပါးတို့ဖြင့် ဖွဲ့ယှက် ထားသဖြင့်လည်း၊ လုံခြုံမှု မရ၊ နာကျင်ခြင်းဖြင့် အမြဲတစေ အနှိပ်စက်ခံနေရ၏’ ဟု ဟောတော်မူရာဝယ်....

'အမြဲနာကျင်နေခြင်း'ဟူသည်ကား....

"အာတုရကာယောတိ·ဂိလာနကာယော၊ဣဒဥ္စသရီရံ သုဝဏ္ဏဝဏ္ဏံပိ နိစ္စပဃ္ဃရဏဋ္ဌေန အာတုရံယေဝနာမ၊ အာဘိက္ခဏတာကော်တိ အာဘိဏှရောဂေါ နိရန္တရ-ရောဂေါ"

"အမြဲနာကျင်ခြင်းဖြင့် နှိပ်စက်နေ၏ ဟူသည်ကား-ဤရုပ်နာမ်ခန္ဓာကိုယ်သည် လူမမာ၏ ကိုယ်ခန္ဓာမျိုးသာ ဖြစ်သည်၊ မှန်ပါသည်-ဤကိုယ်သည် ရွှေအဆင်းကဲ့သို့ လှလှပပ ကြည့်မဝ, ရှုမဝ ဖြစ်စေကာမူ·ဤခန္ဓာကိုယ်မှ အမြဲမပြတ် ယိုစီး၍ထွက်ကျအပ်သော အညစ်အကြေး တို့ကို·မိမိကိုယ်ကို မိမိသည်ပင်လျှင်·လူမမာကို ပြုစုနေရသူ အတိုင်း အမြဲသုတ်သင်၍ စင်ကြယ်အောင် လုပ်ပေး နေရသည်၊မပြုစုပေးပဲ မေ့နေ၍မရ၊တချက်လစ်ဟင်းလျှင် လူကြားထဲသို့-ပရိသာတ်အတွင်းသို့ ဝင်ရောက်ဆက်ဆံ၍ မဖြစ်တော့ချေ၊ ထို့ကြောင့် ဤခန္ဓာသည် အမြဲမပြတ် ရောဂါ ကပ်ရောက်နေသူ လူမမာကဲ့သို့ ဖြစ်၏" ဟု ရှင်းပြသည်။

တဖန်'အဥကဲ့သို့မခိုင်မမြဲ'ဟု ဟောတော်မူရာဝယ်-အဋ္ဌကထာက....

"အဏ္ဍဘူတောတိ အဏ္ဍံဝိယဘူတော ဒုဗ္ဗလော။လ။ အဏ္ဍဘူတော"

"ကြက်ဥ, ဘဲဥ, ဒေါင်းဥ, ငှက်ဥ စသော အဥများမှာ အားနည်းလှသည်၊ အင်္ဂျဲ, ကျောက်ခဲ - စသည်တို့ကဲ့သို့

ပစ်ခတ်ကစား၍ မရချေ၊ ပစ်လိုက်လျှင် ထိုခဏ၌ပင် ကွဲပျက်လေသကဲ့သို့-ဤခန္ဓာကိုယ်သည်လည်း အားနည်းလှသည်၊ ဆူး, ကျောက်စရစ်, ခဲ-စသည်တို့ စူးမိ, ခိုက်မိ, တိုက်မိသည်ကစ၍ ရှောင်နေရသည်၊ မရှောင်မိပဲ စူးမိ, ခိုက်မိ, ယှမိက နာကျင်သည့်,ဆင်းရဲဒုက္ခဖြစ်ရသည်အတွက် မခိုင်မမြဲ'ဟု ဖော်ပြသည်။

၃င်းပြင်-'အရေပါးတို့ဖြင့် ဖွဲ့ယှက်ထားသည်'ကို ဖော်ပြရာ၌....

"ပရိယောနဒ္ဓေါတိ သုခုမေန ဆဝိမတ္တေန ပရိယော-နဒ္ဓေါ။လ။ ဆဝိယာ ပရိယောနဒ္ဓေါ"

"ဤခန္ဓာကိုယ်ကို သိမ်မွေ့ပါးလွှာသော အရေပါးမျှဖြင့် ဖုံးလွှမ်းမြှေးယှက် ထားသည်ဖြစ်၍ အထိအခိုက်မခံ့သာသဘော ဖြစ်၏၊ ဆိုခဲ့ပြီးသော ကြက်ဥ, ဘဲဥစသော ဥတို့မှာ အပြင်ဖက်က မာကြောသော ဥခွံကွယ်ကာထားမှုကြောင့် ခြင်, ယင်, ပိုးကောင် စသည်တို့သည်-ထိုဥခွံကို ဖောက်ခွဲ၍ အတွင်းမှ အရည်အစေးစသည်ကို ဖောက်ထုတ်စုတ်ယူခြင်းငှါ မတတ်နိုင်ကြကုန်၊ ဤခန္ဓာကား ထိုဥများလောက်မျှ အမာခံမရှိချေ၊ခြင်,ယင်စသည်တို့သည် ဤပါးလွှာသော အရေပါးကို ထိုးဖောက်၍ အတွင်းမှ သွေး-စသည်တို့ကို အလိုရှိသည့်အတိုင်း ထုတ်ယူစားသောက်နိုင်ကြကုန်သည်၊သို့ဖြစ်၍ဤရုပ်နာမ်ခန္ဓာကို ခြင်,ယင် စသော ပိုးမွှားမှစ၍ အအေး,အပူဥတုဒဏ်ချက်, အစားအသောက်မှားမှု အာဟာရဒဏ်ချက်

အမျိုးမျိုးတို့မှ အကာအကွယ် အစောင့်အရှောက် အမျိုးမျိုးပေးနေရသည်မှာ ဤခန္ဓာကိုယ်၏ အမြဲမပြတ် ရောဂါရှိသူ့ ဒုက္ခသည်အနေနှင့် ပြုလုပ်ပေးနေရသည်မှာ လုံခြုံမှုမရှိကြောင်း ထင်ရှားသောကြောင့် ဒုက္ခသစ္စာ ဆင်းရဲလှစွာ၏"

(ဤကား ခန္ဓဝဂ္ဂသံယုတ် နကုလပိတုသုတ် အဋ္ဌကထာ ၂၂၉-မှ ဘာသာပြန် ဖော်ပြချက်တည်း)

(ဒုက္ခသစ္စာ ပြီး၏)

---

"သမုဒယသစ္စာ-ဤတဏှာ" "ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ-တဏှာ"

"ချစ်သားတို့-အကြင် လောဘတဏှာသည် တဖန် ဘဝအသစ်ကို ဖြစ်စေတတ်သောအလေ့ရှိ၏၊ နှစ်သက်ခြင်း တပ်မက်ခြင်းသဘောရှိ၏၊ ထိုထိုဘဝ-ထိုထိုအာရုံ၌ အလွန် နှစ်သက်တတ်၏၊ ထိုလိုချင်မှုတဏှာဟူသည် အဘယ်နည်း ဟူမူ....

၁။ ရူပါရုံစသော ဝတ္ထုကာမကိုနှစ်သက်တတ်သော 'ကာမတဏှာ'

၂။ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော 'ဘဝတဏှာ'

၃။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ' အားဖြင့် ၃-ပါးအပြားရှိသော ဤတဏှာတရားသည် ဆင်းရဲဖြစ်ခြင်း၏အကြောင်းရင်းဖြစ်သော အရိယာတို့သည် သိအပ်သော အမှန်တရား (သစ္စာ)မည်၏"

**'အဓိပ္ပါယ်ရှင်းချက်'** (အမှန်တရား-(သစ္စာ)လေးပါး ရှိရာတွင် ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာသည် အလုပ်သစ္စာဖြစ်၍ တရားအလုပ် အားထုတ်သောယောဂီတို့အတွက် အရေးကြီးပေသည်၊ သမုဒယသစ္စာနှင့် နိရောဓ သစ္စာမှာ ပယ်ရမည့်သစ္စာနှင့်မျက်မှောက်ပြုရမည့် သစ္စာများ ဖြစ်ကြ၍ အလုပ်ရေးရောက်သည်နှင့် အမျှ ကိစ္စပြီးနိုင်ရကား-ဤနေရာတွင် အလုပ်တရားကို ဦးတည်ထားသော ရည်ရွယ်ချက်ဖြင့် သမုဒယနှင့် နိရောဓတို့ကို အလွန်ကျယ်ပြန့်စွာ မဖော်ပြတော့ဘဲ သိသာရုံမျှ ဖော်ပြပေအံ့)

ဤသမုဒယသစ္စာကို မြတ်စွာဘုရား ညွှန်ပြရာ၌ 'သမုဒယ' ဟူသည် 'လောဘ'စေတသိက်ကိုပင် အရာဌာနကိုလိုက်၍ 'လောဘ' ဟူ၍၎င်း 'တဏှာ'ဟူ၍၎င်း 'ဥပါဒါန်'ဟူ၍၎င်း 'ရာဂ'ဟူ၍၎င်း ပရိယာယ်ပုဒ် အမျိုးမျိုးနှင့် ဟောတော်မူသည်၊ စင်စစ်မှာမူ ဝတ္ထုအာရုံတို့၌ ခိုတမင်မင်, ခင်တမြားမြား တပ်မက်နှစ်သက်ခြင်းရှိသော (လောဘစေတသိက်) တခုထည်းသာတည်း။

ထိုလောဘသည် (သမုဒယ=အကြောင်းရင်း၊ သစ္စာ=ဟုတ်မှန်၏)အကြောင်းရင်းအမှန်ဖြစ်၏ ဟု ဆိုလိုပေသည်၊ အဘယ်၏ အကြောင်းရင်းဖြစ်သနည်း (ဒုက္ခ-)ဆင်းရဲ၏ အကြောင်းရင်း ဖြစ်သောကြောင့် 'ဒုက္ခသမုဒယသစ္စာ'ဟု ဘုရား ဟောတော်မူသည်၊ ဆိုလိုရင်းအတိအကျမှာ (ဒုက္ခသမုဒယသစ္စာ) (ဆင်းရဲဖြစ်ကြောင်းအမှန်)ဖြစ်လေသည်။

(ဒုက္ခ) ဆင်းရဲဖြစ်စေရန် စီမံပြုလုပ်ဖန်တည်းသမျှ အားလုံးသည် သမုဒယသစ္စာချည်းတည်း၊ ထို့ကြောင့်....

(တဏှာ ဒုက္ခဿ မူလံ)

"လိုချင်တပ်မက်မှု(သမုဒယ)တဏှာသည် ဆင်းရဲခြင်း၏ အကြောင်းရင်းတည်း" ဟူ၍ရင်း....

(ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယံနိဒါနံ)

"ချစ်သားတို့-ဆင်းရဲအမှန် ဖြစ်ခြင်း ရခြင်းသည် ဖြစ်ကြောင်း သမုဒယလျှင် အရင်းခံရှိ၏"

ဟူ၍ရင်း ဟောကြားတော်မူသည်၊ ဒုက္ခသစ္စာဖွဲ့ဆိုရာတွင် ဖော်ပြခဲ့ပြီးသော ခန္ဓာငါးပါး ရုပ်နာမ်တရားဟူသော အကျိုးတရားတို့၏ ဘဝအသစ်၌ တဖန် ဖြစ်စေရန်အတွက် အကြောင်းရင်း ကောန်စင်စစ် ဟုတ်မှန်သောကြောင့် 'သမုဒယသစ္စာ'သည် ဆင်းရဲဖြစ်ကြောင်း အမှန်ဟု မှတ်သားအပ်၏၊ ထိုစကား မှန်လှ၏၊ လောဘသည် သတ္တဝါအနန္တတို့၌ မိမိဖြစ်နေရသောဘဝမှ ခန္ဓာပြတ်ကြွေ သေလွန်ကဲ့သော် ဒုတိယအကြိမ် ခန္ဓာငါးပါးဟူသော-

အိမ်ကို အသစ်တဖန် ပြန်လည်ဖြစ်စေတတ်သောအလေ့ ဖြစ်သော ကြောင့် 'ပေါနောဗ္ဘဝိကာ'ဟူ၍ ဟောတော်မူသည်၊ ထိုအခါ ပျက်စီးခဲ့ပြီးသော ခန္ဓာအိမ်ကို အတိတ်ဘဝ အတိတ်ခန္ဓာဟု ခေါ်၍ မိမိဖြစ်နေဆဲ ရနေဆဲသော လက်ရှိဘဝခန္ဓာကို ပစ္စုပ္ပန်ခန္ဓာဟု ခေါ်ပြန်သည်၊ ဤဘဝ ဤခန္ဓာပြတ်၍ နောက်ထပ် ရလတ္တံ့ ဖြစ်လတ္တံ့သော ဘဝခန္ဓာကို အနာဂတ်ဘဝ, အနာဂတ်ခန္ဓာဟု ခေါ်ပြန်သည်။

ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝခန္ဓာ လက်ရှိဖြစ်သော ပုထုဇ္ဇန်သတ္တဝါတို့သည် အနာဂတ်ဘဝ၌ ခန္ဓာငါးပါးရလတ္တံ့၊ ဖြစ်လတ္တံ့သည်ကို မြော်လင့်ကြပြန်၏၊ ထိုအခါ၌ လိုချင်မှု ရချင်မှု(လောဘ)သည် ကုသိုလ်ကံ၌ရင်း, အကုသိုလ်ကံ၌ရင်း ယှဉ်မှီးဆက်သွယ်၍ ထိုကံအား လှမ်းမိုးအုပ်စိုးလျက် လမ်းပြသောအနေဖြင့် ကံဖြစ်ကြောင်း သင်္ခါရမှုတို့ကို ပြုစေ၏၊ ထိုအခါ၌ ထိုကံသည်'ကမ္မဝဋ်' အကြောင်းဖြစ်၍ ခန္ဓာ ဟူသော 'ဝိပါကဝဋ်' ဘဝဘာတိ အသစ်သည် ဖြစ်ပေါ်လာ၏၊ ဤသို့ ဖြစ်ပုံ ဖြစ်နည်းကိုပင် 'ပေါနောဗ္ဘဝိကာ' ဘဝအသစ်ကိုတဖန် ဖြစ်စေတတ်သောအလေ့ ရှိ၏ဟု ပြောဆိုရ၏။

"ကမ္မာဝိပါကာဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ၊
ကမ္မာပုနဗ္ဘဝေါ ဟောတိ၊ ဧဝံလောကော ပဝတ္တတိ"

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ·ဒု·၂၃၇)

''ကံ·ဟူသော ကောင်း,မကောင်း ပြုလုပ်မှုကြောင့် အကျိုးဝိပါက်ခန္ဓာတို့သည် ဖြစ်ကုန်၏၊ အကျိုးဝိပါက်

ခန္ဓာရုပ်နာမ်သည် ကောင်း,မကောင်းပြုလုပ်မှုကံဟူသော ဖြစ်ကြောင်းရှိ၏၊ ထိုကံဟူသော ပြုလုပ်မှုကြောင့် ခန္ဓာရုပ်နာမ်ဟူသော ဘဝသစ်သည် ဖြစ်၏၊ ဤသို့အားဖြင့် ရုပ်နာမ်လောကသည် အဆင့်ဆင့်ဖြစ်၏”

**‘ဘဝသစ်ဖြစ်ခြင်း–အကြောင်းရင်း’** မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်–ပဋိသမ္ဘိဒါအရာတွင် **ဧတဒဂ်**ရသော အရှင်မဟာကောဋ္ဌိကသည် လကျ်ာတော်ရံ တရား**စစ်**သူကြီး–အရှင်သာရိပုတ္တရာအထံသို့ ချဉ်းကပ်၍ **မေးခွန်းပုစ္ဆာအမျိုးမျိုးကိုမေးလျှောက်၏၊ထိုမေးခွန်း အများအပြား**ပါဝင်သော မူလပဏ္ဏာသပါဠိတော်-မဟာဝေဒလ္လသုတ်တွင် မေးခွန်းတခုအဖြစ်ပါဝင်သော ‘ဘဝအသစ်ဖြစ်ခြင်း၏ အကြောင်း’ကို မေးလျှောက်ရာ၌....

(ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောဟိ)

“ငါ့ရှင်သာရိပုတ္တရာ-အဘယ်သို့သော အကြောင်းဖြင့် နောင်အခါ၌-တဖန် ဘဝအသစ်ဖြစ်ပါသနည်း”

ဟု, မေးလျှောက်လေရာ-အရှင်သာရိပုတ္တရာက....

(အဝိဇ္ဇာနီဝရဏာနံ ခေါ အာဝုသော သတ္တာနံ တဏှာသံယောဇနာနံ တတြတတြာဘိနန္ဒနာ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ)

"ငါ့ရှင် ကောဋ္ဌိက - စင်စစ် ဟုတ်မှန်သောသဘော သည်ကား-သစ္စာမသိမှု (အဝိဇ္ဇာ)တရားသည် မြှေးယှက် အပ်ကုန်သော - လိုချင်မှု ( တဏှာ ) အနှောင်အဖွဲ့နှင့် ယှဉ်ကုန်သော သတ္တဝါတို့အား-ထိုထို ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို နှစ်သက် ခြင်း, ထပ်မက်ခြင်းသဘောသည် ဖြစ်၏၊ ဤသို့ဖြစ်ခြင်း ကြောင့် နောင်အခါ၌ တဖန် ဘဝအသစ်သည် ဖြစ်ရ ပေ၏"

ဟု ဖြေတော်မူသည်။

အာရုံငါးပါး ကာမဂုဏ်တရားတို့၌ သာသာခင်မင်၍ နှစ်သက် မြတ်နိုးတတ်သော (တဏှာ)လောဘသည် နောင်ဘဝအသစ်ကို ဖန်တည်းနိုင်သော အင်အားဖြစ်၏၊ ဘဝအသစ်တခုကို မြော်လင့် ဆ၌-ရူပါရုံအားဖြင့်သော်၎င်း,သဒ္ဒါရုံအားဖြင့်သော်၎င်း, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံအားဖြင့်သော်၎င်း - တခုခုသော အာရုံနှင့် တွေ့ထိ၍ စိတ်ကြိုက်လာလျှင် ထိုအာရုံတို့ကို စွဲလန်းချက်နှင့်တကွ 'ကိလေသဝဋ္ဋ'ဖြစ်ကာ-'ကမ္မဘဝ, သင်္ခါရ'ဟု ဆိုအပ်သော ပဋိစ္စ သမုပ္ပါဒ်သဘောသို့ သက်ရောက်လျက် 'ကမ္မဝဋ္ဋ'ကို မဖြစ်မနေ ပြုလုပ်လေသည်၊ ထိုကမ္မဝဋ္ဋ ပြုလုပ်ချက်သည် 'ဝိပါကဝဋ္ဋ'ရုပ်နာမ် ဇာတိဖြစ်မှု ဘဝသစ် ပေါ်ရတော့သည်ဖြစ်ရာ ဘဝအသစ် ဖြစ်အောင် ဖန်တည်းမှုလက်သည်သည် ထိုထို အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခင်မင်နှစ်သက်တတ်သည့် တဏှာသမုဒယ ပင် ဖြစ်လေသည်၊ ဆက်လက်၍ အရှင်မဟာကောဋ္ဌိက-က

(ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ န ဟောတိ)

"ငါ့ရှင် သာရိပုတ္တရာ-အဘယ်သို့သောအကြောင်းဖြင့် နောင်အခါ၌-တဖန်ဘဝအသစ် မဖြစ်ပါသနည်း"

ဟု မေးလျှောက်ပြန်ရာ-အရှင်သာရိပုတ္တရာ-က....

(အဝိဇ္ဇာဝိရာဂါ ခေါ အာဝုသော ဝိဇ္ဇုပ္ပါဒါ တဏှာ-နိရောဓာ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ န ဟောတိ)

"ငါ့ရှင်ကောဋ္ဌိက-စင်စစ် ဟုတ်မှန်သောအကြောင်းမှုကား-သစ္စာမသိသော(အဝိဇ္ဇာ)ဟူသော 'ကိလေသဝဋ္ဋ' အကြောင်းမရှိခြင်းကြောင့်၊ အရဟတ္တမဂ်ဟူသော သစ္စာသိသော(ဝိဇ္ဇာ)၏ဖြစ်ခြင်းကြောင့် ဖြစ်ချင်မှု(တဏှာ)၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ တဏှာ ချုပ်ခြင်းကြောင့် နောင်အခါ၌ တဖန် ဘဝသစ် မဖြစ်တော့ပေ"

ဟု ဖြေတော်မူသည်။

(မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ်-၃၆၈)

အမှန်တရား သစ္စာကိုမသိမှု (အဝိဇ္ဇာ)နှင့် လိုချင်ဖြစ်ချင်မှု (တဏှာ)ပူးပေါင်းလိုက်လျှင် ဘဝသစ်တွင် သတ္တဝါတခုခုဖြစ်ရန် သေချာသွားပြီ၊ မည်သည့်သတ္တဝါမဆို အတိတ်ဘဝက အဝိဇ္ဇာနှင့် တဏှာသည် ပါလာခဲ့သည်ချည်းဖြစ်၏၊ အဝိဇ္ဇာနှင့် တဏှာက ပုဂ္ဂိုလ်အလိုက်၊ဘုံအလိုက် ဖြစ်ခွင့်ပေးသည့်အတိုင်း ဖြစ်ကြရသည်၊ မဖြစ်လိုတော့လျှင် အဝိဇ္ဇာကိုဖြုတ်လိုက်က ကိစ္စပြီးသည်၊ အဝိဇ္ဇာ

ပြုတ်လျှင် တွဲဖက်တဏှာပါ အပြုတ်ထဲပါသွားသည်၊ အယုတ်ဆုံး အားဖြင့် သောတာပတ္တိမဂ်သည် အဝိဇ္ဇာတစိပ်သာ ဖြုတ်လိုက်သည်၊ အပါယ်ဘုံတွင်ဖြစ်စေတတ်သော တဏှာပါ ပြုတ်သွားသဖြင့် အပါယ်ဘဝတွင် တဖန် ဘဝအသစ် (ပုနဗ္ဘဝေါ)မဖြစ်တော့ပေ။

"ယံ မယာ ပကတံ ကမ္မံ၊ အပ္ပံဝါ ယဒိဝါ ဗဟုံ၊
သဗ္ဗမေတံ ပရိက္ခီဏံ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ"
(ထေရဂါထာပါဠိတော်-၂၃၇)

"ငါသည် အနည်းအများဖြစ်သော ကိုယ်,နှုတ်,စိတ်တို့ဖြင့်ပြုအပ်သော အကြင်ကောင်းမှု,မကောင်းမှုစသော ပြုဖွယ်လုပ်ဖွယ်တို့ကို ဘဝရှည်ကြာ သံသရာကာလပတ်လုံး ပြုခဲ့လုပ်ခဲ့ဖူးလေပြီ၊ ထိုထို ပြုလုပ်မှု(ကံ)ကြောင့် တဖန် ဘဝသစ်-ဝိပါကဝဋ် ရုပ်နာမ်ခန္ဓာကို ရခဲ့လေပြီ၊ ယခုအခါ၌ကား ထိုငါသည် ပြုလုပ်အပ်ခဲ့သည့် ကံတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် အောင်မြင်ခဲ့လေသောကြောင့် ထိုကံတို့ ကုန်လေသဖြင့် ငါ့အား တဖန် ဘဝအသစ်သည် ဖြစ်ခြင်းမရှိတော့ပေ"

ဟု, ဥဂ္ဂမည်သောမထေရ် ဥဒါန်းကျူးလေသည်။

မိမိပြုလုပ်အပ်သော'ကံ'သည် မိမိအား ထိုပြုလုပ်မှု'ကံ'အားလျော်သော 'ဝိပါကဝဋ်'အကျိုးကို ပေးမြဲဖြစ်သည့်အတိုင်း ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်ခန္ဓာ(ဝိပါကဝဋ်)ကို ဆင်းရဲဟုမြင်သောသူသည် ထိုရုပ်နာမ်ဒုက္ခသစ္စာအကျိုးပေးတတ်သည့် 'ကံ'ဟူသော

'သမုဒယ'ကို မုချပယ်ရမည်ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ်သဘောအရ ထိုကံသည်လည်း စင်စစ် အရင်းခံတရားမဟုတ်သေးချေ၊ ထိုကံကို ပြုလုပ်စေရန် တိုက်တွန်းတတ်သည့် 'ကိလေသဝဋ်'ကို မဖြစ်အောင် အားထုတ်နိုင်ပါမှ ကမ္မဝဋ်ပြတ်မည်၊ သို့မှ ဝိပါကဝဋ်(ဒုက္ခသစ္စာ) ရုပ်နာမ်ခန္ဓာတို့ မဖြစ်တော့ကြောင်းကို ရင်းအဋ္ဌကထာ၌....

"ကိလေသဝဋ္ဋပ္ပဟာနေနဟိ ကမ္မဝဋ္ဋံ ပဟီနမေဝ ဟောတိ ဝိပါကဝဋ္ဋဿ အနုပ္ပါဒနတော၊ တေနာဟ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ"

(ထေရဂါထာအဋ္ဌကထာ-၂၂၀)

အမှန်တရား သစ္စာကို မသိမှု (အဝိဇ္ဇာ) ဖြစ်ချင် လိုချင်မှု (တဏှာ) ဖြစ်ချင်အားကြီးစွဲလန်းမှု (ဥပါဒါန်)တည်းဟူသော 'ကိလေသဝဋ်'တို့ တိုက်တွန်းချက်မရအောင် ပယ်ဖျက်ထားပြီးသောသူအား ပြုလုပ်အားထုတ်ကျိုးပမ်းမှု(ဘဝ,သင်္ခါရ)'ကမ္မဝဋ်' မပြုမလုပ်တော့ပေ၊ ထိုကမ္မဝဋ် ပြုလုပ်မှုမရှိတော့သော ရဟန္တာအား ဒုက္ခသစ္စာ-ရုပ်နာမ်ခန္ဓာရမှုသည် လုံးဝဖြစ်ဖွယ်ရာမရှိတော့သောကြောင့် 'မယုံ-ငါ့အား၊ ပုန-တဖန်၊ အာယတိ-နောင်အခါ၌၊ဘဝါဘိနိဗ္ဗတ္တိ-ဘဝအသစ်တခုဖြစ်ခြင်းသည်၊ နတ္ထိ-မရှိ'ဟု၊ ဝဋ်ပြတ်ကြောင်း ကျေညာတော်မူနိုင်ကြခြင်းဖြစ်ပေသည်၊ ဤနမူနာအတိုင်း-ထေရထေရီ-အပဒါန်ပါဠိတော်များမှာ များစွာလာရှိပေသည်။

မဂ် ၄-ပါးသည် ရင်းနှင့်ဆိုင်ရာ အဝိဇ္ဇာကိုဦးတည်၍ ဖြုတ်လိုက်သဖြင့် ရင်း၏တွဲဖက် တဏှာသည် အဆင့်ဆင့် ပေါ်မလာ

တော့ပဲ ဘဝအသစ်တို့ ပြတ်၍ ပြတ်၍ လာရာ နောက်ဆုံး (အရဟတ္တ)မဂ်တွင် အဝိဇ္ဇာလုံးဝမရှိတော့သဖြင့် တဲ့ဖက်တဏှာသည် ဘဝအသစ်ကို ဖန်တည်းစရာမကျန်တော့ရကား 'နတ္ထိဒါနိ ပုနဗ္ဘဝေါ' နောင်တဖန် ဘဝအသစ် မဖြစ်တော့ဟူ၍ ဥဒါန်းကျူးတော်မူနိုင်ကြကုန်သည်။

"နန္ဒိရာဂသဟဂတာနှင့် တတြတတြာဘိနန္ဒိနီ"ဟူသော ၂-ပုဒ်မှာလည်း လောဘတဏှာသာဖြစ်၍ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အမျိုးမျိုးအဖုံဖုံ နှစ်သက်တွယ်တာမှုကို ပြသည်၊ စင်စစ်မှာမူ-'ပေါနောဗ္ဘဝိကာ'ဟူသော နောင်အခါ ဘဝအသစ်တခုခုကို ဖြစ်စေရန် အကူအညီပေးသော သဘောများပင်ဖြစ်ရကား-၎င်းတို့ကို အကျယ်ဖော်ပြသောအားဖြင့် အကြောင်းမထူးတော့ပြီ။

ထိုသမုဒယသစ္စာဟောသော လောဘတဏှာသည် အဘယ်မျှအပြားရှိပါသနည်းဆိုသော်....

၁။ 'ကာမတဏှာ'
၂။ 'ဘဝတဏှာ'
၃။ 'ဝိဘဝတဏှာ'

ဟူ၍ ၃-မျိုးရှိလေသည်၊ ထို ၃-မျိုးတို့တွင်....

၁။ **'ကာမတဏှာ'** ဆိုသည်ကား-(ရူပါရုံ)အဆင်းအစရှိသော ဝတ္ထုကာမတို့ကို ကိလေသာကာမအားဖြင့် တပ်နှစ်သက်သော တဏှာတည်း....

ထိုတဏှာသည်—

၁။ 'ရူပတဏှာ' အဆင်းဟူသော ရူပါရုံ၌ တပ်မက်နှစ်သက်ခြင်း၊
၂။ 'သဒ္ဒတဏှာ' အသံဟူသော သဒ္ဒါရုံ၌ တပ်မက်နှစ်သက်ခြင်း၊
၃။ 'ဂန္ဓတဏှာ' အနံ့ဟူသော ဂန္ဓာရုံ၌ တပ်မက်နှစ်သက်ခြင်း၊
၄။ 'ရသတဏှာ' အရသာဟူသော ရသာရုံ၌ တပ်မက်နှစ်သက်ခြင်း၊
၅။ 'ဖောဋ္ဌဗ္ဗတဏှာ' အတွေ့အထိဟူသော ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်နှစ်သက်ခြင်း၊
၆။ 'ဓမ္မတဏှာ' အာရုံငါးပါးမှကြွင်းသော ဓမ္မာရုံ၌ တပ်မက်နှစ်သက်ခြင်း

ဟူ၍ ၆-ပါးရှိလေသည်။

ထို ၆-ပါးသော ဝတ္ထုတို့ကို ကိလေသာကာမ အားဖြင့် သာယာခင်မက် နှစ်သက်တွယ်တာခြင်းသည် ကာမတဏှာ ဖြစ်လေသည်၊ ထိုကိလေသာတဏှာသည် စင်စစ် ရုပ်နာမ်-ဒုက္ခသစ္စာ အကျိုးဝိပါကဝဋ်ကို ဖန်တည်းနိုင်ရကား 'ဒုက္ခဖြစ်ကြောင်း-သမုဒယသစ္စာ' ဖြစ်လေသည်။

၂။ 'ဘဝတဏှာ' ဆိုသည်ကား-သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာတည်း၊ ထိုသဿတဒိဋ္ဌိ ခေါင်းဆောင်သော တဏှာသည် ဤရုပ်နာမ်ခန္ဓာကား

'မြဲ၏,ခိုင်၏,တည်တံ့၏,မပျက်စီးနိုင်,မပြိုကွဲနိုင်'ဟု အယူရှိ၍ ဤဘဝမှာလည်း ခိုင်မြဲအောင် ပြုလုပ်သည်၊ တမလွန် နောင်ဘဝအတွက်လည်း လူ့,နတ်, ဗြဟ္မာ စသည်သည် ခိုင်မြဲသည်ဟု အထင်အမှတ်ရှိ၍ ထိုထိုဘဝတို့သို့ ရရာရောက်ရာ ပြုလုပ်မှုကံကို အားကိုးတကြီးဖြင့် ကြိုးပမ်းသည်၊ ဘဝပြတ်ကြောင်း, သံသရာပြတ်ကြောင်း တရားမျိုးကို မနာလို, မကြားလို, စိတ်တွင် မထားသိုမစွဲမြဲလိုပဲ ဘဝထဲတွင်နစ်၍ ဤဘဝ၌ဖြစ်သော မိမိသည်ပင် နောင်ဘဝအသစ်တခုခုတွင် မိမိပင် သွားဖြစ်ရမည်-ဟု စွဲမြဲလျက် မိမိနှင့် ကံကို တဆက်ထည်း-တတွဲထည်းပြု၍ရင်း, ကံပြုလုပ်သော မိမိနှင့် နောင်ဘဝအကျိုးရမည့်မိမိသည် တဦးတယောက်ထည်းပြု၍ရင်း ကြိုးစားဆောင်ရွက်မှု မှန်သမျှသည် သဿတဒိဋ္ဌိ ခေါင်းဆောင်သော 'ဘဝတဏှာ'ဖြစ်လေသည်။

၃။ **'ဝိဘဝတဏှာ'** ဆိုသည်ကား-ဥစ္ဆေဒဒိဋ္ဌိအယူနှင့် တကွသော တဏှာတည်း၊ ထိုဥစ္ဆေဒဒိဋ္ဌိ ခေါင်းဆောင်သော တဏှာသည် ရုပ်နာမ်ခန္ဓာတို့ကား သေလျှင် မြေကြီးဖြစ်သည်၊ ပြီးသည်၊ ပြတ်တောက်သည်၊ ဖြစ်ပေါ်မှုမရှိ၊ ဖြစ်ပေါ်မှုကို

မလိုချင်၊ ထိုမလိုချင်ခြင်း, မဖြစ်ချင်ခြင်း, ပြတ်စဲ တောက်ခြင်းကိုလိုချင်သော လောဘတဏှာသည် ဥစ္ဆေဒဒိဋ္ဌိ ခေါင်းဆောင်သော ဝိဘဝတဏှာ ဖြစ်လေသည်။

**ယင်း**-ဖော်ပြပါ-လိုချင်မှု, ရချင်မှု, ဖြစ်ချင်မှု-တဏှာ ၃-ပါး သည် လိုချင်, ရချင်, ဖြစ်ချင်တတ်သော သဘော-ဖြစ်အောင် ဖန်တည်းမည့်သဘော အဖြစ်ဟူသော ဒုက္ခကို နည်းအထွေထွေနှင့် ရချင်, လိုချင်, ဖြစ်ချင်သော ဒုက္ခဖြစ်ကြောင်း တရားများဖြစ်၍ သမုဒယသစ္စာ ခေါ်လေသည်၊ ထိုဖြစ်ကြောင်းသည် ဒုက္ခဆင်းရဲ ဖြစ်ကြောင်း မှန်သောကြောင့် 'ဒုက္ခသမုဒယသစ္စာ'ဟု ဘုရားရှင် ဟောတော်မူသည်။

**"အဘယ့်ကြောင့် သမုဒယသစ္စာဖြစ်သနည်း"**

အကြောင်းတရားသဘောသည် လက္ခဏာ ၄-ပါး အနက် ၄-ချက် နှင့် ပြည့်စုံ၏၊ ထိုတရားသဘောသည် 'သမုဒယသစ္စာ' ဖြစ်လေ သည်၊ အဘယ်လက္ခဏာ အနက်သဘောတို့နည်းဟူမူ ...

၁။ 'အာယူဟနဋ္ဌ'—ဒုက္ခသစ္စာ ဟူသော ရုပ်နာမ်တရား ၂-ပါးကို ဖြစ်ပွါးစေအောင် အား ထုတ်ခြင်း အနက်သဘော၊

၂။ 'နိဒါနဋ္ဌ' — ဒုက္ခသစ္စာ ဟူသော ရုပ်နာမ်တရား ၂ ပါး၏ ဖြစ်ပွါး ပေါ်ပေါက် လာရန် အကြောင်းရင်း ဟူသော အနက်သဘော၊

၃။ **'သံယောဇဋ္ဌ'**—ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ် ဟု ဆိုအပ်သော ဝဋ္ဋ်သုံးပါး၌ အမြဲ ယှဉ်ခြင်း အနက်သဘော၊

၄။ **'ပလိဗောဓဋ္ဌ'**—ဝဋ္ဋ်သုံးပါးမှ မလွတ်မြောက်စေ သောငှါ နှောက်ယှက် ပိတ်ပင်ခြင်း အနက်သဘော၊

ဤသို့လျှင်-လောဘဟူသော သမုဒယသစ္စာ၏ အနက်သဘော ၄-ချက်တို့သည်....

**'တထာ'** မှန်ကုန်၏၊

**'အဝိတထာ'** မချွတ်မယွင်းကုန်၊

**'အနညထာ'** ဒုက္ခသစ္စာဟူသောရုပ်နာမ်တရား ၂-ပါးကို ဖြစ်ပွါးနိုင်စေရန် အားထုတ်ခြင်းဟုဆိုအပ် သော 'အာယူဟနဋ္ဌ' သဘောမှတပါး- အားမထုတ်ခြင်း ဟူသော အခြင်းအရာ မရှိပေ။

ထိုအနက် ၄-ချက်တို့တွင် 'အာယူဟနဋ္ဌ' အားထုတ်ခြင်း ဟူသော အနက်သဘောသည် သမုဒယသစ္စာဟူသော လောဘ၏ အမြဲမပြတ် ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍ ထို အာယူဟနဋ္ဌ-အနက်သဘောသည် သမုဒယသစ္စာ၏ မူလပဓာန အနက်သဘော ဖြစ်၏၊ အားထုတ်ခြင်းဟူသည် အဘယ်နည်း.... 'အာယူဟန္တိ-သခ်ါရာနံ့ အတ္တာယ ပယောဂကရဏံ' ဟူသော

အဋ္ဌကထာပါဠိနှင့်အညီ အကျိုး ဒုက္ခသစ္စာ ဖြစ်စေ ရစေရန်၊ ကုသိုလ်ကံအားဖြင့်ရင်း၊ အကုသိုလ်ကံအားဖြင့်ရင်း၊ စေတနာကံ မြောက်အောင် အားထုတ်ပြုလုပ်အပ်သော သင်္ခါရကံတို့ ပြုလုပ် ဖြစ်စေရန်-လိုလိုချင်ချင် စွဲစွဲလန်းလန်းဖြင့် မရမနေ အားထုတ် ခြင်း, ပြုလုပ်ခြင်း, ကျိုးပမ်းခြင်း-ဒုက္ခဝဋ္ဋ ဖြစ်စေမှုအတွက် ကာယ,ဝစီ,စိတ္တတို့နှင့် ပြုလုပ်သမျှ သင်္ခါရသည် အားထုတ်ခြင်းပင် ဖြစ်၏၊ ထိုအားထုတ်ခြင်း-ဒုက္ခဖြစ်စေခြင်းသည်ပင်လျှင်-သမုဒယ သစ္စာ၏ ပင်ရင်းလုပ်ငန်း, ပဓာနလုပ်ငန်း, မူလလုပ်ငန်း, အဓိက လုပ်ငန်းပင် ဖြစ်လေသည်။

(ရူပ သဒ္ဒ)အဆင်း, အသံ စသော အာရုံငါးပါး ကာမဂုဏ် တရားတို့၌ လိုချင်တပ်မက် နှစ်သက်စွဲလန်းခြင်းသဘောရှိသော လောဘစေတသိက်သည် 'တဏှာ'ပင်တည်း၊ ထိုတဏှာသည် 'ဒုက္ခ' ဟူသော ရုပ်နာမ်တရား ၂-ပါး၏ လာမည့်ဘဝအသစ်၌ တဖန် ဖြစ်ပေါ်စေရန် အကြောင်းရင်းစင်စစ် ဖြစ်၏၊ ဘုံသုံးပါးတွင် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည် တဘဝမှ တဘဝသို့, တဘုံမှ တဘုံသို့ စုန်ဆန်လူးသာ အထက်နှင့်အောက် တပြောင်းပြန်ပြန် ကျဉ်လည်ကြရန်အတွက် ဒုက္ခမျိုးစုံ အဖုံဖုံကို အကုန်ဖြစ်စေ,ရစေ သော ပင်ရင်းတရားသည် ထိုသတ္တဝါ၏ ပြုလုပ်အားထုတ်အပ် သော သင်္ခါရမှုတခုခုကို မပြုပြုအောင် လိုချင်မှု,ရချင်မှု,နှစ်သက် စွဲလန်းမှု စသည်တို့နှင့် ဖြားယောင်း၍ ဒုက္ခအစု ဆင်းရဲမှုကို ပေးသည် ကား – ဘာရသုတ်အရ-လောဘတဏှာ-သမုဒယသစ္စာ ပင်တည်း။

ထိုလောဘတဏှာသည် ရုပ်နာမ် ဒုက္ခသစ္စာ ဖြစ်စေသည်သာ မကသေး-ဖြစ်ရာဘဝ ဘုံဌာနတွင်လည်း စိုးရိမ်မအေး ပူဆွေး ငိုကြွေးရခြင်း စသော မချမ်းသာဖွယ် အနိဋ္ဌာရုံ အသွယ်သွယ်သို့ လည်း တကယ်ပင် ရစေသေးသည့်အတွက် မြတ်စွာဘုရားသည်....

"တဏှာယဇာယတီသောကော၊ တဏှာယဇာယတီဘယံ၊
တဏှာယဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုတောဘယံ"

ဟု-ဓမ္မပဒပါဠိတော်-အညတြဗြာဟ္မဏဝတ္ထု-၄၅-တွင်ဟောတော်မူသည်။

"လိုချင် ရချင်မှု(တဏှာ)သည် စိုးရိမ်ပင်ပန်းခြင်းကို ဖြစ်စေ၏၊ ထိုလိုချင် ရချင်မှုကြောင့် ဘေးအတန်တန် ရန်အသွယ်သွယ်လည်းဖြစ်ရ၏၊လိုချင်မှု့ရချင်မှု့ဖြစ်ချင်မှု မရှိသောသူအား၊ ဝါ-မလိုချင် မရချင် မဖြစ်ချင်သောသူ အား-စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည် မရှိတော့ပေ၊ ဘေးရန် အန္တရာယ် ဟူသည် အဘယ်မှာ ဖြစ်တော့ မည်နည်း"

ထိုနည်းအတူ-'တဏှာဝဂ်'တခုလုံးတွင်လည်း လိုချင်မှုကြောင့် ရအပ်သော ဆင်းရဲမျိုးစုံကို နည်းအထွေထွေနှင့် ဟောဖော် ထားသည်၊ ခန္ဓဝဂ္ဂ,သဠာယတနဝဂ္ဂ,နိဒါနဝဂ္ဂသံယုတ်ပါဠိတော် များတွင်လည်း အများအပြား ဟောထားတော်မူ၏။

ကျွန်ုပ်တို့သည် လွန်ကဲ့သော အတိတ်ဘဝမှ တဏှာအဖော် ကြောင့်သာ ဤဘဝတွင် သတ္တဝါတခု လာဖြစ်နေရ၏၊ ရုပ်နာမ်

ဒုက္ခ ရလာ ဖြစ်လာရ၏၊ လောကဒုက္ခပေါင်းစုံကို ရင်ဆိုင်ရ၏၊ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးရမှု အစုစုကိုလည်း ခံယူထားရ၏၊ ကွဲဘေး, မွဲဘေး, နာဘေး, သေဘေး အစရှိသော ဘေးအသွယ်သွယ် အန္တရာယ်အဖုံဖုံကိုလည်း အကုန်ပင် စုပြုံ၍ လက်ခံထားရ၏၊ မသေမချင်း တာဝန်ယူထားရ၏၊ သေပြီးနောက်လည်း နောက်ဆက်တွဲအဖြစ်-ဆင်းရဲအနှစ်အသစ်ဖြစ်သော ဒုက္ခဝန်ထုပ်ကို ထပ်မံထမ်းပိုးရန် ရှာဖွေပြန်၏-ကျွန်ုပ်တို့၏ ဖြစ်ပုံဖြစ်ရပ်သည် အလွန်ကြောက်ဖွယ်ဖြစ်နေ၏၊ အဘယ့်ကြောင့် ဤမျှဆင်းရဲဒုက္ခ ကြီးကျယ်စွာရအောင် မည်သူ မည်မျှ ကြိုးစားခဲ့သနည်း-ဟု ပြန်ကြည့်လျှင်-အတိတ်ဟူသော လွန်ကဲ့သည့်ဘဝကလိုချင်, ရချင်, ဖြစ်ချင်သော တဏှာကိုသာ တွေ့ရမည်ဖြစ်၏၊ လိုချင်သော လောဘတဏှာမှာ စေဘသိက်မျှသာ ဖြစ်၍ အားမကြီးလှပေ၊ သို့ရာတွင် ထိုတဏှာလောဘ တင်ပေးလိုက်သော ဝန်ထုပ်ကား-ကြီးမားလှပါဘိ, ဆင်းရဲချည်းသက်သက်'ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော'ပေတကား။

ဤသည်ကို မြတ်စွာဘုရား မြင်တော်မူသည်၊ သာမညလိုချင်မှုသည် ကြီးကျယ်သောဆင်းရဲကို ဖြစ်စေသည်ဟု သိတော်မူ မြင်တော်မူသောကြောင့် ဤသမုဒယတဏှာကို 'ပဟာတဗ္ဗ'ပယ်ရမည့်တရား-မသိုချင်ရမည့် တရားဟု ဟောတော်မူသည်၊ ထိုရချင်, လိုချင်မှုတဏှာကို ပယ်လိုက်သဖြင့် ရချင် လိုချင်သော တဏှာမှလွတ်သော ပုဂ္ဂိုလ်များအတွက် ခန္ဓာသံသရာဒုက္ခနှင့် ပတ်သက်၍ သော်ရင်း, လောကဒုက္ခနှင့် ပတ်သက်၍သော်ရင်း စိုးရိမ်ခြင်း

ပူဆွေးငိုကြွေးခြင်းစသည့် အပူမျိုး, ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဘေးဆိုးအမျိုးမျိုးတို့ လုံးဝမရှိ ငြိမ်းလေဘိသည်ဟု ဟောတော်မူခဲ့လေသည်၊ အကယ်၍-ယင်း လိုချင် ဖြစ်ချင်မှု လောဘတဏှာကို မဖြုတ်မပယ်နိုင်ခဲ့သော်....

'လောဘတဏှာ-ဝဋ်ဖြစ်ရာ' လောဘတဏှာဟူသော(သမုဒယ)သည် ဝဋ်သုံးပါးကို ဖြစ်စေတတ်သော 'ကံ'၏ ဖြစ်ပေါ်လာခြင်း အကြောင်းရင်းဖြစ်ကြောင်း-ထိုလိုချင်မှုကြောင့် ပြုလုပ်အပ်သော ကံ ရှိနေသမျှ ဒုက္ခသံသရာ ဝဋ်မြစ်သာဖြစ်ကြောင်းကို....

"ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ လောဘဇံ လောဘနိဒါနံ၊ လောဘသမုဒယံ၊ တံ ကမ္မံ အကုသလံ၊ တံ ကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ၊ နတံ ကမ္မံ ကမ္မနိရောဓာယ သံဝတ္တတိ"

(အင်္ဂုတ္တရပါဠိတော်-တိကနိပါတ် ပဌမနိဒါနသုတ်-၂၆၆)

"ချစ်သားတို့-လောဘတဏှာသာလျှင် အကြောင်းရင်းဖြစ်သော၊ လောဘတဏှာသည် တိုက်တွန်းအပ်သော၊ လောဘတဏှာရှိသူသည် ပြုလုပ်အပ်သော အကြင်ကံသည် (ပြုလုပ်မှုသည်)ရှိ၏၊ ထိုလောဘတဏှာ အရင်းခံ၍ ပြုလုပ်အပ်သောအမှုသည် မကောင်းသဖြင့် ပြုအပ်သော အမှု (အကုသိုလ်ကံ) မည်၏၊ ထိုကံသည်-အပြစ်နှင့်တကွ ဖြစ်၏၊ ထိုလောဘသာလျှင် ဦးဆောင်ချက်နှင့်ပြုအပ်သောကံသည် ဆင်းရဲသော ရုပ်နာမ်အကျိုးကို ပေး၏၊

ထိုမကောင်းကံသည် သံသရာဝဋ်တွင် တခုခုသောဝဋ်သို့ ရောက်ကြောင်းဖြစ်သောကံ၏ နောက်ဆက်၍ ဒုက္ခတဖန် ဖြစ်အောင်ပြု၏၊ ထိုလောဘတဏှာအကြောင်းခံ၍ပြုအပ်သော မကောင်းမှုသည် ကံအဆက်ဆက်, ဝဋ်အဆက်ဆက် ကင်းပျောက်ချုပ်ငြိမ်းခြင်းငှါ မဖြစ်နိုင်ပေ”

ဟု ဟောတော်မူပေရာ၌သာမညလိုချင်မှုကလေးတခုသည် သံသရာတွင် ဒုက္ခကြီးများနှင့်တွေ့နေရရုံတွင်မက ထိုသံသရာဘဝဝဋ်ဒုက္ခမှ လွတ်ခွင့်လည်းမရ ဟု ဟောတော်မူရကား–သမုဒယသစ္စာ ထို တဏှာကို ပယ်ခွါစွန့်ပစ်နိုင်ရန် အရေးကြီးပေသည်၊ ထိုသမုဒယ ဟူသည်....

၁။ ရုပ်နာမ် ဒုက္ခသစ္စာ ခန္ဓာရရန် အကြောင်းရင်း ဖြစ်ခြင်း၊

၂။ ဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်း၊

၃။ ဝဋ်သုံးပါးမှ မထွက်မြောက်စေခြင်းငှါ တားဆီး ပိတ်ပင်ခြင်း, နှောက်ယှက်ခြင်းဟူသော အနက် သဘောတို့သည် လောဘတဏှာတရား၌ အမြဲ အစွဲ ခွဲခွါ၍ မရစကောင်းသော သဘော လက္ခဏာတို့ဖြစ်၍....

ထိုသို့ ဖြစ်ပေါ်နေခြင်းကိုပင် လောဘသည် ‘အာယူဟနဋ္ဌ ရုပ်နာမ်ခန္ဓာအသစ်ဖြစ်ပေါ်စေရန် အားထုတ်ပြုလုပ်ခြင်းသဘော ရှိ၏၊ ရုပ်နာမ်ခန္ဓာအသစ်ပေါ်လာစေရန် အကြောင်းရင်းဖြစ်၏၊ ထို့ကြောင့် ယင်းလောဘတဏှာခေါ်သော သမုဒယ၏အပြစ်ကို

မြင်၍ ထိုတဏှာသမုဒယမှ လွတ်မြောက်ရန်၊ အားထုတ်စေရန် မြတ်စွာဘုရား၏ တိုက်တွန်းချက်ကား....

"တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါနသံသရံ၊
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ"

"တဏှာဒုတိယော-ငါးစုအာရုံ ကာမဂုဏ်၌ ခုံတမင် မင် ခင်တမြားမြား စွဲငြားလွန်ကဲ တဏှာလျှင် အဖော် သဟဲရှိသော၊ ပုရိသော-ဖြဟ္မာလူနတ် အရပ်ရပ်နှင့် ပြည့်တင်ငါသူ မဟူစသား သတ္တဝါများသည်၊ ဒီဃံ အစ မထင် သံသာခွင်၌ အစဉ်များရာ ရှည်လျားစွာသော၊ အဒ္ဓါနံ-တွက်ရေမရ သဲလုံးပမာဏကာလပတ်လုံး၊ သံသရံ-ထို၌မနား ပြေးသွားကျင်လည်ရသည်ဖြစ်၍၊ ဣတ္ထ-ဘာဝညထာဘာဝံ-ဤဘဝမှသည် အတည်မကျ တပါး ဘဝဖြစ်သော၊ သံသာရံ-ခန္ဓာဝန်ထုပ် ရပ်မဆုတ်သည့် ဖြစ်ချုပ်ဖန်ခါ သံသရာကို၊ နာတိဝတ္တတိ-တဏှာတွဲဖက် အခွဲခက်၍ လွဲထွက်လွန်မြောက်ခြင်းငှါ မတတ်သာပေ"

"ဧတမာဒီနဝံ ဉတွာ၊ တဏှာ ဒုက္ခဿသမ္ဘဝံ၊
ဝီတတဏှော အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ"

(သုတ္တနိပါတ်ပါဠိတော်-ဒွယတာနုပဿနာသုတ်-၃၉၄)

"တဏှာ-တွယ်တာမက်မော လောဘဇောသည်၊ ဒုက္ခဿ-ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးခု ဆင်းရဲအစု၏၊ သမ္ဘဝံ-အသစ်လောင်း၍ ဖြစ်ကြောင်းမှန်စွာ စင်စစ်သာတည်း၊ ဣတိ-ဤသို့ဟောရာ ဒေသနာပါဠိ ရှိသည်ဖြစ်၍၊ ဧတံ-

အာဒီနဝံ-သံသရာဝဋ် ဖန်ခါမပြတ် ခန္ဓာဇာတ်၏ ထပ်ထပ် မလစ် ဖြစ်ရခြင်း၏ ထိုအပြစ်ကို၊ ဥတ္တာ-ကိုယ်တွေ့ ဉာဏ်တွေ့ ပညာတွေ့ဖြင့် စေ့စေ့စုံစုံ အကုန်သိမြင်သည် ဖြစ်၍၊ ဝိတတဏှော-လိုချင်ပယ်ရှင်း တဏှာကင်းကြကုန် သည်ဖြစ်၍၊ အနာဒါနော-ငါငါ သူသူ လူလူ နတ်နတ် အစွဲမကပ်ကြကုန်သည်ဖြစ်၍၊ သတော- ခန္ဓာကိုယ်တွင် ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်သတိ ဂရုစိုက်မှုရှိသော၊ ဘိက္ခု၊ သံသရာဘေး အဖြစ်အေးဘို့ ကြံတွေးကြောက်ခြောင်း သူတော်ကောင်းသည်၊ ပရိဗ္ဗဇေ-သမ္မပ္ပဓာန် လေးတန် ဝီရိယ မဂ္ဂင်ကျအောင် စွမ်းဆောင်မယုတ် အားထုတ် နိုင်ကြကုန်ရာသတည်း”

(သမုဒယသစ္စာ ပြီး၏)

---

**“နိရောဓဓာတ်-နိဗ္ဗာန်မြတ်”** “ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ· နိရောဓံ အရိယသစ္စံ၊ ယောတဿာ· ယေဝ တဏှာယ အသေသဝိရာဂ· နိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ· မုတ္တိ၊ အနာလယော”

“ချစ်သားတို့-ထိုကာမတဏှာ အစရှိသည်ဖြင့် ဝေဖန် အပ်သော လောဘ၏သာလျှင် အကြွင်း အကြွင်းမဲ့တပ်ခြင်း ကင်းရာ,ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်-အကြင် စွန့်ရာဖြစ် သောနိဗ္ဗာန်သည်-အကြင် ဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန် သည်- အကြင် လွတ်ရာဖြစ်သော နိဗ္ဗာန်သည်- အကြင်

ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်၊ ထင်ရှားတိတိ· အမှန်ရှိ၏၊ ထိုငါးပါးသောဂုဏ်ပုဒ်တို့ဖြင့် ထုတ်ဆောင် ညွှန်ပြအပ်သော နိဗ္ဗာန်ဟူသော တရားသဘောသည်- ခန္ဓာငါးပါးဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယာပုဂ္ဂိုလ်တို့ သည် မှန်ကန်သည်ဟု သိအပ်သော 'ဒုက္ခနိရောဓသစ္စာ' မည်၏"

'**အဓိပ္ပါယ်ရှင်းချက်**' ဤနိရောဓသစ္စာပြခဏ်း၌ မြတ်စွာဘုရား သည် အောက်အခြေခံဖြစ်သော (လောဘတဏှာ) သမုဒယသစ္စာ ကို ဟောတော်မူပြီးသည်နောက် တဆက်ထည်း'နိရောဓသစ္စာ'ကို ဟောတော်မူရာ - အနီးကပ်လျက်ရှိသော (ဒုက္ခသမုဒယ) ဆင်းရဲ ဖြစ်ကြောင်း တဏှာလောဘကို ညွှန်ပြတော်မူပြီးလျှင်....

"အိုပဉ္စဝဂ္ဂီတို့-ထို(သမုဒယသစ္စာ)ဆင်းရဲဖြစ်ကြောင်း အမှန်သည် ဆင်းရဲခန္ဓာကိုယ်ရအောင် ဖန်တည်းလိုက် သဖြင့် ၃၁-ဘုံ ဩကာသ လောကဓာတ်တွင် ဆင်းရဲ အမျိုးမျိုး ခန္ဓာကိုယ် အမျိုးမျိုးတို့နှင့် ဖြစ်၍နေကြရ သည်၊ သံသရာတွင် အဆင်းရဲကြီး ဆင်းရဲနေကြရသည်၊ ထိုဆင်းရဲတို့ မဖြစ်အောင်,ချုပ်အောင် လုပ်ရန်ကား-ယင်း ဆင်းရဲကို ဖြစ်အောင်,ရအောင် ပြုလုပ်အားထုတ်ခဲ့သော သမုဒယသစ္စာ-ဤတဏှာလောဘကို အကြွင်းအကျန်မရှိ ချုပ်အောင်,ကင်းငြိမ်းအောင်ပြုလုပ်ခြင်း 'နိရောဓသစ္စာ' သာလျှင် အေးငြိမ်းကြောင်း, ဝဋ္ဋဆင်းရဲ ပြတ်ကြောင်း အမှန်တရား"ဟု ဟောတော်မူသည်။

အဘယ့်ကြောင့် နိရောဓသစ္စာ နိဗ္ဗာန်ဟူသည်-ထိုရုပ်နာမ်ခန္ဓာတို့ ဖြစ်စေတတ်သော (သမုဒယသစ္စာ တဏှာလောဘတို့) ကင်းရာ ချုပ်ငြိမ်းရာ ဖြစ်ပါသနည်းဆိုလျှင် ...

၁။ 'နိဿရဏဋ္ဌ' နိရောဓသစ္စာဟူသော နိဗ္ဗာန်သည် ဝဋ် ၃ ပါးမှ ထွက်မြောက်ရာဖြစ်၍ ရုပ်နာမ်တရားအသစ်တို့ တဖန် မဖြစ်ပြန်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

၂။ 'ဝိဝေကဋ္ဌ' နိရောဓသစ္စာ ဟူသော နိဗ္ဗာန်သည် ဝဋ် ၃ ပါးနှင့် မစပ်ယှဉ်သဖြင့် ရုပ်နာမ်တရားအသစ်ရခြင်းမှ ကင်းဆိတ်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

၃။ 'အသင်္ခတဋ္ဌ' နိရောဓသစ္စာဟူသော နိဗ္ဗာန်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား လေးပါးတို့တွင် မည်သည့် အကြောင်းတရား တပါးပါးမှ မပြုပြင်ရသဖြင့် ရုပ်နာမ်တရား အသစ်ဖြစ်ပွါးဘို့ရာ မပြုပြင်ရခြင်းကြောင့် ချုပ်ငြိမ်းရာဖြစ်၏။

၄။ 'အမတဋ္ဌ' နိရောဓသစ္စာ ဟူသော နိဗ္ဗာန်သည် အိုခြင်း, သေကြေပျက်စီးခြင်းဟူသော ဖောက်ပြန်တတ်သော ရုပ်နာမ်တရားတို့၏ မရှိခြင်းကြောင့် အိုမှု, သေကြေပျက်စီးမှု မရှိခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော 'ဝဋ်သုံးပါးမှ ကင်းဆိပ်ခြင်း, အကြောင်းတရားတို့သည် မပွားပြင်အပ်ခြင်း, သေကြေပျက်စီးမှု မရှိခြင်းဟူသော ၃-ပါးသော အနက်သဘောတို့သည် အသင်္ခတ ခာတ် နိဗ္ဗာန်ဟူသော တရားမြတ်၌ အမြဲအစဲ ခွဲခွါ၍မရစကောင်းသော သဘောရင်းလက္ခဏာတို့ဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုပင် နိဗ္ဗာန ဓာတ်သည် (နိဿရဏဋ္ဌ) ဝဋ် ၃-ပါးမှ ထွက်မြောက်ရာဖြစ်၏၊ (ဒုက္ခနိရောဓ) ချုပ်နာမ်တရားဟူသော ဒုက္ခ၏ ချုပ်ရာဖြစ်၏၊ ထို နိရောဓသစ္စာဟူသော နိဗ္ဗာန်သည်....

၁။ 'ယောတသောယောဝ တဏှာယ' စသောပါဠိတော် အရ-ထိုကာမတဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင် အကြွင်း အကြွင်းမဲ့တပ်ခြင်း ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ထင်ရှား တိတိ အမှန်ရှိ၏။

၂။ 'စာဂေါ' ဟူသော ပါဠိတော်အရ-ထိုကာမ တဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏ သာလျှင် အကြွင်း စွန့်ရာဖြစ်သောနိဗ္ဗာန်သည် ထင်ရှားကေန် ရှိသည်မှန်၏။

၃။ 'ပဋိနိဿဂ္ဂေါ' ဟူသော ပါဠိတော်အရ-ထိုကာမ တဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏ သာလျှင် အကြွင်းဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန် သည် ထင်ရှားစင်စစ် ရှိသည်ဖြစ်၏။

၄။ 'မုတ္တိ' ဟူသော ပါဠိတော်အရ- ထိုကာမတဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင် အကြွင်းလွတ်ရာဖြစ်သော နိဗ္ဗာန်သည် တကယ် တိတိ အမှန်ရှိ၏။

၅။ 'အနာလယော'ဟူသော ပါဠိတော်အရ-ထိုကာမ တဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏ သာလျှင် အကြွင်း ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည် ထင်ရှားကောန် ရှိသည်မှန်၏။

အကြွင် တရားသဘောသည် အထက်က ပြခဲ့သော အနက် လေးပါးနှင့် ပြည့်စုံ၏၊ ထိုတရားသဘောသည် (နိရောဓသစ္စာ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာကောန် စင့်စစ်မှန်၏၊ ထို့ကြောင့် တေဘူမက-ဟူသော သင်္ခါရဝဋ္ဋ်တွင်းမှ လွှတ်ကင်းရာဖြစ်သည့် အသင်္ခတဟူသော ဤနိဗ္ဗာန်(နိရောဓသစ္စာ)တရားသည် အမှန် လေးချက်, အနက်လေးပါးတို့နှင့် ပြည့်စုံသည်ဖြစ်ရကား-(နိရောဓ သစ္စာ) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာန ဟူသော လောကုတ္တရာဓမ္မအစစ်ပေတည်း။

'နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗနဘူတော အသင်္ခတဓမ္မော'ဟူသည် နှင့်အညီ ပရမသုခမ, သန္တိသုခ သဘောရှိ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် တို့ဖြင့်သာ အာရုံပြုရာဖြစ်သော နိဗ္ဗာန်ဖြစ်၍ အာသာပြောထူ ကိလေမှုတင်းကြမ်းနှင့် ပုထုဇ္ဇန်တို့ကား - အရိယာတို့ ပြောအပ် သောစကားကို မြော်မှန်း ရောင်ရမ်းရုံမှတပါး-ကိုယ်တိုင် မသိ နိုင်ပေ။

လောကုတ္တရာဘုံသားဖြစ်သော အရိယာပုဂ္ဂိုလ်တို့မှာကား-လောကုတ္တရာမဂ်စိတ်၏ အခြားမဲ့၌ သက်ဆိုင်ရာဖိုလ်တို့၏ ဖလသမာပတ်, နိရောဓသမာပတ် အခိုက်အတန့်တွင် နိဗ္ဗာန်ကို အတိအကျ အာရုံပြုနိုင်ကြကုန်သည်ဖြစ်၍ ပြန်လည် ဟောကြားတော်မူနိုင်ကြကုန်ရကား ...

မြတ်စွာဘုရားရှေ့လက်ထက်တော်အခါက အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တိုင်းမာဂဓ အဝင်အပါဖြစ်သော 'နာလက' မည်သော ရွာငယ်၌ ခေတ္တမျှ သီတင်းသုံးနေတော်မူသောအခါ 'ဇမ္ဗုခါဒက' မည်သော ပရိဗ္ဗိုဇ်တဦးသည် အရှင်သာရိပုတ္တရာ အထံသို့ ချဉ်းကပ်လျက် နှုတ်ဆက်စကားပြောဆိုပြီးနောက် ပုစ္ဆာ ပြဿနာများ မေးလျှောက်ခွင့်တောင်းပြီးလျှင်....

(နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နုခေါ သာရိပုတ္တ နိဗ္ဗာနံ)

"အာဝုသောသာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ နိဗ္ဗာနံ နိဗ္ဗာနန္တိ-ကိလေသာအပူဘေးမှကင်းဝေးရာ နိဗ္ဗာန် နိဗ္ဗာန်ဟူ၍၊ ဝုစ္စတိ-လူရှင်အများ ပါးစပ်ဖျား၌ လေးစားမပြတ် ပြောဆိုအပ်ပါ၏၊ အာဝုသော-ငါ့ရှင် သာရိပုတ္တရာ၊ ကတမံ နုခေါ-အဘယ်မည်သော တရားသည်၊ နိဗ္ဗာနံ-ကိလေသာကင်းဝေးသည့်နိဗ္ဗာန် မည်ပါသနည်း"

ဟု မေးလျှောက်သောအခါ-အရှင်သာရိပုတ္တရာက....

(ယောခေါ အာဝုသော ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော ဣဒံ ဝုစ္စတိ နိဗ္ဗာနံ)

(သင်္ဃာယတနဝဂ္ဂသံယုတ်ပါဠိတော်-နိဗ္ဗာနပဉ္စာသုတ်-၄၄၇)

"အာဝုသော-ငါ့ရှင်ဇမ္ဗုခါဒက၊ ယောရာဂက္ခယော-အကြင်လောဘ၏ ကုန်ရာသည်ငှင်း၊ ယောဒေါသက္ခယော-အကြင်ဒေါသ၏ကုန်ရာသည်ငှင်း၊ ယောမောဟက္ခယော-အကြင်မောဟ၏ ကုန်ရာသည်ငှင်း၊ အတ္ထိ-တကယ်တိတိ အမှန်ရှိ၏၊ ဣဒံ-ဤရာဂ, ဒေါသ, မောဟတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော ပရမတ္ထ သဘာဝတရားသည်၊ နိဗ္ဗာနန္တိ-ကိလေသာအပူဘေးတို့ ကင်းဝေးသည့် နိဗ္ဗာန်ဟူ၍၊ ဝုစ္စတိ-ကိန်းသေသတ်မှတ် ခေါ်ဆိုအပ်၏'ဟု အရှင်သာရိပုတ္တရာ ဖြေတော်မူသည်။

ဤသို့ နိဗ္ဗာန်ဟူသည် 'ကိလေသနိဗ္ဗာန်, ခန္ဓနိဗ္ဗာန်'ဟူ၍ ၂-မျိုးရှိရာတွင် ကိလေသာ အညစ်အကြေးတို့ ချုပ်ငြိမ်း၍ နောက်ထပ်တဖန် ပြန်မပေါ်ပဲ နူတ်ပြီးသောထန်းပင်ရကဲ့သို့ ချုပ်ငြိမ်းရပ်သိမ်းခြင်းသည် ကိလေသ နိဗ္ဗာန်မည်၏၊ ဥပသမာယ မည်၏၊ ထိုကိလေသာတို့ အားလုံးချုပ်ငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပရိနိဗ္ဗာန်ပြုမှသာလျှင် ခန္ဓနိဗ္ဗာန်ဖြစ်သည်၊ အနုပါဒိသေသနိဗ္ဗာနဓာတ် ဖြစ်သွားသည်၊ ပရိနိဗ္ဗာန်ပြုပြီးနောက် ရစရာ,ရောက်စရာ-တည်ရာမှီရာ-ဘုံတခုခုမျှမရှိတော့ပဲ ၃၁-ဘုံ ဒုက္ခသံသရာထည်းတွင် မျိုးပြတ်၍ စာရင်းပျောက်သွားသည်ကို ခန္ဓပရိနိဗ္ဗာန်ဟု

ခေါ်သည်၊ ဇမ္ဗုခါဒကပရိဗ္ဗိုဇ်အမေး၌ သေဆုံးချုပ်ပျောက်ပြီးသော မသိရ မမြင်ရတော့သည့် ခန္ဓနိဗ္ဗာန်ကို ရည်ရွယ်၍မေးသည်မဟုတ်၊ (သဉပါဒိသေသ) မျက်မှောက် ပစ္စက္ခတွင် သံဒိဋ္ဌိကဖြစ်၍ ထူးခြားလှသည့် ဗုဒ္ဓ၏သာဝကတို့တွင်မှ ကြားရနာရသော အေးငြိမ်းမှုသဘောကို ရည်ရွယ်၍မေးသောကြောင့် အရှင်သာရိပုတ္တရာက ကိလေသာဟူသော ရာဂ, ဒေါသ, မောဟ အပူအလောင်တို့ ကင်းဝေးနေသော အရိယာတို့သည်သာလျှင် ၎င်းတို့၏ မဂ်အားလျော်စွာ ရအပ်သော ဖိုလ်ဖြင့် အာရုံပြုရာ နိဗ္ဗာန်ကို ဖြေပြ ဟောကြားတော်မူလေသည်။

၎င်းပြင်-ရုပ်နာမ်ခန္ဓာသည် 'စိတ်, စေတသိက်, ရုပ်' တည်းဟူသော သင်္ခတပရမတ်တို့ စုပေါင်းထားသောတရားဖြစ်၍-'ကံ, စိတ်, ဥတု, အာဟာရ'အကြောင်းတို့ မကင်းပေ၊ အကြောင်းမကင်း၍ ပြုပြင်နေရသမျှသည် ဒုက္ခသစ္စာချည်းဖြစ်သည်၊ နိဗ္ဗာန်ဟူသည် ထိုဒုက္ခတို့ ချုပ်ငြိမ်းခြင်းကြောင့် အကြောင်းတရားတို့ပါ ပြုပြင်ပေးရမှုမရှိသောကြောင့် 'အသင်္ခတမွေ'ပရမတ္ထသဘာဝ အစစ်သာဖြစ်သည်၊ ထိုအသင်္ခတပရမတ်သဘောကိုလည်း....

"ကတမဉ္စ ဘိက္ခဝေ အသင်္ခတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ"

(သဠာယတနသံယုတ်ပါဠိတော် ပဋ္ဌမဝဂ် ၅၃၅)

"ဘိက္ခဝေ-ချစ်သားတို့၊ အသင်္ခတံ-အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော မြတ်သောနိဗ္ဗာန်

ဟူသည်၊ ကတမံ·အဘယ်နည်း၊ ဘိက္ခဝေ·ချစ်သားတို့၊ ယောရာဂက္ခယော·အကြင်ရာဂ၏ ကုန်ရာ ကုန်ကြောင်း သဘောသည်ရှင်း၊ ယောဒေါသက္ခယော အကြင်ဒေါသ၏ ကုန်ရာကုန်ကြောင်း သဘောသည်ရှင်း၊ ယောမောဟက္ခ· ယော အကြင်မောဟ၏ ကုန်ရာကုန်ကြောင်းသဘောသည် ရှင်း၊ အတ္ထိ·စင်စစ်ကေန် ရှိသည်မှန်၏၊ ဣဒံ·ဤရာဂ ကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာ တရားသဘောကို၊ အသင်္ခတန္တိ - အကြောင်းတရားတို့ မပြုပြင်အပ်သဖြင့် စင်စစ် မြတ်သောသဘော ဟူ၍၊ ဝုစ္စတိ-မုချတပ်အပ် ပြောဆိုအပ်၏”

နိဗ္ဗာန်ဟူသောစကားလုံးကို မြတ်စွာဘုရား၏အလိုတော်အရ- ဟောကြားပုံကိုကြည့်လျှင် သေပြီးမှ ရယူအပ်သောသဘော လုံးဝ မပါရှိပေ၊ နိဗ္ဗာန ဟူသော ပုဒ်သည်ပင်လျှင် အေးငြိမ်းခြင်း သဘော, တနည်း—မဖြစ်ငြိမ်း, မဖြစ်အေး သဘောတရားပရမတ် သာဖြစ်၍ အရိယာဖြစ်သော ပုဂ္ဂိုလ်တို့ မသေမီ ကိလေသာ အပူမီးတို့ အေးငြိမ်းပြီးဖြစ်သောကြောင့် ချမ်းသာ၏၊ ပရိနိဗ္ဗာန် ပြုလျှင် ကိလေသာတို့ခိုအောင်းရာ ဒုက္ခသစ္စာ ခန္ဓာအိမ်ပါ ချုပ်ဆုံး ကွယ်ပျောက်သွားသောကြောင့် အလုံးစုံ ချမ်းသာသွား သည်၊ ကောင်းရဲအမှန်ဟု သတ်မှတ်ထားသော ဒုက္ခခန္ဓာ ပျက်စီး ချုပ်ပျောက်ခြင်းသည် ဒုက္ခဓာတ်သိမ်းသွားခြင်းဖြစ်၍ နောင် တဖန် ဤဒုက္ခအိမ်မျိုး ပြန်မဖြစ်တော့ရကား-ဒုက္ခမရှိတော့၍

ဒုက္ခငြိမ်းခြင်းကို ချမ်းသာသည်ဟုဆိုသည်၊ သေပျောက်ပြီးမှ ရရာ ရောက်ရာ ခံစားရာ နိဗ္ဗာန်ကား လုံးဝမရှိဟူ၍ မှတ်ရန်ဖြစ်သည်။

ရှေးဦးစွာ 'ဥပသမာယ'အားဖြင့် ရာဂ, ဒေါသ, မောဟတို့ ငြိမ်း၍ ကိလေသာအပူဘေးတို့ ကင်းဝေးသောနိဗ္ဗာန်ကိုရသည်၊ ထိုအရိယာကို ၎င်း၏မဂ်က ပယ်လိုက်သော ကိလေသာသည် နောက်ထပ်တဖန် မည်သို့မျှ ဒုက္ခမပေးနိုင်တော့ပေ၊ သက်ဆိုင်ရာ မဂ်၏ သတ်ဖြတ်ခြင်းကိုခံရသော ကိလေသာသည် ထိုအရိယာအား နောက်ထပ် အပူအလောင် မဖြစ်စေနိုင်တော့သဖြင့် ထိုအပူတို့ မရှိရကား-အေးသည့်, ငြိမ်းသည့် မပူရတော့-၎င်းကို (သဉပါဒိ သေသ)နိဗ္ဗာန်ဟု ခေါ်သည်၊ ထိုအပူဘေး ကင်းဝေးရန် ပူပန် စေတတ် နှိပ်စက်တတ်သော ထိုကိလေသာတို့ တဆင့်ထက်တဆင့် သတ်ဖြတ်ဖျက်ဆီးနိုင်သူသည် အသခ်တသဘော ဖြစ်ကြောင်း ပြုပြင် လုပ်ဆောင်ခြင်းမရှိပဲ အေးငြိမ်းကြောင်း ဟောတော် မူသည်။

**'သာမန်ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်'** ဤနိရောဓသစ္စာ ဟောရာ အခါ၌ 'ဒုက္ခနိရောဓ အရိယသစ္စ'ဟု အပြည့်အစုံ ဟောထား လေသည်၊ ဤသဘောဘရားသည် 'ဒုက္ခ'ဟူသော ပုဒ်အရ, ဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားသည် (ဒုက္ခ) ဆင်းရဲဖြစ်၍၊ 'နိရောဓ'ဟူသောပုဒ်အရ-ထိုခန္ဓာဒုက္ခ-သံသရာဒုက္ခ ချုပ်ငြိမ်းကြောင်းကို ပြလေသည်၊ 'အရိယသစ္စ'ဟူသောပုဒ်အရ- ထိုနိရောဓ အမည်ရသော ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို အရိယာ

ဖြစ်သော ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်အရ-သိအပ်, မြင်အပ်သော အမှန်တရားဖြစ်၍၊ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယာတို့သည် (ဒုက္ခသစ္စာ)ဆင်းရဲအမှန် ဤရုပ်နာမ်လည်း ချုပ်ငြိမ်းလျက် ထိုဒုက္ခဖြစ်ကြောင်း(သမုဒယသစ္စာ)လောဘတဏှာလည်း ဆက်၍ မဖြစ်သောအချိန်တွင် (မဂ္ဂသစ္စာ)ဘာဝနာပွါးလျက်သိအပ်သော (ဒုက္ခနိရောဓသစ္စာ)နိဗ္ဗာန်ကို အဋ္ဌကထာ၌ ဖော်ပြသည်ကား...

"ယသ္မာ ပန ဒုက္ခဉ္စ သမုဒယော စ ဣဒံ ဌာနံ ပတွာ နိရုဇ္ဈန္တိ၊ နပ္ပဝတ္တန္တိ၊ တသ္မာ ယဒိဒံ နိဗ္ဗာနံ နာမ၊ အယံ နိရောဓောတိ ယောနိသော မနသိကရောတိ"

(မူလပဏ္ဏာသဋ္ဌကထာ-ပ ၇၅)

"ပန-အရိယာတို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံကိုပြဦးအံ့၊ ယသ္မာ-အကြင့်ကြောင့်၊ ဣဒံ ဌာနံ-မျက်မှောက်ပြုရာ ဤနိရောဓသဘောသို့၊ ပတွာ-ဉာဏ်ဖြင့်ရောက်လတ်သော်၊ ဒုက္ခဉ္စ-ရုပ်နာမ် နှစ်ပါး ဒုက္ခသစ္စာတရားသည်လည်း၊ နိရုဇ္ဈန္တိ-ချုပ်ငြိမ်းကုန်၏၊ သမုဒယော စ-ဆင်းရဲရုပ်နာမ် ဖြစ်ကြောင်းမှန်သော သမုဒယသစ္စာသည်လည်း၊ နပ္ပဝတ္တန္တိ နောက်ထပ် ဆက်၍မဖြစ်တော့ကုန်၊ တသ္မာ-ထိုသို့ ဆင်းရဲခန္ဓာ ဒုက္ခသစ္စာနှင့် ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာတို့ ချုပ်ငြိမ်းသောကြောင့် ဣဒံ-ဤချုပ်ငြိမ်းမှုသည်၊ နိဗ္ဗာနံနာမ-ကိလေသာ ခန္ဓာဇာတ်သိမ်း ငြိမ်းအေးသည့် နိဗ္ဗာန်မည်၏၊ အယံ-ဤဒုက္ခသမုဒယ-နှစ်ဝငြိမ်းမှု

သည့်ကား၊ နိရောဓေတိ-နိရောဓမှုန် မြတ်နိဗ္ဗာန်ပင်တည်း
ဟူ၍၊ ယောနိသော - ဖြောင့်မတ်မှန်ကန်သောအားဖြင့်၊
မနသိကရောတိ-နှလုံးသွင်း၏”

ဤကား-လောကုတ္တရာ အသခ်တ နိဗ္ဗာန်ကို လောကုတ္တရာ မဂ်က ကိလေသာသတ်၍ လောကုတ္တရာဖိုလ်က အေးငြိမ်းသော သဘောရသွားပုံကို သဘာဝကျစွာ အဋ္ဌကထာ ဖော်ပြပုံဖြစ်၏။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာနယ်ပယ်တွင် ခန္ဓာသံသရာကို မကြည့်မရှု ခန္ဓာသံသရာဥ္စဖြစ်သော ကိလေသာဖြတ်တတ်သည့် မဂ်အလုပ် မဂ္ဂင်အလုပ်ကို မပြုမလုပ် အားမထုတ်ပဲ ထိုဒုက္ခခန္ဓာချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ခံစားစရာဘုံတခုအနေနှင့် တောင့်တရှာမှီးနေကြသည်ကား-‘နိဗ္ဗာန်သည် အလွန်ချမ်းသာသည်’ဟူသော စကားတလုံးကို မှတ်ယူ၍ အချောင်ရချင်သော လောဘတဏှာ ဦးစီးချက်ထားသောသူလည်း အလွန်များလေသည်။

အချို့လည်း-ကိလေသာ, ခန္ဓာ ချုပ်ငြိမ်းသည့် ဒုက္ခသမုဒယ ပြတ်တောက်သော ဝိပဿနာအလုပ် မဂ္ဂသစ္စာဘာဝနာအလုပ်ကို မိမိတို့အနေနှင့် မလုပ်ချင်သဖြင့် ဤဒုက္ခသမုဒယခန္ဓာတန်းလန်းနှင့် ‘နိဗ္ဗာန်ကို အာရုံပြုနေသည်’ဟု ကျမ်းဂန်လွတ်, ဓမ္မက္ခန္ဓာလွတ်, သတိပဋ္ဌာန်လွတ်-အားလုံး လွတ်သည့်အပြင် ဝိပဿနာအလုပ် အားထုတ်သူတို့ကိုပင် ပုတ်ခပ်စွပ်စွဲနေသောသူတို့လည်း မနည်းလှပေ။

မြတ်စွာဘုရား၏ ဒုက္ခနိရောဓဟူသော သဘောသည်ကား-‘ယောတဿာယေဝ’စသောပုဒ်အရ-ခန္ဓာငါးပါး အကျိုးရုပ်နာမ်

တရားဟူကို ဖြစ်ပွါးစေတတ်သောတရားမှာ 'တဏှာလောဘ' ဖြစ်၍ ထိုတဏှာလောဘနှင့် ထိုအကြောင်းကြောင့် ဖြစ်သော ရုပ်နာမ်ဒုက္ခချုပ်ရာသည် ဒုက္ခနိရောဓ-ဆင်းရဲချုပ်ရာ နိဗ္ဗာန် မည်၏။

'ကံချုပ်ရာ-နိဗ္ဗာန်' တဖန်-ကံဖြစ်ခြင်းကြောင့် ရုပ်နာမ် (သင်္ခါရ)ဖြစ်၏၊ ကံ၏ချုပ်ခြင်းကြောင့်ဒုက္ခဟူသော ရုပ်နာမ် (သင်္ခါရ)သည် ချုပ်၏ဟု ဟောတော်မူပုံကား....

''ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ သဗ္ဗံ အာရမ္ဘ ပစ္စယာ၊
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ'
(သုတ္တနိပါတ်ပါဠိတော်·ဒွယတာနုပဿနာသုတ်·၃၉၄)

''အာရမ္ဘ ပစ္စယာတိ ကမ္မသမ္ပယုတ္တဝီရိယ ပစ္စယာ''
(သုတ္တနိပါတ်အဋ္ဌကထာ·၂၂၇)

'ကံ'ဟူသော အကြောင်းကြောင့် အမှတ်အသား အပိုင်း အခြားမရှိ၊ အလုံးစုံ ရုပ်နာမ်ဟူသော ဒုက္ခတရားသည် ဖြစ်၏၊ ကံတို့၏ ချုပ်ခြင်းကြောင့် ရုပ်နာမ်ဟူသော ဒုက္ခတရားသည် ဖြစ်ခြင်း မရှိတော့ပေဟု ဟောတော်မူသည်၊ ဤသည်လျှင် နိဗ္ဗာန်၏ပရိယာယ်ကို ဟောတော်မူခြင်းတည်း၊

လောကီဖြစ်သော 'ပုည,အပုည,အာနေဉ္ဇ'စေတနာ ၂၉·ပါး သည် ကံဖြစ်၏၊ ထိုကံဟူသော သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ရုပ်နာမ်သင်္ခါရ ဖြစ်သည်၊ ထိုကံသင်္ခါရ·သမုဒယသစ္စာကြောင့် ဖြစ်သော (ဇာတိ) ရုပ်နာမ်ဒုက္ခသစ္စာ ၂·ခုစလုံးပင် အကြွင်း

အကျန်မရှိ ချုပ်ငြိမ်းခြင်းသည် (ဒုက္ခနိရောဓသစ္စာ) နိဗ္ဗာန်ပင် ဖြစ်သတည်း။

ထိုဒုက္ခနိရောဓအရ (နိဗ္ဗာန်)သည် အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် အမှန်အကန် သိအပ်, မြင်အပ်သောကြောင့် 'ဒုက္ခနိရောဓံ အရိယသစ္စံ'ဟု ဟောတော်မူသည်။

**'ဗကဗြဟ္မာ-မသိရှာ'** သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဗြဟ္မသံယုတ် 'ဗကဗြဟ္မသုတ် ၁၄၄'၌လာရှိသော ရူပါဝစရ ပဉ္စမစျာန်ဘုံသား 'ဗက'အမည်ရှိသော မဟာဗြဟ္မာကြီးသည်၊ အတိတ်ဘဝက မိမိအားထုတ်ခဲ့သော စျာန်တရား၏ အရှိန်အဝါကြောင့် ရောက်ရှိနေသော မိမိ၏ ပဉ္စမစျာန်ဘုံကိုပင် 'ငါ ယခု ရောက်ရှိတည်နေရသော နေရာသည် အိုခြင်း,နာခြင်း,သေခြင်းကင်းသော သန္တိသုခ နိဗ္ဗာနဓာတ်တည်း၊ ငါ၏တည်နေရာမှအထက် အိုခြင်း, နာခြင်း, သေခြင်းကင်းရာဌာနသည် မရှိတော့'ဟု (သဿတဒိဋ္ဌိ) အယူစွဲထားလေသည်။

ထိုဘုံကို အရိယာတို့၏ဉာဏ်မျက်စိနှင့် ထောက်ရှုကြည့်လျှင် ရုပ်နာမ်ဒုက္ခတရား၏တည်ရာ ဘဝတခုသာ ဖြစ်လေသည်၊ ထိုဗကဗြဟ္မာသည် အမှန်ရုပ်နာမ်ဒုက္ခတရား၏ ဖြစ်ပျက်နေသော ဒုက္ခသစ္စာကို ဆင်းရဲအမှန်ဟု မသိလေသောကြောင့် 'ငါနေရာသည် ခိုင်မြဲ၏, အခြားသောနေရာသည် မခိုင်မမြဲ, ငါနေရာထက် ခိုင်မြဲသောနေရာ မရှိတော့'ဟု (တဏှာ,မာန,ဒိဋ္ဌိ)ဟူသော ဂါဟတရား အစွဲမှားလေသည်။

ဒုက္ခနိရောဓကား-အရိယာတို့၏ အမှန်အကန်ကိုသိတတ်သော ဉာဏ်မျက်စိဖြင့် သိအပ်မြင်အပ်သော ပရမတ္ထဓမ္မကို တဏှာ,မာန, ဒိဋ္ဌိ·အစွန်းအငြိရှိသူ ပုထုဇ္ဇန်ဟူသမျှတို့၏ သာမန်အသိဉာဏ်မျိုးနှင့် မြင်နိုင် သိနိုင်သောသဘော မရှိသဖြင့် ပဥ္စဝဂ္ဂီတို့အား ရှေးဦးစွာ 'ဒွေ မေ ဘိက္ခဝေ အန္တာ' စသည်ဖြင့် အစွန်းအစွဲပြုတ်အောင် ဟောကြားတော်မူထားရကား- လောကုတ္တရာ·အသင်္ခတ ပရမတ်နိဗ္ဗာန်ကို 'ဒုက္ခနိရောဓ' ဟု သုံးနှုန်း၍ ဟောသည်ကို ကြည့်လျှင် ရုပ်နာမ်ဒုက္ခ ချုပ်ဆုံးအောင် သိရမည့်တရား ဖြစ်ကြောင်း သဘောပေါက် နားလည်နိုင်ကြပါစေကုန်။

(နိရောဓသစ္စာ ပြီး၏)

---

**'မဂ္ဂသစ္စာ-ဤရှစ်ဖြာ'** "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ· ဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ·သေယျထိဒံ· သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာ· ဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ"

"အိုပဥ္စဝဂ္ဂီတို့-မြတ်သော ဤလမ်းကြောင်းသည်သာလျှင်·အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏၊ ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားဟူသည် အဘယ်နည်းဟူမူ....

၁။ မှန်သော မြင်မှု၊

၂။ မှန်သော ကြံစည်မှု၊

၃။ မှန်သော နှုတ်မှု၊
၄။ မှန်သော ကိုယ်မှု၊
၅။ မှန်သော အသက်မွေးမှု၊
၆။ မှန်သော အားထုတ်မှု၊
၇။ မှန်သော အောက်မေ့မှု (ဂရုစိုက်မှု)
၈။ မှန်သော တည်ငြိမ်မှု၊

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားသည် ဆင်းရဲ(ဒုက္ခ)၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းစဉ်အကျင့်ဖြစ်သော, အရိယာပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် သိအပ်, မြင်အပ်သော (ဒုက္ခနိရောဓဂါမိနီပဋိပဒါ)ဟူသော အမှန်တရားဖြစ်၏။

ဤ မဂ္ဂသစ္စာ ဟူသော အကျင့်တရားသည် ဗုဒ္ဓသာသနာတရပ်လုံးတွင် အရေးကြီးသော ကျင့်စဉ်လမ်းကြီး ဖြစ်သည်၊ ဓမ္မက္ခန္ဓာတော်ရှစ်သောင်းလေးထောင်တွင် ဗုဒ္ဓမြတ်စွာ သာသနာတရပ်လုံး၏ အသဲနှလုံးနှင့်တူသော အကျင့်လမ်းသည် ဤမဂ္ဂင်ရှစ်ရပ်မှလွဲ၍ အခြား မရှိချေ၊ ထိုကျင့်စဉ် လမ်းမှန်ပါမှ ဗုဒ္ဓသာသနာ၏ ရည်မှန်းချက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်၊ ထိုလုပ်ငန်း(မဂ္ဂင်)လမ်းချော်, လမ်းလွဲနေရာမကျပါက လိုအပ်သောကိစ္စ မပြီးစီးနိုင်ချေ၊ ထို့ကြောင့် မဇ္ဈိမပဋိပဒါအခန်းတွင် အရေးကြီးသောကြောင့် အထူးသဖြင့် ဖော်ပြခဲ့ပြီ၊ သို့ရာတွင် နိဗ္ဗာန်ရအောင် အားထုတ်ရမည့်လမ်းစဉ်သည် နိဗ္ဗာန်ရမှုထက် အရေးကြီးရကား-ပုံစံနှင့် ထပ်မံ၍ ရှင်းပြဦးမည်၊ ယင်းကဲ့သို့ အရေးကြီးသည့် အလုပ်စခန်းလုပ်ငန်းဖြစ်သောမဂ္ဂင်ကို ပါဠိတော်

အာဘော်အကျ တခုစီ ဖော်ပြ၍ အဋ္ဌကထာတို့၏ ရှင်းချက်ကိုပါ ထည့်သွင်း၍ ဖော်ပြမည်ဖြစ်သည်။

**'သမ္မာဒိဋ္ဌိ-မှန်သောမြင်မှု'** 'အမှန်မြင်မှုဟူသည် အမှန်ကို အမှန်အတိုင်း'မြင်မှုပင်ဖြစ်သည်။

"ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံ ခေါ ဘိက္ခဝေ၊ ဒုက္ခေဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယဉာဏံ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ"

(မဟာဝဂ္ဂပါဠိတော် မဂ္ဂသစ္စာနိဒ္ဒေသ-၂၄၉)

"ချစ်သားတို့-အဘယ်မည်သောတရားသည် (တနည်း) အဘယ်ကဲ့သို့ မြင်သောအမြင်သည် အမှန်ကို မြင်ခြင်းဖြစ်သနည်း....

၁။ ဒုက္ခသစ္စာ ဟူသော ဆင်းရဲအမှန်ကို 'ဆင်းရဲအမှန်'ဟု ပိုင်းခြားထင်ဆင် သိမြင်ခြင်းသည်ရင်း၊

၂။ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို 'ဆင်းရဲဖြစ်ကြောင်းအမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်ရင်း၊

၃။ ဒုက္ခချုပ်ရာ နိရောဓသစ္စာကို 'ဆင်းရဲချုပ်ရာအမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်ရင်း၊

၄။ ဒုက္ခချုပ်ကြောင်း လမ်းကောင်းအမှန် မဂ္ဂသစ္စာကို 'ဆင်းရဲချုပ်ကြောင်း အမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်ရင်း၊

ယင်းသို့ သစ္စာလေးပါး အမှန်တရားတို့ကို အမှန်အတိုင်း ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာကို (သမ္မာဒိဋ္ဌိ) မှန်သောမြင်မှု (တနည်း) အမှန်ကို အမှန်အတိုင်းမြင်မှုဟု ခေါ်ဆိုအပ်၏။

ဤ မဂ္ဂသစ္စာ မဇ္ဈိမပဋိပဒါဖြစ်သော သမ္မာဒိဋ္ဌိသည် အခြားသော သမ္မာဒိဋ္ဌိ (အမြင်မှန်)ဟူသည်တို့နှင့် လုံးဝမတူ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လောက်သော လုပ်ငန်းခွင်, အလုပ်စခမ်းသက်သက် ဖြစ်၍ ထိုနိဗ္ဗာန်သို့ သွားကြောင်းအလုပ်ကို လုပ်နေသော ယောဂီအတွက် မဂ္ဂင်ရှစ်ပါးတွင် 'သမ္မာဒိဋ္ဌိ·ပုရေစာရံ' ခေါင်းဆောင်ဦးစီး ဖြစ်နေသောကြောင့်· သာမညပေါ့ပေါ့တန်တန်နှင့် အနက်အဓိပ္ပါယ် မကောက်မိဘဲ သစ္စာလေးပါးကို မြင်ဘို့, သိဘို့, ရှုကြည့်အပ်သော "အမှန်ကို အမှန်မြင်မှု"အနက်ကို ကောက်ယူရန်အတွက်....

"ဒုက္ခေဉာဏန္တိ·အာဒိနာ စတုသစ္စကမ္မဋ္ဌာနံ ဒဿိတံ"

ဟု အဋ္ဌကထာ ညွှန်ပြသည်။

ရင်းပြင် ဤဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောဖော်ရာ၌ မြတ်စွာဘုရားသည် လုပ်ငန်းကို တိုက်ရိုက်ညွှန်ပြသော 'ပဋိပတ္တိက္ကမ' နည်းကို အသုံးပြုထားလေရာ–မဇ္ဈိမပဋိပဒါ·မဂ္ဂင်ရှစ်ပါးကိုညွှန်ပြရာ၌·သမ္မာဒိဋ္ဌိကို အခြားသော မဂ္ဂင်တို့၏ ရှေးဦးစွာ ဟောတော်မူထားလေသည်။

ထိုစကား ထိုအစီအစဉ်သည် အလွန်မှန်ကန်သော သဘာဝကျမှု ဖြစ်လေသည်၊ မိမိတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရား

အမှန်ကို အမှန်အတိုင်းမြင်နိုင်မှု(သမ္မာဒိဋ္ဌိ)မရှိသေးသော ပုထုဇ္ဇန်အတွက် သက္ကာယဒိဋ္ဌိသည် အလိုအလျောက် ပါပြီး-ကပ်ပြီး ဖြစ်လေသည်၊ ထိုရုပ်နာမ်ခန္ဓာ အမှန်တရားကို အမှန်အတိုင်း မြင်ဘတ်သော (သမ္မာဒိဋ္ဌိ)ပညာဉာဏ် ဖြစ်လာပါမှ-ရုပ်နာမ်ခန္ဓာသည် ပရမတ္ထသစ္စာဟူ၍ သိနိုင်ပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ဝိပဿနာ အားထုတ်နိုင်မည် ဖြစ်သောကြောင့် ခန္ဓာနာမ်ရုပ်၏ အမှန်တရားကို အမှန်အတိုင်းသိမြင်မှုသည် လွန်စွာ အရေးကြီး ရကား....

"နိဗ္ဗာနဂါမိဂမာယ ပဋိပန္နဿ ယောဂိနော-ဗဟူပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ"

(ပဋိ-ဋ္ဌ ၁၅၀)

(သမ္မောဟဝိနောဒနီအဋ္ဌကထာ မဂ္ဂသစ္စနိဒ္ဒေသ-၁၀၈)

"နိဗ္ဗာန်ကို အလိုရှိ၍ အားထုတ်ကျင့်ကြံသော ယောဂီအား အလွန် ကျေးဇူးများသည်၏ အဖြစ်ကြောင့် ရှေးဦးစွာ အမှန်မြင်မှု (သမ္မာဒိဋ္ဌိ)ကို ဟောဘော်မူအပ်၏"

ဟု ညွှန်ပြသောအတိုင်း ရုပ်နာမ်ခန္ဓာ၏ ပရမတ္ထသဘောကို နိဗ္ဗာန်ကိုအလိုရှိ၍ အားထုတ်သူသည် ရှေးဦးစွာ ထိုအရှိပရမတ်ကို အရှိအတိုင်း-အမှန်အတိုင်း မြင်မှ, သိမှ-ဝိပဿနာ အလုပ်စခန်းကို စတင်နိုင်မည်ဖြစ်၍ ထိုရုပ်နာမ်တို့၏ ပရမတ်သဘောအမှန်ကို အမှန်အတိုင်း, အရှိကို အရှိအတိုင်း မသိကမည်သည့်နည်းနှင့်မျှ

ဝိပဿနာအလုပ်သဘော စာည်ထောင်၍ မရနိုင်သေးကြောင့် မြတ်စွာဘုရားသည် နိဗ္ဗာန်ရရန်အလို့ငှါ အားထုတ်သူယောဂီအား အလုပ်စခမ်းတွင် အလွန်ကျေးဇူးများသော (သမ္မာဒိဋ္ဌိ) အမှန်မြင်မှုကို အရေးတကြီး ရှေးဦးထား၍ ဟောတော်မူသည်။

---

**'သမ္မာသင်္ကပ္ပ-မှန်သောကြံစည်မှု'** 'မှန်သောကြံစည်မှု ဟူသည် အဘယ်နည်း'

"ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာသင်္ကပ္ပေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ"

(မဟာဝဂ္ဂ-၂၄၉)

"ချစ်သားတို့အဘယ်မည်သောတရားသည်(အဘယ်ကဲ့သို့ ကြံသောအကြံသည်)မှန်သောကြံစည်မှုဖြစ်သနည်း ဟူမူ....

၁။ ကာမ၏ အလိုဆန္ဒကို ကြံစည်ခြင်း မဟုတ်မူ၍ ထိုကာမမှ ထွက်မြောက်ရန် ကြံသော ဝိတက်သည်ရှင်း၊

၂။ ဒေါသမှ ထွက်မြောက်ရန် ကြံစည်ခြင်း ဝိတက်သည်ရှင်း၊

၃။ ညှင်းဆဲခြင်းမှ ထွက်မြောက်ရန် ကြံစည်ခြင်း ဝိတက်သည်ရှင်း၊

ယင်းကဲ့သို့ ထွက်မြောက်ရာကို ကြံစည်ခြင်းသုံးပါးကို (သမ္မာသင်္ကပ္ပ) မှန်သောကြံစည်မှုဟု ခေါ်ဆိုအပ်၏၊ ထိုသမ္မာသင်္ကပ္ပသည်လည်း သမ္မာဒိဋ္ဌိနှင့် တွဲဖက်တာဝန်ယူရသော ပညာမဂ္ဂင်ဖြစ်၍ ငုပ်နာမ်တရားတို့၏ ဒုက္ခသစ္စာကို သမ္မာဒိဋ္ဌိအနေနှင့် မြင်အောင်ရှုနိုင်မှုသည် တွဲဖက်သမ္မာသင်္ကပ္ပ၏အကူအညီကို အများဆုံး ယူရလေသည်၊ ထိုသမ္မာသင်္ကပ္ပနှင့် စပ်သောသုတ်တခုကို ဖော်ပြအံ့၊

'ဝိတက္ကသုတ်' 'မာ ဘိက္ခဝေ ပါပကေ အကုသလေ ဝိတက္ကေ ဝိတက္ကေယျာထ။လ။ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိဃောဂေါ ကရဏီယော'

(မဟာဝဂ္ဂသစ္စသံယုတ်ပါဠိတော် ဝိတက္ကသုတ်-၃၆၆)

'ချစ်သားတို့ - အကုသိုလ်ဖြစ်၍ ယုတ်မာကုန်သော ကာမတို့ကိုကြံစည်မှု, ပျက်စီးစေရန်ကြံစည်မှု, ညှဉ်းဆဲရန်ကြံစည်မှုတို့ကို မကြံစည်ကြကုန်လင့်၊ အဘယ့်ကြောင့်နည်းဟူမူ - ထိုကြံစည်မှုတို့သည် အကျိုးစီးပွါးနှင့်လည်း မစပ်၊ မဂ်သို့ရောက်ကြောင်း ကောင်းမြတ်သောအကျင့်လည်းမဟုတ်၊ ငြီးငွေ့ရန်-တပ်မက်ကင်းရန်-ချုပ်ငြိမ်းရန်-တဏှာမှ ထွက်မြောက်ရန် - ကိလေသာမီး ခန္ဓာမီးတို့ငြိမ်းရန်လည်း မဟုတ်ကုန်။

ချစ်သားတို့ - သင်တို့သည် ကြံစည်လိုကြကုန်သော်- 'ဤကား (ဒုက္ခသစ္စာ) ဆင်းရဲအမှန်တည်း၊ ဤကား (သမုဒယသစ္စာ) ဆင်းရဲဖြစ်ကြောင်း အမှန်တည်း၊

ဤကား (နိရောဓသစ္စာ) ဆင်းရဲချုပ်ရာတည်း၊ ဤကား (မဂ္ဂသစ္စာ) ဆင်းရဲချုပ်ကြောင်းတည်း’ဟု ကြံစည်ကြကုန်ရာသည်၊ အဘယ့်ကြောင့်နည်း-ဟူမူ၊ ဤကဲ့သို့ ကြံစည်မှုတို့သည် သင်ချစ်သားတို့အား အကျိုးစီးပွါးနှင့် စပ်ကုန်၏၊ မဂ်သို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်လည်း ဖြစ်၏၊ ငြီးငွေ့ရန်-တပ်မက်ကင်းရန်-ချုပ်ငြိမ်းရန်-ဝဋ်ကျင်မှ ထွက်မြောက်ရန်-ကိလေသာမီး ခန္ဓာမီး ငြိမ်းရန်ဖြစ်၏၊ ထို့ကြောင့် ဤသို့သာ ကြံစည်ကြကုန်ရာ၏’ဟု ဟောတော်မူသည်။

ထိုကြံစည်မှု ဝိတက်သည် ‘ကာမ, ဗျာပါဒ, ဝိဟိံသ’ဟူသော အကုသိုလ်တို့မှ ထွက်မြောက်ရာ သစ္စာသိမြင်မှုအတွက် ပရမတ္ထ သဘာဝဟူသော အမှန်ကိုသာ အမှန်အတိုင်း သိမြင်နိုင်မှုအတွက် သမ္မာဒိဋ္ဌိကို အကူအညီပေးသော ကြံစည်မှု ဖြစ်သောကြောင့် ‘ပညာက္ခန္ဓ’ ပညာမဂ္ဂင် ၂-လုံးဟူ၍ ခေါ်ဆိုရလေသည်၊ ရုပ်နာမ်ခန္ဓာ၏ သဘာဝအမှန်ကို ရှုမြင်ရာ၌....

“ပညာ အတ္တနော ဓမ္မတာယ အနိစ္စံ ဒုက္ခံ အနတ္တာတိ အာရမ္မဏံ နိစ္ဆေတုံ န သက္ကောတိ၊ ဝိတက္ကေ ပန အာကောဋေတွာ အာကောဋေတွာ ဒေန္တေ သက္ကောတိ”

(မူလပဏ္ဏာသဋ္ဌကထာ·စူဠဝေဒလ္လသုတ်အဖွင့်·၂၆၁)

‘‘သမ္မာဒိဋ္ဌိဟူသော ပညာသည် ၎င်း၏ ပင်ကိုသဘာဝ အနေနှင့် ရုပ်နာမ်ခန္ဓာတို့၏ သဘောတရား·အနိစ္စ, ဒုက္ခ,

အနတ္တဟူသော (ဖြစ်ပျက်)သဘောကို ဟုတ်မှန်သော အတိုင်း မဆုံးဖြတ်နိုင်ပေ၊ သမ္မာသက်ပ္ပသည် ထိုထို ရုပ်နာမ် ခန္ဓာတို့၏ သဘာဝအမှန်ကို အမှန်အတိုင်း သိနိုင်ရန်-စူးစမ်း၍, ကြံစည်၍, ဆောင်နှင်း၍, ရှာဖွေ၍-ပေးအပ်သော်သာလျှင်-ထိုရုပ်နာမ်ခန္ဓာတို့၏ သဘာဝ အမှန်တရားကို သမ္မာဒိဋ္ဌိက အမှန်အတိုင်း မြင်အောင် ရှုနိုင်ပေသည်၊ ထို့ကြောင့်သာလျှင် သမ္မာဒိဋ္ဌိ၏ မှန်သော အမြင်အတိုင်း သိမြင်ဆုံးဖြတ်ခြင်း၌ မြဲမြံခိုင်ခန့်စေခြင်းငှါ အားပေးကူညီသော သမ္မာသက်ပ္ပကိုလည်း ပညာမဂ္ဂင် နေရာ၌ ထည့်သွင်း၍ ရေတွက်ရကြောင်း ညွှန်ပြလေသည်။

အဋ္ဌကထာက ဆက်လက်၍ ဥပမာပြပြန်သည်ကား-ဒ လောက၌ ရွှေပန်းတိမ်ဆရာသည် ရွှေတုံးရွှေခဲ တခုကို လက်ပေါ်၌ထား၍ ထိုရွှေတုံးရွှေခဲ၏ အရည်အသွေး အရောင်-အနှစ်သာရကို စစ်ဆေး ကြည့်ရှုလိုလတ်သော်-မိမိ၏ မျက်စိမျှဖြင့် ထိုရွှေတုံးရွှေခဲ၏ အရည်အသွေးကို အထက်အောက် လှန်လှော၍ကြည့်ခြင်းငှါ မတတ်နိုင်ရာ ချေ၊ တဖက်သောလက်၏ လက်ချောင်းတို့ဖြင့်သာလျှင် အထက်အောက် ကိုင်တွယ် လှန်လှောပြီးလျှင်-ထိုမှ၍မှ မျက်စိဖြင့် ကြည့်နိုင်ရာသည်၊ ထိုသို့ကြည့်မှ ထိုရွှေတုံး ရွှေခဲ၏ အရည်အသွေး အရောင်အနှစ်သာရကို ဟုတ်မှန် သောအတိုင်း သိနိုင်ရာသကဲ့သို့....

ထို့အတူ-သမ္မာဒိဋ္ဌိ၏ ပင်ကိုသဘောမှာ ရုပ်နာမ်ခန္ဓာတို့၏ အမှန်သဘာဝ·မမြဲသောသဘော, ဆင်းရဲသောသဘော, အစိုးမရသောသဘောတို့ကို တိုက်ရိုက် မရှုမမြင်နိုင်ချေ၊ သမ္မာသင်္ကပ္ပသည် ထိုရုပ်နာမ်ခန္ဓာတို့၏ အမှန်သဘောကို မမြင်နိုင်မချင်း အဖန်ဖန် အထပ်ထပ်လေ့လာ,စူးစမ်း,ကြံစည်လျက် ဆောင်နှင်းပေးမှသာလျှင် အမှန်သဘော ဖြစ်ပျက်ကို မြင်နိုင် သိနိုင်ပေရာ-တရားအားထုတ်သူ ယောဂီတို့သည် ပရမတ်သဘောဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ ဖြစ်ပျက် မြင်လာပါက သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ(ပညာမဂ္ဂင်)တို့ စုံညီစွာ ပါဝင်နေကြောင်း သတိပြုကုန်ရာသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် တရားအားထုတ်သော ယောဂီတို့အတွက် အလွန်ပင် ကျေးဇူးများလှပေသော ကြောင့် သမ္မဒိဋ္ဌိ၏အခြားမဲ့၌ သမ္မာသင်္ကပ္ပကို ဆက်လက်၍ ဟောတော်မူလေပြီ။"

---

**'သမ္မာဝါစာ-မှန်သောနှုတ်အမှု' 'မှန်သော နှုတ်အမှုဟူသည် အဘယ်နည်း'**

"ကတမာစ ဘိက္ခဝေ သမ္မာဝါစာ၊ မုသာဝါဒါ· ဝေရမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါဝေရမဏီ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ" (မဟာဝဂ္ဂ·၂၅၀)

" ချစ်သားတို့ - အဘယ်မည်သော တရားသည် (တနည်း)အဘယ်ကဲ့သို့သော နှုတ်မှုမျိုးသည် မှန်သော နှုတ်မှု ဖြစ်ပါသနည်းဟူမူ....

၁။ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ ချောပင်ဂုံးတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ရုန့်ရင်းကြမ်းထန်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၄။ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

ယင်းကဲ့သို့ အသက်မွေးခြင်းအကြောင်းမရှိပဲ ပြောဆိုအပ်သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်၍ ပြောဆိုခြင်းကို (သမ္မာဝါစာ)ကောင်းသော,မှန်သော နှုတ်မှုဟု ခေါ်ဆိုအပ်၏"

(ဤဝစီကံ နှုတ်မှုသည် မဂ္ဂင်ထိုက်သော သီလက္ခန္ဓတွင် ပါဝင်နေသဖြင့် မဂ္ဂင်အလုပ်ကို အားထုတ်သော ယောဂီတို့သည် အပြောအဆို အထူး သတိထားအပ်လေသည်၊ ကမ္မဋ္ဌာန်းခွင်သို့ အလုပ်ဝင်သောယောဂီတို့အတွက် တရားအစစ်ဆေးခံသောအခါမှလွဲ၍ လုံးဝ စကားမပြောလျှင် ကောင်းသည်၊ ' မြတ်စွာဘုရားသည်လည်း 'နဘာဿာရာမတာ' ဟု ပြညတ်ချက်ထားသောအတိုင်း - ဤနှုတ်မှု

စောင့်ထိမ်းအပ်သော ဝစီကံသီလသည် တရားအားထုတ်ဆဲတွင် အထူး စောင့်စည်းအပ်သည်၊ စကားပြောမှုသည် အပြင်အာရုံသို့သာ ရောက်သွားလေ့သောကြောင့် ဖြစ်သည်၊ မဂ်သို့ရောက်မှသာလျှင် သီလကိစ္စလုံခြုံမှု စိတ်ချရလေသည်)

'သမ္မာကမ္မန္တ-မှန်သောကိုယ်အမှု' 'မှန်သော ကိုယ်အမှုဟူသည် အဘယ်နည်း'

"ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော၊ ပါဏာတိပါတာဝေရမဏီ၊ အဒိန္နာဒါနာဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော" (မဟာဝဂ္ဂ-၂၅၀)

" ချစ်သားတို့ - အဘယ်မည်သော တရားသည် (တနည်း)အဘယ်ကဲ့သို့သော ကိုယ်အမှုသည် မှန်သော ကိုယ်အမှု ဖြစ်ပါသနည်းဟူမူ....

၁။ သတ္တဝါ၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ ပိုင်ရှင်သည် မပေးအပ်သောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

ယင်းကဲ့သို့ အသက်မွေးခြင်းလျှင်အကြောင်းမရှိပဲ ပြုလုပ်အပ်သော ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်၍ ပြုလုပ်ခြင်းကို (သမ္မာကမ္မန္တ)မှန်သောကိုယ်အမှုဟု ခေါ်ဆိုအပ်၏"

(ထိုကာယဖြင့် ပြုလုပ်အပ်သော ကိုယ်အမှုသည်လည်း သမ္မာဝါစာကဲ့သို့ပင် သီလက္ခန္ဓ-သီလအစုထဲ ပါဝင်လေသောကြောင့် အထူး စောင့်ထိမ်းအပ်သော သီလပင်ဖြစ်သည်)

**'သမ္မာအာဇီဝ-မှန်သောအသက်မွေးမှု'** 'မှန်သော အသက်မွေးမှုဟူသည် အဘယ်နည်း'

"**ကတမော စ** ဘိက္ခဝေ သမ္မာအာဇီဝေါ၊ဣဓ ဘိက္ခဝေ အရိယသာဝကော၊ မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ" (မဟာဝဂ္ဂ-၂၅၀)

" ချစ်သားတို့ - အဘယ်မည်သော တရားသည် (တနည်း) အဘယ်ကဲ့သို့သော အသက်မွေးမှုသည်မှန်သော အသက်မွေးမှု ဖြစ်ပါသနည်းဟူမူ ... "ဤငါဘုရား၏ အဆုံးအမ သာသနာတော်၌၊ မြတ်သော အရိယာ၏ တပည့်သည် ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးဟူသော ဒုစရိုက် ၇-ပါး အကုသိုလ်တရားတို့ဖြင့် အသက်မွေးခြင်းကို မပြုမူ၍ ထိုတရားတို့ကို ရှောင်ကြဉ်၍ အသက်မွေးခြင်းကို (သမ္မာအာဇီဝ) မှန်သောအသက်မွေးခြင်းဟု ခေါ်ဆိုအပ်၏"

(သီလမဂ္ဂင် ၃-ပါးတွင် သမ္မာဝါစာမဂ္ဂင်၌ ဝစီဒုစရိုက် ၄-ပါးကို ရှောင်ကြဉ်၍ သမ္မာကမ္မန္တမဂ္ဂင် ၌ ကာယဒုစရိုက် ၃-ပါးကို ရှောင်ကြဉ်ခြင်းဖြင့် ဒုစရိုက် ၇-ပါးကို ရှောင်ကြဉ်ထားပြီးသော မြတ်သော အရိယာတပည့်သည် ထိုဒုစရိုက် ၇-ပါးနှင့်- အသက်မွေးမှုမပြုပဲ ရှောင်ကြဉ်လိုက်လျှင် 'သမ္မာအာဇီဝမဂ္ဂင်ပါ' ရသွားသောကြောင့် မဂ္ဂင်အားဖြင့် (သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ) သီလမဂ္ဂင်ပြည့်စုံသည်နှင့် သိက္ခာပုဒ်အားဖြင့် သမ္မာအာဇီဝ အပါအဝင် ၈-ပါးဖြစ်ရကား- ၎င်းသီလကို "အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်၍ အာဇီဝဋ္ဌမကသီလ" ဟု ခေါ်သည်၊ ၎င်းအာဇီဝဋ္ဌမကသီလသည် မဂ္ဂင်ပါသောသီလ ဖြစ်သောကြောင့် မဂ္ဂင်အလုပ်အားထုတ်သူတိုင်း မပျက်မကွက် စောင့်ထိမ်းအပ်၏)

ထို့ကြောင့် "စတုဗ္ဗိဓံ ပန ဝစီဒုစ္စရိတံ၊ တိဝိဓဉ္စ ကာယဒုစ္စရိတံ
ပဟာယ ဥဘယံ သုစရိတံ ပူရေန္တဿေဝ ယသ္မာ-
အာဇီဝဋ္ဌမကံ သီလံ ပူရတိ၊ န ဣတရဿ"
(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ-၂၈၁)

"ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါး, ထို ၇-ပါးသော ဒုစရိုက်မှုများကို ပယ်၍ ရှောင်၍ ကာယဝစီနှင့် ပတ်သက်သော သုစရိုက်ကို ဖြည့်မှသာလျှင် အာဇီဝဋ္ဌမကသီလကို ပြည့်စုံအောင် စောင့်ထိမ်းသည်

မည်၏၊ ထို ၇-ပါးမှ မထိမ်းလျှင် အာဇီဝဋ္ဌမကသီလ မဟုတ်ပေ။

ရင်းပြင်—'မဂ္ဂဗြဟ္မစရိယဿ အာဒိဘာဝဘူတန္တိ အာဒိဗြဟ္မ-စရိယကံ၊ အာဇီဝဋ္ဌမကသီလံ အဓိဝစနံ၊ တဉှိ-မဂ္ဂဿ အာဒိဘာဝဘူတံ၊ ပုဗ္ဗဘာဂေယေဝ ပရိ-သောဓေတဗ္ဗတော"(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ၁၂)

"ကိလေသာကို သတ်တတ်သော မဂ်၏အစ-ရှေ့အဖို့၌ လုံခြုံစေအပ်သည်၏ အဖြစ်ကြောင့် 'အာဒိဗြဟ္မစရိယက-သီလ'လည်း မည်၏၊ စင်စစ် 'အာဇီဝဋ္ဌမကသီလ၏ အမည်ပေတည်း' မှန်၏-မိမိတို့ရလတ္တံ့သောမဂ်၏ ရှေးဦး အစဖြစ်သော ကိလေသာကြမ်းတို့ကို ရှေးအဖို့ကသာ လျှင် သုတ်သင်ထားအပ်သည်၏အဖြစ်ကြောင့်" စသည် ဖြင့် ပြတော်မူသည်။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါး ပွါးများအပ်သောတရားတို့တွင် ဤ မဂ္ဂင် ၃-ပါးသည် ခန္ဓာရုပ်နာမ်တို့၏သဘာဝကို မရှုနိုင်သေးမီ ကာယကံ,ဝစီကံတို့ကို စောင့်ရှောက်ထိမ်းသိမ်းလျက် စင်ကြယ်စွာ ထားအပ်သောမဂ္ဂင်တို့ ဖြစ်သောကြောင့် (သီလက္ခန္ဓ)အစုဝင်တို့ ဟူ၍ ခေါ်ဆိုအပ်၏။

**'သမ္မာဝါယာမ-မှန်သောအားထုတ်မှု' 'မှန်သောအားထုတ်မှု ဟူသည် အဘယ်နည်း'**

"ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော။ လ ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော”

(မဟာ၀ဂ္ဂ-၂၅၀)

“ချစ်သားတို့-အဘယ်တရားသည် (တနည်း)အဘယ်ကဲ့သို့သော အားထုတ်လုံ့လ ရှိပါမှ မှန်ကန်သော အားထုတ်မှုဖြစ်ပါသနည်းဟူမူ....ဤငါဘုရားသာသနာ၌ အကြင်ပုဂ္ဂိုလ်သည်....

၁။ မဖြစ်ကုန်သေးသော ဆိုးသွမ်း ညစ်ညမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို မဖြစ်စေခြင်းငှါ၎င်း၊

၂။ ဖြစ်ကုန်ပြီးသော ဆိုးသွမ်း ညစ်ညမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို ပယ်ဖျောက်ခြင်းငှါ၎င်း၊

၃။ မဖြစ်ကုန်သေးသော ကုသိုလ်ကောင်းမှုဖြစ်သည့် တရားတို့ကို ဖြစ်ပွါးစေခြင်းငှါ၎င်း၊

၄။ ဖြစ်ပြီးကုန်သော ကုသိုလ်ကောင်းမှု ဖြစ်သည့် တရားတို့ကို အရှည်တည်တန့်စေခြင်းငှါ၊ အလွန်ပြန့်ပွါးစေခြင်းငှါ၊ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လကိုပြု၏၊အားထုတ်၏၊စိတ်ကိုချီးမြှောက်၏၊ စိတ်ကိုဆောက်တည်၏၊

ယင်းကဲ့သို့ သမ္မပ္ပဓာန် ၄-ပါးနှင့်ညီစွာ လုံ့လကိုပြုခြင်း, အလိုဆန္ဒကို ဖြစ်စေခြင်း, စိတ်ကို ချီးမြှောက်ဆောက်တည်ခြင်းတို့ကို ပြုတတ်၊အားထုတ်တတ်သော လုံ့လဝီရိယသည် (သမ္မာ-ဝါယာမ)မှန်သောအားထုတ်မှုဖြစ်၏”

(မိမိခန္ဓာကိုယ်ပေါ်တွင် ဉာဏ်ပညာ(သမ္မာဒိဋ္ဌိ)ရှိနေ, ဖြစ်နေသောအခိုက် ဝိပဿနာရှုမှတ်နေဆဲ ယောဂီပုဂ္ဂိုလ်အား ထိုသမ္မပ္ပဓာန်တရား ၄-ပါးတို့သည် တချက်တည်း၊ တပြိုင်ထည်းအားဖြင့် ရောက်နေကြောင်း အကျယ်ကို အဋ္ဌကထာတွင် ကြည့်ပါ)

(ရှင်းချက်) ခန္ဓာကိုယ်ဟူသော သတိပဋ္ဌာန်ရုပ်နာမ်ပေါ်တွင် ဉာဏ်ပညာနှင့် သိအောင် ကြည့်ရှု-ရှုရာ၌ ဉာဏ်အား, ပညာအား ရှိရန် 'သမ္မာဝါယာမ'ဟူသော လုံ့လဝီရိယအားသည် အထူးလိုအပ်လေသည်၊ တရားအားထုတ်သူယောဂီတို့အတွက် ပဓာနိယအင်္ဂါ ၅-ပါးကို ဟောတော်မူရာ၌ အင်္ဂါ၅ပါးအဖြစ်ဖြင့်....

'အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ၊ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု"
(အင်္ဂုတ္တရပါဠိတော်·ပဉ္စကနိပါတ်·ပဓာနိယင်္ဂသုတ်·၅၈)

"အကုသလာနံ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-တရားတို့ကို၊ပဟာနာယ-ပယ်ခြင်းငှါ၊ကုသလာနံ-ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-တရားတို့ကို၊ ဥပသမ္ပဒါယ-ပြည့်စုံစေခြင်းငှါ၊ အာရဒ္ဓဝီရိယော-ထက်သန်သော လုံ့လရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ကုသလေသု-ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေသု-တရားတို့၌၊ ထာမဝါ-အားအစွမ်းနှင့် ပြည့်စုံ၏၊ ဒဠှပရက္ကမော-မြဲမြံသောလုံ့လရှိ၏၊ အနိက္ခိတ္တဓုရော-တာဝန်ကို ပစ်ချထားခြင်းမရှိ"

ဟူ၍ ဟောတော်မူရာ-မိမိတို့၏စိတ်သည် အာရုံဖြစ်သော ရုပ်နာမ် ခန္ဓာပေါ်တွင် ဉာဏ်ပညာ၏ ရှုမြင်မှုအားရှိစေရန် လုံ့လပြုသော 'သမ္မာဝါယာမမဂ္ဂင်'သည် ၎င်း၏ကိစ္စကိုဆောင်ရွက်ရမည့်တာဝန် သာ ရှိသည်၊ အရှုခံဖြစ်သော ရုပ်နာမ်ခန္ဓာနှင့် မဆိုင်ပေ။

သမ္မပ္ပဓာန်လုံ့လဝီရိယကိုပြရာ၌ ၄-ပါး ညွှန်ပြသည်၊၎င်းသည် အားထုတ်သည်နှင့် တပြိုင်တည်း ကျရောက်လေသည်....“ငါသည် ဤအလုပ် အထမြောက်အောင်မြင်ပါမှ သံသရာဘဝအနန္တက ပါလာသော အကုသိုလ်တို့ကိုလည်း အကျိုးပေးခွင့်မရအောင် မဂ်က သတ်ပေးမည်၊ မပြုမလုပ်ရသေးသော အကုသိုလ်အမှုတို့ ကိုလည်း မပြုဖြစ်အောင် မဂ်က တားဆီးမည်၊ မရဘူးသေးသော လောကုတ္တရာမဂ် ကုသိုလ်ထူးကိုလည်း ရမည်၊ ရပြီး ပြုပြီးသော ဝဋ္ဋ,ဝိဝဋ္ဋ စသည့် ကုသိုလ်မျိုးကိုလည်း လောကုတ္တရာမဂ်က ပွါးများစေမည်၊ သို့အတွက် ငါသည် ဤအလုပ် အထမြောက် အောင်မြင်မှ သံသရာတွင် သက်သာရာရမည်ဖြစ်သောကြောင့် ခန္ဓာရုပ်နာမ်၏သဘော-မျှားမျှားမြင်အောင်ရှုမည်”ဟူ၍ သမ္မာ- ဝါယာမက ခန္ဓာသံသရာ၏အပြစ်ကို ကြောက်သောကြောင့် ရှုဉာဏ် သမ္မာဒိဋ္ဌိကို သံသရာပြတ်အောင် ရှုနိုင်ဖို့ တိုက်တွန်း အားပေးသော 'မဂ္ဂင်'သဘောသာဖြစ်၍၊ အရှုခံရမည့် အနတ္တာ ဖြစ်သောရုပ်နာမ်နှင့် မဆိုင်ချေ။

အရှုခံ ရုပ်နာမ်မှာ-သူ့သဘော အနတ္တာ ဖြစ်၍-သူ့ ကိစ္စသာ သူဆောင်ရွက်နေသည်။ ရှုတတ် မြင်တတ်သော ဉာဏ်သည်-ထို အရှုခံ ရုပ်နာမ်၏ သဘာဝကိုသာ သိအောင်, အထူးသိအောင်,

ပိုင်းခြားသိအောင် ရှုရမည် ဖြစ်ရာ-ထိုဉာဏ် ရှုနိုင်ရန် အတွက် 'သမ္မာဝါယာမ' သည် သူ့တာဝန်အရသာ သူဆောင်ရွက်သည် ဖြစ်၍ ဤခန္ဓာ ရုပ်-နာမ်ကို 'မလှုပ်ရှားမပြောင်းရ, ငြိမ်ငြိမ်နေရမည်' ဟူ၍-မဆိုင်သည်ကို အမိန့်ပေး၍မှု ရမည်မဟုတ်ပေ။ ၎င်းပြင်.... 'အနာဂတ် ဘေးငါးပါး'ကို ဟောတော်မူရာ၌....

'တေန မေ အသာ ကာလံ ကိရိယာ၊ သော မမသာ အန္တရာယော ဟနွာဟံ ဝီရိယံ အာရဘာမိ၊ အပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ....'

(အင်္ဂုတ္တရ-ပဉ္စက ပဌမအနာဂတဘယသုတ် ဂဂ-)

'ငါသည် ဘေးငါးမျိုး တို့တွင် တမျိုးမျိုးနှင့် ကြုံခြင်းကြောင့်၊ ငါအား သေခြင်းသည်ဖြစ်ရာ၏။ တရားမရသေးသော ငါ၏ ပုထုဇ္ဇန်အဖြစ်နှင့်သေခြင်းသည် နတ်ပြည်သော်၎င်း, မင်္ဂ၏ သော်၎င်း တားသော အန္တရာယ်သည် ဖြစ်ရာ၏။ ယခု အခါ၌ ငါသည် မရောက်သေးသည့် မဂ်ဖိုလ်သို့ ရောက်ရန်, မရသေးသည့် မဂ်ဖိုလ်ကိုရရန်, မျက်မှောက် မပြုရသေးသည့် မဂ်ဖိုလ်ကို မျက်မှောက်ပြုရန်အလို့ငှါ ဝီရိယထား၍ အားထုတ်တော့အံ့'

ဟုလာမည့်ဘေး ကျရောက်မည့်ဘေး ကို မြင်စေ၍ပြ၍ ဤလို စိတ်ထားဖြင့် ရှုဉာဏ်ကို အားတင်းပေးနေ ဟောတော်မူထား၏။ ဒုတိယသုတ်ကို ဆက်လက်၍ ဟောတော်မူပြန်သည်ကား....

'ဟန္ဒာဟံ ပဋိကစ္စေဝ ဝီရိယံ အာရဘာမိ အပ္ပတ္တဿ ပတ္တိယာ။လ။သစ္ဆိကိရိယာယ'

(ဒု-အနာဂတဘယသုတ် ၉၀)

'ယခု ငါသည် ငယ်ရွယ်စဉ်, မအိုမီ, မနာမီ, ထမင်းမငတ်မီ, လူတို့ ညီညွတ်စဉ်, ကိုးကွယ်သော ရဟန်းတို့ ညီညွတ်စဉ် အခါ ကောင်း၌, မရ,မရောက်,မျက်မှောက် မပြုရသေးသည့်မင်္ဂဖိုလ်ကို ရအောင်,ရောက်အောင်,မျက်မှောက်ပြုနိုင်အောင် ငါသည် မမှီ မလျော့ မပေါ့မဆဘဲ လုံ့လဝီရိယ ပြင်းစွာထား၍ အားထုတ် တော့အံ့'

ဟု-စိတ်ကိုထား၍အားထုတ်အပ်ကြောင်း ဟောတော်မူသည့်ပြင် တတိယသုတ် စတုတ္ထသုတ်တို့၌လည်း....

'ပဋိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ တာနိ ဝေါ ပဋိဗုဇ္ဈိ တဗ္ဗာနိ ပဋိဗုဇ္ဈိတွာ စ တေသံ ပဟာနာယ ဝါယမိတဗ္ဗံ'

(တတိယသုတ် ၉၃၊ စတုတ္ထသုတ် ၉၅)

"ချစ်သားတို့ဤအနာဂတ်ဘေးငါးမျိုးတို့သည်ယခုအခါဘွင် မဖြစ်ပေါ်သေးကုန်၊ နောင်အခါတွင် ဖြစ်ပေါ် လာပေလိမ့်မည်၊ ထိုဘေးငါးမျိုးတို့ကို သင်တို့ သိအောင် လေ့လာ ထားရမည်၊ သိပြီးလျှင်ကား ထို ဘေးငါးမျိုးတို့ကို ပယ်နိုင်အောင် လုံ့လ ဝီရိယထား၍ အားထုတ်ရမည်"

ဟု-ဟောတော်မူရာ ဤ ၂-သုတ်သည် ရဟန်းအတွက်သာ ဟော သောကြောင့် ချန်ခဲ့သည်။ သို့ရာတွင် လုံ့လဝီရိယ အနေနှင့်ကား "ဝါယမိတဗ္ဗံ" လုံ့လကြိုးကုတ် အားထုတ်ရမည်ဟု ဟောတော်

မူရကား မင်္ဂဖိုလ်ငမှုအတွက် ချည်းတိုက်တွန်းတော်မူသောကြောင့် "သမ္မာဝါယာမမဂ္ဂင်"ချည်းသာ ဖြစ်သည်၊ ရုပ်နာမ် ၂-ပါးနှင့် ရင်းနှီးရန် တလုံးမှ ဟောတော်မမူခဲ့ပေ။ ရင်းပြင်-

"ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ ဝေါကိဏ္ဏော ပါပလေဟိ အကုသလေ ဟိ ဓမ္မေဟိ၊ မဟန္တဉ္စ သဒတ္ထံ ပရိဟာပေတိ၊ အရဒ္ဓ ဝီရိယော စ ခေါ ဘိက္ခဝေ သုခံ ဝိဟာရတိ ပဝိဝိတ္တော ပါပကေဟိ အကုသလေ ဟိ ဓမ္မေဟိ မဟန္တဉ္စ သဒတ္ထံပရိပူရေတိ န ဘိက္ခဝေ ဟီနေန အဂ္ဂဿပတ္တိဟောတိ၊အဂ္ဂေန စ ခေါ ဘိက္ခဝေ အဂ္ဂဿ ပတ္တိဟောတိ"

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဒု-ဒသဗလသုတ် ၂၆၇)

'ချစ်သားတို့-ပျင်းရိသောသူသည် ဆိုးယုတ်ကုန်သော အကုသိုလ်တရားတို့နှင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာနေရ၏၊ ကြီးမားလှစွာသော မိမိအကျိုးကိုလည်း ဆုတ်ယုတ်စေ၏၊ ချစ်သားတို့ ထက်သန်သော လုံ့လဝီရိယ ရှိသူသည်ကား ဆိုးယုတ်ကုန်သော အကုသိုလ်တရားတို့မှလည်း ကင်းဆိပ်သည်ဖြစ်၍ချမ်းသာစွာနေရ၏၊ ကြီးမားလှစွာသော မိမိအကျိုးကိုလည်း ပြည့်စုံစေ၏၊ ချစ်သားတို့ — ယုတ်နိမ့် ညံ့ဖျင်းသော လုံ့လဖြင့် မြင့်မြတ်သော အရဟတ္တဖိုလ်ကို မရနိုင်။ အားထုတ်သဖြင့် မြတ်သော လုံ့လဖြင့်သာလျှင် မြင့်မြတ်သောအရဟတ္တဖိုလ်ကိုရနိုင်၏။

"ဘိက္ခဝေ၊ ချစ်သားတို့။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ ဝီရိယံ၊ မရမနေ ဟူသော။ သမ္မပ္ပဓာန် လုံ့လဝီရိယကို၊ အာရဘထ-အားထုတ်ကြကုန်လော့"

မြတ်စွာဘုရား၏ တိုက်တွန်းချက်မှာ သဗ္ဗဝါတို့၏ အကျိုးကို အလွန်လိုလားတော်မူကြောင်း ထင်ရှားလှသည်၊ ဤသုတ်၏ အစတွင် “ငါသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ကောင်းစွာ သိမြင်ပြီးဖြစ်သော တရားကို ထင်ရှားအောင် ပေါ်လွင်အောင် သိသာအောင် အမျိုးမျိုးဟောခဲ့သည်၊ သို့ဖြစ်၍ ငါဘုရား သာသနာကို ပင်ကိုစိတ်ရင်းနှင့် ယုံကြည်သူ အမျိုးကောင်းသား မှန်သမျှသည် လုံ့လဝီရိယ ကြီးမားစွာထား၍ မရမနေ အရေအသွေး ခမ်းခြောက်စေကာမူ အားထုတ်အပ်သော ငါ၏ သမ္မပ္ပဓာန် သမ္မာဝါယာမလုံ့လကို မလျှော့ဟူ၍ စိတ်ထားရမည့် အကြောင်း” အစချီ၍ ဟောထားသည်။

မိမိအကျိုးလိုသူသည် မပျင်းအပ်၊ ပျင်းလျှင် အားမထုတ်ချင်လျှင် မိမိစိတ်သည် အကုသိုလ်နှင့် ရောနှောနေမည်ဖြစ်၍ မိမိအကျိုးဆုတ်ယုတ်မည်၊ အားမထုတ်ချင်၍ ပျင်းနေသောသူအား မြင့်မြတ်သော အရဟတ္တဖိုလ်ကို လုံးဝမရနိုင်–အရဟတ္တဖိုလ်ကဲ့သို့ မြတ်သောတရားကို မြင့်မြတ်သော လုံ့လဝီရိယ ရှိသူတို့သာ ရနိုင်ကြောင်း၊ ထို့ကြောင့် ချစ်သားတို့ သင်တို့သည် လုံ့လ ဝီရိယရှိသောငါဘုရား၏ သာသနာတော်တွင် အပျင်းမထူပဲ သမ္မပ္ပဓာန် လုံ့လဝီရိယဖြင့် အားထုတ် ကြကုန်လော့” ဟု ကိုယ်တော်တိုင် ပါဠိတော်တွင် ဟောတော်မူသည်၊ ၎င်းကို အဋ္ဌကထာ၌....

“ဣမသ္မိံ သာသနေ ယော ကုသီတော ပုဂ္ဂလော၊ သော ဒုက္ခံ ဝိဟာရတိ၊ ဗာဟိရသမယေ ပန ယော ကုသီတော သော သုခံ ဝိဟာရတိ”

အာရဒ္ဓဝီရိယော ပုဂ္ဂလော ဣမသ္မိံ ယေဝ သာသ
နေ သုခံ ဝိဟရတိ၊ ဗဟိရသမယေ ပန ယော အာရဒ္ဓ
ဝီရိယော သော ဒုက္ခံ ဝိဟရတိ” ။

(နိဒါနဝဂ္ဂဌကထာ-၄၇)

ဣမသ္မိံ သာသနေ၊ ဤဗုဒ္ဓ မြတ်စွာ သာသနာတော်၌ ။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကုသီတော၊ တရားအလုပ် အားမထုတ်ပဲပျင်း၏။ သော ပုဂ္ဂလော ထိုပုဂ္ဂိုလ်သည်ဒုက္ခံ၊ ပင်ပန်း ဆင်းရဲစွာ၊ ဝိဟရတိ၊ နေရ၏။ ပန-အားမထုတ်လိုပဲ ပျင်းသဖြင့် ဆင်းရဲစွာနေရသည်မှ တပါး အားမထုတ်လိုပဲ ပျင်းသဖြင့် ချမ်း သာစွာ နေရသည်ကို ပြဦးအံ့၊ ဗာဟိရ သမယေ၊ ဗုဒ္ဓမြတ်စွာ သာသနာမှအပြင်အပတိတ္ထိယတို့၏နေရာဌာန၌။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ကုသီတော၊ စွမ်းအင်မထုတ် လုံ့လဆုတ်၍ ညဏ်ယုတ်ချုတ်သွင်း အလွန် ပျင်း၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ် သည်။ သုခံ၊ လုပ်သမျှလျှင် ဒုက္ခပင်ဟု လူဘွင်ဝေါဟာ ပျင်း သက်သာစွာ။ ဝိဟရတိ၊ နေရ၏။

ဣမသ္မိံ ယေဝ သာသနေ၊ ဗုဒ္ဓ မြတ်စွာ ဤ သာသနာ တော်၌သာလျှင်။ ယော ပုဂ္ဂလော၊ ဦးမဲ့-ဦးဖြူ မည်သူမဆိုအကြင် ပုဂ္ဂိုလ်သည်။ အာရဒ္ဓဝီရိယော၊ တသာသနာ ကြုံကြိုက်ခါတွင် သံသရာဒုက္ခ ချုပ်ပြတ်ရအောင် ကြံဆောင်မယုတ် လွန်အား ထုတ်၏၊ သော ပုဂ္ဂလော၊ လသာခိုက်တွင် ဗိုင်းငင်ချင်လို ထို ပုဂ္ဂိုလ်သည်။ သုခံ၊ လောကသံသရာ ထိုနှစ်ဖြာတွင် ပူစရာနတ္ထိ ဘေးမရှိ၍ ပကတိ ချမ်းသာစွာ ဝိဟရတိ၊ နေရ၏။ ပန-အား

ထုတ်မမှန် ဆင်းရဲဟန်ကား ဗာဟိရသမယေ သာသနာပ ဗာဟိရ တိတ္ထိတို့၏ ဝါဒတည်ရာ သာသနာ၌။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ အာရဒ္ဓဝီရိယော၊ ရေငုတ်မီးလှူ တုံးခုန့်ဇယ်ချ, ငါးဝအပူ ကိုယ်မှုညှဉ်းပန်း နှိပ်စက်ခဏ်းဖြင့် အရမ်းဉာဏ်ကင်း အားထုတ်ပျင်း၏။ သော ပုဂ္ဂလော ခွေးကျင့်နွားကျင့် ခြိုးခြံ ကျင့်တိုင်း အကျင့်ဟူက နိဗ္ဗာန်ရဟု ပညာချွတ်ယွင်း အသိ ကင်းသော ထိုပုဂ္ဂိုလ်သည် ဒုက္ခ၊လောကတွင်လဲ လွန်ဆင်းရဲလျက် သေမြဲနောင်လည်း ဆင်းရဲကြီးစွာ ဝိဟရတိ၊ နေရ၏။

ဤသို့ အဋ္ဌကထာ ပြရာတွင် သတိထား အပ်သည်ကား လုံ့လဝီရိယ ရှိခြင်းသည် နေရာ တကာတိုင်းတွင် ကောင်းသည် မဟုတ် အသိပညာ ကင်းသော လုံ့လ ပြုမှုသည် အကျိုးယုတ်ဖို့ ချည်းသာတည်း။ မြတ်စွာဘုရားသည် ဤမဂ္ဂင်လမ်းကို တီထွင် ဟောကြားရာ၌ အင်္ဂါရှစ်ပါး ရှိသော အရိယ မဂ်တခုစီတွင် "သမ္မာ"ဟူသော ပုဒ်ကို ထည့်၍ထည့်၍ သာလျှင် ဟောတော်မူ သည်ကား လုံ့လဝီရိယ သာမန်မဟုတ် "မှန်သော လုံ့လဝီရိယ" ဖြစ်စေရန် ပညာပါရန် ဟောတော်မူခြင်းဖြစ်သည်။

## " အလောင်းတော်၏ ပညာကင်းသော လုံ့လ "

ပညာကင်းသော အသိအမှန် မပါသော လုံ့လမျိုး, ဝီရိယ မျိုးသည် "သမ္မာဝါယာမ မဂ္ဂင်" မဟုတ်ပေ၊ သမ္မာဝါယာမ မဖြစ်က လောကုတ္တရာမဂ် မရနိုင်ပေ၊ အလောင်းတော် သိဒ္ဓတ္ထ

မင်းသားသည် တောထွက်သက်နိုးဝတ်လျက် ဥရုဝေလတောတွင် ၆-နှစ်ဒုက္ကရစာကျင့်ကို ကျင့်ခဲ့သည်၊ သို့ရာတွင် ကျင့်လမ်းမမှန် မှန်ကန်စွာ သိရမည့် အသိပညာကင်းသဖြင့် တမဂ် တဖိုလ်မှ မရပဲ "ဒုက္ကရကာရိတာယ-အနတ္ထသံဟိတာယ" ဆင်းရဲခံ၍ ကျင့်ရသမျှ သည် ငါ့အား အကျိုးမဲ့အချည်းနှီးပါတကား'ဟုပင် ညည်းညူ ခဲ့ရလေသည်။

၎င်းနောက် ဥရုဝေလ တောမှ ဖယ်ခွါခဲ့၍-သေနာ နိဂုံးသို့ ရောက်ပြီး အားထုတ်ရာတွင်လည်း ထွက်လေ ဝင်လေ သွားနိုင် သည့် အသက်ရှူပေါက်အားလုံးကို ပိတ်ဆို့လျက် ပြင်းထန်စွာ အားထုတ်လေသည်၊ ထိုအခါတွင် ထွက်လေ ဝင်လေ တို့သည် ထွက်ပေါက် မရလေသဖြင့် ဦးခေါင်း၊ ဝမ်းဗိုက်စသော အတွင်း သို့ အဘင်း ထိုးလေဘော့ရာ ပြင်းထန်စွာ၊ ခေါင်းကိုက်ခြင်း၊ ဝမ်းဗိုက်ကွဲထွက် မတတ် လေထိုးခြင်းစသော ဆင်းရဲတို့သာ တွေ့ရှိ ရသောအခါ "ငါ့အား အသိ ကင်းသော အားထုတ် ခြင်းဖြင့် ငါသိလိုသော တရားကို အရိပ်အရောင်မျှပင် မသိရ-ထိုအားထုတ် ခြင်းကြောင့် ဖြစ်သော ကြမ်းထန်းသော ဆင်းရဲ ခံစားမှုသာ တွေ့ရသည်"ဟု ညည်းညူရပြန်သည်။

(ဤကား မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗောဓိရာဇသုတ်နှင့် သဂါရဝသုတ်တို့တွင် ဟောထားသည်ကို အနည်းငယ် ထုတ် ပြခြင်းဖြစ်ပါသည်။)

ဤနမူနာကို ကြည့်ပါ-ယခုဘဝ တရားရပြီး ဘုရားဖြစ်မည့် အလောင်းတော်သည်ပင်လျှင် အသိပညာအခြေမခံသော အား

ထုတ်မှု မျိုးဖြင့် မည်သည့် မဂ်ဖိုလ် တရားမှ မရနိုင် လေသော ကြောင့် လုံ့လဝီရိယထား၍ အားထုတ်ရာတွင် "သမ္မာဝါယာမ" သည် အထူးပင် အရေးကြီးပေသည်၊ အားထုတ်သည် ဆိုတိုင်း "သမ္မာဝါယာမ" ဟုတ်ပုံကို သတိထားရသည်။

**"အာတာပီ"** သမ္မပ္ပဓာန်, သမ္မာဝါယာမ တို့နှင့် ဆက်စပ်လာလျှင် **"အာတာပီ"** ဟူသော စကားပါလာရပေသည်၊ ယင်း "အာတာပီ" ဟူသော စကားလုံးကို မိမိတို့ သုံးလိုသော နေရာတွင် သုံး၍၊ မသုံးလိုသော နေရာတွင် ဖယ်ထားလေသည်၊ 'အာတာပီ'ဆိုသည်မှာ "ပြင်းပြင်းထန်ထန် လုံ့လဝီရိယ ထားရမည်"ဟု အနက် ပြန်ကြပါသည်။ မည်ကဲ့သို့ အားထုတ်မှ "အာတာပီ" ဖြစ်မည် "အာတာပီ" ဖြစ်ရန် မည်သို့ အားထုတ် ရမည်ကို သိနိုင်ရန်ရင်း 'အာတာပီ'ပါဠိကို သတိပဋ္ဌာန် အဋ္ဌကထာဖွင့်ပြရာ၌–

"အာတာပီတိ တတ္ထ။လ။တေန ဝုစ္စတိ အာတာပီ" (၃၅၀)

"အာတာပီတိ-အာတာပီ ဟူသည်ကား၊ တတ္ထ-ထိုမာတိကာ ပုဒ်၌၊ အာတာပံ - အာတာပသည်၊ ကတမံ အဘယ်နည်း စေတသိကော-စိတ်၌ ဖြစ်သော ယော၊ ဝီရိယာရမ္ဘော အကြင် ဝီရိယဟူသော အားထုတ်ခြင်းသည်၊ ယော သမ္မာဝါယာမော- အကြင် မဖောက်မပြန် မှန်ကန်သော အားထုတ်ကြောင်းဖြစ်သော လုံ့လသည်။ အတ္ထိ၊

ရှိ၏။ ဤဒံ သဗ္ဗံ ဤအလုံးစုံကို အာတပံ-အာတာပ ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ဤမိနာ အာတာပေန၊ ဤ ကိလေသာကို ပြင်းစွာ ပူပန် စေတတ်သော သမ္မပ္ပဓာန်၊ လုံ့လနှင့်။ ဥပေတော ။လ။ သမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။တေန၊ထို့ကြောင့်။ အာတာပီတိ၊ အာတာပီဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ စိတ်၌ ဖြစ်သော လုံ့လဝီရိယကို အာတာပီ ခေါ်ကြောင်းကို(မူလပဏ္ဏာသ ဋ္ဌကထာ-ပ-၂၄၈၊ ၂၄၉ တွင်ရင်း၊ မဟာဝဂ္ဂသံယုတ် အဋ္ဌ-ကထာ ၂၁၅ တွင်ရင်း) ဆိုကြသည်။

သတိပဋ္ဌာန် လုပ်ငန်းကို မိမိတို့ သဘောပေါက်သလို ကာယ, ဝေဒနာ,စိတ္တ, ဓမ္မဟူ၍ အကောဝ်အထည်ဖော်ကာ အားထုတ်ရာ တွင် ပရမတ်ရုပ်နာမ်ဟူသော သတိပဋ္ဌာန်ပုံစံကျစေရန်နှင့်အောက် မေ့ ဂရုစိုက်မှု မှန်စေရန်အတွက် "ထက်သန်မှု" လုံ့လဝီရိယလို သည်။ "ထက်သန်မှု"လုံ့လဝီရိယသည် အမှန်ပင် လိုအပ်သည့် အတိုင်း သတိ၏ အပေါင်းပါ ဝီရိယ ကိုသာမန် ဝီရိယ မျိုးနှင့် ရမည်မဟုတ်သဖြင့် မြတ်စွာဘုရားက "အာတာပီ" ဟူသော အရည်အခြင်းပြည့် လုံ့လဝီရိယ မျိုးကို ထည့်ပေးထားသည်။ ၎င်းအာတာပီ၏ သဘောကို သတိပဋ္ဌာန် အဋ္ဌကထာ ဆရာက "ကိုယ်"နှင့် ရောထွေးမည်စိုး၍ (စေတသိကော)'စိတ်၌ဖြစ်သော လုံ့လဝီရိယမျိုး'ဟုသမ္ဗာဝါယာမအဓိပ္ပါယ်ကို ဖော်ထားသည်။

သို့ရာတွင် အချို့သူတို့သည် လုံ့လဝီရိယ ဆိုလျှင် ကိုယ်ဟူ၍ ပင် အောက်မေ့မှတ်ထင်ကြလေသည်။ တနေ့လုံး တကုတ်ကုတ်နှင့် အလုပ်လုပ်နေသူကို·လုံ့လဝီရိယကောင်းသူ·လုံ့လဝီရိယရှိသူဟု- အပြင်ဖက်(ကာယ)ကိုယ်အနေကို ကြည့်၍သာ သတ်မှတ်သည်၊

သုံးနှုန်းသည် စင်စစ်မှာ- ထိုသူ အလုပ် လုပ်အောင် တိုက်တွန်း လှုံ့ဆော်ပေးသော ပတ်ဝန်းကျင်က မမြင်ရသော စိတ်သာလျှင် "အဓိက" ဖြစ်ကြောင်း ၎င်းစိတ်သာလျှင် လုံ့ဝီရိယဖြစ်ကြောင်း ဉာဏ်ရှိမှ သိနိုင်မြင်နိုင်သော ကိစ္စဖြစ်လေသည်။

၎င်းပြင် အချို့ဗဟုသုတ ရှိသူတို့ကလည်း "ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသုဿတု" "အရိုးကြွင်းစေ၊ အကြောကြွင်း စေ၊ အသွေးအသားတို့ ခမ်းခြောက်စေ ငါ၏လုံ့လဝီရိယတို့ကို မလျှော့အံ့" ဟု ပါဠိတော်မှာ ဟောထားသော အတိုင်း အရိုး၊ အကြော၊ အသား၊ အသွေး ဟူသည့်-ကာယနှင့် သက်ဆိုင်ရကား "ကိုယ်ဖြင့် ပြုအပ်သော လုံ့လဝီရိယ" ဟု ယူကြလေသည်။

မှန်၏ အင်္ဂုတ္တရ ပါဠိတော်တွင် မြတ်စွာဘုရား တိုက်တွန်း ဟောကြားခဲ့ပေသည်-ဆိုခဲ့သော အတိုင်း ကျွန်ုပ်တို့၏- ရုပ်နာမ် ၂၂-ပါး ဖွဲ့စည်းထားသော ဤခန္ဓာ၏လှုပ်ရှားမှု-ရွေ့ရှားမှုဆိုင်ရာ ကိစ္စအထွေထွေကို-စိတ်က လှုပ်ရှားစေရန် ရွေ့ရှားစေရန် တိုက် တွန်းနေ၏၊စေခိုင်း၏ အုပ်ချုပ်၏၊နာမ်ဟူသော အသိစိတ် ၎တိုက် တွန်းမစေခိုင်းပဲ၊ အသိစိတ်မအုပ်ချုပ်ပဲ (ကာယ)ဟူသော ဤရုပ် တို့ မည်သည့်လှုပ်ရှားမှုစသော အပြုအလုပ်မျိုးမှ မလုပ်တတ်ပေ။

> "နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမ တာယ ဣရိယာ ပထံကပ္ပေတုကာမ- တာယ သတိရူပံ ခါဒတိ၊ ပိဝတိ၊ ဗျာဟရတိ၊ ဣရိယာ- ပထံကပ္ပေတိ။"
>
> (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၃၁)

"·သိမှု၏ ခဲလိုသည်ရှိသော်-ရုပ်သည်ခဲ၏။ သိမှု၏ သောက်လိုသည်ရှိသော်-ရုပ်သည် သောက်၏။ သိမှု၏ စကား ပြောလိုသည်ရှိသော်-ရုပ်သည်ပြော၏။ သိမှု၏ ဣရိယာပုတ် ပြုပြင်ပြောင်းလဲလိုသည်ရှိသော်-ရုပ်သည် ပြုပြင်ပြောင်းလဲ၏"

ဟု-ပြဆိုထားရာ·နေရာတကာတွင် စိတ်သည် ဤကာယကို အုပ်ချုပ်ထားကြောင်း ထင်ရှားလေသည်။ တရားအားထုတ်သော ယောဂီ၏ပရမတ်သဘောတရားကို သိမြင်အောင်ဉာဏ်လေ့ကျင့်ရသောကိစ္စမျိုးတွင်'ဆက်သန်သောစိတ်'' အဘယ်မျှလိုအပ်သနည်း၊ ထိုစိတ်မျိုး·ထို အသိမျိုးသည် 'သမ္မာဝါယာမ" ဖြစ်လေသည်။ စိတ်မတိုက်တွန်းက, စိတ်ဖြင့် မဆောက်တည်က·အသွေး-အသား (ကာယကာ)အထိအခိုက်မခံနိုင်ပေ။

မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားရာ၌ (မုချဓမ္မ)တိုက်ရိုက်ဟောကြားသောတရား (ပရိယာယဓမ္မ) သွယ်ဝိုက်ဟောသောတရားဟူ၍ ၂-ပါးရှိလေသည်၊ တိုက်ရိုက်ဟောသော တရားကို သွယ်ဝိုက်၍ ဟောသော တရားဟု မယူအပ်သကဲ့သို့ သွယ်ဝိုက်၍ ဟောသော တရားကိုလည်း တိုက်ရိုက် ဟောကဲ့သို့ မယူရာချ။ ဤနေရာတွင် မဟာဝဂ္ဂသံယုတ်ပါဠိတော် ပရိယာယသုတ် (၉၇)ကို အကျဉ်းချုပ်၍ ပြလိုပါသည်။

"...မြတ်စွာ ဘုရား၏ တပည့်သား ရဟန်းတို့အား တိတ္ထိပရိဗိုဇ်တို့နှင့်တွေ့ဆုံဝယ်·ထိုပရိဗိုဇ်တို့က-အရှင်ဂေါတမသည်လည်း နီဝရဏငါးပါး, ဗောဇ္ဈင်ခုနစ်ပါးတို့ကို

ဟောသည်၊ ငါတို့သည်း နိဝရဏငါးပါး, ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟောသည်၊ဤသို့ဖြစ်သဖြင့် သင်တို့ဆရာ ရှင်ဂေါတမနှင့်ငါတို့၏ဟောပြောချက်သည် ခြားနားချက်မရှိ, အတူတူသာ ဖြစ်ရပေမည်-စသည်ဖြင့် ပြောဆိုကြလေရာ-ရဟန်းတော်များမှာ မည်သို့မျှ ပြန်သုန် ငြင်းခုန်ခြင်း, သဘောကျကျေနပ် လက်ခံခြင်းမပြုကြပဲ-မြတ်စွာဘုရားအထံသို့သာ ပြန်ခဲ့ကြလျက် လျှောက်တင်ကြသောအခါ မြတ်စွာဘုရားက....

"ချစ်သားတို့ နိဝရဏတို့သည် အကြောင်းကို စွဲ၍-ဆယ်ပါးဖြစ်ကုန်၏၊ ဗောဇ္ဈင်တို့သည် အကြောင်းကိုစွဲ၍ တဆယ့်လေးပါး ဖြစ်ကုန်၏၊ ထိုအကြောင်းသည် ရှိပါသလော, ဖြစ်နိုင်ပါ သလောဟု-ပြန်၍ မေးဖို့ကောင်းသည်၊ဤသို့မေးခဲ့သော်-ထိုပရိဗိုဇ်တို့သည် လုံး၀ဖြေကြားနိုင်ကြမည် မဟုတ်ချေ၊ အဘယ့်ကြောင့် ဟူမူ-ရှင်းတို့သိနိုင်သော အရာမဟုတ်သောကြောင့် ပေတည်း။

ဟု-မိန့်တော်မူ၍ ပရိယာယ သုတ်ကို ဆက်လက်၍ ဟောတော်မူလေသည်။ ဤနေရာတွင် ဗောဇ္ဈင် တဆယ့်လေးပါးဟု-ဟောတော်မူရာ၌ ဝီရိယ သမ္ဗောဇ္ဈင်ကို ပရိယာယ်အားဖြင့် ၂-ပါးရှိပုံ ဟောပြရာ၌-

"ယဒပိ ဘိက္ခဝေ ကာယိကံ ဝီရိယံ တဒပိ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ၊ ယဒပိ စေတသိကံ ဝီရိယံ တဒပိ ဝီရိယ

သမ္မောဇ္ဈင်ငေါ၊လ။ တဒမိနာပေတံ ပရိယာယေနဒွယံ ဟောတိ”

“ချစ်သားတို့ ကိုယ်၌ ဖြစ်သော အားထုတ်မှုသည်လည်း ဝီရိယ သမ္ဗောဇ္ဈင်တည်း စိတ်၌ ဖြစ်သော အားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ဝီရိယ သမ္ဗောဇ္ဈင်သည် ဤ အကြောင်းပရိယာယ်အားဖြင့် ၂-ပါးဖြစ်၏”

ဟု ဟောတော်မူသည်၊ ထို ဟောတော်မူ ချက်ကို အဋ္ဌကထာ (၂၀၆)၌ ရှင်းလင်းထားပုံကား–

“ကာယိက ကိုယ်နှင့်ပြုသောလုံ့လဝီရိယဟူသည်ကား စင်္ကြံ သွားရန် ဆောက်တည်သောသူ၏ကြွမှု၊ချီမှု၊လှမ်းမှုတို့၌ ဖြစ်သော လုံ့လဝီရိယဘည်း၊ စေတသိက စိတ်နှင့် ပြုသော လုံ့လဝီရိယ ဟူသည်ကား- “ငါသည် အကြင်မျှလောက် အာသဝတရားတို့မှ စိတ်သည် စွဲလမ်းမှုမရှိသည် ဖြစ်၍ လွတ်လတ္တံ့၊ ထိုမျှလောက် ငါ၏အထိုင်ကို မဖျက်အံ့ ဟူ၍ ဆောက်တည်သော စိတ်သည် ပြုလုပ်တတ်သော ကိုယ်အမူ အရာမပါ- စိတ်၌သာ ဖြစ်သော လုံ့လဝီရိယဘည်း။”

ဟု ဖွင့်ဆို လေသည်၊ လုံ့လဝီရိယနှင့် ပတ်သက်၍ ပရိယာယ် အားဖြင့် ကာယဟုဆိုစေကာမူ အားထုတ်အပ်သောလုံ့လဝီရိယ ဟူသည် သမ္မာဝါယာမ, သမ္မပ္ပဓာန်, ဝီရိယ စေတသိက်ဟု မုချ အားဖြင့် ဟောတော်မူရာ ပရိယာယ်ယော(ကာယ)ကို တိုက်ရိုက် မကောက်မယူရချေ။

ရင်းပြင် မဟာနိဒ္ဒေသ ပါဠိတော် (၂၉၅)၌လည်း—
"အာတာပီတိ အာတပ္ပံ ဝုစ္စတိ ဝီရိယံ ယော
စေဘာသိကော"

"မဆုတ်မနစ် ပြင်းပြင်းထန်ထန် စိတ်အားသန်လျက် ကိလေသာကို ပူပန်စေတတ်သော အာတာပ ဟူသည် လုံ့လဝီရိယ ပေတည်း၊ ဆိုလုံ့လဝီရိယသည် စိတ်၌ဖြစ်လေသည်"

ဟုဟောတော်မူလျက် အဋ္ဌကထာ (၃၅၉)တွင်ရှင်းပြချက်ကား·

"စိတ်၌ဖြစ်သည်-ဆိုသည်ကား ဤအာတာပ လုံ့လဝီရိယသည် ပရိယာယ်အားဖြင့် ကာယဟု ဆိုအပ်သေးစေကာမူ-မုချအမှန်အားဖြင့် စိတ်၌သာလျှင်ဖြစ်ကြောင်းကို ထင်ရှားပြ၍ဟောတော်မူသည်၊ ထိုစကားမှန်၏၊ ဤအာတာပ ဟူသည်·သမ္မာဝါယာမ ဝီရိယပင်တည်း။လ။ ပရိယာယ-ဤသို့အစရှိသောသုတ်တို့၌ ဟောတော်မူသော စင်္ကြံသွားခြင်းအစရှိသောကိုယ်၏လှုပ်ရှားမှု အမူအရာကို ပြုခြင်းကြောင့်ဖြစ်သဖြင့်သာ ကာယိက ဝီရိယဟု ဆိုရစေကာမူ(ကာယဝိညာဏ်) ဆိုသောစကား၌ "ကိုယ်သိ"ဆိုရသော်လည်း ကိုယ်ကိုမယူရပဲ·ကိုယ်နှင့်ပတ်သက်၍သိသော အသိကိုသာယူရသကဲ့သို့·ထိုလုံ့လဝီရိယ သည်လည်း· ကိုယ်ဖြင့် ပြုသည်မဟုတ်ချေ၊ စိတ်နှင့်သာလျှင် ပြုလုပ်ခြင်းဖြစ်၍ စိတ်နှင့်သာ ဆိုင်လေသည်။

ဟု·ဖွင့်ဆိုလေသည်။

ဆိုခဲ့သောသဘောများအရ ငရိယာယ်ဒေသနာအလိုသာလျှင် (ကာယိက) ကိုယ်ဟု ဟောစေကာမူ– မုချအားဖြင့်ကားသမ္မာဝါယမဟူသည် ဝီရိယစေတသိက်ပင်ဖြစ်၍ကား (ကာယ) ရုပ်နှင့်ပတ်သက်သော "လှုပ်ရှားမှု၊ရွေ့ရှားမှု၊ မြွောက်မှု၊ကြွမှု၊ အလုံးစုံသည်-အသိစိတ်၏ တိုက်တွန်းမှု စေခိုင်းမှုတို့ကြောင့် ဖြစ်ရကား ကိုယ်နှင့်ပတ်သက်သော လုံ့လဝီရိယ မဟုတ်ချေ။

လုံ့လဝီရိယဟူသည် အသိစိတ်နှင့် ဆိုင်သဖြင့် အသိစိတ်၏ သံသရာဒုက္ခပြတ်လိုမှုကြောင့် မပြတ်ရှုချင်၊သိချင်သဖြင့် ဤအသိစိတ်မချရသမျှ "အရိုးကြွင်းစေ၊ အကြောကြွင်းစေ၊ အသွေးအသား ခန်းခြောက်စေ ခန္ဓာ သံသရာပြတ်ကြောင်း အသိမသိရသမျှကိုလေသာ မပြတ်ရသမျှ ငါ၏ လုံ့လဝီရိယကို မလျှော့အံ့" ဟု ဆောက်တည်သည်မှာ စိတ်ကိုသာ တိုက်တွန်းခြင်း ဖြစ်ရာ (ကာယ) ကိုယ်ကြီးကို မလှုပ်ပဲ ပေနေရန် မဟုတ် ဤကိုယ်ကြီးကို မလှုပ်ပဲပေနေလျှင်(အတ္တကိလမထ) ကိုယ်ညှဉ်းဆဲရာသို့မုချရောက်လိမ့်မည်။

အာတာပီနှင့်ပတ်သက်၍ ဣတိဝုတ် ပါဠိတော် အာတာပီသုတ်-ရင်းအဋ္ဌကထာတို့တွင်လည်း ဤနည်းအတိုင်း ဟောထားပေရာ-လုံ့လဝီရိယ ဆိုသည်မှာ စိတ်၌ထား၍ မပြတ်သော သတိရှိရမည့်အစားအနတ္တ-ဖြစ်သော ဤခန္ဓာကြီးကို ၎င်း၏ပြုပြင်တတ်စေ့ဆော်တတ်သောသင်္ခါရက္ခန္ဓာတို့က သူ့သဘာဝ အခလျောက်ပြုပြင်ပြောင်းလဲမှုတို့ကို အတ္တသဘောနှင့် အတင်းရပ်ဆိုင်းစေကာ

ပေတေနေမှုသည်· အာတာပီမဟုတ်, သမ္မာဝါယာမ မဟုတ် သမ္မပ္ပဓာန်လုံ့လ ဝီရိယမျိုးမဟုတ်သဖြင့် ဤသတိပဋ္ဌာန် တရား အားထုတ်ရာတွင် လိုအပ်သော အာတာပီကို သဘောပေါက် နားလည်ကြရာသည်။

**"သမ္မာသတိ-မှန်သောအောက်မေ့-ဂရုစိုက်မှု"**

သတိပဋ္ဌာန်လုပ်ငန်းသည်·အောက်မေ့မှု, ဂရုစိုက်မှု သတိလုပ် ငန်းဖြစ်လေသည်။ ထိုအောက်မေ့ခြင်း, ဂရုစိုက်ခြင်း ဟူသည် 'သမ္မာ'အမှန်'ဖြစ်သော ပရမတ္ထမမေ့၌ 'သတိ' အောက်မေ့ခြင်း အဖန်တလဲလဲ နှလုံးသွင်းခြင်း,ဂရုစိုက်ခြင်းသည်·မဂ္ဂင် ဝင်သော သမ္မာသတိ'ဖြစ်လေသည်။

ဝိပဿနာအလုပ် အားထုတ်ရာတွင် 'သမ္ပဇာန' ဉာဏ်ပညာနှင့် ရှုရသည်မှန်၏၊ ရှေ့-ဦးစွာ'သတိ'အခြေမခံသောအခါ ပညာသည် ရှေးဦးစွာရှုရမည့် ပရမတ်ရုပ်နာမ်ကို သိမှတ်ထားခြင်းမရှိရကား ကောင်းစွာ မရှုနိုင်ပေ၊ မြတ်စွာဘုရားသည်—

"သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနော
အယံ ဝေါ အမှာကံ အနုသာသနီ"
(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၂၃)

"ဘိက္ခဝေ ချစ်သားတို့ ဘိက္ခု သံသရာကို ဘေးဟု မြင်တတ် ယောဂီမြတ်သည် သတော·မလစ်စေမှု အောက်မေ့ဂရုစိုက်ခြင်း ရှိသည်ဖြစ်၍ သမ္ပဇာနော အပြားအားဖြင့် သိတတ်သော ဉာဏ် ပညာရှိသည် ဖြစ်၍ ဝိဟရေယျ နေရာ၏၊ အယံ·ဤသတိ ပညာ

သာသနာဟူသည် ဝေါတုမ္ဘာကံ-သင်ချစ်သားတို့အား အမ္ဘာကံ-ငါဘုရားတို့၏၊ အနုသာသနီ-သံသရာ ပြတ်ကြောင်းကောင်းမြတ်သော အဆုံးအမပေတည်း"

မြတ်စွာဘုရား၏ အဆုံးအမ (သာသနာ) တော်သည် မမေ့အပ်သော, အောက်မေ့အပ်သော, ဂရုစိုက်အပ်သော 'သတိ'ကို အရင်းခံထား၍ အမှန်အကန် ပရမတ် ဖြစ်သော (ရုပ်နာမ်) ဖောက်ပြန်သဘော, သိသဘောကို အမှန်မြင်ခြင်း, အမှန် သိခြင်း ဟူသည့် 'ပညာ' ဉာဏ်သမ္ပဇဉ်နှင့် တွဲစပ်ထားသော သာသနာဖြစ်လေသည်။ ဆိုလိုသော အဓိပ္ပါယ်မှာ ဤ ခန္ဓာကို ရှေးဦးစွာ သတိအားဖြင့် ရုပ်နာမ်ပရမတ်ဟူ၍ ကွဲပြားစွာ သိမှတ်ထားပြီးမှ ဉာဏ်ပညာနှင့် ဖြစ်ပျက် သဘာဝကို ဝိပဿနာ ရှုရလေသည်၊ သတိမှ ရှေးဦးစွာ ပရမတ်ရုပ်နာမ်ဟု သိမှတ်မထားလျှင် ဤခန္ဓာကိုယ်ဟူသော ပညတ်ကို ဝိပဿနာ မရှုနိုင်ပေ။

"အယံ ၊န ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ၊ န ဟိ သတိ ဝိရဟိတဿ အနုပဿနာ နာမ အတ္ထိ"

(မဟာဝဂ္ဂဋ္ဌကထာ-၃၄၉။ သမ္မောအဋ္ဌကထာ-၂၀၉ မူလ ပဏ္ဏာသဋ္ဌကထာ ၂၄၈)

အယံ၊ဤယောဂီသည်။ ယသ္မာ၊ အကြင့်ကြောင့်။ သတိယာ၊ ဂရုစိုက်မှုဖြင့်။ အာရမ္မဏံ၊ ဖောက်ပြန် သဘော, သိသဘောဟူသော ပရမတ်အာရုံကို။ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ပညာယ၊ သမ္မာဒိဋ္ဌိ မဂ်ပညာဖြင့်။ အနုပဿတိ၊ ရှုသနည်း။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ သတိဝိရဟိတဿ၊ သတိအမှတ်မှ ကင်းသော။

အနုပဿနာနံ့ာမ၊ ပရမတ်ကို ဝိပဿနာရှုသော အနုပဿနာ မည်သည်။ နအတ္ထိ၊ ရှိသည်မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ သတိယာ နှလုံးသွင်း အောက်မေ့ ဂရုစိုက်မှုဖြင့်။ အာရမ္မဏံ၊ ပရမတ် အာရုံကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ ပညာယ၊ ပညာဉာဏ်ဖြင့်။ အနုပဿတိ-ရှု၏။

"သတိဆို-ပိုသည်မရှိ" မြတ်စွာဘုရား ဟောတော်မူ ခဲ့သော သတိပဋ္ဌာန် ပါဠိတော်တွင်မကာ မည်သည့် တရားမဆို သတိသည် အမြဲလိုလျက်ရှိလေသည်။ 'ပညာ' လွန်သည်, သဒ္ဓါလွန်သည်, ဝီရိယလွန်သည်, သမာဓိ လွန်သည် စသည်ဖြင့်ရှိ၏။ သတိသည်ကား လွန်သည်ဟူ၍ မရှိခဲ့ချေ။ သတိပဋ္ဌာန်လုပ်ငန်းတွင်(ကာယနှင့်ပတ်သက်၍ ၁၄-မျိုး၊ ဝေဒနာနှင့် ပတ်သက်၍ ၉-မျိုး၊ စိတ္တနှင့် ပတ်သက်၍ ၁၆-မျိုး၊ ဓမ္မနှင့် ပတ်သက်၍ ၅-မျိုး) အားလုံးသည်သတိလိုအပ်သောတရားချည်း ဖြစ်၍ သတိပဋ္ဌာန်ဟု ခေါ်သည်။

'သတိ ပန သဗ္ဗတ္ထိကာ သာ သဒါ ဗလဝတီယော ဝဋ္ဋတိ'

(ဆက္ကနိပါတ်-အင်္ဂုတ္တရဋ္ဌကထာ-၁၂၄)

'နေရာတကာတွင် သတိကိုလိုအပ်၏၊ ထိုသတိသည် အခါ ခပ်သိမ်းအားကောင်းမှသင့်ဘော်လေသည်'တနည်း သတိဟူသည် မမေ့အပ်သော (အပ္ပမာဒ) တရား ဖြစ်သည်၊ အားလုံးသော ကုသိုလ်တရားတို့ကို သတိဟူသော အပ္ပမာဒတရားသည် သာလျှင်

အုပ်ချုပ်ကွပ်ကဲနိုင်လေသည်၊ အရင်းခံလည်းဖြစ်လေသည်၊ ယင်းကုသိုလ် တရားတွင်မက မမေ့အပ်သော အပ္ပမာဒသည်—

(အပ္ပမာဒေါ-အမတံ ပဒံ )'မမေ့ခြင်းသည် နိဗ္ဗာန် ရရန် အကြောင်းဖြစ်၏'

ဟု—ထုတ်ဖေါ်မိန့်ကြားတော်မူသည်မှာလည်း အထင်အရှားပင်၊ ထိုသတိတရားသည်—

(လောကာနုပန်ဝိယ) 'ဟင်းခပ်ဆားနှင့်တူ၏' တနည်း—

(သဗ္ဗကမ္မိက [အမစ္စာဝိယ) 'မင်းတိုင်ပင် အမတ်ကြီးနှင့်လည်း တူ၏'

ဟူ၍ သမ္မော စသော အဋ္ဌကထာကြီးတို့၌ဆို၏ ထိုစကားမှန်၏၊ စားဖွယ်သောက်ဖွယ်ဟူသမျှသည် ဆားမပါလျှင်ပေါ့ပျက်၍ အရသာ မလေးနက်ပေ၊ ဆားသည် ပင်ကို အချိုကို ပို၍ ချိုစေ၏၊ ပင်ကို အချဉ်ကိုပို၍ ချဉ်စေ၏၊ ဤသို့စသောအားဖြင့် လေးနက်သော အဓိပ္ပါယ်ကို ဆောင်စေ၏၊ ထို့အတူ သတိသည် ကုသိုလ် ကောင်းမှုတို့တွင် ဦးစီးမိပါက အလွန် လေးနက်သော အကျိုးတရားကိုဖြစ်စေ၏၊ သတိပဋ္ဌာန် လုပ်ငန်းတွင် သတိသည် လုံး၀ ဦးစီးနေသည်ကို တွေ့နိုင်သည်။

တနည်း–အလုံးစုံသော အမှုကိစ္စအထွေထွေကို ဆောင်ရွက်ရသော မင်းတိုင်ပင် အမတ်ကြီးနှင့် တူသည်ဟု-အဋ္ဌကထာတို့၌ ဆိုပြန်သည်။ မှန်လှသည် မင်းတိုင်ပင် အမတ်ကြီးသည် တိုင်းပြည် အုပ်ချုပ်ခြင်း ကိစ္စ, စစ်တိုက်ခြင်း ကိစ္စ, တရားစီရင်ခြင်း ကိစ္စစသော ဘုရင်၏ တာဝန် ရှိသော ကိစ္စရပ် အားလုံးကို စီမံခန့်ခွဲရသော တာဝန်ယူသွားရကား အထွေထွေကို အုပ်ချုပ်

ကွပ်ကဲရလေသကဲ့သို့ သတိသည်လည်း နေရာတကာတွင် တာဝန်ယူရလေသည်၊ သတိကွပ်ကဲမှုပါလာလျှင် မကောင်းမှုကို ရှောင်ကြဉ်လာရသည်၊ ကောင်းမှုတို့ တိုးပွားလာရသည်၊ သတိသည် စိတ်တို့၏ တွန့်တိုဆုတ်နစ်ရ ပြန့်လွင့်ရာ စသော ကိစ္စအားလုံးအတွက် အလိုရှိအပ်ပေသောကြောင့်–

'သတိ' စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ'

ဟူ၍ (မဟာဝဂ္ဂ သံယုတ် ပါဠိတော်·၁၀၀တွင်) ဟောတော်မူသည်၊သတိသည်အလုံးစုံသော စိတ်အမူကိစ္စတို့တွင် ထိရောက်စွာ ပါဝင်နိုင်က နိဗ္ဗာန်နှင့်နီးပေသည်၊ သတိအစောင့်မရှိသောသူသည် နိဗ္ဗာန်နှင့် ဝေးပေသည် ဟူ၍– မှာလုကျ ပုတ္တရဟန်းကို ဘုရားဟောတော်မူခဲ့လသည်၊ သတိဟူသည် အလုံးစုံသော စိတ်အမူကိစ္စတို့တွင် အလိုအပ်ဆုံး ဖြစ်၍ သတိပါလျှင် အလုံးစုံသော ကိစ္စများ ပြီးစီးအောင်မြင်နိုင်ကြောင်း ဟောတော်မူခြင်း ဖြစ်၍ ထိုသတိသည် 'သမ္မာ' ပုဒ်နှင့် တွဲနေသောကြောင့် အမှန်တရားရှုပ်နာမ်ပေါ်တွင် မမေ့အပ်သော သတိမျိုးဖြစ်၍ 'သမ္မာသတိ' ဟူသော အမည်ကို ရလေသည်၊ ဆိုလိုသည်မှာ သာမည အမှတ်ရသော သတိမျိုး မဟုတ် ပရမတ်အမှန်ကို အမှတ်ရသဖြင့် 'သမ္မာသတိ'ဟူ၍ ခေါ်ရပေသည်။

**'သမ္မာသမာဓိ-မှန်သော တည်ငြိမ်မှု'** လှုပ်ရှားနေသောစိတ်ကို ငြိမ်သက် တည်ကြည်စွာ ထားခြင်း, အာရုံအမျိုးမျိုးသို့ မကူးမပြောင်းစေရန် ကောင်းစွာ ထားခြင်းကို'သမာဓိ'ဟု ခေါ်သည်၊ (ကုသလစိတ္တေ ကဂ္ဂတာ)

ကုသိုလ်စိတ်ဖြစ်ရန် တည်ငြိမ်ခြင်းပေတည်း၊ ဤမဂ္ဂင် ရှစ်ပါးတွင် ပါသော သမာဓိကား သာမည တည်ငြိမ်ခြင်းမဟုတ်၊ အမှန်ဖြစ်သော ပရမတ် ရုပ်နာမ်တို့ အပေါ်၌ မှန်စွာ ငြိမ်သက်မှုမျိုးဖြစ်၍ သမထ သမာဓိမျိုးမဟုတ်သော 'သမ္မာသမာဓိ' ဖြစ်လေသည်။ အမှန် ပရမတ် အပေါ်တွင် အမှန်အတိုင်း ငြိမ်သက် ပေးမှုပင် ဖြစ်သည်။

> 'ဘိက္ခဝေ-ချစ်သားတို့၊ သမာဟိတော တည်ကြည်ငြိမ်သက်မှု ရသော၊ ဘိက္ခု တရားအလုပ် အားထုတ်ပေ တဘ်ယောဂီ မြတ်သည်၊ ယထာဘူတံ- ရုပ် နာမ် ပရမတ်တို့၏ ဟုတ်မှန်သော သဘောတရားကို၊ ပဇာနာတိ သိ၏'

ဟု-ခန္ဓဝဂ္ဂ ပါဠိတော်တွင် မြတ်စွာဘုရား ဟောတော်မူရကား-ပရမတ်ရုပ်နာမ်တို့၏ ယထာဘူတ-သဘာဝကို 'သမ္မာသမာဓိ'က ငြိမ်သက်မှုမပေးပဲ သမ္မာဒိဋ္ဌိက မရှုနိုင်ပေ၊ မှန်၏ စိတ်ဟူသည် သာမန်အားဖြင့် လှုပ်ရှားနေသည်၊ ပြေးသွားနေသည်၊ အငြိမ်မနေတတ်—

> 'မက္ကဋံဝိယ ဘောစိတ္တံ သဗ္ဗဋ္ဌာနေသု ဓာဝတိ'

ဟူသောအတိုင်း မျောက်ကဲ့သို့ အမြဲပင် ပြေးလွှား နေသည်၊ ၎င်းကို ငြိမ်သက်မှုရရန် အာရုံတခုခု ပေးထားရလေသည်၊ မိမိက အာရုံတခုခု ရှာဖွေမပေးလျှင် စိတ်သည် ၎င်း၏ သဘောအတိုင်း အာရုံ ၆-ပါးတွင် တပါးပါးသို့ ရှာဖွေရောက်ရှိ သွားပေမည်။

ငြိမ်သက်စေရန် 'အနုသံတိ' ကသိုဏ်း, အသုဘ, စသော အာရုံ ရှာဖွေပေးထားခြင်းကို'သမထ'ဟု ခေါ်သည်၊ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ ခေတ္တဖြစ်စေ, ခပ်ကြာကြာဖြစ်စေ ခွါထားနိုင် အောင် စိတ်လေ့ကျင့်မှု ပေးသော သဘော ဖြစ်လေသည်၊ ယင်းကဲ့သို့ ကသိုဏ်းစသော ပညတ်ကို အာရုံပြု၍ စိတ်လေ့ကျင့်မှု ပေးထားသော သမာဓိသည်စျာန်ကိုရင်း အဘိညာဏ်ကိုရင်း ဖြစ် စေလေသည်။

ဤမြမ္မစက္ကပဝတ္တန သုတ်၌ဟောတော်မူသော သမာဓိသည် လောကုတ္တရာ မဂ္ဂင်ဝင်သော'သမ္မာသမာဓိ' ဖြစ်ပေသောကြောင့် ပရမတ်ကို အာရုံပြုရကား (ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ပဇာ- နာတိ)ဖေါက်ပြန်တတ်သောပရမတ်သဘော၏ဖြစ်ခြင်း,ပျက်ခြင်း ကို သိလေသည်၊ ယင်းသို့ ပရမတ်သဘောကို သိနိုင်လောက်သော ငြိမ်သက်မှုသည်'ခဏတိုင်း ငြိမ်သက်မှု' (ခဏိကသမာဓိ) ဖြစ်လေ သည်၊ ဝိပဿနာ၏ သဘောမှာလည်း အာရုံနှင့်ဝတ္ထုတို့ တိုက် တိုင်း, တွေ့တိုင်း, တိုက်ဆဲခဏ, တွေ့ဆဲခဏတွင် သိနိုင်အောင် ရှုနိုင်အောင် ဂရုစိုက်ရလေသည်၊ သို့မှ-ထိုပရမတ် သဘောတရား တို့၏ ခဏမစဲ တသဲသဲ, တလှုပ်လှုပ် ဖြစ်ပျက်နေမှုကိုသိနိုင်မည် ရှုနိုင်မည်၊ ထို့ကြောင့် မဟာဋီကာဆရာသည်-

'ခဏိကသမာဓိမပါပဲ ဝိပဿနာမဖြစ်'

ဟုဆိုတော်မူလေသည်၊ ဤသည်ကို အကြောင်းပြု၍ (မန္တလေး ဆရာထွေး၏ ရတနသုတ် ဘာသာပြန်တွင်)

'သမထသည် စိတ်ကို ငြိမ်အောင်ထားလေ ကောင်းလေ'
'ဝိပဿနာသည် စိတ်ကို ဆော့နိုင်လေ ကောင်းလေ'

ဟု-သမ္မာဇဉ်ကို ရည်ရွယ်၍ ဆိုလေသည်၊ ဝိပဿနာ ဖြစ်သော ခဏိကသမာဓိသရုပ် ပေါ်ပုံတည်း။

**'မပျက်သော သမာဓိ'** သမထ အလုပ်သည် အာရုံကိုမြဲအောင်, ခိုင်ခန့်အောင် ဆောက်တည်ရသော သဘော ရှိသဖြင့် ထိုဆောက်တည်မှု မခိုင်ခန့်မိ အာရုံပြောင်းသွားပါက သမာဓိ ပျက်သည်ဟု ဆိုရ၏၊ ဥပမာ အာနာပါန် သမထအလုပ်တွင်'ဂဏနာနည်း'နှင့် တစ်,နှစ်,သုံး,လေး,ငါး အထိ တဝါရ၊ နောက်တစ်မှ ခြောက်အထိ တဝါရ၊ ဤလိုနှင့် တခုတိုး,တခုတိုးအားဖြင့် တစ်ဆယ်အထိ၆-ဝါရတို့ဖြင့် ရေတွက်ရ၏၊ နောက်တဖန်-တစ်မှငါးအထိ တဝါရစပြန်၍ ဤသို့ ရေတွက်မှတ်သားရလေသည်၊ အကယ်၍ ပြီးကာနီးမှ ခုန်ကျော်၍ရေတွက်မိမူ အစမှ ပြန်၍ ရေရ၏၊ အစဉ်မမှန်မူ, သမာဓိ ပျက်မှုပင်တည်း၊ အဓိပ္ပါယ်မှာ သမထသမာဓိသည် အပျက်မခံ, အထိမခံ, အမှားမခံပေ၊ နောက်အမှားမရှိအောင် ဂရုတစိုက် လေ့ကျင့်၍ ဈာန်အဘိညာဏ်ရသည့်အခါ၌လည်း ဝသီဘော်နိုင်အောင် ခဏခဏ မဝင်စားနိုင်က လျှောကျပြန်သည်။

(ခန္ဓဝဂ္ဂတွင် အဿဇိမထေရ်နှင့် သဂါထာဝဂ္ဂဘွင် ဂေါဓိက ထေရ် ဝတ္ထုတို့၌ ကြည့်ပါ)

ဝိပဿနာ၏ ခဏိကသမာဓိကား ထိုသို့မဟုတ် အာရုံတခုဘွ အသေချည်မထားရ၊ အာရုံဝတ္ထုတိုက်တိုင်း တွေ့တိုင်း ပစ္စုပ္ပ

ကျအောင် အသိလိုက်နေရသည်၊ ဥပမာ-မျက်စိနှင့်အဆင်းကို မြင်ရာ၌ မြင်တတ်သောသဘော မြင်မှုပျက်သွားသည်ကိုရင်း, မြင်သိစိတ်ပျက်သွားသည်ကိုရင်း၊ ရှုနေသည်၊ ထိုအခိုက်ကြားလောက်သော အသံတခုတွေ့ရာ ကြားလည်းကြား၏၊ထိုအခါတွင် မိမိ၏ လက်ငင်း ပစ္စုပ္ပန် ပေါ်လွင်သော ထင်ရှားသော ကြားမှု၏ ပျက်နေသည်ကိုရင်း, ကြားသိစိတ်၏ပျက်နေသည်ကိုရင်း, ချက်ချင်းသိအောင် ပြောင်းရှုလိုက်ရ၏၊ မြင်ရာမှကြားရာသို့ပြောင်းရှုလိုက်ရသဖြင့် ယောဂီ၏ သမာဓိသည် မပျက်ပေ။

ထို့အတူ,နံမှု, လျက်မှု, တွေ့ထိမှု, တွေးတောကြံစည်မှုစသော အာရုံ ၆-ပါးတိုက် တွေ့သမျှတွင် အာရုံ တခုခု ထင်ရှားစွာ ဖြစ်ခိုက် ယောဂီ၏ ပစ္စုပ္ပန်အသိတွင် ထင်ရှား ပေါ်လွင်ခိုက်တွင် ချက်ချင်း ရှုလိုက်ရသည်၊ မြင်ဆဲ, ကြားဆဲ,နံဆဲ,လျက်ဆဲ,တွေ့ထိဆဲ,တွေးတောကြံစည်ဆဲတို့တွင် အာရုံ တခုမှ အာရုံ တခုသို့ ပြောင်းကာ ပြောင်းကာ ရှုနေသော ယောဂီသည် ဤသာသနာတော်၌'အတော်ဆုံး ယောဂီ,ဖြစ်ပေမည်၊အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အနေနှင့် အာရုံတခုကိုပင်လျှင် နိုင်နင်းအောင် မရှုနိုင်သေးသဖြင့် 'မတော်သော ယောဂီ' ဖြစ်နေသောကြောင့်ပါတည်း၊ကျွန်ုပ်တို့၏လေ့ကျင့်ခန်းတွင်(ဆာယနှင့်ဖောင်ဗွ)အတိုက်အတွေ့၌ 'မုတေမုတမတ္တ' အရ တိုက်တွေ့ဆဲတွင် 'ဖောက်ပြန်မှုကိုရင်း, ပျက်မှုကိုရင်း'ရှုနေသည်၊ယင်းသို့ ရှုရာတွင် အသိစိတ်သည် ခန္ဓာပရမတ်၏ သိစရာ 'ဖောက်ပြန်မှု' သို့မဟုတ် 'ပျက်မှု'ကို သိနေသည်။ အာရုံ၀ထ္ထုတိုက်တွေ့ရာတိုင်းတွင် အသိရှိနေသည်

အကောင်အထည် ဒြပ်သဏ္ဍာန်ကို အာရုံမပြု၊ သို့ပင် အာရုံမပြုသော်လည်း လှုပ်ရှားနေမြဲ ပြုပြင်ပြောင်းလဲနေမြဲဖြစ်သော ဤခန္ဓာသည် ၎င်းကို အာရုံမပြုသောကြောင့် မခိုင်မမြဲ ဆင်းရဲသော 'ပိဋ္ဌနဋ္ဌ'ဒုက္ခနှင့်ပြုပြင်လုံကြောင်း(သင်္ခါရက္ခန္ဓာ)က သတိပေးလေသည်။ သတိပေးပုံမှာ 'ထုံ-ကျင်-ကိုက်ခဲ-ပူ-အေး- ညောင်းညာ' စသော ဤကိုယ်ခန္ဓာကို ပြုပြင်ပြောင်းလဲလိုသော မခံသာမှုကို ပြလေသည်။

ယောဂီသည် ခန္ဓာပရမတ်၏ တသဲသဲ တဖြုတ်ဖြုတ် တသုတ်သုတ် တရွရွ စသော သဘော တရားတို့ကို အသိဉာဏ်က မဲ၍ ရှုနေခိုက်ဖြစ်၍ ပြုပြင်ပြောင်းလဲနေကျ သင်္ခါရက္ခန္ဓာ လုပ်ငန်းခေတ္တရပ်ဆိုင်းနေရလေသောကြောင့် ဒုက္ခပေးလာလေသည် ခန္ဓာတွင်အသိဉာဏ်နှင့်မရှုမသိသော အခြားအချိန်များ၌ အနည်းငယ်ကသိကအောက်ဖြစ်ကာမျှနှင့် သင်္ခါရက္ခန္ဓာသည် ၎င်း၏တာဝန်အရ ပြုပြင်လိုက်သည် ဖြစ်၍ ကျွန်ုပ်တို့၌ ပြဿနာ မဖြစ်သော်လည်း ယခုကဲ့သို့ ငြိမ်သက်၍ အာရုံပြောင်းနေသော အခါတွင်ကား ပြုပြင်ပြောင်းလဲရေး လုပ်ငန်း မလုပ်ဆောင်သောကြောင့် ဆင်းရဲခံနေရသော ပြဿနာဖြစ်ရပေသည်။

ဤ ပြဿနာကို ရှင်းလိုလျှင် သင်္ခါရက္ခန္ဓာကို ပြုပြင် လုပ်ဆောင်ခွင့် ပေးလိုက်ရုံသာဖြစ်သည်၊ အဘယ့်ကြောင့် ဆိုသော် သာမန် အသိပညာကင်းသောအချိန်တို့တွင် ပြုခြင်း ပြင်ခြင်းရှိနေသဖြင့် ပြဿနာ မရှိသောကြောင့်ဖြစ်သည်၊ မပြုမပြင် မပြောင်း မလဲသောကြောင့် ဖြစ်ရသော ဒုက္ခကို ပြုပြင်ပြောင်းလဲလိုက်လျှင်

ပြေလည် သွားမည်ဖြစ်၍ ယင်းသို့ ပြုပြင်လိုက်သည်နှင့် သမာဓိ ပျက်မည်ဟု ဆိုသော ယောဂီတို့အား အထူး သတိပေးလိုသည်။ (အတ္တကိလမထ ပိုင်းကိုလည်းပြန်ကြည့်ပါ)

ပြုပြင် ပြောင်းလဲခြင်းသည် သမာဓိကို ပျက်စေသည်၊ မှန် သလော၊ထိုစကားမမှန်ပေ၊ အကြောင်းကိုဆိုဦးအံ့၊ကျွန်ုပ်တို့သည် ခန္ဓာ၏ အရင်းခံ ပရမတ် သဘောတရား ဟူသည့် 'ဖောက် ပြန်မှု အပျက်ကို ရှုနေသည်၊ ရှုချက် အတော်ပင် နေရာ ကျနေသော ၁၅-မိနစ်ခန့်ကြာမှ ဤဒုက္ခပေါ်လာသည်၊ ကျွန်ုပ်တို့သည် ဤ ဒုက္ခမျိုးကို ရှာ၍လည်းမရ၊ စောင့်၍လည်း မရှုနိုင်-ဣရိယာပုထ်ကို မတရားသဖြင့် ချုပ်ကိုင်ပြုလုပ်မှုကြောင့် ဤနောက်ဆက် ဒုက္ခ၊ ပညတ် ဒုက္ခ၊ဒုက္ခ ဒုက္ခတာ စသော တရားမဝင်သော ကိုယ်စိတ် ဆင်းရဲမှု တွေ့လာရသည်၊ ၎င်းဒုက္ခသည် ဖြစ်ပျက်၍ ဆင်းရဲနေ သော ဝိပဿနာရှုရမည့် 'သင်္ခါရဒုက္ခ မဟုတ်သောကြောင့် ခန္ဓာ ပရမတ်၏ သင်္ခါရ ဒုက္ခကို ရှုနေသော၊ ဉာဏ်အား အနှောက် အယှက်ဖြစ်စေခြင်းငှါ နေရာပြင်လိုက်သည်၊ထို (ဒုက္ခ) ဆင်းရဲ ကို အစကပင် မရှုသောကြောင့် သမာဓိပျက်မှုကိစ္စ လုံးဝမရှိချေ၊ ဝိပဿနာ ရှုရမည့် ဒုက္ခ တရားကား ရုပ်နာမ် သင်္ခါရသာ ဖြစ် ကြောင်း။

'အပိ စ ဋ္ဌပေတွာ ဒုက္ခဝေဒနံ သုခဝေဒနဥ္စ သဗ္ဗေပိ တေဘူမကာ မေ့ာ 'သဗ္ဗေသင်္ခါရာဒုက္ခာ'တိ ဝိစနတော သင်္ခါရ ဒုက္ခာတိ ဝေဒိတဗ္ဗာ'

(ပါထိကဝဂ္ဂဋ္ဌကထာ-၁၇၄)

"စင်စစ်သော်ကား ဆင်းရဲခံစားခြင်း (ဒုက္ခဝေဒနာ) ချမ်းသာခံစားခြင်း(သုခဝေဒနာ)တို့ကို ဖယ်ထား၍အလုံး စုံဘုံသုံးပါး၌ဖြစ်သော ရုပ်တရား, နာမ်တရား အားလုံး တို့သည် 'သင်္ခါရဒုက္ခာ' ဟု-မြတ်စွာဘုရားဟော တော်မူသောကြောင့် သင်္ခါရ ဒုက္ခ ဟူ၍သာ မှတ်ရမည်"

ဟူသော မိန့်ဆိုချက်အရ သင်္ခါရဒုက္ခတာကား-ဆင်းရဲချမ်းသာ မဟုတ်သည်ကို ခံစားသော (ဥပေက္ခာဝေဒနာ) သဘောဖြစ် ရကား ဤမဇ္ဈိမပဋိပဒါရှုချက်ကို နောက်ကပြခဲ့ရာတွင် သင်္ခါရ ဒုက္ခကိုသာ ဥပေက္ခာနည်းဖြင့် ရှုခြင်းသည်အလွန်ရှင်းလှပေသည်။ (ဒုက္ခတာ ၃-မျိုးခွဲခြားပုံအကျယ်ကို မဇ္ဈိမဉာဏ်သိဘို့ရန် စာအုပ်တွင်ကြည့်ပါ)

ပရမတ် ရုပ်နာမ်၏ သဘောတရားကို ရှုနေသော ကျွန်ုပ်တို့ အတွက် ၎င်းတို့ဖြစ်ပျက်နေသည်ကို သိနေခိုက် သမာဓိ ပညာတို့ သည် သမာဓိကိစ္စ, ပညာကိစ္စ ဆောင်ရွက်နေဆဲ ညှောင်းညာ ကိုက်ခဲ့သော နောက်ပေါ် ဒုက္ခတို့ဝင်နောက်သောကြောင့် ပရမတ် ကိုသိနေသောအသိဉာဏ်သည် လျောကျကာ ထိုညှောင်းညာကိုက် ခဲဖြစ်သော ပညတ်ဒုက္ခဆီသို့ရောက်လာရသည် နေရာမပြင်မချင်း သမာဓိနှင့်ပညာ ၂-ပါးလုံးပျက်သည်။

"ခဏေခဏေ ဝေဒနာဥပ္ပဇ္ဇန္တိ၊ စိတ္တံကေဂ္ဂံ နလ ဘတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ"

"ခဏေခဏေ နေရာမပြင် မပြောင်းမရွှေ့သဖြင့် ခဏတိုင်း, ခဏဘိုင်း၊ဝါ-တချိန်ထက်တချိန်၊ဝေဒနာ-ဆင်းရဲခံစားမှုတို့သည်၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏၊ စိတ္တံ-ယောဂီ၏ရှုစိတ်သည်၊ ဧကဂ္ဂံ-ငြိမ်သက်

သောသမာဓိကို၊ နုလဘတိ-မရ ကမ္မဋ္ဌာန်း-မိမိရှုနေ့်သိနေသော တရားလုပ်ငန်းကမ္မဋ္ဌာန်းမှ၊ ငရိပဒ္ဓတိ-လည်းကျ၏”
(အဘိဓမ္မာ ဝိဘင်းအဋ္ဌကထာ-၃၄၂။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ ၁၇၆။ မူလပဏ္ဏာသဋ္ဌကထာ ၂၆၀။ မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ ၂၂၀)

အတိုချုံးအရှင်းဆုံးကိုဆိုရမူ ‘ညောင်းမှုကိုက်မှုစသောဝေဒနာ ပုထိကြောင့်ဖြစ်သော နောက်ပေါ် ဒုက္ခကို ဝိပဿနာအားရုံမဟုတ်သဖြင့် မရှုပဲ-နေရာပြင်လိုက်လျှင် သမာဓိမပျက်သော်လည်းနေရာမပြင်မရွေ့ မပြောင်း၍ ထိုဒုက္ခကို သိနေခံစားနေမှ သမာဓိမရပဲ ပျက်ပြီး-ကမ္မဋ္ဌာန်းရှုဉာဏ်ဖြစ်သော ပညာပါ ပျက်သွားကျသွားသည်’ကို အဋ္ဌကထာများစွာကတသံတည်း မိန့်ဆိုတော်မူကြသည်။ ဉာဏ်ပညာလုပ်ငန်းတွင် ဉာဏ်ပညာအသုံးချဖို့ လိုကြောင်း သာဓကများပင်၊ ထို့ကြောင့်—

‘အပျက်ရှုလျှင်-ဆင်-ရဲမြင်-ဤတွင်သူ့သဘော’
‘ဖြစ်ပျက်ဆင်းရဲ-ရှုလေမြဲ-ဒါလဲသူ့သဘော’
‘အပျက်မမြင်-ဆင်းရဲထင်-ရှုလျှင်လုပ်သဘော’

ဟူသောဆောင်ပုဒ်သည် တရားရှာသူတို့အတွက် ချိန်ပင်ဖြစ်သည်။
**‘သာသနာတွင်းသမ္မာသမာဓိ’** ဝိပဿနာ လုပ်ငန်းအတွက် လိုအပ်သော သမာဓိသည် အရှုခံ
အကြည့်ခံဖြစ်သော ပရမတ်ရုပ်နာမ်တို့သာ ငြိမ်သက်သောစိတ်နှင့် သိနေရသော ခဏိကဖြစ်ကြောင်း ဖော်ပြခဲ့ပြီ ဤသို့လျှင် မဂ္ဂင်တလုံးတလုံး၌ ဤမျှရှည်လျားစွာ ဖော်ပြနေရက အလုပ်ခရီးမရောက်ပဲ စာပေနယ်၌သာ ကိစ္စပြီးနေတော့မည်ဖြစ်၍ ဤမဂ္ဂင်ကို

အပြီးသတ်အံ့၊သမာဓိကိစ္စနှင့်ပတ်သက်၍မည်သို့ ယူဆကြစေကာမူ ပရမတ် ရုပ်နာမ်သဘောတရားတို့ကို အမှန်အတိုင်းသိမြင်က ထို သမာဓိကို သဘောပေါက်နိုင်သည်။

'ယသ္မိံ ခေါ သုဘဒ္ဒ·ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ'
(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်·၁၂၅)

"ချစ်သာ.သုဘဒ္ဒ ငါဘုရား၏ဤဓမ္မဝိနယ သာသနာတော်၌သာလျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အဋ္ဌင်္ဂိကမဂ်ကိုရအပ်၏" သို့အတွက်သောတာပန်,သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟူသောသမဏတို့ ဖြစ်ကုန်ရှိကုန်၏။ ငါဘုရား သာသနာမှတပါး တခြား သာသနာတို့၌ရင်း, သာသနာပတို့၌ရင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအရိယမဂ် အဋ္ဌင်္ဂိကမဂ်ကို မရလေသောကြောင့် သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာဟူသော သမဏတို့မဖြစ်ကုန်,မရှိကုန်"ဟု မိန့်တော်မူလေသည်။

ဤသည်ကိုကြည့်ပါ၊ မြတ်စွာဘုရား၏ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပုထုဇ္ဇန်အား အရိယာအဖြစ်သို့ ဆောင်ပို့တတ်၏။ အရိယာတို့မဖြစ်မရှိသောသာသနာပတွင် မဂ္ဂင်ရှစ်ပါးသည် လုံးဝမရှိ, မဂ္ဂင်ရှစ်ပါးကို လုံးဝမရချေ။သို့အတွက်သာသနာပတွင်မဂ္ဂင် အလုပ်မလုပ်ရသောကြောင့် သမဏတို့မဖြစ်မရှိပေ၊ မဂ္ဂင်ရှစ်ပါး တွင် သမ္မာသမာဓိပါသည်၊ ပရမတ်အမှန်တရားအပေါ်တွင်အမှန် သိနေရသော သမာဓိသည် သမ္မာသမာဓိဖြစ်လေသည်၊ သမာဓ

သမာဓိမျိုးမဟုတ်၊ မြတ်စွာဘုရား သာသနာတော်၌သာလျှင် သိမြင်ခွင့်ရသော (ရုပ် နာမ်)ဒေါက်ပြန်မှု့သိမှု ပရမတ်ကိုသိနေမှု သာသနာတော်ဘွင်း သမ္မာသမာဓိ ဖြစ်လေရာ မဂ္ဂင်မဝင်သော သမာဓိမျိုးသည် သာသနာ့ပသမာဓိ့ဖြစ်သောကြောင့် သိရမည့် ပရမတ်သဘောကို ယထာဘူတကျစွာမသိက သာသနာတွင်း၌ သာသိရမည့် ပရမတ်ရုပ်နာမ်ကို မသိတော့ပဲ သာသနာပ သမာဓိ မျိုးမဖြစ်စေရန် ယောဂီတို့ အထူးဂရုစိုက် လေ့လာ ကြည့်ပါ၊ သမထအလုပ်နှင့် ရှာဖွေယူရသော သမာဓိမျိုးသည် ရုပ်နာမ်ပရ မတ်ကို သိနိုင်သည်မဟုတ်၊ ဝိပဿနာရှုရာတွင် ပရမတ်ကိုသာ သိ သော ခဏိကသမာဓိမျိုးနှင့်သာ သိအပ်သိထိုက်သည် မှန်သော ကြောင့် မိမိလုပ်ငန်းသည်သာသနာလုပ်ငန်း ဖြစ်ရကား သာသနာ တွင်း သမာဓိရမှ သမ္မာသမာဓိ ဖြစ်သည်ဟု မှတ်ယူကြပါလေ ယောဂီတို့....

## 'မဇ္ဈိမပဋိပဒါ မဂ္ဂသစ္စာ'

ထိုမဂ္ဂင်ရှစ်ပါး မဇ္ဈိမ ပဋိပဒါ တရားသည် နိဗ္ဗာန်ရကြောင်း ကိလေသာ အစွန်းဘေးမှ မကပ်မရောက် လွတ်မြောက်ကြောင်း စသော အနက်သဒ္ဒါနှင့် ပြည့်စုံ ညီညွတ်ပုံမှာ-

၁-နိယျာနဋ္ဌ-ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် သံသရာမှ ထွက်မြောက်အောင် ထုတ်ဆောင်ခြင်း အနက် သဘောသည်ရင်း။

၂-ဟေတွဋ္ဌ-အရိယာ ဖြစ်ကြောင်း သူတော်ကောင်း တို့၏ တရားဓမ္မ စသည် များအား ပွားစီးရာ ပွားစီး

ကြောင်း အရင်းခံ မူလဘူတ ဟူသော အနက် သဘောသည်ရင်း။

၃-ဒဿနဋ္ဌ-လေးပါးသော အရိယ သစ္စာတို့ကို ပညာဉာဏ် သက်ဝင်၍ သိမြင်ခြင်းဟူသော အနက် သဘော သည်ရင်း။

၄-အဓိပတေယျဋ္ဌ-သံသရာကို ချုပ်ငြိမ်း ပွားစီးခိုင်ဖြိုး စေတတ် သော တဏှာ စသော တရားဆိုးတို့ အုပ်စိုးခွင့် မရ မိမိဉာဏ်နှင့် မိမိသည်ပင် ပိုင်ရှင်လွှမ်းမိုး အစိုးရခြင်း ဟူသော အနက်သဘောသည်ရင်း။

ဖော်ပြခဲ့သော အနက် လေးပါးနှင့် ပြည့်စုံသော တရား သဘောသည် ဒုက္ခသစ္စာ ဆင်းရဲစွာသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်မြို့ သောင်ခေမာသို့ မှန်စွာ ရောက်တတ်ရစေတတ်သော လမ်းကြောင်း ကေန် စင်စစ်မှန်၏၊ ထို့ကြောင့် မြတ်သော အကျင့် (ဗြဟ္မစရိယ)ဟူ၍ ခေါ်ဝေါ် ချီးကျူး ဂုဏ်ထူးရှိသော တရားသည် လမ်းကောင်း မှန်စွာ 'မဂ္ဂသစ္စာ' ဟူ၍ ဟောတော်မူသည်။ ယင်းသို့လျှင် မဂ္ဂသစ္စာ ဟူသည်-

| | |
|---|---|
| 'တထာ' | မှန်ကန်ကုန်၏၊ |
| 'အဝိတထာ' | မချွတ်မယွင်းကုန်၊ |
| 'အနညထာ' | သံသရာမှထုတ်ဆောင်ခြင်း နိယျာ-နဋ္ဌ အနက်သဘောမှတပါး သံသ ရာမှ မထုတ် ဆောင်ခြင်း စသော အနက်သဘောမှကင်းကုန်၏။ |

ယင်းသို့မဇ္ဈိမပဋိပဒါ လမ်းစဉ် မဂ္ဂင်ကျစွာအားထုတ်ပါမူ ထို အားထုတ်သူတို့ ရအပ်ခံစားအပ်သော အကျိုးတရား တို့ကိုလည်း မဂ္ဂသံယုတ် အညွန်းထုတ်ဦးအံ့။

## 'မဂ္ဂင်ရှစ်ပါး ကျိုးတရား'

**'မိတ်ဆွေကောင်း'** အခါတပါး၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ရှိခိုးသစ္စာ ရှိခိုးလျက် လျှောက်ထားသည်မှာ 'မြတ်စွာဘုရား- မိတ်ဆွေကောင်း, အပေါင်းအသင်းကောင်းရှိသူသည် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို အားထုတ်ရာ၌ တဝက်ကိစ္စပြီးနိုင်ပါသည်'ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက- 'အာနန္ဒာ-ဤစကားကို မဆိုလင့် အာနန္ဒာ မိတ်ဆွေကောင်း, အပေါင်းအသင်းကောင်းရှိသူသည် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကိစ္စ အလုံးစုံပင် ပြီးစေနိုင်၏၊ အနန္ဒာ မိတ်ဆွေကောင်း, အပေါင်းအသင်းကောင်း ရှိသောသူအား အင်္ဂါ ရှစ်ပါးရှိသော ဤအရိယမဂ်ကို ပွားများလိမ့်မည်၊ ကြိမ်ဖန်များစွာ အားထုတ် ပြုလုပ်လိမ့်မည်'။

**အနန္ဒာ**-မိတ်ဆွေကောင်း, **အပေါင်းအသင်းကောင်း**ရှိသောသူသည် အင်္ဂါ ရှစ်ပါးရှိသော ဤ အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏ ဟူသော ဤစကားကို ဤသို့သော အကြောင်း ပရိယာယ်ဖြင့်လည်း သိအပ်၏၊ မိတ်ဆွေကောင်း ဖြစ်သောငါ ဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေတဖန် ဘဝသစ်ဖြစ်မှုရှိသော

သတ္တဝါတို့သည် ပဋိသန္ဓေဖြစ်မှုမှလွတ်မြောက်ကုန်၏၊ အိုမှု,နာမှု, သေမှု, စိုးရိမ်မှု, ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု ပြင်းစွာ ပူလောင်ပင်ပန်းမှုရှိကြကုန်သော သတ္တဝါတို့သည် ထိုအိုမှု, နာမှု, သေမှု, စိုးရိမ်မှု, ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, ပြင်းစွာ ပူလောင်ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏၊ ထို့ကြောင့် မိတ်ဆွေကောင်း, အပေါင်းအသင်းကောင်းကို မှီဝဲဆည်းကပ်ရသူသည် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကိုစ္စ အားလုံးကိုပြီးစေနိုင်၏'ဟုမှတ်ရာ၏။

(မဂ္ဂသံယုတ်ပါဠိတော်-ဥပဍ္ဍသုတ်-၂)

(မှတ်ချက်) သံသရာမှ လွတ်မြောက် လိုသောသူသည် လွတ်မြောက်ကြောင်း တရားကို လွတ်မြောက်အောင် မဂ္ဂင် အလုပ် အားထုတ်နိုင်ရန် အတိအကျမြတ်စွာဘုရား၏ တရားမှန်ကိုဝေဖန် ညွှန်ပြဆုံးမတတ်သော မိတ်ဆွေကောင်းကို ရှာဖွေရမည်မှာ အမှန် လိုအပ်သော အရေးအကြီးဆုံး ကိစ္စဖြစ်သည်ကို အထူးသတိပြုရန် ဖြစ်သည်။ သာသနာအလုပ် အမှန်ဟုတ်သော 'ယထာဘူတဉာဏ်' အခြေခံမိအောင် တရားသဖြင့် ရှာဖွေရန် မိမိတာဝန်နှင့်မိမိဖြစ် သည်။ ယခုသာသနာတော်တွင် မိတ်ဆွေကောင်း, ဆရာကောင်း တွေအလွန်များနေသည်၊ ရှာဖွေသော မိမိသည် မြတ်စွာဘုရား၏ အလိုတော်နှင့်ညီမည့် မိတ်ဆွေကောင်းဆရာကောင်းကို ယထာဘူ တကျစွာဓမ္မဝိစ္ဆာန်ဖြင့် ရှာချေသော့။

**မဓသေရာလမ်းကြောင်း** ရဟန်း တပါးသည် မြတ်စွာဘုရား၏ အထံတော်သို့ ရှိသေစွာ ရှိခိုးဝတ်ပြု၍

'လျှောက်ထားသည်ကား'—'မြတ်စွာဘုရား-လောက၌ 'မသေရာ-မသေရာဟု'ဆိုကြပါသည် ထိုမသေရာဟူသည်ကား အဘယ်တရားပါနည်း၊ 'မသေရာသို့ ရောက်ကြောင်း လမ်းစဉ်ကား အဘယ်ပါနည်း'ဟုလျှောက်သောအခါ မြတ်စွာဘုရားက'-ချစ်သားရဟန်း-တပ်မက်မှု ရာဂကုန်ရာ၊ အမျက်ထွက်မှု ဒေါသကုန်ရာ၊ တွေဝေမှု မောဟ ကုန်ရာကို 'မသေရာ'ဟု ဆိုအပ်၏။ ထိုမသေရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဤမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်သည် သာလျှင် ထို နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းစဉ်ဖြစ်၏'ဟုမိန့်တော်မူ၏၊

(မဂ္ဂသံယုတ်အညတြဘိက္ခုသုတ်-ဂ)

(မှတ်ချက်) အမတဟူသည် သေခြင်းကင်းရာနိဗ္ဗာန်ကို ဆိုသည်၊ သေခြင်းမကင်းသော ရုပ်နာမ်မဖြစ်ခြင်း,မရခြင်းဟူသော အဓိပ္ပါယ်ဖြစ်၏။ သေခြင်းမကင်းသော သေတတ်သော ရုပ်နာမ် ခန္ဓာရှိနေသရွေ့-ဖြစ်နေသရွေ့ အသေမကင်းပေ၊ ဤမဇ္ဈိမပဋိပဒါ မဂ္ဂင် လမ်းစဉ်သည် ခန္ဓာကို ကြည့်၏၊ ရှု၏၊ ခန္ဓာသည် အလွန် မကောင်းသော အဖြစ်အသေတို့နှင့် ဖွဲ့စည်း တည်ဆောက် ထားသည်ကို သိလာရသည် မြင်လာရသည်၊ အမြင်များလာသော် ရုပ်နာမ် ခန္ဓာပေါ်တွင်စိတ်ပျက် ငြီးငွေ့လာသည်၊ ငြီးငွေ့စရာဖြစ်လာသော် အတွယ်အတာ ကင်းလာသည်၊ ကြာသော်စွဲလန်းတပ်မက်မှုတို့လွတ်၍-သေတတ်သောခန္ဓာကိုဉာဏ်သည် စွန့်ခွါတော့ရာ အသေခန္ဓာတို့မဖြစ်တော့ပဲ-မသေရာမှန် မြတ်နိဗ္ဗာန်ဖြစ်လေတော့ သဖြင့်ဤနိဗ္ဗာန်သို့သွားကြောင်းသည် မဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းသာ အမှန်ဖြစ်လေသတည်း။

'နိဗ္ဗာန်သို့အမှန်ရောက်လိုလျှင်' အခါတပါး၌ နန္ဒိယမည်သော ပရိဗိုဇ်တယောက်သည်မြတ်စွာ ဘုရား၏အထံတော်သို့ ချဉ်းကပ်၍ဤစကားကို လျှောက်လေ၏။ 'အရှင်ဂေါတမ အဘယ်မျှသော တရားကို အကြိမ်များစွာ ပွား များအပ်ပါလျှင် နိဗ္ဗာန်သို့ ကောန်ရောက်နိုင်ပါသလဲ'ဟု မေး လျှောက်သောအခါ မြတ်စွာဘုရားက- နန္ဒိယပရိဗိုဇ်အင်္ဂါရှစ်ပါး ရှိသော မဂ္ဂင်အကျင့်တရားကို ပွားများပါလျှင် ကြိမ်ဖန်များစွာ သိအောင် အားထုတ်ပါလျှင်နိဗ္ဗာန်သို့ကောန်ရောက်နိုင်၏'ဟု ဟော တော်မူသည်၊

(မဂ္ဂသံယုတ်-နန္ဒိယသုတ် ၁၀)

(မှတ်ချက်) သံသရာမှ လွတ်ရန် နိဗ္ဗာန် ရရန်-တခုတည်း သောတရားသည် အဘယ်နည်း၊ မဇ္ဈိမပဋိပဒါတရား-မဂ္ဂင်တရား သည်တခုတည်းသောတရား, 'ဧသောဝ မဂ္ဂေါ နတ္ထညော' ဤမဂ္ဂင် တရားမှတပါး အခြားသောတရားသည်မရှိဟု ဟောတော်မူထား လေရာ-ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတို့ကို အကျဉ်း ချုပ်၍အနှစ်ထုတ်က'မဇ္ဈိမပဋိပဒါ-မဂ္ဂင်ရှစ်ပါး'ပင်ဖြစ်သည် ဤမျှ သာသနာတော်၏ အနှစ်သာရဖြစ်သည့် မဇ္ဈိမပဋိပဒါမဂ္ဂလမ်းစဉ် တခုတည်းဖြစ်ပါလျက်-ထိုမဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းကိုသဘောညာဏ် မိအောင် လေ့လာစိစစ်မှု မပြုပါပဲ အလွယ်တကူ လက်ခံယုံကြည် ကာ-လုပ်ကိုင် အားထုတ်နေသော ယောဂီများအား ကိုယ်တိုင်သိ ဖြစ်အောင် လေ့လာနိုင်ပါစေသော်။

'မဂ္ဂင်ကျင့်သူသေက္ခဟူ' သာဝတ္ထိပြည်တွင်မြတ်စွာဘုရားသီတင်း သုံးဘော်မူစဉ် ရဟန်း တပါးသည် မြတ်စွာဘုရားအား ရှိသေစွာဆည်းကပ်ပြီးလျှင် လျှောက်ထား သည်ကား.... 'မြတ်စွာဘုရား-ကျင့်ဆဲ (သေက္ခ) ပုဂ္ဂိုလ်, ကျင့်ဆဲ (သေက္ခ) ပုဂ္ဂိုလ်ဟူ၍ ပြောဆို ကြပါသည်၊ မြတ်စွာ ဘုရား အဘယ်မျှသောအကျင့်ကိုကျင့်ခြင်းဖြင့် ကျင့်ဆဲ (သေက္ခ)ပုဂ္ဂိုလ် ဖြစ်နိုင်ပါသနည်းဘုရား'ဟု လျှောက်လေသည်၊ ထိုအခါမြတ်စွာ ဘုရားက-'ချစ်သားရဟန်း ဤငါဘုရား၏ အဆုံးအမသာသနာ တော်၌ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်သည် ၎င်း၏ဉစ္စာဖြစ်သောမဂ္ဂင်ရှစ် ပါး အကျင့်စာရေးတို့နှင့်ပြည့်စုံ၏၊ထိုသို့မဂ္ဂင်အကျင့်ကို ကောင်းစွာ ကျင့်သောပုဂ္ဂိုလ်ကို ကျင့်ဆဲ (သေက္ခ) ပုဂ္ဂိုလ်'ဟု ဟောတော်မူ လေသည်။

မဂ္ဂသံယုတ် သေက္ခသုတ် ၁၂)

(မှတ်ချက်) မဇ္ဈိမပဋိပဒါ မဂ္ဂင်အကျင့်သည် ၎င်းအားပြီး ဆုံးအောင် ကျင့်ကြံအားထုတ်လျှင် ရဟန္တာ (အသေက္ခ) ဖြစ်၍ ပြီးဆုံးအောင် အားထုတ်ဆဲ ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်မှ အရဟတ္တမဂ်ပုဂ္ဂိုလ်အထိကျင့်ဆဲသေက္ခပုဂ္ဂိုလ်အဖြစ်သို့ ပို့ဆောင် လေသည်။ သို့အတွက် ဆင်းရဲသံသရာမှ လွတ်ရန်အားထုတ်ရာတွင် ကျွန်ုပ်တို့သည်မဂ္ဂင်မှန်ရန်မဇ္ဈိမပဋိပဒါလမ်းဖြောင့်ရန်သာ အရေး ကြီးလေသည်၊ မဂ္ဂင်လမ်းမှန်၍ မဇ္ဈိမပဋိပဒါ လမ်းဖြောင့်လျှင် အားထုတ်ဆဲတွင်အောက်တန်းသောတာပတ္တိမဂ်မှစ၍ အရဟတ္တမဂ် အားထုတ်၍ ပြီးဆုံးလျှင် အရဟတ္တဖိုလ် ရဟန္တာ ဖြစ်နိုင်သော

ကြောင့် မဇ္ဈိမပဋိပဒါမဂ္ဂင်မှန်အောင် လေ့ကျင့်အားထုတ်ကြကုန်ရာသည်။

**'အကျင့်မြတ်ပင် ဤမဂ္ဂင်'** အခါ တပါး၌ အရှင် ဘဒ္ဒသည် အရှင်အာနန္ဒာ၏အထံသို့ ရှိသေစွာ ချဉ်းကပ်ပြီးလျှင် အရှင်အာနန္ဒာအား....'ငါ့ရှင်အာနန္ဒာ အကျင့်မြတ်(ဗြဟ္မစရိယ) အကျင့်မြတ်(ဗြဟ္မစရိယ) ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ်(ဗြဟ္မစရိယ)၏အဆုံးကား အဘယ်ပါနည်း'ဟု သျှောက်သောအခါ အရှင်အာနန္ဒာက ငါ့ရှင်ဘဒ္ဒ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင်လျှင် အကျင့်မြတ်(ဗြဟ္မစရိယ)ပင်တည်း၊ ငါ့ရှင်စွဲမက်မှု(ရာဂ)ကုန်ရာ၊ အမျက်ထွက်မှု(ဒေါသ)ကုန်ရာ၊ တွေဝေမှု(မောဟ)ကုန်ရာ နိဗ္ဗာန်သည် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်(ဗြဟ္မစရိယ)၏အဆုံးတည်း'ဟုမိန့်တော်မူလေသည်။

(မဟာဝဂ္ဂ-ကုက္ကုဋာရာမသုတ် ၁၃)

(မှတ်ချက်) ဗြဟ္မစရိယ ဟူသော မြတ်သော အကျင့်ကို ဓမ္မကထိကတို့ဘာသာ အမျိုးမျိုးအဖုံဖုံ ဟောထားသည်၊ အချို့နေရာတွင် အလှူဒါနကို ဟောသည်၊ အချို့နေရာတွင် ဝေယျာဝစ္စကိုဟောသည်၊အချို့နေရာတွင် ငါးပါးသီလကိုဟောသည်၊အချို့နေရာတွင် အပ္ပမညာလေးပါးကိုဟောသည်၊ အချို့နေရာတွင် မေထုန်မှရှောင်ကြည်ခြင်းကိုဟောသည်၊ အချို့နေရာတွင်မိမိမယား၌ရောင့်ရဲခြင်းကိုဟောသည်၊ အချို့နေရာတွင်လုံ့လဝီရိယကိုဟောသည်၊ အချို့နေရာတွင် ဥပုသ်သီလကို ဟောသည်။ အချို့ နေရာတွင် သာသနာတွင်း အရိယမဂ်တို့ကို ဟောနိုင်

ကြောင်း-သို့ရာတွင် သာသနာတော် တွင်း၌ကား-အကျင့်မြတ် (ဗြဟ္မစရိယ)ဟူသည်နိဗ္ဗာန်သို့ ရောက်စေတတ်သော မဂ္ဂင်ရှစ်ရပ် သာလျှင်အကျင့်ကောင်း,အကျင့်မြတ် (ဗြဟ္မစရိယ)ဟူ၍ မှတ်ယူ အပ်ကြောင်း ဟောတော်မူလေသည်၊

'ဘုရားချီးမွမ်းသောအကျင့်' 'ချစ်သားတို့လူ၏အကျင့်ဖြစ်စေ, ရဟန်း၏အကျင့်ဖြစ်စေ-မှန်သော အကျင့်ကိုငါဘုရားချီးမွမ်း၏၊ချစ်သားတို့လူဖြစ်စေ,ရဟန်းဖြစ်စေ ကောင်းမွန် မှန်ကန်စွာ ကျင့်သည်ရှိသော် ကောင် မွန်မှန်ကန် စွာ ကျင့်ခြင်း ဟူသော အကြောင်းကြောင့် အသင့်အားဖြင့်ဖြစ် သောအင်္ဂါရှစ်ပါးရှိသော သမ္မာဒိဋ္ဌိအစရှိသော အရိယမဂ်ကုသိုလ် တရားကို ပြီးစေနိုင်၏'ဟုဟောတော်မူလေသည်။

(မှတ်ချက်) မြတ်စွာဘုရားသည် ကာမဂုဏ် ခံစားနေသူ တိုင်းကိုမကဲ့ရဲ့-မချီးမွမ်း၊ ပြင်းထန်စွာကျင့်သော ပုဂ္ဂိုလ်တိုင်းကို လည်းမကဲ့ရဲ့မချီးမွမ်းချေ၊ ကဲ့ရဲ့ရှုတ်ချသင့်သောအကြောင်းရှိမှ ကဲ့ရဲ့၏၊ရှုတ်ချ၏၊ ချီးမွမ်းသင့်သောအကြောင်းရှိမှသာချီးမွမ်း၏၊ မြတ်စွာဘုရားသည်—'ဤသူကား-ကာမဂုဏ် ခံစားနေသော သူ တည်း'ဟု အရမ်းကာရေအပြစ်မတင်၊ ဤသူကားချိုးခြံခေါင်း ပါးစွာ ကျင့်နေသူတည်းဟူ၍လည်းအရင်စလိုမချီးမွမ်း၊ကဲ့ရဲ့သင့် သောအကြောင်းရှိလာလျှင် ကဲ့ရဲ့၏ ချီးမွမ်းသင့်သောအကြောင်း ရှိလာလျှင် ချီးမွမ်း၏ ဟူသော စကားသည် (သဠာရတနဝဂ္ဂဋ္ဌက ထာ-၁၄၅)အပြင်အပ 'ရုပ်ဝတ္ထုမျှ' အဝတ်အစား,အနေအထိုင် ကို ကြည့်ကာမျှနှင့် ဘုရားရှင်တို့ တံထွာ ဆုံးဖြတ်ရိုး မရှိပေ

သို့ကြောင့်အားထုတ်နေသည်၊ကျင့်နေသည်ဆိုတိုင်း ဘုရား၏အလိုတော်ကျ မဇ္ဈိမပဋိပဒါ မဂ္ဂင်အကျင့်မှန်ရန် အထူးပင် လိုအပ်ပေကြောင်း။

**'ကာမဂုဏ်ပယ်နိုင်သောတရား'** မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ်အခါ အရှင်ဥတ္တိယသည် မြတ်စွာဘုရား၏ ထံတော်မှောက်သို့ ဆည်းကပ် ရောက်၍-'မြတ်စွာဘုရား ကာမဂုဏ် တရားကို ပယ်စွန့်နိုင်ရန်တရားကို ဟောတော်မူပါ'ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက-'ချစ်သားဥတ္တိယ ဤအင်္ဂါရှစ်ပါးရှိသော မဂ္ဂင်အကျင့်မြတ်ကို ပွားများအားထုတ်အပ်သည်ရှိသော်-ထိုကာမဂုဏ်တရားတို့ကိုပယ်စွန့်နိုင်မည်'ဟုဟောတော်မူလေသည်။

(မဂ္ဂသံယုတ်-ဥတ္တိယသုတ်-၁၇)

(မှတ်ချက်) မဇ္ဈိမပဋိပဒါ-မဂ္ဂင် အကျင့်သည် ရှေးဦးစွာ 'ကာမသုကာမသုခလ္လိကာနုယောဂကို' မမှီဝဲ့မသုံးဆောင်ရှောင်ခွါရဲ့ပြီးမှ အာရုံငါးပါး လွတ်ကင်းမှ မဂ္ဂင်အကျင့် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြောင့်လေရာ-မဇ္ဈိမပဋိပဒါကျနေသော အသိဉာဏ်သည် ထိုထို ကာမဂုဏ်အာရုံတို့ကို အငြိအကပ်မရှိပေ၊ သို့ဖြင့်ကြာသေကွာလေဖြစ်လာပြီးလျှင် မဂ်အဆင့်ဆင့်က ပယ်ခွါသတ်ဖြတ်လိုက်သဖြင့်- သုံးမဂ်သုံးဖိုလ် ရောက်သေလျှင် ထိုထိုကာမနှင့်ပတ်သက်သမျှ အားလုံး ရှင်းသွားတော့သည်၊ ယင်းသို့သော အကြောင်းကြောင့် ထိုမဂ်တို့ကို ရပါစေခြင်းငှါ-မဇ္ဈိမပဋိပဒါမဂ္ဂင်အကျင့်ကို ကျင့်ရမည်အကြောင်းဟောတော်မူလေသည်။

**'မဂ္ဂင်ချွတ်ယွင်းကနိဗ္ဗာန်မရ'** 'ချစ်သားတို့အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ချွတ်ယွင်း စေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်းစေသည်မည်၏၊ ချစ်သားတို့ အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ကို အားထုတ်ကြသူ ဟူသမျှတို့ အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်သည်မည်၏'ဟု ဟောတော်မူသည်။

(မဂ္ဂသံယုတ်·ဝိရဒ္ဓသုတ်·၁၉)

(မှတ်ချက်) အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသည်ကိလေသာ အစွန်းလွတ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ်အကျင့် ဖြစ်သည်၊ အစွန်း ၂ ပါးသို့ကပ်ရောက်နေလျှင် မဇ္ဈိမပဋိပဒါမကျတော့ပေ၊ မဇ္ဈိမပဋိပဒါမကျက–အရိယမဂ် မရနိုင်ပေ၊ အရိယမဂ် ချွတ်ယွင်း ခြင်းသည် ကာမသုခလ္လိကအစွန်း သို့မဟုတ် အတ္တကိလမထအစွန်း သို့သာ ရောက်နေက ၎င်းတို့သည် ကိလေသာများ ဖြစ်ကြသော ကြောင့် နိဗ္ဗာန်မရနိုင်ချေ၊ ကိလေသာ အစွန်းမကပ်သော လမ်း ကြောင်းမှန်မှန် မဇ္ဈိမပဋိပဒါမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်သာ လျှင် ကောင်းစွာဆင်းရဲဝဋ်သံသရာမှ ကျွတ်လွတ်ထွက်မြောက်ပြီး နိဗ္ဗာန်ရစေနိုင်ကြောင်း ဟောတော်မူလေသည်။

**'သံယောဇဉ်ဖြတ်တရားမြတ်'** 'ချစ်သားတို့ သာသနာပြင်ပ တိတ္ထိပရိဗိုဇ် တို့သည် 'ငါ့ရှင်တို့- အဘယ်အကျိုးငှါ ရဟန်းဂေါတမအထံတော်၌မြတ်သောအကျင့် ကိုကျင့်သုံးနေဆိုင်ကြပါသနည်း'ဟုသင်တို့ကို မေးငြားအံ့၊ ဤကဲ့

သို့အမေးခံရသော သင်တို့သည်ပရိဗိုဇ်တို့အား 'ငါရှင်တို့သံယော ဇဉ်ကိုပယ်လျက် နိဗ္ဗာန်အကျိုးငှါရဟန်းဂေါတမထံ၌ မြတ်သော အကျင့်ကို ကျင့်သုံး နေထိုင်ကြပါကုန်သည်' 'သံသရာအ ဓွန့်ကို ပိုင်းခြား၍သိရာ နိဗ္ဗာန်အကျိုးငှါ မြတ်သော အကျင့်ကိုကျင့်သုံး နေထိုင်ကြပါကုန်သည်' 'အာသဝေါတရား၏ကုန်ရာ' 'ဝိဇ္ဇာဝိမုတ္တိ ဟုဆိုအပ်သော အရဟတ္တဖိုလ်အကျိုးငှါ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ကြပါကုန်သည်'ဟု ဖြေဆိုကြကုန်ရာ၏'ဟု ဟော တော်မူလေသည်။

(မဂ္ဂသံယုတ် သံယောဇနပုစ္ဆာသုတ်–၂၂)

(မှတ်ချက်) မဂ္ဂင်ရှစ်ပါး မြတ်သော ဗြဟ္မစရိယတရား သည် ဗုဒ္ဓမြတ်စွာသာသနာတော်၌သာ ထူးခြားထင်ရှားစွာရှိသည် အဖြစ်ကြောင့် ထိုအကျင့်မြတ်ကိုမသိ မတတ်သောတိတ္ထိပရိဗိုဇ်တို့ သည်-မိမိတို့ စိတ်အထင်နှင့် လုပ်ကြံသော်လည်း မရလေသော ကြောင့်-အခွင့်အခါသင့်တိုင်း မြတ်စွာဘုရားကိုငှင်း, သာဝက ရဟန်းတို့ကိုငှင်း၊ ထိုဗြဟ္မစရိယမဂ္ဂင်အကျင့်နည်းကို ဆွေးနွေးမေး မြန်းခြင်းဖြင့်ငှင်း၊ သုသိမကဲ့သို့တရားခိုးသဖြင့်ငှင်း အမျိုးမျိုးကြံ ကြလေကုန်၏၊သူတို့မေးစမ်း၍မှမရလျှင် 'ငါတို့လည်းဟောသည်၊ ရှင်ဂေါတမလည်း ဟောသည်' ဤနေရာတွင် မည်သူကသာလွန် သနည်း-မည်သို့ခြားနားသနည်း၊မည်သို့ကွဲပြားသနည်းဟုမေးလျှင် ရဟန်းတော်များသည် သူတို့ကိုအားဖြမ့်ပေးပဲ ဆုမ်းခံအပြန်တွင်မှ မြတ်စွာဘုရားကို လျှောက်သည်၊ ဤစကားမျိုး ဓမ္မက္ခန္ဓာတွင် အများအပြားရှိလေသည်၊ မဂ္ဂင်သာမှန်စေ-အကျိုးကား မုချဖြစ်

၍ ထိုထိုကိလေသာတို့ လွတ်လျှင် မဇ္ဈိမပဋိပဒါ အကျင့်လမ်းသို့ ကောင်းစွာရောက် နိုင်ပေသည်။

'ဗောဓိပက္ခိယစုံသောတရား' 'ချစ်သားတို့ ဥပမာသော်ကား ကောင်းကင်၌အမျိုးမျိုးသောလေ တို့သည် တိုက်ခပ် ကုန်၏၊ အရှပ်လေးမျက်နှာမှ သေတို့လည်း တိုက်ခပ် ကုန်၏ လေပူ လေအေး တို့လည်း တိုက်ခပ် ကုန်၏၊ လေညှင်း လေပြင်းတို့လည်း တိုက်ခပ်ကုန်၏၊ ထို့အတူ ချစ်သားတို့ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွားများသော-ကြိမ်ဖန်များ စွာ အားထုတ်သောပုဂ္ဂိုလ်အား သတိပဋ္ဌာန်လေးပါးတို့သည်ရှင်း, သမ္မပ္ပဓာန် လေးပါးတို့သည်ရှင်း ဣဒ္ဓိပါဒ်လေးပါးတို့သည်ရှင်း· ဣန္ဒြေငါးပါး တို့သည်ရှင်း·ဗိုလ်ငါးပါး တို့သည်ရှင်း·ဗောဇ္ဈင် ၇· ပါးတို့သည်ရှင်း ပွားများပြည့်စုံခြင်းသို့ ရောက်ကုန်၏'ဟု ဟော တော်မူသည်။

(မဂ္ဂသံယုတ်အာကာသသုတ်-၄၆)

(မှတ်ချက်) မြတ်စွာ ဘုရား၏ သာသနာ တော် သည် (နိယျာနိက)ဝဋ်မှလွတ်ရာ သာသနာဖြစ်သည့်အတိုင်း ဤသာသ နာအကျင့်ကို အားထုတ်ကြကုန်သော ယောဂီတို့အား၊·လောကုတ္တ ရာမဂ်ကိုရရန် အားထုတ်နေခြင်းဖြစ်လေရာ-ယောဂီ၏ ဉာဏ်အသိ သည်-မဂ်၏ အသင်းအပင်း-'ဗောဓိပက္ခိယ'တရားတို့ပြည့်စုံမှရသင့် သောမဂ်ကိုရသည်၊ ရအပ်သောမဂ်၏ အတိုင်းအတာအရ ကိလေ သာအဆင့်ဆင့်သတ်၍ခန္ဓာဇာတ်သိမ်းအေးငြိမ်းသောနိဗ္ဗာနဓာတ် ကို ရသော အချိန်တွင်-ဝဋ္ဋသုံးပါး ပြတ်သောကြောင့်-ဤကဲ့သို့

ကိလေသာသတ်သော သာသနာသည် (နိယျာနိက)သာသနာဖြစ်လေတော့ရာ ဤမဇ္ဈိမပဋိပဒါ မဂ်အလုပ်သည် ဗောဓိဉာဏ်၏ အသင်းအပင်းတို့ ပြည့်စုံစွာ ပါရှိသော တရားဖြစ်၍-မဇ္ဈိမပဋိပဒါ လမ်းစဉ်ကျသော မဂ္ဂဘာဝနာအလုပ်ကိုယထာဘူတကျစွာ အားထုတ်နိုင်ကြပါစေသတည်း။

(ဤကား-မဟာဝဂ္ဂသံယုတ္တပါဠိတော်မဂ္ဂသံယုတ်တွင် သုတ်ပေါင်း ၁၅၄ သုတ်ရှိသည့်အနက် အမြွက်မျှဖော်ပြခြင်းဖြစ်၍-ဆက်လက် ရှုကြည့်လိုသော ယောဂီ သူတော်စင်များသည်-မဟာဝဂ္ဂ သံယုတ် ပါဠိ တော်တွင်ရင်း, မြန်မာပြန်တို့တွင်ရင်းကြည့်ရှုနိုင်ကြပါသည်)

....o....

## 'သစ္စာလေးပါး၏အခြင်းအရာ ၁၂ ပါးဖြစ်ပုံ'

မြတ်စွာဘုရားသည်ပဉ္စဝဂ္ဂီတို့အား မဇ္ဈိမပဋိပဒါလမ်းကြောင်းကိုချမှတ်ပြီးသည်နောက်ထိုမဇ္ဈိမပဋိပဒါလမ်းစဉ်အရသိအပ်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာ၏ဒုက္ခစသော အမှန်တရားတို့ဖြစ်ပုံချုပ်ပုံသဘောတရားတို့ကို ပြည့်နှင်တော်မူပြီးလျှင်-ထိုသစ္စာဟူသော အမှန်လေးချက်တွင် တချက် တချက်စီ၌-'သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်'သုံးပါးစီဖြစ်လာပုံကို အသေးစိပ် ဟောပြတော်မူလို

သည်ဖြစ်၍ ရှေးဦးစွာ ဒုက္ခသစ္စာ၌ဉာဏ်သုံးပါးဖြစ်လာပုံကို ဤသို့ ဤပုံဖြစ်လာ၏-ဟုညွှန်ပြတော်မူလိုရကား-

"ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေ ဘိက္ခဝေ။ လ။ စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ"

"အိုပဉ္စဝဂ္ဂီတို့ ငါဘုရားသည် ဘုရားအဖြစ်သို့ မရောက်မီ အစ မထင်သံသာပြင်ဝယ် ကျင်လည်ခဲ့ရ အနမတဂ္ဂ ဘဝရေတွက် မရခဲ့ရာ ထိုခါများက ကြားဖူးဘိုရာ ဝေးလှစွာသော ခန္ဓာငါးပါး-နှစ်ပါးရုပ်နာမ် ပရမတ်မှန်ကို သိမြင်ဘိုပင် အလွန်လျှင်ခက်ခဲ၍ နက်နဲ သိမ်မွေ့လှသော တေဘူမက သင်္ခါရတရား ဖြစ်သည့် (ဒုက္ခသစ္စာ)ဆင်းရဲအမှန်-ဖြစ်ခြင်းမှန်ကို ဤကားဆင်းရဲအမှန်ပဲဟု သိမြင်တတ်သော ဉာဏ်သည် ဘုရားအဖြစ်သို့ရောက်ရှိမည့်ငါ့အား ထင်ထင်ရှားရှား-ဘဖွားဖွားဖြင့် ဉာဏ်အားပေါ်၍လာချေပြီ-

'သစ္စဉာဏ် ၅-ပါး' အမှန်တရား ၄-ပါးတို့၌ သစ္စ ကိစ္စ ကတ ဟူသော အခြင်းအရာ ၃ ပါးစီဖြင့်စက်

လှည့်၍ဟောတော်မူသော 'တိပရိဝဋ္ဋ' ဒေသနာတော်အရ-ဉာဏ် ၁၂ ပါး-တနည်းအခြင်းအရာ ၁၂ ပါး၊ အပြားအားဖြင့်အနုစိပ် ၍ဟောတော်မူရာ-ဓမ္မစကြာ တရားတော်ကို လေ့လာနေသော ယောဂီများအတွက် သဘောပေါက်အောင် အကဲခပ်လေ့လာကြစေလိုသည်-သစ္စာတပါးတပါးတွင်အနုစိပ် ၃ မျိုးစီဖြစ်ပုံကိုဟောသည်၊ရှေးဦးစွာဒုက္ခသစ္စာ၌-သစ္စဉာဏ်ဖြစ်ပုံကား-

"တွေဟိ ဣဒံဒုက္ခံ, ဣဒံဒုက္ခသမုဒယံ, ဣဒံဒုက္ခနိရောဓံ, ဣဒံဒုက္ခနိရောဓဂါမိနီပဋိပဒံ အရိယသစ္စန္တိ ဝေံစတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံနာမ"

(မဟာဝဂ္ဂဋ္ဌကထာ ၃၂၀။ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၁၆)

'သစ္စာလေးပါတို့ကို သစ္စ,ကိစ္စ,ကတ ဟု ဆိုအပ်သော ဉာဏ် ၃-ပါးတို့ဘွင် ဤသဘောတရားသည် ဆင်းရဲအမှန်တည်း၊ ဤ သဘောတရားကား -ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤသဘောတရား ကား ဆင်းရဲချုပ်ခြင်းတည်း၊ ဤသဘောတရားကား ဆင်းရဲချုပ် ကြောင်းတည်း-ဟု အမှန်အတိုင်းဖြစ်ရှိနေသော သဘောတရားကို ဖြစ်ရှိသော သဘော အမှန်အတိုင်းသိသောဉာဏ်ကို သစ္စဉာဏ်ဟု ခေါ်သည်။'

အဓိပ္ပါယ်မှာ—ပရမတ် ရုပ်နမ်ခန္ဓာသည် ဒုက္ခသစ္စာဖြစ်သည်, ဆင်းရဲအမှန်ဖြစ်သည်, ခန္ဓာ၏အမှန်တရားသည် ဆင်းရဲဖြစ်သည် ဤသို့သော သဘောကို သက်ရောက်သော ဉာဏ်သည် ဤခန္ဓာ၏ အမှန်သဘောဆင်းရဲကို အမှန်အတိုင်း ကိုယ်တိုင် အခိုင်အမာ ယုံကြည်လောက်အောင် သိသော အသိဉာဏ်သည်-ဒုက္ခသစ္စာ-ဤ ခန္ဓာအား ဆင်းရဲမှလွဲ၍ 'ချမ်းသာသုခဟူသည် လုံးဝမရှိ'ဟူသော ဉာဏ်အမြင် စင်ကြယ်စွာ သိမှု-အခိုင်အမာသိမှုသည် 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်ကိုအမှန်အတိုင်း ယုံကြည်ချက်နှင့် ကိုယ်တိုင်သိသော ဉာဏ်ကိုဆိုလိုသည်၊ယင်းဒုက္ခသစ္စာဟု မည်သည့်အတွက်ယုံကြည် ရသနည်း ဆိုသော်-

'စက္ခုံဥဒပါဒိ' ဟူသော ပဋ္ဌိတော်အရ-ဤဖေါက်ပြန်မှု သိမှု ဟူသော ဒုက္ခသစ္စာတရားသည်-ထိုဒုက္ခသစ္စာ ဖြစ်သော ခန္ဓာကို ထမ်းဆောင် ယူငင်လာသော သူအား 'ငါ့ကိုယ်,ငါ' စသည်ဖြင့် မှတ်ထင်စွဲလန်းပါသော်လည်း ဤခန္ဓာသည်-

၁-'ပိဋ္ဌနဋ္ဌ'-ကပ်၍မပြတ် နှိပ်စက်တတ်ခြင်း,

၂-'သန္တာပဋ္ဌ'-ပူပန်ကြောင့်ကြ နှိပ်စက်လှုခြင်း,

၃-'ဝိပရိနာမဋ္ဌ'-ဖေါက်ပြန်ပြောင်းလဲနှိပ်စက်မြဲခြင်း,

၄-'သခ်တဋ္ဌ' ပြုပြင်မပြတ် နှိပ်စက်တတ်ခြင်း-

ဟူသောသဘော ၄ မျိုးတို့ကြောင့် ရှည်ကြာစွာလှ ဘဝသံသရာ များလှစွာသော ကာလတို့၌ 'ဇာတိဒုက္ခ, ဇရာမရဏ, သောကပရိဒေဝ ဒုက္ခဒေါမနဿ-ဥပါယာသစသည်တို့ဖြင့် အမြဲမပြတ် ညှင်းပန်းနှိပ်စက် ခံခဲ့ရလေပြီ၊ ယင်းသို့ပင်အနှိပ်စက်အညှင်းပန်းခံဘဝများခဲ့သော်လည်း-'ဤရုပ်နမ်ခန္ဓာတို့ကား-ဆင်းရဲအမှန်ဒုက္ခသစ္စာတို့သာတည်း' ဟူ၍ သိရန်အခွင့်မပြု ခဲ့သော အဝိဇ္ဇာကြောင့်-ဘဝသံသရာ-မည်မျှပင်ကြာသော်လည်း 'ဒုက္ခသစ္စာ ဆင်းရဲဖွယ်၏' ဟူသောအသံကို ကြားပင်မကြားရဘူးချေ၊

ယခုအခါသော်ကား-ငါဘုရားသည် ကိုယ်တိုင်သိပြန်ပင်ထွက် ဉာဏ်ကြောင့် ရုပ်နာမ်တရား ဤနှစ်ပါးတို့ကား 'ဆင်းရဲစင်စစ် ကေန်ဖြစ်၏' ဟူသော ဒုက္ခသစ္စာကို သိတတ်မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်လာရချေပြီ။

'ဉာဏံဥဒပါဒိ' ဟူသော ပါဋ္ဌိတော် အရ-ယင်းသို့သော ရုပ်နမ်ဒုက္ခသစ္စာခန္ဓာ၌ ၄ ပါးသော နှိပ်စက်ခြင်းတို့ဖြင့်အမြဲမပြတ်

နှိပ်စက်ညှဉ်းပန်းခြင်းခံရသော သဘောတို့သည်ဘယ်လို့, ဘယ်နတ်, ဘယ်သတ္တဝါ တဦးဘယောက်ကမှ အပြင်ကလာ၍ နှိပ်စက်သည်ကားမဟုတ် ဤရုပ်ဤနာမ် အတိတ်ဘဝက သင်္ခါရကံအကြောင်းခံသဖြင့် ဝိညာဏ်,နာမ်ရုပ်-ဇာတိစခဲ့ရသဖြင့်ရုတ်ရုတ်သဲသဲ,တဖွဲဖွဲဖြင့် သဲသဲမဲမဲ ရုပ်နာမ်ခဲကိုဆင်းရဲမှု အစစ်-ဧကန္တဖြစ်ကြောင်း ဉာဏ်ဆင့်လောင်း၍ ငါကောင်းကောင်းသိခဲ့ရပြီ၊ ယင်းကဲ့သို့သိရသော ဉာဏ်မှာလည်း သံသရာထဲဘဝများစွာ ခန္ဓာစဲခဲ့သော်လည်း ငါ ရှေးရှေးက မကြားစဖူး ယခုအခါဉာဏ်အထူးနှင့် ဦးစွာသိရသော သဘောသည်လည်း ထင်ရှားစင်စစ် အမှန်ဖြစ်၍လာလေသည်။

‘ပညာဥဒပါဒိ’ ပါဠိတော်အရ-ရုပ်နာမ် ခန္ဓာ ဤနှစ်ဖြာ သည်ဇာတိဒုက္ခ စသည်ထွေပြား ဆင်းရဲရသော တရားမှာ မိန်းမယောကျ်ား လားလားမျှမဟုတ်-သတ္တဝါ ပုဂ္ဂိုလ်ဆိုသာဆိုရ လောကစကား အနှစ်ကင်းသည့် အဖျင်းသားဟု ပိုင်ပိုင်မိမိ ငါကိုယ်တိုင်ထင်စွာကြည့်မှု ပညာသိသိခဲ့ပြီ၊ ရုပ်နာမ်သဘော အထင်နှင့်ပြောသူတို့ သဘောအရှိကို ပညာနှင့်ကြည့်ကာမှ ရုပ်သဘောဖြစ်ပျက်,နာမ်သဘောဖြစ်ပျက်တို့ရက်စက်သည့် သူ့သဘော-ဘယ်သူ့မှုမလိုက်လျော့ပဲ သူ့ကိစ္စသူလုပ်ထိန်းချုပ် မရအနတ္တသဘာဝမို့ ဘုရားဖြစ်စ ချိန်အခါတွင် ရုပ်နာမ်နှစ်ရပ် ပဋိစ္စသမုပ္ပါဒ်ကို ဝေဖန်ဉာဏ်သွင်း ထင်အလင်းသိစဉ်က=

“ယဒါ-ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာကို သေချာဉာဏ်ညို ရှုကြည့်လေရာ အကြင်အခါ၌၊ဓမ္မာ-ရုပ်နာမ်ပရမတ် ဖြစ်

ပျက်တတ်သည့် အမှန်တရားတို့သည်၊ ပါတုဘဝန္တိ မရပ်မနား တဖွားဖွားဖြင့် ထင်ထင်ရှားရှား ပေါ်လာကုန်၏ဟု–

အံ့သြဘနန်း ဥဒါန်းအခါခါ ကျူးရင့်ခဲ့ရပေသေးသည်၊ ရုပ်နာမ်နှစ်သင်း၌ ဉာဏ်မလင်းမီ ဘဝများစွာ သံသရာက ငါ့မှာအထူးကြားဘူးဖို့ဝေးစွ စိတ်ကူး၌ပင်တွေးထင်မရသော သဘောတရား ဒုက္ခသစ္စာရုပ်နာမ်နှစ်ပါးကို ပညာဉာဏ်အားသေချာစွာ ရှုသူများအတွက် ထင်ထင်ရှားရှား သိမြင်သော ဉာဏ်သည် မမှားကေန် အမှန်ဖြစ်၍လာလေသည်။

'ဝိဇ္ဇာဉဒပါဒိ' ပါဠိတော်အရ သြဃလေးဖြာ သံသရာတွင် နစ်တုံပေါ်တုံ စုန်ဆန်လူးလာ ဖြစ်ခဲ့ရသော ဘဝပေါင်းများစွာတွင် အဝိဇ္ဇာနီဝရဏ်နှင့် တဏှာသံယောဇဉ်နှောင်တို့ကြောင့် ဖြစ်လာရသတ္တဝါ ငါသူလူနတ် ရုပ်နာမ်ဇာတ်အသွယ်သွယ် ဘယ်မျိုးနွယ်နှင့် ဘယ်မှာဖြစ်ဖြစ် အစစ်တရားသစ္စာများကို လားလားမှမသိရ သန်းကောင်လကွယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်လုံးအပြည့်ဖုံးလျက် မိုးလုံးတိမ်တိုက်လျှပ်မကြိုက်သည့် အမိုက်အင်္ဂါလေးဖြာမှောင်ထက် အဝိဇ္ဇာမှောင် မကာအောင် သူဖုံးတော့ အသိသုံးဝိဇ္ဇာဉာဏ်ရဖို့ရန်အရေးအဝေးကြီးဝေးခဲ့သည်၊ သို့ပင်ဖြစ်ငြား အာတာပီစွမ်းပကားနှင့်ယောကျ်ားတို့သတ္တိ ငုတ်မိကသဲထိုင်တက်နိုင်က အဖျားရောက် သိလောက်သည့်အခြေ ကြိုးစားလေမရ လျှင်ငါမနေဟုဉာဏ်အထွေထွေစစ်ကာကြည့်တော့သစ္စာသိရုပ်နမ် ဒုက္ခသာကေန်ဟု ဝိဇ္ဇာဉာဏ်ထိုးထွင်းထင်အလင်းယခုသိရသည့်အမှုမှာရှေးပဝေဏီ အသချေချီပြီး သ်ဖို့ရန်မဆိုထားနှင့် ပြောကြသည့်

စကားဟန် အသံပင်မကြားစဖူးမို့ ယခုသိရသော တရားအထူး၌ သစ္စာကိုသိတတ်သောဝိဇ္ဇာသည်-အထင်အရှား ပေါ်ပေါက်၍လာ ရချေပြီ။

**'အာလောကောဥဒပါဒိ'** ပါဠိတော်အရ သုံးဆယ့်တဘုံသား ပုထုဇ္ဇန်ပုဂ္ဂိုလ်များမှာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးကို အသီးသီးရှိကြရိုး အမှန် ဖြစ်ပေသည်၊ သို့ရာတွင်ထိုရုပ်နာမ်ဒုက္ခသစ္စာတရား၌အဝိဇ္ဇာမှောင် ကြီး ပိတ်ကာဆီးနေသည့်အတွက် 'ဤကားရုပ်,ဤကားနာမ်,ဤ သည်ကားဒုက္ခသစ္စာ'ဟု မိမိကိုယ်အတွင်းသို့ ဉာဏ်ပညာအရောင် မလင်းသည့် အတွက်ဆီး,နှင်း,ရေ မြူတိမ်ပါ-အသူရာထပ်ကာ ဖုံးသည့်လမင်းထုံးပုံပမာနှင့်စကြဝဠာတိုက်အကြားလောကန္တရိုက် ငရဲသားများကဲ့သို့ အလင်းမှုမရ-မွေးကင်းစမျက်စိ ကာန်းသူ ဥပမာတူသမို့ ခန္ဓာကိုယ်တွင်းဉာဏ်သွင်းမကြည့်သဖြင့် မသိတတ် ဤရုပ်နာမ်ကို 'ငါဆိုင်,ငါသွား,ငါကြား,ငါကြည့်,ငါသိ,ငါမြင်, ငါငါပဲထင်ကြသည်' ဝိညာဏ်၏ လှည့်ကွက်သံသရာ ဤမှာဖက်မှာ ငါချင်းစိ ထိတော့မည်၊ သက္ကာယဒိဋ္ဌိငြိချင်တိုင်းငြိပြီးလျှင် မသိမှု အဝိဇ္ဇာ ထပ်ထပ်သာသာခြင်းကြောင့် မှောင်သည်ထက်မှောင် ဝိဇ္ဇာဉာဏ် ရောင်မလင်းသဖြင့် ဆင်းရဲတွင်းနက်နက်လာ ငါ့မှာ ကြုံဆဇာတိက စခဲ့သည့်သတ္တဝါ အိုသေမှာအဆုံး ဘဝနိဂုံးတွင် အသုံးမကျ ဖြစ်ဖြစ်ခဲ့ရသမျှမှာ ရုပ်နာမ်သာမူလ သူဇာတိအစမို့ နိဒါနအလာ တွေးဆကာ နှလုံးသွင်းတော့ ဖြစ်ခြင်းနှင့်အပျက် တစက်မှငါမဟုတ် 'ဒုက္ခမေဝဥပဇ္ဇမာနံဥပဇ္ဇတိ' ပါဌ်အရှိဖြင့်

အတတ်သိသော ဝိဇ္ဇာဉာဏ် အလင်းကို ဘဝထိုထိုပျက်ပြုန်းလှိုပြုခဲ့သော်လဲ မကြားဖူးရိုးအမှန် ယခုမှ ဝိဇ္ဇာဉာဏ်ကြောင့် ခန္ဓာကိုယ်အခမှောင်တိုက်အတွင်းသို့ ဉာဏ်အလင်း ဝင်ရောက်ကာမှ သိရသည့်ဒုက္ခသစ္စာ-ဆင်းရဲမှန်စွာဟု-ခန္ဓာပါဉာဏ်လင်းသဖြင့် သိမြင်ရခြင်းဖြစ်ပေသည်။

ဤကား-ဒုက္ခသစ္စာ၌ ရှေးဦးစွာသိရသော သစ္စဉာဏ်စိပ် ၈ ါးပါးတည်း။

....o....

'ကိစ္စဉာဏ်-၅ ပါး' ဒုက္ခသစ္စာ၏သစ္စဉာဏ်ကိုဖေါ်ပြပြီးသျှင်-ဒုက္ခသစ္စာ၏-ကိစ္စဟူသော ဆင်းရဲကို ကိုယ်တိုင်ပိုင်နိုင်စွာ သိအပ်သော ကိစ္စဉာဏ်ဆက်လက်၍ ဟောတော်မူသည်၊

ကိစ္စဉာဏ်ဟူသည်—

'တေသုယေဝ 'ပရိညေယျံ, ပဟာတဗ္ဗံ, သစ္ဆိကာတဗ္ဗံ, ဘာဝေတဗ္ဗ'န္တိ ဝေကတ္တဗ္ဗ ကိစ္စဇာနနဉာဏံ ကိစ္စဉာဏံ နာမ'

(မဟာဝဂ္ဂ, ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ)

'ထိုဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၌သာလျှင်-ယင်းဖေါက်ပြန်ဖြစ်ပျက်နေသော သဘောတရားသည် စင်စစ်အားဖြင့် ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်မလပ်နှိပ်စက်အပ်သောသဘောသာရှိသည်-အခြားဘာမျှရှိသည်မဟုတ် သက်သက်သော ဆင်းရဲအစု အပုံသာ စင်စစ် ကေန်ဖြစ်၏'ဟု

ဆင်းရဲအမှန်ဖြစ်သော ရုပ်နာမ်သဘော၏ပျက်ခြင်း,ဆင်းရဲခြင်း, သူ့သဘောဟူသော ၎င်းပရမတ်၏ကိစ္စသဘောကို သိခြင်းသည်ကိစ္စဉာဏ်မည်၏။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား ငါဘုရားသည် ဤသို့ဘုရားအဖြစ်သို့မရောက်သေးမီ အစမထင်သံသရာတခွင်တွင် ကျင်လည်ခဲ့ရာ၌ ဤရုပ်နာမ်ခန္ဓာသည် ဆင်းရဲအမှန်ဖြစ်သော ဟန်ကိုပိုင်းပိုင်းခြားခြား ကိုယ်တွေ့အားဖြင့် သိမြင်အပ်သောတရားဟူ၍ဘဝများစွာအသခေျ်ပင်ကြာသော်လည်း သိမြင်ဖို့ဝေးစွ ကြားမှုပင် မကြားစဖူးသောဤဒုက္ခသစ္စာရုပ်နာမ်သည် 'အဘယ့်ကြောင့်ဆင်းရဲအမှန်ဖြစ်ဘိသနည်း'ဟု-တွေးဆ ကြံဖန် ပင်ထွက်ဉာဏ်ဖြင့်ရှာပြန်လေသောအခါ 'ပီဠနဋ္ဌ'စသည့်-၄ချက်နှိပ်စက်ခြင်းကြောင့်ဆင်းရဲစင်စစ်ကေန်ဖြစ်သည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့သိရသော တရားတို့၌=

'စက္ခုဥဒပါဒိ' ပါဠိတော်အရ-ဤဒုက္ခသစ္စာ ဟူသော ရုပ်နာမ်သည်တလှုပ်လှုပ်,တရွရွ, တမွမွ စသည်အားဖြင့်မရပ်မနား ဖြစ်ပျက်တတ်သော တရားတို့ဖြင့် ရင့်ရော်ယိုယွင်းအိုခြင်းသေခြင်းတို့ အမြဲမပြတ် ရုပ်နာမ်ခဝတ်တို့ဘက်၍ နှိပ်စက်နေကြသဖြင့် ဆင်းရဲအမှန်ဖြစ်နေပေသည် ထိုရုပ်နာမ်တရားတို့ ဤမျှဆင်းရဲနေသည်ကို ငါသည် ရှေးဘဝများစွာက-ကြားမှုမကြားရဖူးကုန်သော ဤဒုက္ခသစ္စာ တရားကို ပိုင်းခြား ထင်ထင် အလုပ်

သဘောဝင်၍ သိမြင်အပ်သော'ကိစ္စ'၌ ပိုင်ပိုင်မိမိကိုယ်တိုင်သိအပ်သောပညာမျက်စိသည် ထင်ရှားဖြစ်လေပြီ။

'ဉာဏံဥဒပါဒိ' ပါဠိတော်အရ အဆက်ပါဆင်းရဲမပြတ်နှိပ်စက်တတ်သောတရားတို့ဖြင့် အနှိပ်စက် အညှင်းဆဲခံနေရသောဤရုပ်နာမ်သည် ဤမျှဆင်းရဲနေသည်ကို ဤအသိဉာဏ်မရမီရှေးအခါက ကြားဖူးမကြားဖူးသော ငါ့အား-'ယခုအခါဤခန္ဓာသည် ဒုက္ခအနက် ဤလေးချက်ကြောင့် သက်သက်ဆင်းရဲအမှန်ပဲ'ဟူ၍ ခန္ဓာအရိုကို ဉာဏ်နှင့်သိသဖြင့် အနှစ်သာရ-ဘာမျှမရှိဟု ပိုင်ပိုင်မိမိ ကိုယ်တိုင်သိအောင် လေ့ကျင့်ရမည့်'ကိစ္စ'ဟူ၍သိသောဉာဏ်သည်ထင်ရှားဖြစ်လေပြီ၊

'ပညာဥဒပါဒိ' ပါဠိတော်အရ ရုပ်နာမ်ခန္ဓာ၏ဆင်းရဲအမှန်ကိုသိခွင့်မရသော အဝိဇ္ဇာမှောင်ကြောင့် ဉာဏ်ရောင်မှလင်းပညာကင်းသဖြင့် အလျှင်းပင်မသိခဲ့ရ၊ ယခုအခါဝိဇ္ဇာလက်နက်ဉာဏ်သံလျက်ဖြင့် အဝိဇ္ဇာဓာတ် ပယ်ခွာသတ်၍ ဉာဏ်မြတ်သိရာ ဤခန္ဓာကား ဒုက္ခသစ္စာ ဆင်းရဲစွာဟု-သေချာသိပြန်ဤရုပ်နာမ်လျှင် ဖြစ်ခြင်းပျက်ခြင်းဖေါက်ပြန်ခြင်းကြောင့် မကောင်းအနိစ္စာဆင်းရဲစွာနှင့် အစိုးမရ အနတ္တာဟုမုချသိပြန် ပင်ထွက်ဉာဏ်ကြောင့် ကောန်ဒုက္ခ သူ့ 'ကိစ္စ'ကိုသိသောပညာထင်စွာ ဖြစ်၍လာလေပြီ။

'ဝိဇ္ဇာဥဒပါဒိ' ပါဠိတော်အရ အဝိဇ္ဇာဟူသော အမိုက်တိုက်သည်အမှန်တရားပရမတ်များနှင့် သစ္စာတရား ဤသည်များကိုသာ သိခွင့်မပေးသို့အရေးကြောင့် ကိုယ်မှာဖြစ်ပြန်ဤ

ရုပ်နာမ်ကို ဒုက္ခဆင်းရဲအမှန်ပဲဟု မသိမမြင်ခဲ့ရပေ၊ သို့တစေလည်း ဤကာယေတလံမျှကို ဝိဇ္ဇာဉာဏ်အတန်တန်ရအောင် သမ္မာဒိဋ္ဌိဉာဏ် အဖန်ဖန်ဖြင့် ရှုကြည့်သောအခါ တသဲသဲ တလှုပ်လှုပ် တဖြုတ်ဖြုတ် ဤခန္ဓာဘယ်ဟာမှမခြဲဒုက္ခပဲ ရုပ်နာမ် ဆင်းရဲသာအမှန်ဟု ဉာဏ်ပါပါ ဝိဇ္ဇာမျိုးဖြင့် ပိုင်ပိုင်မိမိ ပိုင်းခြား၍ သိအပ်သော 'ကိစ္စ' ပါတကားဟု သိသောဝိဇ္ဇာသည် ထင်ရှားယခု ဖြစ်ပေါ်၍ လာခဲ့ပြီ။

'အာလောကောဥဒပါဒိ' ပါဠိတော်အရ သတ္တဝါတိုင်းသည် အပြင်အပ ဗဟိဒ္ဓရုပ်ကိုသာ သဏ္ဌာန် ဒြပ် အကောင်အထည်ကို အစွဲပြု၍နေကြသည်၊ အတွင်းဖြစ်သော သဘောထားအမှန်ကို အမှန်အတိုင်းမသိမမြင်ကြချေ၊ ထိုအတွင်း သဘောတရားတို့မှာ အမှောင်းတွင်းကျသည်သို့ ဘဝသံသရာကြာ ချင်တိုင်းကြာလည်း ဘာမျှ မသိမမြင်ခဲ့ရချေ၊ ယခုအခါ ငါသော် တမူ'ပဟိတတ္တ' လုံးလ ဝီရိယအားဖြင့် အဝိဇ္ဇာ အမှောင်ထုကို ဖေါက်ခွဲလျက် ဝိဇ္ဇာဉာဏ်အလင်းရောင်ဖြင့် ခန္ဓာအတွင်း သွတ် သွင်း၍ ကြည့်သောအခါ ရုပ်ဓာတ်-နမ်ဓာတ် ပရမတ်ဘို့ ဖေါက် ပြန်မစဲ တသဲသဲဒုက္ခဆင်းရဲလှချည့်ဟု ပိုင်းခြားသိမြင် ထိုဒုက္ခ ခန္ဓာ၏ 'ကိစ္စ'ပင်ဟု ပညာ ဆီမီးအလင်းဉာဏ်ကြီးကား ငါ့အား ထင်မှု ယခုဖြစ်ရလေပြီ။

ဤကား ဒုက္ခသစ္စာ၌ ပိုင်နိုင်စွာ သိအပ်သော ကိစ္စဉာဏ် စိပ်ငါးပါးတည်း။

'ကတဉာဏ်-၅ ပါး' ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၏ ကိစ္စ ဉာဏ်ကို ဟောတော်မူပြီးနောက် ယင်း ဒုက္ခသစ္စာတရားကို ကိုယ်တိုင်ဒိဋ္ဌ ပိုင်းခြားပိုင်နိုင်စွာသိပြီဟု ထိုထို သစ္စာနှင့် ဆိုင်သော ထိုးထွင်း၍ သိအပ်ပြီးသော တရားကိုငါ သည် သိအပ်သော ဒုက္ခသစ္စာတရားကို ထိုးထွင်း၍ သိအပ်ပြီဟု သိသောဉာဏ်သည် 'ကတဉာဏ်'မည်၏။

'ပရိညာတံ,ပဟီနံ,သစ္ဆိကတံ, ဘာဝိတန္တိ ဧဝံတဿ ကိစ္စဿ ကတဘာဝဇာနနဉာဏံ ကကဉာဏံနာမ'

(မဟာဝဂ္ဂနှင့်ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ)

အို ပဉ္စဝဂ္ဂီတို့ ငါးဘုရားသည် ယခုကဲ့သို့ ဘုရားအဖြစ်သို့ မရောက်သေးမီ ဘဝများစွာ သံသရာကာလ ရှည်လျားလှသော အချိန်များအတွင်း ထီးနန်းစည်းစိမ်ကို စွန့်ခွါ များစွာသော တိုင်းသားပြည်သူ ခပ်သိမ်းလူတို့နှင့်တကွ တောနက်ရာသို့ ထွက်၍ ကျင့်ခဲ့ရသည့်ဘဝများလည်း ရှိခဲ့၏၊ နောက်လိုက်ကိုမခေါ်အဖော် မမှီး တကိုယ်ထည်းဖြင့် တောကြီးမျက်မဲ လျှော်တေကိုယ်မှာမြဲ ပြီးလျှင် ကျားဆွဲဆွဲ ဆင်နင်းနင်း ဘယ်သင်းမှ မကြောက် စိတ် နောက်သို့ကိုယ်ပါ သက်ခန္ဓာဆုံးခဲ့ရသည့် ငါ၏ဘဝလည်းမနည်း ခဲ့ပေ၊ သို့စင်ဘစေ သေအောင်ပင်ကျင့်ကျင့် မူရင်းလမ်းမှန် မဂ္ဂင် အလုပ်မဟုတ်ပြန်သဖြင့် ဒုက္ခနှင့်ရင်ဆိုင်ဘဝတိုင်းမနိုင် ဘု ဇာတိ ဝဋ္ဋဝေ့ သံသရာပတ်သည့် ကရွတ်ခွေ အိုနာသေကတဖန်ပြောင်း နောက်တကြောင်း အိုနာသေတို့ တွေ့ကြုံရန်အသင့် ငံ့လင့်၍

နေကြသည်၊ ဖြစ်သမျှခန္ဓာရုပ်နာမ်ဒုက္ခသစ္စာကား 'ပီဠနဋ္ဌ,သင်္ခတဋ္ဌ သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ' အနက်မှန်လေးချက် စုပေါင်း၍ နှိပ်စက်ကြလေသည်။

ဘဝပေါင်းများစွာအနှိပ်စက်ခံခဲ့ရသော်လည်း၊ ဤခန္ဓာရုပ်နာမ်ကိုတရံတဆစ်မျှ ဒုက္ခသဘောဟု-ဉာဏ်နှင့်သိရန် အခွင့်အခါမရပါသဖြင့် ဘဝတိုင်းသေ သချိုင်းမြေတို့တိုးပွား၍သာလာလေသည်၊ ယခုအခါ-ဉာဏ်ဝိဇ္ဇာကိုယ်ပိုင်နှင့် ရှုကြည့်နိုင်သော ငါ့အား ရှေးအခါက မကြားမသိရဘူးသေးသော ရုပ်နာမ်ဖြစ်ပျက်ဒုက္ခသစ္စာသဘောတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သိလာရကား—ဤဒုက္ခသစ္စာတရားတို့ကို ပိုင်းခြားကုန်စင် သိမြင်ပြီးပြီ-ဟု စိတ်ဘဝင်ကျလောက်အောင် သံသရာ့နယ်တခွင် ဒုက္ခသာမြင်တော့သည်၊ ယင်းသို့ပိုင်းခြားကုန်စင်အောင်သိအပ်သော ဒုက္ခသစ္စာတရားတို့၌—'စက္ခုံဥဒပါဒိ' ပါဠိတော်အရ ရုပ်နာမ် နှစ်ဖြာ ဤခန္ဓာသည် ဒုက္ခသစ္စာ ဆင်းရဲစွာသော ရုပ်နာမ် ဖြစ်သည်ဟု တကြိမ်တခါမျှ မသိခဲ့ရသော်လည်း ခန္ဓာကိုယ်တွင်း ဉာဏ်စိုက်သွင်း၍ ရှုကြည့်လာသောအခါ၌မူကား-ငါဘုရားသည် ရှေးအခါက ကြားမှုမကြားဘူးလောက်အောင် ထူးဆန်းခက်ခဲနက်နဲသော ဤရုပ်နာမ်၏ ဒုက္ခသစ္စာသဘောတို့ကား ပညာဉာဏ်နည်းသော သူတို့၏သိနိုင်သောတရားကားမဟုတ် ဉာဏ်ပညာရှိသူတို့သာ သိအပ်စွာသော 'သုဒုဒ္ဒသ,သုနိပုဏ,ဂမ္ဘီရသဘော'ဖြစ်သည့် ဤပရမတ္ထဓမ္မတို့ကိုငါကားပညာဉာဏ်၏အစွမ်းဖြင့် 'သိရပြီးပြီ'ဟုသိတတ်မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်၍ လာချေပြီ။

'ဉာဏုံဥဒပါဒီ' ပါဠိတော်အရ ထိုဒုက္ခသစ္စာ ရုပ်နာမ်ကို ဒုက္ခ
သစ္စာရုပ်နမ်ဟု အမှန်ဖြစ်သော 'ဘူတ'သဘော
ကိုဘူတသဘောအတိုင်းသိတတ်မြင်တတ်သောသဘောသည်လည်း
သိ တတ် သော ဉာဏ် ၏ သ ဘော သာ ဖြစ် ၍ ဤရုပ်နာမ်ခန္ဓာ
အပေါ်တွင် ဉာဏ်ပညာ မမြော်တတ်သော ဗာလပုထုဇ္ဇန်တို့၏
အလုပ်မဟုတ်-ဉာဏ်ပညာရှိသော သူတို့၏ အလုပ်သာဖြစ်၍ ငါ
သည်မူလည်း ဉာဏ်နှင့်ထွင်းဖေါက်၍ သိအပ်သောဝိဇ္ဇာဖြင့် သိစရာ
ဒုက္ခကိုပိုင်းခြားကုန်စင် 'သိမြင်၍ ပြီးပြီ'ဟူသော ဉာဏ်သည်လည်း
ထင်ရှားကေန် အမှန်ဖြစ်၍လာချေပြီ။

'ပညာဥဒပါဒီ' ပါဠိတော်အရ ဤရုပ်နာမ်ဒုက္ခကားဤ၍,ဤမျှ,
ဤမှတပါးဒုက္ခဟု ခေါ်စရာ ရှာမရ-ဒုက္ခဟူ၍
မရှိတော့ဟူသော ဆုံးဖြတ်ချက်ကို ငါသည် ရုပ်နာမ်နှစ်ပါး ဒုက္ခ
သစ္စာတရားကို မတွေ့ရသေး, မသိရသေးမီရှေးအခါကမဆုံးဖြတ်နိုင်
ခဲ့သေးချေ၊ ဒုက္ခရုပ်နာမ် ဖြစ်ပျက်မှန်သော ဤခန္ဓာကိုဉာဏ်ပညာ
နှင့်မှန်စွာသိရသော ယခုအခါ၌ကား-ဤရုပ်နာမ်ခန္ဓာသည်ဆင်းရဲ
ဒုက္ခအမှန်ဖြစ်၏- ဤရုပ်နာမ် ဒုက္ခမှတပါး လောကအားလုံး၌
အခြားသော ဒုက္ခဟု ခေါ်စရာ ရှိပင်မရှိတော့-လောကဟူသည်
စင်စစ်အားဖြင့်ဒုက္ခတွေသာဖြစ်၍ ဒုက္ခတွေချုပ်နေသော လောက
ပါတကား'ဟု ထိုဒုက္ခ၏သဘောအနက်ကို ပိုင်းခြားကုန်စင်အောင်
သိမြင်တတ်သော ပညာသည် ထင်ရှားစင်စစ် အမှန်ဖြစ်၍ လာ
ချေပြီ။

'ဝိဇ္ဇာဥဒပါဒီ' ပါဠိတော်အရ—ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး
သည်ဆင်းရဲအမှန်ဟုဆိုအပ်သောဒုက္ခသစ္စာကား

အမှန်ပင်ဖြစ်သည်၊ သို့ရာတွင် ထိုဒုက္ခသစ္စာကိုမသိအောင်အဝိဇ္ဇာ၏ အဖုံးအလွှမ်းခံရသောကြောင့် ထိုမိမိခန္ဓာကိုယ်မှ ဒုက္ခကိုမိမိကိုယ်တိုင်မသိခဲ့ရပေ၊ ထိုဒုက္ခသစ္စာကို ဖုံးလွှမ်းထားသော တရားသည် အဝိဇ္ဇာဖြစ်သည်ဟု အကြင်အခါ၌ ငါ့အားသိတတ်သော ဝိဇ္ဇာတရားသည်ပေါ်၍လာ၏၊ ထိုဝိဇ္ဇာကို ငါသည်ကူညီအားပေးခြင်းဖြင့် ဒုက္ခသစ္စာဆင်းရဲ အမှန်ကို ဖုံးအုပ်ထားသောအဝိဇ္ဇာအမှောင်ထုကို ဖြိုခွဲဖျက်ဆီးလိုက်လေပြီ၊ထိုအခါတွင် အဝိဇ္ဇာအဖုံးပွင့်ထွက်သွားသဖြင့်-ပေါ်ထွက်လာသောအမှန်တရား ဒုက္ခသစ္စာများသည် ထင်ထင်ရှားရှား၊တဖွားဖွားဖြင့် ငါ့အားဉာဏ်၌မြင်လေပြီ၊ ယင်းကဲ့သို့ဝိဇ္ဇာဉာဏ်၏ သတ္တိကြောင့် အဝိဇ္ဇာကွာ၍ သိရသော ဤရုပ်နာမ်ဒုက္ခကား သံသရာတခွင်တွင်အဆင်းရဲဆုံးသော ဒုက္ခတရားပေတကား-ယင်းဒုက္ခထက်ကြီးသောဒုက္ခ မရှိတော့ပေ ဟူ၍ထိုရုပ်နာမ် ဒုက္ခသစ္စာအပေါ်၌ပိုင်းခြားကုန်စင်'သိမြင်ပြီးပြီ'ဟူသော သဘောသည် ဝိဇ္ဇာဉာဏ်သဘောဟူ၍ ငါ့ခန္ဓာဉာဏ်အတွင်းထင်လင်းပေါ်ပေါက်၍လာလေပြီ။

**'အာလောကောဥဒပါဒိ'** ပါဠိတော်အရ- ဤခန္ဓာရုပ်နာမ်သည် ဉာဏ်အရောင်အလင်း မဝင်ရောက်ပါက လုံးဝအမှောင်ဓာတ်ဖုံးအုပ်လျက်ရှိလေသည်၊ အမှန်တရားဟူ၍လုံးဝ မတွေ့မသိရပေ၊ဝိဇ္ဇာဉာဏ်ပညာမျိုးမရှိသော ပုထုဇ္ဇန်တို့၏ ခန္ဓာတွင် အမြဲပင်အမှောင်အုပ်နေသဖြင့် အမှန်တရားကို မသိနိုင်ရကား-ငါ, သူ, လူ, နတ်, ပုဂ္ဂိုလ်, သတ္တဝါဟုထင်မှတ်မှားကြလေသည်၊ ငါသည်လည်း ဝိဇ္ဇာအလင်း

ဉာဏ်မရသေးမီ ရှေးအခါက ဤရုပ်နာမ်၏အမှန်တရား ဒုက္ခသစ္စာ ဆိုသည်များကိုမကြားခဲ့ရဘူးပေ၊ သို့တစေလည်း အမှန်တရားကိုသိရန်ရှာဖွေနေသောငါ့အား အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်သော ဝိဇ္ဇာဉာဏ်သည် – အကြင်အခါ၌ အားထုတ် ရှာဖွေခဲ့နေသောငါ၏ဉာဏ်အား ကောင်းစွာထင်လာ၏၊ ထိုအခါ၌ ငါသည် ဘဝများစွာသံသရာမှ ဤခန္ဓာရုပ်နာမ် အမှောင် ဓာတ်ကြောင့် မှားယွင်းစွာမှတ်မှု, သိမှု, ယူဆမှု,အားလုံးသည်အမှားချည်းသာဖြစ်ပေတကား—ဟုခန္ဓာကိုယ်တွင်း ဉာဏ်အရောင်လင်းသဖြင့်လက်ငင်း သိမြင်ရသော 'ဒုက္ခသစ္စာ'တရားသည်-ဝိဇ္ဇာဉာဏ် အလင်းရောင် ကြောင့် ဆင်းရဲကုန်စင်ဉာဏ်၌မြင်သဖြင့် ဤဒုက္ခသစ္စာရုပ်နာမ်မှာကား ဆင်းရဲစင်စစ်ကေန်ဖြစ်၏၊ ရုပ်နာမ်နှစ်ပါး အလွတ်ထား၍ 'ဤကားငါပင်,ဤလျှင်နတ်ပဲ, အထင်လွဲစရာ ဘာတခုမျှမရှိသည် ကိုသေချာတိတိ အမှန်ကိုသိမြင်သောငါ့အား ဝိဇ္ဇာဉာဏ်အလင်းဓာတ်သည်ထင်ရှားကေန် အမှန်ဖြစ်၍လာသတည်း။'

ဤကား ဒုက္ခသစ္စာ၌ ကတဉာဏ် စိပ်ငါးပါးတည်း။

ဒုက္ခသစ္စာပြီး၏။

....၀....

'ဒုက္ခသမုဒယသစ္စာ၌ဉာဏ် ၃ ပါးဖြစ်ပုံ'

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား ဒုက္ခသစ္စာ၌ သစ္စဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ်အားဖြင့် ၃ ပါးဖြစ်ပုံ-ထိုဉာဏ်တပါးတပါး တွင်လည်း စက္ခုံဥဒပါဒိစသော ဉာဏ်စိပ် ၅ ပါးဖြစ်ပုံကို ဟော တော်မူပြီးသည်နောက် ထိုဒုက္ခသစ္စာ ဖြစ်သော ရုပ်နာမ်တို့ဖြစ်

ကြောင်း 'ဒုက္ခသမုဒယအစ္စာ'ကို အစိပ်စိပ်အားဖြင့် ဟောတော်မူပြန်သည်ကား—

'သစ္စဉာဏ်' 'ဣဒံဒုက္ခသမုဒယံအရိယသစ္စန္တိမေဘိက္ခဝေ။ပ။ အာလောကောဉဒပါဒိ'

'ကိစ္စဉာဏ်' 'တံခေါပနိဒံဒုက္ခသမုဒယံ အရိယသစ္စံ၊ ပဟာတဗ္ဗန္တိမေဘိက္ခဝေ။ပ။ အာလောကောဉဒပါဒိ'

'ကတဉာဏ်' 'တံခေါပနိဒံဒုက္ခသမုဒယံ အရိယသစ္စံ၊ ပဟီနန္တိမေဘိက္ခဝေ။ပ။ အာလောကောဉဒပါဒိ'

ဟုဟောတော်မူသည်၊ 'အိုပဋ္ဌဝဂ္ဂီတို့ငါဘုရားသည် အစမထင်သော ဘဝသံသရာတခွင်၌ကျင်လည်ရှိလာခဲ့ရာ ရုပ်နာမ်ခန္ဓာဒုက္ခသစ္စာ၏ ဖြစ်ကြောင်းအမှန်ကိုရှာဖွေခဲ့ပါသော်လည်း အလွန်တရာသိမ်မွေ့နက်နဲခက်ခဲသည့်၏အဖြစ်ကြောင့်မူရင်းလက်သည်ကိုရှာရင်းနှင့်ပင် တဘဝတခန္ဓာဆုံး၍ နောက်တဘဝဖြစ်လာရပြန်သည်၊ဖြစ်လို့သာ ဖြစ်ခဲ့သည်ဖြစ်ကြောင်းတရားကိုငါမမြင်ခဲ့၊ငါမသိခဲ့ချေ၊သို့ရာတွင် ဉာဏ်နှင့်စေ့ငုရှုကြည့်နိုင်ရာ ယခုအခါ၌ကား-ထိုဒုက္ခ ခန္ဓာအိမ်ကို ဘဝထပ်ကာကြိမ်ဖန်များစွာ ဆောက်လုပ်လာသူမှာ-တဏှာဟူ၍ ရင်း,လောဘဟူ၍ရင်း၊,ရာဂဟူ၍ရင်း အတိအကျငါသိရလေသောကြောင့်—

'ပုနပ္ပုနံ-အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန်အခေါက်ခေါက် ကရွတ်ကင်း၊လျှောက်သကဲ့သို့၊ ဇာတိ-နရက်ဘဝင်

အောက်ထက်ပြန်လှန် ဆန်ချည်စုန်ချည် ဆုံလည်နွားနှုန်း သွားမဆုံးသည့်သုံးဆယ့်တဘုံ ဝဋ်မြုံဝဋ်ကြွင်း ဝဋ်နယ်တွင်းဝယ်မကင်းနိုင်ရာ ကြမ္မာဝိပါက်ကွန်ချာယှက်သို့ဆက်ဆက်မသွေ တည်နေပေါက်ဖွား အဖြစ်များရခြင်းသည်၊ ဒုက္ခာ-အိုဘေး, နာဘေး, သေဘေး အနန္တ ဒုက္ခအသီးသီးဆယ့်တမီးတို့ ငြီးငြီးထိန်ပြောင် တောက်လောင်မစဲအလွန်ပင်ဆင်းရဲလှချေ၏၊ တသွာ-ထိုသို့ ဇာတိသန္ဓေတည်ရှိနေမှုအို-သေ-နာခြင်း လောင်တိုက်တွင်းသို့ သက်ဆင်းရမှာလောင်စာကောင်းဖြစ်ရန်မလွဲဆင်းရဲအထွေထွေများလှလေသောကြောင့်၊ ဂဟကာရ-လောင်စာ ထင်းနှင့်မယွင်း တူစွာခန္ဓာအိမ်တွေအသချေ်ကိုအနေမပျက်မီးချင်းသှက်ရှိတုံးတက်စည်ကား ပွားကြီး ပွားအောင် ရှည်လျားမြင့်ကြာကမ္ဘာမှာဝယ်ခါခါတည်ဖန် စီမံကြည့်ကြပ် ဆောက်လုပ်တတ်သော ဝဋ်ဇာတ်မူလ ဘဝတဏှာ ဗိသုကာယောကျ်ားသင်လက်သမားကို၊ ဂဝေသန္တော-ဘယ်သူဘယ်ဝါ ဗိသုကာဟု သေချာမိမိ မသိသမျှ မရမနေ ကမ္ဘာကြေအောင်ဆယ်ထွေသုံးလီ ပါရမီဗိုလ်ပုံ တပ်ပေါင်းစုံနှင့် ဝိုင်းအုံထောက်လှမ်း အပန်းတကြီးရှာမှီးတော်မူသော၊ အဟံ-သုံးလူထွဋ်ထား ငါဘုရားသည်၊ အနိဗ္ဗိသံ-အဝိန္ဒန္တော-ထောင်မရောင်နေမင်း ထွက်ပြူကျင်းသို့ ထွန်းလင်းထိန်ဝါတေဇာတုလွတ် အထွဋ်သရဖူ - သဗ္ဗညုဟု-တဆူထီးထီးဉာဏ်တော်ကြီးကို အပြီးသိမ်းချုပ် လက်ဆုပ် လက်ကိုင်ပိုင်ပိုင်ကြီး မရနိုင်သောကြောင့်၊ အနေကဇာတိသံသာရ-

ဘဝဘဝါ ဤမျှသာဘု သချ်ာဂဏန်း ဆုံးခမ်းမရှိ ဇာတိ မြားမြောင် ပတ်နှောင်သေချာ သံသရာသမုတ် ဝဲဇလုပ် ကြီးထဲ၌၊ သန္ဓာဝိသံ-သံသရိ ·ကောင်းဆိုးနှစ်ဖြာ ကြမ္မာ သုတ်သုတ်လှိုင်းလေပုတ်၍ မြုတ်တုံ ပေါ်တုံစုန်ဆန် တက် သက်နားကွက်မရလက်မှိုင်ချ၊ လျက်ဘဝကြာရှည်ကျင်လည် ကျက်စားပြေးသွားခဲ့ရလေပြီ၊

ဂဟာကာရက-ခန္ဓာအိမ်တွေ အသခေ်ျကို အနေမပျက် မီးချင်း ယှက်၍ တိုးတက်စည်ကား ပွားကြီးပွားအောင် ရှည်လျားမြင့် ကြာကမ္ဘာမ္ဘာဝယ် ခါခါတည်ဖန် စီမံကြီးကြပ်ဆောက်လုပ်တတ် သော ဝဋ်ဇာတ်မူလ ဘဝတဏှာ ဗိသုကာယောကျ်ား ဟဲ့လက် သမား၊ ဒါနိဗ္ဗဒါနိ-အပရာဇိတ ဌာနအောင်မြေ ပလ္လင်ဗွေဝယ် ရွှေဉာဏ်တော်ကြီး ဇိတန်ထီးကို ၌အပြီးပိုင်သ ရတော်မူရာ ယခု အခါ၌၊ဒိဋ္ဌေဝအနုမတဂ္ဂ-ဘဝတခွင် တက်တက်စင်အောင်ရှင် သေ ရတ်ရက် ရှုတ်ယှက်ပွေလိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဆောက်လတ် သင့်အတတ်ဟု ဆတ်ဆတ်မုချ ကျနသင်ထင် လင်းလင်း၊ကြီးမြင် အပ်သည်၊အသိ-အထင်အရှား ဉာဏ်မျက်ဝါးဖြင့် ဘွားဘွားကြီး ပေါ်ပေါက်ခဲ့လေပြီ၊

ယသ္မာ-အကြင့်ကြောင့်၊တေ-ဘဝတဏှာ ဗိသုကာယောကျ်ား သင်လက်သမား၏၊ သဗ္ဗာ-ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော၊ ဖါသု ကာ-တထောင့်ငါးရာ ကိလေသာဟူ ခန္ဓာအိမ်တွင်း အချင်ရနယ် အသွယ်သွယ်တို့ကို၊ ဘဂ္ဂါ-ဝေဒန္တဂူသယမ္ဘူမြဂ် စက်ဝရဇိန်ပစ်ချိန် အားလုံးလက်စတုံးအောင် ချေမှုန်းတော်မူအပ်ကုန်ပြီ၊

ဂဟာကူဋ်·သစ္စာစွားလေးချက် သဘောနက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာ တည်းဟူသော ခန္ဓာအိမ်၏ အထွဋ်ကြီးကို၊ ဝိသင်္ခါတံ- အရဟတ္တမဂ် စိန်သံလျက်ဖြင့် ချိုးဖျက်ခုတ်ထွင် သုတ်သင်ပယ်ရှင်းတော်မူအပ်ပြီ၊ စိတ္တံ-အဝိဇ္ဇာနှင့် တဏှာညစ်နွံကြွး ကင်းစင်ဝေးသော ငါဘုရား၏စိတ်သည်၊ ဝိသင်္ခါရဂတံ ရုပ်နာမ်ဓမ္မသင်္ခါရတို့ ကွယ်ပကင်းသည်း ဆုံးရာအမှန် နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်တော်မူလေပြီ၊ တဏှာနံ-တရာ့ရှစ်ဖြာ တဏှာမိုးမှောင် အမိုက်ကောင်တို့၏ ခယံ-ကုန်ရာ ခမ်းရာ အာသဝက္ခယ ထက်မြက်လှသော အတုလမာရဇိန် ရန်နှိမ်လက်နက် အရဟတ္တမဂ် ဉာဏ်တော်ကြီးကို၊ အဇ္ဇဂါ-သင်္ချေလေးထပ် တသိန်းကပ်လွန် အမွန်ရှည်ကြာ ကမ္ဘာမ္ဘာဝယ် ဆယ်ဖြာသုံးလီ ပါရမီအဟုန် ဆယ်စုံဝိပဿနာ ရှိန်တေဇာဖြင့် ကောင်းစွာ ပိုင်ပိုင် လက်ဆုပ် လက်ကိုင် ရရှိတော်မူလေပြီ၊ တသ္မာ-ထိုသို့ ခန္ဓာအိမ်ကို နကိုလက်စ ဆက်မရပဲ မွမွကြေသုံ့ဦး ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်းတတ်စွာ မဟာဗောဓိသိရိလျှံပြိုင် ဉာဏ်ဦးခိုင်ကို ကိုယ်ပိုင်ကျင့်နည်း လက်ဆုပ်လက်ကိုင် ရပြီးသောကြောင့်၊ တွံ·ဘဝတဏှာ ဗိသုကာပေါကျား သင်လက်သမားသည်၊ ပုန-နောက်ထပ် တဖန် ခေါက်တုန့်ပြန်၍၊ ဂေဟံ·အတ္တဘောဟု ခေါ်ပြောသမုတ် နာမ်ရုပ်နှစ်ဖြာ ခန္ဓာအိမ်အသစ်ကို၊ နကာဟသိ·သုံးထောင် ထက်ဝက် ကိလေစက်ဟု တွဲဖက်ရှိနေ တပည့်တွေနှင့် မနေမနား ကြိုးစားကြံဖန် စီမံအားထုတ် မဆောက်လုပ်ရတော့လတ္တံ့သတည်း။

## (လုယ်တိဦးပဒ္ဒုမ၏အနက်)

ဤကဲ့သို့ ငါဘုရားဖြစ်စတွင် ဥဒါန်းကျူးနိုင်လောက်သော တဏှာသတ်အောင်ပွဲ ခံခဲ့ရသည်အထိ သိရမြင်ရသော အသိဉာဏ်ကို-ရှေးသောအခါက သံသရာဝဋ်ဒုက္ခ၏ လက်သည်သည် တဏှာဖြစ်၏ဟူ၍ ကြားပင်မကြားဘူးသော တရားတို့၌ ငါ၏အသိဉာဏ် မှန်ကန်မှုကြောင့် သိမြင်လာရသော တဏှာဟူသည့် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ငါသိခဲ့ရလေပြီ၊ ထိုငါသိရသော သမုဒယ တဏှာဟူသည်။

၁·'အာယူဟနဋ္ဌ' ဒုက္ခသစ္စာဟူသောရုပ်နာမ်တရား နှစ်ပါးကို ဖြစ်ပွါးအောင်အားထုတ်ခြင်းအနက်သဘော–

၂·'နိဒါနဋ္ဌ' ဒုက္ခသစ္စာ ဟူသော ရုပ်နာမ်တရား နှစ်ပါး၏ ဖြစ်ပွါးပေါ်ပေါက်လာရန် အကြောင်းရင်း ဟူသော အနက်သဘော–

၃-'သံယောဂဋ္ဌ' ကိလေသဝဋ္ဋ-ကမ္မဝဋ္ဋ-ဝိပါကဝဋ္ဋဟု ဆိုအပ်သော ဝဋ္ဋသုံးပါး၌ အမြဲယှဉ်ခြင်း အနက်သဘော–

၄·'ပလိဗောဓဋ္ဌ' ဝဋ္ဋသုံးပါးမှ မထွက်မြောက် စေခြင်းငှါ နှောက်ယှက်ပိတ်ပင်ခြင်း အနက်သဘော–

ဤလေးချက်သော အနက်သဘောအရ ပြည့်စုံ ညီညွတ်လာသောသတ္တဝါအား ဒုက္ခသစ္စာ(ဆင်းရဲ)ခန္ဓာကို ဖြစ်စေလေသည်

ရုပ်နာမ်ခန္ဓာကို လိုချင်သော တဏှာ, ဖြစ်ချင်အားကြီးသော ဥပါဒါန်ဖြစ်အောင် ပြုလုပ်ပေးသော ကံတို့စုံညီသောအခါ·သမုဒယသစ္စာဖြစ်ပြီးလျှင် ဇာတိ, ဇရာ, မရဏတို့ ဆက်၍ ဒုက္ခဖြစ်တော့သည်ဟု ငါ၏ဉာဏ်၌ဒုက္ခသမုဒယကို ပိုင်ပိုင်မိမိ တကယ်သိဖြစ်ပေါ်လာ၏၊ အဘယ်ကဲ့သို့ ပေါ်လာသနည်းဟူမူ-

**'စက္ခုံဥဒပါဒိ'** ရာဂ·တဏှာ-လောဘ စသည် ခေါ်အပ်သော တရားသည် ဆင်းရဲ ဖြစ်ကြောင်း (သမုဒယ သစ္စာ)ပင်တည်းဟု သိသော ပညာမျက်စိသည် ထင်ရှားပေါ်လာ၏၊

**'ဉာဏံဥဒပါဒိ'** ထိုတဏှာသည် ရုပ်နမ်ဒုက္ခတို့ ဖြစ်ပွါးကြောင်းဟူ၍ ရှေးအခါက ငါသည် မကြားဘူးသော်လည်း·ပညာဉာဏ် ဖက်ထွဲ၍ ရှာဖွေသမှု ပြုအပ်သော်သာလျှင် တဏှာအစစ် လက်သည်ဖြစ်ကြောင်း ကောင်းစွာရှုကြည့် ဉာဏ်သတိကြောင့် သမုဒယ သစ္စာ·၌တဏှာကား-ဆင်းရဲအစစ် ဖြစ်ကြောင်းဖြစ်၏ဟု သိတတ်သော ဉာဏ်သည်·ထင်ရှားဖြစ်၏။

**'ပညာဥဒပါဒိ'** ရုပ်နာမ်နှစ်ပါး ဒုက္ခဟူသော ဆင်းရဲတရားတို့ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ တဏှာသမုဒယ ဖြစ်ကြောင်း သိမြင်ပြီးနောက်- ထိုတဏှာ သမုဒယမှတပါး ရုပ်နာမ်ဒုက္ခကို မည်သူမျှ·ပြုလုပ်သည်မဟုတ်ဟု ဝေဖန်ထောက်ချင့်၍ သိတတ်သော ပညာသည်·ရှေးအခါက မကြားမသိဖူးပါပဲယခုမှသိရပေ၏ဟု ပညာဉာဏ်သည် ဖြစ်ပေါ်၍လာလေပြီ။

**'ဝိဇ္ဇာဥဒပါဒိ'** ရုပ်နာမ်နှစ်ဖြာ ဒုက္ခာသစ္စာတရား၏လက်သည် သည်မည်သူမည်ဝါဖြစ်သည်ဟုအဝိဇ္ဇာ ဖုံးအုပ် ချက်ကြောင့်အမှန်ကိုအမှန်အတိုင်းမသိခဲ့ရပေ၊ယခုအခါသမ္မာဒိဋ္ဌိ ဟူသော ဝိဇ္ဇာဉာဏ်အလင်းရသဖြင့်-ရုပ်နာမ် ဒုက္ခတရား၏ ဒုက္ခ ဖြစ်အောင် ပြုလုပ်ဖန်တည်းသော တရားမှာ တဏှာသမုဒယ ဖြစ် သည်ဟု သိသော ဝိဇ္ဇာတရားလည်း ပေါ်ပေါက်၍လာလေပြီ။

**'အာလောကောဥဒပါဒိ'** ရုပ်နာမ် ဒုက္ခသစ္စာကို ဖြစ်ပွားစေ တတ်သောတရားအားအဝိဇ္ဇာအဖုံးအအုပ်အောက်တွင် ရှိနေသော အမှောင်နယ်တွင်းမှ တဏှာကို ဝိဇ္ဇာဉာဏ်တည်းဟူသော အလင်း တရားသည်-အဝိဇ္ဇာ အမှောင်ကို တိုက်ခိုက် ဖျက်ဆီး လိုက်ခြင်း ကြောင့်-ဆင်းရဲဒုက္ခ ရုပ်နာမ်ကို ဖြစ်စေသောတရားကို မြင်ရ သိရသည်မှာ ဝိဇ္ဇာအလင်းဓာတ် ပေါ်လာခြင်းကြောင့်ဟူသော အမှန်တရား ထင်ရှားဖြစ်၍လာချေပြီ၊

....o....

## 'ဒုက္ခသမုဒယသစ္စာ၌ ကိစ္စဉာဏ်စိပ် ၅ ပါးဖြစ်ပုံ'

ကိစ္စဉာဏ်ဟူသည်ကား-ထိုထိုသစ္စာ၏သဘောကို သိခြင်းသည် ကိစ္စဉာဏ် ဖြစ်သည်·၎င်းဒုက္ခ သမုဒယသစ္စာ၏ ကိစ္စသည် ပယ်အပ် သောကိစ္စ ဖြစ်သည်၊ ထို့ကြောင့် 'အိုပဋ္ဌဝဂ္ဂီတို့ ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) ဟူသည်·သဘော အားဖြင့် လိုချင် တပ်မက်မှု, လောဘတဏှာသာလျှင်ဖြစ်ပေသည်၊ထိုတဏှာဟူသည်—

**'ကာမတဏှာ'** ကာမနှင့်ပတ်သက်၍ အလိုရှိအပ်နှစ်သက်အပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့၌တပ်မက်တွယ်တာသောသဘောဖြစ်၏။

**'ဘဝတဏှာ'** အဖြစ်ဘဝနှင့် ပတ်သက်သော လိုချင်တပ်မက်မှု-အဖြစ်ဆာလောင်မှုသည်ဘဝတဏှာသဘောဖြစ်၏။

**'ဝိဘဝတဏှာ'** ဘဝပြတ်ခြင်း၌ လိုချင် တပ်မက်သော ဝိဘဝတဏှာ-ဘဝ (အဖြစ်) ပြတ်ခြင်းကို ဆာလောင်မှုသဘောဖြစ်၏။

ထို ၃ မျိုးတို့တွင် (ကာမတဏှာ)ကာမဆာလောင်မှုဟူသည် ကား-ကာမဟူသောဝတ္ထုရုပ်တို့၌ သာယာခင်မက် နှစ်သက်မြတ်နိုးမှုကြောင့်အမျိုးမျိုးသော မျက်စိ,နား,နှာ,လျှာကိုယ်စိတ်တို့၏ အလိုသို့လိုက်၍ အမျိုးမျိုးသော ဆင်းရဲခံစား တွေ့ကြုံနေကြရသည်ကား ကာမအပူအလောင် ကာမဆာလောင်မှုကြောင့်ရအပ်သော(ကာမာဒီနဝ)ကာမဂုဏ်တို့၏ အပြစ်ပေတည်း ထိုထိုအာရုံကာမဂုဏ်တို့ကို သာယာခင်မက် နှစ်သက်မြတ်နိုးသော သတ္တဝါအား၊ ထိုကာမသည် တွယ်တာမှုနှင့် အမြဲနှိပ်စက်၏၊ လိုချင်, သာယာ, ခင်မင်မှု တို့နှင့် အမြဲ နှိပ်စက်၏၊ ဝတ္ထုကာမ ဟူသော အကြောင်းကြောင့်-ကိလေသ ကာမ ဟူသော အရပ်ရပ်သော အတတ်ပညာတို့ကို ရှာဖွေသင်ကြားရ၏၊ သင်ကြားထားသော အတတ်ပညာတို့ဖြင့် အသက်မွေးဝမ်းကြောင်းပြုရ၏၊ ကုန်သွယ်ရ၏, လယ်လုပ်ရ၏, မင်းမှုထမ်းရ၏, နွားကျောင်းရ၏၊ အအေး,

အပူ, မှုက်, ခြင်, ယင် စသည်အကိုက်အခဲ-ရာသီဥတု၏ ဖေါက်ပြန်မှု ဒဏ်ခံ၍အသက်မွေးရ၏၊ဤသည်တို့မှာ မျက်မှောက်ဘဝ ပစ္စက္ခ၏ ဒိဋ္ဌတွေ့ကြုံနေရသော ကာမဆာလောင်မှု၏၊ ဝါ-ကာမ တဏှာ၏ အပြစ်မဟုတ်လော၊

တဖန်ထိုသို့ကာမဘဏှာဆာလောင်မှုတို့ကြောင့်အမှုကိစ္စမျိုးစုံ အောင်အဖုံဖုံရှာဖွေလုပ်ကိုင်တိုင်းအလိုမပြည့်ပါက စိုးရိမ်, ပင်ပန်း, ငိုကြွေးရခြင်း, တွေဝေမိန်းမောရခြင်းစသော အပြစ်များကြောင့်- 'ငြောင်ငါ့အားကြိုးစားပါလျက် အချည်းနှီးပါတကား၊ငါ၏ကြိုး စားမှုသည်-အကျိုး မရှိပါတကား'ဟု- ညီးညူ စိတ်ပျက် ရခြင်း သည်၊ မျက်မှောက် ဌပင် သိမြင်ခံစားရသော-ကာမ တဏှာ-ဆာ လောင်မှု၏ အပြစ်မဟုတ်လော၊

ထိုပြင် ယင်းသို့ကာမတဏှာ ပူလောင်စွာကြောင့် လုံ့လကြိုး ကုတ်အားထုတ်သဖြင့်အလိုရှိတိုင်းသောဥစ္စာပစ္စည်းကို ရခဲ့ငြားအံ့၊ ထိုစည်းစိမ်ဥစ္စာကို မပျောက်မပျက်အောင် ထိန်းသိမ်း စောင့် ရှောက်မှုဒုက္ခ၊ 'ငါ၏ပစ္စည်းဥစ္စာတို့ကို ရေ, မီး, မင်း, ခိုးသူ,မချစ် မနှစ်သက်သော သူတို့သည် မယူကြပါစေနှင့်-မပျက်စီးပါစေနှင့်' ဟု-စိုးရိမ်ကြောင့်ကြရသောဒုက္ခဖြစ်ရပါသော်လည်း-ထိုရန်သူမျိုး ငါးပါးတို့ ဖျက်ဆီးခြင်းကို ခံရအံ့၊ ထိုအခါ စိုးရိမ်, ပင်ပန်း, ငိုကြွေးရခြင်းစသည်ဖြင့် 'ငြော်-ငါရှာဖွေလာရသောဥစ္စာပစ္စည်း တို့သည်ယခုမရှိတော့ပါတကား'ဟုတွေဝေမိန်းမောခြင်းသို့ရောက် ရ၏၊ ဤ(ဒုက္ခ)ဆင်းရဲမျိုး ခံစားရခြင်းသည် မျက်မှောက်ဘဝ ပစ္စက္ခ၏ဒိဋ္ဌကိုယ်တွေ့သိမြင်ခံစားရသော ကာမတဏှာ ဆာလောင် မှု၏အပြစ်ပင် မဟုတ်လော။

ထို့အပြင် ကာမတဏှာပူလောင်စွာကြောင့်-မင်းနှင့်မင်းချင်း, တိုင်းပြည်အချင်းချင်း, ကုန်သည်အချင်းချင်း, သူဌေးအချင်းချင်း, လယ်သမားအချင်းချင်း, အလုပ်သမားအချင်းချင်း, ဆင်းရဲသားအချင်းချင်း, သားနှင့်အဖ, ညီအကိုမောင်နှမ စသည်တို့ အချင်းချင်း ငြင်းခုန်ခိုက်ရန် ဒေါသဖြစ်ကြလျက် ထိုးခုတ်သတ်ဖြတ်ကြသောကြောင့် သေကြေဒဏ်ရာရကြသော ဆင်းရဲသည်ဖြစ်၏၊ထိုဆင်းရဲစုဟူသမျှသည် ကာမတဏှာ ဆာလောင်မှု၏ အပြစ်မဟုတ်လော၊

နောက်ဆုံးတွင်ကာမတဏှာအပူအလောင်ကြောင့်သူ့အသက်သတ်မှုစသော ကာယဒုစ္စရိုက်ကိုလည်း ပြုမိ၏၊ မုသာဆိုခြင်းစသော ဝစီဒုစ္စရိုက်ကိုလည်း ကျူးလွန်မိ၏၊ မလိုမုန်းထားခြင်း· မကောင်းကြံခြင်းစသောမနောဒုစ္စရိုက်ကိုလည်း ကျူးလွန်မိ၏၊ထိုထိုဒုစ္စရိုက်ကျူးလွန်မိခြင်းကြောင့် သေပြီးသည်မှ နောက်ကာလ၌ အပြစ်ရှိသူတို့ ကျရာ·အပါယ်လေးပါးသို့ ဖရိုဖရဲပြိုကွဲ ကျရောက်ရ၏၊ဤကဲ့သို့သောအပြစ်များသည်·ထိုကာမတဏှာ-ဆာလောင်မှု၏တမလွန်ဘဝ နောင်ကာလတွင် တွေ့ကြုံခံစားရမည့် ကာမတဏှာ၏အပြစ်မဟုတ်လော၊

(မူလပဏ္ဏာသ မဟာဒုက္ခက္ခန္ဓသုတ်ကိုမှီး၍ ဆိုလိုက်သည်)

ထိုဒုက္ခဖြစ်ကြောင်း သမုဒယတဏှာတွင် ဘဝတဏှာ (အဖြစ်ဆာလောင်မှု)လည်း ရှိသေး၏၊ တမလွန်ဘဝ နောင်ကာလတွင် လူဖြစ်လို၏,နတ်ဖြစ်လို၏,ဗြဟ္မာဖြစ်လို၏၊ လူဖြစ်လိုလျှင် လူဖြစ်ကြောင်း ကုသိုလ်ကောင်းမှုကို ရှာကြံလုပ်ရ၏၊ နတ်ဖြစ်လိုလျှင်

နတ်ဖြစ်ကြောင်း ကုသိုလ်ကောင်းမှုကို ရှာကြံလုပ်ရ၏၊ ဗြဟ္မာဖြစ်လိုလျှင် ဗြဟ္မာဖြစ်ကြောင်း ဈာန်, ကသိုဏ်း, ဘာဝနာ (မဟာဂ္ဂုတ်)ကုသိုလ်တွေ ရှာကြံလုပ်ရ၏၊ ထိုသို့ ပြုလုပ်ရခြင်းသည် သက်သာလှသည်မဟုတ်ချေ၊ သက်သာသည်ဟုပင် ထား ဘိဦး၊ မိမိတို့ ဖြစ်ခြင်သော ဘဝ, ရချင် လိုချင်သော ဘဝကို သဿတဒိဋ္ဌိ အဖြစ်ခံ၍ ရယူရ၏၊ ဤကားဘဝတဏှာ အဖြစ်ကို လိုချင်တွယ်တာမှုကြောင့် ဖြစ်ရ,တွေ့ကြုံရသော အပြစ်တို့တည်း၊

တဏှာသုံးပါးတို့တွင် ဘဝအဖြစ်လို အရမ်းဖြတ်တောက်လိုမှုသည်လည်း ဤခန္ဓာကိုယ် ရှိနေသရွေ့ နေမှု, ထိုင်မှု, ရှာဖွေစားသောက်ရမှု ဒုက္ခသည် အလွန်ကြီး၏၊ အိုမှု,နာမှု, သေမှု ဒုက္ခသည် အလွန်ကြီး၏၊ သို့အတွက်·ဒုက္ခကိုမတွေ့လို-ဆင်းရဲကို မရလိုဟု·မိမိ ကိုယ်ကို·ချမ်းသာလို - ကောင်းလိုသော - တွယ်တာ, ညွှတ်တာလိုသည့်အတွက် ဘဝကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် တစုံတရာ ဘာမျှမပြုပဲနေသော ဥစ္ဆေဒဒိဋ္ဌိ အယူ ဖြစ်ရပြီးလျှင် အပါယ်ဆင်းရဲမှ မလွတ်နိုင်အောင် ဒုက္ခတွေ့နေရသည်ကား ဝိဘဝတဏှာ-ဘဝ မဖြစ်ရာကို တွယ်တာမှုကြောင့် တွေ့ကြုံရသော အပြစ်တို့တည်း၊

အို ပဉ္စဝဂ္ဂီတို့·ထိုထို ဖြစ်ရသောအပြစ်တို့သည်·လောဘတဏှာ သမုဒယကြောင့်ဖြစ်သည်ဟူ၍ ငါသည် ရှေးဘုရားမဖြစ်မီ အခါ များက ကြားပင်မကြားဖူးသော တရားတို့ကိုဉာဏ်အား လျော်၍ သိရသောအခါ ဒုက္ခသစ္စာဖြစ်သော ဤရုပ်နာမ် ခန္ဓာသည် ဖြစ်အောင်လုပ်သော သမုဒယတဏှာကြောင့်=ဟုသိရပြီးနောက်·

ထိုဒုက္ခရုပ်နာမ်ကို ဒုက္ခဟူ၍ သိသောအခါ-နောင်ဒုက္ခတခု မဖြစ်လိုသဖြင့်-ဖြစ်အောင်လုပ်တတ်သော သမုဒယသစ္စာ ဤတဏှာကို ပယ်သတ်ရမည်ဟု သိအပ်သော တရားတို့၌—

| | |
|---|---|
| **'စက္ခုံဥဒပါဒိ'** | ဉာဏ်မျက်စိသည်ဖြစ်ပြီ၊ |
| **'ဉာဏံဥဒပါဒိ'** | ဉာဏ်အသိသည်ဖြစ်ပြီ၊ |
| **'ပညာဥဒပါဒိ'** | အသိပညာသည်ဖြစ်ပြီ၊ |
| **'ဝိဇ္ဇာဥဒပါဒိ'** | တဏှာကို ပယ်နိုင်သော ဝိဇ္ဇာသည်ဖြစ်ပြီ၊ |
| **'အာလောကောဥဒပါဒိ'** | တဏှာကို သိမြင်နိုင်သောပညာအလင်းရောင်ဖြစ်ပြီ၊ |

ဤကား ဒုက္ခသမုဒယသစ္စာ၌ ကိစ္စဉာဏ်စိပ်-၅ ပါးတည်း။

## 'ဒုက္ခသမုဒယသစ္စာ၌ ကတ ဉာဏ်စိပ် ၅-ပါးဖြစ်ပုံ'

ကတဉာဏ်ဟူသည်ဆိုင်ရာသစ္စာ၏ကိစ္စအလုပ်အပြီးအပိုင်ပြီးဆုံးသောသဘောကို သိခြင်းဖြစ်လေသည်၊ ဤ၌ သမုဒယဟူသော ဆင်းရဲခန္ဓာ၏ဖြစ်ကြောင်း (ဒုက္ခသမုဒယ) အမှန်ဉာဏ်သည်ပြီးဆုံးကြောင်းမည်ကဲ့သို့ သိပါသနည်းဆိုသော်—

အို ပဥ္စင်္ဂီတို့ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ ဖြစ်ခြင်းအကြောင်း၌ လောဘတဏှာသာ အရင်းခံဖြစ်သည်၊ ထိုလောဘ တဏှာသည် သုံးဆယ့်တဘုံတွင်းရုပ်နာမ်ရှိသတ္တဝါတိုင်းအား ဆင်းရဲအမျိုးမျိုးကိုဖြစ်စေ၏၊ အဆင်း ရူပါရုံနှင့် ပတ်သက်၍လည်း လိုချင်မှုလောဘ ကပ်ငြိမှုရာဂဖြစ်ရ၏၊ အသံသဒ္ဒါရုံနှင့်ပတ်သက်၍လည်း

လိုချင်မှုလောဘ, ကပ်ငြိမှု ရာဂဖြစ်ရ၏၊ အနံ့ ဂန္ဓာရုံ, အရသာ ရသာရုံ,အတွေ့ဖေါဋ္ဌဗ္ဗာရုံနှင့်ပတ်သက်၍လည်း လိုချင်မှုလောဘ, ကပ်ငြိမှု ရာဂ ဖြစ်ရ၏၊ ဤသို့စသည်အားဖြင့် ငါးစုအာရုံ ကာမဂုဏ်တရားတို့ကို မခွါ,မဖြတ်,မပယ်,မသတ်နိုင်သေးသောသတ္တဝါတို့အားထိုလောဘ တဏှာသည် အဆင်းရူပါရုံနှင့် ဖြားယောင်း သွေးဆောင်လျက် လိုချင်တပ်မက်မှုရှိသောသတ္တဝါအား ထိုစွဲမက်မှုဖြင့်သတ်၏-

'အသံသဒ္ဒါရုံနှင့် ဖြားယောင်း သွေးဆောင်၍ သတ်၏'
'အနံ့ ဂန္ဓာရုံနှင့် ဖြားယောင်းသွေးဆောင်၍ သတ်၏'
'အရသာ ရသာရုံနှင့်ဖြားယောင်း သွေးဆောင်၍ သတ်၏'
'အတွေ့ ဖေါဋ္ဌဗ္ဗာရုံနှင့်ဖြားယောင်းသွေးဆောင်၍ သတ်၏'

ထိုအာရုံငါးပါး ကာမဂုဏ် တရားတို့ကို ကပ်ငြိသောအခါ ထိုအာရုံနှင့် ဆိုင်ရာ အတွေ့အထိကို အခံဓါတ် ဖြစ်သော ရုပ်အာယတနတို့၌ အသီးအသီးရာဂစသောမီးတောက်သည် ဖြစ်၏၊ ဒေါသ မီးတောက်သည် ဖြစ်၏၊မောဟမီး,ဇာတိမီး,ဇရာမီး,ဗျာဓိမီး, မရဏမီး,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသမီးတို့သည် ဆက်တိုက်တောက်လောင်တော့သည်။

ကာမအာရုံနှင့်ပတ်သက်သော လိုချင်မှုလောဘသည် 'ကာမတဏှာ' ဖြစ်လာ၏၊ ဘဝအဖြစ်အာရုံနှင့် ပတ်သက်သောလောဘသည် 'ဘဝတဏှာ'ဖြစ်လာ၏၊ ဝိဘဝနှင့် ပတ်သက်သော လောဘသည်'ဝိဘဝတဏှာ'ဖြစ်လာ၏၊ ဘဝများစွာ မရေမတွက်နိုင်သော

ဖြစ်ခဲ့ရသည့် အဖြစ်တိုင်းသည် ကာမတဏှာလက်ချက်နှင့် ဘဝအဖြစ်မရေမတွက်နိုင်အောင်ဆင်းရဲဖြစ်ခဲ့ရပြီ၊ယင်းသို့ပင်တဏှာကဖြစ်စေသဖြင့်-ဘဝတဏှာအဖြစ်နှင့်၎င်း, ဝိဘဝတဏှာ အဖြစ်နှင့်၎င်းဘဝအဖြစ်မရေမတွက်နိုင်အောင်ဆင်းရဲအနန္တဖြစ်ခဲ့ရပြီ၊ဤသို့လျှင် ဒုက္ခခန္ဓာကိုယ်ရရှိလာ၍ ဆင်းရဲအဖုံဖုံ-ဒုက္ခမျိုးစုံနေရသောသတ္တဝါမှာ-ထိုဒုက္ခကို၎င်း, ထိုဒုက္ခအဖြစ်ကိုရအောင် ပြုလုပ်ပေးသောတဏှာကို၎င်း မသိရသည့်အတွက်-ဝါ-ထိုဒုက္ခသစ္စာသမုဒယသစ္စာတို့ကို မသိနိုင်အောင် ဖုံးလွှမ်းပေးသောအဝိဇ္ဇာကြောင့် ပိုးဖလံမျိုးမီးကိုဝင်တိုးသည့်ပမာ-

'ဝိပါကော ကမ္မသမ္ဘဝေါ'

'ရုပ်နာမ်ဒုက္ခခန္ဓာ ရရှိခဲ့ပြီး ရုပ်နာမ်ဒုက္ခနှင့် နေသောသတ္တဝါသည်-ထိုရုပ်နာမ်ဒုက္ခကိုထပ်မံ၍ ရစေတတ်သော 'ကံ' 'သမုဒယ'ကိုပင်ထပ်မံ၍ လုပ်ပြန်သည်'

ယင်းသို့ပင်သမုဒယက ဒုက္ခကိုပြုလုပ်-ဒုက္ခကသမုဒယကိုပြုလုပ်ခြင်းအားဖြင့် ဒုက္ခသံသရာသည် ဘယ်ခါမှမပြတ်တော့ပေ၊ထိုသို့ရုပ်နာမ်ခန္ဓာ,အာယတန,ဓာတ်တို့ မပြတ်ဖြစ်ရသည် သံသရာဖြစ်သောကြောင်-ဒုက္ခသံသရာကို ဖြစ်စေတတ်သော လိုချင်မှုလောဘတဏှာသည်-သံသရာ၏ ရေသောက်မြစ် ဖြစ်ပေသည်၊ ထိုသံသရာရေသောက်မြစ်ကို မဖြတ်ပဲ မည်သည့်သတ္တဝါမှ ဒုက္ခသံသရာကမထွက်မြောက်နိုင်၊ သံသရာဒုက္ခ, ခန္ဓာဒုက္ခမှ လွတ်မြောက်လိုသူသည်ရေသောက်မြစ်ဖြစ်သော သမုဒယသစ္စာကို 'ပယ်ပြီးပြီ'ဟူ၍-

ငါသည်-ဤသို့သစ္စာကိုမသိမီရှေးအခါက နားမှလေသံ ကြားပင် မကြားဘူးကုန်သော ဤသစ္စာတရားတို့၌-

| | |
|---|---|
| 'စက္ခုံဥဒပါဒိ' | ဉာဏ်မျက်စိသည် ဖြစ်ပြီ၊ |
| 'ဉာဏံဥဒပါဒိ' | ဉာဏ်အသိသည် ဖြစ်ပြီ၊ |
| 'ပညာဥဒပါဒိ' | အသိပညာသည် ဖြစ်ပြီ၊ |
| 'ဝိဇ္ဇာဥဒပါဒိ' | တဏှာကို ပယ်ပြီးသော ဝိဇ္ဇာသည် ဖြစ်ပြီ၊ |
| 'အာလောကောဥဒပါဒိ' | တဏှာကိုပယ်သဖြင့်ပညာအလင်းရောင်သည်ဖြစ်ပြီ၊ |

ဤကားဒုက္ခ သမုဒယသစ္စာ၌ ကတဉာဏ်စိပ် ငါးပါး ဖြစ် သတည်း။

....o....

'ဒုက္ခ နိရောဓသစ္စာ၌ ဉာဏ် ၃ ပါးဖြစ်ပုံ'

ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် ဣသိပတန မိဂဒါဝုန်တော၌ ကောဏ္ဍညထေရ်အမှူးရှိသော ငါးယောက်အစု(ပဉ္စဝဂ္ဂီ)တို့အား မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ဒုက္ခသစ္စာ, ဒုက္ခသမုဒယသစ္စာဟူသော သံသရာဝဋ္ဋသစ္စာတို့ကို ဉာဏ် ၃ ပါးစီဖြင့်၎င်း, ဉာဏ်စိပ် ၁၅ ပါးစီဖြင့်၎င်း ဖေါ်ပြဟောကြားတော်မူပြီးနောက် ထိုဝဋ္ဋသစ္စာနှစ်ဖြာတို့၏ ငြိမ်းချုပ်မှန်စွာ နိရောဓသစ္စာကို ဆက်လက်၍ဟောတော်မူရာတွင် ဉာဏ် ၃ ပါးဖြင့် ဝေဖန်လိုရကား-

'သစ္စဉာဏ်' 'ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိမေဘိက္ခဝေ။လ။ အာလောကောဥဒပါဒိ'

'ကိစ္စဉာဏ်' 'တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ။လ။ အာလောကော ဥဒပါဒိ'

'ကတဉာဏ်' 'တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ။လ။ အာလောကော ဥဒပါဒိ'

ဟုဟောတော်မူသည်။

နိရောဓသစ္စာ ဟူသော သန္တိသုခ တရားသည်ကား ရုပ်နာမ်ခန္ဓာ၏ အသစ်တဖန်မဖြစ်ရာ, ချုပ်ရာ,ငြိမ်းရာ ဖြစ်၏၊ ထိုနိဗ္ဗာန်ဟူသောအငြိမ်းဓာတ်, အအေးဓာတ်,သည်-ဒုက္ခသမုဒယသစ္စာတို့၏ မဖြစ်ခြင်း အဖြစ် ငြိမ်းခြင်းပင် ဖြစ်သည်-မည်ကဲ့သို့သော အနက်သဘောကြောင့်ဒုက္ခနိရောဓဓာတ်သည်ရုပ်နာမ်ခပ်သိမ်းချုပ်ပြတ်ငြိမ်းရာသနည်း-ဝဋ်ဆင်းရဲသံသရာတို့မှ အဘယ်ကဲ့သို့ ကျွတ်လွတ်ထွက်မြောက်ပါသနည်းဆိုသော်-

၁-'နိဿရဏဋ္ဌ' အသစ်တဓာတ် နိဗ္ဗာန်မြတ်သည် ဝဋ်သုံးပါးမှ ထွက်မြောက်ရာဖြစ်၍ ရုပ်နာမ်ဒုက္ခတရားတို့ အသစ်မဖြစ် ချုပ်ငြိမ်းခြင်း အနက်သဘော-

၂-'ဝိဝေကဋ္ဌ' ဝဋ်သုံးပါးနှင့်မစပ် မယှဉ်သဖြင့် ဝဋ်ခန္ဓာရုပ်နာမ်တို့ ကင်းရာချုပ်ရာ အသစ်မဖြစ်ရာသော အနက်သဘော-

၃-'အသဲခ်တင္ဒ' ရုပ်နာမ်ဒုက္ခကို အကြောင်းတရားလေးပါး တို့က ပြုပြင်ဖန်တည်းပေးရသဖြင့် ဆင်းရဲ၏၊နိဗ္ဗာန်သည် အကြောင်းတရား တပါး ပါးတို့၏ ပြုပြင်ဖန်တည်း ရခြင်း မဟုတ် သဖြင့် ချုပ်ငြိမ်းခြင်း အနက်သဘော—

'၄-အမတင္ဒ' ဒုက္ခကို သမုဒယက ဖန်တည်းလိုက်သဖြင့်-အိုခြင်း, နာခြင်း, သေခြင်းသည် ဖြစ်၏၊ ယင်းအိုတတ်, နာတတ်, သေတတ်သော ရုပ်နာမ်ဒုက္ခတို့ မရှိသဖြင့် ထိုဒုက္ခတို့ချုပ် ခြင်းအနက်သဘော—

အားဖြင့် နိရောသစ္စာ၏အနက်သဘော ၄ ချက်ဖြစ်လေသည်။

....o....

## နိရောဓသစ္စာ၌-သစ္စဉာဏ်စိပ် ၅-ပါးဖြစ်ပုံ

အိုပဥ္စဝဂ္ဂီတို့-ငါသည် ဉရုဝေလတောတွင်ဒုက္ကရအကျင့်ကိုကျင့် နေရာမှသင်တို့စွန့်ခွါ သွားပြီးသည်နောက် သေနာနိဂုံး နေရဥ္စရာ မြစ်သာကန်းနားရှိဗောဓိပင်ရင်းသို့ကပ်လျက်တရားထူးရရန်အကြံ အစည်ဖြင့်ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး-၇ ရက်တိုင်တိုင်တခုတည်း သော ဣရိယာပုတ်ဖြင့် သမာပတ်ခံစားလျက် ၇ ရက်မှ အလွန် တွင် ထိုသမာပတ်မှထလျက် ကဆုန်လပြည့်ညဦးယာမ်တွင် ဒုက္ခ သစ္စာနာမ်ရုပ် သတ္တဝါတို့၏ဖြစ်စဉ် 'ပဋိစ္စသမုပ္ပါဒ်'ကို အစဉ်လိုက် နှလုံးသွင်းဆင်ခြင်ခဲ့သည်။

ထိုသို့ဆင်ခြင်သောအခါ ဒုက္ခသစ္စာ ရုပ်နာမ်သတ္တဝါသည်-အတိတ် သမုဒယသစ္စာလျှင် ဖြစ်ကြောင်းရှိ၏၊ သမုဒယကြောင့် ရုပ်နာမ်ဒုက္ခသစ္စာဖြစ်လာရ၏၊ ထိုရုပ်နာမ်ဒုက္ခသစ္စာသည် ဒုက္ခဖြစ်ကြောင်း သမုဒယကိုသာလျှင် ပြန်လည်ပြုလုပ်သဖြင့် ဒုက္ခသံသရာလည်သွားပုံ-ဆိုသံသရာဖြစ်ကြောင်း-လည်ကြောင်းမှာ-ဒုက္ခ သစ္စာနှင့်သမုဒယသစ္စာတို့သာ အပြန်အလှန်ဖြစ်နေကြပုံကို ဉာဏ်နှင့်ဒိဋ္ဌပါသိရပြီ၊

ထိုသို့သံသရာဟူသောပဋိစ္စသမုပ္ပါဒ်အဖြစ်ဇာတ်၌ဒုက္ခသမုဒယနှစ်ခုအပြင် အခြားဘာတခုမျှမရှိကြောင်းကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိအပ်ပြီ၊ထိုညဦးယာမ်တချိန်လုံးဉာဏ်နှင့်ဖိ၍အဖန်ဖန်ကြည့်သော်လည်းဒုက္ခသမုဒယ ယင်းနှစ်ဝမှတပါး အခြားမရှိပုံကို အစင်အကြယ်သိမြင်ရသောငါ့အား ယုံမှားသက်ာ ဝိစိကိစ္ဆာတို့ပယ်ခွါလွတ်ကင်း အမြင်ရှင်းလေပြီ။

ထိုနောက်တဖန် သန်းခေါင်ယာမ်၌ စက်ရဟတ်ပမာ ပဋိစ္စသမုပ္ပါဒ်သံသရာတွင်—

'ယထာပိ ဒုက္ခေဝိဇ္ဇန္တေ၊ သုခံနာမပိ ဝိဇ္ဇတိ၊
ဇဝံ ဘဝေဝိဇ္ဇမာနေ၊ ဝိဘဝေါ ပိစ္ဆိတဗ္ဗကော'

'လောက၌ဆင်းရဲဒုက္ခရှိသည်ရှိသော် တဖက်မှချမ်းသာလည်း ရှိသင့်ရာ၏၊

ထို့အတူဖြစ်ရာဘဝရှိသည်ရှိသော်-ဘဝမဖြစ်ခြင်းသည်လည်း၊ ရှိသင့်ရာ၏'ဟု ဆင်ခြင်ပြီးလျှင်-ဒုက္ခသမုဒယသာလျှင် ဖြစ်ရသည်ချည်းမဟုတ်-ဆိုဆင်းရဲသံသရာဖြစ်သော ဒုက္ခသမုဒယတို့ ချုပ်ရာ

အေးငြိမ်းသော နိဗ္ဗာန်ဟူသည့် နိရောဓတရားလည်း ရှိသင့်ရာ၏ဟု သံသရာအချုပ်တရားကို ဉာဏ်နှင့်ဆင်ခြင်လတ်သော်-

ရုပ်နာမ်ရှိ ဒုက္ခသစ္စာသတ္တဝါတို့သည် အိုမှု,သေမှုကို ရင်ဆိုင်တွေ့နေရသည်၊ထိုအိုမှု,သေမှုဒုက္ခသည်အဘယ့်ကြောင့်ဖြစ်သနည်းဟု တွေးဆဆင်ခြင်ဉာဏ်ဝင်လာသောအခါ-အဖြစ်ဇာတိနှင့်တကွဖြစ်အောင် လုပ်သော သမုဒယသစ္စာ-ကံ-တဏှာတို့ မရှိခဲ့သော်, ချုပ်ငြိမ်းခဲ့သော် ဇာတိအဖြစ် ဒုက္ခသစ္စသည်မရှိနိုင်တော့ပေ၊ ထိုသံသရာသစ္စာနှစ်ခု၌ ဖြစ်စေတတ်သော သမုဒယသစ္စာ ကံ တဏှာကိုဖြတ်နိုင်ခဲ့သော် ဒုက္ခရုပ်နာမ်တို့ ကင်းငြိမ်းချုပ်ပျောက် နိဗ္ဗာနဓာတ်သို့ မျက်မှောက်ပြုနိုင်ပုံကို ဉာဏ်ဖြင့်စင်ကြယ်စွာ သိမြင်ခဲ့ရာ ထိုအခါ၌ နိရောဓဓာတ် နိဗ္ဗာန်မြတ်သည်ကား ရှိသည်သာလျှင်တည်း ထိုနိရောဓဟူသည် အဖြစ်ဒုက္ခချုပ်သော 'ဒုက္ခနိရောဓ'ပင်ဖြစ်သည်၊ အဖြစ်ဒုက္ခ ဟူသည်မှာလည်း ဖြစ်ကြောင်း 'သမုဒယ' သည် အကြောင်းခံဖြစ်၍ ထိုသမုဒယဟူသောတဏှာ၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခဲ့သော်အဖြစ်ဒုက္ခချုပ်ငြိမ်းရသည်ဖြစ်သောကြောင့် 'ဒုက္ခနိရောဓသစ္စာ' ယင်းသို့သော ဒုက္ခနိရောဓသစ္စာဟူသည်ဖြစ်ကြောင်းသမုဒယသစ္စာ တဏှာ၏ ဝေးစွာစွန့်လွှတ်ရာဖြစ်သော တရားတည်းဟု-ငါသည် ဤအသိ မျိုးကို ရှေးအခါက-ကြားပင်မကြားရဘူးကုန်သောတရားတို့၌—

'စက္ခုံဥဒပါဒိ' ဉာဏ်မျက်စိသည် ဖြစ်ပြီ၊

'ဉာဏံဥဒပါဒိ' ဉာဏ်အသိသည် ဖြစ်ပြီ၊

'ပညာဥဒပါဒိ' အသိပညာသည် ဖြစ်ပြီ၊

'ဝိဇ္ဇာဥဒပါဒိ' ငြိမ်းအေးသည်ကို သိမှုဝိဇ္ဇာသည်ဖြစ်ပြီ၊

'အာလောကောဥဒပါဒိ' အဝိဇ္ဇာ အမှောင်ချုပ်၍ ဉာဏ်အလင်းရောင်သည် ဖြစ်ပြီ၊

ဤကားဒုက္ခနိရောဓသစ္စာ၌သစ္စဉာဏ်စိပ် ၅ ပါးပေါ်ပုံတည်း။

....o....

'ဒုက္ခနိရောဓသစ္စာ၌ကိစ္စဉာဏ်စိပ်-၅ ပါးဖြစ်ပုံ'

တဏှာသမုဒယဟူသော ဖြစ်ကြောင်းတရားကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ ကိုယ်တိုင် သိမြင်ပြီးနောက် ထိုတဏှာအားအကြွင်း အကျန် မရှိအောင် ပယ်သတ်နိုင်ပါမှ ခန္ဓာ ၅ ပါးပါးဖြစ်ပွါးတည်ရာ မရပါပဲ သံသရာထဲ ဒုက္ခဝဲမှ ဖယ်လွှဲထွက်မြောက်နိုင်ရေး 'နိဿရဏဌ' အနက်သဘော အမှန်မို့ ဆင်းရဲဖြစ်ရာရုပ်နာမ်ခန္ဓာတို့မှ ကင်းဆိပ်ခြင်း သမုဒယဟူသော ကိလေသာစုနှိပ်စက်မှုတို့ကင်းကွာလွတ်မြောက် မထိမရောက်ပါပဲ ညစ်ကြေးမထင်သန့်ရှင်းစင်ကြယ်သောသဘော-

သခ်တဌ-သခ်ါရတို့ကား ဖြစ်ချည် ပျက်ချည် အတည်မမြဲဖေါက်လွှဲဖေါက်ပြန် ဖြစ်ပျက်ဟန်ကြောင့် ဒုက္ခံစင်စစ် ဆင်းရဲဖြစ်၏၊ ယင်းဒုက္ခနှင့် ဖြစ်ကြောင်း သမုဒယတို့ကင်းကွာချုပ်ပျောက် မရောက်မရ ခြင်းသည် ချမ်းသာစင်စစ် ကေန်ဖြစ်၏၊

ဖြစ်ကြောင်း သမုဒယကိလေသာ အပူအလောင်တို့လည်း ကင်းကွာကုန်၏၊ ဖြစ်ကြောင်း မရှိတော့၍ ဒုက္ခဖြစ်မလာသောကြောင့် ရှမ်နာမ် ဒုက္ခနှင့် စပ်သော စိုးရိမ်ခြင်း, ပူဆွေးခြင်း, ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပူပန်ခြင်းစသော ဒုက္ခ အားလုံး ချုပ်ငြိမ်းကုန်ရကား ဆင်းရဲဟူသရွေ့ မြူမျှမတွေ့သဖြင့် စင်ကြယ်သန့်ရှင်း ဘေးရန်ကင်းသော အသင်္ခတဓာတ်နိဗ္ဗာန်မြတ်သည် ခန္ဓာဒုက္ခသံသရာဒုက္ခတို့မှ လုံးဝသန့်ရှင်း အပြစ်ကင်းသော သဘောရှိသည်ဟု ဉာဏ်နှင့်မွေ့နှောက်အမှန်ရောက်အောင် ရှာဖွေတွေ့ရှိလာသော ငါ့အား ရှေးအခါက ကြားမှုမကြားဘူးရသော နိဗ္ဗာနဓာတ် တရားမြတ်ကို ကေန်ဒိဌ သိမြင်ရသည်ကား၊ ကိလေသာအပူ ခန္ဓာအပူတို့ကိုဉာဏ်ဖြင့်မြင်သူတို့၏ထိုအပူဓာတ်ကင်းငြိမ်း ပြတ်အောင် 'ပဟိတတ္တ' ပဓာနဓာတ် လုံးလမြတ်ဖြင့် သိအပ်,မြင်အပ်သောတရားသာ ဖြစ်ချေ၏၊ လုံ့လဝီရိယပြောည့်သူတို့သည် ခန္ဓာဒုက္ခသဘာဝကိုမျှ သိရန်တတ်ရန်မကြိုးစား ဉာဏ်ပညာ မသုံးစားပဲသုံးပါးဝဋ္ဋ်နှောင်လွတ်ကင်းအောင်ဟု အချောင် ဆုတောင်းသောင်းပြောင်းရောရာ ဉာဏ်မပါပဲ ကံသာအရင်း အားကိုးခြင်းဖြင့်-ဘယ်သင်းဒုက္ခချုပ်မည်နည်း၊

နိရောဓသစ္စာ ဆိုသည်မှာကား-ဒုက္ခ ချုပ်ငြိမ်းဘေးရန်သိမ်းအောင် တည်ကိန်းရုပ်နာမ်အခြေခံ၍ ဉာဏ်မှန်မျက်စိ ဖန်ဖန်ကြည့်မှုရုပ်၏သဘာဝနာမ်ဓမ္မတို့ဖြစ်ကြပျက်ပြန် ကိုယ်တွေ့ဉာဏ်ကြောင့် နိဗ္ဗိန္ဒစစ် ငြီးငွေ့ဖြစ်၏၊ငြီးငွေ့ရုပ်နာမ် ဆက်ကြည့်ပြန်သော် ကေန်မုချဝိရာဂတည့်ထိုမှုနှစ်သက်တပ်မက်ကင်းကွာဖြစ်လေပါမူ ခန္ဓာ

ဒုက္ခသမုဒယတို့ချုပ်ရာမှန်စွာကင်းလွတ်ရာဟုသစ္စာအသိဉာဏ်နှင့်ညီသော်-နိရောဓခေါ်တဲ နိဗ္ဗာန်မြတ်ကား ဤတရားဟု-ငါ့အားမှန်စွာ-သိသောခါ၌=

| | |
|---|---|
| 'စက္ခုံဉဒပါဒိ' | ဉာဏ်မျက်စိသည် ဖြစ်ပြီ၊ |
| 'ဉာဏံဉဒပါဒိ' | ဉာဏ်အသိသည် ဖြစ်ပြီ၊ |
| 'ပညာဉဒပါဒိ' | အသိပညာသည် ဖြစ်ပြီ၊ |
| ဝိဇ္ဇာဉဒပါဒိ' | မျက်မှောက်ပြုအပ်သည်ကို သိမှု ဖြစ်ပြီ၊ |
| 'အာလောကောဉဒပါဒိ' | 'အဝိဇ္ဇာအမှောင်ချုပ်၍ ဝိဇ္ဇာ အလင်းဉာဏ်သည် ဖြစ်ပြီ၊ |

ဤကားဒုက္ခနိရောဓသစ္စာ၌-ကိစ္စဉာဏ်စိပ်-၅ ပါးဘည်း၊

....o....

## 'ဒုက္ခနိရောဓသစ္စာ၌ ကတ ဉာဏ်စိပ် ၅-ပါးဖြစ်ပုံ'

နိဗ္ဗာန်မဂ္ဂဖလာန မာရမ္မဏာဘူဘော အသင်္ခတဓမ္မော-ဟူသည်နှင့်အညီ-နိရောဓသစ္စာနိဗ္ဗာန်ဟူသည် သဏှ,သုခုမ,ဒုဒ္ဒသ,သုနိပုဏဖြစ်၍ သိမ်မွေ့နူးညံ့လှသော ပြုပြင်ခြင်းကင်းရာ-လောကုတ္တရာတရား မင်္ဂဖိုလ် ဘုံသားတို့၏ အာရုံပြုရာ အမှန်တရား ဖြစ်၍ဝိပဿနာဉာဏ်အခြေခံသော မဂ္ဂသစ္စာဘာဝနာအလုပ် ကြိုးအားထုတ်ပါမှ အဆင့်ဆင့်အသိဉာဏ် တိုးတက်၍ သန်ပြီးလျှင် ခန္ဓာရှိရုပ်နာမ်ကို အမှန်ပင်မလိုချင် မခင်မင်မနှစ်သက်တော့ပဲ-ခွါရှဲလွှန်မြောက် ဘေးမရှိရာ-နိဗ္ဗူတာသို့ ရောက်စေသည်၊ လူနတ်ဗြဟ္မာ

သတ္တဝါမဟူ-ဘုံသုံးသူတို့ ဖြစ်ရာဌာန ဘဝများကား ဒုက္ခစင်စစ် အမှန်ဖြစ်၍—

'ယဒါစ အတ္တနာဝေဒိ၊မုနိမောနေနပြာဟ္မဏော၊
အထရူပါ အရူပါစ၊ သုခဒုက္ခာ ပမုစ္စတိ'

အမှတ်မထင် အကြင်အခါ၌ အပါယ်လားကြောင်း မကောင်းမှုမှအပပြုပြီးသော အာသဝေါကုန်ခမ်းရဟန္တာ ပုဂ္ဂိုလ်သည်၊ မိမိ ရအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ဖြင့် မိမိကိုယ်တိုင် သမာပတ်ချမ်းသာ နှင့်နိဗ္ဗာန်၏ အရသာကို သိအပ်ခံစားအပ်လေပြီ၊ ထိုသို့ သိမြင်ရရှိခံစားအပ်သောချမ်းသာသည်-ကာမ-ရူပ-အရူပ ဘုံတို့၌ ပဋိသန္ဓေစွဲကပ် တည်နေခြင်း စသည်တို့မှ လွတ် သောထွက်မြောက်ရာချမ်းသာပေတည်း။

ပဋိသန္ဓေဇာတိရုပ်နာမ်မဖြစ်ခြင်းသည် အလွန်ချမ်းသာသော သဘောပေတည်း၊ ပဋိသန္ဓေဇာတိကို အစွဲပြု၍ သံသရာနယ်ဒုက္ခ ကားကျယ်လှစွာ၏ ထိုဇာတိအဖြစ် မရှိခြင်းသည်ပင်လျှင် ကြီးစွာ သော ချမ်းသာဖြစ်၏၊ အိုခြင်းတဖြာ, နာခြင်းတထွေ, သေခြင်း တပါးဒုက္ခများကား-ဖြစ်ငြားဇာတိအမှန်ရှိ၍'ပိဋ္ဌနဋ္ဌ'နှိပ်စက်ရ၏၊ ဇာတိရုပ်နာမ် ချုပ်ငြိမ်းကြောင်းမှန်ပါမှ ဒုက္ခဝဋ်တွင်းလွတ်ကင်း လေမည်၊သို့ဖြစ်သည်ကြောင့် 'ဒုက္ခနိရောဓ, အရိယသစ္စာ လွန်မြတ် စွာသောဤတရားကို အတီးကာလရှေးမဆွကမသိခဲ့ရာအကြင်ငါ အားနားမှလေသံကြားမှုပင်မကြားဘူးသည့် တရားထူးနိရောဓကို

ခန္ဓာကိုယ်တွင်း ဉာဏ်ကုန်သွင်း၍ ကြည့်ခြင်းမှန်စွာ ယူသမွှာဖြင့် ကိုယ်တိုင်ဒိဋ္ဌ-ပစ္စက္ခဖြင့် သိရပြီးသည် သို့ဖြစ်သည်ကြောင့်—

| | |
|---|---|
| **'စက္ခုံဥဒပါဒိ'** | ဉာဏ်မျက်စိသည် ဖြစ်ပြီ၊ |
| **'ဉာဏံဥဒပါဒိ'** | ဉာဏ်အသိသည် ဖြစ်ပြီ၊ |
| **'ပညာဥဒပါဒိ'** | အသိပညာသည် ဖြစ်ပြီ၊ |
| **'ဝိဇ္ဇာဥဒပါဒိ'** | နိရောဓသစ္စာကို သိပြီ၊ |
| **'အာလောကောဥဒပါဒိ'** | ပညာဉာဏ် အလင်းရောင်သည် ဖြစ်ပြီ။ |

ဤကား ဒုက္ခနိရောဓသစ္စာ၌ ကတဉာဏ်စိပ်-၅ ပါးတည်း။

...o....

## **'ဒုက္ခနိရောဓဂါမိနီပဋိပဒါ(မဂ္ဂ)သစ္စာ၌ ဉာဏ် ၃ ပါးဖြစ်ပုံ'**

သစ္စာသိမြင် သဗ္ဗညုဘုရားရှင်သည် ဣသိပတနအမည်ရသော မိဂဒါဝုန်ရဂုန်သာမောသမင်တော၌ပဥ္စဝဂ္ဂီတို့အား သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြပါစေရန် သံသရာထွက်လမ်း သစ္စာ ခဏ်းကို ခွဲခြမ်းစိပ်ဖြာဉာဏ် ၃ မွှာဖြင့် ဒုက္ခ-သမုဒယ-နိရောဓတို့ အား ဟောကြားတော်မူပြီးနောက်–လိုအပ်သော (နိဗ္ဗာန်ရောက် ရန်)ကျင့်လမ်းမှန် မဂ္ဂသစ္စာဘာဝနာကို မဇ္ဈိမပဋိပဒါမဂ္ဂင်လမ်း ကြောင်းသို့မတိမ်းမစောင်းပဲ့ သွားရောက်နိုင်စေရန်အတွက်ခွဲခြမ်း စိပ်ဖြာ ဟောတော်မူအပ်သော ဉာဏ်သုံးဖြာတို့ကား—

'သစ္စဉာဏ်' 'ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စန္တိ မေဘိက္ခဝေ။လ။အာလောကောဥဒပါဒိ'

'ကိစ္စဉာဏ်' 'တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေဘိက္ခဝေ။လ။အာလောကောဥဒပါဒိ'

'ကတဉာဏ်' 'တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေဘိက္ခဝေ။လ။ အာလောကောဥဒပါဒိ'

ဟု ဟောတော်မူသည်။

## မဂ္ဂသစ္စာ၌ သစ္စဉာဏ်စိပ် ၅ ပါးဖြစ်ပုံ

အို ပဉ္စဝဂ္ဂီတို့ ငါသည် ဤတရားကို မသိရသေးမီရှေးအခါ၌ ကာမသုခလ္လိကာနုယောဂ ပဋိပဒါ၊ အတ္တကိလမထာနုယောဂပဋိပဒါနှစ်မျိုးသာဟု သင်တို့သိသကဲ့သို့ ငါသိ၏၊မဂ္ဂင်တရားဟူသော မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို အသံမျှပင် မကြားရဘူးချေ၊ငါ၏ ခန္ဓာအိမ်၌ သံသရာဘဝ အဆက်ဆက်က မှောင်အတိ ကျခဲ့သော အဝိဇ္ဇာကို ချေမှုန်းဖျက်ဆီးခြင်းဖြင့် တွေ့အပ်သိအပ်သောသမ္မာဒိဋ္ဌိဟူသည့်ဝိဇ္ဇာလျှင် ရှေ့သွားခေါင်းဆောင်ဖြစ်သော မဂ္ဂင်တရား ဤရှစ်ပါးကိုရှာဖွေဆည်းပူးမိသောအခါ ဤအကျင့်မြတ်ပဋိပဒါ သည်ရုပ်နာမ်ခပ်သိမ်းချုပ်ပြတ်ငြိမ်းရာ နိဗ္ဗူတာသို့ မြန်စွာရောက်ကြောင်း လမ်းကောင်းစင်စစ် ကေန်ဖြစ်၏ဟူ၍ ငါသိရပြီ၊ သံကန္တာရခရီးကြမ်းတွင် နေပူ-လေပူ- သဲပူတို့၌ ခရီးပြင်းလာခဲ့ရ

သော ပင်ပန်းနွမ်းဟိုက် အပူတို့ဖြင့်လောင်မြိုက် နှိပ်စက်ခံလာရသောခရီးသည်အား အေးမြလှစွာသောစိမ့်စမ်းရေကောင်းရေစင်သွန်းလောင်းလိုက်သောအခါ ကန္တာရအပူဘေးတို့ ငြိမ်းအေး၍သွားသည့်ပုံလို ရာဂ မီး၊ ဒေါသမီး၊ မောဟမီးစသော မီးတဆယ့်တတန်အလောင်ခံ၍ သံသရာတခွင်တွင် အစဉ်ပြေးသွား နားခွင့်မရသောသံသရာဒုက္ခသည်အား မဂ္ဂသစ္စာဘာဝနာဟူသော မဂ္ဂင်ရေအေးသွန်းလောင်းပက်ဖျန်းပေးသဖြင့် ကိလေသာအပူဘေးမှ ထာဝစဉ်ငြိမ်းအေးစေဘိသည်။

မဂ္ဂင်ရှစ်ပါး ရေစင်ရေကောင်း ဟူသည်မှာလည်း၎င်း၏ဘေးတဖက်တချက်တွင် အပူမီးတခုစီရှိထားပေရာ–ထိုအပူမီးတို့သို့မထိမကပ်မိစေပဲ ရေစင်ရေကောင်းလမ်းသို့ အလည်တည့်တည့်သွားမိမှသာလျှင် လိုအပ်သော ကိလေသာ ငြိမ်းအေးမှု၊ ရုပ်နာမ်ခန္ဓာငြိမ်းအေးမှုဟူသောနိဗ္ဗာနဓာတ်သည် ဖြစ်ပေါ်၍ လာရပေသည်၊ ထိုမဂ္ဂင်ရှစ်ပါးအကျင့်တရားကိုကျင့်ခြင်းဖြင့် ရုပ်နာမ်ခန္ဓာသံသရာဇာတ်သိမ်းရသည်ဟူ၍ ငါသည်ရှေးအခါက ကြားပင်မကြားရဘူးသောတရားတို့၌–

'စက္ခုံဥဒပါဒိ' မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကားအရိယာအဖြစ်သို့ ရောက်အောင် ပို့ဆောင် တတ်သော တရား ဖြစ်သည်ဟုဉာဏ်မျက်စိသည် ဖြစ်ပြီ၊

'ဉာဏံဥဒပါဒိ' အစမထင်သော သံသရာတခွင်၌ တရံတခါမှ မသိရသောမဇ္ဈိမပဋိ

ပဒါ အကျင့်သည် ကောင်းစွာ ကျင့်အပ်သော အကျင့်ဖြစ်သည် ဟုဉာဏ်အသိဖြစ်ပြီ၊

'ပညာဥဒပါဒိ' ကိလေသာမီး ခန္ဓာမီးတို့ အပြီးတိုင် ငြိမ်းအေး စေနိုင်သော အကျင့်ကား ဤမဂ္ဂင်အကျင့်သာ ဟုခွဲခြမ်း စိပ်ဖြာ အသိပညာသည် ဖြစ်ပြီ၊

'ဝိဇ္ဇာဥဒပါဒိ' သစ္စာသိမြင်ဘုရားရှင်တို့သာ ရှာဖွေတွေ့ရှိ၍ အမှန် သိအပ်သော တရားကား ဤမဂ္ဂင်ဟု-ထိုးထွင်း သိမြင်သောဝိဇ္ဇာဉာဏ်ဖြစ်ပြီ၊

'အာလောကောဥဒပါဒိ' အဝိဇ္ဇာ အမှောင်ထုကို ဖြိုခွဲဖျက်ဆီးသည့် သမ္မာဒိဋ္ဌိ မဂ္ဂင် တရားသာလျှင် လမ်းကောင်းအမှန်ဟု ဉာဏ်အရောင် အလင်းသည်ထင်ရှားဖြစ်ပြီ၊

ဤကား ဒုက္ခနိရောဓဂါမိနီပဋိပဒါ (မဂ္ဂ) သစ္စာ၌ သစ္စဉာဏ်-၅ ပါးဖြစ်ပုံတည်း။

**မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ၅ ပါးဖြစ်ပုံ**

အို ပဉ္စဝဂ္ဂီတို့ ငါဘုရားအား ဘုရားမဖြစ်မီ ရှေ့အဖို့၌ဤပွါး များအားထုတ်အပ်သော မဂ္ဂင်ရှစ်ပါး အကျင့် တရားသည်ရှိ၏၊ ထိုအကျင့်တရားကို ပွါးများ အားထုတ်ခြင်းဖြင့် ဒုက္ခဟူသော ရုပ်နာမ်တရားတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာကို ရောက်ရှိလိမ့်မည်ဟု စကားအားဖြင့် ကြားပင် မကြားရဘူးချေ၊ သို့ရာတွင် မဖြစ် မနေ လုံးလဝီရိယ အားသစ်ဖွေ၍ ကြိုးစား လေသောကြောင့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရား ဤရှစ်ပါး တို့ကို ခြားနား သေချာ သိမြင်လာရသောအခါ၌မူကား—

ဤတရားသည် ချမ်းသာကေန် စင်စစ်မှန်သော နိဗ္ဗာန်ရ ကြောင်း အကျင့်ကောင်း အစစ် အမှန်ဖြစ်၍ ဤမဂ္ဂင် ရှစ်ရပ် အကျင့်မြတ်ကို ငါသည် မျက်မှောက်ဘဝ လက်ရှိ ကာလ၌ပင် ပွါးများသင့်, ပွါးများအပ်, ပွားများထိုက်သော (ဘာဝေတဗ္ဗ) တရားအစုဟူ၍ မိမိ၏ကိုယ်တွင်း သန္တာန်၌ အမှန် သိတတ်သော သဘောသည် ထိုမဂ္ဂသစ္စာဘာဝနာ၏ကိစ္စမည်ပေရကား ထိုအလုပ် ထိုကိစ္စကို သိမြင်အပ်သော ငါဘုရား၌—

'စက္ခုံဉဒပါဒိ' — မဂ္ဂသစ္စာ ဘာဝနာသည် နိဗ္ဗာန် ရချင်များလူရှင်တို့ ပွါးများ သင့် ပွါးများအပ်သော တရား ဟူ၍သိတတ်သော ဉာဏ်မျက်စိ သည် ဖြစ်ပြီ၊

'ဉာဏံဉဒပါဒိ' — ထိုမဂ္ဂင် ရှစ်ရပ် အကျင့်မြတ် ကြောင့် သံသရာဝဋ်မှ လွတ်

မြောက် နိုင်သဖြင့် ပွားများ
အားထုတ် အပ်သော တရား
ဟူ၍ ဉာဏ်အသိ သည် ဖြစ်ပြီ၊

'ပညာဉဒပါဒိ' မဇ္ဈိမ ပဋိပဒါ လမ်းကြောင်း
သည်သာ အလုံးစုံသောဆင်းရဲ
ခပ် သိမ်း ငြိမ်း ရာ ဖြစ် သော
ကြောင့်အားထုတ်ပွါးများအပ်
သော တရား ဟု အသိ ပညာ
သည်ဖြစ်ပြီ၊

'ဝိဇ္ဇာဉဒပါဒိ' အ ဝိ ဇ္ဇာ မှောင် ပိတ် ဖုံး သဖြင့်
လွတ်မြောက်ကြောင်းမမြင်ခဲ့ရ
သော်လည်းဝိဇ္ဇာပညာနှင့် မဂ္ဂ
သစ္စာဘာဝနာသည် ပွါးများ
ရမည့်တရာ ဟု ဝိဇ္ဇာသည် ထင်
ရှားဖြစ်ပြီ၊

'အာလောကောဉဒပါဒိ' သစ္စာလေးပါး အမှန်တရားကို
သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်း
ကြောင့် ပွါးများ အားထုတ်
ထိုက်သော တရား ဖြစ်၏ ဟု
သိသောပညာသည် ဖြစ်ပြီ၊

ဤကား ဒုက္ခနိရောဓဂါမိနီပဋိပဒါ(မဂ္ဂ) သစ္စာ၌ ကိစ္စဉာဏ်
စိပ်-၅ ပါးဖြစ်ပုံတည်း။

## 'မဂ္ဂသစ္စာ၌ ကတညုတ်စိပ် ၅ ပါးဖြစ်ပုံ'

အိုပဋ္ဌဝဂ္ဂိဘိုံ မဂ္ဂသစ္စာဘာဝနာ၏ သဘော အနက်သည် ၄ ပါးရှိကုန်၏—

၁-'နိယျာနဋ္ဌ' ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့၏ ဒုက္ခဖြစ်နေသော သံသရာဝဋ္ဋ-ဘာညွှတ်မှ လွတ်မြောက်အောင် ထုတ်ဆောင်နိုင်ခြင်းအနက်သဘော၊

၂-'ဟေတွဋ္ဌ' အရိယာဖြစ်ကြောင်း လမ်းကောင်းဖြစ်ပေ၍ နိဗ္ဗာန်ရောက်ကြောင်း အရင်းခံ အခြေခံဖြစ်သော အနက်သဘော၊

၃-'ဒဿနဋ္ဌ' သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားကုန်စင်ဉာဏ်ဖြင့် မြင်၍ အရိယာဖြစ်သူ မည်သူ မဆို သိမြင်နိုင်ခြင်း အနက်သဘော၊

၄-'အဓိပတေယျ' သမုဒယသစ္စာ ကံတဏှာတို့ လွှမ်းမိုးစိမံ သူမခံပဲ မဂ်ဉာဏ်ဘိုင်ထိ ကျေးဇူးရှိအောင် ဦးဆောင်အစိုးရခြင်း အနက်သဘော၊

ဟူသော သဘောအနက် ဤလေးချက်တို့နှင့် ပြည့်စုံသော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်သည်-ဒုက္ခသမုဒယ လောကသစ္စာ ဆင်းရဲစွာသော တေဘူမက ဝဋ္ဋဒုက္ခမှ လုံးဝကယ်တင်၍ ချမ်းသာကြေန်စင်စစ်မှန်သောနိဗ္ဗာန်သို့ရောက်ရန်အတွက်လမ်းအမှန်ဆုံး အကျင့်

ဖြစ်သောကြောင့် ထိုမဂ္ဂင် ထိုအကျင့်ကို ငါသည် ပွါးအပ်ပြီ-ပွါးပြီးပြီ(ဘာဝိတံ)နောက်ထပ်တဖန် မဂ်တခုခု ရရန်အတွက် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ပွါးများရန် မလိုတော့ပြီဟု ဥဒါန်းကျူးရင့် သံစုံဝင့်လောက်အောင် ဖြောင့်မတ် မှန်ကန်သောအကျင့်(ဥဇုပ္ပဋိပန္န)ဖြစ်လေသည်ကို ငါသည်ဘုရားမဖြစ်မီ ရှေးခါကာလ ခါသမယက သူတပါး၏ ဟောပြောသံကိုမျှ မကြားခဲ့ရဘူးချေ၊

သို့တစေလည်း ဖွေဖွေရှာရှာ လုံ့လအား ပညာပါ၍ ဘာဝိတာ မပြတ် အကြိမ်ကြိမ် အထပ်ထပ် ဉာဏ်အရှိန်အပြန်ပြန် ဟပ်၍ တပ်တပ်ထင်ထင် သိမြင်ခဲ့ရသော အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်း, ထက်ဝန်းကျင်မှ စင်ကျယ်ခြင်း၊, အနက်သဒ္ဒါနှင့်ပြည့်စုံခြင်းစသော 'သဿတ-ဥစ္ဆေဒ စသည်စွန်းငြိ အပြစ်အနာအဆာမရှိသော ဤတရားမြတ်ကို ဉာဏ်အား ထင်ထင် သိမြင်ပုံကား—

'စက္ခုံဥဒပါဒိ' ဤမဇ္ဈိမပဋိပတ် မဂ္ဂင်အကျင့်မြတ်ကို ငါသည် ပွါးများအပ်ပြီ ပွါးများပြီးပြီဟု သိမြင်တတ်သော ဉာဏ်မျက်စိသည် ဖြစ်ပြီ၊

'ဉာဏံဥဒပါဒိ' ဉာဏလက်ကိုင် ဉာဏ်မဏ္ဍိုင်ဖြင့် တပ်အပ်သချာ ပွါးများ၍ ပြီးလေပြီဟု သိမြင်တတ်သော ဉာဏ်အသိသည် ဖြစ်ပြီ၊

| | |
|---|---|
| 'ပညာဥဒပါဒိ' | ငါ၏ ဉာဏ်အား စွမ်းပကား ဖြင့် ခြားနားသချာ ပိုင်းခြားရာသား ပွါးများ ပြီးသော ဤတရားဟု အသိ ပညာသည် ဖြစ်ပြီ၊ |
| ဝိဇ္ဇာဥဒပါဒိ' | ထွင်းဖေါက်ဝိဇ္ဇာ ဉာဏ်ပညာ ဖြင့် ဖွေရှာသောအား ဤတရား ကား ပွား‌များအပ်ပြီး တရား တည်းဟု သိမြင်တတ်သောဝိဇ္ဇာသည် ထင်ရှားဖြစ်ပြီ၊ |
| 'အာလောကောဉဒပါဒိ' | အဝိဇ္ဇာ မှောင်တွင်း ဉာဏ်ရောင် မလင်းသဖြင့် မသိခဲ့ရသော ဤမဂ္ဂင် ဤတရား ထင်ရှားယခု ဝိဇ္ဇာဉာဏ် အလင်းပြူသဖြင့် ပွါးများ ပြီးအပ် တရားမြတ်ဟု တပ်အပ်သချာ အလင်းရောင် ဉာဏ်ပညာသည် အမှန်ထင်ရှား ဖြစ်လေပြီ။ |

ဤကား ဒုက္ခနိရောဓဂါမိနီပဋိပဒါ(မဂ္ဂ)သစ္စာ၌ ကတဉာဏ်စိပ်-၅ ပါးဖြစ်ပုံတည်း။

## 'သစ္စာမသိသေးမီ ဘုရားဟုဝန်မခံ'

'ယာဝကီဝဉ္စမေဘိက္ခဝေ ဣမေသုစတူသုအရိယသစ္စေသု။ လ။ အနုတ္တရံသမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ'

အိုပဉ္စဝဂ္ဂီတို့ ငါဘုရားရှင်အား အတိတေတ ဘဝကမ္ဘာရှည်ပြောင်းစွာသော ဒီပင်္ကရာ မြတ်စွာဘုရား၏ ထံပါးမျက်မှောက် တံတားဆောက်စဉ်က စ၍များစွာ လေးအသင်္ချေနှင့်ကမ္ဘာတသိန်း တွက်ကိန်းရှည်ကြာ လာခဲ့သည်ကစ၍ ငါ့ထံပါးမှသင်တို့ထွက်ခွါလာခဲ့သည်အထိ ငါသည် ယခုဟောကြားခဲ့သော သစ္စာတရားလေးပါးနှင့်တကွ တပါးတပါးစီ၌—

၁-'သစ္စဉာဏ်' ဒုက္ခ-သမုဒယ-နိရောဓ-မဂ္ဂ တို့သည် အမှန်တရားတို့ဖြစ်၍-အမှန်တရားကို အမှန်တရားအတိုင်းသိသောဉာဏ်—

၂-'ကိစ္စဉာဏ်' ဤတရားကား ပိုင်နိုင်အောင်သိအပ်သောတရား, ဤတရားကား အကြွင်း မရှိအောင်ပယ်သင့်သောတရား, ဤတရားကား မျက်မှောက်ပြုအပ်သောတရား, ဤတရားကား ပွားများ အားထုတ်အပ်သော တရားဟူ၍ဆိုင်ရာဆိုင်ရာကိစ္စတို့ကို သိသောဉာဏ်—

၃-'ကတဉာဏ်' မိမိ ကိုယ် တိုင် ပိုင် နိုင် အောင် သိ ပြီး ပြီ၊ အကြွင်းမရှိပယ်ပြီးပြီ၊မျက်မှောက်ပြုပြီးပြီ၊ ပွားများပြီးပြီဟူ၍ ပြုလုပ် ဆောင်ရွက်ပြီးသော ကိစ္စကို ပြုလုပ်ဆောင်ရွက် ပြီးပြီဟု-ကိုယ်တိုင် သိသောဉာဏ်။

ဟူ၍ ၄ ပါး ၃ လီအားဖြင့် ၁၂ ပါးသော အခြင်းအရာတို့ဖြင့် သိအပ်မြင်အပ်ထိုးထွင်းအပ်သော ဉာဏ်ပညာသည် စင်ကြယ်သန့်ရှင်း ကိလေသာအညစ်အကြေးကင်းစွာဖြင့်ဖြစ်ပေါ်၍မလာသေး၊ အိုပဥ္စဝဂ္ဂီတို့ ထိုသို့ဟုတ်တိုင်းမှန်စွာ လေးသစ္စာနှင့် ခြင်းရာ ၁၂ ပါးထိုဘရားတို့ကို ဉာဏ်၌ထင်ထင် မမြင်သေးရာထိုအခါ၌ ငါသည် နတ်ပြည် ဗြဟ္မာပြည်ဟု ဆိုအပ်သော ဩကာသလောကခေါ်၌၎င်း, ရဟန်းပုဏ္ဏားနှင့်တကွသောမင်း,ကြွင်းသောလူနှင့် တကွသော သတ္တလောက၌၎င်း အတုမရှိ မြတ်သောအရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံသောတရားတို့ကိုကိုယ်တိုင်မှန်စွာသိသူ 'ဗုဒ္ဓ,သမ္မာသမ္ဗုဒ္ဓ'ဟူ၍ တာဝန်မခံသေး-မကျေညာသေးပေ

ရှင်းလင်းချက်။ ။မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား ဤမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဟူသော မဇ္ဈိမပဋိပဒါ လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ် လာသ ဖြင့် သိအပ်သောအရိယသစ္စာတို့ကိုအခြင်းအရာ အာကာရနှင့်တကွ သိစေလိုမြင်စေလိုသဖြင့် တာဝန်ခံ မိန့်ကြားတော်မူပုံမှာ-အလွန် ဖြောင့်မတ်မှန်ကန်ကြောင်းကို ပြရာရောက်ပေသည်၊ ဥရုဝေလတောတွင်ပင်ပန်းခဲယဉ်းသော (ဒုက္ကရ)အကျင့်ကိုကျင့်စဉ်ပဥ္စဝဂ္ဂီတို့၏အလုပ်အကျွေးကိုခံယူ၍ အားထုတ် နေသောအခါတွင်-ပဥ္စဝဂ္ဂီတို့အား 'ငါသည်ဘုရားဖြစ်ပြီ' စသည်ဖြင့် တကြိမ်တခါမျှ မပြောမဆိုခဲ့ဘူးချေ၊ယခုမူ ပဥ္စဝဂ္ဂီတို့ အထင်လွဲကာ စွန့်ခွါသွားပြီးနောက်

မျှတစွာ နေထိုင်လျက် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြင့် ဉာဏ်အမြင့် ပေါက်ကာအမှန်တရားသစ္စာကို သိမြင်ပြီးသော နောက်မှသာ'ငါ သည်အမှန်တရားကိုမြင်ပြီ'ဟုဆိုတော်မူရာ-မဂ္ဂင်တရား၏မှန်မြတ်ပုံ-သံသရာ ထွက်လမ်း မှန်ပုံကို သိစေတော် မူလို၍-'အကြင်အခါ၌ သစ္စာကို သိသောဉာဏ် ငါ၌မဖြစ်မပေါ်သေး၊ ထိုသို့သစ္စာမသိ သေးရာချိန်အခါ၌ ငါသည်သစ္စာလေးပါးနှင့်တကွ သိသင့်သော တရား များကို သိ၍ ဘုရား ဖြစ်လေပြီ' ဟူ၍ အလုံးစုံသော သတ္တလောက-ဩကာသလောကဓာတ်သို့ကြွေးဝါပြီး ငါဝန်မခံ ခဲ့ဘူးပေ၊ဟုဆိုလိုသည်။

## 'သစ္စာသိမြင် ဘုရားရှင်'

အို ပဉ္စဝဂ္ဂီတို့-အကြင်အခါ၌ ငါ့အား လေးပါး ကုန်သော အရိယာတို့သည် သိအပ်သောအမှန်တရားသစ္စာတို့ကိုမဇ္ဈိမပဋိပဒါ လမ်းစဉ်မှန်ဖြင့်-သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဟူသော-၄ ပါး ၃ လီ-၁၂ ပါးသော အခြင်းအရာတို့ကို ဉာဏ်၌ထိုးထွင်း အလင်း သိမြင်၍လာသော အချိန်ဖြစ်၏၊ ထိုသို့ဉာဏ်အမြင်မှာ စင်ကြယ် စွာဖြစ်ပေါ်၍လာသောအချိန်အခါတွင် 'ငါသည် အလုံးစုံသော လူ့ပြည်,နတ်ပြည်,ဗြဟ္မာပြည် စသော ဩကာသ လောကဓာတ်, လူ-နတ်-ဗြဟ္မာ ပုဏ္ဏား ကြွင်းသောလူနှင့်တကွသော သတ္တလော ကကြီးအား 'ဗုဒ္ဓ,သမ္မာသမ္ဗုဒ္ဓ' ဘုရားဖြစ်ပြီဟူ၍ ဝန်ခံတော်မူပြီ, ကျေညာတော်မူပြီ'

ရှင်းလင်းချက်။ ။ဗုဒ္ဓ ဟူသည်- 'စတုသစ္စမေမွ ဗုဇ္ဈတီတိ ဗုဒ္ဓေါ'ဟူသော ဝစနတ္ထနှင့်အညီ 'သစ္စာလေးပါး အမှန်တရားကိုသိသူ'ဟု အဓိပ္ပါယ်ထွက်လျက်ရှိရကား- မြန်မာဝေါဟာရအရ 'ဘုရား'ဟု ခေါ်သည်၊ ပုဒ်ရင်း အတိုင်း အဓိပ္ပါယ်ယူရလျှင်'ဘုရား'ဟူသည်မှာ သစ္စာလေးပါးအမှန်တရားကိုသိမှု၊ အရင်းခံ၍ခေါ်သော အမည်ဖြစ်လေသည်၊ သို့အတွက် အချို့ဆရာတို့သည် 'ဘုရား' ဟူသောဝေါဟာရကိုပင်လျှင် သစ္စာသိသော 'ဗုဒ္ဓ' သဒ္ဒါက လာသောကြောင့် အဓိပ္ပါယ်ပေါ်လွင်စေခြင်းငှါ 'ဗုရား'ဟူ၍ပင်ရေးရိုးပြုကြသည်၊မည်သို့ဆိုစေ 'ဘုရား'ဟူသည်မှာ သစ္စာလေးပါးကို အရင်းခံထားသည်ကား မငြင်းသာသောအချက်ဖြစ်ပေသည်၊

'သမ္မာသမ္ဗုဒ္ဓ'ဟူသည်မှာလည်း'သမ္မာ သာမံ သစ္စာနိဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ'ဟုဝိဂ္ဂြိုဟ်ဆိုထားရာ ကိုယ်တိုင်ဖြောင့်မတ်မှန်ကန်စွာ သစ္စာလေးပါး အမှန်တရားတို့ကို ထိုးထွင်း၍ သိသောသူ'ဟု ဆိုပေရာ-သစ္စာလေးပါးတို့ကို ဆရာမကူ သယမ္ဘုပင်ထွက်အမှန်ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရားသည် 'သမ္မာသမ္ဗုဒ္ဓ'ဟု သိမှတ်ရပေသည်၊ ထိုဝိဂ္ဂြိုဟ်များအရ-သစ္စာ မသိလျှင် 'ဗုဒ္ဓ'လည်းမဖြစ်နိုင်'သမ္မာသမ္ဗုဒ္ဓ'လည်းမဖြစ်နိုင်ရကား-'ငါသည် အကြင်အခါ၌ အခြင်းအရာနှင့်တကွသော သစ္စာလေးပါး တရားတို့ကို ဟုတ်တိုင်းမှန်စွာ မသိသေး၊ ထိုသို့မသိသေးသော အခါ၌ ငါသည်လောကသုံးပါးတွင် ဘုရားဟူ၍ ဝန်မခံ'ဟူသော စကားမှာအလွန်ရိုးဖြောင့်၍ သဘာဝကျပေသည်။

**'သစ္စာသိမှုအာသဝေါကုန်ပုံ'** 'ချစ်သားတို့ သိအပ်သောတရားကို သိသူ-မြင်အပ်သော တရားကိုမြင်သောသူတို့အားအာသဝေါတရားတို့ ကုန်ခြင်းကို ငါဘုရားဝန်ခံ၏၊ သိအပ်သော တရားကို မသိသူ, မြင်အပ်သော တရားကို မမြင်သူတို့အား အာသဝေါတရားတို့ကုန်ခြင်းကို ငါဘုရားတာဝန်မခံ၊ အဘယ်တရားတို့ကိုသိအပ်,မြင်အပ်သနည်းဟူမူကား-ချစ်သားတို့-ဤကား ဆင်းရဲအမှန်(ဒုက္ခသစ္စာ)တည်း၊ ဤကားဆင်းရဲဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ)တည်း၊ ဤကား ဆင်းရဲချုပ်ရာ (နိရောဓသစ္စာ) တည်း၊ ဤကား ဆင်းရဲ ချုပ်ကြောင်း အမှန် (မဂ္ဂသစ္စာ)တည်း၊ ဟူ၍ သိသူမြင်သူအား အာသဝေါတရားတို့ကုန်ခြင်းကို ငါဘုရားဝန်ခံ၏'

'ဇာနတောဟံ ပဿတော အာသဝါနံ ခယံဝဒါမိ
နောအဇာနတော နောအပဿတော'

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-အာသဝက္ခယသုတ်-၃၀၀)

**'သစ္စာသိမှုအရဟတ္တ'** 'ချစ်သားတို့ရှေးအတိတ်ကာလကပူဇော်အထူးကိုခံတော်မူကြကုန်သောဘုရားရှင်တို့သည်၎င်း, နောင် အနာဂတ်ကာလတွင် ပွင့်တော် မူကြမည့်ပူဇော်အထူးကို ခံတော်မူ ကြကုန်သော ဘုရားရှင် တို့သည်၎င်း, ယခုအခါ၌ ပွင့်တော်မူသော ပူဇော်အထူးကို ခံတော်မူသော ငါဘုရားတို့သည်၎င်း ခပ်သိမ်းသော ဘုရားရှင်ဟူသမျှအားလုံးတို့သည် ဤသစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တိုင်မှန်စွာထိုးထွင်း၍ သိတော် မူကြ ကုန်သည်၊ ထို့ကြောင့် သင်ချစ်သားတို့

သည်လည်း 'ဤကား ဒုက္ခသစ္စာ, ဤကားသမုဒယသစ္စာ,ဤကား နိရောဓသစ္စာ,ဤကား မဂ္ဂသစ္စာ'ဟု သိရန်အားထုတ်ကြရမည်'

'ယေဟိ ကေစိ ဘိက္ခဝေ အတီတမဒ္ဓါနံ အရဟန္တော
သမ္မာသမ္ဗုဒ္ဓါ။လ။ အယံဒုက္ခနိရောဓဂါမိနီပဋိပဒါတိ
ယထာဂေါ ကရဏီယော'

(မဟာဝဂ္ဂအရဟန္တသုတ်-၃၇၉)

....o....

'သစ္စာသိမှုသမ္ဗုဒ္ဓ' 'ချစ်သားတို့ အရိယာတို့သိအပ်သောအမှန်တရားတို့သည် လေးပါးရှိကုန်၏၊ အဘယ်လေးပါးတို့နည်း ဆိုသော်-ချစ်သားတို့ ဆင်းရဲဖြစ်သော (ဒုက္ခသစ္စာ)အမှန်တရား၊ ဆင်းရဲဖြစ်ကြောင်း (သမုဒယသစ္စာ) အမှန်တရား၊ ဆင်းရဲချုပ်ရာ(နိရောဓသစ္စာ)အမှန်တရား၊ ဆင်းရဲချုပ်ကြောင်း (မဂ္ဂသစ္စာ)အမှန်တရား ဤလေးပါးတို့ပင်တည်း၊

'ချစ်သားတို့ ထိုလေးပါးသောအရိယာတို့၏ အမှန်တရားတို့ကို ဟုတ်တိုင်းမှန်စွာကိုယ်တိုင်ထိုးထွင်း၍သိခြင်းကြောင့်ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို 'သမ္မာသမ္ဗုဒ္ဓ'ဟု ဆိုအပ်၏'

'စတ္တာရိ မာနိ ဘိက္ခဝေ။လ။သမ္မာသမ္ဗုဒ္ဓေါတိ ဝုစ္စတိ'

(မဟာဝဂ္ဂ-သမ္မာသမ္ဗုဒ္ဓသုတ်-၃၇၉)

**'သစ္စာသိမြင်ဘုရားရှင်'** မြတ်စွာဘုရားအား 'သေလ' ပုဏ္ဏားကြီးက မေးလျှောက်သဖြင့် မြတ်စွာဘုရားဖြေကြားတော်မူရာ၌—

**'အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ၊**
**ပဟာတဗ္ဗံ ပဟီနံမေ၊ တသ္မာ ဗုဒ္ဓေါသ္မိဗြာဟ္မဏ'**
(မဇ္ဈိမပဏ္ဏာသပါဠိတော်-သေလသုတ်-၄၅၂)

'ဗြာဟ္မဏ-သေလတွင်ခေါ်ပုဏ္ဏားကျော်၊ မေ-ဗုဒ္ဓမည်တွင် ငါဘုရားရှင်သည်၊ အဘိညေယျံ-သိသင့် သိထိုက်သောဒုက္ခသစ္စာတရားကို၊ အဘိညာတံ-သဗ္ဗညုမှန် ပင်ထွက်ဉာဏ်ဖြင့် ကိုယ်တိုင် ထိုးထွင်း၍ သိအပ်လေပြီ၊ ဘာဝေတဗ္ဗဉ္စ-ပွားသင့်,ပွားထိုက်,ပွားအပ်သော မဂ္ဂသစ္စာကျင့်မြတ်စွာကိုလည်း၊ ဘာဝိတံ ပွားများအပ် အားထုတ်အပ်လေပြီ ပဟာတဗ္ဗံ-ပယ်သင့်,ပယ်ထိုက်,ပယ်အပ်သောသမုဒယသစ္စာ ထိုတဏှာကို၊ ပဟီနံ-ပယ်စွန့်အပ်လေပြီ၊ ဗြာဟ္မဏ-သိလိုရေးနှင့် မေးလျှောက်လာဌြား အိုပုဏ္ဏား၊ တသ္မာ-သိ-ပယ်-ဆိုက်-ပွား လေးပါးကိစ္စ အပိုင်ရသောအကြောင်းကြောင့်၊ဗုဒ္ဓေါ-သစ္စာသိမြင် ဘုရား၊ရှင်သည်၊ အသ္မိ-ဖြစ်တော်မူရလေပြီ'

ဤသည်တို့ကား-သစ္စာလေးပါးသိမှုအရင်းခံ၍-သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဘုရားတို့ဖြစ်ကြပေရာ သစ္စာလေးတန်အရင်းမခံလျှင် လောကသုံးပါးတွင် ဘုရားဟူ၍ မရှိနိုင်

တော့ပေ၊ ဤအချက်တို့ကို ပဉ္စဝဂ္ဂီတို့အား ဖော်ပြ၍ ဟောတော်မူရာ၌ သစ္စာလေးအင်ကို ကိုယ်တိုင်သိမြင်လျှင် ဘုရားပင်ဖြစ်နိုင်သေးရာ သင်တို့ကဲ့သို့သောသာဝကများမှာ ငါဘုရားညွှန်ပြသည့် အတိုင်းမဇ္ဈိမပဋိပဒါကျကျ မဂ္ဂင်အလုပ်အားထုတ်ကာသိအပ်သော သစ္စာတို့ကို ဓမ္မသဘာဝ အလျောက် မုချသိ၍ သာဝကဗောဓိဉာဏ် အလွယ်နှင့် ဖြစ်နိုင်အောင် 'ကိုယ်တော်က' စီထား၍ ယုံကြည်ချက် ရရှိစေတော်မူသည်။

'ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ'

'ဉာဏဉ္စပနမေဒဿနံဥဒပါဒိ၊ အကုပ္ပါမေဝိမုတ္တိ၊ အယမန္တိမာဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါတိ'

'ဒိုပဉ္စဝဂ္ဂီတို့၊ သစ္စာလေးဆင့်ကို သိမြင်ပြီးသော ငါဘုရားရှင်အား၊ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်တို့ကို ဆင်ခြင်တတ်သော(ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည် ထင်ရှားကောန်ဖြစ်ပေါ်လာရပြန်သည်၊

ငါဘုရားရှင်၏ ရရှိအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ဉာဏ်တို့ကို ဆန့်ကျင့်ဖက်ဖြ သည့် လောဘ-ဒေါသ-မောဟ ကိလေသာ အကုသိုလ်အညစ်အကြေးတို့သည် ထိုအရဟတ္တဖိုလ်ကို ညစ်ညမ်းသိုးနွမ်းအောင် မပြုနိုင်ကြတော့ပေ၊ ငါဘုရား၏ အတွင်းသန္တာန်၌ ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားတို့သည်-ထိုထို အကုသိုလ် ကိလေသာတရားတို့ကို ဖျက်ဆီးချေမှုန်းအပ်ခဲ့လေပြီ၊

သို့ဖြစ်၍ ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သမုဒယတဏှာကိုပယ်ပြီးသည်ဖြစ်၍ ငါဘုရား၏ခန္ဓာအသစ်သည်

နောက်ထပ် မဖြစ်ရတော့ပဲ - ဤယခု ဇာတိသည် နောက်ဆုံးအဖြစ်ဇာတိပေတည်း၊ နောက်ထပ်တဖန်ဇာတိဖြစ်ရန်အကြောင်း မကျန်တော့သဖြင့် မဖြစ်ရတော့ပေ' ဟူသော ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာလေသည်။

ရှင်းလင်းချက်။ ။သစ္စာလေးပါးတို့ကို လေးကြိမ်တိုင်တိုင် ဉာဏ် ၃ ဆင့်စီ တက်၍ တက်၍ သိလာပြီး သမ္မာသမ္ဗုဒ္ဓ အဖြစ်သို့ ရောက်လာသော ဘုရားရှင်အား ဖိုလ်ဉာဏ်၏ နောက်တွင် သုံးသပ်ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဝိသိသ ဘာအရ ဖြစ်မြဲတည်း၊

'မဂ္ဂဖလဥ္စ နိဗ္ဗာနံ ပစ္စဝေက္ခတိ ပဏ္ဍိတော'

ဟူသည်နှင့် အညီ-'မဂ်, ဖိုလ်, နိဗ္ဗာန် ဤသုံးတန်သော တရားတို့ကို မဂ်ဖိုလ်ရသော အရိယာဖြစ်ကာစ ပုဂ္ဂိုလ်တိုင်း ဆင်ခြင်၏' ဟုဆိုသည်၊

'ဟီနေ ကိလေသေ သေသေစ ပစ္စဝေက္ခတိဝါ နဝါ'

'ပယ်ပြီးသော ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကိုကား ဆင်ခြင်သည်လည်းရှိ၍-မဆင်ခြင်သည်လည်း ရှိပေသည်'

သို့ဖြစ်၍ မြတ်စွာဘုရားအား မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ စိတ်တို့ဖြစ်ကြောင်းကို—

ဉာဏဥ္စမေ ဒဿနံ ဥဒပါဒိ ဒဿနကိစ္စကရဏေန
ဒဿနသခ်ါတံ ပစ္စဝေက္ခဏ ဉာဏဥ္စမေဥပ္ပဇ္ဇိ'

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၂၁)

ငါဘုရားရှင်အား ဘဝများစွာ သံသရာအဆက်ဆက်က နှိပ်စက်ညှဉ်းပန်းလျက်ရှိသော ကံ-ကိလေသာစသောအကုသိုလ်ဘေးအညစ်အကြေးတို့သည်ငါဘုရားရရှိထားသောအရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ် ဉာဏ်တို့ကို ဆန့်ကျင်ဖက်အားဖြင့် ထိခိုက်အောင် မပြုလုပ် နိုင်သည်သာမက-ငါဘုရား၏ စွဲကိုင်ရာ အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့် အကုသိုလ် ကံ-ကိလေသာတို့ကို ဖျက်ဆီး, ခုတ်ထွင်,သုတ်သင်ရှင်းလင်းလိုက်ချေ၍ ငါဘုရားအား အနှောက်အယှက် မဖြစ်နိုင်တော့ပေ၊ တနည်းဆိုရသော် လောဘ ဒေါသ မောဟပြောထူ အကြွင်နတ်လူတို့သည် ထိုအကုသိုလ် ကံ-ကိလေသာတို့နှင့် ငါဘုရားကို လာရောက်ဖျက်ဆီးနိုင်သူ တစုံတယောက်မျှမရှိတော့ချေ၊ တုန်လှုပ်အောင် မတတ်နိုင်တော့ပေ၊ဟု ဆင်ခြင်သုံးသပ်အပ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်ပေါ်၍လာပြီဟု ဆိုရာ၌—

'အကုပ္ပါမေဝိမုတ္တိဘိ အရဟာတ္တဖလဝိမုတ္တိ၊ သာ ဟိ
နကုပ္ပတ္တိ၊နစလတိ၊ နပရိဟာယတီဘိ အကုပ္ပါ၊သဗ္ဗကိလေ
သေဟိ စိတ္တဿ ဝိမုတ္တတ္တာ စေတောဝိမုတ္တိဘိဝုစ္စတိ'

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၃၂)

ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းတွင် တံဘားခင်း၍ဘုရားဆုကိုပန်ဆင်ခဲ့သည်မှစ၍—

'ယသ္မာ-အကြောင့်ကြောင့်၊ဇာတိ-အို-နာ-သေခြေး ဒုက္ခဘေးတို့ရောထွေး ဆက်ဆံနေရသော ရုပ်နာမ်ခန္ဓာအသစ်

ဇာတိအဖြစ်သည်၊ ဒုက္ခာ-ဆင်းရဲ ပင်ပန်း လှချေ၏၊
တသွာ-ထို့ကြောင့်၊ ဂဟကာရံ-ရုပ်နာမ်နှစ်ဖြာ ဒုက္ခ စွာ
ဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာ
ငြား တဏှာယောကျ်ားလက်သမားကို၊ အနေကဇာတိသံ
သာရံ-ဘဝများစွာ သံသရာကာလပတ်လုံး၊ ဂဝေသန္တော-
ရှာဖွေခဲ့ရသော ငါသည်၊ အနိဗ္ဗိသံ-အဝိန္ဒန္တော-သင့်ကို
မြင်နိုင် ဉာဏ်မကျိုင်ကို့အပိုင်မရသေးသောကြောင့်သာ
လျှင်၊ သန္ဓာဝိသံ-တပြောင်းပြန်ပြန် ကျင်လည်ခဲ့ရလေပြီ'

ဒုက္ခသစ္စာရုပ်နာမ်ခန္ဓာကို ဖြစ်စေတတ်သော(သမုဒယသစ္စာ) တဏှာကို-ခန္ဓာအိမ်ကို ပြုတတ်လုပ်တတ် ဆောက်လုပ်တတ်သည့် ဗိသုကာ လက်သမားဟန်ထား၍ ကြုံးဝါးလိုက်ခြင်းဖြစ်သည်၊ ထို တဏှာက ပြုလုပ်တိုင်း-ဆောက်လိုက်တိုင်း-ဘဝများစွာ ရုပ်နာမ် ဖြစ်၍ဆင်းရဲရသည်၊ ယင်းသဘောတရားကို အတိအကျသိတော် မူသောကြောင့်-အရင်းခံ လက်သည် တဏှာကို ဉာဏ်တော်နှင့် ရှာဖွေသတ်ဖြတ်လိုက်သောအခါတွင်မှ—

'တဏှာနံ ခယ မဇ္ဈဂါ'

တဏှာကို ဖျက်ဆီးလိုက်နိုင်သောကြောင့်-ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်ခန္ဓာအိမ် အသစ်ကို တည်ဆောက် နိုင်တော့မည်မဟုတ် မတည်ဆောက်ရတော့ဟု—

'ပုန ဂေဟံ နကာဟသိ'

အရဟတ္တဖိုလ်ဉာဏ်ကို အပိုင်ရယူခဲ့သည့် ငါကား ခန္ဓာအိမ် ဆောက်သူကို သတ်ပြီးပြီဖြစ်၍ ငါဘုရား၏ ခန္ဓာအိမ်သစ် ဒုက္ခ အဖြစ်ကို နောက်ထပ်တဖန် မဆောက်လုပ်နိုင်တော့ပေ၊

'ဝိက္ခိဏော ဇာတိ သံသာရော-နတ္ထိဒါနိ ပုနဗ္ဘဝံ'

သံသရာဝဋ်ဆင်းရဲ၌ဇာတိအဖြစ်ကုန်သွားသူတိုင်းအားနောက်ထပ်တဖန် ခန္ဓာအိမ်အသစ်ကို မည်သည့်နည်းနှင့်မျှမဆောက်လုပ်နိုင်တော့ပေ၊ ဇာတိဖြစ်ကြောင်း သမုဒယ သစ္စာ တဏှာကို အရဟတ္တမဂ်က ပယ်သတ်လိုက်သောကြောင့်ဖြစ်၏၊

(ဣမေဝေါစ ဘဂဝါ စသောစကားများမှာ ပဥ္စဝဂ္ဂီတို့က ဤမဇ္ဈိမပဋိပဒါ အကျင့်ဖြင့် သစ္စာလေးပါးကို သိသောမြတ်စွာဘုရား၏တရားတော်ကို နောက်ဆုံး သဘောကျထောက်ခံကြကြောင်း ဝန်ခံပြီးလျှင် ဝမ်းမြောက်ဝမ်းသာခံယူကြကြောင်းဖေါ်ပြသောစကားဖြစ်ပေသည်)

'အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ'

'ဣမသ္မိံစ ပနဝေယျာကရဏသ္မိံ ။လ။ ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ'

ဤသို့လျှင် ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြင့် အမေးအဖြေ 'ဗျာကရဏ်း'ကိုဟောကြားတော်မူအပ်ပြီးသော် 'ကောဏ္ဍည'အား အပါယ်လေးပါးသို့ ကျရောက်စေတတ်သောရာဂအစရှိသောမြူမှ ကင်းသော ဒိဋ္ဌိဝိစိကိစ္ဆာ အညစ်အကြေးကိလေသာမှ စင်ကြယ်သောသစ္စာလေးပါး တရားကို သိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်ဟူသောပညာမျက်စိသည် ထင်ရှားဖြစ်လေပြီ။

'အလုံးစုံရုပ်နာမ်ဓမ္မဟူသော တေဘူမကသင်္ခါရတရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ခြင်းသဘော ရှိသော တေဘူမက သင်္ခါရတရား ဟူသမျှသည် ချုပ်ဆုံးပျောက်ကွယ်ခြင်းသဘောရှိပါပေ၏'

ရှင်းလင်းချက်။ ။အရှင်ကောဏ္ဍညသည် မြတ်စွာဘုရား ဟော
တော်မူသည့်အတိုင်း ခန္ဓာကိုယ်ကို သမ္မာဒိဋ္ဌိ
အမှန်မြင်ဖြင့် မဇ္ဈိမပဋိပဒါ အလယ်လမ်းကြောင်းအတိုင်း မဂ္ဂင်
ရှစ်ရပ်အကျင့်မြတ်ကို နာကြားနှလုံးသွင်းလျက်ရှိရာ (ဒုက္ခသစ္စာ)
မိမိခန္ဓာကိုယ်တွင် ဆင်းရဲလှစွာသော တေဘူမက သင်္ခါရရုပ်နာမ်
တို့ကို အာရုံစူးစိုက် ရှုကြည့်နေရာမှ ထိုထိုရုပ်နာမ် ဒုက္ခသစ္စာ
သဘောတို့သည် 'ဖြစ်ပျက်,ဖြစ်ပျက်'သဘောကို ပိုင်ပိုင်မိမိကိုယ်
တိုင်သိလာသောအခါ၌ ထိုဒုက္ခသစ္စာဖြစ်သော ရုပ်နာမ် အပေါ်
တွင် တွယ်တာခင်မက်နှစ်သက် မြတ်နိုးဘွယ်ရာ ဘာမျှမရှိတော့
သဖြင့်လက်ရှိရုပ်နာမ်ကိုသည်းဆင်းရဲအမှန်သာမြင်နေရ၍ မတွယ်
တာခြင်း ၊ နောင်အဖြစ်ကို ရစေတတ်သော (သမုဒယသစ္စာ)
ရုပ်နာမ်ခန္ဓာဖြစ်ကြောင်း (တဏှာ-ဉပါဒါန်-ဘဝ)ဘို့ကိုလည်း
မလိုချင်, မဖြစ်ချင်တော့သော သဘောနှင့် ပယ်စွန့် လိုက်ခြင်း
ကြောင့် ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ခုကို ဖြစ်ပျက်သဘော
အားဖြင့်—

'ဩော် ...အလုံ စုံဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်ခန္ဓာ
သင်္ခါရ တရားဟူသမျှမှာ ဖြစ်တတ်သောသဘောရှိ၍ ထို
ဖြစ်ဖြစ်သမျှသင်္ခါရရုပ်နာမ်ဟူသည် အခိုင်အမြဲရပ်တည်၍
မနေပဲ ချုပ်ဆုံးကုန်ပျောက် ပျက်ခြင်းသို့သာ ကျရောက်
ရပါသည်တကား....'

ဟုဉာဏ် အသိဖြစ်ပေါ်လာသည်နှင့်—

ဒုက္ခသစ္စာကို ဆင်းရဲအမှန် ဤရုပ်နာမ်ဟု ပိုင်နိုင်စွာသိလျက်-
သမုဒယသစ္စာကို ဆင်းရဲဖြစ်ကြောင်း အမှန်ဟု ပယ်လျက်-

နိရောဓသစ္စာကို ဆင်းရဲချုပ်ရာဖြစ်၍ မျက်မှောက်ပြုလျက်- မဂ္ဂသစ္စာကို ဆင်းရဲချုပ်ကြောင်း အလုပ်ဟု အားထုတ်ပွားများလျက်-

မဂ်စိတ်အစဉ်(မဂ္ဂဝီထိ)ကျပြီး သောတာပန်ဖြစ်တော်မူသည်၊ သောတာပန်ဖြစ်သည်နှင့်တပြိုင်နက် ပယ်အပ်သောတရားတို့သည် အကုသိုလ်စိတ် ၁၂ ခုတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄ ခု ဝိစိကိစ္ဆာသမ္ပယုတ်စိတ်-၁-ခု၊ ပေါင်း အကုသိုလ်စိတ်-၅ ခုကို အကြွင်းမရှိ ပယ်သတ်ပြီးဖြစ်သွားပြီ၊ နောက်ထပ်တဖန် ဖြစ်ပွားပေါ်ပေါက်လာရန်လုံးဝမရှိတော့ပေ၊ သို့အတွက် အပါယ်လေးပါးမှ လုံးဝလွတ်မြောက်သွားတော့သည်၊ထို့ကြောင့်-

> 'သောတာပတ္တိမဂ်သည်တပြိုင်နက်အားဖြင့်ပယ်စွန့်အပ်သော တရားတို့ကား 'သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ' ဤတရား သုံးပါးတို့ကို ပယ်စွန့် လိုက်သောကြောင့်အပါယ်လေးပါးမှ လုံးဝလွတ်မြောက်သွားသည်'
>
> (ခုဒ္ဒကပါဌပါဠိတော်-၆)

ထိုသောတာပန်သည်-

> 'ဒုက္ခသစ္စာဟူသောဆင်းရဲဖြစ်သည့် ရုပ်နာမ်ဖြစ်ပျက်ကိုမြင်သိနေချိန်၌ သက္ကာယဒိဋ္ဌိကိုရှင်း, သမုဒယသစ္စာပယ်သင့်ရာကိုသိမြင်နေသောအချိန်တွင် ဝိစိကိစ္ဆာကိုရှင်း, မဂ္ဂသစ္စာ, နိရောဓသစ္စာ သိမြင်နေသော အချိန်တွင် သီလဗ္ဗတပရာမာသကိုရှင်းအသီးသီးပယ်၏'ဟုအဋ္ဌကထာ၌ခွဲခြားပြ၏၊

'ဒုက္ခဒဿနသမ္ဗဒါယစေတ္ထ သက္ကာယဒိဋ္ဌိ သမုဒယ ဒဿန သမ္ဗဒါယဝိစိကိစ္ဆိတံ မဂ္ဂဒဿန နိဗ္ဗာန ဒဿန သမ္ဗဒါယ သီလဗ္ဗတံ ပဟီယတီတိ ဝိညာတဗ္ဗံ'

(ခုဒ္ဒကပါဠိအဋ္ဌကထာ ၁၅၈)

'ဖြစ်ပျက်' အရှင်ကောဏ္ဍညရဲ၏ သောတာပန်အဖြစ်ကိုပြသော စကားမှာ—

| | |
|---|---|
| 'ယံကိဉ္စိသမုဒယ ဖြစ် | ဓမ္မံသဗ္ဗံတံ နိရောဓဓမ္မံ' ပျက် |

၎သမုဒယဓမ္မံ ဟူသော အဖြစ်သည်-မည်သည်ကို ဆိုသနည်း ဟူမူ-ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေသော မြတ်စွာ ဘုရားအား-အရှင်ရာဓက လျှောက်ထားသည်မှာ-

'သမုဒယဓမ္မော သမုဒယဓမ္မောတိဘန္တေဝုစ္စတိ၊ ကတမော နုခေါဘန္တေ သမုဒယဓမ္မောတိ'

'မြတ်စွာဘုရားဖြစ်ခြင်းသဘော, ဖြစ်ခြင်းသဘောဟု-ပြောဆို ကြပါသည်၊ အဘယ်တရားသည် ဖြစ်ခြင်းသဘောပါနည်းဘုရား' ဟု လျှောက်သောအခါ မြတ်စွာဘုရားက—

'ရူပံခေါရာဓသမုဒယဓမ္မော။လ။ဝိညာဏံသမုဒယဓမ္မော'

'ချစ်သားရာဓ-ဖေါက်ပြန်မှု သဘောသည် ဖြစ်ခြင်း သဘော၊ ခံစားမှုသည်ဖြစ်ခြင်းသဘော၊ မှတ်မှုသည်ဖြစ် ခြင်းသဘော၊ ပြုပြင်မှုသည် ဖြစ်ခြင်းသဘော၊ သိမှုသည် ဖြစ်ခြင်းသဘောတည်း'

ဟုဟောတော်မူသည်၊ တဖန်ရာဓ-ရဟန်းက—

'နိရောဓဓမ္မော နိရောဓဓမ္မောတိ။လ။ကတမောနုခေါ ဘန္တေနိရောဓဓမ္မောတိ'

'မြတ်စွာဘုရား ချုပ်ခြင်းသဘော, ချုပ်ခြင်းသဘော ဟု ပြောဆိုကြပါသည်၊ အဘယ်တရားသည် ချုပ်ခြင်း သဘောပါနည်းဘုရား'

ဟုလျှောက်သောအခါ မြတ်စွာဘုရားက–

'ရူပံခေါရာဓနိရောဓဓမ္မော။လ။ဝိညာဏံနိရောဓဓမ္မော'

'ချစ်သားရာဓ–ဖေါက်ပြန်မှုသည် ချုပ်ခြင်း သဘော၊ ခံစားမှုသည် ချုပ်ခြင်း သဘော၊ မှတ်မှုသည် ချုပ်ခြင်း သဘော၊ပြုပြင်မှုသည် ချုပ်ခြင်းသဘော သိမှုသည်ချုပ် ခြင်းသဘောတည်း'

ဟုဟောတော်မူသည်။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၆၁)

အချုပ် သဘောကား·ခန္ဓာငါးပါးသည်ဖြစ်တတ် ချုပ်တတ် သောသဘောသာဖြစ်ကြောင်း ယင်းဖြစ်ပျက်ကိုသဘောပေါက်၍ သောဘာပန်ဖြစ်သော အရှင်ကောဏ္ဍညသည် 'ယံကိဉ္စိသမုဒယ ဓမ္မံ သဗ္ဗံတံနိရောဓဓမ္မံ' 'အလုံးစုံ ဖြစ်ခြင်းသည် ချုပ်ပျက်ခြင်း မှာဆုံး၏'ဟုဥဒါန်းကျူးသည်၊ ထို့ကြောင့်ဝိပဿနာအားထုတ်သူ တို့သည်·မိမိတို့၏ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်ခန္ဓာကို 'ဖြစ်,ပျက်' မြင်မှုအရေးကြီးပေသည်၊

**'သတိပဋ္ဌာန်ဟူသည်ဘာကိုရှသလဲ'**

သတိပဋ္ဌာန်သည် 'ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ' ဟူ၍·၄ မျိုးရှိ သည်၊ အားထုတ် လိုသော ပုဂ္ဂိုလ်တို့သည်·သတိပဋ္ဌာန် တပါးစီ

သဘောပေါက်အောင် လေ့လာကြည့်ပါ-မိမိစရိုက်နှင့် သဘောပေါက်သောသတိပဋ္ဌာန်သည်-မိမိအတွက် ဖြစ်သည်၊ သတိပဋ္ဌာန်အဖွင့် အဋ္ဌကထာညွှန်ပြသော စရိုက်နှင့် ရွေးနည်းမဟုတ်ပဲ မိမိသဘောပေါက်မည့် သတိပဋ္ဌာန် ဖြစ်ရန် လိုသည်။ ဆိုလိုသောအဓိပ္ပါယ်မှာ - စရိုက်ဟူသည် - သိဖို့လွယ်သော ကိစ္စ မဟုတ်ပေ- ဝိပဿနာ အားထုတ်ရာတွင် ထင်မြင်ခဲ့သော တရားတခုခု- သတိပဋ္ဌာန်တမျိုးမျိုးကို အချိန်ကာလအတန်ကြာအောင် အားထုတ်နေသော်လည်းယောဂီ၏ဉာဏ်၌ရသင့်သောအသိဉာဏ်မရက-တနည်းပြောင်းပေးဖို့ လိုပေလိမ့်မည်။

သို့ရာတွင်-ဤနေရာ၌ သင်ကြားပြသပေးသော ဆရာသမားဖက်ကလည်း - ယောဂီ၏ အသိဉာဏ် တက်ရန် အထောက်အကူများစွာ လိုပေ လိမ့်မည်၊ ဆရာသမား၏ အကူ အညီ သည်လောကုတ္တရာမဂ်မှတပါး သတိပဋ္ဌာန်မဂ် တလျှောက်လုံး ယောဂီတပည့်၏ အခြေအနေအရ-လိုနေပေလိမ့်မည်၊ယောဂီတပည့်အား 'ဒီလိုမှတ်နေ' ဆိုရုံနှင့်ပြီးသည်မဟုတ်။

ကျွန်ုပ်တို့သည် စရိုက်ရွေးသည်ကို လက်မခံနိုင်ပေ၊ မှန်ပါသည်-သတ္တဝါ၏ စရိုက်ကို သဗ္ဗညုဘုရားရှင်မှတပါး အရှင်သာရိပုတ္တရာပင် မရွေးနိုင်ပေ၊ မိမိတို့အရာမဟုတ်သည်ကို ဓမ္မပဒတွင် ဆိုထားသည်၊ဝိပဿနာသဘောမှာလည်း-

'ပညတ္တိံ ဌပေတွာ အနိစ္စာဒိအာကာရေန ဝိသေသေန ပဿတီတိ ဝိပဿနာ'

ဟူသောဝိဂြိုဟ်အရ-ပညတ်လွတ်သော ပရမတ်အာရုံ၌ ပျက်ခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း သဘောတို့ကို(ဝါ)ဖြစ်ခြင်း ပျက်ခြင်း

သဘောတို့ကို အထူးသဖြင့်ဉာဏ်နှင့် မြင်အောင် ရှုမှုကို ဝိပဿနာရှုသည်ဟု ခေါ်သည်၊ ဝိပဿနာရှုရာတွင် ဖြစ်ပျက် မြင်အောင်ရှုရသည်၊ ယင်းဖြစ်ပျက်သည်-ပညတ်မပါသော ပရမတ်ရုပ်နာမ်၏သဘောတရား ဖြစ်သောကြောင့်-ပရမတ် ရုပ်နာမ်ကို ရှေးဦးစွာသဘော ပေါက်ထားရန် လိုသည်၊ ဝိပဿနာ ရှုရမည့် အခြေခံပရမတ် ရုပ်နာမ် သဘောပေါက်ထားက-ဝိပဿနာ ရှုမှုသည်-စရိုက်ရွေးရန် လုံးဝမလိုတော့ပေ၊ စရိုက်မရွေးရလျှင် သတိပဋ္ဌာန် ၄ မျိုး၌လည်း-

ကာယာနုပဿနာရှု ယောဂီသည် '....ကာယသို-ဖေါက်ပြန်မှုသဘော၌၊ သမုဒယဝယဓမ္မာနုပဿီဝါ-ဖြစ်ခြင်း - ပျက်ခြင်း သဘောကို ရှုလေ့ ရှိသည်ဖြစ်၍ မူလည်း၊ ဝိဟာရတိ-နေ၏' (ဖြစ်-ပျက်)

ဝေဒနာနုပဿနာရှု ယောဂီသည် '....ဝေဒနာသု - ခံစားသောသဘောတို့၌၊ သမုဒယဝယဓမ္မာနုပဿီဝါ-ဖြစ်ခြင်း-ပျက်ခြင်း သဘောကို ရှုလေ့ ရှိသည်ဖြစ်၍ မူလည်း၊ ဝိဟာရတိ-နေ၏' (ဖြစ်ပျက်)

စိတ္တာနုပဿနာရှုယောဂီသည် '....စိတ္တသို-သိသဘော၌၊ သမုဒယဝယဓမ္မာနုပဿီဝါ-ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြင့်၍မူလည်း၊ ဝိဟာရတိ-နေ၏' (ဖြစ်-ပျက်)

ဓမ္မာနုပဿနာရှုယောဂီသည် '....ဓမ္မေသု - သဘော တရားတို့၌၊ သမုဒယဝယဓမ္မာနုပဿီဝါ- ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုလေ့ ရှိသည် ဖြစ်၍ မူလည်း၊ ဝိဟာရတိ - နေ၏' (ဖြစ် ပျက်)

ဤသည်တို့မှာ သတိပဋ္ဌာန်ပါဠိတော်၏ ဘုရားဟောပင်ရင်း ဖြစ်ပေသည်၊ မည်သည့် သတိပဋ္ဌာန်မဆို ဖြစ်ခြင်း-ပျက်ခြင်း သဘောကို ရှုရသည်ချည်းဖြစ်၍ 'မည်သည့်စရိုက်နှင့် မည်သည့် သတိပဋ္ဌာန်'ဟု ခွဲခြားဖို့မလိုတော့ပေ၊ အရင်းခံဖြစ်သောအခြေခံသည့် ရုပ်နာမ်ပရမတ်သာ သဘောပေါက်ဖို့လိုသည်၊အခြေခံတွင် ယောဂီသိနိုင်မည့် ဝေါဟာရမဟုတ်ပဲ-ပါဠိဘာသာလိုလို-ပါဠိ ပျက်လိုလို ဝေါဟာရမျိုးနှင့် အခြေတည်နေပါကလည်း ယောဂီ အတွက်တခက်ပင်၊ မြန်မာဘာသာ အခြေတည်သည့် ထားဘိဦး-ပညတ်နှင့် မှတ်နေ၍လည်း ပရမတ်သဘောပေါက်ရန် မလွယ်ပဲ ဖြစ်ဦးမည်၊

သတိပဋ္ဌာန်တွင် ဝိပဿနာဘာဝနာဖြစ်ရန် စရိုတ်မရွေးရှုနိုင်ပုံ ကို သိပါလျက်အခြေခံရုပ်နာမ်ဘည်ပုံမမှန်သည်နှင့် ဘာဝနာပိုင်း မရောက်နိုင်ပေသျှင် ဝမ်းနည်းစရာ ကောင်းလှသည်၊ ဝိပဿနာ သဘိပဋ္ဌာန်အလုပ်အားထုတ်နေပါလျက်'ဖြစ်-ပျက်'ကိုမသိသော- မရှုတတ်သော ယောဂီအမြောက်အမြားတွေ့နေရသည်မှာ အထူး ပင်သံဝေဂ ဖြစ်မိသည်၊

အရှင်ကောဏ္ဍည တရားရရာ၌လည်း 'ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓဓမ္မံ'ဖြစ်-ပျက်ပင်ဖြစ်လေသည်၊ မိဂဒါဝုန်တောတွင် မြတ်စွာဘုရားသည် ဓမ္မစကြာတရားဟောတော်မူသည့်အဆုံး၌-

'တေသု ကောဏ္ဍညတ္ထေရော ဒေသနာနုသာရေန
ဉာဏံပေသေန္တောသုတ္တပရိယောသာနေ အဋ္ဌာရသဟိ
ဗြဟ္မကောဋီဟိသဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌာသိ'

(အပဒါနဋ္ဌကထာ-၉၆)

'တေသု - ထိုမမ္မစကြာ တရားနာ ပရိသာတ်တို့တွင်၊ ကောဏ္ဍညတ္ထေရော၊အရှင်ကောဏ္ဍညထေရ်သည်၊ ဒေသနာနုသာရေန-သစ္စာဒေသနာတော်ကို အစဉ်လျှောက်၍၊ ဉာဏ်အမှန်သို တတ်သောဉာဏ်ကို၊ ပေသေန္တော-ခန္ဓာတွင်းသို့သွင်း၍ ရှုလတ်သော်၊ သုတ္တပရိယောသာနေ-ဓမ္မစက္ကပဝတ္တနသုတ်တော်အဆုံး၌၊ အဋ္ဌရသဟိဗြဟ္မကောဋီဟိ - ၁၈-ကုဋေ မျှလောက်သော ဗြဟ္မာပရိသာတ်နှင့်၊ သဒ္ဓိ-အတူတကွ၊ သောတာပတ္တိဖလေ-သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ-တည်လေ၏'

(ဎင်းနောက် ဓမ္မစက္ကပဝတ္တန သုတ်တော်အဆုံးတွင် အရှင်ကောဏ္ဍည နှင့် တကွ ၁၈-ကုဋေ မျှသော နတ် ဗြဟ္မာတို့ သောတာပန်ဖြစ်တော်မူကြသဖြင့် သာသနာတော်တွင် မပြည့်စုံသေးသော 'သံဃာရတနာ' ပြည့်စုံသွားပြီ၊ နောက်တွင် နတ်တို့အဆင့်ဆင့်ကြွေးကြော်ကြသောစကားများသာ ကျန်ရှိတော့ရာ- အလုပ်သဘောသို့ဦးတည်ထားသော ကျွန်ုပ်တို့အတွက်မလိုတော့ပါ၊ ဓမ္မစကြာတရားတွင် 'ဒွေမေဘိက္ခဝေ-ကစ၍သဗ္ဗံတံနိရောဓဓမ္မံ' တိုင်အောင်သာလျှင်-ကျွန်ုပ်တို့အတွက် လိုအပ်ချက် ဖြစ်ပါသည်၊ ထိုဒေသနာတော်အတွင်း ဝေဖန်ရှင်းလင်းရန်ပင် အများအပြား ကျန်ရှိနေပါသေးသည်၊ ဤသုတ်ပြီးဆုံးပြီဖြစ်ပါ၍ ဤသုတ်မှ 'ဓမ္မရသ'ထုတ်နှုတ်၍အလုပ်လုပ်နိုင်ရန်ဆက်လက်၍ဖော်ပြမည်၊ ဓမ္မစကြာတရားကို ဟောကြားရုံ - နာယူရုံ - ရွတ်ဖတ်ရုံ- အစိပ္ပါယ် အရကောက်ပြရုံမဟုတ်ပဲ-တရားတော်၏အနှစ်သာရကို အလုပ်သဘော ဖြစ်မြောက်အောင် အားထုတ် လေ့လာလိုသော ယောဂီများ ဆက်လက်လေ့လာတော်မူနိုင်ကြပါစေ)

## 'ကိုယ်တွေ့ဉာဏ်မြင်လုပ်နည်းပိုင်း'

လောကသုံးပါးတွင် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် မိဂဒါဝုန် တောတွင် သာသနာတော်၏ မဇ္ဈိမပဋိပဒါ မူဝါဒ လမ်းစဉ်တရားရတနာကို သုံးဆယ့်တဘုံသို့အသိပေးကျေညာကာ စတင်ဟောကြားတော်မူစဉ်ဘုရားရတနာ-တရားရတနာအားဖြင့် ရတနာ ၂-ပါး ဖြစ်ပေါ်လာသည်၊ တရားရတနာ လုပ်နည်းမှန်မှုကြောင့် နာရီပိုင်းမျှဖြင့် သံဃာရတနာ ထင်ရှားဖြစ်ပေါ်လာခဲ့ရာ-ဤဓမ္မစက္ကပဝတ္တနသုတ် တရားတော်သည် မြတ်စွာဘုရား၏ တရားဦးတွင် မက-ဂုဏ်၏ လုပ်နည်းစဉ်ကြောင့် အရှင်ကောဏ္ဍည စသော သံဃာဦးအဖြစ်လည်း ရရှိပေသည်၊ ဤကား 'ဓမ္မသာရ' တရား၏အနှစ်သာရဖြစ်ပေသည်။

**ဤ**သုတ်တော်ကို ကျွန်ုပ်တို့စိစစ်ကြည့်သောအခါ-သစ္စာသိရန် ဦးတည် ညွှန်ကြား သည်ကို တွေ့ရ ပေသည်၊ အဓိကသည်-အမှန်တရားသစ္စာကို သိရန်ဖြစ်သည်၊ ထိုအမှန်တရားသစ္စာသည် ရုပ်နာမ်ခန္ဓာတွင် ဖြစ်နေရှိနေသည်၊ထိုသစ္စာဟူသော အမှန်တရားကို အမှန်အတိုင်းသိရန်-သမ္မာဒိဋ္ဌိဉာဏ်လိုသည်၊ သမ္မာဒိဋ္ဌိဉာဏ်ဆိုသည်မှာလည်း ထူးထူးဆန်းဆန်း မဟုတ်-ရုပ်နာမ်-ခန္ဓာ၏ အမှန်သဘောကို အမှန်အတိုင်းသိမှု၊ အရှိသဘောကို အရှိအတိုင်းသိမှု၊ ပကတိသဘောကို ပကတိအတိုင်းသိမှု ဖြစ်သည်-ဘက်မလိုက်သောအသိမျိုးကိုလိုသည်၊ ယင်းသမ္မာဒိဋ္ဌိ ဉာဏ်အသိ ဖြစ်သည်နှင့် နောက်လိုက် အဖွဲ့သားများပါ-စုံညီစွာနှင့် သစ္စာအမှန်တရားကို သိရန် ချီတက်သွားသည့် လမ်းစဉ်ကို 'မဇ္ဈိမပဋိပဒါ လမ်းစဉ်'ဟု

အမည် တပ်ပြီး တရားစက်လှည့်ခြင်း, လည်စေခြင်း ဖြစ်သော 'ဓမ္မစက္ကပဝတ္တနသုတ်'ကို–ဟောတော်မူသည်၊

ဤသုတ်တော်၌ လိုရင်းထုတ်ယူလိုက်သောအခါ–

ဦးတည်ချက်.... အမှန်တရားသစ္စာသိရန်
လုပ်ငန်း .... မဇ္ဈိမပဋိပဒါမဂ္ဂင်

ဦးတည်ရမည့် တရားကား-ခန္ဓာမှာရှိနေသော အရှိတရား, ပင်ရင်းတရား,အမှန်တရား(ရှုကွက်)ဖြစ်၍

လုပ်ငန်းကား-ထိုရှုကွက် အမှန်တရားကို အမှန်သိရမည့်မဇ္ဈိမပဋိပဒါမဂ္ဂင်လုပ်ငန်း(ရှုဉာဏ်)ဖြစ်သည်၊

**'အလုပ်စမည်'** မဇ္ဈိမပဋိပဒါ အဖွဲ့ခေါင်းဆောင် သမ္မာဒိဋ္ဌိရှုဉာဏ်သည် အမှန်တရား စုပေါင်း ထားသည့် ရှုကွက်ခန္ဓာတွင်းသို့ ဝင်ရောက်လေ့လာမည်-အကဲခပ်မည်၊ ယင်းသည်အမှန်မြင်တတ်သော ၎င်း၏သဘာဝအတိုင်း အမှန်ကိုသိနေမည်-အမှန်တရားသစ္စာဖြစ်သော ဤခန္ဓာတွင် အခြေခံဖြစ်သော (ရုပ်နာမ်)ဖေါက်ပြန်မှု,သိမှုတို့ကိုရှေးဦးစွာတွေ့ဆုံလိမ့်မည်၊ဉာဏ်သည်ဖေါက်ပြန်မှုကိုတွေ့လျှင် 'ဖေါက်ပြန်နေတယ်'ဟူ၍ရင်း၊သိမှုကိုတွေ့လျှင် 'သိနေတယ်'ဟူ၍ၚင်းမှန်မှန်သိနေပါ၊ ၎င်းပရမတ်သဘောတရား 'ဖေါက်ပြန်မှု,သိမှု'တခုခုကို သိနေခြင်းသည်အမှန်ဆုံးသစ္စာကိုတွေ့ရန် အောက်လူအခြေခံကို သိထားခြင်းဖြစ်သည်၊ တဖန်၎င်းပရမတ်သဘောတို့ကို ရင်းရင်းနှီးနှီးသိရန် ထပ်ကာထပ်ကာသိနေလိုက်ပါဦး၊

ထိုအခါထပ်ကာထပ်ကာတွေ့သိနေရသောဉာဏ်သည်သစ္စာ၏ အခြေခံအောက်လူနှင့် ရင်းနှီးသွားသဖြင့်တဆင့်တက်ရမည်ဖြစ်သည်၊တဆင့်တက်သည်ဆိုရာဝယ်၊ အမှန်တရား ပရမတ်ဖြစ်သော ဖေါက်ပြန်မှု သို့မဟုတ်သိမှုတို့ကို ရင်းရင်းနှီးနှီး ထပ်ကာထပ်ကာ တွေ့သိခြင်းဖြင့် ၎င်းတို့၏ သဘာဝအပျက်ကို သိသွားခြင်းဖြစ်လေသည်၊ထိုအပျက်သဘောကိုလည်း ရင်းနှီးမှုရစေရန် ထပ်ကာထပ်ကာသိနေပါဦး·လေ့လာသောဉာဏ်သည် အပျက်သဘောကို လေ့လာဖန်များလတ်သော်နောက်ထပ်တက်သိရမည့် တရားကားခန္ဓာ၏အဓိက ပင်ရင်းသဘောတရား ဒုက္ခသစ္စာသို့ ဦးတည်ဆိုက်ရောက် သွားပေလိမ့်မည်၊ ထိုမှ နောက်တွင်·သိသင့်, ပယ်သင့်, မျက်မှောက်ပြုသင့်,ပွားများသင့်သောအားဖြင့် ဓမ္မစကြာအညွှန်းအတိုင်း 'ဓမ္မရသ'သဘောသို့ ဆိုက်ရောက် ရလေတော့သည်။

## 'လုပ်ငန်းစဉ်ဆောင်ပုဒ်'

ကျွန်ုပ်တို့၏ 'မဇ္ဈိမပဋိပဒါဒေသနာလက်စွဲ' စာအုပ်ငယ်တွင် ဆောင်ပုဒ်အမှတ် ၃ သည် လုပ်ငန်းစဉ်ပြ ဆောင်ပုဒ်ဖြစ်သည့်အတိုင်း အသုပ်သဘောရောက်အောင် ရှင်းလင်းဖေါ်ပြလိုသည်၊ ထိုဆောင်ပုဒ်ကို 'ဝိပဿနာလုပ်ငန်းမဂ်စခန်း'ဟု အမည်ပေးထားသည်၊ကျွန်ုပ်တို့ သစ္စာဒီပကအဖွဲ့ချုပ်နှင့်အဖွဲ့ခွဲများပါ ထိုဆောင်ပုဒ်များကိုရွတ်ဖတ်စေပြီး အဓိပ္ပါယ်နားလည်အောင်ပြောပြထားသဖြင့် တရားအားထုတ်ရာတွင် များစွာအထောက်အကူ ဖြစ်စေသဖြင့်·အကျယ်အဓိပ္ပါယ်ဖွင့်ဆိုအံ့–

၁- ခန္ဓာကိုယ်တွင်း-ဉာဏ်စိုက်သွင်း-အလင်းရှုလေဘိ၊
၂- ရှုကြည့်သောခါ-ဖေါက်ပြန်တာ-မကြာမြင်လေ၏၊
၃- ဖေါက် ပြန် ဖြစ် ပျက် - ဉာဏ် မြင် ချက်-တွေ့ လျက် ထပ်ကာကြည့်၊
၄- ထပ်ကာထပ်ကာ-သိနေပါ-ဉာဏ်သာတက်လေ၏၊
၅- ဉာဏ်တက်လေသျှင်-ဆင်းရဲမြင် ဤတွင်သစ္စာသိ၊
၆- သစ္စာသိပြန်-ဆင်းရဲမှန်-ကေန်ဉာဏ်ဖြစ်၏၊
၇- ဒုက္ခသစ္စာ-ဉာဏ်သိရာ-ထပ်ကာစိုက်၍ကြည့်၊
၈- ရုပ်နာမ်သဘာဝ-ဖြစ်ပျက်ကြ-မူလပင်ကိုသိ၊
၉- သိလေသောခါ-မုန်း၍လာ-ဖြစ်ကာပျက်ဆုံး၏၊
၁၀- ဖြစ်ပျက်ဆုံးပင်-ရောက်လေလျှင်-ဤတွင်ချမ်းသာ၏၊
၁၁- ဖြစ်ပျက်ရှိလျှင်-ဒုက္ခပင်-ဉာဏ်စဉ်မှတ်လေဘိ၊
၁၂- ယောဂီလမ်းစဉ်-မှတ်လိုလျှင်-မဂ္ဂင်ကိုယ်တွင်ကြည့်၊
၁၃- နာမ်သိမဟုတ်-ဉာဏ်သိလုပ်-ဖွင့်ထုတ်ပိုင်အောင်သိ၊
၁၄- သိရသည်မှာ-ကိုယ်ခန္ဓာ-မှန်စွာဆင်းရဲ၏၊
၁၅- ဆင်းရဲအမှန်-သိဘို့ရန်-ကေန်တခုရှိ၊
၁၆- ဆင်းရဲသိလေ တာဝန်ကျေ-ကျင့်လေမဂ်သတ္တိ၊
၁၇- ဆင်းရဲကိုမြင်-မလိုချင်-မဂ္ဂင်လမ်းမှန်၏
၁၈- ဆင်းရဲချုပ်မှ-ချမ်းသာရ-နိဗ္ဗာနဟုသိ၊
၁၉- ယောဂီအလုပ်-အကျဉ်းချုပ် ပွားထုတ်လေကုန်ဘို၊

အလုပ်သဘောဖြစ်သောဤလင်္ကာဆောင်ပုဒ်တို့ကို အရကျက်၍ဆောင်ထားပြီးလျှင် အဓိပ္ပါယ်နားလည်အောင် လေ့ကျင့်ကအလုပ်ကို သဘောပေါက်လာပါလိမ့်မည်၊သို့အတွက်လေ့လာရန်-

## ၁- 'ခန္ဓာကိုယ်တွင်း-ဉာဏ်စိုက်သွင်း-အလှင်းရှုလေဘိ'

ဟူသောလင်္ကာဆောင်ပုဒ်၏အဓိပ္ပါယ်ကား-သံသရာခန္ဓာ၏အပြစ်ကိုမြင်၍လိုချင်မှု ဖြစ်မလာပဲ-ထွက်မြောက်လိုသော ကျွန်ုပ်တို့အတွက်အကောင်းဆုံးသောအလုပ်မှာ အမှန်တရား(သစ္စာ)လေးပါးကို ကိုယ်တိုင်သိရန်-ဤမိမိတို့လက်ရှိ ရုပ်နာမ်ခန္ဓာ အတွင်းသို့၊ သမ္မာဒိဋ္ဌိ အသိဉာဏ် သွင်းထားရမည်၊ အသိကပ်နေရမည်၊ ခန္ဓာအကြောင်းလေ့လာနေရမည်ဟုဆိုလိုသည်၊

ဤခန္ဓာကိုယ်ကို ကျွန်ုပ်တို့က 'မိန်းမ,ယောကျ်ား,ပုဂ္ဂိုလ်,သတ္တဝါ'ထင်သည်၊ ခန္ဓာ၏ အမှန်သဘောကား... ဝိပါကဝဋ်ဖြစ်သည် အားသျှော်စွာ- အတိတ်က အဝိဇ္ဇာတဏှာကံတို့ ပြုခဲ့လုပ်ခဲ့သမျှကောင်းကျိုးဆိုးကျိုးကိုခံစားရမည့်ခန္ဓာဖြစ်သည်၊ဝိပါကဝဋ်ဖြစ်သော ဤခန္ဓာကို စစ်ကြည့်က 'ရုပ်,နာမ်'ဟူသော'ဖောက်ပြန်မှု,သိမှု'သာရှိနေသည်၊ 'ငါ,သူ,လူ,နတ်,မိန်းမ,ယောကျ်ား,ပုဂ္ဂိုလ်,သတ္တဝါ'မဟုတ်ချေ၊ (ရုပ်နာမ်) ဖောက်ပြန်မှု,သိမှု ၂ ပါးသာဟုတ်သည်၊(တဏှာ,ဥပါဒါန်,ကံ)သည်-ဆင်းရဲဖြစ်ကြောင်း၊သမုဒယသစ္စာသာဖြစ်၍ 'မိန်းမ,ယောကျ်ား, ပုဂ္ဂိုလ်,သတ္တဝါ'မဟုတ်ချေ၊ ဖောက်ပြန်မှု-သိမှုသာဟုတ်သည်၊ ထိုဖောက်ပြန်မှု-သိမှုသည်လည်း (ဒုက္ခသစ္စာ)ဆင်းရဲအမှန်သာ ဖြစ်၍-ဤခန္ဓာကို-တရားသိရန်ရှုကွက်အနေထား၍ အားထုတ်လိုသောယောဂီသည် ထိုအမှန်ရှိသောသဘောတရားကိုသာ 'ဖောက်ပြန်သဘော, သိသဘော' အနေနှင့်သိထားပါ။

'ဉာဏ်ဆိုတာဘာလဲ' ဉာဏ်ဆိုသည်မှာ 'ဉာတဋ္ဌေနဉာဏံ' အရ- သိတတ်သော အနက်၊ အမှန်ကို အမှန်
အတိုင်း သိတတ်သောသဘောသည်-ဉာဏ်မည်၏၊ အမှန်တရားပရမတ်သာရှိသော ခန္ဓာကိုယ်တွင်အမှန်သိတတ်သောဉာဏ်ကို အမှန်အတိုင်းသိရန် ရုပ်နာမ်ခန္ဓာတွင်းသို့ သွင်းထားပါ-ဟု ဆိုလိုသည်၊ ထပ်၍ ရှင်းဦးမည်....ဤယခုလက်ရှိ ရုပ်နာမ် ခန္ဓာသည်-ရုပ်နာမ် ၂ ပါးသာအမှန်ရှိသည်ကို 'မိန်းမ,ယောကျ်ား'စသည်ဖြင့် အမှတ်မှားနေမှုကိုအမှန်အတိုင်း'ဘာ' ဟူ၍ သိရန်-ဘက်မလိုက်ပဲ အမှန်ရှိသည်ကို အမှန်ပဲဟု သိပေးမည့်အသိဉာဏ်ကို၊ အမှန်ဖြစ်နေ,ရှိနေသော ခန္ဓာကိုယ်တွင်းသို့သွင်းထား၍သိခိုင်းလိုက်ပါက အမှန်တွေကိုသာ-သိမည်ဖြစ်၍ထိုအသိဉာဏ်ကို'ခန္ဓာကိုယ်တွင်း' သွင်းထားပါဟု ဆိုလိုသည်။

'ဘာဉာဏ်လဲ'ခန္ဓာတွင်းသို့သွင်း၍ ကြည့်ရမည့် ဉာဏ်ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒနည်းအရ 'ဝိဇ္ဇာဉာဏ်' ဓမ္မစကြာနည်းအရ 'သမ္မာဒိဋ္ဌိဉာဏ်'ကို ဆိုသည်၊ ထိုဝိဇ္ဇာ, သမ္မာဒိဋ္ဌိဉာဏ် သည်—

| | |
|---|---|
| 'ဒုက္ခေဉာဏံ' | 'ဆင်းရဲအမှန်ကို သိတတ်သောသဘော၊ |
| 'ဒုက္ခသမုဒယေဉာဏံ' | 'ဆင်းရဲဖြစ်ကြောင်း အမှန်ကို သိတတ်သောသဘော၊ |
| 'ဒုက္ခနိရောဓေဉာဏံ' | 'ဆင်းရဲချုပ်ခြင်း အမှန်ကို သိတတ်သောသဘော၊ |
| 'ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယဉာဏံ' | ဆင်းရဲချုပ်ကြောင်း အမှန်ကို သိတတ်သော သဘော၊ |

ဤအမှန်တရား လေးပါးကို အမှန်အတိုင်း သိခြင်းသည် ဝိဇ္ဇာဉာဏ်ဖြစ်သည်, သမ္မာဒိဋ္ဌိဉာဏ်ဖြစ်သည်' ဤဝိဇ္ဇာဉာဏ်နှင့် သမ္မာဒိဋ္ဌိဉာဏ်သည် ဟောရာပြရာ ဌာနသာခြားသည်၊ သဘောတရား အနေနှင့်ကား-'အမှန်သိမှု, အမှန်မြင်မှု' တခုတည်းသာ ဖြစ်သည်၊ မည်သို့ဆိုစေကာမူ—ဤခန္ဓာတွင်း သွင်းကြည့်ရမည့် ဉာဏ်သည် မဂ္ဂသစ္စာ ဘာဝနာ ကိစ္စဖြစ်၍ 'သမ္မာဒိဋ္ဌိဉာဏ်' ပညာသာ လိုရင်းဖြစ်သည်။

ထိုသမ္မာဒိဋ္ဌိဉာဏ် ပညာဖြင့်-ခန္ဓာတွင်း သွင်း၍ ကပ်၍ကြည့် လိုက်သောအခါ သိအပ်သော သစ္စာကို သိလာလျှင် ထိုသစ္စာသိ သောဉာဏ်သည် သစ္စာမသိသော,ပရမတ်ကိုမသိသော အဝိဇ္ဇာကို ပယ်ပြီးဖြစ်သောကြောင့် အလိုအလျောက် 'ဝိဇ္ဇာဉာဏ်' ဖြစ်လာ သည်၊ 'သမ္မာဒိဋ္ဌိဉာဏ်'ဖြစ်လာသည်၊ ထို့ကြောင့် 'ဉာဏံဉဒပါဒိ, ပညာဉဒပါဒိ, ဝိဇ္ဇာဉဒပါဒိ'ဟု ဟောတော်မူသည်၊ စင်စစ်မှာ 'သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်' ဖြစ်လေသည်။

သို့ဖြစ်၍ ခန္ဓာကိုယ်တွင်းသို့ ဉာဏ်သွင်းကြည့်ပါက သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်၏သတ္တိအတိုင်း အမှန်ရှိနေသော ပရမတ္ထသဘာဝတို့ကို တွေ့လာရမည်ဖြစ်၍ မဇ္ဈိမပဋိပဒါခေါင်းဆောင် သမ္မာဒိဋ္ဌိမဂ္ဂင် ဉာဏ်ကိုဆိုလိုသည်ဟုမှတ်သားရသည်။

## 'ခန္ဓာတွင်းဉာဏ်သွင်းခြင်းသည်ကျမ်းဂန်စကားလား'

ဝိပဿနာ တရားဟုသမုတ် ထားကြသော နယ်ပယ်တွင်နာ ကြားရတမျိုးဖြစ်နေသော 'ခန္ဓာတွင်းဉာဏ်သွင်းပါ'ဆိုသည်ကို

'ကျမ်းဂန်လာစကား ဟုတ်ရဲ့လား၊ ထွင်တဲ့စကားလား'စသည် အားဖြင့် ပြောကြသည်၊အချို့ကျွန်ုပ်တို့ကိုပင်မေးသည်၊ မြတ်စွာဘုရား၏ တရားတော်ကို မိမိတို့ နားလည် သဘောပေါက်သော ဘာသာ့စကားရပ်များဖြင့် သုံးနိုင်ကြောင်း မြတ်စွာဘုရား၏ခွင့်ပြုချက်ကို-နာခံသည်မှတပါး- 'မိမိ၏ သဘောအရ ထွင်ဝံ့သော သတ္တိကျွန်ုပ်တို့ထံတွင် လုံးဝမရှိပါ'ဟု ဝန်ခံလိုသည်၊ထွင်စရာလည်း မလိုအောင် (ကေဝလပရိပုဏ္ဏ)အလုံးစုံ ပြည့်စုံပြီးသောသာသနာ ဖြစ်ကြောင်းကျွန်ုပ်တို့လုံးဝယုံကြည်ထားသည်။

ဝိပဿနာရှုခြင်းဆိုသည်မှာမိမိ၏ရုပ်နာမ်ခန္ဓာအတွင်းတွင်သာ ရှုရသည်၊ အပြင်အာရုံသည် ဝိပဿနာမဟုတ်၊ ဝိပဿနာနှင့်မဆိုင်ပေ၊အပြင်အာရုံသည် သမထသာဖြစ်သည်၊ ဝိပဿနာရှုမှု မှန်က ခန္ဓာကိုယ်တွင်းအလုပ်သာဖြစ်သည် ဝိပဿနာ၏အာရုံမှာ ရုပ်နာမ် (အတွင်း)ဖြစ်သည်၊ ခန္ဓာကိုယ်တွင်း၌ချည်းသာ ဝိပဿနာရှုသည် ဖြစ်၍ တိုက်ရိုက် ကျမ်းဂန်တို့ ဖေါ်ပြသော စကားများကို ပြလိုက်အံ့၊

'န ဣတော ဒူရေ ဘဝိတဗ္ဗံ၊ဘဝဂ္ဂံ ကိံ ကရိဿတိ၊
ပစ္စုပ္ပန္နမှိဝေါဟာရေ၊ သကေ ကာယမှိ ဝိန္ဒထ'

'ဣတော-ဤမိမိ၏ ခန္ဓာမှ၊ ဒူရေ-ဝေးသောကိုယ်၌၊ မနသိကာရေန-နှလုံးသွင်းရှုခြင်းဖြင့်၊နဘဝိတဗ္ဗံ-မဖြစ်ရာ၊ ဘဝဂ္ဂံ-အထက်ဘဝဂ်တိုင်အောင်၊ ကိံ ကရိဿတိ-အဘယ် ပြုအံ့နည်း၊ ပစ္စုပ္ပန္နမှိ-လက်ရှိ ပစ္စုပ္ပန်ဖြစ်သော၊ သကေ

ကာယသမ္မိ-မိမိ၏ ရုပ်နာမ် ခန္ဓာ၌၊ မနသိကာရံ-နှလုံးသွင်းကို၊ ဝိန္ဒထ-ရှာကြလေကုန်’

ဤကား မြတ်စွာဘုရားက မိမိကာယဖြစ်သော ရုပ်နာမ်ခန္ဓာမှ တပါးဝေးသော အခြားတပါးတို့ကိုမရှုရ၊ဘာဝဂ်တိုင်အောင် ဘာပြုဖို့လိုသနည်းလက်ရှိပစ္စုပ္ပန် ဖြစ်ပျက်နေသော မိမိ၏‘ဖေါက်ပြန်မှုအပေါင်း’ (ရူပကာယ)၊ ‘သိမှုအပေါင်း’ (နာမကာယ) ၌သာ နှလုံးသွင်းခြင်းရှုကြည့်ခြင်းပြုကြကုန်-ဟု တိုက်တွန်းသောစကားကို (မိလိန္ဒပဥှာ ပါဠိတော်-၃၃၄ ဗိဥ္စရဂ်ပဥှာတွင်) အရှင်နာဂသေနမှတဆင့်ဟောထားသောဂါထာဖြစ်သည်။

‘အရှင်ကောဏ္ဍည’ ဓမ္မစကြာတရားနှင့် သောတာပန်ဖြစ်သော အရှင်ကောဏ္ဍညထေရ်သည် တရားရသောအကြောင်းကို နောက်က ပြခဲ့ပြီးသည့်အတိုင်း ခန္ဓာတွင်းသို့ ဉာဏ်သွင်းရှုသောကြောင့်တရားရကြောင်းအပ ဒါနဥ္စကသာ ၉၆ အရပေါ်ပြခဲ့ပြီ။

‘အရှင်သာရိပုတ္တရာ’ အရှင် သာရိပုတ္တရာ ထေရ်သည် ရှေးဦးစွာ ပရိဗိုဇ်ဘဝက အရှင်အဿဇိအထံ၌-

‘ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ တထာဂတောအာဟ’ စသော ဂါထာဖြင့် သောတာပန်တည်ပြီးနောက် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုလျက် ၁၅ ရက်ခန့် အကြာတွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝက်တူးထားသော လိုဏ်၌ နေစဉ်တူဘော် ဒီဃနခပရိဗိုဇ်အား ဝေဒနာကိုသိမ်းဆည်းသောသုတ်ကို

ဟောတော်မူရာတွင် အနားကကြားနာလျက် ခန္ဓာတွင်း ဉာဏ်သွင်းရှုသဖြင့် ရဟန္တာဖြစ်သွားပုံကို—

'အတ္တနော ဘာဂိနေယျဿ ဒီဃနခပရိဗ္ဗာဇကဿ ဝေဒနာပရိဂ္ဂဟသုတ္တန္တေ ဒေသိယမာနေ ဒေသနာနုသာရေန ဉာဏံပေသေတွာ ပရဿ ဝဍ္ဎိတံဘတ္တံ ဘုဉ္ဇန္တော ဝိယ သာဝကပါရမီ ဉာဏဿ မတ္ထကံ ပါပုဏိ'

(အပဒါနဋ္ဌကထာ ဗုဒ္ဓဝဂ် ၂၃၄)

(ဤကား မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏တူတော် ဒီဃနခပရိဗိုဇ်အား ဟောသော တရားကို အနားက ထိုင်လျက် ဟောတော်မူသောတရားအား အစဉ်ကိုလျှောက်၍ ခန္ဓာတွင်းသို့ ဉာဏ်သွင်း၍ ရှုလိုက်သောအခါ-သူတပါး ချက်ထားသောထမင်းကို အဆင်သင့်ဝင်စားသူကဲ့သို့ရဟန္တာဖြစ်ပြီး သာဝကပါရမီဉာဏ် အထွဋ်အထိပ်သို့ရောက်ကြောင်းဖေါ်ပြသည်)

**'အဘယထေရ်'** ထိုမထေရ်သည် ရှေးအခါက နိဂဏ္ဌနာဋပုတ္တ တိတ္ထိတွေနှင့် ရင်းနှီးသည့် အတွက် နိဂဏ္ဌ ဆရာကြီးက မြတ်စွာဘုရားအား ဝါဒဘာခုကို အကြောင်းပြု၍ ငြင်းခုန်ရန် စေခိုင်းလိုက်သောအခါ မြတ်စွာဘုရားထံ ရောက်၍ သိမ်မွေ့သော ပုစ္ဆာပြဿနာတို့ကို အမေးအဖြေပြုလုပ်ရာ ပြီးဆုံးသောအခါ၌ မြတ်စွာဘုရားကို အလွန်ကြည်ညိုသွားသည့်အတွက် ရဟန်းပြု၍ ကမ္မဋ္ဌာန်းတရားပေးတော်မူရာ—

'ကမ္မဋ္ဌာနာနုရူပံ ဉာဏံပေသေတွာ နစိရဿေဝ အရဟတ္တံ ပါပုဏိ'

(အပဒါနဋ္ဌကထာ ဘဒ္ဒိယဝဂ် ၂၆၇)

'သော-ထိုအဘယ မထေရ်သည်၊ ကမ္မဋ္ဌာနာနုရူပ-မြတ်စွာဘုရားပေးအပ်သော ကမ္မဋ္ဌာန်းနှင့် လျော်သော၊ ဉာဏံ - အသိဉာဏ်ကို၊ ပေသေတွာ - ခန္ဓာတွင်းသွင်း၍၊ (ရှုသဖြင့်)နစိရဿေဝ-မကြာမြင့်မီသာလျှင်၊ အရဟတ္တံ—ရဟန္တာအဖြစ်သို့၊ ပါပုဏိ-ရောက်လေ၏'

**'လောမသက**င်္ဂိယထေရ်' ထိုမထေရ်သည် မြတ်စွာဘုရားအထံတော်၌'ဘဒ္ဒေကရတ္တသုတ်ကို' သင်ယူ၍-တောသို့ တရားအားထုတ်ရန် သွားပြီးလျှင် - ထိုသုတ်ကိုပင်နှလုံးသွင်း အားထုတ်သဖြင့် ရဟန္တာဖြစ်လေသည်—

'ဘဒ္ဒေကရတ္တသုတ္တန္တဒေသနာနုသာသနံ သရိတွာ တဒနုသာရေန ဉာဏံပေသေတွာ ကမ္မဋ္ဌာနံ မနသိကရိတွာ အရဟတ္တံ ပါပုဏိ'

(အပဒါနဋ္ဌကထာ-ဒုတိယဝဂ်-၂၆၇)

'သော-ထိုမထေရ်သည်၊ ဘဒ္ဒေကရတ္တသုတ္တန္တဒေသနာနုသာသနံ-ကောင်းသောညဥ့်တညဥ့်ဟူသောသုတ်ဒေသနာ၏အဆုံးအမကို၊ သရိတွာ-အောက်မေ့ဆင်ခြင်၍၊ တဒနုသာရေန-ထိုဒေသနာ အဆုံးအမအားလျော်သော၊ ဉာဏံ-ဉာဏ်ကို၊ ပေသေတွာ-ခန္ဓာကိုယ်တွင်း-စေကာသွင်း၍၊ ကမ္မဋ္ဌာနံ-ဝိပဿနာကမ္မဋ္ဌာန်းကို၊ မနသိကရိတွာ-နှလုံးသွင်း အားထုတ်သဖြင့်၊ အရဟတ္တံ-ရဟန္တာ အဖြစ်သို့၊ ပါပုဏိ-ရောက်လေ၏'

**'ပဏ္ဍိတသာမဏေ'** ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် ငါးကြင်းသား ဟင်းနှင့် ဆွမ်းလှူ ခဲ့သော မဟာဒုဂ်သည်၊ ယခုဘုရားလက်ထက်တော်တွင် ပဏ္ဍိတသာမဏေ ဖြစ်၍ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာနှင့် ဆွမ်းခံကြွသွားရာ ရေမြောင်းဖေါက်လုပ်သူများ, မြှားဖြောင့်သူများ, သစ်ရွေသူများ ကိုတွေ့ရှိ၍ ဆရာဥပဇ္ဈာယ်အား မေးမြန်း လျှောက်ထား ပြီးမှ တရားအားထုတ်ရန် အခွင့်ပန်လျက်ပြန်လာခဲ့၍ကျောင်းတံခါးကို ပိတ်လျက်တရားအားထုတ်လေရာ—

'အတ္တနော ကရဇကာယေ ဉာဏံ ဩတာရေတွာ'

(ဓမ္မပဒဋ္ဌကထာ-၃၆၈)

'အတ္တနော-မိမိ၏၊ ကရဇကာယေ - ခါတ်လေးပါး အစု အပေါင်းဖြစ်သော ခန္ဓာကိုယ်အတွင်း၌၊ ဉာဏံ-အမှန် သိတတ် သောဉာဏ်ကို၊ ဩတာရေတွာ-သွင်း၍၊ ဝါ-သက်စေ၍....'

**'သုခသာမဏေ'** လွန်လေပြီးသော အခါက 'ဘတ္တဘတိက' ထမင်းကျွန်ဖြစ်ခဲ့သော သူဌေးမှာ-ဤမြတ်စွာ ဘုရား လက်ထက်တော်တွင် 'သုခသာမဏေ' ဖြစ်လာ၍ အရှင် သာရိပုတ္တရာနှင့် အတူ ဆွမ်းခံကြွရာတွင် ပဏ္ဍိတသာမဏေ ဝတ္ထု မှာကဲ့သို့ ပုစ္ဆာများမေး၍ ပြန်လာပြီးလျှင် တရားကိုအားထုတ် သောအခါ—

'အတ္တနော ကာယေ ဉာဏံ ဩတာရေတွာ နိသီဒိ'

(ဓမ္မပဒဋ္ဌကထာ-၆၁)

'သော-ထိုသုခသာမဏေသည်၊ အတ္တနော ကာယေ - မိမိ၏ ရုပ်နာမ်ခန္ဓာအတွင်း၌၊ ဉာဏံ အသိမှန်ဉာဏ်ကို၊ သြတာရေတွာ သွင်း၍၊ နိဿိဒိ-တရားအားထုတ်ရန် ထိုင်လေ၏'

**'ပေါဋ္ဌိလမထေရ်'** ပေါဋ္ဌိလ မထေရ်ကြီးသည်၊ သာဝတ္ထိ ပြည်မှ ယူဇနာ-၁၂၀-ဝေးသော တော ရကျောင်းတွင် သာမဏေငယ်အထံ၌ တရားနည်းခံ၍ အားထုတ်သောအခါ—

'ကရဇကာယေ ဉာဏံသြတာရေတွာ သမဏဓမ္မံအာရဘိ'
(ဓမ္မပဒဋ္ဌကထာ-၂၆၃)

'သော-ထိုမဟာပေါဋ္ဌိလ မထေရ်ကြီးသည်၊ ကရဇကာယေ-မိမိ၏ခန္ဓာကိုယ် အတွင်း၌၊ဉာဏံ-အမှန်သိဉာဏ်ကို၊ သြတာရေတွာ သွင်း၍၊ သမဏဓမ္မံ-ရဟန်းတရားကို၊ အာရဘိ-အားထုတ်လေပြီ'

**'ဥဇ္ဇိရိထေရီ'** ထေရီဂါထာ ပါဠိတော်လာ ဥဇ္ဇိရိထေရီ တရားအားထုတ်ရာတွင်လည်း—

'ဒေသနာ နုသာရေန ဉာဏံပေသေတွာ ဝိပဿနံအာရဘိတွာ-'
(ထေရီဂါထာအဋ္ဌကထာ-၅၆)

'ဒေသနာတော် အားလျော်စွာ - ခန္ဓာကိုယ်တွင်းသို့ ဉာဏ်ကို သွင်းလျက် ဝိပဿနာကို အားထုတ်ကြောင်း' ပြဆိုသည်။

**'သုန္ဒရိနန္ဒာထေရီ'** ထိုထေရီမသည်လည်း ဝိပဿနာ အား ထုတ်ရာတွင်—

'သာ ဒေသနာ နုသာရေန ဉာဏံပေသေတွာ သောတာပတ္တိ ဖလေ-ပတိဋ္ဌဟိ'
(ထေရီဂါထာအဋ္ဌကထာ-၈၄)

'ထိုသုန္ဒရီနန္ဒာ ဘိက္ခုနီမသည် ဒေသနာတော်အားလျော်စွာ အသိမှန်ဉာဏ်ကို-ခန္ဓာတွင်း သွင်း၍ အားထုတ်သဖြင့် သောတာပန်ဖြစ်ကြောင်း' ပြဆိုသည်။

'အမ္ဗပါလိထေရီ' 'အယံ ထေရီ အတ္တနောအတ္တဘာဝေအနိစ္စတာဒိလက္ခဏာမုခေန'
(ထေရီဂါထာအဋ္ဌကထာ-၂၂၀)

'ဤထေရီမသည်လည်း မိမိ၏ ခန္ဓာကိုယ်တွင် ပျက်ခြင်းသဘောတို့ကို ကောင်းစွာ သိမှတ်ခြင်းကြောင့်' ဟုပြဆိုပါသည်။

(ဖော်ပြပါ ဝတ္ထုများ အကျယ်ကို သိလိုပါက သက်ဆိုင်ရာ ညွှန်ပြထားသော အဋ္ဌကထာတို့တွင် ယူကြရန် ဖြစ်ပါသည်၊ ဤအခဏ်းတွင် ဤမျှလောက် ပြသဖြင့် ကျယ်ဝန်းလှပြီဖြစ်ရကား - 'ခန္ဓာတွင်း ဉာဏ်သွင်း' ဟူသော စကား အတွက် လုံလောက်သင့်ပါပြီ)

## 'ခန္ဓာတွင်းသို့ဉာဏ်သွင်းလျှင်ဘာတွေသိရမလဲ'

'ဉာဏ်' ဆိုသည်မှာ-အမှန်သိသော (သမ္မာဒိဋ္ဌိ) သဘောဖြစ်ကြောင်း ရှင်းခဲ့ပြီ၊ တနည်းဆိုရမူ 'ဘက်မလိုက်သောအသိ'ဖြစ်သည်၊ ရုပ်နာမ်ဟူသည် အမှန်သဘောဖြစ်သည်၊ 'ရုပ်' ဟု ပြောဆိုနေကြသော ဝေါဟာရသည်- 'ဖေါက်ပြန်မှု, တမျိုးတမည် ပြောင်းလဲမှု, ရှေ့နှင့်နောက်မတူမှု' စသည်ဖြင့် အမျိုးမျိုးပြောင်းလဲနေသည်၊ သူ့လက္ခဏာနှင့်သူ ဆောင်နေသည်၊ သူ့ကိစ္စသူ

လုပ်နေသည်၊ သူ့သဘောနှင့်သူ ဖြစ်ချင်သလို ဖြစ်နေသည်၊ သူ့သဘောကို ပြောင်းလဲ သွားအောင်, ရပ်တန့် သွားအောင်, သူဖြစ်ချင်သလို မဖြစ်အောင် မည်သူမျှမလုပ်နိုင်ပေ၊ မတားဆီးနိုင်ပေ၊ မပြုပြင်နိုင်ပေ၊ အမိန့်မပေးနိုင်ပေ၊ အနတ္တဖြစ်သည်၊ ထို့ကြောင့်အနတ္တ လက္ခဏာသုတ်၌—

'ဘိက္ခဝေ-ချစ်သားတို့၊ ရူပဋ္ဌ-ဖေါက်ပြန်မှုတရားအစုသည်လည်း၊ ဟိ-အမှန်စင်စစ်အားဖြင့်၊ အတ္တာ-မိမိပြုပြင်သလို၊ ဖြစ်စေချင်သလို အလိုသို့ လိုက်ခြင်းသည်၊ အဘဝိဿ-ဖြစ်ပါမူကား၊ ဣဒံရူပံ-ဤဖေါက်ပြန်မှု အစုသည်၊ အာဗာဓာယ-အလိုသို့ လိုက်ပါ၍ နာကျင်ခံခက် နှောက်ယှက်ဖေါက်ပြန်ခြင်းငှါ၊ နသံဝတ္တေယျ - မဖြစ်လေရာ၊ 'မေ-ငါ၏၊ ရူပံ-ဖေါက်ပြန်သော သဘောသည်၊ ဧဝံဟောတု-ဤသို့ဖြစ်စေ၊ မေ-ငါ၏၊ ရူပံ-ဖေါက်ပြန်သော သဘောသည်၊ ဧဝံ-ဤသို့၊ မာအဟောသိ-မဖြစ်စေနှင့်'၊ ဣတိ-မိမိဆန္ဒ ရှိသည့်အတိုင်း ဤသို့ ဤပုံ၊ လဗ္ဘေထ-အခွင့်ရနိုင်လေရာ၏'

'ဘိက္ခဝေ-ချစ်သားတို့၊ခေါ-စင်စစ်၊ယသ္မာစ-အကြင်သို့သော အကြောင်းကြောင့်လျှင်၊ ရူပံ-ဖေါက်ပြန်သော သဘောသည်၊ အနတ္တာ မိမိအနေသဘောဖြင့် ပြုပြင်၍မရ အစိုးမရသော-အလိုသို့မလိုက်သော-သူ့သဘော အနတ္တသာဖြစ်ချေ၏'

ထိုရုပ်ဟူသော ဖေါက်ပြန် ပြောင်းလဲတတ်သော သဘောသည်-မည်သည့်နည်းနှင့်မျှ မိမိဆန္ဒသို့ မလိုက်မပါချေ၊ ထို့အတူ

(ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ) နာမ်တရား တို့သည်လည်း သူတို့၏ ကိုယ်ပိုင် လက္ခဏာအတိုင်း ဆောင်ရွက် နေကြသည်၊ သူတို့ကိစ္စသူတို့ ဆောင်ရွက်နေကြသည်၊ မည်သူ၏ အမိန့်ဩဇာမှ မခံပေ၊

ရုပ်တရား, နာမ်တရား - ၂-ပါးသာရှိသော ဤခန္ဓာတွင်- ရုပ်နာမ်-၂-ပါးစလုံး သူတို့ သဘောအတိုင်း-သူတို့ဖြစ်နေသည်ကို မသိသော,-သိလောက်သည့် ဉာဏ်ပညာ မရှိသော အရိယာဖြစ် ကြောင်းတရားတို့နှင့် ဝေးကွာသော ပုထုဇ္ဇန်သည်-ထိုဖေါက်ပြန် သည့်သဘောကို-'ငါ' ဟု မှတ်သည်၊ 'မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ' ဟု မှတ်သည်၊ ထင်သည် 'အတ္တ' အနှစ်အသားဟု ယူသည်၊ ထိုပုထုဇ္ဇန်အတွက် အမှန်တရား ဖေါက်ပြန်မှုကို ဖေါက် ပြန်မှုဟုမသိပဲ - မမှန်သော, မရှိသော ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟု မှားယွင်းစွာယူစွဲမှု 'သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ' ဖြစ်လေသည်၊

အမှန်ရှိ, အမှန်ဖြစ်နေသော ဖေါက်ပြန်မှု (ရုပ်) သက်သက်- ဖေါက်ပြန်တိုင်းကို သိမှတ်နေသော သိမှု (နာမ်) သက်သက်ကို အမှန်သိနေက-ဝါ-အမှန်ကို အမှန်အတိုင်း သိနေပါလျှင်'သက္ကာ ယဒိဋ္ဌိ, အတ္တဒိဋ္ဌိ' လုံးဝဖြစ်စရာ မရှိတော့ပေ၊ သက္ကာယဒိဋ္ဌိဆို သည်မှာ-အမှန်ကို အမှန်ဟုမသိပဲ-မမှန်မရှိသည်ကို အမှန်,အရှိ ဟူ၍ ဖေါက်ပြန်မှားယွင်းစွာ ယူစွဲမှု ဖြစ်လေသည်၊

'အမှန်ဟူသည်ဘာလဲ' ရုပ်နာမ်တရား-ခန္ဓာ ၅ါးပါးသည် အမှန်ဖြစ်နေ, အမှန်ပျက်နေသော တရားပင်ဖြစ်သည်၊ အမှန်ဖြစ်နေသော တရားကို အမှန်သိတတ်

သော ဉာဏ်နှင့်ကြည့်၍ အမှန်သိပါက - ဝိပဿနာအလုပ် အား ထုတ်ပြီး ဖြစ်နေသည်၊ ဝိပဿနာအလုပ်ဟူသည် အမှန်ရှိသော ရုပ်နာမ်တို့၏ သဘောကို အမှန်အတိုင်းသိရန် 'သမ္မာဒိဋ္ဌိ' မဂ္ဂင် ဉာဏ်အကူအညီယူ၍ အားထုတ်ရခြင်းဖြစ်ရာ—

'ဘူတံ ဘူတတော ပဿတိ၊ ဘူတံဘူတတောဒိသွာဘူတဿ နိဗ္ဗိဒါယ, ဝိရာဂါယ, နိရောဓာယ ပဋိပန္နော ဟောတိ'

(ဣတိဝုတ်ပါဠိတော်-၂၂၄)

'ဘိက္ခဝေ-ချစ်သားတို့၊ ဘူတံ-ရုပ်နာမ်တို့၏ အမှန်သဘော ဘူတကို၊ ဘူဘတော - မဖေါက်မပြန် အမှန်သဘောအားဖြင့်၊ ပဿတိ-ဉာဏ်နှင့် သိအောင်ကြည့်၏၊ ဘူတံ-ရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောကို၊ ဘူတတော-ဟုတ်မှန်သော သဘောအတိုင်း၊ ဒိသွာ-ဉာဏ်နှင့်ကြည့်၍-သိမြင်လတ်သော်၊ ဘူတဿ-ရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောအား၊ နိဗ္ဗိဒါယ ငြီးငွေ့ခြင်းငှါ၊ ဝိရာဂါယ တပ်မက်ကင်းခြင်းငှါ၊ နိရောဓာယ - ချုပ်ငြိမ်း ပြတ်စဲခြင်းငှါ၊ ပဋိပန္နော-ကျင့်အပ်သည်ႇဟောတိ-ဖြစ်၏'

**'ဝိပဿနာအလုပ်အတိုချုပ်'** ဝိပဿနာရှုရန် **အ**သွယ်ဆုံး အလုပ်ကားဤဣတိဝုတ်ပါဠိ

တော်နှင့် နိဒါနဝဂ္ဂ ဘူတသုတ်တို့အရ 'အမှန်ကိုအမှန်အတိုင်း သိနေမှု' သည် - ဝိပဿနာအလုပ် အတိုချုပ် ဖြစ်၏၊ ထိုအမှန် ဟူသော သဘောသည် အဘယ်နည်း—

'ဘူတန္တိခန္ဓပဉ္စကံ တံ ဟိ ပစ္စယသမ္ဘူတတ္တာ ပရမတ္ထတော ဝိဇ္ဇမာနတ္တာစ ဘူတန္တိ ဝုစ္စတိ'

(ဣတိဝုတ္တကဋ္ဌကထာ-၁၇၀)

'ဘူတဆိုသည်ကား-ခန္ဓာငါးပါး အပေါင်းကိုဆိုသည်၊ ယင်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်-အကြောင်းပစ္စည်း၏ ပြည့်စုံခြင်းကြောင့်ရင်း, အမှန်အားဖြင့်လည်း ထင်ရှားရှိသောကြောင့် ရင်း - ထိုသဘောတရားကို ဘူတဟူ၍ ခေါ်ဆိုအပ်၏'

'ဣဒံ ဟိ ခန္ဓပဉ္စကံ နာမရူပမတ္တံ' (ရင်းအဋ္ဌကထာ)

သို့ဖြစ်၍ ကျွန်ုပ်တို့၏ လက်ရှိယခု ရုပ်နာမ်သည်(ဘူတ)အမှန်ရှိသောတရား ဖြစ်နေသည်၊ ၎င်းတို့သည် ခန္ဓာကိုယ်၌ အမှန်ပင် ဖေါက်ပြန် ပြောင်းလဲလျက် ရှိကြသည်၊ သူတို့အလုပ်သူတို့လုပ်နေကြသည်၊ သူတို့ကိစ္စသူတို့ ဆောင်ရွက်နေကြသည်၊ ကျွန်ုပ်တို့သည် သူ့သဘောနှင့်သူ ဖေါက်ပြန်နေသည့် ထိုအမှန်သဘောတို့ကို အမှန်အတိုင်းသိနိုင်ရန်-ဉာဏ်လိုသည် - ပညာလိုသည်-အသိလိုသည်၊ ထိုအမှန်အတိုင်း ဖေါက်ပြန်ပြောင်းလဲ နေမှုတို့ကို သိရန်အတွက်—

'ယေ ဘူတံ ဘူတတော ဒိသွာတိ—ယေ အရိယသာဝကာ ဘူတံ ခန္ဓပဉ္စကံ-ဘူတတော အဝိပရီတ သဘာဝတော ဝိပဿနာပညာသဟိတာယ မဂ္ဂပညာယဒိသွာ၊ ဧတေန ပရိညာဘိသမယံ ဒဿေတိ' (ရင်းအဋ္ဌကထာ)

'အမှန်ရှိသော ရုပ်နာမ်သဘောကို - အမှန်ဉာဏ်နှင့် သိမြင်သည် ဟူသည်ကား....အကြင်အရိယာ၏ တပည့်သည် အမှန်ရှိနေသောခန္ဓာကို - ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် - အမှန်ပင် ၎င်းတို့၏ သဘော လက္ခဏာအတိုင်း မပြောင်းလဲပဲ ဖြစ်နေသော 'အနတ္တ' သဘောကို - ဝိပဿနာပညာနှင့်တကွသော (သမ္မာဒိဋ္ဌိ)

မင်္ဂပညာဖြင့် အမှန်အတိုင်းမြင်၍ - ထိုမြင်မှုဖြင့် ရုပ်နာမ်တို့၏ အမှန်အတိုင်း ဖြစ်ပျက် ဆင်းရဲနေသော သဘောကို ပိုင်ပိုင်နိုင်နိုင် ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကို ပြလေသည်'။

အမှန်တရားတို့ ရှိနေသော ရုပ်နာမ်ခန္ဓာ အတွင်းသို့ အမှန်မြင်, အမှန်သိတတ်သော (သမ္မာဒိဋ္ဌိ) မဂ္ဂင်ပညာဖြင့် ရှုကြည့်နေသော ယောဂီအား အမှန်အတိုင်း ဖြစ်ပျက်နေသည့် ရုပ်နာမ်တို့၏ သဘာဝသည် ဖြစ်ပျက်နေသော ဆင်းရဲတို့ပင်ဖြစ်သည် ဟု, သိသောဉာဏ်သည် ယောဂီအား ထင်ရှားပိုင်နိုင်စွာ သိမည်ကို ယုံမှားသံသယ မရှိသင့်ပေ၊ စမ်းသပ်အားထုတ် ကြည့်ပါလေ။

အမှန်သဘောသည် 'သန္ဒိဋ္ဌိက' ကိုယ်တိုင်သိနိုင်သည်၊ မိမိအနေနှင့် ကြိုတင်မြှော်လင့် ထားရသည်မဟုတ်၊ အမှန်သဘာဝသည် မိမိ မိမိတို့၏ ခန္ဓာမှာ 'ကမ္ဘာနှင့်မြေဇာ' လို အမြဲရှိနေသည်၊ မကြည့်သဖြင့် မမြင် - မသိလို့ မမြင်ခြင်းသာ ဖြစ်သည်၊ ဤသို့ ဉာဏ်မှန်မှန်နှင့်ကြည့်က မိမိသိရမည့် အမှန်တရားတို့သည်-ခန္ဓာကိုယ်မှာ အကြည့်ခံရန်–အသိခံရန် အသင့် ရှိပြီးသားဖြစ်နေသည်၊ ကြံနေစရာ, တွေးယူစရာ, ရှာဖွေနေစရာ မလိုပေ၊ 'လာပါ, ကြည့်ပါ, သိစမ်းပါ' ဟု ခေါ်နေ ဘိအလား ရှုကြည့်မည့် အသိဉာဏ်ကို စောင့်ကြိုလျက်ရှိလေသည်၊ [ဤကား 'ဓမ္မစကြာနည်း'အရ - မဇ္ဈိမပဋိပဒါ-(မဂ္ဂသစ္စာ)ဖြင့် ကြည့်ရှုသုံးသပ်ခြင်းတည်း]–။

**'ပဋိစ္စသမုပ္ပါဒ်နည်း'** ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တွင် သံသရာအစ 'အဝိဇ္ဇာ' ကိုပြသည်၊ (အဝိဇ္ဇာ)

သစ္စာမသိမှုကြောင့် ကံ-သင်္ခါရတို့ ပြုလုပ်ပြီး ဝိညာဏ်- နာမ်-ရုပ် စသော ဝိပါကဝဋ်ဒုက္ခသစ္စာ ခန္ဓာတွေရတော့သည်၊ နောက်တွင် ဇရာ· မရဏ· သောက· ပရိဒေဝ စသော ဒုက္ခတွေ ဆက်တိုက် စုပြုံလာတော့သည်၊ ၎င်းကို သံသရာ ဖြစ်သည်, သံသရာ လည်သည်, ဝဋ်ဖြစ်သည် ဟုဆိုသည်။

ဝဋ်ပြတ်လိုမှုကား-ထိုသို့အဆင့်ဆင့်လိုက်မဖြတ်ရချေ၊ (သစ္စာ) အမှန်ကို အမှန်ဟု မသိမှုကြောင့် အဝိဇ္ဇာဖြစ်၍ သံသရာဆက်ပွားသွားသည်ကိုသိတော်မူ, မြင်တော်မူသော မြတ်စွာဘုရားသည် ' အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော ' စသော ပဋိစ္စသမုပ္ပါဒ် (ပဋိလုံ) အပြန်တရားကို ဟောတော်မူရာ- ဒေသနာစဉ်အားဖြင့် တခုစီချုပ်သည်ကို ပြသော်လည်း- အလုပ်သဘောအားဖြင့် တခုစီကိုလိုက်၍ မဖြတ်ရပေ၊ အစဖြစ်သည့် ရေ့သောက်မြစ်နှင့်တူသော အဝိဇ္ဇာကို သတ်လိုက်သောအားဖြင့် 'ဝိဇ္ဇာဉာဏ်' ဖြစ်လာရကား ပဋိစ္စသမုပ္ပါဒ် သံသရာတခုလုံး ပြတ်သွားတော့သည်- ပုံစံကား....

**'ခန္ဓာကိုယ်တွင်း- ဉာဏ်စိုက်သွင်း· အလင်းရှုလေဘိ'**

ဆောင်ပုဒ်အတိုင်း အမှန် ဖြစ်ပျက် နေသော ရုပ်နာမ် ခန္ဓာတွင်းသို့ အမှန် သိမည့်ဉာဏ်ကို စိုက်ထား, သွင်းထားခြင်းဖြင့် ဉာဏ်အလင်း သိအောင် ရှုရလေသည်၊ အမှန်သိတတ်, မြင်တတ်သော 'ဝိဇ္ဇာဉာဏ်' ဖြစ်လေသည်။

**'ရှုကြည့်သောခါ· ဖေါက်ပြန်တာ· မကြာမြင်လေ့၏'**

ထိုအသိမှန်ဉာဏ်ပညာသည် အမှန်ဖေါက်ပြန်နေသော ရုပ်-နာမ် ခန္ဓာအတွင်းသို့ ရှုကြည့်သောအခါ 'ရုပ်-နာမ်' ဟူ၍ စတင်

တည်ထောင် ဖွဲ့စည်းစဉ်က ပါရှိသော မရပ်မနား ပြောင်းလဲ ဖောက်ပြန်နေမှု, ဖြစ်ပျက်နေမှု, ဆင်းရဲအမှန်ဖြစ်နေမှုတို့ကိုရှုဉာဏ် (ဝိဇ္ဇာ)သည် အမှန်အတိုင်းမြင်လာ- သိလာရပေမည်၊ ၎င်းဝိဇ္ဇာ၏ မြင်မှု, သိမှုသည် အမှန်ရှိသည့် ရုပ်နာမ် တို့ကိုသာလျှင် သိခြင်း ဖြစ်သည်၊ အမှန်မရှိသော 'မိန်းမ, ယောက်ျား, လူ, နတ်'စသည့် သက္ကာယဒိဋ္ဌိကို သိခြင်းမဟုတ်, မြင်ခြင်းမဟုတ်၊ အမှန်ရှိသော ရုပ်နာမ် သဘောတရားမှလွဲ၍ မိန်းမ ယောက်ျားပုဂ္ဂိုလ် သတ္တဝါ ကို မမြင်ပေ။

'နာမရူပ မတ္တတော ဉဒ္ဓံ အညော သတ္တောဝါ ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ'

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၂၈)

( နာမ်ရုပ်နှစ်ပါး ) 'သိမှု · ဖောက်ပြန်မှုမှ အလွန်အထက် (ဝါ-လွဲ၍) သတ္တဝါဟူ၍ရင်း, ပုဂ္ဂိုလ်ဟူ၍ရင်း, နတ်ဟူ၍ရင်း, ဗြဟ္မာဟူ၍ရင်း မရှိချေ၊ ဤသို့မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင် လောက်သော သိမှုမြင်မှုတို့ ဖြစ်လေသည်'။

ထိုသိမှုမြင်မှုတို့သည် 'ဝိဇ္ဇာဉာဏ်'၏ အမှန်သိမှုအစပေတည်း။

'ဖောက်ဖြန်ဖြစ်ပျက်-ဉာဏ်မြင်ချက် တွေ့လျက်ထပ်ကာကြည့်'

'ထပ်ကာထပ်ကာ·သိနေပါ-ဉာဏ်သာတက်လေ၏'

ထိုအမှန်ဖောက်ပြန်နေသောသဘောတို့ကို တွေ့နေသိနေသော ဝိဇ္ဇာဉာဏ်သည် ပို၍ ပို၍ အမှန် ဖောက်ပြန်သည်ကို တိတိ ကျကျ သိလာလေသည်၊ ဆိုလိုသည်မှာ ရုပ်နာမ်တို့၏သဘောကို တွေ့စ, သိမြင်စက ဖောက်ပြန်ပြောင်းလဲမှုကိုသိသော အသိသည် နောင်

ရှုဖန်များသောအခါ 'ဘာဝိတာ' အကြိမ်များစွာ သိနေသော အခါ, ထပ်ကာ ထပ်ကာ သိနေသောအခါ 'ဗဟုလိကတာ' အသိ ဉာဏ်သည် ရင့်၍ ရင့်၍ လာသည်၊-ဝါ-ပို၍ ပို၍ မြင်လာ သိလာ သည်။

'ကာယ မိမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ၊
ကာယေ သဘာဝံ ဒိသွာန၊ ဒုက္ခဿန္တံ ကရိဿထ'

(မိလိန္ဒပဉှာ-ကမ္မကရင်ပဉှာ-၃၂၁)

'အာဝုသော-ငါ့ရှင်တို့၊ တုမှေ-သင်တို့သည်၊ ဣမံကာယံ-ဤရုပ်နာမ်နှစ်ပါး ကာယတရားကို၊ ပုနပ္ပုနံ-ထပ်ကာ ထပ်ကာ၊ သမ္မသထ- သုံးသပ်ကြပါကုန်လော့၊ ပရိဇာနာထ- ပိုင်ပိုင်နိုင်နိုင်သိအောင်ပြုကြကုန်လော့၊ ကာယေ-ရုပ်နာမ်နှစ်ပါးကာယတရား၌၊ သဘာဝံ- ဖြစ်တတ် ပျက်တတ်သော သဘာဝတရားကို၊ ဒိသွာန-ဉာဏ်ဖြင့်မိမိ ပိုင်ပိုင်သိ၍၊ ဒုက္ခဿန္တံ- ရုပ်နာမ်ဆင်းရဲ ချုပ်မြဲအဆုံးကို၊ ကရိဿထ- ရအောင်ပြုကြကုန်လော့'

အရှင်သာရိပုတ္တရာ တိုက်တွန်းချက်ကို အရှင်နာဂသေန က ဆောင်၍ ပြတော်မူသည်၊ ဝိသုဒ္ဓိမဂ်တွင် ကြေးမုံပြင်ကို လူရိပ် ထင်၍ မှန်ကြည့်ရအောင် တိုက်ရမည်၊ ထပ်ကာထပ်ကာပွတ်တိုက်မှ ကြည်လင်ပြီး လူရိပ်ထင်လာနိုင်သကဲ့သို့ ဝိပဿနာယောဂီသည် လည်း ဉာဏ်အသိဖြင့် ထပ်ကာထပ်ကာကြည့်ပေးပါ၊ သိပေးပါ၊ တခါထက်တခါ- တကြိမ်ထက်တကြိမ် ပို၍ဉာဏ်အမြင် စင်ကြယ် လာမည်ဟုဆိုသည်။

'ဉာဏ်တက်လေလျှင်-ဆင်းရဲမြင်-ဤတွင်သစ္စာသိ'
'သစ္စာသိပြန်-ဆင်းရဲမှန်-ကေနိဉာဏ်ဖြစ်၏'

ဉာဏ်အသိရင့်၍-ရုပ်နာမ်၏ ဖြစ်ပျက်မှုတို့ကို အစင်အကြွယ် သိသောယောဂီသည် ဖြစ်မှု, ပျက်မှုတို့၏ ဆင်းရဲအမှန်ကို သိလာရလေသည်၊ ဤရုပ်နာမ် နှစ်ပါး ဖြစ်မှု ပျက်မှု တရားသည်- ဤခန္ဓာ၏ အဓိက ကိစ္စကြီး ဖြစ်နေသည်၊ ၎င်းတို့ဖြစ်ပျက်နေမှု ကြောင့် အမှန်အားဖြင့် ဆင်းရဲနေသော သဘောသာ ရှိသည်- စသည်ဖြင့် အမှန်ဆုံးတရားကို သိသောဉာဏ် ဖြစ်လာသည်။

'ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ဣဒံ ဒုက္ခသမုဒယန္တိ ဧဝံ စတူသု သစ္စေသု ယထာဘူတံ ဉာဏံ သစ္စဉာဏံ နာမ'

(မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ-၃၂၈)

ဤရုပ်နာမ်နှစ်ပါးကား ဆင်းရဲပင်တည်း-ဟု-အရိယာတို့သိသော အမှန်ကိုသိလာ၏၊ ဤရုပ်နာမ် ဖြစ်ကြောင်းကား ဆင်းရဲဖြစ်ကြောင်းတည်း-ဟု-အရိယာတို့သိသော အမှန်ကို သိလာ၏၊ ဤသို့စသည်အားဖြင့် အမှန်တရား သစ္စာလေးပါးတို့ကို-ကိုယ်တိုင်မှန်မှန် သိသောဉာဏ်သည် သစ္စဉာဏ်မည်၏။

ဤသစ္စာဟူသော အမှန်တရားမှာ - ရုပ်နာမ်ရှိ ခန္ဓာတိုင်းကို ပင်ကိုက ရှိပြီးဖြစ်သော အမှန်တရားတည်း၊ ယင်းအမှန်တရားကို အမှန်တရားဟု မသိမှု 'အဝိဇ္ဇာ' ကြောင့်သာ ဉာဏ်မဖြစ်ရလေရာ- မသိမှု 'အဝိဇ္ဇာ' ကိုဖယ်၍ သိမှု 'ဝိဇ္ဇာ' ဉာဏ်ဖြစ်လာသည်နှင့် တပြိုင်နက် - အမှန်တရားကို အမှန်တရားဟု သိလာတော့သည်၊ မြင်လာတော့သည်၊ အမှန်တရားကား၊-မိမိခန္ဓာကိုယ်တွင် ဇာတိကစ၍ ပါလာသော ရုပ်နာမ်တို့၏ အမှန်ဖြစ်ပျက် နေသော

သဘောသာဖြစ်၍-မိမိအနေနှင့် မည်သို့မျှ ပြုပြင်ဖန်တည်းပေးစရာမလို၊ အမှန်ရှိနေသည်ကို အမှန်သိနေက ဆင်းရဲအမှန်ကို ဉာဏ်နှင့်သိလာရမည်ဖြစ်သည်။

'ဓမ္မစကြာတွင်' 'သေယျထိဒံ-သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ'စသော မဂ္ဂိုမပဋိပဒါဖြင့် ခန္ဓာတွင်းသို့ ဉာဏ်သွင်းကြည့်ခိုင်းပြီးသည်နှင့် 'ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ'ဟု ဒုက္ခသစ္စာကို ခန္ဓာတွင် ဆက်လက်ညွှန်ပြသည်၊

'ချစ်သားတို့ မဂ္ဂသစ္စာ ဉာဏ်ပညာဖြင့်ကြည့်၍ သိရသည့်ကိစ္စမှာ (ဒုက္ခသစ္စာ) ဆင်းရဲအမှန်သာ ဖြစ်ကြောင်း' ညွှန်ပြတော်မူသည်၊ သို့အတွက် သိရမည့် သစ္စာသည်-ဤရုပ်နာမ်ခန္ဓာ တခုလုံး (ဒုက္ခက္ခန္ဓဿသမုဒယော) ဆင်းရဲအစု, ဆင်းရဲအပုံသာ ဖြစ်နေသဖြင့် နကိုရုပ်နာမ် ဒုက္ခသစ္စာမှလွဲ၍ - အခြားရှာစရာ - လုပ်ယူ၍ သိစရာ ဘာမျှမရှိပေ။

'ဒုက္ခသစ္စာ-ဉာဏ်သိရာ-ထပ်ကာစိုက်၍ကြည့်'

ဤကား အလုပ်သဘော ကိစ္စဉာဏ်ကို ညွှန်ပြခြင်းဖြစ်သည်၊ ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ ဓမ္မစကြာနည်းအတိုင်း ခန္ဓာကိုယ်တွင်း၌ - သမ္မာဒိဋ္ဌိ ခေါင်းဆောင်သော မဂ္ဂသစ္စာဘာဝနာအလုပ်ကို အားထုတ်၏၊ အသိမှန် 'ဝိဇ္ဇာ' ကို ခန္ဓာတွင်းသို့သွင်းထား၏၊ တွေ့ရသိရသမျှသည် ရုပ်နာမ်ဒုက္ခသစ္စာ ဖြစ်ရန်အတွက် ကပ်၍နှိပ်စက်မှု, ပူပန်ကြောင့်ကြခြင်းဖြင့် နှိပ်စက်မှု, ဖြစ်ပျက်ဖြစ်ပျက်ဟူသော သင်္ခါရတို့ဖြင့် နှိပ်စက်မှု, ဖေါက်ပြန်ပြောင်းလဲချက်နှင့် နှိပ်စက်မှုဟူသော-နှိပ်စက်မှု မျိုးစုံတွေ့ကို တွေ့ရှိခံ

စားရ၏၊ ဤခံစားရချက်များသည် ဤရုပ် ဤနာမ် ဖြစ်လာရခြင်း အကြောင်းကြောင့်ဟု သိရ၏၊ ရုပ်နာမ်ဖြစ်အောင် မလုပ်လာပါက ဤကဲ့သို့သော ဆင်းရဲဒုက္ခကို မရနိုင်စသောအားဖြင့် သိလာရသောအခါ-ဤရုပ်နာမ်ဒုက္ခကို များများ မြင်လေလေ-ထိုရုပ်နာမ်ဒုက္ခကို မလိုချင်လေလေ ဖြစ်သဖြင့် ထိုရုပ်နာမ်ဖြစ်ရသည့် ဆင်းရဲထက်ကြီးသော ဆင်းရဲ မရှိတော့ပေဟု-အသိဉာဏ်ဖြစ်လာ၏၊ ထိုရုပ်နာမ်ဆင်းရဲကြီးကို မြင်သဖြင့် ထိုရုပ်နာမ်ကိုဖြစ်စေတတ်သော (သမုဒယ) ဖြစ်ကြောင်းတရား များကိုလည်း မပြုလုပ်လိုတော့ပေ၊ စသောအားဖြင့် ရုပ်နာမ်တို့၏ ဆင်းရဲကိုသိသာသောဉာဏ်သည်—

'တေသု ယေဝ ပရိညေယျံ ပဟာတဗ္ဗန္တိ ဧဝံ ကတ္တဗ္ဗကိစ္စဇာနနဉာဏံ ကိစ္စဉာဏံ နာမ'

(ရင်းအဋ္ဌကထာ)

'ထိုကဲ့သို့ သိအပ်သောကိစ္စ, ပယ်အပ်သောကိစ္စ စသည်တို့ကို သိသဖြင့်·သိအောင်, ပယ်အောင် အားထုတ်သောဉာဏ်သည်၊ ကိစ္စဉာဏ်မည်၏'

**'ရုပ်နာမ်သဘာဝ·ဖြစ်ပျက်ကြ·မူလပင်ကိုသိ'**

**'သိလေသောခါ-မုန်း၍လာ·ဖြစ်ကာပျက်ဆုံး၏'**

'ဖြစ်ပျက်ဆုံးပင်-ရောက်လေလျှင်-ဤတွင်ချမ်းသာ၏'

ရုပ်နာမ်ဟူသည် မည်သူက သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ရင်းဖြစ်ရာပင်ကိုမူလ ဇာတိကိုက · ဒုက္ခသစ္စာ ဖြစ်နေသည်ကိုထပ်ကာထပ်ကာပင် သိနိုင်၏၊ ပင်ကိုဒုက္ခကိုမသိပဲ·ဝါ·သိအောင်မရှာ

ဖွေ့ပဲ့ မကြိုးစားမလေ့လာပဲ အပြင်ဖက်ကဒုက္ခတခုလာစရာမရှိပေ၊ ဤရုပ်နာမ်နှစ်ပါးသည် ဒုက္ခသစ္စာဖြစ်သည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင်မေ့မစကြာ တရားဦးမှာ ၃၁ ဘုံကို အသိပေး ကျေညာကာ ဟောထားပါလျက် 'ဗျာပါရ' အမှုစိုက်ထုတ်၍ ဒုက္ခတခု ရှာဖွေထူထောင်၍ ရှုခြင်းသည်ထူးဆန်းသော ဖြစ်ရပ်တခုပါပေ၊ သိစရာ ဒုက္ခသစ္စာသည် ခန္ဓာမှာအမြဲပြနေသည် မိမိတို့၏ အသိဉာဏ်ကသာ သိချင်မှသိသည်၊ အပြင်အပ 'ဗျာပါရ' အကူအညီဖြင့် ရှာဖွေထူထောင် ယူရသော ဒုက္ခသည် 'သစ္စာမဖြစ်, ဝေဒနာသာ' ဖြစ်လေသည်။

သို့ 'ဝေဒနာ' ကော မရှုကောင်းဘူးလား ဟုမေးစရာရှိပြန်သည်၊ 'ဝေဒနာကိုကား ရှုကောင်းသည်' သို့ရာတွင် 'ဝေဒနာ' ဟူသည်'ဝတ္ထုအာရမ္မဏာဝ ပနဿ ဝေဒနာ'ဟု ဆိုသောအတိုင်း ကြောင့်ကြ ဗျာပါရမပါ သက်သက်ဝတ္ထုအာရုံတို့ အကြောင်းဆုံ၍ ပေါ်လာခိုက် ခံစားလိုက်ရသော သဘောကိုသာ ရှုရပေသည်၊ ထိုခံစားမှု (ဝေဒနာ) ကိုပင် ကြာကြာခံစားမှုကို မှတ်မနေပဲ ၎င်း၏ သဘောတရား အပျက်ကိုသာ မိမိရရဖြစ်ပြီး ပျက်သည်ကို ရှုရန်သာ မြတ်စွာဘုရားဟောသည်၊ ဖြစ်ပျက်အမြင်များလျှင် ဒုက္ခသစ္စာဝင်တိုးတော့သည်။

(သတိပဋ္ဌာန်ပါဠိတော်ကိုကြည့်ပါ)

'ဒုက္ခတာ ၃ မျိုး' ဆင်းရဲဖြစ်တတ်သော—ဒုက္ခသုံးမျိုးရှိသည်၊ ၎င်းတို့မှာ၊

၁/ ဒုက္ခ ဒုက္ခတာ....

၂/ သင်္ခါရ ဒုက္ခတာ....

၃/ ဝိပရိဏာမ ဒုက္ခတာ....

ဟူ၍ သုံးမျိုးရှိလေသည်၊ ထိုသုံးမျိုးတို့တွင်—

၁။ 'ဒုက္ခ ဒုက္ခတာ' ဆိုသည်ကား -ဒုက္ခသစ္စာဖြစ်သောရုပ်နာမ် နှစ်ပါးသည် မူလဇာတိ အဖြစ်မှစ၍ ဒုက္ခသစ္စာဖြစ်နေသည်၊ ၎င်းဒုက္ခသစ္စာ ရုပ်နာမ်ပေါ်တွင် ထပ်ဆင့်ဒုက္ခဖြစ်လာသော သဘောပင်ဖြစ်သည်၊ ၎င်းတို့မှာ 'ဗျာဓိ'အနာရောဂါနှိပ်စက်ခြင်း စသည်အားဖြင့် ဒုက္ခခန္ဓာပေါ်တွင် နောက်ထပ် ဒုက္ခတခု တိုးလာခြင်းဖြစ်သည်၊ လောက၌ အနာအမျိုးမျိုး ရောဂါအမျိုးမျိုး ဖြစ်သည်၊ နကိုရှိရင်း ဒုက္ခသစ္စာ မဟုတ်ပဲ –တနည်း နကိုရှိရင်း ဒုက္ခသစ္စာ ရုပ်နာမ်ပေါ်တွင်-ပြုလုပ်မှု တခုခုကြောင့်ဖြစ်စေ, ဖေါက်ပြန်မှု တခုခုကြောင့်ဖြစ်စေ ပေါ်လာသော 'နောက်တိုး ဒုက္ခ' ကို-ဒုက္ခ ဒုက္ခတာဟု ဆိုလေသည်။

၎င်းနောက်တိုး ဒုက္ခမျိုးကို တခါတရံ မိမိလုံ့လ ပယောဂကြောင့် ဖြစ်စေ, တခါတရံသူတပါး၏ လုံ့လ ပယောဂကြောင့် ဖြစ်စေ တားဆီးနိုင်သည်၊ ၎င်းဒုက္ခ ဒုက္ခတာကို စတင်၍-ဝိပဿနာမရှုရပေ၊ အဘယ့်ကြောင့် ဟူမူ-ရုပ်နာမ်တို့ အပေါ်တွင် ဖြစ်ပေါ်လာသော ၎င်း ဒုက္ခမျိုးသည် -အမြဲရှိနေသော ဒုက္ခမျိုး မဟုတ်သော ကြောင့်ပင်။

၂။ 'သင်္ခါရဒုက္ခတာ'ဆိုသည်ကား-ပဉ္စသန္ဓေအဖြစ်ဟု ဆိုအပ်သော ရုပ်ဇာတိ, နာမ်ဇာတိ စတင်ဖြစ်သည်မှစ၍ - အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် ရုပ်နာမ်တို့သည် ၎င်းတို့၏ သဘာဝအတိုင်း ဖြစ်ပျက်ဖြစ်ပျက် နေသောကြောင့် - ၎င်းကိုပင့် ရုပ်နာမ်သည် ဖြစ်ပျက် ဒုက္ခသစ္စာဖြစ်၍-ထိုဖြစ်ပျက်ကိုသာလျှင် ဝိပဿနာရှုရသည်။

၃။ 'ဝိပရိဏာမဒုက္ခတာ' ဆိုသည်ကား - အိုခြင်း, သေခြင်း စသော အကြီးအကျယ် ပြောင်းလဲမှုကြီးကို ဆိုလိုသည်၊ ထိုအိုခြင်း သေခြင်း စသော ဒုက္ခသည် ရုပ်နာမ်ခန္ဓာကို အကြီးအကျယ် ပြောင်းလဲစေသည်၊ ထိုအိုခြင်း,သေခြင်းတို့ကိုလည်း တခါတရံ မိမိလုံ့လ ပယောဂကြောင့်ဖြစ်စေ, တခါတရံတပါးသူ၏ လုံ့လပယောဂကြောင့်ဖြစ်စေ ယာယီအားဖြင့် တားဆီးနိုင်သည်၊ ယင်းဒုက္ခမျိုးကိုလည်း ဝိပဿနာမရှုရပေ၊ အဘယ့်ကြောင့်ဟူမူ-ပညတ် ဒုက္ခဖြစ်သောကြောင့် ဟူပေ၏

(ယင်းဒုက္ခတာသုံးမျိုးအကျယ်ကို 'မဇ္ဈိမဉာဏ်သိဘို့ရန်' စာအုပ်တွင်ကြည့်ပါ)

ကျွန်ုပ်တို့၏ 'မဇ္ဈိမပဋိပဒါ ကျကျ သစ္စာမြင်အောင်ရှုပုံ' ဇယားတွင် (ရုပ်-နာမ်) ၎င်းသည် ခန္ဓာ၏-ပင်ကို အရင်းခံအမှန်တရားဖြစ်သည်၊ ယင်းကို 'မူလ' သို့မဟုတ် 'ဘူတ' ဟုခေါ်သည် (ရုပ်-နာမ်)'ဖေါက်ပြန်မှု, သိမှု' ဟူသည် ခန္ဓာ၏အရင်းခံသဘောသိထားရန် မှတ်ထားရန်ဖြစ်၍-၎င်း၏-သဘာဝ-ကိုသာ ဝိပဿနာ

ရှုရသည်-သဘာဝကား 'ဖြစ်-ပျက်' ပင်ဖြစ်သည်၊ ၎င်းသည်-ဖြစ်လျက်, ပျက်လျက် နေသောကြောင့်-'သဘာဝသစ္စာ' ဟုဆိုရသည်၊ (အနိစ္စ-အပျက်၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-သူ့သဘော) တို့ကား ဖြစ်ပျက် သဘာဝတရားသာ ဖြစ်လေသည်၊ တရားအားထုတ်သော ယောဂီသည်၊-ခန္ဓာ၏ - မူလ - အရင်းခံ - အမှန်တရားဖြစ်သော - ဖေါက်ပြန်မှု, သိမှုတို့၏ အပျက်ကိုသာ သိအောင် ဉာဏ်လေ့ကျင့် ရလေသည်၊ ယင်းအပျက်ကိုသိခြင်း, ဉာဏ်မြင်ခြင်းသည်၊ ဝိပဿနာဉာဏ်ဖြစ်ရာ၌-အဓိက-ဖြစ်သည်၊ ပဓာနကျသည်၊ လိုရင်းဖြစ်သည်၊ ၎င်းကိုပိုင်မှ - ဉာဏ်စဉ် အဆင့်ဆင့်တက်နိုင်လေသည်။

ယင်းသို့ အပျက်ကိုသာ ဦးတည်၍ ရှုသိနေခြင်းဖြင့်—

'ရူပသ္မိံ ပိနိဗ္ဗိန္ဒတိ, နိဗ္ဗိန္ဒံဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ'

'ချစ်သားတို့-ဖေါက်ပြန်မှု၏ အပျက်ကို-ဉာဏ်ဖြင့် သိနေသော ယောဂီအား ထိုဖေါက်ပြန်မှု အပေါ်၌ ငြီးငွေ့တော့၏ ငြီးငွေ့ဖန် များလတ်သော် ထိုဖေါက်ပြန်မှုအပေါ်တွင် - တွယ်တာမှု ကင်းတော့၏၊ တွယ်တာခင်မင်မှုကင်းလာလျှင် - ကိလေသာမှ လွတ်လေတော့သည်'

ဟု မြတ်စွာဘုရား ဟောတော်မူသောအတိုင်း လက်တွေ့ကျကျအားထုတ်သော ယောဂီအတွက် အပျက်ကို - တဆက်ထည်း သိနေချိန်တွင် ဤဖေါက်ပြန်မှု ပျက်မှုသဘောကို ရှုနေ့,သိနေရသည်မှာ စိတ်ပျက် (ငြီးငွေ့) စရာဖြစ်လာသည်၊ စိတ်ပျက်၍လည်းနေ၍မရ, ဤခန္ဓာမျိုး ရချင်သောစိတ် ကုန်လာသည်၊ မသိချင်လည်း သိနေရသည်၊ မရှုချင်သည်း ရှုနေရသည်၊ မိမိတာဝန်

သည် ရှုနေ့သိနေ ရသော တာဝန်သာ ရှိကြောင်း ယောဂီ သိထားသည်။

ဖေါက်ပြန်တတ်သော ပရမတ်သဘောကား - ဖြစ်ခြင်းအစ ပျက်ခြင်းအဆုံးရှိသည်၊ ယောဂီသည် - ပျက်ဆုံးသည်ကို သိနေ သည် (ဤအသိအတွင်း ဉာဏ်စဉ် အဆင့်ဆင့် ရောက်သွားသည် ကားမှန်၏၊ ယောဂီအတွက် - သိမှတ်နေရ - စိတ်ကူးနှင့်တက်နေ ရသည်ကားမဟုတ်) ဆက်သိနေသော ယောဂီ၏ တာဝန်အရ သိနေခြင်းသည် မကြာမီပင်—

'ပရိစ္စဇန္တိသင်္ခါရေ-ပက္ခန္ဒတိအသင်္ခတေ'

ဟူသော အဋ္ဌကထာအရ 'ဖြစ်တတ်ပျက်တတ်သော သင်္ခါရကို စွန့်၍ - ဖြစ်ခြင်း ပျက်ခြင်းမရှိရာ နိဗ္ဗာန်သို့ အသိဉာဏ်သည် ပြေး ဝင်တော့သည်' ဖြစ်ရာ လောကုတ္တရာမဂ်စိတ်, ဖိုလ်စိတ်ဖြစ်သွား သည်၊ ဤသည်လျှင် ဖြစ်ခြင်းပျက်ခြင်း အဆုံးသို့ ရောက်သည်ဟု ဆိုလိုသည်၊ ရုပ်နာမ်ခန္ဓာ၏ သဘာဝလမ်းကြောင်း ဘဝတ လျှောက်လုံးသည် 'အနိစ္စတ္တာ ဒုက္ခာ' အပျက်ကြီးပျက်၍ အလွန် ဆင်းရဲသော 'ဒုက္ခသစ္စာ' ဖြစ်နေသည်မှ - ထိုအပျက်လည်းဆုံး၍ ထိုဆင်းရဲလည်း ချုပ်ပျောက်ချိန်သည်- 'တေသံ ဝူပသမော သု ခေါ' 'ငြိမ်းအေးသောသဘော' ဖြစ်သွားသည်ကို 'ချမ်းသာ'ဟု ဆိုသည်၊ စင်စစ် - ခံစားရသော(ဝေဒယိတ)ချမ်းသာမျိုး မဟုတ် ဆင်းရဲဟူသမျှအားလုံး မရှိတော့သော - ဘသောသာဖြစ်သည်။

'ဖြစ်ပျက်ရှိလျှင်-ဒုက္ခပင်-ဉာဏ်စဉ်မှတ်လေဘိ'

'ယောဂီလမ်းစဉ်-မှတ်လိုလျှင်-မဂ္ဂင်ကိုယ်တွင်ကြည့်'

'နာမ်သိမဟုတ် - ဉာဏ်သိလုပ် - ဖွင့်ထုတ်ပိုင်အောင်သိ'

ရုပ်နာမ်ဟူသော ဖေါက်ပြန်သဘော သိသဘောသည် မူလကပင်ဖြစ်ပျက်ဖြစ် ပျက်နေသောခန္ဓာဖြစ်သည် ဖြစ်လိုက်ပျက်လိုက်နေသောကြောင့် (ဒုက္ခ) ဆင်းရဲဖြစ်သည်၊ ယောဂီသည်-ပဌမ 'ဖေါက်ပြန်မှု, ဖေါက်ပြန်သဘော' ဟု သိသည်မှစ၍ ၎င်း၏သဘောတရား အပျက်ကို သိလာသည် ၎င်းအပျက်ကို သိဖန်များလာလျှင် အပြစ်မြင်လာမည်၊ ငြီးငွေ့လာမည် စွန့်ချင်လာမည် ဆင်းရဲအတိသာဟု သဘောပေါက်လာမည်၊ ကိုယ်တိုင်အသိဉာဏ် ထိုးထွင်းလာမည် ဤသဘောတို့ကား အသိဉာဏ်မှန်မှန်ဖြစ်နေသော ယောဂီ၏ ဉာဏ်သွားလမ်းပင် ဖြစ်သည်။

ဝိပဿနာဉာဏ် ရောက်နေသော ယောဂီမှာ ထိုအပျက်ကို သိချိန်မှစ၍ ပညတ် အမှတ်အသား အရိပ်နိမိတ် လုံးဝကင်းရှင်းနေမည်၊ သဒ္ဒါတပရမတ်ဖြစ်သော 'ဖေါက်ပြန်မှု, ပျက်မှု' သဘောတို့ကို ပရမတ်ကျကျ သိနေခြင်းသည် မိမိတို့၏ မိရိုးဖလာသညာ,ဝိညာဏ်မျိုး, နာမ်မျိုးနှင့် ပရမတ်ကို သိနိုင်သည်မဟုတ် အနည်းဆုံး သတိပဋ္ဌာန် မဂ်ပညာနှင့်သာ သိကောင်းလေရကား—

'ဝိပဿနာပညာသဟိတာယ-မဂ္ဂပညာယဒိသွာ'

ဟူသော ဣတိဝုတ်အဋ္ဌကထာအဆိုအရ-လူသိ,စိတ်သိ,မှတ်သိ, ပညတ်သိ မဟုတ်သော 'ပညတ္တိံ ဌပေတွာ' နှင့်သိသည်၊ မဂ်ပညာဖြင့် မြင်သည် ဖြစ်၍ မိမိတို့၏-ရုပ်သိ, ရှာသိ မဟုတ်ပေ၊ ယင်းသို့ ပညတ်သိ မဟုတ်သော လူ့လောက အသိုင်းအဝိုင်း အမှတ်အသား အပြောအဆို အသုံးအနှုန်း မဟုတ်သော-သဘောတရား အလိုက်သိနေရမှုသည် မိမိအသိတမျိုးဖြစ်သည်ကို ကိုယ်တိုင်သိနိုင်လေသည်။

**'သိရသည်မှာ - ကိုယ်ခန္ဓာ - မှန်စွာဆင်းရဲ၏'**

ခန္ဓာကိစ္စ, ရုပ်နာမ်ကိစ္စ, ပရမတ်ကိစ္စ သိရသမျှလည်း - ဤသဘောတရားစုတို့၏ ထုံးစံအတိုင်း (ဒုက္ခသစ္စာ) အမှန်ဆင်းရဲနေသည်ကလွဲ၍ ဘာမျှမရှိသော ဒုက္ခသက်သက် ဆင်းရဲနက်ဖြစ်သည်ကိုသာ သိနေရသည်၊ ဤသည်လျှင်—ခန္ဓာ၏ အမှန်ဆုံးတရားမှာ 'ဒုက္ခ' ဖြစ်၍ ယင်းဒုက္ခဆင်းရဲကို သိနေရခြင်းသည် ခန္ဓာ၏ အမှန်ဆုံးတရားကိုသိခြင်းပင် ဖြစ်သည်။

**'ဆင်းရဲအမှန်-သိဘို့ရန်-ကေန်တခုရှိ'**
**'ဆင်းရဲသိလေ-တာဝန်ကျေ-ကျင့်လေ့မဂ်သတ္တိ'**

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ သာသနာတော်တွင် ဝင်၍မှုထွက်ရာ နိဗ္ဗာန်အတွက် တရားအားထုတ်ကြသည်၊ ဓမ္မစကြာတွင် မဇ္ဈိမပဋိပဒါလမ်းကြောင်းအရ မဂ္ဂသစ္စာ ဘာဝနာအလုပ် လုပ်ရသည် ဒုက္ခသစ္စာ သိဖို့လုပ်သည်။ မဟာသတိပဋ္ဌာန် ကေယနမဂ် အလုပ်လုပ်ရာတွင်–ကာယာနုပဿနာရှု၏ ဒုက္ခသစ္စာသိဖို့၊ဝေဒနာနုပဿနာ အားထုတ်၏၊ ဒုက္ခသစ္စာသိဖို့၊ စိတ္တာနုပဿနာပွားများ၏ ဒုက္ခသစ္စာသိဖို့၊ ဓမ္မာနုပဿနာ အားထုတ်၏၊ ဒုက္ခသစ္စာသိဖို့၊ မည်သည့် အနုပဿနာ ပွားများအားထွက် စေကာမူ သိရမည်ကား ဒုက္ခသစ္စာ တခုသာဖြစ်သည်၊ ဤခန္ဓာ၏ အမှန်ဆုံး သဘောတရားကို ထုတ်ယူလျှင်လည်း ဒုက္ခသစ္စာ ဆင်းရဲအမှန်· ထိုဆင်းရဲအမှန်ကို အမှန်အတိုင်း သိဖို့သာလျှင် အားထုတ်ရလေသည်။

တရားအားထုတ်သည်မှာ နိဗ္ဗာန်ရဖို့ မှန်သော်လည်း အားထုတ်ဆဲတွင် နိဗ္ဗာန်ကို ကြံစည် စိတ်ကူးနေ၍ လုံးဝမရချေ၊ ယောဂီ၏ အသိဉာဏ်ဦးတည်ချက်မှာ-ဆင်းရဲအမှန် (ဒုက္ခသစ္စာ) သိဖို့သာ-ဦးတည်ရသည်၊ မိမိသိရမည့် ဦးတည်ချက်-ဆင်းရဲအမှန် (ဒုက္ခသစ္စာ)သာ ဉာဏ်ဖြင့် သိနေက-ယောဂီ၏ လုပ်ငန်းတွင် တာဝန်ကျေသည်ဟု ဆိုရ၏၊ မှန်၏ ယောဂီသည်-ထိုဒုက္ခသစ္စာ ဆင်းရဲအမှန်ကို သိနိုင်ရန် မဂ္ဂသစ္စာဘာဝနာဖြင့် အရင်းခံအခြေခံ 'ဖေါက်ပြန်မှု သိမှု' တို့ကို ရှုကြည့်လေ့ကျင့်လာရသည်၊ ယင်းအသိကျေညက်မှ-သဘာဝအပျက်ကို သိလာရသည် ထိုအပျက်ကိုပင်-ထပ်ကာထပ်ကာ သိနေမှ-

'အပျက်ရှုလျှင်-ဆင်းရဲမြင် ဤတွင် သူ့သဘော' ဟူသော အတိုင်း အဆင့်ဆင့် အသိဉာဏ်ရင့်ကာ ဆင်းရဲကို မြင်လာသည်၊ ဆင်းရဲကို သိလာသည်၊ အဆင်းရဲဆုံးကား-ဤခန္ဓာဟု-ဉာဏ်မြင်သဘောပေါက်လာသည်၊ သို့ဖြစ်၍-မဂ္ဂသစ္စာ အားထုတ်သော ယောဂီအား ဒုက္ခသစ္စာသည်အမှန်အတိုင်း သိလာရမည်၊ သမုဒယသစ္စာပယ်မှု, နိရောဓသစ္စာ မျက်မှောက် ပြုမှုတို့ကား-ယောဂီ၏ တာဝန်မဟုတ်-ဒုက္ခသစ္စာဟုသိသော ဉာဏ်၏တာဝန် တရား၏ တာဝန်သာ ဖြစ်သည်။

'ဆင်းရဲကိုမြင်-မလိုချင်-မဂ္ဂင်လမ်းမှန်၏'
'ဆင်းရဲချုပ်မှ-ချမ်းသာရ-နိရောဓဟုသိ'
'ယောဂီအလုပ်-အကျဉ်းချုပ်-ပွားထုတ်လေကုန်ဘိ'

ရုပ်နာမ်၏ သဘာဝတရားဖြစ်ပျက်ကိုမြင်နေသော ယောဂီမှာ ထိုအသိဉာဏ်အား စိတ်ပျက်ငြီးငွေ့သော အဖြစ်ရောက်နေသည် ထိုအချိန်တွင် ယောဂီ၏အသိသည် ဆင်းရဲလှစွာ ဤခန္ဓာဟုသိပြီးနောက် အခြားသော မဆင်းရဲသော ခန္ဓာတခုခု ရှာဖွေချင်သော စိတ်ပင် ဖြစ်တတ်သည် - သို့ရာတွင် - မဆင်းရဲသော ခန္ဓာကား ဘုံသုံးပါးတွင်-ဘယ်မှာမှမရှိကြောင်း ရုပ်နာမ်ခန္ဓာမှန်လျှင် ဤလို ဆင်းရဲအစုသာ ဖြစ်ကြောင်း (မိလိန္ဒပဥှာပါဠိတော်) သဘော ပေါက်လာသဖြင့် ပင်ရင်းခန္ဓာ ဆင်းရဲကိုပင်-သံဝေဂဉာဏ်အကူ အညီဖြင့် ဆက်ကြည့်ရာ - ယင်းဒုက္ခကိုမလိုချင်, မရချင်သောဉာဏ် စဉ်တို့ဖြစ်လာသည်၊ ဤလမ်းသည် - ဤအသိမျိုး, ဤအမြင်မျိုး ဖြင့်သာ သွားရလေသောကြောင့်-သိရ မြင်ရမည့် လမ်းရိုးပင် ဖြစ်သည်။

မိလိန္ဒပဥှာ-နိဗ္ဗာနသစ္ဆိကရဏပဥှာ-၌ ခန္ဓာ၌-ဆင်းရဲများများ တွေ့လေ-ခန္ဓာမရသော, ခန္ဓာမဖြစ်သော သဘောတို့၌ ဆင်းရဲမ ရှိပုံအလုံးစုံကို (မီးကျီးတွင်းထဲကျနေသူ-တောင့်တသော သဘော မျိုး) သဘောပေါက်လာသည် လိုချင်လာသည်၊ သို့တစေလည်း လက်ရှိခန္ဓာဒုက္ခ-ဆင်းရဲမှလွတ်မြောက်မှ ရမည်ဖြစ်ရကား-ထိုဆင်း ရဲ-ထိုဒုက္ခချုပ်ငြိမ်းရန် ဤခန္ဓာ ဤသဘောကို စွန့်နိုင်လောက် သော ဉာဏ်ရင့်ကျက်မှုအတွက် ပို၍အားထုတ်လာသည်၊အားထုတ် သည်နှင့်အမျှ လွတ်ကင်း ထွက်မြောက်မှုလည်း ရပေရကား သံသရာခန္ဓာဒုက္ခကို ငြိမ်းလို, ချုပ်လို, လွတ်ကင်းလိုသောယောဂီ သူတော်ကောင်းသည် ကိုယ့်အား ကိုယ်ကိုး ကြိုးစားအားထုတ် နိုင်ကြပါစေကုန်—။

# နိဂုံးချုပ်

'ကျွန်ုပ်တို့၏ရည်ရွယ်ချက်' မြတ်စွာဘုရား၏ ဝဋ်မှထွက်မြောက်ရာဖြစ်သော 'နိယျာနိက' သာသနာတော်တွင် ဝဋ်ဆင်းရဲသံသရာမှ လွတ်ရန် ကိစ္စသည်-သစ္စာလေးပါးသိရန် ဖြစ်သည်၊ နိဗ္ဗာန်ရရန်-သံသရာမှ ကျွတ်လွတ်ထွက်မြောက်လိုသူသည် သစ္စာလေးပါးကို မည်သည့် နည်းနှင့်မဆို သိအောင် ရှာဖွေရမည်, လေ့လာရမည်, အားထုတ်ရချေမည်, 'တနေ့လျှင်-လုံဖြင့် အချက်ပေါင်းသုံးရာ၊ အနှစ်တရာကာလပတ်လုံးနေ့စဉ် အထိုးခံပြီး-အနှစ်ပေါင်းတရာစေ့သောကာလနောက်ဆုံးရက်တွင် သစ္စာသိအောင်ဟောပေး, ပြပေးမည်ဆိုက လှံနှင့်နေ့စဉ်ထိုးပြီး နောက်ဆုံးတွင် သစ္စာတရားဟောပြပေးမည့်ဆိုသူ့ထံသို့-ကပ်ရောက်ခြင်းငှါသင့်၏၊ ဝါ-သစ္စာသာ သိရမည်ဆိုလျှင် လှံနှင့်အထိုးခံပြီး ရှာဖွေဖို့ကောင်း၏'—

ဟုဆိုသည်မှာ သစ္စာသိရမှု၏-အရေးကြီးပုံ-သစ္စာ မသိရသောသူ၏ ဘဝသံသရာတွင် ဖြစ်ချင်သလို ဖြစ်ရပုံတို့ကို သိနိုင်ရန် သစ္စသံယုတ်-သတ္တိသတသုတ်တွင် မြတ်စွာဘုရား မှာကြားခဲ့၏၊ ထိုစကားမှာ အယုတ်ဆုံးအားဖြင့် ဥပမာထား၍ ဟောကြားချက်

သာဖြစ်သည်၊ စင်စစ်မှာကား-'ချမ်းသာစွာ ဝမ်းသာစွာ' နှင့်ပင် သိနိုင်ကြောင်း ဆက်လက် ဟောထားတော်မူသည်၊ ထိုစကား တခုကိုသာကိုင်၍ ယခုအခါ-အချို့သော ယောဂီတို့သည်-

'သစ္စာလေးပါး သိရမှုသည်-ဤမျှခဲယဉ်းကြောင်း - မြတ်စွာ ဘုရားဟောထားသည် မဟုတ်လော-ယခုလူတွေ သစ္စာသိနိုင်ပါ့ မလား-သစ္စာသိဖို့ အချိန်အခါမဟုတ်'

စသည်ဖြင့်-အစွန်းတဖက် ရောက်အောင် ပြောဆိုယူဆနေ ကြသည် - အချို့ယောဂီတို့ကလည်း-

'မြတ်စွာဘုရားက-လုံ့နှင့်အထိုးခံ၍ သစ္စာသိအောင် လုပ်ရ မည်ဆိုသည်၊ သို့ဖြစ်၍-သစ္စာသိရန် အားထုတ်လိုသူသည်-ကိုယ့် ကိုယ်ကို မညှာနှင့် နိဗ္ဗာန်လိုချင်လျှင် သေမှာ မကြောက်နှင့်' သည်းခံပြီး ရှုရန် 'ခန္တီသံဝရ' လိုသည်'

စသည်ဖြင့်-စာသံ, ပေသံ, ပါဠိသံနှောကာ အားထုတ်ခိုင်း သော နေရာများလည်း ရှိပေရာ ကျွန်ုပ်တို့ သဘောပေါက် သလောက်-ဖေါ်ပြဝေဖန်ရသော်-ယင်းယောဂီ ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ 'မဇ္ဈိမပဋိပဒါ အကျင့်မြတ်လမ်းစဉ်ကို နားလည် အောင် မလေ့လာသောကြောင့်'ဟု ဆိုချင်သည်၊ မှန်၏၊ မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို သဘောပေါက် လာလျှင် 'အလယ်လမ်း ကြောင်းဟူသည်-အဘယ်သဘော, မဂ္ဂင်လမ်းမှလွဲလျှင် မည်သည့် အစွန်းတရား' ဆိုသည်ကို သေသေချာချာသိသည်၊ ချက်ချင်းသိ သည်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို မြတ်စွာဘုရားသည် အဘယ့် ကြောင့်ချမှတ်၍ 'မူ' အနေနှင့် ထားသည်ကို နားလည်သဘော

ပေါက်ထားသဖြင့် မြတ်စွာဘုရား၏ ဉာဏ်တော်မြတ်ကို အလွန်ကြည်ညိုတတ်သည်၊ ၎င်းပြင်—

'သိမ်မွေ့နူးညံ့လှသော—သဏှ,သုခုမ'
'နက်နဲလှသော- ဂမ္ဘီရ'

'ဉာဏ်ပညာရှင်များသာသိအပ်သော · ပဏ္ဍိတဝေဒနိယ'

ဖြစ်သော တရားတော်ကို-ဉာဏအား မဟုတ်ပဲ-ကာယအားနှင့် ရှာဖွေပြုလုပ်မှုမျိုးကား ဗုဒ္ဓသာသနာတော်နှင့် လုံးဝမလျော်၊

သတိပဋ္ဌာန် လုပ်ငန်းဟူသည် အလွန်နူးညံ့ သိမ်မွေ့လှသည်၊ သတိပဋ္ဌာန်လေးပါးတွင်-အကြမ်းစားဟု ဆိုနိုင်သော 'ကာယာနုပဿနာ သတိပဋ္ဌာန်' ပင်လျှင်-ကြမ်းထန်းသောသဘော မပါမရှိပေ ဥပမာအားဖြင့် · အာနာပါန ပဗ္ဗတွင်—

'သော သတောဝ အဿသတိ၊ သော သတောဝ ပဿသတိ'

နကိုရှုရိုးရှုစဉ်အတိုင်း အသက်ရှူမှုတွင် · သတိလိုက်၍ စောင့်ရှောက်ရုံ သိနေရုံသာဖြစ်၏၊ ထွက်လေကိုသိရုံ · ဝင်လေကိုသိရုံ၊ ထိုသိနေသောအသိသည် ကြာလျှင်·ထိုထွက်မှု, ဝင်မှုတို့ပျက်သွားပုံကိုဉာဏ်ဝင်ပြီးသိလာရတော့သဖြင့်'ဒုက္ခသစ္စာ'ရောက်အောင်ပင် အသိဖြစ်သွားလေသည်။

ဣရိယာပထပဗ္ဗ တွင်လည်း 'သွား, ရပ်, ထိုင်, လျောင်း' ကိစ္စတွင် နေရာတကျ သတိအစောင့် ပေးထားပြီး ဉာဏ်လေ့ကျင့်

ခဏ်းလုပ်ယူရသည်၊ နောက်တဖြည်းဖြည်း သတိအကပ်များလာသောအခါ ခြေလှမ်း၏ 'ကြွဆဲ, မဆဲ, ယူဆဲ' ခဏတို့တွင် အဆင့်ဆင့်ပြောင်းလဲ၍ အသိဉာဏ် ဝင်လာရကား ကြာလေသိမ်မွေ့လေသော ပရမတ်ကိစ္စတို့သာ ဖြစ်ကြောင်း သစ္စာထိအောင် သိနိုင်လေသည်၊ ကြမ်းထန်းသော သဘောဟူ၍ လုံးဝမပါချေ။

သမ္ပဇညပဗ္ဗကား - ပို၍ပင်နူးညံ့သေး၏ - ဣရိယာပုထ်-အငယ်စားတို့၏ လှုပ်ရှား ပြောင်းလဲနေသော သဘော - အမူအရာတို့ကို သိနေရုံ သတိကပ်နေရသည် ဖြစ်သောကြောင့် - ကိလေသာကြားမဝင်နိုင်အောင် ဂရုတစိုက် သတိမြဲစွာ ထားနေရသောကြောင့် ပို၍ပင်အသိစိပ်ရ၏။

ဝေဒနာနုပဿနာတွင် 'ဆင်းရဲခံစားရချက် တွေ့နေက ဆင်းရဲကို ခံစားနေတယ်' ဟု သိရုံသိပါဆိုရာ - ယင်းဆင်းရဲသည် မိမိ၏ကိစ္စမဟုတ်၊ ခံစားရချက်သာ မိမိ၏ ကိစ္စဖြစ်၍ ဉာဏ်ကသိနေမှုလိုသည်၊ ဉပမာယောဂီ၌ မခံမရပ်နိုင်အောင် နာကျင် ကိုက်ခဲမှုဖြစ်နေသည်ဆိုအံ့-ထိုနာကျင်မှု, ကိုက်ခဲမှုသည် - ဘာလဲ - ဖေါက်ပြန်တတ်သော သဘောတရားပင် ဖြစ်သည်။

ကိုက်ခဲသည်ကို-ဘယ်သူခံစားသလဲ - ဝေဒနာနာမ်ခံစားသည်၊
ကိုက်ခဲသဖြင့် ဘက်သူမခံနိုင်သလဲ - အသိနာမ်တရားမခံနိုင်၊
နေရာပြင်ချင်သည် ပြောင်းချင်သည် ဘယ်သူလဲ - ရုပ်နာမ်နှစ်ပါးပင်၊

ရှင်းနေသည်၊ ဝိပဿနာရှုသော ယောဂီသည်-ရှုဆဲအခိုက်တွင် 'ရုပ်နာမ်ကို ကိုယ်စားမပြုချေ' ရုပ်နာမ်ဟူသော 'ဖေါက်ပြန်မှုသိမှုသည်' ၎င်း၏ သဘာဝဖြစ်ပျက်-ဖြစ်ပျက်နှင့် ဒုက္ခသစ္စာဆီသို့

ဉာဏ်ကို အရောက်ပို့ပေးနေသည်၊ ရုပ်နာမ်ခန္ဓာ၏ ဖြစ်ချင်ဘိုင်း ဖြစ်,ပျက်ချင်တိုင်း ပျက်နေမှုသည် ရုပ်နာမ် (အရှုခံ) ခန္ဓာ၏ ကိစ္စသာ ဖြစ်သည်၊ မိမိတို့၏ ရှုဉာဏ်နှင့် မဆိုင်ပေ။

ထိုဖြစ်ပျက် ရုပ်နာမ်တို့၏ သဘောအမှန်ကို အမှန်အတိုင်း သိရန်အတွက်သာ ဉာဏ်၏တာဝန်၊ ဉာဏ်၏ အလုပ်ဖြစ်သည်၊ ရုပ်နာမ်၏-သူ့ကိစ္စသူလုပ်နေသည်ကို ဉာဏ်သည်ဝင်မစွက်နိုင်ပေ၊ ဘာမျှမလုပ်နိုင်ပေ၊ ဝင်စွက်လိုက်လျှင်-ဉာဏ်သည် ဉာဏ်နေ ရာတွင်မရှိတော့၊ နာမ်နှင့် ရောသွားမည်။

ဝေဒနာကိုရှုရာ၌ ဝေဒနာနာမ် အနေထားလျှင်ကား ဉာဏ် သည်၊ ဝင်စရာမရှိ ဖြစ်သည်၊ ဉာဏ်သည် သမ္မာဒိဋ္ဌိ, ဝိဇ္ဇာဉာဏ် ဖြစ်၍-ဉာဏ်မဝင်နိုင်လျှင်-သမ္မာဒိဋ္ဌိ ဘယ်မှာနည်း၊ ခေါင်းဆောင် သမ္မာဒိဋ္ဌိ မရှိက နောက်လိုက်များ ရှိတော့မည်မဟုတ် - မိမိတို့ လုပ်ငန်းသည် မဂ္ဂင်အလုပ်ဖြစ်၍-မဂ္ဂသစ္စာနေရာမကျလျှင် အလုပ် ဖြစ်ရန်ခဲယဉ်း ပေလိမ့်မည်၊ ထိုမဂ္ဂသစ္စာ နေရာကျမှု အတွက် 'မဇ္ဈိမပဋိပဒါ'ကို ကျွန်ုပ်တို့ ဂရုစိုက်သည်, စိစစ်သည်, အရေး တယူ သဘောထားသည်။

နေရာပြင်သည်-ပြောင်းသည်ကို-အရေးတကြီး အနေထား၍ မဇ္ဈိမပဋိပဒါ-မဂ္ဂင်လမ်း ဖြောင့်မဖြောင့်ကို ဥပေက္ခာထားမှုကား သာသနာ့လုပ်ငန်းတွင်ဝမ်းနည်းစရာအကောင်းဆုံးပင် သာသနာ့ လုပ်ငန်းတွင်-ဤမဇ္ဈိမ ပဋိပဒါသည်-အစ, အလယ်, အဆုံး သုံးပါးစလုံး ကောင်းသောတရားဟု မြတ်စွာဘုရား အမွှန်းတင် ချီးမွမ်းသောကြောင့် ဤဓမ္မစကြာအဖွင့်-ဓမ္မသာရကျမ်း ဖြင့် ဖေါ်ညွှန်းလိုက်ရ ပေသတည်း။

ဗုဒ္ဓမြတ်စွာ - သာသနာ - နေဝါရောင်သို့တင့်။
ဘုရားဖြစ်စ - ရှေးဦးပ - မြွက်ဟန္နုတ်တော်ဖွင့်။
တရားစကြာ - လှည့်လည်ရာ - သံသာဖေါ်ကျူးရင့်။
အစွန်းနှစ်ဖြာ - ကိလေသာ - ပယ်ခွာရှောင်မှသင့်။
အလယ်လမ်းမှ - မဇ္ဈိမ - တိကျအောင်သ:ကျင့်။
ရုပ်နာမ်နှစ်ဖြာ - ငါးခန္ဓာ - သစ္စာဒုက္ခနှင့်။
သမုဒယ - နိရောဓ - မဂ္ဂသစ္စာဆင့်။
သစ္စ ကိစ္စ-ဉာဏ်ကတ - လေးဝသစ္စာနှင့်။
အကျယ်အပွား-ဆယ့်နှစ်ပါး - ထင်ရှားဉာဏ်စိတ်ဖြင့်။
ဓမ္မသာရ - ဖေါ်ထုတ်ပြ-ဗုဒ္ဓဉာဏ်တော်သင့်။
ဖြစ်ပျက်သမျှ - သင်္ခါရ - ဖြစ်ကြချုပ်ကြရှင့်။
ရှင်ကောဏ္ဍည - ထေရ်အစ - ဒေဝဗြဟ္မာဆင့်။
ဆယ့်ရှစ်ကုဋေ - ရိယာတွေ - သိစေဉာဏ်ထောက်ချင့်။
တရားရလို - များလူဗိုလ်-ဤလိုသိရှိကျင့်။
ကာမသုခံ - တွယ်တာပြန် - ရှုဉာဏ်ခရီးဖင့်။
ကိလမထ - ညှင်းဆဲက - လုံးဝဉာဏ်မရင့်။
ဖေါက်ပြန်သဘော - သိသဘော - ရှုသောဉာဏ်အခွင့်။
ရုပ်နာမ်ဓမ္မ - ချုပ်ပျက်ကြ - ရှုကဉာဏ်အဆင့်။
ယင်းသို့ရှုရာ - ဤခန္ဓာ - သစ္စာသိလမ်းပွင့်။

ဗုဒ္ဓမြတ်စွာ–နည်းပေးရာ • သေချာမှတ်ကုန်လင့်။
သစ္စာဒီပက • မည်နာမ • မုချအစ္စာဖွင့်။
ဗုဒ္ဓအမွေ • ရကြစေ–ဆောင်လေဘုံဆင့်ဆင့်။
ဤစာရေးရ–ကုသလ–ဘဝမမြှော်လင့်။
ရဆဲမျက်မြင်–ဘဝပင်–ဉာဏ်တွင်မပျော်–ရှင့်။
သံသရာဝဋ်–ဘဝညွတ်–ကင်းလွတ်စေဖို့ကျင့်။
ခပ်သိမ်းသတ္တာ • များဝေနေ • ပေးလေအမျှနှင့်။
ကျမ်းစာပြီးဆုံး • ကမ္ပတ်ဖုံး • နိဂုံးဤမျှဖြင့်။ ။

ဆရာဦးကြည်
သစ္စာဒီပက–ကမ္မဋ္ဌာနာစရိယ
၆–၂–၇၆
၁၃၃၇-ခု၊ တပို့တွဲလဆန်း ၁၀-ရက်၊

သဒ္ဓါဒီပက ကမ္မဋ္ဌာနာစရိယ ဆရာ-ဦးကြည်
စီရင်ရေးသားသော
အောက်ပါစာအုပ်များကို ဓမ္မဒါနပြုလိုပါက
နဝဒေးပုံနှိပ်တိုက်နှင့်ဆက်သွယ်ပါ


၁။ အမှန်တရားရရန် [မဇ္ဈိမပဋိပဒါလက်စွဲ]
၂။ အမှန်တရားရရန် [မဇ္ဈိမပဋိပဒါ၊ ဝိပဿနာအမှတ်-၁]
၃။ ဝိပဿနာအကျဉ်းချုပ်။
၄။ မဇ္ဈိမပဋိပဒါရှင်းချက်။
၅။ မဇ္ဈိမဉာဏ်သိဘို့ရန်။
၆။ အရိယာလမ်းမင်္ဂစခမ်း။
၇။ မဟာဒုက္ခကူးနည်းသုတ်အဖွင့်။
၈။ သိတာနှင့်သိစရာ။
၉။ ဗုဒ္ဓ၏အနတ္တ။
၁၀။ ဓမ္မစကြာအဖွင့် [ဓမ္မသာရကျမ်း]
၁၁။ ဒိဋ္ဌဓမ္မော။ [ရိုက်ရန်စီစဉ်ဆဲ]



နဝဒေးပုံနှိပ်တိုက်၊
၁၃ နတ်စင်လမ်း၊ ကျောက်မြောင်း၊
တာမွေစာတိုက်၊ ရန်ကုန်မြို့။
ဖုံး-၅၁၂၈၉ သို့စုံစမ်းပါ

ဓမ္မစကြာအဖွင့်

# ဓမ္မသာရကျမ်း

* ဓမ္မစကြာသည် ရွတ်ဖတ် သရဇ္ဈာယ်နေရုံ သက်သက်မျှသာ မဟုတ်၊ သစ္စာသိရန် အားထုတ်ရသော တကယ့်အလုပ်ပေး တရားဖြစ်သည်။

* "ဓမ္မသာရကျမ်း" သည် ဓမ္မစကြာကို အနက်ပြန်ဆိုထား သောကျမ်းမဟုတ်၊ ဝိပဿနာအလုပ်သဘော ရောက်အောင် ဖွင့်ဆိုထားသော ကျမ်းတဆူဖြစ်သည်။

* ဓမ္မစကြာ၏ အဆီအနှစ် အရသာကို လွယ်လွယ်နှင့် ရှင်းရှင်း သိနိုင်အောင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရအဖုံဖုံကို ကိုးကား ဖွင့်ဆိုထားသော ကျမ်းမြတ်တဆူ ဖြစ်သည်။